ကျေးဇူးရှင်

ပဋ္ဌမကြောင်ပန်း ဆရာတော်ဘုရားကြီး၏

# ဝိပဿနာ

# ခြောက်စောင်တွဲကျမ်း



ဗုဒ္ဓမြတ်စွာသာသနာ-ကမ္ဘာနေ့သို့-လင်းစေသော်။

တိုက် ရင်း မူ မှန်

ဦးအောင်သိန်းပုံနှိပ်တိုက် မလွန်-မန္တလေး။

၆၄

မုဓလင်မြို့

ကျေးဇူးရှင်

ကြောင်ပန်းတောရ ဆရာတော်ဘုရားကြီး

ရေးသားစီရင်အပ်သော

# ဝိပဿနာ ခြောက်စောင်တွဲကျမ်း

တိုက်ရင်းမူမှန်

၁၃၃၁-ခု၊ နတ်တော်လ။

**ထုတ်ဝေသူ**-ဦးအောင်သိန်း၊ ကင်းလွတ်ခွင့်အမှတ် ( ၀၉၄၅ )
၇၅-လမ်း (၃၃-၃၄ လမ်းကြား) မလွန်ရပ်
မန္တလေးမြို့။

*　*　*

**ဘာသာရေးစာပေ ခွင့်ပြုချက်အမှတ် ( ၃၄၁၀ )**
စာအုပ်ရေ ( ၆၀၀၀ )
ထုတ်ဝေသည့်နေ့-၁၉၆၉-ခု၊ ဒီဇင်ဘာလ။

*　*　*

**ရိုက်နှိပ်သူ**-ဦးအောင်သိန်း ( မှတ်ပုံတင်အမှတ် မြဲ-၀၁၂၁၆ )
ဦးအောင်သိန်း ပုံနှိပ်တိုက်၊ ၇၅-လမ်း၊
( ၃၃-၃၄-လမ်းကြား ) မလွန်-မန္တလေး။

# မာတိကာ


| အမှတ်စဉ် | | စာမျက်နှာ |
|---|---|---|
| ၁။ | ဝိဝဋ္ဋဒီပနီကျမ်း .... .... | ၁ |
| ၂။ | ဝိပဿနာ ဒီပနီကျမ်း .... .... | ၆၃ |
| ၃။ | သဘာဝဒီပနီကျမ်း .... .... | ၁၃၇ |
| ၄။ | သုံးလောက ဒီပနီကျမ်း .... | ၂၂၀ |
| ၅။ | ရတနာဒီပနီကျမ်း .... .... | ၃၂၁ |
| ၆။ | ကြောင်ပန်းဟောစဉ် .... .... | ၃၇၃ |

# ကျေးဇူးရှင် ကြောင်ပန်းဆရာတော် ဘုရားကြီးထံ
# လျှောက်လွှာ။

သာစီရွာ ကျောင်းတကာကြီး ဦးမြန်၊ကူတိုးရွာ ဘုရားတကာ သူကြီးမင်း ဦးကြီး၊ အိုင်ပေါက်ချောင်းရွာ ခုံမင်းကြီး ဦးစွန်းနှင့် တကွ၊ ကြီးပင်ချောင်းရွာ ဥပသကာ အပေါင်းတို့က ဦးခေါင်း ညွှတ်ကျိုး ရှိခိုးဝပ်တွား၍ အသနားတော်မြတ်ခံ လျှောက်ထား ပါသည်။

ယူဇနာ ရှစ်သောင်း လေးထောင်၊ နက်ကျယ်ဆောင်သော မဟာသမုဒ္ဒရာ၊ ရေမျက်နှာကို၊ ကြီးစွာသော အဟုန်၊ တောင်စုံ နှစ်ဘက်တို့ဖြင့်၊ဝက်ဝက်ကြီးခွဲပြီးလျှင်၊ရေထဲ၌တည်သော၊နဂါး ၏ အဆီဦးနှောက်ကို သောက်စား သုံးဆောင်သော ရွှေဂဠုန် ငှက်မင်းကဲ့သို့၊ ဂမ္ဘီသာရ၊ ဓမ္မအစဉ်၊ ရေအယာဉ်တို့ဖြင့်၊ ထွေးဝင် ယှက်ကာ၊ အလွန်တရာ သိနိုင်ခဲလှစွာသော ဝိပဿနာတရားကို၊ ဂမ္ဘီတိကွ၊ ဉာဏအစုံ၊ ဝီရိယအဟုန်နှင့်၊ ကုန်စင် မွှေနှောက်၊ ခွဲဖေါက်လေ့လာတော်မူသဖြင့်၊ပါရမီရင့်သန်၊ဗျာဒိပ်ခံ၍ နိဗ္ဗာန် ပြည်ခွင်၊ စံဝင်တော် မူရအောင်၊ ကျင့်ဆောင်တော် မူပေသော ကြောင်ပန်းတောရ ဆရာတော်သခင် အရှင်သူမြတ် ဘုရား။

တပည့်တော်တို့မှာ၊ ဘဝများစွာ၊ သံသရာက အဂ္ဂိဇ္ဇာ လွှမ်း မိုး၍၊ အကျိုးပေးသည်ခေတ်ဝယ်၊ မွန်းနစ်ခါ မတာတွယ်အောင်၊ မှောင်ဝယ် ပိတ်ဆီး၊ ဆဲ့တမီးကို၊ အပြီးတိုင်သတ်၊ မဂ်လေးရပ် ဆုထူးကို၊ ဆွတ်ခူးပန်းသွင်၊ ဆင်ယင်လိုလှပါသောကြောင့်၊ဝိဝဋ္ဋ တရားကို သေချာစွာ ရေးသား၍၊ ပေးသနားတော်မူပါ အရှင် သူမြတ်ဘုရား။ ။လျှောက်လွှာ။

ကောင်းလှပြီ။ တကာ – မောင်မြစ် လျှောက်ထားသဖြင့်၊ ရေးသား၍ ထုတ်သော " ဝိဝဋ္ဋ ဒီပနီ " စာအုပ်တွင် ကျဉ်းစနိုး ထင်သောကြောင့် ၎င်းစာအုပ်မှာ ထပ်မံဖြည့်စွက်၍သာ ရေးပေး အံ့သတည်း။

# နိဒါန်း

ကျေးဇူးရှင် ကြောင်းပန်းတောရ ဆရာတော် ဘုရားကြီး ရေးသားစီရင်တော်မူအပ်သော 'ဝိဝဋ္ဋဒီပနီကျမ်း' 'ဝိပဿနာဒီပနီကျမ်း' 'သဘာဝဒီပနီကျမ်း' 'သုံးလောက ဒီပနီကျမ်း' 'ရတနာဒီပနီကျမ်း' 'ကြောင်ပန်းဟောစဉ်ကျမ်း' ပေါင်း (၆)ကျမ်းရှိရာ အစိတ်စိတ် အမြွာမြွာ တကွဲတပြား အထားအသိုမှုစ၍ ယိုယွင်းပျက်စီးလျက်နေသည် ဖြစ်ရကား၊ဝိပဿနာအလုပ်သည် သဘောဉာဏ်၏ အရာသက်သက်ဖြစ်၍ နက်နက် နဲနဲ သိနားလည်ရန် လိုအပ်သည် ဖြစ်သောကြောင့်၊ ဆရာတော်ဘုရားကြီး ကိုယ်တိုင် ဟောတော်မူသော တရားကို မနာ, မကြားရ၊စာကိုသာ ကြည့်ရှုရရှိမျှရှိသော သူတို့၏စိတ်တွင် ရှင်းရှင်း လင်းလင်း ပြတ်ပြတ် သားသား၊မရှိကြမည်ကို စိုးရိမ်မကင်းရှိကြသည်လည်းတကြောင်း ၎င်းဆရာတော်ဘုရားကြီး ရေးသားစီရင်တော်မူသော ကျမ်းများ တိမ်ကော ပပျောက်၍သွားမည်ကို စိုးရိမ်မကင်းရှိကြသည်လည်း တကြောင်း၊သို့ စသော အကြောင်းတို့ကြောင့် ဆရာတော်ဘုရား ကြီး၏ တပည့်တကာ အပေါင်းတို့ နှိုးဆော် တိုက်တွန်းချက်အရ၊ ဆရာတော် ဘုရားကြီး၏ သဒ္ဒိဝိဟာရိက တပည့် ရဟန်းတော်မြတ်တို့ အထပ်ထပ် ပြင်ဆင်အမိန့်ပေးတော်မူသည့်အတိုင်း ကျွန်ုပ် မောင်ကြီးဘေ ကိုယ်တိုင် ကြည့်ကြပ်ကြိုးပန်း ဝါယမစိုက်ထုတ်၍ " ဝိပဿနာကျမ်း ခြောက်စောင်တွဲ " ဟူသော အမည်ဖြင့် တပေါင်းတည်းပြုလုပ် ပုံနှိပ်လိုက်ပါသည်။

**မောင်ကြီးဘေ။**

၁၂၀၉-ခု၊ တော်သလင်းလဆန်း (၁၅)ရက်။ မုံရွာ
၁၀-၉-၂၇

# သတိ

စာအုပ်၏ နောက်ပိုင်း၌ ပါသော၊ ကြောင်ပန်းတောရ တတိယ နာယက ဆရာတော် ဘုရားကြီး၏ ထပ်မံပြင်ဆင်ချက်နှင့် ''ဦးကျော်သန်း''၏ ပြုပြင်ချက်များ၊ ထည့်သွင်းပြင်ဆင် ဘတ်ရှုကြပါကုန်။

(ပုံ) အဖွဲ့ချုပ်ကိုယ်စား

**ဦးကျော်သန်း၊**

(ကြည့်ကြပ်သူ)

အမှတ် (၃၇၉)

အနောက်ပြင် ဥယျာဉ်တန်း၊ မန္တလေးမြို့။

# ဗမာ့ မြေပုံပါ ကမ္ဘာလုံးပုံ ထည့်ရခြင်း၏

# ရည်ရွယ်ချက်။

ဘုရားရှင်၏၊ သုံးရပ်သော အဆုံး အမတော်တည်းဟူသော သာသနာတော် ကြီးသည်။ ရှင်တော်ဘုရားကြီး ပွင့်တော် မူကတည်းက၊ စကြာဝဠာတိုက်တသောင်းဟု ဆိုအပ်သော ဇာတိခေတ် တခုလုံး၌၊ ထွန်းလင်းပြန့်နှံ့ တည်ရှိသည့် အဖြစ်ကိုရင်း။ အဓိကအားဖြင့် ဘုရားရှင်တို့ ပွင့်မြဲမဇ္ဈိမဒေသ၊ ပွင့်တော်မူရာ၊ ဇမ္ဗူဒိပါ, ကျွန်းလက်ျာ၌၊ ထွန်းလင်းပြန့်နှံ့၊ တည်တန့်နေသည့် အဖြစ်ကိုရင်း။ အထူးအားဖြင့် ကျွန်ုပ်တို့ မြန်မာပြည်တွင်၊ ဝိမုတ္တိ တပတ်ပြန်သော ခေတ်အားလျော်စွာ၊ ထွန်းလင်း တောက်ပ, ပြန့်နှံ့ နေသည့် အဖြစ်ကိုရင်း။ သာသနာ ကြီးပွားပြန့်နှံ့ တည်တန့်သည်ကို၊အားတက်ဘွယ်ရာသိစေလို၍ 'မျက်နှာဖုံးတွင်' (**ဗမာ့ မြေပုံပါ ကမ္ဘာလုံးပုံကြီး**)ထည့်သွင်းဖေါ်ပြလိုက်ရပါသည်။ ။

**(ပုံ) ဦးအောင်သိန်း။**

ဦးအောင်သိန်း ပုံနှိပ်တိုက်

မလွန် မန္တလေးမြို့။

ဤစာအုပ်တွင် အနည်းငယ်မျှ **အမှား,အမှန်**ကို ပြင်ဆင်ချက် ထည့်သွင်းပြင်ဆင်ပြီးမှ ဖတ်ရှုပါရန်။

**ဝိသောဓက (ဦးကျော်သန်း)**

| စာမျက်နှာ | ကြောင်းရေ | အမှား | အမှန် |
|---|---|---|---|
| ၄၄ | ၆ | မုဋ္ဌဟ | ဥဋ္ဌဟ |
| ၇၁ | ၄ | အဓိယျမာနော | အဓိယျမာနော |
| ၇၅ | ၁၆ | ပတ္တဟုလျှင် | ဖတ္တဟုဆိုလျှင် |
| ၇၉ | ၁၆ | ရူပဒယော | ရူပါဒယော |
| ၉၄ | ၁၁ | ကြည်လည် | ကြည်လင် |
| ၁၀၉ | ၁၉ | ပဗဒ္ဓိ | ပဗန္ဓဒ္ဓိ |
| ၁၁၆ | ၄ | မယာ | မာယာ |
| ။ | ၉ | သူပိ | သုပိ |
| ၁၂၉ | ၄ | သဈ်ဘ | သဈ်ာတ |
| ၁၃၃ | ၁၇ | ကတ္တ | တဒ္ဒ |
| ၁၄၄ | ၂၁ | အဝိညာက | အဝိညာဏက |
| ၁၅၆ | ၇ | သမနုပဿတဿာ | သမနုပဿန္တဿာ |
| ၂၀၀ | ၁၇ | ထက်ထန် | ထက်သန် |
| ၂၂၄ | ၃ | တိုဒါနရှင်သည် | ထိုဒါနရှင်ကို |
| ။ | ၅ | အများအများတို့ကို | အများအပြားတို့က |
| ၂၃၃ | ၁၉ | သတ္တိ | သတ္တိ |
| ၂၃၆ | ၂၂ | ာလန္တရေပိ | ကာလန္တရေပိ |
| ၂၃၀ | ၇ | ဉာဏနဝသေန | ဉာဏဝသေန |
| ၂၄၁ | ၃ | မဟာသဝက | မဟာသာဝက |
| ၂၄၆ | ၂၀ | ဇတ | ဇာတိ |
| ၃၃၃ | ၈ | ပဋ္ဌည်းပြုသမျှ ( ပုဒ်ချားမှား ) | ပဋ္ဌည်းပြုမျှ |
| ၁၀၄ | ၁၉ | တဆွေ့ရပ်၊ မိမ္ဗ တဆွေ့ရပ် | တဆွေ့ရပ်ပိမ္ဗ၊ တဆွေ့ရပ် |
| ။ | ၂၀ | ယောကျ်ားဘဆွေ့ရပ်၊ကွဲနွား | ယောကျ်ား၊တဆွေ့ရပ် ကွဲနွား |
| ၃၉၁ | ၂၂ | ဟောဘော်သည် | ဟောဘော်မှုသည် |

# “ ကျေးဇူးရှင် ”




ပုတော်



နမော တဿ ဘဂဝတော အရဟတော
သမ္မာ သမ္ဗုဒ္ဓဿ။

# ဝိဂ္ဂဒီပနီကျမ်း။

**သဒ္ဒါသည်။** ။အာဂမ သဒ္ဒါ၊ အဓိဂမ သဒ္ဒါ, ဩကပ္ပနသဒ္ဒါ,ပသာဒသဒ္ဒါအားဖြင့် လေးပါး အပြား ရှိ၏။ ထိုလေးပါးတို့တွင်—

(၁) သမ္မာသမ္ဗုဒ္ဓအလောင်းတော်ကြီးသုံးပါး တို့အား ဗျာဒိတ်ခံသည်မှ စ၍၊ ဘဝတိုင်း, ကမ္ဘာတိုင်း အစဉ်မပြတ်လာသော သဒ္ဒါကို အာဂမသဒ္ဒါဆိုသည်။

(၂) အရိယာ ရှစ်ယောက်တို့၏ သောတာပတ္တိမဂ် ခဏမှ စ၍၊ လောကုတ္တရမဂ္ဂဖလ သမ္မာဒိဋ္ဌိနှင့် ပြုသော သဒ္ဒါကို အဓိဂမ သဒ္ဒါဆိုသည်။

(၃) မဂ်ဖိုလ် နိဗ္ဗာန်သို့ ရအောင်, ရောက်အောင်၊ ကျေးဇူးပြုသော နာမရူပ ပရိဂ္ဂဟ သမ္မာဒိဋ္ဌိ၊ ဟေတုပစ္စယ ပရိဂ္ဂဟသမ္မာဒိဋ္ဌိ၊ဝိပဿနာ ဉာဏဒဿနသမ္မာဒိဋ္ဌိနှင့် ပြုသောသဒ္ဒါကို ဩကပ္ပန သဒ္ဒါဆိုသည်။

(၄) မင်ဖိုလ် နိဗ္ဗာန်သို့ မဆိုက် မကပ် လူနတ်တို့ ချမ်းသာကို သာယာခြင်း၊ ကမ္မသကတာ သမ္မာဒိဋ္ဌိနှင့် ပြသော သဒ္ဓါကို ပသာဒ သဒ္ဓါဆိုသည်။

ယခုကာလ သာသနာတော် သမယ၌ ထိုပသာဒ သဒ္ဓါနှင့်၊ ခုရော နောင်ခါ၊ ကောင်းအောင် သာ ဟု ပြကြသမျှ ကုသလကမ္မပထ သင်္ခါရကို ဗာလုသုက္ကဟု ဆိုရမည်။ ဗာလုသုက္က ဆိုသည်ကား....၊ "ဗာလာနံ ဥဿုက္ကေဒါတိ ဗာလုဿုက္ကော"ဟု ဝိဂ္ဂြိုဟ်ပြု။ ဗာလာနံ၊ လူ့အဖြင်း, လူ့အဖြုံး, လူ့အသုန်း, လူ့အသွန်၊ လူ့အခွံ, လူ့အကာ, လူ့ချူချူ ချာချာ၊ သံသရာမှာ မသိဆုံး၊ အမိုက်တုံး အမိုက်ခဲ၊ အမိုက်မွဲ မှန်လှ၊ လူ့ဗာလတို့၏။ ဥဿုက္ကော၊ မင်ဉာဏ်, ဖိုလ်ဉာဏ်, နိဗ္ဗာန် ဟူသော အကျိုးမများ အလကားသား ရောင်ဝါး၍ အားထုတ်မှုတည်း။ ဣတိ တသ္မာ၊ ထို့ကြောင့် ဗာလုဿုက္ကော၊ ဗာလုဿုက္ကမည်၏။

ဤဝိဂ္ဂြိုဟ်အတိုင်း အဟုတ်အမှန်ကို မသိသော သူတို့ သည်၊မင်,ဖိုလ်,နိဗ္ဗာန်ဟူသောအကျိုးမပြီး အချည်းနှီး အလကားသား ပြမှားသမျှသော ကာယကံမှု, ဝစီကံမှု မနောကံမှုတို့သည်၊ ဗာလုဿုက္က မည်ကုန်၏။ အဘယ့် ကြောင့်နည်းဟူမူကား။ ခွေး, ဝက်, ကျွဲ,နွား အပါယ် ဘုံသားတို့က၊ နိဗ္ဗာန်သို့ ရအောင်, ရောက်အောင် ကြိုဆောင် ပြုလုပ်ခြင်းငှာ မစွမ်းနိုင်ရှာကြ။ မတတ်နိုင်

ရှာကြ။ ယုတ်နိမ့်လှသော ဒုဂ္ဂတိဘုံဘဝက သည်မြင့်မြတ်လှစွာသော လူ့ဘောင်, လူ့ရွာ, သာသနာကို လွန်စွာတောင့်တ၍၊ နောက်နောက်ဘဝ ကောင်းအောင်ဟု လုံ့လပြု၍၊ လူကောင်း, နတ်ကောင်း, ဘဝကောင်းကို တောင်းရှာကြပေသည်။ ထိုသို့ယုတ်နိမ့်လှသော ဒုဂ္ဂတိဘုံဘဝသား ခွေး,ဝက်,ကျွဲ,နွား,အပါယ် ဘုံသားတို့က တောင့်တရှာကြသော၊ လူကောင်း, နတ်ကောင်းဆုကို ယခုအခါ မြင့်မြတ်လှစွာသော လူ့ဘောင် လူ့ရွာ သာသနာ၌ ကြိမ်ကြိုက်ကြသော သူခပ်သိမ်းတို့က၊ ဘဝကောင်းကို တောင်းဘွယ်ကိစ္စ မရှိလှဟု သိကြရမည်။

**စောဒနာကား။** ။ထိုဆိုအပ်ခဲ့ပြီးသော ကမ္မသကတာ သမ္မာဒိဋ္ဌိနှင့် ပြုသော ပသာဒ သဒ္ဓါသည်၊ အဘယ့်ကြောင့် နိဗ္ဗာန်သို့ မရောက် မဆိုက် သနည်းဟု စောဒနာ ထုတ်ရာ၏။

**အဖြေကား။** ။လောကတံထွာ ဓမ္မတာသဘာဝ သာသနာပ၌ရှိသော ကမ္မသကတာ သမ္မာဒိဋ္ဌိသည်၊ နွံခေါင်းပါး၊ တရားအစု၊ ခတ်အနုကို၊ ကိုယ်ဟုစွဲကပ်၊ အမြဲမှတ်သည့်၊ အတ္တဝါဒုပါဒါန် ဟူသော အတ္တဒိဋ္ဌိ ထင်ရှား ရှိနေသည့်အတွက်၊ သံသယာခြင်း လောဘတဏှာ သမုဒယသစ္စာသာ ဖြစ်သောကြောင့် စင်စစ်မှာ ဒုက္ခသစ္စာသာ ဖြစ်လေကုန်၏။

**သိသာခြားနား ထင်ရှားစေဦးအံ့။** ။ထိုအတ္တဒိဋ္ဌိသည်လည်း အတိသြဠာရိက အတ္တဒိဋ္ဌိ၊ သြဠာရိက အတ္တဒိဋ္ဌိ၊ သုခုမ အတ္တဒိဋ္ဌိ၊ အတိသုခုမ အတ္တဒိဋ္ဌိ အားဖြင့် လေးပါး အပြား ရှိ၏။ ထိုလေးပါးသော အတ္တဒိဋ္ဌိကို သာသနာတော် သမ္မာဒိဋ္ဌိ တရားလေးပါး နှင့် သတ်အပ်၏။ သတ်ရမည်။

**လေးပါးဟူသော်ကား။** ။နာမရူပ ပရိဂ္ဂဟ သမ္မာဒိဋ္ဌိ၊ ဟေတုပစ္စယ ပရိဂ္ဂဟ သမ္မာဒိဋ္ဌိ၊ ဝိပဿနာ ဉာဏဒဿန သမ္မာဒိဋ္ဌိ၊ လောကုတ္တရ မဂ္ဂဖလ သမ္မာဒိဋ္ဌိ အားဖြင့်၊ ဘုရားသာသနာ ခေတ်အခါမှာမှ ရှိသော ဤလေးပါးသော သမ္မာဒိဋ္ဌိ တို့ဖြင့် သတ်အပ်ကုန်၏။ သတ်ရမည်။

**သတ်ဟန်ကား။** ။ "ဣဓအဿုတဝါ ပုထုဇ္ဇနော အရိယာနံ အဒဿာဝီ အရိယဓမ္မဿ အကောဝိဒေါ" အစ ရှိသော ဓမ္မသင်္ဂဏီ ပါဠိတော်မြတ်နှင့် အညီ၊ ဤလောကဥ္စ အကြား အမြင်မရှိ အရိယာမြတ်တို့ကို ပညာဖြင့် မြင်လေ့မရှိသော ပုထုဇ္ဇန်သည်၊ခန္ဓာငါးပါး ရုပ်နာမ် တရားတို့ကို ငါ, ဟူ၍၎င်း၊ ကိုယ်, ဟူ၍၎င်း၊ အသက်ဟူ၍၎င်း၊ ပုဂ္ဂိုလ် သတ္တဝါဟူ၍၎င်း မှတ်ယူစွဲလမ်းခြင်း၊ အလွန် ရန်းရင်းသော အတိသြဠာရိက အတ္တဒိဋ္ဌိကို ရုပ်နာမ် တရားတို့၏ အသီး သီး သော သဘောလက္ခဏာတို့ကို ကောင်းစွာဆင်ခြင်သိမြင်ခြင်း

တည်းဟူသော နာမရူပ ပရိဂ္ဂဟ သမ္မာဒိဋ္ဌိဖြင့် သတ်အပ်၏။ သတ်ပါ။ ဤစကားရပ်၌ နာမရူပပရိဂ္ဂဟဉာဏ်၊ နာမရူပ ဝ ဝတ္ထာနဉာဏ်၊ ဒိဋ္ဌိဝိသုဒ္ဓိဉာဏ်ဟူသော အမည်စုသည် သဘောအားဖြင့် ဤနာမရူပ ပရိဂ္ဂဟ သမ္မာဒိဋ္ဌိ၏ အမည်စုချည်းသာ ဟူ၍ မှတ်ပါ။

အရိယာမြတ်တို့တရား၌ မသိမလိမ္မာသော၊ အဆုံးအမကို မရသော ပုထုဇ္ဇန်သည်၊ ကုသိုလ် အကုသိုလ်ကံကို စီမံပြုလုပ်တတ်သော ပုဂ္ဂိုလ်သတ္တဝါရှိ၏။ ထိုကံ၏အကျိုးတရားကို ခံစားတတ်သော ပုဂ္ဂိုလ် သတ္တဝါရှိ၏ ဟု ထင်မှတ်စွဲယူခြင်း၊ အတန်ငယ် ရန်းရင်းသော ဩဠာရိက အတ္တဒိဋ္ဌိကို ရုပ်နာမ်တရားတို့၏ အကြောင်းပစ္စယ ပဋိစ္စသမုပ္ပါဒကို သိမ်းဆည်းဆင်ခြင် သိမြင်ခြင်းတည်းဟူသော ဟေတုပစ္စယ ပရိဂ္ဂဟသမ္မာဒိဋ္ဌိဖြင့် သတ်အပ်၏။ သတ်ရမည်၊ ဤ၌လည်း ပစ္စယ ပရိဂ္ဂဟဉာဏ်၊ ကင်္ခါဝိတရဏ ဝိသုဒ္ဓိဉာဏ် ဟူသော အမည်စုသည် သဘောအားဖြင့် ဤဟေတုပစ္စယ ပရိဂ္ဂဟ သမ္မာဒိဋ္ဌိ၏ အမည်စုချည်းသာ ဟူ၍မှတ်ပါ။

အလုံးစုံသော ဒိဋ္ဌိ ဟူသမျှတို့၏ မူလဗီဇ အနုသယဖြစ်သောသိမ်မွေ့သောသုခုမအတ္တဒိဋ္ဌိကိုရုပ်နာမ်တရားတို့၏ အနိစ္စ,ဒုက္ခ, အနတ္တ,လက္ခဏာတို့ကို သိမ်းဆည်းဆင်ခြင်ခြင်း၊အထူးသိမြင်ခြင်းတည်းဟူသောဝိပဿနာဉာဏ ဒဿန သမ္မာဒိဋ္ဌိဖြင့် သတ်အပ်၏။ သတ်ပါ။

အလွန် သိမ်မွေ့လှစွာသော အတိသုခုမ အနုသယ ဖြစ်သော ဝိဝိကိစ္စာ အတ္တဒိဋ္ဌိကို၊ မဂ်ဉာဏ် ဖိုလ်ဉာဏ် တည်းဟူသော လောကုတ္တရ မဂ္ဂဖလ သမ္မာဒိဋ္ဌိဖြင့် သတ်အပ်၏။ သတ်ရမည်။ သတ်ပါ။

ဤကဲ့သို့ သတ်ကြ၍ ဒါန, သီလ, ဘာဝနာ ပြုမှသာ၊ ပါရမီဆယ်ပါး ဝိဝဋ္ဋဖြစ်ပွား၍ နိဗ္ဗာန်သို့ သွားရမည်။ ဤသို့ လိုကား....၊ ပါရမီဆယ်ပါး၊ မဂ္ဂင်ရှစ်ပါး၊ မြတ်တရားကို သတိမထား မသိသောအားဖြင့်၊လူကောင်း, နတ်ကောင်း, ဘဝကောင်းကို တောင်းတပြီးလျှင်၊ ကုသလ ကမ္မပထတရား၊ ပုညကြိယာ ဆယ်ပါးကို ပြုမှားသောသူများသည်၊မြတ်စွာဘုရား၏ ရန်သူပုန်နှင့် တူကုန်၏။

**တူဟန်ကား။** ။အကုသိုလ်ဆယ်ပါး၊ ပုညကြိယာ ဆယ်ပါး၊ မဟာဂ္ဂုတ်ကုသိုလ်ကိုးပါး၊ ဤနှစ်ဆဲ့ကိုးပါးသော သာသနာပ တရားတို့သည်၊ စကြာဝဠာအနန္တ, ကမ္ဘာအနန္တ၊ သတ္တဝါတည်ထောင်စကပင် လောကတံထွာ ဓမ္မတာတရား သတ္တဝါ ဖြစ်ပွားသော တရား ဖြစ်၍ ဘုရား၏ ရန်သူအစစ် ဧကန်ဖြစ်၏။

**သီသာ စဉ်းအုံ။** ။အကုသလ ကမ္မပထ တရား ဆယ်ပါးကို ပြုမှားမိလျှင်၊ အပါယ်လေးဘုံ၌ ဧကန် စင်စစ် ဖြစ်မည်ဟူ၍မှတ်။ ထိုအကုသလ ကမ္မပထတရား

ဆယ်ပါးကို ပြုမှားခြင်းကြောင့်၊နိဗ္ဗာန်သို့လည်းမသွား၊ အခြားသော ဘုံတို့၌လည်းမဖြစ်၊အပါယ်လေးဘုံ၌သာ ဖြစ်သည်။

ထို့အတူ၊ကုသလကမ္မပထတရား ပုညကြိယာဆယ်ပါးကို ပြုမှားမိလျှင်၊ လူ့ဘုံ, နတ်ဘုံမှာသာ ဖြစ်သည်။ ထို ပုညကြိယာဆယ်ပါးကို ပြုမှားခြင်းကြောင့်၊ နိဗ္ဗာန်သို့လည်းမသွား၊ အပါယ်လေးပါး၌လည်း မကျ၊ဗြဟ္မာ့ဘုံသို့လည်း မဆိုက်၊ လူ့ဘုံ,နတ်ဘုံ၌သာ ဖြစ်သည်။

ထို့အတူ၊ မဟဂ္ဂုတ်ကုသိုလ် ကိုးပါးကို ပြုမှားခြင်းကြောင့်၊ဗြဟ္မာ့ဘုံနှစ်ဆယ်၌သာဖြစ်သည်။ ထိုမဟဂ္ဂုတ်ကံကြောင့် နိဗ္ဗာန်သို့လည်းမသွား၊ အခြားသော ဘုံတို့၌လည်းမဖြစ်၊ စင်စစ်အားဖြင့် (ဥပမာပုံ) သူ့မောင်းဆုံနှင့် သူ့မောင်းချောက် အလားကဲ့သို့၊ သူ့ဘုံနှင့် သူ့ကံတရား၊ လောကတံထွာ ဓမ္မတာအားဖြင့် ဖြစ်ပွား၍သာနေသည်။ထို့ကြောင့် နိဗ္ဗာန်ကိုဆုတောင်းသော သူတော်ကောင်းတို့အား၊ထိုကံနှစ်ဆဲ့ကိုးပါးကို ရှောင်ရှားနိုင်မှ ဘုံသုံးဆဲ့တစ်က လွတ်ကြမည်။ ထိုဘုံသုံးဆဲ့တစ်၌ မဖြစ်သည်ကို နိဗ္ဗာန်ဆိုသည်။

**တနည်းကား။** ။ကာမ တဆဲ့တဘုံ၊ ရူပ တဆဲ့ခြောက်ဘုံ၊ အရူပ လေးဘုံအားဖြင့် သုံးဆဲ့တဘုံကို မျိုးစေ့စိုက်ပျိုးရာ လယ်ယာမြေနှင့် တူ၏ ဟူ၍ မှတ်။ ဒုစရိုက်ဆယ်ပါးကြောင့်ဖြစ်သေါအကုသိုလ်ကံတဆယ်

ပုညကြိယာ ဆယ်ပါးကြောင့် ဖြစ်သော ကုသိုလ်ကံ တဆယ်၊ ကမ္မဋ္ဌာန်းစီးဖြန်းခြင်းကြောင့် ဖြစ်သော ရူပါဝစရကုသိုလ်ကံ ငါးခု၊ အရူပါဝစရကုသိုလ်ကံ လေးခု အားဖြင့်၊ ကံပေါင်းနှစ်ဆဲ့ကိုးခုကို သုံးဆဲ့တဘုံတည်း ဟူသော လယ်ယာတွင်း၌ ကြဲအပ်သော မျိုးစေ့ကဲ့သို့ မှတ်။

အဝိဇ္ဇာအရင်းဖြာ၍ တဏှာ အဖော်သဟဲရသဖြင့် စေတနာကံကြောင့် ဖြစ်သော လူနတ်ဗြဟ္မာ သတ္တဝါတို့ကို မျိုးစေ့မှ ဖြစ်သော အပင်နှင့် တူ၏ ဟူ၍မှတ်။ ထိုသတ္တဝါတို့၏ ဖြစ်လေရာရာ ဘဝတိုင်း,ဘဝတိုင်းတို့၌ အသစ်အသစ်၊ပြုပြန်သော ကောင်းမှုကံ၊မကောင်းမှုကံကို၊လယ်ယာ၏ အတွင်း၌ ပေါက်ရောက်သော အပင်၏ အသီးအနှံက မျိုးစေ့ဖြစ်ပြန်သလို အတူ၊ နောင်အသစ်ဖြစ်ဘို့ရန် တဖန် ဖြစ်ပြန်တော့သည် ဟူ၍မှတ်။

**ဉပမာပုံ။** ။သစ်စေ့ကြောင့် သစ်ပင်၊သစ်ပင်ကြောင့် သစ်စေ့ စသည်ကဲ့သို့၊ ထိုကံနှစ်ဆဲ့ ကိုးပါးကြောင့် သတ္တဝါ, သတ္တဝါကြောင့်၊ ထိုကံနှစ်ဆဲ့ကိုးပါး၊ ဤသို့အားဖြင့် စကြာဝဠာအနန္တ၊ ကမ္ဘာအနန္တ၊ သတ္တဝါ တည်ထောင်စကပင်၊ လောကတံထွာ ဓမ္မတာတရား သတ္တဝါ ဖြစ်ပွားသော တရားဖြစ်၍၊ ဘုရား၏ ရန်သူ အစစ်ကောန် ဖြစ်၏ဟု ဆိုပေသည်။

ရန်သူဟူသောစကား၌။ဥပမာအား မြေစိုက်ဘုရားတည်ထားသော အခါ၊ ရှေးဦးစွာ ငြမ်းသစ်သားကို ကောင်းမွန်စွာ ချိန်နှောင်ရစ်တုပ် ပြုလုပ်ရာ၏။ ဤသို့ ပြုလုပ်ပြီးနောက် အုတ်, ကျောက်, အင်္ဂတေ၊ အထွေထွေကိစ္စ၊ ရွှေချထီးတင်ပြီးသောကာလ၊ ထိုငြမ်းကို အသုံးမကျ အကုန်လုံး စွန့်ပစ်လိုက်ရလေကုန်၏။ ။ဤသို့ ထီးတင်ရွှေချ ဘုရားကိစ္စ ပြီးသည့်ကာလ၊ ထိုငြမ်းကိုမှ မပယ်မပစ်ကြမူ ထိုဘုရား၏ရန်သူအစစ်ထိုငြမ်းဖြစ်၏။

အဘယ့်ကြောင့်နည်း ဟူမူကား။ ထိုငြမ်းသစ်သားသည် ဘုရားကို ကွယ်ကာ၍ထားသဖြင့်၊ ဘုရားကိုမှ ကြည်ညိုခွင့်မရရုံမျှမကလေသေး၊တုပ်ချီသောကြော်မျှင်ဆွေး၍များ ကျခဲ့လျှင် ထိုဘုရားကိုပင် ပျက်စီးကွဲအက်အောင် ချိုးဖျက်သော ရန်သူကြီး သက်သက် ဖြစ်လေကုန်၏။

**ထို့တူပမာကား။** ။သာသနာပ အခါကာလ၊နိဗ္ဗာန်ရတရား၊သစ္စာလေးပါးကိုဟောကြားနိုင်သူဘယ်တဆူမျှမပြုမပေါက်ကြ၍ အပါယ်လေးပါးသို့မလားခရောက်ရစေခြင်း၊ လူ့ဘောင် လူ့ရွာ သာသနာ၌ ကြိမ်ကြိုက်ရစေခြင်း အကျိုးငှာသာ၊ ပုညကြိယာ ဆယ်ဖြာကို၊ လွန်စွာသော ဥဿာဟဖြင့် ပြုလုပ်ကြရပေသည်။

ဤသို့ သာသနာပ အခါကာလက ပြုကျင့်ခဲ့ကြ၍၊ ယခုအခါ လူ့ဘောင် လူ့ရွာ သာသနာ၌ ကြိမ်ကြိုက်

ကြပေကုန်သော ရဟန်း, ရှင်လူ, သူခပ်သိမ်းတို့မှာ၊ ပုညကြိယာဆယ်ဖြာကို လွန်စွာကြောက်ကြ၍၊ နိဗ္ဗာန်ရောက်တရား ပါရမီဆယ်ပါး ဝိပဿနာ တရားကို အားထုတ်ကြကုန်ရာသည်။

ဤစကားရပ်၌၊ မြေစိုက်ဘုရား တည်ထားသောအခါ ငြမ်းသစ်သား ကြောင့်သာ ဘုရားကိစ္စ ပြီးစီးထမြောက်ရပေသည်။ ထိုသို့ ဘုရားကိစ္စပြီးစီးသောကာလ၌ကား၊ ထိုငြမ်းသစ်သားသည် ဘုရား၏ရန်သူ ဖြစ်သလိုအတူ၊ ယခုအခါ လူ့ဘောင်, လူ့ရွာ သာသနာ၌ ကြိမ်ကြိုက်ရခြင်းသည်ကား၊ ပုညာဘိသင်္ခါရ သာသနာပတရား ကုသလကမ္မပထပုညကြိယာဆယ်ပါး၏ကျေးဇူးကြီးပါပေတည်း။ ယခုအခါ သာသနာတော်တရား မဂ္ဂင်ရှစ်ပါးနှင့်ကြိမ်ကြိုက်သောအခါ၌ကားသစ္စာလေးတန် မဂ်ဖိုလ်ဉာဏ်၏ရန်သူအစစ်ပုညကြိယာဖြစ်၏ဟူလို။

**တနည်းကား။** ။သမုဒ္ဒရာပြင်ကျယ်ရေပင်လယ်မှာ နစ်မွန်းမြောပါးသော သတ္တဝါများသည် သင်္ဘော,လှေဖေါင်ဖြင့် ယူဆောင်မည့်သူ မလာသေးသမျှ ကာလ ပတ်လုံး သူကောင်ပုတ်ကိုသာ အားထုတ်လျက် ဘက်ကြရ တွယ်ကြရ၏။အကြင်အခါသင်္ဘော,လှေဖေါင်ဖြင့် ယူဆောင်မည့်သူ လာ၏။ ထိုအခါ သူကောင်ပုတ်ကို လွှတ်လျက် သင်္ဘော,လှေဖေါင်သို့ တက်စီးကြသောသူ လူအပေါင်းတို့သည်၊ ကမ်းတဘက်သို့ ရောက်ကြ

လေကုန်၏။ ထိုသို့ သဘော်ာ, လှေဖေါင်ဖြင့် ယူဆောင်မည့်သူ လာပါလျက်နှင့်မှ မတက်မစီးကြဘဲ၊ သူကောင်ပုတ်ကိုသာ တဖက်ထဲ ဖက်ကြသောသူ ဟူသမျှမှာ ဘယ်တော့ ဘယ်အခါ ဘယ်ကမ္ဘာ ဘယ်ကာလမှ ကမ်းတဘက်သို့ မရောက်ရ၊ မဆိုက်ရသော သူမိုက်တို့ ဟူ၍ချည်းသာ မှတ်ရာ၏။

**ဥပမာ-ဥပမေယျ ဟပ်၍ပြသော်ကား။** ။သမုဒ္ဒရာပြင်ကျယ် ရေပင်လယ်နှင့်ကား သံသရာ တူသည်။ ထိုရေပင်လယ်မှာ နစ်မွန်းမြောပါး၍ နေကြသောသူ ဟူသမျှနှင့်ကား သတ္တဝါများ တူချေသည်။အောက်သို့ နစ်မြုပ်သည်နှင့်ကား၊ အပါယ်လေးပါး တူသည်။ကမ်းတဘက်သို့ရောက်အောင် မပို့မဆောင် နိုင်သော်လည်း အောက်သို့ မနစ် မမြုပ် စေရအောင် ထမ်းဆောင်ပေသော သူကောင်ပုပ်နှင့်ကား၊ နိဗ္ဗာန်သို့ ရအောင်ရောက်အောင် မပို့မဆောင် နိုင်သော်လည်း အပါယ်ဘဝသို့ မကျမဆိုက်။ လူ့ဘောင် လူ့ရွာ သာသနာ၌ကြိမ်ကြိုက်ရအောင်ပို့ဆောင်ပေသောကုသလကမ္မပထ သာသနာပ တရား ပုညကြိယာဆယ်ပါး တူသည်။ ကမ်းတဘက်နှင့်ကား နိဗ္ဗာန်တူသည်။ သဘော်ာ, လှေဖေါင်နှင့်ကား သာသနာတော်တရား ပါရမီဆယ်ပါး၊ မဂ္ဂင်ရှစ်ပါး ဝိပဿနာတရားတူသည်။ သဘော်ာ လှေမှူးနှင့်ကား မြတ်စွာဘုရား တူသည်။

**ပုညကြိယာဆယ်ပါးနှင့် ပါရမီဆယ်ပါးအထူး ကား။** ။ကုသလကမ္မပထ ကုသိုလ်၊ ဝဋ္ဋနိဿိတကုသိုလ် ပုညာဘိသင်္ခါရကုသိုလ်၊ ပုညကြိယာ ကုသိုလ်၊ ညာဏ ဝိပ္ပယုတ်ကုသိုလ် စသည်တို့မှာ အတူတူသာ မှတ်ပါ။ ထို့ကြောင့်ဒါန,သီလစသောကုသိုလ်ကောင်းမှုပြုချင် ပုညကြိယာချည်းပင်ဟု မထင်နှင့် မမှတ်လင့်။ ခုရော နောင်ခါ ကောင်းအောင်သာဟု သမုဒယ သစ္စာ၊ သာယာခြင်း လောဘတဏှာပါသော မဟာကုသိုလ် ညာဏဝိပ္ပယုတ်စိတ်လေးခုနှင့် ပြုပြုသမျှသော ကုသိုလ် မှသာ ပုညကြိယာဆိုပါ။

ပါရမီကုသိုလ်၊မဂ်ကုသိုလ်၊ ဝိဝဋ္ဋကုသိုလ်၊ ညာဏ သမ္ပယုတ်ကုသိုလ် စသည်တို့မှာ အတူတူသာ မှတ်ပါ။ ထို့ကြောင့် ကာမရူပ အရူပဟူသော ဘုံသုံးရွာမှာ သာယာခြင်း လောဘတဏှာ သမုဒယသစ္စာကိုတဒင်္ဂပ ဟာန်အားဖြင့်ပျောက်ကင်းမှု၊ဝိက္ခမ္ဘနပဟာန်အားဖြင့် ခွာရှဲမှု၊ သမုစ္ဆေဒပဟာန်အားဖြင့် ပြတ်စဲချုပ်ငြိမ်းမှုကို ဖြစ်စေလျက်၊ တဏှာမဘက် ဝဋ်မှထွက်လိုသောဆန္ဒ၊ မဟာကုသိုလ် ညာဏသမ္ပယုတ် စိတ်လေးခုနှင့် ပြုပြု သမျှသော ကောင်းမှုကုသိုလ်ကို ပါရမီကုသိုလ်ဆိုသည် ဟူလို။

ထိုအကုသိုလ် ဆယ်ပါး၊ ပုညကြိယာ ဆယ်ပါး၊ မဟာဂ္ဂုတ်ကုသိုလ် ကိုးပါး၊ ဤနှစ်ဆဲ့ကိုးပါး၊ သင်္ခါရ

ဖြစ်ပွားသော စေတနာကံတရားကို ပျက်ပြား ပျောက်ကုန်စေခြင်းငှာ၊ သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပေါ အစရှိသော မဂ္ဂင်ရှစ်ပါးမြတ်တရားကိုသာ၊ စတုကင်္ဂုတ္တရပါဠိတော်၌ ဟောတော်မူသည်။ ထို့ကြောင့် ဒါန, သီလ ဘာဝနာ ပြုကြသော အခါ မဂ္ဂင်တရားကိုယ် ကုသိုလ်ဇောပြည့်လျှံ၍ "ဣဒံမေ ပုညံ၊ အာသဝက္ခယံ၊ ဝဟံဟောတု" ပြုကြပါကုန်။ ဤကဲ့သို့ပြုကြလျှင် "ဒုက္ခံ တေဘူမ္မကံ ဝဋ္ဋံ" ဟူသည်နှင့်အညီ၊ အလုံးစုံသော ရုပ်နာမ်သင်္ခါရ ဟူသမျှသည်သုခမဘက် သက်သက်ဒုက္ခချည်းသာဟု၊ မြင်သော ဉာဏသမ္မာယုတ်ကုသိုလ်စိတ်နှင့်ယှဉ်သော မဂ္ဂင်ရှစ်ပါးကံသည်၊ တရွေ့ရွေ့ ရင့်သဖြင့် မဂ်စိတ္တုပ္ပါဒ်နှင့်ယှဉ်သော အခါ နိဗ္ဗာန်သို့ ရောက်ကြောင်း စင်စစ် မှန်သည်။

ဤသို့ ဒါန သီလ၊ စသည်ပေါင်းစု ကုသိုလ်ကောင်းမှုပြုသော သူတို့သည် မိမိတို့၏ အကျိုးစီးပွား သတ္တဝါအများတို့၏ အကျိုးစီးပွားကို ပြုသောသူ၊ ကျင့်သောသူမည်ပါပေ၏။ အဘယ်ကဲ့သို့ မည်သနည်း ဟူမူကား။ တဆုပ်ဘဲ နဲ့များမဆို ဒါနကုသိုလ်ကိုပြုသောသူသည် ဒါနကုသိုလ်ရှင် စင်စစ်ကြီး ဖြစ်ပါပေ၏။ ။ထိုဒါနကုသိုလ်ရှင်သည် နိဗ္ဗာန်သို့မရသေး မရောက်သေးသမျှ ဖြစ်လေရာရာ ဘဝတိုင်း ဘဝတိုင်းတို့၌၊ ထိုဒါနကုသိုလ်ရှင်ကို တွေ့တွေ့သမျှ မြင်မြင်သမျှသောသတ္တဝါ အများတို့က လှူဒါန်းချင်ရ၊ ပေးကမ်းချင်ရ၊ လှူဒါန်းမှု

ပေးကမ်းမှုပြုကြ၊ လှူဒါန်းပေးကမ်းမှု ဝတ္တု ပစ္စယက
အခန့်သင့် ရှိနှင့်ရပေသည်။ ထိုပဌမဒါန ကုသိုလ်ရင်ကို
လှူဒါန်း ပေးကမ်း သမျှသောသူ၊ ဒုတိယ ဟူဟူ သမျှ
တို့သည်သည်း ဒါနကုသိုလ်ချင်ချည်းပင် ဖြစ်ကြပြန်လေ
ကုန်၏။ ထို့တူမခြား တတိယ, စတုတ္ထ စသော သတ္တ
လောက တလောကလုံးအား နှံ့ပြားအောင် မျှော်လေ၊
ကြည့်လေ၊သိလေ။ ဤကဲ့သို့ ပမာဏနှင့် ကုသိုလ်ဟူသမျှ
ကိုလည်း စေ့စေ့စုံစုံ အကုန်မျှော်ကြလေ၊သိကြလေ။

**ထို့တူပမာဏ။** ။ဤကဲ့သို့ နည်းနယ သဲလွန်စဖြင့်
အကုသိုလ် ဟူသမျှကိုလည်း စိစိငငသိကြလေ၊ ကြည့်
ကြလေ။မျှော်ကြလေ။သဘောဉာဏ်၏ အရာပေတည်း၊
ယိုဉာဏ်သည်လည်း ယခုဘဝ အလိုနှင့် အတိုသာ
မြင်သောဉာဏ်၊ နောက်ဘဝ အနေနှင့် အရှည်ကို
မြင်သောဉာဏ်၊ သံသရာ ဝဲဃယက် အဆက်ဆက်ဟု
အရှည့်ထက် အရှည်ကို မြင်သောဉာဏ်၊ နိဗ္ဗာန်
သုဉ်းအောင် အဆုံးတိုင် မြင်နိုင်သော ဉာဏ်အားဖြင့်
အစားစား ရှိ၏။

**ဥပမာကား။** ။ဖုံမှုံ့ဖွဲ့ဖြင့် နှဲ၍ပစ်ခြင်း၊ ဗူးကဲ့ကိုင်စွဲ
နှဲ၍ပစ်ခြင်း၊ အိုးချမ်းကဲ့ဖြင့် နှဲ၍ပစ်ခြင်း၊ လေးပေါ် ကြီး
ငယ်ခြင်းမရှိ ပကတိ အခန့်တော်သော သံလုံးခဲလုံးဖြင့်
နှဲ၍ပစ်ခြင်း စသည်တို့နှင့် တူလှ၏ဟု၊ သိကြ ရမည်
ဟူလိုသည်။ ယခုကာလ သူငါကစ ပုထုဇ္ဇန် ဟူသမျှ

တွေသည် ယေဘုယျအားဖြင့် ဒါန, သီလ, ဘာဝနာ တရားကို ပြုကြားသော်လည်း ပါရမီဆယ်ပါး၊ မဂ္ဂင်ရှစ်ပါး ဝိပဿနာ တရားကို သတိမထား မသိသောအားဖြင့် သာသနာပတရား ပုညကြိယာ ဆယ်ပါးကို ပြုမှားခြင်းကြောင့် ဘုံသုံးပါးဝယ် တလယ်လယ်သာ ဖြစ်၍နေကြသည်။

**ဥပမာကား။** ။မြစ်လယ်ရေကြော လှေပိန်းကောတို့သည်၊ စုံမြောသောအခါ အောက်က ရေရွက်ကိုချ၍ စုံရ မြောရ လေ၏။ အထက်သို့ ဆန်တက်သောအခါ အထက်ကလေရွက်ကို ဖြန့်ကြက်၍ အညာသို့ဆန်တက်ရလေ၏။ ထိုအညာသို့ ဆန်တက်လိုသော လှေကြီးမှာ သတိမထား မေ့လျော့သော အားဖြင့် အောက်က ချထားသော ရေရွက်ကိုကား မရုတ် မသိမ်း ဘဲလျက် အထက်က လေရွက်ကိုသာ ဖြန့်ခါ ဖြန့်ခါ အညာသို့ ဆန်တက်မည်စိတ်စော၍ မြစ်လယ်ရေကြောမှာ တပေါပေါ်နေလေ၏။ ထိုအခါ ကမ်းပါးတလျှောက်မြေသွတ်မလောက်သောသူ လူအများတို့က အညာသွား လှေခမြာ အထက်သို့ ဆန်တက်ရှာပြီဟု နှလုံးပြု၍ အံ့သြထောမဏာကြလေကုန်၏။ လှေကြီးမှာမူကား အညာသို့ မသွား၊ အောက်ရွက်၏ သဘောအားဖြင့် တမြောက်ဲ မြောသွားလေ၏။

**ထို့တူပမာကား။** ။ဒါန, သီလ၊ စသည်ပေါင်း၄၊ ကုသိုလ်ကောင်းမှု ပြုကြသော်လည်း၊ ခုဘဝနောက်ဘဝ ကောင်းချင်လှ၍တောင့်တ သာယာခြင်းကိလေသာဝင့် တည်းဟူသော လောဘတဏှာ၊အောက်ရှက်၏ ဥပမာ၊ သမုဒယသစ္စာကို၊မသယ်မခွါလျှင် ပါရမီဆယ်ပါး၊ မဂ္ဂင် ရှစ်ပါး၊ အညာတည်းဟူသော နိဗ္ဗာန်တရားသို့ မသွား မရောက်မူ၍၊ မြစ်လယ်ရေကြော လှေပိန်းကောသည်၊ စုံမြော၍သာ နေသကဲ့သို့။ ထို့တူပမာကား သတ္တဝါ ဟူသမျှတွေသည်၊ ဇာတိဇရာ ဗျာဓိမရဏာဖြင့် စတဲ့ရင်း၊ ဆုံးတဲ့ရင်း၊ ဖြစ်ထဲ့ရင်း၊ ပျက်ထဲ့ရင်း၊ ဤသို့ စသည်ဖြင့် ကြဉ်လည်၍ နေရသည်ကား အခြားမဟုတ်၊ ပုညာဘိ သင်္ခါရ၊ အပုညာဘိသင်္ခါရ၊ အာနဉ္စာဘိသင်္ခါရ တရား တို့ကို ပြုမှားသော အာသဝေါကြောင့်သာဝဋ်ပင်လယ် တကြောမှာ၊ တပေါပေါ နေကြရသည်။

ထို့ကြောင့် ကုသိုလ် ကောင်းမှုကို ပြုရမည် ဆို သော်လည်း အလွန်ပင်သိတတ်ခဲ့၊မြင်တတ်ခဲ့၊ပြုတတ်ခဲ့ ကျင့်တတ် ခဲသည်။ အဘယ့် ကြောင့်နည်း။ ကုသိုလ် ကောင်းမှုကိုပြုပြန်ကလည်းပုညာဘိသင်္ခါရ၊အာနဉ္စာဘိ သင်္ခါရဖြစ်ပွား၍ နိဗ္ဗာန်သို့မသွား။ ထိုကုသိုလ်တရားကို မပြုဘဲများ၊ အကုသိုလ်တရားကို ပြုငြားအံ့၊ အပုညာဘိ

သင်္ခါရ ဖြစ်ပွားရ၍၊ အပါယ်လေးပါးသို့ သွားရမည် ဆက်ဆက်၊ သို့အတွက်ကြောင့်၊ ကုသိုလ် ကောင်းမှု အပြုရ၊ အကျင့်ရ အလွန်ပင် ခက်ကြသည်။

**ဥပမာကား**။ ။အမျိုးတို့ ဘာသာအားဖြင့် မဒိုင်ကိုသာ စားသောလူမျိုးတို့သည်ရှိကုန်ရာ၏။ ထိုမဒိုင်စားလူမျိုးတို့သည်၊ မဒိုင်ကိုသာ လွှာခါ လွှာခါ စားကြလေကုန်၏။ ထိုသို့ စားခဲ့၍ ဝမ်းထဲသို့ ရောက်လျှင်ပင် မဒိုင်တောက်၍ စားသမျှလူတွေ အကုန်လုံး သေကြလေကုန်၏။ အချို့သောသူတို့ကား၊ ထို မဒိုင်တုံး မဒိုင်သားကို တောက်တတ်သော အစာပါတကားဟု၊ မစားကြဘဲ ရှောင်လွှဲသော သူတို့ သည်လည်း၊ အစာပြတ်လတ်၊ ငတ်မွတ် ပြေ့ခွေ၍ အကုန်လုံး သေကြလေကုန်၏။ ထိုအခါ လူလိမ္မာ ပညာရှင်တယောက် ပေါ်ပေါက်၍၊ ထိုနေရာသို့ ရောက်လာ၏။ ထိုပညာရှင်သည်၊ ဤသို့ဆင်ခြင်၏။ အော့ဖတ် အံဖတ်နှင့် အူပြတ်၍ သေသော မသာတွေကို မြင်လျှင်၊ ဤမသာ များကား၊ မဒိုင်တုံး မဒိုင်သားကို မိုက်မှား၍ စားသောက်သောကြောင့်၊ ရူးနေောက်၍ သေသော မသာတွေဟုဆိုလေ၏။ ဟိုအပါး၌ ခါးရှုံ့ မိုက်ကတ်နှင့်၊ အာဟာရပြတ်လတ် အစာငတ်၍ သေသော မသာတွေကိုမြင်လျှင်၊ ထိုမသာ များကား၊ မဒိုင်တုံး မဒိုင်သားကို မိုက်မှားသော

အားဖြင့်၊ မစားဘဲ, မသောက်ဘဲ, ရှောင်လွှဲ၍ နေကြသောကြောင့်၊ သေရသော မသာတွေဟု ဆိုလေ၏။ ထိုအခါ လူလိမ္မာ ပညာရှင်သည်၊ ထိုမဒိုင်တုံး မဒိုင်သားကို ပါး ပါး လွှာစေ၍၊ခုနစ်ရေ၊ ရှစ်ရေ စိမ်လေ၏။ စင်လေ၏။ ထိုသို့ ခုနစ်ည ရှစ်ည ရေစိမ်ပြီး၊ ရေစင်ပြီးမှ မဒိုင်သေသောကာလ စားသောက်ကြလျှင်၊ အန္တရာယ် တစိ ဘေးမရှိသည်ကို သိ၍၊ ဤသို့သောနည်းနာနယနှင့် စားသောက်ကြဟု၊ ပြသ ပြောဆိုလေ၏။

**ဥပမာ ဥပမေယျဟပ်၍ ပြသော်ကား**-မဒိုင်စားလူမျိုးနှင့်ကား၊သတ္တဝါများ တူသည်။ မဒိုင်သား မဒိုင်တုံးနှင့်ကား၊ဒါန,သီလစသော ကုသိုလ်တရားတူသည်။ ရေမစင် ရေမစိမ်ရသော၊ အဆိတ် အတောက် ပြည့်ဝသော မဒိုင်ရိုင်း မဒိုင်စိန်းနှင့်ကား၊ မဟာကုသိုလ် ဉာဏဝိပ္ပယုတ် စိတ်လေးခုနှင့် ပြုပြုသမျှ သာသနာပ တရား ပုညကြိယာ ဆယ်ပါးတူသည်၊ ရေစိမ်ပြီး၊ရေစင်ပြီးသော အဆိတ်အတောက် ကင်းရှင်းသော မဒိုင်ရင် မဒိုင်သေ နှင့်ကား၊ မ ဟ ာ ကုသိုလ် ဉာဏသမ္ပယုတ် စိတ်လေးခုနှင့် ပြုပြုသမျှသော သာသနာတော်တရား ဒါနပါရမီ စသည် ဆယ်ပါး၊ မြတ်တရား တူသည်။ ။ ခုနစ်ည ရှစ်ည စိမ်ရ, စင်ရသောရေနှင့်ကား၊ မောဇ္ဈင် ခုနစ်ပါး၊ မဂ္ဂင်ရှစ်ပါး၊ဝိပဿနာတရားတူသည်။မဒိုင်၏

အဆိတ် အတောက် ကင်းပျောက် ကုန်ငြိမ်းအောင် နည်းနာနယ ပြသ ပြောဆိုလာသော လူလိမ္မာ ပညာရှင်နှင့်ကား၊ မြတ်စွာဘုရား တူသည်။

ထို့ကြောင့်-အဆိတ်အတောက် ပြည့်ဝ မဒိုင်ရိုင်း မဒိုင်စိန်းနှင့် တူလှသော မဟာကုသိုလ် ညာဏဝိပ္ပယုတ် စိတ်လေးခုနှင့် ပြုပြုသမျှ ကုသလ ကမ္မပထ တရား ပုညကြိယာ ဆယ်ပါးကို သာသနာတော် အခါများ၌ ကောင်းသော တရားဟု ပြောမှား, ဟောမှား, ပြုကျင့်မှားသော သူများသည်၊ သာသနာပ လူများ အပါယ် ဘုံသား ခွေး,ဝက်, ကျွဲ,နွား များနှင့် အလားတူ ဆယူမှားကြောင်းကို "ကတမာစ ဘိက္ခဝေ မိစ္ဆာပဋိပဒါ၊ အဝိဇ္ဇာ ပစ္စယာ သင်္ခါရာ" စသည်ဖြင့် သံယုတ် ပါဠိတော်၌ ဟောတော်မူ၏။

ဘိက္ခဝေ၊ ရဟန်းတို့။ ကတမာစ၊ အဘယ်သို့ ပြောဟော ပြုကျင့် ခြင်းသည်လျှင်။ မိစ္ဆာပဋိပဒါ၊ မှားသော ပြောဟော ပြုကျင့်ခြင်း မည်သနည်း။ အဝိဇ္ဇာပစ္စယာ၊ အဝိဇ္ဇာလုံး၊အမိုက်ဖုံး၍ အမိုက်တုံး, အမိုက်ခဲ၊အမိုက်မဲ့ ရောင်ရမ်း၊ပညာကန်း၍၊ဘာမှန်းမသိလေခြင်းကြောင့်။ သင်္ခါရာ၊ ပြုလိုရာပြုမိ၊ ပါရမီမျိုးစေ့ အဖြစ်သို့ မဆိုက် မထိသော ဝဋ္ဋနိဿိတကုသိုလ်၊ အကုသိုလ် သင်္ခါရတို့ တည်း။

ထို့ကြောင့်—

ယံဟိကိဉ္စိ ဘဝတ္တယသန္နိတံ ဝဋ္ဋပဝတ္တကာ
ပဝတ္တိတံ၊ အနမတဂ္ဂသော ပဉ္စာဘိညာ အဋ္ဌဝါပန
သမာပတ္တိယော၊သဗ္ဗံတံ ဝဋ္ဋပဏ္ဍိယံ ဝဋ္ဋသီသန္တိ၊
ဝဋ္ဋသီသတ္တာ မိစ္ဆာ ပဋိပဒါဝ ဟောတိ။
(သံယုတ်ပါဠိတော်လာ မိစ္ဆာပဋိပဒါသုတ်အဋ္ဌကထာ။)

ဟိသစ္စံ၊ ထိုစကား မှန်၏။ ဘဝတ္တယသန္နိတံ၊ ဘဝ သုံးပါးဟု ဆိုအပ်သော။ ဝဋ္ဋံ၊ တေဘူမိက ဝဋ်ဒုက္ခကို။ ပဝတ္တကာ၊ သာယာ ခင်မင် နှစ်သက် တောင့်တ၍၊ ပဝတ္တိတံ၊ ဖြစ်စေအပ်သော။ အနမတဂ္ဂသော၊ မြတ်ထွင် ယှဉ်ဖုံး၊ အထက်ဆုံး အားဖြင့်။ ပဉ္စာဘိညာ၊ ကုသိုလ် အဘိညာ ငါးပါးတို့သော်လည်း ဖြစ်သော။အဋ္ဌဝါပန သမာ ပတ္တိယော၊ သမာပတ် ရှစ်ပါးတို့သည်မူလည်း ဖြစ်သော။ ယံကိဉ္စိ၊ အကြင် အမှတ်မရှိ တစုံတခုသော ကံသည်။ အတ္ထိ၊ရှိ၏။တံသဗ္ဗံ၊ထို အလုံးစုံသောကံသည်။ ဝဋ္ဋပဏ္ဍိယံ၊ ဝဋ်၏ အပင်း အသင်း၊ ဝဋ်ဆင်းရဲဘက် သာတည်း။ ဝဋ္ဋသီသံ၊ ဝဋ်ဆင်းရဲ အခေါင်း၊ ဝဋ် ဦးခေါင်းနှင့် အလားတူ၏။ဣတိတသ္မာ ဝဋ္ဋသီသတ္တာ ထိုဝဋ်၏ အကြောင်း၊ ဝဋ်ဦးခေါင်း ဖြစ်သောကြောင့်။ မိစ္ဆာပဋိပဒါဝ၊ လမ်းမှား - လမ်းလွဲသော ပြောခြင်း ဟောခြင်း၊ ပြုကျင့်ခြင်းသည်သာလျှင်။ဟောတိဖြစ်၏။

**သည်ကိုရည်၍**"ဒီပါနာထာပတိဋ္ဌာစ တာဘာလေ နာစ ပါဏိနံ"စင်စစ်ကြီး မှန်ပါပေသော ကျေးဇူးရှင် မဟာထေရ်မွန် ပညာတန်ခွန်၊သီလဝံအကျော်၊လယ်တီ ဆရာတော်ဘုရားကြီးသည်-

(ဘဝနောင်ခါ၊ သံသရာဝယ်၊ လူ့ရွာနတ်ငြမ်း၊ စည်းစိမ်သွမ်းကို၊ချမ်းသာအတိ၊အထဲငြိလျက်၊ ဂတိနောင်ကို၊ ကောင်းစေလိုဟု၊ ကုသိုလ်အရိုး၊ အမျိုးမျိုးကို၊ ကျိုးကျိုးစားစား၊ပြုတုံငြားက၊ဆယ်ပါးပုညအာနုဘ္ဘဟု၊ ဘဝနိုးရင်း၊ပွားတုံလျှင်းသည်၊ ဝဋ်ခင်းဝဋ်နွယ် ရှည်သတည်း)။ စသည်ဖြင့် ပဋိစ္စသမုပ္ပါဒ် လက်ာမြတ်၌ စပ်တော်မူပေသည်။

ထို့ကြောင့်-

သေယျထာပိ ဘိက္ခဝေ အပ္ပမတ္တကောပိ ဂူထော ဒုဂ္ဂန္ဓော ဟောတိ၊ ဧဝမေဝ ခေါ အဟံ ဘိက္ခဝေ အပမတ္တကမ္ပိ ဘဝံနဝဏ္ဏေမိ၊ အန္တမသော အစ္ဆရာ သဃာတမတ္တံပိ။ ။ဟု ( အင်္ဂုတ္တရပါဠိတော်၌ ဟောတော်မူ၏။)

ဘိက္ခဝေ၊ရဟန်းတို့။အပ္ပမတ္တကောပိ၊အနည်းငယ်မျှ သော်လည်း ဖြစ်သော။ ဂူထော၊ မစင်ကျင်ကြီးသည်၊ ဒုဂ္ဂန္ဓောမကောင်းသော အနံ့ရှိသည်။ဟောတိ သေယျထာပိ၊ဖြစ်သကဲ့သို့။ဧဝမေဝခေါ၊ဤအတူလျှင်။အပ္ပမတ္တကမ္ပိ၊ နည်း ငယ် တိုလျ၊ မကြာ လှ သည် သော်လည်း

ဖြစ်သော။ အန္တမသော၊ ယုတ်ညံ့ ဖျင်းသုဉ်း၊ အောက် ထစ်ဆုံး အားဖြင့်။အစ္ဆရာသင်္ဃာတမဉ္ဇုံပိ၊ မျက်တောင် တယှက်၊ လျှပ်စစ်တပျက်၊ လက်ဖြစ်ဘစ္စက်ကာလတခဏ မျှသော်လည်း ဖြစ်သော။ ဘဝံ၊ ဘဝ၌ ဖြစ်ရခြင်းကို။ အဟံ၊ ငါဘုရားသည်။ နဝဏ္ဏေမိ၊ ချီးမွမ်းတော်မမူ။

ထို့ကြောင့် — ကာမ ရူပ အရူပ ဟူသော ဘဝသုံး ပါးကို မီးကျီးတွင်း သုံးတွင်း နှင့် တူသည် ဟူ၍၎င်း၊ ရှားနှစ်တံကျင်၊ သံဘံကျင်၊ ရွှေတံကျင်တို့နှင့် တူသည် ဟူ၍၎င်း။ ဝိသုဒ္ဓိမဂ် အဋ္ဌကထာ၌ အကျယ်မိန့်ဆိုတော် မူ၏။ ။ထို့ကြောင့်-သာသာသနာပ အခါကာလမှပြုကြ ရသော မဟာကုသိုလ် ညာဏဝိပ္ပယုတ်စိတ် လေးခုနှင့် ပြုပြုသမျှသော ကုသလ ကမ္မပထတရား၊ ပုညကြိယာ ဆယ်ပါးကို သာသနာတော်အခါများ၌ကောင်းသော တရားဟု ပြောမှား, ဟောမှား, ပြုကျင့် မှား သော သူ များသည် —

**ဥပမာကား။** ။ခရီးယောက်သွားတွေကို တသီတင်း တသီတင်း၌ တတင်း, နှစ်တင်း ချေနွေး ပြုတ်ဖြော၍ သင်တို့ရော နတ်ရွာသွား၊ ငါကား နိဗ္ဗာန်ဟု ရည်သန် တောင့်တ၍ ပြုမိမှားသော တိတ္ထိများနှင့်အလားတူ၏။ အဘယ့်ကြောင့်နည်းဟူမူ။မီးကျီးတွင်းသုံးတွင်းသို့သက် ဆင်းသောသူ၊ ရှားနှစ်တံကျင်၊ သံတံကျင်၊ ရွှေတံကျင် သုံးချောင်း၏ အချွန်ဝသို့ ခုန်ချသောသူတို့သည်၊ သေရ

ခြင်း,ဆင်းရဲသို့ ရောက်ကြရသည်ချည်းသာ ဖြစ်သကဲ့သို့ ထို့အတူ ဘဝသုံးပါးကို ရကုန်သော သတ္တဝါများ သည်၊ ဇာတိ ဇရာ,ဗျာဓိမရဏာစသော ဘေးဒုက္ခတို့နှင့် တွေ့ကြုံကြရသည်ချည်းသာ ဖြစ်သောကြောင့်တည်း။

ထို့ကြောင့်—

ဒုက္ခာဒိသု၊ အညာဏေန၊ အာရဘော၊ ဒုက္ခ
ဟေတဝေါ။နိရောဓဒိ၊ အညာဏေန၊ ယညာမယ
တပါဒိကော။ ။
အပိစ မရုပ္ပပါတံ ဒိပစ္စံ၊မခုလိတ္တာဿ လေဟာနံ။
ဂူထကိင္ဆံ ဝိသံ ခါဒံ၊ ပိသာစ နဂရံယထာ။ ။
မာလော ကရောတိ သင်္ခါရေ၊ တိဝိဓေ၊
ဒုက္ခဟေတုကော။ တသ္မာသတိ အဝိဇ္ဇာယ၊
ဘာဝတော ပစ္စယောမတော။(ဝိသုဒ္ဓိမဂ် အဋ္ဌကထာ)

ဒုက္ခာဒိသု၊ဒုက္ခ, သမုဒယသစ္စာနှစ်ပါးတို့၌။ အညာဏေန၊ မသိခြင်းကြောင့်။ ဒုက္ခ ဟေတဝေါ၊ ဒုက္ခ၏ အကြောင်းဇာနက သင်္ခါရတို့ကို။ အာရဘော -အာရဘတိ၊အားထုတ်မိုက်မှား၏။ နိရောဓဒိ အညာဏေန၊ နိရောဓ မဂ္ဂ သစ္စာနှစ်ပါးကို မသိခြင်းကြောင့်။ ယညာ မယတပါဒိကော၊ နိဗ္ဗာန်ရောက်ကြောင်း၊ လမ်းကောင်း ဟုမှတ်၊ များစွာသတ်၍ ယဇ်ပူဇော်ခြင်း၊ ခုရော နေ့ခင်ခါ ကောင်းအောင်သာဟု ပြုကျင့်ခြင်း စသည် တို့ကို။ အာရဘော-အာရဘတိ၊အားထုတ်မိုက်မှား၏။

အပိစ၊ တနည်းလည်း။ မရှုပ္ပပါတံ၊ နတ်သမီးကို အလိုရှိ၍ ချောက်ကမ်းသို့ ခုန်ချခြင်းကို။ အာရဘတိယထာ၊ အားထုတ်မိုက်မှားသကဲ့သို့ရင်း။ ဒီပင္ဂံ၊ ဆီမီးလျှံသို့ ပိုးဖလံဝင်ခြင်းကို။အာရဘတိယထာ၊ အားထုတ်မိုက်မှားသကဲ့သို့ရင်း။ မဓုလိတ္တာသိလေဟနံ၊ ပျားရည်လူးထား၊ သံလျက်သွားကို၊ လျှင်လျှားစုံမက်၊ လျှာဖြင့်လျက်ခြင်းကို။ အာရဘတိယထာ၊အားထုတ် မှားသကဲ့သို့ရင်း။ ဂူထကိဋ္ဌံ၊ သူငယ်ဉာဏ်မေ့၊ မစင်ပြော့ကို၊ ကိုင်ဆော့ကစားခြင်းကို။အာရဘတိယထာ၊အားထုတ်မှားသကဲ့သို့ရင်း။ ဝိသံခါဒံ၊ စိတ်ပျက် ငြင်ငြို၊ သေချင်လို၍၊ အဆိပ်ကို စားခြင်းကို။ အာရဘတိယထာ၊ အားထုတ် မှားသကဲ့သို့ရင်း။ ပိသာစနဂရံ၊ မျက်စိလှည့်ရှုပ်၊ ဘန်ဆင်း လုပ်သည့်၊ မြေဘုတ် မြို့လမ်းသို့သွားခြင်းကို။ အာရဘတိယထာ၊ အားထုတ်မှားသကဲ့သို့ရင်း။

ဗာလော၊မိုက်မည်းသည်းထန်၊ပုထုဇ္ဇန်သည်။ ဒုက္ခဟောတကော၊ဒုက္ခ၏အကြောင်း ဖြစ်ကုန်သော။ တိဝိဓေ၊ သုံးပါး အပြားရှိကုန်သော။ သင်္ခါရေ၊ အကုသိုလ်ဆယ်ပါး၊ ပုညကြိယာ ဆယ်ပါး၊ မဟဂ္ဂုတ် ကုသိုလ်ကိုးပါး၊ဤနှစ်ဆဲ့ကိုးပါး၊သင်္ခါရတရားတို့ကို၊ကရောတိပြောပြော ပြုကျင့်မိမှား၏။ တသ္မာ၊ ထို့ကြောင့်။

အဝိဇ္ဇာဝ ယ၊အဝိဇ္ဇာမှောင်လုံး မှောင်ခဲကြီးသည်။သတိ၊ လေးမင်ညဏ်ဖြင့်၊ မလျှန်မပယ်၊ သန္တာန်ဝယ် ရှိသေး လတ်သော်။ ဘာဝတော၊ အကုသလ ကမ္မပထတရား ဆယ်ပါး၊ကုသလကမ္မပထတရားပုညကြိယာဆယ်ပါး၊ မဟဂ္ဂုတ် ကုသိုလ် ကိုးပါး၊ ဖြစ်ပွား ခြင်းကြောင့်။ ပစ္စယော၊ ကျေးဇူးပြု၏ဟူ၍။ မတော၊ သိအပ်၏။

ထို့ကြောင့်—

အပ္ပမတ္တကမ္ပိဟိ၊ ပဏ္ဏမုဋ္ဌိဒါန ကုသလံဝါ ဟောတု၊ မဟန္တံ ဝေလာမ ဒါန ာဒိ ကုသလံဝါ၊ သစေဝန္ဒ သမ္ပတ္တိ၊ ပတ္ထေတွာ၊ ဝန္ဒနိယာတဝသေန၊ မိစ္ဆာ ပဍ္ဍပိတံ ဟောတိ၊ဝန္ဒမေဝအာဟရိတုံ၊ သက္ကောတိ၊ နောဝိဝန္ဒံ၊ ဣဒံမေဒါနံ၊ အာသဝက္ခယာ၊ ဝဟံ ဟောတူတိ၊ဝေံပန၊ဝိဝန္ဒံပတ္တေန္တေန၊ ဝိဝန္ဒဝသေန၊ သမ္မာပဍ္ဍပိတံ၊ အရဟတ္တမ္ပိ ပစ္စေကဗောဓိညာဏမ္ပိ၊ သဗ္ဗညုတ ညာဏမ္ပိ၊ ဒါတုံ သက္ကောတိယေဝ၊ အရ ဟတ္တံ၊ အပ္ပတွာ၊ ပရိယောသာနံ၊ နဂစ္ဆတိ။ ။

( သံယုတ် အဋ္ဌကထာ။ )

ဟိသစ္စံ၊ ထိုစကားမှန်၏။ အပ္ပမတ္တကမ္ပိ အနည်းငယ် မျှသော်လည်း ဖြစ်သော။ ပဏ္ဏမုဋ္ဌိဒါန ကုသလံဝါ၊ ဟင်းရွက် တဆုပ်မျှ လှူရသော ကုသိုလ်သည် မူလည်း။ ဟောတု၊ ဖြစ်စေ။မဟန္တံ၊ ကြီးကျယ်ခန်းနား များပြား

ဗွာသော။ ဝေလာမဒါနာဒိ ကုသလံ ဝါ၊ အလောင်းတော် ဝေလာမ ပုဏ္ဏားအလားတူ၊ အလှူ အစရှိသော ကုသိုလ်သည်မူလည်း။ ဟောတု၊ ဖြစ်စေ။ ဝဋ္ဋသမ္ပတ္တိံ၊ တေဘုမ္မိကဝဋ္ဋတွင်း၌ လူမင်း, နတ်မင်း, ဗြဟ္မာမင်းတို့၏ စည်းစိမ်ကို။ ပတ္ထေတွာ၊ တောင့်တ၍။ ဝါ၊ သာယာ ခင်မက်၊ နှစ်သက်စွဲမြဲ၊ အထဲငြိ၍။ ဝဋ္ဋနိဿိတဝသေန၊ ဝဋ္ဋဒုက္ခကို မှီသည်၏ အစွမ်းဖြင့်။ မိစ္ဆာ၊ မှားယွင်း ချွတ်ချော်။ ပဋိပတံ၊ ဖြစ်စေအပ်သည်။ သစေဟောတိ အကယ်၍ဖြစ်အံ့။ ဝဋ္ဋမေဝ၊ ဝဋ္ဋဆင်းရဲသို့ သာလျှင်။ အာဟရိတုံ၊ ဆောင်ခြင်းငှာ။ သက္ကောတိ၊ စွမ်းနိုင်၏။ ဝိဝဋ္ဋံ၊ ဝဋ္ဋကင်းရာနိဗ္ဗာန်သို့။ အာဟရိတုံ၊ ရောက်အောင် ပို့ဆောင်ခြင်းငှာ။ နေဝသက္ကောတိ၊ မစွမ်းနိုင်။ မေ ငါ၏။ ဣဒံဒါနံ၊ ဤ အလှူဒါန ပုည စေတနာသည်။ အာသဝက္ခယာဝဟံ၊ အာသဝေါလေးတန်၊ ကုန်ရာ မှန်သော နိဗ္ဗာန်ရောက်အောင် ပို့ဆောင်သည်။ ဟောတု၊ ဖြစ်ပါစေသတည်း။ ဣတိဧဝံပန၊ ဤသို့ကား။ ဝိဝဋ္ဋံ၊ ဝဋ္ဋကင်းရာ နိဗ္ဗာန်ကို။ ပတ္ထေန္တေန၊ တောင့်တလျက်။ ဝိဝဋ္ဋဝသေန ဝဋ္ဋကင်းရာနိဗ္ဗာန်ကို ရည်သန်သောဆန္ဒ၏ အစွမ်းဖြင့်။ သမ္မာ၊ ကောင်းစွာ။ ပဋိပတံ ဖြစ်စေအပ်သော ကောင်းမှု ကုသိုလ်သည်။ အရဟတ္တမ္ပိ၊ ပကတိ သာဝက၊ မဟာ သာဝက၊ အဂ္ဂသာဝကရဟန္တာအဖြစ်ကိုလည်းကောင်း ပစ္စေကဗောဓိဉာဏမ္ပိ၊ ပစ္စေကဗောဓိ ဉာဏ်ကိုလည်း

ကောင်း။သဗ္ဗညုတညာဏမ္ပိ၊သဗ္ဗညုတဉာဏ်ကိုလည်း ကောင်း။ဒါတုံ၊ပေးခြင်းငှာ။သက္ကောတိယေဝ၊စွမ်းနိုင် တော့သည် သာလျှင်တည်း။ အရဟတ္တံ၊ အရဟတ္တ ဖိုလ်သို့။အပ္ပတွာ၊မရောက်စေမူ၍။ ပရိယောသာနံ ဘဝ စက်ရဟတ် လမ်းခုလပ်တွင်၊ စသတ်ကုန်ခမ်း၊ အကျိုး၏ ဆုံးခန်းခြင်းသို့။ နဂစ္ဆတိ၊ မရောက်။

ထို့ကြောင့်—

ဇာတိဇရာ၊ ဗျာဓိ မရဏ၊ သောက ပရိဒေဝ၊ ဒုက္ခ ဒေါမနဿ၊ ဥပါယာသ၊ ဒုက္ခဒုက္ခ၊ သင်္ခါရဒုက္ခ၊ ဝိပရိဏာမဒုက္ခ အစရှိသော အနုပ္ပကမ်း၊ ဘေးဘျမ်း အန္တရာယ်၊ ကြောက်ဘွယ်သရဲ၊ ဆင်းရဲဒုက္ခ တို့နှင့် တွေ့ကြုံရသော၊ဘဝသုံးဖြာ၊ဘုံသုံးရွာမှာ၊လူနတ်ပြဟ္မာ သတ္တဝါ အကျိုးပေးကို၊မှိုင်တွေးဝေနောက်၊သေမတတ် ကြောက်မုန်း၍၊စိတ်နှလုံး ဒုံးဒုံးကြီး ချပြီးလျှင်၊ ခုဘဝ နောင်ဘဝ၊ ကောင်းချင်လှသော၊ တောင့်တ သာယာခြင်း၊ ကိလေသဝဋ် တည်းဟူသော လောဘတဏှာ၊ သမုဒယသစ္စာကို တဒင်္ဂပဟာန်အားဖြင့် ပျောက်ကင်းမှု၊ ဝိက္ခမ္ဘန ပဟာန်အားဖြင့် ခွာရှဲမှု၊ သမုစ္ဆေဒ ပဟာန် အားဖြင့် ပြတ်စဲချုပ်ငြိမ်းမှုကို ဖြစ်စေ၍၊ မဟာကုသိုလ် ညာဏသမ္ပယုတ် စိတ်လေးခုနှင့် ဒါန, သီလ, စသည် ပေါင်းစု ကုသိုလ်ကောင်းမှုပြုခြင်းသည်သာလျှင်၊ သမ္မာ ပဋိပဒါ မည်ကြောင်းကို....

''ကတမာစ ဘိက္ခဝေ သမ္မာပဋိပဒါ၊ အဝိဇ္ဇာယ တွေဝ အသေသ ဝိရာဂ နိရောဓာ၊ သင်္ခါရ နိရောဓော''စသည်ဖြင့်(သံယုတ်ပါဠိတော်၌ဟောတော်မူ၏။)

ဘိက္ခဝေ၊ ရဟန်းတို့။ ကတမာစ၊ အဘယ်သို့ ပြောခြင်း၊ ဟောခြင်း၊ ပြုကျင့်ခြင်းသည် သာလျှင်။ သမ္မာပဋိပဒါ၊ နိဗ္ဗာန်ရောက်ကြောင်း မတိမ်းစောင်းသော အပြောကောင်း၊ အဟောကောင်း၊ အပြုကောင်း၊ အကျင့်ကောင်း မည် သ န ည်း ။ အ ဝိ ဇ္ဇာ ယ တွေ ဝ အဝိဇ္ဇာယတုဧဝ၊ မမြင်နိုင်စွမ်း၊ ပညာကန်းအောင်၊ ဖုံးလွှမ်း ကွယ်ကာ တတ်သော အဝိဇ္ဇာ မောဟ၏ သာလျှင်။အသေသဝိရာဂနိရောဓာ၊မကြွင်းမကျန်၊လေးမဂ်ဉာဏ်ဖြင့်၊ဝဋ္ဋနှင့်လှန်ပယ်သိမ်း ချုပ်ငြိမ်းခြင်းကြောင့်၊ သင်္ခါရနိရောဓော၊အကုသလကမ္မပထတရားဆယ်ပါး၊ ကုသလကမ္မပထတရား ပုညကြိယာဆယ်ပါး၊မဟဂ္ဂုတ် ကုသိုလ်ကိုးပါး၊သင်္ခါရတရားတို့၏ချုပ်ငြိမ်းခြင်းတည်း။

ဤသို့ ခုရော နောင်ခါ ကောင်းချင်ရှာသော သာယာခြင်း ကိလေသဝဋ်ပြတ်စဲလျှင်၊ အကုသိုလ်ဆယ်ပါး ပုညကိရိယာ ဆယ်ပါး၊ မဟဂ္ဂုတ် ကုသိုလ်ကိုးပါး၊ ဤနှစ်ဆဲ့ကိုးပါးသော ကမ္မဝဋ်တရားတို့သည်၊ ကံမဖြစ်ဘဲ ကံမမြောက်ဘဲ ပြတ်စဲ၏။ ၊သတ္တဝါဖြစ်ပွားသော ထိုနှစ်ဆဲ့ကိုးပါးသော ကမ္မဝဋ်တရားပြတ်စဲလျှင်၊ ဝိပါကဝဋ်ဟုဆိုအပ်သော ခန္ဓာငါးပါး ရုပ်နာမ်တရားတို့သည်

မလည့်မပတ် ပြတ်စဲချုပ်ငြိမ်းလေကုန်၏။ ဤသည်ကား ဝဋ်သုံးပါး၏ ထွက်မြောက်ရာ နိဗ္ဗာန်ဟုမှတ်။

ထို့ကြောင့်—

ယံ ပနကိဉ္စိ ဝိဝဋ္ဋံနိဗ္ဗာနံ ပဝတ္တိတံ၊ အန္တ
မသော ဥလုင် ယာဂု ဒါနံပိ ပဏ္ဏမုဋ္ဌိ ဒါနမတ္တမ္ပိ၊
သဗ္ဗံတံ ဝိဝဋ္ဋ နိဿိတံ ဝိဝဋ္ဋ ပက္ခိကန္တိ၊ ဝိဝဋ္ဋပက္ခိ
ကတ္တာ သမ္မာ ပဋိပဒါဝဟောတိ။ (သံယုတ်အဋ္ဌကထာ
သမ္မာ ပဋိပဒါသုတ်အဖွင့်။)

ဝိဝဋ္ဋံ၊ ဝဋ်ကင်းရာ ဖြစ်သော။ နိဗ္ဗာနံ၊ နိဗ္ဗာန်ကို။ ပဝတ္တတွာ၊ တောင့်တ၍။ ပဝတ္တိတံ၊ ဖြစ်စေအပ်သော။ အန္တမသော၊ ယုတ်ညံ့ဖျင်းသည်း၊ အောက်ထစ်ဆုံးအားဖြင့်။ ဥလုင် ယာဂုဒါနံပိ၊တမှုတ်မပို တဟင်းချိုမျှသော ယာဂုအလှူသည်မှုလည်းဖြစ်သော။ ပဏ္ဏမုဋ္ဌိ ဒါနမတ္တမ္ပိ၊ ဟင်းရွက်တဆုပ် အလှူမျှသည်မှုလည်းဖြစ်သော။ယံပနကိဉ္စိ၊ အကြင် အမှတ်မရှိ တစုံတခုသော ကံသည်ကား။ အတ္ထိ၊ ရှိ၏။ တံသဗ္ဗံ ၊ထိုအလုံးစုံသော ကံသည်။ ဝိဝဋ္ဋနိဿိတံ၊ ဝဋ်ကင်းရာမှန် နိဗ္ဗာန်ကိုမှီ၏။ ဝိဝဋ္ဋ ပက္ခိကံ၊ နိဗ္ဗာန် အဘို့ဉ္ဇဖြစ်၏။ ဣတိ တသ္မာ ဝိဝဋ္ဋ ပက္ခိကတ္တာ၊ ထိုနိဗ္ဗာန်အဘို့ဉ္ဇ ဖြစ်သောကြောင့်။ သမ္မာ ပဋိပဒါ ဧဝ၊ လမ်းမှန် လမ်းကောင်း၊ နိဗ္ဗာန်ရောက်ကြောင်း၊ မတိမ်း စောင်းသော ပြောဟော ပြကျင့် ကောင်းချည်းသည် သာ လျှင်ဟောတိ၊ ဖြစ်၏။

"နိဗ္ဗာနံ ပရမံ သုခံ"ဟူသော အဋ္ဌကထာ၏သဘော ကား။နိဗ္ဗာန်ကို ရပါလို၏ ဘုရားဟု ပါးစပ် စကားဖြင့် ဆိုသည်မဟုတ်။ ပရမတ်နှစ် ခေတ်အစစ်ကိုသိမှ ရှိသမျှ ရုပ်နာမ်စုကို တခုစီခွဲခြမ်း၍ စွဲလမ်းသော ဒိဋ္ဌိခေတ်ကို ပရမတ်ဉာဏ်ဖြင့်ရှာသော်၊မြဟ္မာ,နတ်,လူမပိုင်၊မဆိုင် အလေ့ပေါက်၊ သူ့အလျောက် ဖြစ်မစဲ၊ မမြဲ သည့်ခေတ် အစုကို၊အတတ်ရှုမြင်လာသော်၊ငါ၏ကိုယ် မဆိုထားဘိ ငါတကားစွဲဘို့ရန်မျှ၊ရှာကြံ၍ဘယ်မတွေ့၊သိမ်မွေ့သော ဝိပဿနာတရား၊ သစ္စာလေးပါးကို၊ ပိုင်းခြား၍ သိမြင် မှသာ နိဗ္ဗာန်ကို တောင်းရာကျသည်။

**ယခုကာလ သူ ငါ ကစ ပြောဟော ထင်မြင် မှား၍ပင် နေကြသည်ကား။** ။အရင်က ကောင်းလို့ ယခုကောင်းပြီ။ယခုကောင်းမှလည်းနောင်ကောင်းမည် တစတစ တဘဝထက် တဘဝပ၊(ဥပမာန)သစ်ပင်ကို တက်ကြလျှင် – အမြစ်က မတက် ဘဲများ နှင့် အဖျားသို့ ရောက်နိုင်ပါမည်လား။ သစ္စာလေးပါး တရားဆိုသည် ကား – မြတ်စွာဘုရားသော်မှ လေးသင်္ချေ နှင့် ကမ္ဘာ တသိန်း ကျင့်ရသေးသည်။ယခုကာလမိန်းမယောက်ျား ပုထုဇ္ဇန်များနှင့် သစ္စာလေးပါး၊ ဝိပဿနာ တရားနှင့် လားလားမျှ မထိုက်သေး၊ မတန်သေးဟု နှလုံးဆွေး နှလုံးမြေ့၊ နှလုံးညို့, နှလုံးပုတ်ကြီးတွေ၏ သဘောနှင့် သူရော ငါရော ပြောဟောမိကြပေသည်။

**အဖြေကား။** ။သာသနာတော်ခေတ်၊ ယခုကာလ မို့ဖြစ်။ သာသနာပကျမှ ဘယ်ကဖြစ်မည်ဟု ဖြေ။ သိသာ စေဦးအံ့။ အလွန်တရာ ခက်ခဲနက်နဲသိမ်မွေ့လှစွာသော သစ္စာ လေးပါး မြတ်တရားကို ဘယ်သူမဆို အလိုလို ကိုယ်တော်တိုင် သိမြင်အောင် ကျင့်ဆောင်တော် မူရ သော မြတ်စွာဘုရားမှာသာ လေးသင်္ချေနှင့် ကမ္ဘာ တသိန်း၊ သင်္ချေနှစ်ဆယ်, ကမ္ဘာတသိန်း ကျင့်မှ သိမြင် ဟောပြောနိုင်သည် မှန်ပါ၏။ ဟုတ်ပါ၏။ ယခုအခါ လူ့ဘောင် လူ့ရွာ၊ သာသနာ၌ ကြိမ်ကြိုက် ကြပေ ကုန်သော၊ ရဟန်း,ရှင်လူ သူခပ်သိမ်းတို့မှာကား၊ ပညာ ရှိက ယခုဘဝ ယခု တခဏနှင့်ပင် သိမြင့် ဟောပြော နိုင်ပါ၏။

**ဥပမာကား။** ။မြစ်တဘက်မှသည် မြစ်တဘက်သို့၊ လှေတက်နှင့်ကင်း၍ ကူးမြောက် ပေါက်ရောက်ခြင်းငှာ လွန်စွာ ခဲယဉ်း၏။ ထိုအခါ တဦးသောသူဌေးကြီးသည် ထိုမြစ်ကို သူခပ်သိမ်းတို့အား၊ ကူးသွား ပေါက်ရောက် နိုင်စေခြင်းငှာ၊ သံတံတားကြီးကို ခင်းထား ပြုလုပ်ရာ၏။ ထို သူဌေးကြီးမှာ အသပြာ ရွှေ,ငွေ, ကုဋေများစွာနှင့် နှစ်ပေါင်း များစွာ၊ လပေါင်း များစွာ၊ ရက်ပေါင်း များစွာ ပြုလုပ်ရှာမှ ထိုသံတံတားကြီး ပြီးစီးထမြောက် နိုင်ပေသည်။ ထိုသို့ ပြီးစီး ထမြောက်သော အခါ

သွားလာ ကူးသန်းကြသော သူခပ်သိမ်းတို့မှာမူကား၊ များစွာ မခဲယဉ်းလှ၊ မပင်ပန်းလှ၊ တခဏ မျှနှင့်ပင် ကူးမြောက် ပေါက်ရောက် နိုင်ကြပါကုန်၏။

**ဥပမာ ဥပမေယျ ဟပ်၍ ပြသော်ကား။** ။မြစ်အဏ္ဏဝါနှင့် သံသရာတူသည်။သံတံတားကြီးနှင့် သစ္စာလေးပါး၊ တရားတူသည်။ ထိုသံတံတားကို ခင်းထားပြုလုပ်ရှာသော သူဌေးကြီးနှင့်ကား၊ မြတ်စွာဘုရားတူသည်။ ထိုသံတံတားကို ကူးသွားကြသောသူ ဟူသမျှနှင့်ကား၊အရိယာသာဝကတို့ တူကြသည်ဟူ၍မှတ်ပါ။

ထိုသစ္စာလေးပါးတို့တွင် နိဗ္ဗာန်ဟူသော နိရောဓသစ္စာသည်သာလျှင်၊ လိုရင်းဆုံးကြီး ဖြစ်ပေသည်၊ ထိုနိရောခသစ္စာကို ဖြစ်လိုလျှင်၊ မဂ္ဂသစ္စာကို ပွားရမည်။ ထိုမဂ္ဂသစ္စာကို ပွားချားလိုလျှင်၊ သမုဒယသစ္စာ၊သာယာခြင်းလောဘတဏှာကို ပယ်ခွာရမည်။ ထိုသမုဒယ သစ္စာ၊ သာယာခြင်း လောဘတဏှာကို ပယ်ခွာလိုလျှင်၊ ဒုက္ခသစ္စာကို ပိုင်းခြားထင်ထင် သိမြင်အောင် အားထုတ်ရမည်။ ထို့ကြောင့် ဒါန, သီလ, ဘာဝနာ ပြုကြသောအခါ၊ ဒုက္ခသစ္စာကို သိမြင်မှသာ သမုဒယခွာရှား မဂ္ဂသစ္စာပွားများ၍ နိဗ္ဗာန် ဟူသော နိရောဓ ချုပ်ငြိမ်းကြမည်။

**ထို့ကြောင့် ဒုက္ခသစ္စာတရားကိုထင်လျှားအောင် ပြပေအံ့။** ။ဒုက္ခဆိုသည်ကား-ဆင်းရဲသည်၊မကောင်းသည်၊ နာကျင်သည် အစရှိသော စကားရသည်အတူတူသာမှတ်ပါ။ ဥစ္စာရတနာ၊ ညာတကာတို့ ပျက်စီးခြင်း၊ မိမိကိုယ်မှာ အတွင်းအပ ဘေးရန်ထိမှ ဒုက္ခ-ဒုက္ခဟု သိကြသည်ကား၊ နိဗ္ဗာန်သို့ ရနိုင် ရောက်နိုင်သော ဒုက္ခသစ္စာမျိုးမဟုတ်။ခွေး,ဝက်,တို့ကပင် သိကြသော ခွေးသိဒုက္ခမျိုး၊ ဝက်သိ ဒုက္ခမျိုးသာ ဖြစ်သည်။ အဘယ့်ကြောင့်နည်း။ ခွေး, ဝက်, တို့ကို ရိုက်နှက်သောအခါ လွန်စွာ မြည်အော်ခြင်းသည် နာလှ၏၊ နာလှ၏၊ ဒုက္ခဒုက္ခဟု ဆိုသည်မည်၏။ လူတို့နှင့်ကား၊ သည်အရာမှာ ဘာသာချင်းသာ ထူးခြား ကွဲလွဲကြသည်။ ဥပမာကား ကုလားလူမျိုးတို့က ရေကို ''ပါဏီ''ခေါ်သည်။ မြန်မာတို့က ''ရေ''ခေါ်သည်။ ဤအတူသာ ဟူ၍မှတ်ပါ။

**နိဗ္ဗာန်သို့ ရနိုင် ရောက်နိုင်သော ဒုက္ခ သစ္စာမျိုးကား။** ။''ဧဝမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိ'' ဟူသော သံယုတ်ပါဠိတော်နှင့်အညီ။ ''သုခဟူသည် မြူမျှမကွက်၊ အဆက်ဆက်လျှင်၊ သက်သက်ဒုက္ခ၊ ခံတွမ်ရသည်''ဟု လူ,ရှင်,ရဟန်း၊ ကူးသန်းကြသည့် လမ်းခွဲအောက်မှာ ကျောက်ဖျာ ဘိထားသော၊ ပတ္တမြား တွင်းကြီးကို လူခပင်းတို့အား

သုံးစားစေခြင်းငှာ၊ထိုကျောက်ဖျာကို လှန်ပေရှာသော ဝိဋ္ဋာမိုရ်သွင်၊ ကျေးဇူးရှင် မဟာထေရ်မြတ်၊ ပဋိစ္စ သမုပ္ပါဒ် လက်ာမြတ်၌၊ စပ်တော်မူပေသည်။ လိုရင်း ကား၊ အကောင်းဟူသော သဘောနှင့် မရောမယှက်၊ အကောင်းသုခနှင့် မယှဉ်မစပ်၊ အကောင်းသုခ မရှိ၊ မကောင်းအတိသာ ရှိသည်ကို ဒုက္ခသစ္စာဆိုသည်။

**ထိုစကားကို ထင်လျှားအောင် ပြဦးအံ့။** ။နေဝ သညာ နာသညာယတန ဗြဟ္မာ့ဘုံက အထက်ကို မြေလည်းမရှိ၊ရေလည်းမရှိ၊ သစ်ပင်သတ္တဝါလည်းမရှိ၊ အဇဋာကာသ ကောင်းကင်ခေါ်သောအဆုံးမရှိသော လဟာပြင်ကြီး အတိသာ ဖြစ်၍ နေသည်။ နှစ်သိန်း လေးသောင်း အထုရှိသော ဤမဟာပထဝီ မြေကြီး၏ အောက်က လေးသိန်းရှစ်သောင်းထုသောရေထုသည်၊ ရှိ၏။ ထိုရေ၏အောက်က ကိုးသိန်း, ခြောက်သောင်း၊ ထုသော လေထုသည် ရှိ၏။ ထိုလေ၏ အောက်၌ မြေလည်းမရှိ၊ရေလည်းမရှိ၊ သစ်ပင် သတ္တဝါလည်းမရှိ၊ ဘာယ်ဟာ တစ်မျှ လုံးလုံး မရှိသော အဇဋာကာသ ဟူသော အဆုံးမရှိသော လဟာပြင်ကြီးအတိသာဖြစ်၍ နေ၏။ ရှေ့-နောက် ဝဲယာ ရှစ်မျက်နှာ ဒိသာမှာလည်း အဆုံးမရှိ။ ဤသို့ ဝဲယာ ရှေ့-နောက်၊ ထက်အောက် ဒိသာ၊ ဆယ်မျက်နှာ အဆုံးမရှိသော လဟာပြင်ကြီး

အတိကိုသာ ဩကာသလောကဆိုသည်။ ထိုဝဲ,ယာ,ရှေ့နောက်,ထက်အောက်ဖီလာ ဆယ်မျက်နှာအားဖြင့်၊ဆုံးစ၊ ပိုင်းခြား ကမ်းကရနားမရှိ၊ လဟာပြင်ကြီးအတိသာဖြစ်သောဩကာသလောကကြီး၏ နယ်တခွင်တပြင်လုံးအဆုံးမရှိကြီးထဲမှာ သစ်ပင်, မြေ,ရေ, နေ,လ စသောအနိန္ဒြိယဗဒ္ဓ၊ အဝိညာဏကာ၊ ရှိသမျှကိုပင် သင်္ခါရလောကဆိုသည်။ ဣန္ဒြိယဗဒ္ဓ၊ သဝိညာဏကာ၊ ရှိသမျှကိုလည်း သတ္တလောက ဆိုသည်။ ဤလောကသုံးပါးမှာစောဒနာကား။ ဩကာသ လောကမှာ တည်ရာကိုသာပြသင့်ပါသည်။ လဟာပြင် ကောင်းကင်ကို မပြသင့်ဟုစောဒနာ၏။ အဖြေကား။ ကောင်းကင် လဟာပြင်အစမှ တည်ရာဖြစ်မည်ဟု ဖြေ။

**သိသာ စေဦးအံ့။** ။လူတို့သည် မြို့ရွာတိုင်းပြည်မှာတည်၏။ ထို လူတို့သည် အပေါ်စီး သမ္ဘန္ဓိသာဖြစ်၏။ မြို့ရွာ တိုင်းပြည်သည်၊ လူတို့၏ တည်ရာ အခံသမ္ဘာန်ဖြစ်၏။ ထို့အတူ မြို့ရွာ တိုင်းပြည်သည်၊ မြေပြင်မှာတည်၏။ ထိုမြေပြင်မှာ တည်သော တော, တောင်, သမုဒ္ဒရာ, မြို့ရွာ တိုင်းပြည်သည် အပေါ်စီး သမ္ဘန္ဓိသာဖြစ်ပြန်၏။ မြေကြီးသည် တည်ရာ အခံသမ္ဘန် ဖြစ်၏။ ဤမဟာပထဝီ မြေကြီးသည် ရေထုပေါ်၌ တည်၏။ ထိုပထဝီသည် သမ္ဘန္ဓိသာ ဖြစ်ပြန်၏။ ရေထုသည်၊ အခံ

သမ္ဗန် ဖြစ်လာပြန်၏။ ထိုရေသည်လည်း လေထုပေါ်၌ တည်ရ၏။ထိုရေသည် အပေါ်စီးသမ္ဗန္ဓိသာ ဖြစ်ပြန်၏။ လေသည် တည်ရာ အခံသမ္ဗန်ဖြစ်လာပြန်၏။ ထိုလေထု သည်လည်း ဝဲယာ ရှေ့-နောက်၊ ထက်အောက်ဖီလာ၊ ဆယ်မျက်နှာ အဆုံးမရှိသော လဟာပြင်ကြီးအတိမှာ တည်ရ၏။ ထိုလဟာပြင်ကြီးထဲမှာ တည်နေသော လေ သည်လည်း၊အပေါ်စီးသမ္ဗန်သည်သာ ဖြစ်လာပြန်၏။ဝဲ ယာ ရှေ့-နောက်၊ ထက်အောက်ဖီလာ၊ ဆက်မျက်နှာ အဆုံးမရှိသောလဟာပြင်ကြီးသည်၊ တည်ရာအခံသမ္ဗန် ဖြစ်၏။ ထိုလဟာပြင်သည် အဘယ်မှာတည်သနည်းဟု မေးရန်မရှိ။ ထို့ကြောင့် သတ္တ,သင်္ခါရနှစ်လောကတို့၏ တည်ရာဖြစ်သော ဝဲယာ ရှေ့-နောက်၊ ထက် အောက် ဖီလာ၊ဆယ်မျက်နှာအဆုံးမရှိသောလဟာပြင်ကြီးမှာမှ ဩကာသလောက သေတ္တုကျ၏။ထို့ကြောင့်အပေါ်စီး သမ္ဗန္ဓိ မှန်သမျှကို ဩကာသ လောကဟု မဆိုထိုက်၊ မဆိုသင့်၊ မဆိုလင့်။ အခံသမ္ဗန်အရ တည်ရာမှန်မှ ဩကာသ လောကဟု ဆိုရမည် ဟူလိုသည်။

**ထပ်၍တဖန် စောဒနာ ပြန်သည်မှာ။** ။အနိစ္စ လက္ခဏာ တင်သောအခါ၊ဩကာသလောကမှာ မပါ မဝင်ပါတကား၊ ဟူ၍ပြောအံ့။ အဖြေကား။ ဝိပဿနာ တင်သောအခါ၊ ထိုဩကာသ လောကမှာ အနတ္တ

လက္ခဏာသာ ဟောတော်မူရာ ဒေသနာတော် အစဉ်မှာ ပါဝင်သည်။ ဒေသနာတော် အစဉ်ကား၊ "သဗ္ဗေ သင်္ခါရာ အနိစ္စာ၊ သဗ္ဗေ သင်္ခါရာ ဒုက္ခာ၊ သဗ္ဗေ ဓမ္မာ အနတ္တာ" ဟု ဟောတော်မူသည်။ ပရမတ္ထ သဘာဝ အသင်္ခတလောကဖြစ်၍၊ အနတ္တလက္ခဏာသာ ဟောတော်မူသည်။ ပရမတ္ထအားဖြင့် သင်္ခတဖြစ်သောသင်္ခါရ တရားတို့ကိုသာ အနိစ္စာ၊ ဒုက္ခာ၊ အနတ္တာဟု ဟောတော်မူသည်။ ဤစောဒနာကား၊ သင်္ခတ၊ အသင်္ခတ ပရမတ္ထ တရား ဤနှစ်ပါးကို ညဏ်မဝါးနိုင်၊ ညဏ်မငုံနိုင်၊ ညဏ်မမှီနိုင်သည့် အတွက်နှင့် ထွေးယှက် ရောင်ဝါး၍သာ နေတတ်ပါသည်။ သတိမူပါ။

**လိုရင်းကား။** ။ဩကာသလောကမှာ ဝဲ,ယာ ရှေ့ နောက်၊ ထက်အောက်ဖီလာ၊ ဆယ်မျက်နှာတွင် ဘယ် နေရာမှာဟု မထင်လင့်။ မမှတ်လင့်။ သတ္တလောက၊ သင်္ခါရလောကဟု ခေါ်ရသော၊ သင်္ခါရ တရားတို့၏ ဖြစ်ပျက်ရာဟူသော တည်ရာကိုသာ ဩကာသလောက ဆိုသည်။ထက်အောက်အဇ္ဈတ္တ ကောင်းကင်မှာစကား ကြီးယာတွင်သာ ပါဝင်သော ပညတ်မျှသာ ဖြစ်သည်။ ထိုပညတ်မျှဖြစ်သော ကောင်းကင်ဟူသော ဝေါဟာရ အတွက်နှင့် ဩကာသလောကဆိုသည် မဟုတ်။ပရမတ္ထ သဘာဝ အတိပါကဋ အလွန်ပင် ကြီးကျယ် ထင်ရှား

လှသော ရုပ်နာမ်သင်္ခါရတို့၏၊ ဖြစ်ပျက်ရာအသင်္ခတမြေ ဖြစ်သော လဟာပြင် လောကကြီးကိုသာ ဩကာသ လောက ဆိုသည်ဟု မှတ်ပါ။

ဤအရာ၌ာနဌ သူငါကစ၊ ယောဘုယျအား၊ ထင်မှတ်ကြသည်ကား။ ရူပိန္ဒြိယဗဒ္ဓ ဟူသော သတ္တဝါကို သတ္တလောက။ အနိန္ဒြိယဗဒ္ဓဟူသော လေ့ရေ့မြေစသော၊ အဝိညာဏကကို ဩကာသလောက။ ထိုရူပိန္ဒြိယ၊ အနိန္ဒြိယ နှစ်ပါးမျိုးကိုပင် သင်္ခါရလောက ဟု ပြောစမှတ်ပြုကြပေသည်။ ဤကဲ့သို့ ဟူငြားအံ့၊ ရူပိန္ဒြိယ၊ အနိန္ဒြိယဖြစ်သော သဝိညာဏက၊ အဝိညာဏက ဟု ခေါ်ရသော သင်္ခတတရားတို့၏ ဖြစ်ပျက်ခြင်းတည်ရာ လဟာပြင်ကြီးသည် လောကသုံးပါးထဲမှာ မပါမဝင်ဘဲ နေလေရာ၏။ ထိုသို့ကား မဟုတ်၊ ပါဝင်ရလိမ့်မည်။ အဓိပ္ပါယ် အကျဉ်းလိုရင်းအဖြောင့်ကား။ ထိုလဟာပြင်ကြီးသည် ဖြစ်ပျက်ခြင်းမဌေ့၊ ဥပါဒ် ဌီဘင် အစဉ်မဌေ့ပါသောကြောင့် သင်္ခါရ လောကဟု မဆိုရ။ သတ္တ လောကမှာ ပဂေဝ။ ထို့ကြောင့် သတ္တ၊ သင်္ခါရ နှစ်လောက တည်းဟူသော သင်္ခတတရားတို့၏ ဖြစ်ပျက်ရာဌာန အသင်္ခတလောက လဟာပြင်ကြီးမှာမှ ဩကာသလောက သေတ္တုကျသည် ဟူလို။

ဤအရာမှာ ''ကိံမာဟုလွှေန''ဟူသည် နှင့် လျော် ညီစွာ ဂဏ္ဌဂရသာ များစွာ ဆိုသဖြင့် အကျိုးမရှိရာ။ ကြိုက်ထာကိုသာ ယူလိုရာယူပါ။

ဤသို့ ဝဲယာရှေ့နောက်၊ ထက်အောက်ဖိလာ၊ ဆယ် မျက်နှာအားဖြင့်၊ဆုံးစပိုင်းခြား ကမ်းကရနားမရှိသော ဩကာသလောကကြီး၏ နယ်တခွင့် တပြင်လုံး အဆုံး မရှိကြီးထဲမှာ သတ္တသခ်ါရနှစ်လောကဟူသောသဝိညာ ဏက၊ အဝိညာဏက ဉဿုံ အလုံးစုံသည် ရွေ့တုံ မဖြစ်၊ တဆစ်တရပ်၊ တစပ်တသင်း၊နှမ်းအိုးကင်းထက်၊ နှမ်းစေ့ကြက်သို့၊ ချုပ်ပျက် ကြေကွဲသည် ဖြစ်၍လည်း အမြဲမရှိသော သဘော။ ထိုဖြစ်ပျက်မှန်လျှ၊ ရပ်နာမ် သခ်ါရတို့သည်၊ မတည်တန့်နိုင်၊ ယိမ်းယိုင် ပိန်ခြောက် သေပျောက်ချုပ်ခန်း၍၊မိတ်ကျွမ်းဝင်ဟန်၊သေကြောင်း ကြံသော၊ရန်သူအသွင်၊ဘင် နှင့် ဥပါဒ်၊ထပ်ထပ်နှိပ်စက် သုံးချက် ဒုက္ခ၊ သံသာရ၏၊မူလကြောင်းစ သခ်ါရာဝဋ္ဋ၊ ဝဋ်ဒုက္ခဖြစ်ခြင်းကြောင့် ဆင်းရဲသော သဘော။

ထို ရုပ်နာမ် နှစ်ဖြာသည် အလိုမပါ၊ စီရင်ရာမပြီး၊ အချည်းနှီးမှန်လျှ၊ ဓုဝ,သုဘ,သုခ,အတ္တဟူသော သာရ လေးလုံးမှ ကင်းသုဉ်းသည် ဖြစ်၍လည်း ကိုယ်မဟုတ် သော သဘောမျှသာဖြစ်သည်။ဤသို့ မမြဲ၊ဆင်းရဲစွာလျှ

စိုးမရသော၊ ခေတ်စု ခေတ်ခဲ၊ ခေတ်မွဲ၊ ခေတ်ယုတ်၊ ခေတ်ပုတ်၊ ခေတ်သိုး၊ ခေတ်ဆိုး ခေတ်ညစ်သာ ဖြစ်၍ စင်စစ်မှာ ဒုက္ခသစ္စာသာ ဖြစ်သည်။

**လိုရင်းကား။** ။သတ္တောကာသ သင်္ခါရ ဟူသော ဤလောက သုံးရပ်မှာ ရုပ်ခေတ် နာမ်ခေတ်အားဖြင့် နှစ်ပါးသာ ရှိသည်။ ထိုရုပ် နာမ် နှစ်ပါး၌လည်း အကောင်းသုခ သဘောနှင့် မရောမယှက် သက်သက် မကောင်း အတိသာ ရှိသည်ကို ဒုက္ခဆိုသည်။ ထို ဒုက္ခ သစ္စာသာဖြစ်သော ရုပ်နာမ် သင်္ခါရ ပဝတ္တဝဋ်ဒုက္ခတို့၏ မလည်မပတ် ရပ်ရာ၊ကင်းရာ၊ကုန်ရာ၊ငြိမ်းရာ၊ချုပ်ရာကို နိဗ္ဗာန် ဆိုသည်။ ထို နိဗ္ဗာန်မှာလည်း အကောင်း အမွန် ချမ်းသာသုခ မရှိ၊ ဒုက္ခအတိသာ ဖြစ်သော ရုပ်ခေတ် နာမ်ခေတ် ကင်းရှင်း လှသောကြောင့် အကောင်း သုခဟု ဆိုရသည်။

**စောဒနာရန်ရှိ၏။** ။"နိဗ္ဗာနံ ပရမံ သုခံ" ဟူ၍ ၎င်း၊ "နတ္ထိ သန္တိ ပရံ သုခံ" ဟူ၍၎င်း၊ ဟောတော်မူသည် မဟုတ်လောဟု စောဒနာကို ဖြေဆိုပေအံ့။ ဤလောက၌ မရှည်လျှင် အတို၊ဆိုသကဲ့သို့၎င်း၊မဖြူလျှင် အညို၊ ဆိုသကဲ့သို့၎င်း၊ မမဲလျှင် အဖြူ၊ ဟူသကဲ့သို့၎င်း၊ ထို့အတူ လူ,နတ်,ဗြဟ္မာ, သတ္တဝါသင်္ခါရ ရှိသမျှဥဿုံ အလုံးစုံသော လောကမှာ ချမ်းသာသုခဟူ၍ ဘိတ်မရှိ၊

သက်သက်မရှိ၊ အလျှင်းမရှိ၊ မကောင်း အတိသာရှိ၍ နေခြင်းကြောင့် ဒုက္ခသစ္စာဆိုသည်။ နိဗ္ဗာန်မှာ ပုထုဇ္ဇန် အန္ဓတို့ ခင်ခင်တန်းတကြသော ဝေဒယိတ ချမ်းသာ သုခ ရှိသည်မဟုတ်။ဆင်းရဲသဘော၊မကောင်းသဘော ဆင်းရဲဓာတ်၊ မကောင်းဓာတ်တို့၏ ကင်းပြတ် ကုန် ငြိမ်းရာကိုသာ သန္တိသုခ ဆိုသည်ဟု မှတ်ပါ။

**ဤစကားရပ်မှာ။** ။အကောင်း အမွန် ချမ်းသာ သုခဟူသည် ပစ္စုပ္ပန်ဖြစ်သော ယခုဘဝ၊ယခုသာသနာ ယခုကမ္ဘာမှာမှ ချမ်းသာသုခမရသည်၊မရှိသည်မဟုတ် အတိတ်လွန်လေပြီးဖြစ်သော ရှေးရှေးသောဘဝ၊ ရှေး ရှေးသော သာသနာ၊ ရှေးရှေးသော ကမ္ဘာ၊ သတ္တဝါ တည် ထောင် သည်မှစ၍ ယနေ့ ထက်ထိ ဘယ်တော့ ဘယ်ခါ၊ ဘယ်ကမ္ဘာ ဘယ်သာသနာတော် တုန်းကမှ အကောင်းအမွန် ချမ်းသာသုခဟူသည် အထုမြူမျှမပေါ် လာခဲ့ဘူးဘူး။ မရှိခဲ့ဘူးဘူး။ ထို အတိတ် ပစ္စုပ္ပန်ကာလ နှစ်ပါးသာ အကောင်းသုခ မရသည်၊ မရှိသည်မဟုတ်။ လာ လတံ့သော အနာဂါတ် မှာလည်း ဘယ် တော့ ဘယ်ခါ, ဘယ်ကမ္ဘာ, ဘယ် သာသနာတော် ကျတော့ ချမ်းသာ သုခ ဟူသည် အထုမြူမျှ ပေါ်လာ လိမ့် မတဲ့ လည်း မဟုတ်ဘူး။ မပေါ်လာဘူး။မပေါ်လာနိုင်ဘူး။ အဘယ့်ကြောင့်နည်း။ အကောင်းအမွန် ချမ်းသာသုခ ဟူသည် ပင်ကိုယ်ရင်းသဘော ပကတိကိုကပင် လုံးလုံး

မရှိ၊ သက်သက်မရှိ၊ ဘိတ်မရှိ၊ အလျှင်းမရှိ၊ စင်စင်ကြီး ကင်းရှင်း လှသောကြောင့်တည်း။

ဤအရာ၌ ဝိပဿနာ ယောဂီပုဂ္ဂိုလ်တို့မှာ ပစ္စုပ္ပန် သင်္ခါရတို့၏ သန္တာန်ကိုသာ လိုရင်းပါပေတည်း။ ထို သင်္ခါရတို့၏ သန္တာန်မှာမှလည်း မိမိ၏အဇ္ဈတ္တသန္တာန် သည်သာလျှင် လိုရင်းဆုံးကြီးပါပေတည်း။

သို့သော်လည်း အနိမိတ္တ၊ အပ္ပဏိဟိတ၊ သုညတ တရားတို့ကို များစွာထူးချွန် အလွန်သိထင် မြင်လွယ်စေ ခြင်းငှါသာ ဝဲ ယာ, ရှေ့နောက်၊ ထက်အောက်ဖီလာ၊ ဆယ်မျက်နှာ သိမ်းကြုံး၍၊ အားလုံးကုန် ရှိသမျှ ခေတ် သုံးဝ၊ ကာလသုံးရပ်နှင့်တကွ သဝိညာဏကာ၊ အဝိညာ ဏကာ၊ ရှိသမျှဥဿုံအလုံးစုံကို အကုန်ပြလိုက်ပေသည်။

ထိုလောကသုံးပါးတို့တွင် သတ္တလောကနှင့် သင်္ခါရ လောကမှာ- အနိစ္စ သဘော၊ ဒုက္ခ သဘော၊ အနတ္တ သဘောဖြစ်သည်။ နိဗ္ဗာန်နှင့် တကွ ဩကာသလောက မှာမူကား-အနတ္တ သဘောမျှသာ ဖြစ်ပေသည်။ အနိစ္စ သဘော၊ ဒုက္ခ သဘောကား မရှိပေ။ မဟုတ်ပေ။ ထို့ ကြောင့်၊ အနိစ္စနှင့် ဒုက္ခ၏ နယ်ကား သတ္တ သင်္ခါရ နှစ်လောကသာရနိုင်သည်၊ရောက်နိုင်သည်၊ရှိနိုင်သည်။ အနတ္တ၏ နယ်မှာမူကား နိဗ္ဗာန်ပညတ်၊ ပရမတ်ရှိသမျှ သုံးလောကဥဿုံ၊အလုံးစုံဟူသမျှ အနတ္တ၏နယ်ချည်း၊ အနတ္တ၏ သဘောချည်းသာဟူ၍ မှတ်ပါ။ ဤသို့မမြဲ

ဆင်းရဲစွာလျှ၊ စိုးမရသော ခေတ်စု, ခေတ်ခဲ၊ ခေတ်မွဲ ခေတ်ယုတ်၊ ခေတ်ပုတ်,ခေတ်သိုး၊ ခေတ်ဆိုး ခေတ်ညစ် သာဖြစ်သော အနိစ္စ, ဒုက္ခ, အနတ္တ သဘောမျှကိုသာ အပါယ်လေးရွာ၊လူ,နတ်,ဗြဟ္မာ,သတ္တဝါတို့ ခိုလှုံသည့် သုံးဆဲ့တဘုံဟုခေါ်ရုံခါမျှ၊ထင်ရုံခါမျှ ထင်မြင်ပြောဆို ကြရသော သနိမိတ္တတရားမျှသာ ဖြစ်ပေသည်။ လူ,နတ် ဗြဟ္မာ,သတ္တဝါများကို မဆိုထားပါနှင့်၊ ဘုံ သုံးပါးမှာ အမြတ်ဆုံး အား ဖြင့် မြတ်စွာဘုရား သော်မှလည်း အကြိတ်အခဲ,အဆံအမာ,အနှစ်သာရနှင့်အဟုတ်အမှန် ရှိသည်မဟုတ်။ ခေါ်ရုံခါမျှ, ထင်ရုံခါမျှ ထင်မြင်ကြရ သော သနိမိတ္တ တရားမျှသာ ဖြစ်ပေသည်။ "သင်္ခတာ ဓမ္မာ၊ အသင်္ခတာ ဓမ္မာ" ဟူသော ဒေသနာတော်မြတ် နှင့် လျော်ညီစွာ၊ အပါယ် လေးရွာ လူ, နတ်, ဗြဟ္မာ, သတ္တဝါရှိသည်ဟု ထင်မှားမှု, မြင်မှားမှု ဤသို့စသော အထင်အမြင်ပျောက်ကွယ်မှသာလျှင် ဒုက္ခခပ်သိမ်းတို့၏ ကင်းငြိမ်းရာ နိဗ္ဗာန်သို့ ရောက်ကြ ရကြသည်။

ထို့ကြောင့်—

အနိမိတ္တဉ္စ ဘာဝေဟိ၊ မာနာနုသယ မုဇ္ဇဟ။

တတော မာနာဘိသမယာ၊ ဥပသန္တော စရိဿတိ။

ဟု (ရာဟုလောဝါဒသုတ် ပါဠိတော်၌ ဟောတော်မူ၏။)

ရာဟုလ၊ ချစ်သား ရာဟုလာ။ အနိမိတ္တဉ္စ၊ လုံးလုံး လျောင်းလျောင်း၊ ပေါင်း၍ တည်ဟန်၊ သညာန်

အကောင် အထည်ကဲ့သို့ လောဘတဏှာနှင့် ယှဉ်အပ်သော သိကြောင်းခြင်းရာ၊ သညာ၏ အမှတ်အသားဖြစ်သော အလုံးစုံသောအရိပ်နိမိတ်ပျောက်ကွယ်သော ဝိပဿနာတရားကို။ ဘာဝေဟိ၊ ပွားလော့။ မာနာနုသယံ၊ ငါ-ငါဟု ထင်မြင်မှု ကိမ်းဝပ် ကပ်တွယ်၍ နေသည်ကို။ မုဉ္စဟ၊ ခွာပစ် စွန့်လွှတ်လော့။ တတော မာနာဘိသမယာ၊ ထိုငါ-ငါဟူသော အထင်အမြင်ကို ပယ်စွန့်မှုသာလျှင်။ ဥပသန္တော၊ မီးဆဲ့တဆူ၊ အပူချုပ်သိမ်း ငြိမ်းသည်ဖြစ်၍။စရိဿတိ၊ဧမြေမြဲ၊လှည့်လည်ရလတံ့။

**လိုရင်းကား။** ။ချစ်သား ရာဟုလာ။ငရဲ၊တိရစ္ဆာန်ပြိတ္တာ၊ အသုရကာယ်၊ လူ,နတ်,ဗြဟ္မာ,သတ္တဝါ ရှိသည်ဟု ထင်မှားမှု၊ မြင်မှားမှုဟူသော အရိပ်နိမိတ် ပျောက်ကွယ်သော ဝိပဿနာ တရားကို ပွားလော။ ငါ-ငါဟု ထင်မြင်မှု သက္ကာယကို ပယ်စွန့်မှုသာလျှင် ဧမြဲ ချမ်းသာမည်ဟု ဟောတော်မူသည်။

ဤလောက၌ အရပ် ရှိလျှင် အရိပ် ထင်သကဲ့သို့။ ထို့အတူ ငါ-ငါဟု ထင်မြင်မှု သက္ကာယဒိဋ္ဌိ ရှိသေးသမျှ ကာလပတ်လုံး၊ကောင်း မကောင်းအာရုံ သုံးဆဲ့တဘုံထင်လာကုန်မည်။ (ဥပမာကား၊ )ပဒါးရှိသော မှန်ကိုကြည့်သောအခါ မှန်ထဲမှာ မျက်နှာရိပ်ထင်လာသကဲ့သို့

ပဒါးမရှိသောမှန်ကို ကြည့်သောအခါ မှန်ထဲမှာ မျက်နှာရိပ် မထင်လာ သကဲ့သို့။ ထို့အတူ ငါဟူသော သတ္တာ ဝါယဒိဋ္ဌိတရား မရှိသော၊ ဘုရား ရဟန္တာများမှာ လောဘ တဏှာနှင့် ယှဉ်အပ်သော အလုံးစုံ ကောင်း မကောင်းအာရုံ သုံးဆဲ့တဘုံ မရှိကုန်သည် သာလျှင်တည်း။ ဤအရာမှာ စက္ခု၊သောတ၊ဃာန၊ဇိဝှါ၊ကာယ မန ဟူသော ပသာဒအကြည် ခြောက်မျိုးသည် မှန်နှင့်တူ၏။ ငါဟူသော သတ္တာယတရားသည် ပဒါးနှင့်တူ၏။ အလုံးစုံ ကောင်း မကောင်းအာရုံ သုံးဆဲ့တဘုံသည် မှန်ရိပ်နှင့် တူ၏။ ဤကား "အနိမိတ္တဥ္စ ဘာဝေတိ" ဟူသောပါဠိတော်၏အဓိပ္ပါယ်ကျဉ်း။ ။အကျယ်ကိုလိုမူ ကျေးဇူးရှင်ကြီးဘုရား ရေးသားတော်မူသော ဘာဝနာဒီပနီ၊ အနတ္တဒီပနီ၊ အာဟာရဒီပနီ စသည်မှာ ယူပါ။ "မာနာနုသယ မုဉ္စဟ" ဟူသော အဓိပ္ပါယ်ကား၊ ဤကိုယ်ခန္ဓာ တခုလုံးမှာ နာမ်ခန္ဓာ တရားလေးပါးတို့သည် အာရုံ ထိရာတိုင်းမှာ ဖြစ်ပေါ်၏။ ဖြစ်ပေါ်ပုံကား။ ခြေသန်းဖျားဌ ယားယံသောအခါ ထိုခြေသန်းဖျားမှာ နာမ်ခန္ဓာလေးပါး တဖွားဖွား ဖြစ်ပေါ်၏။ ထို ခြေသန်းဖျားမှာ ဖြစ်ပေါ်၍ နေခိုက် ကြွင်းသော တကိုယ်လုံးမှာ နာမ်မရှိ၊ အသက်မရှိ၊ အသေကောင်ကြီး ပကတိ ဖြစ်၍နေ၏။ ထိုခြေသန်းဖျားမှ ပျောက်ကွယ် သေဆုံး၍ ဟဒယဝတ္ထုမှာ ဖြစ်ပေါ်၏။ ထိုဟဒယဝတ္ထုဌ

ဖြစ်ပေါ်ခိုက် ကြွင်းသော တကိုယ်လုံးမှာ နာမ်မရှိ၊ အသက်မရှိ၊ အသေကောင်ကြီး ဖြစ်၍နေ၏။မြင်အောင် ကြည့်ပါ။

**ဤအတူ။** ။ခြေသလုံး, ပေါင်, ခါး တကိုယ်လုံး နှံ့ပြားအောင်ကြည့်လေ။ သိလေ။ ငါမြင်သည်ဟု ထင်သည်မှာ ရူပါရုံနှင့် ဆုံမိသောအခါ စက္ခု အကြည်မှာ စက္ခုဝိညာဏ်စိတ် ဟူသော နာမ်ခန္ဓာ ဖြစ်ပေါ်၏။ ထိုစက္ခုပသာဒရုပ် အကြည်မှာ စိတ္တက္ခဏတချက်၊စက္ခု ဝိညာဏ်စိတ် ဖြစ်ပေါ်ခိုက် ကြွင်းသော တကိုယ်လုံးမှာ နာမ်မရှိ၊ အသက်မရှိ၊ အသေကောင်ကြီးအတိ ဖြစ်၍ နေ၏။ထိုစက္ခုမှ ချုပ်ကွယ်၍ဟဒယဝတ္ထုမှာဖြစ်ပေါ်၏၊ ဤသို့ ၄၁ နနှစ်ခု ဖြစ်ပေါ်မှု အကြား အကြားမှာ အသက်ဟု ထင်မှတ် စွဲယူကြသော နာမ်ခန္ဓာလေးပါး အပိုင်း အပိုင်း၊ ပြတ်၍ ပြတ်၍ နေသည်ကို၊ သေသည်ကို မြင်အောင်ကြည့်ပါ။ ''မှုံညက် ဆင့်ခတ်၊ ဝါဂွမ်းဖတ်သို့ အထပ်ထပ် ကြည့်ပါ။သဘောဉာဏ်အရာ လွန်စွာလိုလှ ပါသည်။ သတိထားပါ။''

**ဤအတူ။** ။ဟဒယဝတ္ထုနှင့် သောတ,ဟဒယဝတ္ထု နှင့် ဃာန, ဟဒယဝတ္ထုနှင့် ဇိဝှါ, ဟဒယဝတ္ထု နှင့် ကာယ. ဤနည်းအတိုင်း ဟဒယဝတ္ထုကို တဘက်၊ တကိုယ်လုံးရှိသမျှ ငါးဒွါရကို တဘက်ထား၍ တကိုယ် လုံး နှံ့ပြားအောင် ကြည့်နိုင်ပါလျှင် သိမြင်နိုင်ပါလျှင်

နာမ်ခန္ဓာသန္တတိ အရိပ် နိမိတ် သည် ပျောက်ကွယ် လတံ့။ ပျောက်ကွယ်အောင် ကြည့်ပါ။ ယခင် ဆိုအပ် ခဲ့ပြီးသော "အနိမိတ္တာနု ဘာဝေဟိ" ၌ ရုပ်၏ အရိပ် နိမိတ်ကို ပြခဲ့ပေသည်။ ယခုပြဆိုခဲ့သော "မာနာနုသယ မုဇ္ဇဟ" ၌ နာမ်၏ အရိပ်နိမိတ်ကို ပြပေသည်။ထိုရုပ်နာမ် တို့၏ အရိပ် နိမိတ်ကိုပင် သတ္တဝါဟု၊ ငါဟု ထင်မှတ် မှား၍ နေကြသည်။ ဤအရာများကို ယာပိုထ်လေးပါး သတိထား၍ စဉ်းစားပါ။

**ထင်လျှားစေဦးအံ့။** ။ငါမြင်သည်ဟု ဆိုရာ၌ စက္ခု မည်သည့် တနေ့အတွင်ပင် အခါများစွာ ဖြစ်ပေါ်မှု၊ အခါများစွာ ပျောက်ကွယ် သေဆုံးမှုရှိ၏။ ထို တနေ့ အတွင်း အခါများစွာ ပျောက်ကွယ် သေဆုံး၍ နေသော စက္ခုကို ငါဟူ၍ ငါ့ကိုယ်ဟူ၍ စွဲဆိုခြင်းငှာ မသင့်။ ငါမဟုတ်၊ ကိုယ်မဟုတ်ဟု သိအပ်၏။ အဘယ့် ကြောင့်နည်း။စက္ခုကို ငါမြင်သည်ဟု ဆိုသောသူအား ငါသည် တနေ့အတွင်း အခါများစွာ ဖြစ်ပေါ်၏။ အခါများစွာ ပျောက်ကွယ် သေဆုံး၏ ဟူ၍ ဆိုရာ ကျချေ၏။ ငါနှင့် ငါ့ကိုယ်မှာ တဘဝလုံး တသက်လုံး မှာမှ တငါသာ ယူ၏။ တကိုယ်သာ ထင်၏။ တသက် သာဟု ထင်မှတ် စွဲယူကြ၏။ ဓမ္မသဘာဝက တခြား၊ သတ္တဝါများ၏ အထင်အမြင် အပြုအမူ အယူအစွဲက တခြား၊ ခုတ်ရာတပါး၊ ယှရာတခြား၊ နေကြသည်။

(ကြပ်ကြပ်ကြီး စဉ်းစား၍ ကြည့်ပါ၊ ဤအရာက သဘောတူးယှ ဉာဏ်လိုလှ၏။)

ထို့ကြောင့် စက္ခုကို ငါဆို၍မသင့်။ ငါမဟုတ်၊ ကိုယ်မဟုတ် ကောန်မှုချ အနတ္တဟု သိအပ်လှ၏။ ဤစစ်တန်းအတိုင်း ဒွါရခြောက်ပါး၊ အာရုံခြောက်ပါး၊ ဝိညာဏ်ခြောက်ပါး၊ ဖဿခြောက်ပါး၊ ဝေဒနာ ခြောက်ပါး၊ တဏှာခြောက်ပါး၊ ပေါင်း—ခြောက်ပါး ခြောက်လီကို အစဉ်အတိုင်း စစ်တန်းထုတ်၍-

"စက္ခုံ အတ္တာတိယော ဝဒေယျ တံ နဉပပဇ္ဇတိ" အစရှိသော(ဉပရိပဏ္ဏာသ ဆဆက္ကသုတ်ပါဠိတော်၌) အကျယ်ဟောတော်မူသည်။

စက္ခုရုပ်ပါရုံ၊ စက္ခု ဝိညာဏ်၊ စက္ခုသမ္ဖဿ၊ စက္ခုသမ္ဖဿဇာဝေဒနာ၊ ရူပတဏှာ၊ စက္ခုဆိုင်ရာ ခြောက်ပါး။ သောတစသည်တို့မှာလည်း ဆိုင်ရာ ခြောက်ပါးစီ ထုတ်လေ။ တရားပေါင်း သုံးဆဲ့ခြောက်ပါးဖြစ်၏။

ထို့ကြောင့်—

နဝဉ္ဇာ ရမ္မဏာ နာမံ၊ နာပိစုတိန္ဒမန္တရာ။
ဟေတုံပဋိစ္စသမ္ဘောတိ၊သဒ္ဒေါပဟာတာယဘေရိယာ
ဒဠှန္ဒာ သမ်တာပုမ္ဘာ၊ ပရန္ဒေသု ဝိဝိတ္တတော။
သုတၳုဝ သုခတ္ထတ္တာ၊သုညတော ဟေတုဝုတ္တိတော။
စက္ခုဒ္ဒီ ဘေရိ အာဒါသ၊ တိလာရောရဏိယထာ။
ဒဏ္ဍာဒ္ဒီဝိယရူပါဒ္ဒိ၊ ဝိတ္တံ သဒ္ဒါဒယော ယထာ။

**အနက်ကား။** ။ဝဏ္ဏာရမ္မဏာ၊ စက္ခုသောတ စသောမှီရာ၊ ရုပသဒ္ဒစသော အာရုံမှ။ နာမံ၊ နာမက္ခန် တရားသည်။နသမ္ဘောတိ၊ထွက်လာ၍ဖြစ်သည်မဟုတ်။ ဥဘိန္နံ၊ဝဏ္ဏ၊အာရုံ နှစ်ပါးစုံတို့၏။ အန္တရာပိစ၊ အကြား ၌လည်း။ နသမ္ဘောတိ၊ ဖြစ်သည်မဟုတ်၊ ပဟာဘာယ၊ တီးခတ် ရိုက်နှက်အပ်သော။ ဘေရိယာ၊စည်၏။သဒ္ဒေါ ယထာ၊ အသံကဲ့သို့။ ဟေတုံ၊ စက္ခု ရုပ၊ အာလောက၊ မနသိကာရစသော အကြောင်းကို ပဋိစ္စ၊စွဲ၍။သမ္ဘောတိ အသစ် အသစ် ဖြစ်ပေါ်လာ၏။

သန္တာ၊ သန္တဓာတ်တို့ကို။ ပုဗ္ဗာပရန္တေသု၊ဥပါဒ်မှ ရှေ့၊ ဘင်မှနောက်၊ အစွန်းနှစ်ဘက်တို့၌။ ဝိဝဋ္ဋတော၊ ကင်းဆိပ်ကွယ်ဘိ၊မရှိလုံးလုံး၊သုဉ်းသောအားဖြင့်၎င်း။ သုဘာဒ္ဓု ဝ သုခတ္တတ္တသုညတော၊ တင့်တယ် မြဲစွာ၊ ချမ်းသာ စိုးရသောအဖြစ်မှ ကင်းဆိပ်သော အားဖြင့်၎င်း။ ဟေတုဝုတ္တိတော၊ အကြောင်းရှိမှ ဖြစ်ရသော အားဖြင့် ၎င်း။ ဒဋ္ဌဗ္ဗာ၊ ရှုအပ်ကုန်၏။

စက္ခာဒီ၊ စက္ခုဓာတ် စသည်တို့ကို။ ဘေရိ အာဒါ သတိလာ ရောရဏိယ ထော၊ စည်ကြီးမှန်ပြင်၊ နှမ်းသွင် ပွတ်ခုံတို့ကဲ့သို့။ ဒဋ္ဌဗ္ဗာ၊ ရှုအပ်ကုန်၏။ ရူပါဒီ၊ရူပဓာတ် စသည်တို့ကို။ ဒဏ္ဍာဒီဝိယ၊ စည်လက်ခတ်, မျက်နှာ, ကျည်ပွေ့, ပွတ်ကျော တို့ကိုကဲ့သို့။ ဒဋ္ဌဗ္ဗာ၊ ရှုအပ်ကုန်၏။

စိတ္တံ၊ပဥ္စဝိညာဏခေတ် ငါးပါးကို။သဒ္ဒါဒယောယထာ၊ စည်သံ, မျက်နှာရိပ်, ဆီ, မိုးတို့ကဲ့သို့၊ ဒဋ္ဌဗ္ဗာ၊ ရှုအပ် ကုန်၏။

ထို့ကြောင့်—

ကမ္မသကာရကော နတ္ထိ၊ ဝိပါကဿစ ဝေဒကော။
သုဒ္ဓဓမ္မာ ပဝတ္တန္တိ၊ ဧဝံ တံ သမ္မဒဿနံ။ ။

**အနက်ကား**။ ။ကမ္မဿ၊ ကုသိုလ်, အကုသိုလ်ကံကို။ ကာရကော၊ပြုလုပ်တတ်သော သတ္တဝါသည်။နတ္ထိ၊မရှိ။ ဝိပါကဿ၊ ကုသိုလ် အကုသိုလ်ကံ၏ အကျိုးတရားကို။ ဝေဒကောစ၊ ခံစား စံစားတတ်သော သတ္တဝါ သည်လည်း။ နတ္ထိ၊ မရှိ။ သုဒ္ဓဓမ္မာ၊ ပုဂ္ဂိုလ် သတ္တဝါနှင့် မရောမယှက်၊ ဖြစ်ပျက်မှန်လျှ၊ ရုပ်နာမ် သင်္ခါရ ပဝတ္တ၊ ဝဋ္ဋဒုက္ခတရား သက်သက်မျှသည် သာလျှင်။ ပဝတ္တန္တိ၊ ဖြစ်ကုန်၏။ဧဝံ၊ဤသို့ ဆိုခဲ့ပြီးသည့်အတိုင်း။ဧတံဒဿနံ၊ ဤမြင်ခြင်းသည် သာလျှင်။သမ္မဒဿနံ၊ မဘောက်မပြန်၊ ဝိပဿနာ ဉာဏ်ဖြင့် မချွန် မချွင်း၊ ဝဇီရိန်စင်း၊ မိုးကြိုး ခွင်းသို့၊ သင်္ခါရခပင်းကို၊ပြာမကြွင်းအောင်၊ လင်းလင်း ချင်းချင်း၊ ထင်းထင်းကြီး မြင်ခြင်းမည်၏။

**ထို အဓိပ္ပါယ်ကို သိသာကြအောင် ပရမတ်စစ်၊ ခေတ်အနှစ်ကို ဖွင့်လှစ်၍ ပြဦးမည်**။ ။နွေလအခါ လှဲမောင်း၍ သွားရာမှ ထောင်းထောင်းထသော ဖုံမှုံ့

တွေသည်ရှိ၏။ထိုဖုံမှုံ့ကလေးတမှုံ့ကိုရထမြူခေါ်သည်၊ ထိုရထမြူကို တဆဲ့ခြောက်စိတ် စိတ်၊တစိတ်ကို တဇ္ဇာရီမြူခေါ်သည်။ ထို တဇ္ဇာရီမြူကို တဆဲ့ခြောက်စိတ် စိတ် တစိတ်ကို ပရမာမြူခေါ်သည်။ထို ပရမာမြူကို ခုနစ်စိတ် စိတ် တစိတ်ကို အဏုမြူခေါ်သည်။ထိုအဏုမြူကို ပထဝီ အာပေါ်၊ တေဇော၊ ဝါယော၊ ဝဏ္ဏ၊ ဂန္ဓ၊ ရသ၊ ဩဇာ ဟူသော အဋ္ဌကလာပ်ရုပ် ခေါ်သည်။ ထို ရှစ်ခုသော ရုပ်တို့၏ အသီး - အသီးသော သဘော တရားတို့ကို သာလျှင်ပရမတ်နှစ်ရုပ်ဓာတ်စစ်ဆိုသည်။ထိုပရမတ်နှစ် ဓာတ်စစ်၏ အရိပ်အရောင်မျှကိုသာ ပုဂ္ဂိုလ် သတ္တဝါဟု ပုထုဇ္ဇန်တို့ ထင်မြင် စွဲလမ်း၍ နေကြသည်။

**သိသာစေဦးအံ့။** ။သစ်ပင်ရိပ်သည် သစ်ပင်ကိုစွဲ၍ ဖြစ်၏။ ထိုသစ်ပင်သည်လည်း ပရမတ်နှစ် ဓာတ်စစ် ဟူသော အဋ္ဌကလာပ်ရုပ်စုကို စွဲ၍ ပေါ်လာသော အရိပ်သာလျှင်တည်း။

ဤသို့အားဖြင့်၊သစ်ပင်၌ရှိသော အဋ္ဌကလာပ်ရုပ်စုတို့သည်၊အရိပ်နှစ်မျိုးပေါ်လာ၏။ဥပမာကား-မှန်ကြောင့်ဖြစ်သော မှန်ရောင်သည် မှန်ပြင်မှာ ထင်လာသကဲ့သို့၊ ထို့အတူ ပရမတ်နှစ်ဓာတ်စစ်ကြောင့်ဖြစ်သောသစ်ပင် ဟူသော ပဌမအရိပ်သည် အဋ္ဌကလာပ်စုကို မှီ၍ ပေါ် လာ၏။ ဒုတိယ အရိပ်ဟူသော သစ်ပင်ရိပ်ကား၊ မြေ

ပြင်မှာ ထင်လာ၏။ထို့အတူ လူ့အစရှိသော သတ္တဝါ တွေကား၊ပဌမအရိပ်သာလျှင်တည်း။မှန်ပြင် မြေပြင်မှာ ထင်လာသော လူရိပ်ကား၊ ဒုတိယ အရိပ် သာလျှင် တည်း။ဤလောကဥ္သူငါကစပုထုဇ္ဇန်ဟူသမျှတွေသည် ထိုဒုတိယအရိပ်ကိုသာ အရိပ်ဟု သိကြသည်။ပဌမအရိပ် ကိုကား၊ အရိပ်ဟူ၍မျှ မသိကြလေကုန်။ ထို့ကြောင့် အကောင် အထည်ဟန်၊သဏ္ဍာန်နိမိတ်၊ အရိပ်အသွင်၊ မြင်မြင်သမျှ၊ထင်ထင်သမျှသည် ပရမတ်နှစ် ခုတ်စစ်၏ အရိပ်အရောင်မျှချည်း ဟူ၍သာ မှတ်ပါ။

**ထို့ကြောင့်။** ။'သတ္တော ကာသ သန္တါရ'ဟူသော ဤလောကသုံးတန်ဥ္ဘကုသိုလ် အကုသိုလ်ကံကိုစီမံပြုလုပ် တတ်သော ပုဂ္ဂိုလ်သတ္တဝါမရှိ၊ထိုကံ၏အကျိုးတရားကို ခံစားတတ်သော ပုဂ္ဂိုလ်သတ္တဝါမရှိ၊ဇာတိ အာကာ ဝိသာယ၊ ခေတ်သုံးဝဋ်၊ ဖြစ်ပျက်မှန်လှ၊ ရပ်နာမ် သန္တါရ ပဝတ္တ၊ဝဋ်ဒုက္ခတရား သက်သက်မျှသာ ရှိ၏ဟု အဟုတ် အမှန်ကို မသိကြ။ အဝိဇ္ဇာ ဗလဝ အားကြီး လှသော ကြောင့် ပုဂ္ဂိုလ် သတ္တဝါ၊ ငါ-သူတပါး၊ ယောကျ်ား, မိန်းမ, ရှိ၏ဟု ထင်မှတ်ပြောဆိုကြသည်မှာ၊ (ဥပမာန) ဥမ္မတ္တကစိတ်ကို အစိုးမရသော သူရူးတို့သည် ပကတိ မရှိ မမြင်သည်ကိုပင် ဝိပ္ပလ္လာသ ဘောက်ပြန်သော အားဖြင့် အကယ်ထင်၍၊ ပျော်ရွှင်ပြုံးရယ်၊ ကြောက် မက်ဘွယ် ဖြစ်သည်နှင့် တူသည်တချက်။အိပ်မက်ထဲမှာ

ကြည့်ရ၊ ကြားရ၊ စားသောက်တွေ့ထိရသော မျက်လှည့်ရုပ်ပမာဏ ဤလောကကို လောဘတဏှာဖြင့်သာယာသော သတ္တဝါများမှာ၊ သင်တုံးသွား၌ ပျားရည်စက်ကို လျက်မှားသော ယောက်ျား မိုက်နှင့် တူသည် ဟူ၍ မှတ်ပါ။

ခုဘဝ, နောက်ဘဝ, တောင့်တ သာယာ သမျှမှာ၊ ခံစား စံစားချင်၍သာ ဖြစ်သော လောဘ တဏှာသာ တည်း။ ခံစား,စံစား ဟူသည်ကား-အကြင်အမှု၊ အကြင် ဝတ္ထုကို အာရုံပြု၍ သောမနဿဖြစ်ပွား၏။ ထိုအမှု,ထို ဝတ္ထုသည်၊ ခံစား,စံစားရသော အမှုဝတ္ထုဟု ထင်ရုံခါမျှသာ ထင်ရ၏။ ပီတိသောမနဿ မဖြစ်ပွားသောသူမှာ သိကြားမင်းကြီး၏ စည်းစိမ်ပင် ဖြစ် ငြား သော်လည်း ထင်ရုံခါမျှမှ ခံစား,စံစားဘွယ်မရှိသော ဝတ္ထုမည်၏။ ခံစား,စံစားဘွယ် ရှိ-မရှိ ဟူသောစကားမှာ၊ သတ္တဝါ များ၏ စရိုက်စိတ် အခံကို လိုက်၍ ထင်ခြင်း မျှသာဖြစ် သည်။ တဏှာအငတ်၊ အာသာခေတ်ပူး၊ ကာမရစ်မူး သော ပုထုဇ္ဇန် စိတ်မျိုးတို့သည်၊ လောဘတရား၊ တဏှာ ပွား၍၊ စားသောက်ပျော်ပါး၊ ခံစား,စံစားရသောအမှု ဝတ္ထုရှိ၏ဟု ထင်မှတ်မှား၍ နေကြကုန်၏။ အနာဂါမိ ရဟန္တာစိတ်မျိုးသူတော်ကောင်းတို့မှာ-တဏှာလောဘ သောမနဿကင်းလွတ်၍၊ စားသောက် ပျော်ပါး၊ ခံစား စံစားခြင်းမရှိသည်ကိုပင် မြင်တော်မူကြပေကုန်၏။

ထို့ကြောင့်-ဒါန,သီလ,ဘာဝနာ ဖြစ်ကြသောအခါ ဘုံသုံးရွာအကျိုးပေးကို မှိုင်တွေးဝေနောက်၊သေမတတ်ကြောက်ကြ၍၊ခုဘဝ,နောက်ဘဝ ကောင်းချင်လှသော တောင့်တ သာယာခြင်း၊ ကိလေသဝဋ္ဋ တည်းဟူသော လောဘ တဏှာကို တဒင်္ဂပဟာန် အားဖြင့် ပျောက်ကင်းမှု၊ ဝိက္ခမ္ဘနပဟာန် အားဖြင့် ခွါရှဲမှု၊ သမုစ္ဆေဒ ပဟာန်အားဖြင့် ပြတ်စဲ ချုပ်ငြိမ်းမှုကို ဖြစ်စေ၍၊ ဒါန' သီလ, ဘာဝနာ တရားတို့ကို အားထုတ် ကြကုန် ရာသည်။

ထို သာယာခြင်း ကိလေသာဝဋ္ဋ ပြတ်စဲလျှင်၊ အကုသလ ကမ္မပထတရား ဆယ်ပါး၊ကုသလကမ္မပထတရား ဆယ်ပါး၊မဟဂ္ဂုတ်ကုသိုလ်ကံကိုးပါး၊ဤနှစ်ဆဲ့ကိုးပါး သော ကမ္မဝဋ္ဋတရားမွဲ၊ ကံမဖြစ်ဘဲ၊ ကံမမြောက်ဘဲပြတ်စဲ၏။ထိုကမ္မဝဋ္ဋပြတ်စဲလျှင်-ဝိပါကဝဋ္ဋဟု ဆိုအပ်သော ခန္ဓာ ငါးပါး ရုပ်နာမ် တရား တို့သည်၊ မလည် မပတ် ပြတ်စဲ ချုပ်ငြိမ်းလေကုန်၏။ဤသည်ကား-ဝဋ္ဋသုံးပါး၏ ထွက်မြောက်ရာ နိဗ္ဗာန်မှတ်ပါ။

ဤကဲ့သို့များ တရားစစ်တရားမှန်ကိုဟောပြန်ကလည်း လောကခံအရ၊ ပုထုဇ္ဇန်သဘာဝ၊ သူငါကစ၊ ပြောပြန်ကြသည်ကား-ဘုရား,ရဟန္တာ များ၏ တရားကို ဟော ထားသလို။ ယခုကာလ မိန်းမ, ယောကျ်ား, ပုထုဇ္ဇန်

များ၏ တရားမဟုတ်ဟု၊ နှုတ်စသွက်သွက်နှင့် ပေါ့ပျက်ပျက် ပြောမှားသော မိစ္ဆာစကားကို ခြားနားအောင် ဖြေပေအံ့။ ဤပရမတ်နှစ်၊ ခုတ်စစ်စကား၊ သစ္စာလေးပါး၊ ဝိပဿနာ တရားသည် နိဗ္ဗာန်ကိုရပြီးသား ဘုရား ရဟန္တာများ၏ တရားပင် မဟုတ်ပေ။ ယခုကာလ သာသနာတော်သမယ၌ ကြိမ်ကြိုက် ကြပေကုန်သော မိန်းမ ယောကျ်ား ပုထုဇ္ဇန်များ၏ တရားသာ ဟုတ်ပေသည်။ ထိုသစ္စာလေးပါး၊ ဝိပဿနာ တရားသည် နိဗ္ဗာန်ကို ရပြီးသား ဘုရား ရဟန္တာများ၌ ထိုတရား အသုံးမကျ၊ အကုန်လုံး စွန့်ပစ်ပြီး ဖြစ်ကြပြီ။ နိဗ္ဗာန် မရသေးသော မိန်းမ,ယောကျ်ား ပုထုဇ္ဇန်များကသာ ထိုတရားအသုံး ကျ၍ အားထုတ်လုံ့လ၊ဝိရိယနှင့် ပြုကျင့်ကြရပေသည်။

**ဥပမာကား။** ။ရောဂါဘယ နှိပ်စက်လှသော ဒုက္ခသယ်တွေသည် ရှိရာ၏။ ထိုရောဂါကို အမြစ်အရင်း နှင့်တကွ ကျွတ်လွတ် ပျောက်ငြိမ်းစေနိုင်သော ဆေး ခါးကြီးသည်လည်းရှိရာ၏။ ထိုအခါ အချို့သော ရောဂါ သယ်တို့သည် ထိုဆေးခါးကြီးကို နေ့မနား ညမနား တွင်တွင်ကြီးစားသောအခါ မကြာမြင့်မှီထိုရောဂါသည် အမြစ်အရင်းနှင့်တကွ ကျွတ်လွတ် ပျောက်ငြိမ်း ကြလေ ကုန်၏။ထိုသို့ရောဂါဘယ ပျောက်ငြိမ်းကြသောသူတို့က ထိုဆေးကို အသုံးမကျ အကုန်လုံး စွန့်ပစ် လိုက်ကြ

လေကုန်၏။ ရောဂါဘယ မပျောက် ကြသေးသော ရောဂါသယ်တို့မှ ထိုဆေးအသုံးကျ၍ ကိုးကွယ်မှီဝဲအမြဲ သုံးစွဲ၍ နေကြရပေသည်။ ဤအတူဟူ၍သာ မှတ်ပါ။

ရော ဂါ သ ယ်နှ င့် က ာ း၊ သတ္တဝါများ တူသည်။ ကိလေသာ ဆယ်ပါးသည် ရောဂါနှင့်တူသည်။ သစ္စာ လေးပါး၊ ဝိပ ဿ န ာ တရားသည် ဆေးခါးကြီးနှင့် တူသည်။ ဆေ း သ မ ာ း ကြီးနှင့်ကား၊ မြတ်စွာဘုရား တူသည်။ရောဂါဘယအမြစ်အရင်းနှင့်တကွကျွတ်လွတ် ပျောက်ငြိမ်းကြသောသူ ဟူသမျှနှင့်ကား၊နိဗ္ဗာန်ရသော အရိယာ သာဝကတို့နှင့် တူကြပေသည်။

**တဖန်စောဒနာပြန်သည်ကား။** ။ဘုရား, ရဟန္တာ များသာ မြင်နိုင်ရ.သော နိဗ္ဗာန်တရားကို ယခုကာလ မိန်းမ, ယောကျ်ား ပုထုဇ္ဇန်များ မြင်နိုင် ပါမည်လား ဟူသော စကားကို ဖြေဆိုပေအံ့။

ကထံပန အာဒိကမ္မိကော နိရောဓံ မဂ္ဂသစ္စာနိ၊
ပရိဂ္ဂဏှာတီတိ၊ အနုဿဝါဒိသိဒ္ဓမာကာရံ၊
ပရိဂ္ဂဏှာတိ။ ။(မဟာသတိပဋ္ဌာနသုတ် ဋီကာပါဠိ)

ကထံပန၊ အဘယ်သို့လျှင်။အာဒိကမ္မိကော၊ မဂ်ဖိုလ် ကို မရသေးသော အာဒိကမ္မိကာ ပုဂ္ဂိုလ်သည်။ နိရောဓ မဂ္ဂသစ္စာနိ၊ နိရောဓသစ္စာ၊မဂ္ဂသစ္စာတို့ကို။ပရိဂ္ဂဏှာတိ၊

အာရုံပြု၍ သိမ်းဆည်း နိုင်သနည်း။ ဇာတိ၊ ဤကား အမေးတည်း။ အနုသာဝဒ္ဓိသိဒ္ဓ၊ တဆင့်ကြားခြင်း အစ ရှိသည်ဖြင့် ပြီးသော။ အာကာရုံ၊ နိရောခ မဂ္ဂသစ္စာ၏ အခြင်းအရာ အရိပ်အရောင် အတုမျှကို။ ပရိဂ္ဂဏှာတိ၊ အာရုံပြု၍ သိမ်းဆည်းနိုင်၏။ ။အနက်။

**ဥပမာကား။** ။ကြောက်မက်ဘွယ်သော တစ္ဆေကြီး ချောက်၍တွေ့မြင်ရသောသူက စေ့စေ့စုံစုံသေသေချာ ချာ သိသာ နားလည်အောင် ပြောဆိုလျှင် နားထောင် သောသူတို့က တဆင့်စကား ကြားသော အနုဿဝ အားဖြင့် အစစ်ဖြစ်သော တစ္ဆေကြီး၏ အခြင်းအရာ အရိပ်အရောင် အလုံးစုံကို အာရုံပြု၍၊ အစစ်ဖြစ်သော တစ္ဆေကြီးကို ကိုယ်တိုင် တွေ့ရမြင်ရသကဲ့သို့ ကြက်သီး မွေးညှင်း ထ၍ ကြောက်လန့်ခြင်း ဖြစ်သကဲ့သို့။ ထို့တူ ပမာ "သဗ္ဗေ သင်္ခါရာ အနိစ္စာ၊ သဗ္ဗေ သင်္ခါရာ ဒုက္ခာ၊ သဗ္ဗေ ဓမ္မာ အနတ္တာ"ဟု ဟောတော်မူသော ဒေသနာ တော်မြတ်ကိုအစဉ်လျှောက်၍၊ဇာတိ,အာဏာ,ဝိသယ ခေတ်သုံးဝ၌ သဗ္ဗညုဏာက အဝိညာဏာကဥဿုံအလုံး စုံသော သင်္ခါရတရား ဆိုသည်ကား၊ ရုပ်နာမ် တရား နှစ်ပါးမျှသာဖြစ်သည်။ထိုရုပ်နာမ်နှစ်ပါးသည် အထည် ဝတ္ထု၊အကျိတ်အခဲ၊အဆံအမာ၊အနှစ်သာရနှင့် အဟုတ် အမှန် ရှိသည် မဟုတ်သောကြောင့်၊မမြဲသော သဘော မျှသာဖြစ်သည်။ ထို ဘောက်ပြန် ပျက်စီး တတ်သော

သဘောမျှသာ ဖြစ်သောကြောင့်၊ ဆင်းရဲသဘော မကောင်းသဘော ဖြစ်သည်။ ထိုမကောင်း စွာသော ဆင်းရဲသဘော ဖြစ်သောကြောင့်လည်း အလိုမပါ၊ စီရင်ရာမပြီး၊ အချည်းနှီးမှန်လှ၊ ဓုဝ,သုဘ,သုခ,အတ္တ, ဟူသော သာရလေးလုံးမှ ကင်းသုဉ်းလှသောကြောင့် အစိုးမရ အနတ္တသဘောမျှသာ ဖြစ်သည်။

ဤသို့မမြဲ၊ ဆင်းရဲစွာလှ၊ စိုးမရသော သဘောမျှကို ပိုင်ပိုင်ကြီး နိုင်နိုင်ကြီး သိမြင်မှု တည်းဟူသော ပရိညာ ကိစ္စ။ သာယာခြင်း သာတအစေးကို အကြွင်းမဲ့ပယ်ခြင်း တည်းဟူသော ပဟာန ကိစ္စ။ မိမိကိုယ်မှာ လောဘ, ဒေါသ, မောဟ တို့၏ ချုပ်ငြိမ်းခြင်းကို၊ ကိုယ်တွေ့ ဒိဋ္ဌ တွေ့ကြုံ ဆိုက်တိုက်ရခြင်း တည်းဟူသော သစ္ဆိကရဏ ကိစ္စ။ အဆင့်ဆင့် တိုးတက်ပွားများမှုဟူသော ဘာဝနာ ကိစ္စ။ ဤပရမတ္ထ ကိစ္စကြီး လေးပါးနှင့် သစ္စာလေးပါး မြတ်တရားကို ပိုင်းခြား ထင်ထင် သိမြင်သော သူမှသာ သဒ္ဓမ္မသဝန အတိဒုလ္လဘကို ရသောသူမည်၏။ ထိုကဲ့သို့ မသိ မမြင်သောသူမှာ ကြားရုံခါမျှသာ ကြားသည်။ မရသောသူမည်၏။ အပါယ်ဘုံသားများလည်း၊ ကြားရုံ များဖြင့် ကြားကြပေလိမ့်မည်။ သတိမူပါ။

**ထိုတူမခြား။** ။သစ္စာလေးပါး၊ မြတ်တရားကို သိမြင်သောသူမှသာသဒ္ဓမ္မသဝနတော်၌ကြုံကြိုက်သောသူ

မည်သည်။ ထိုကဲ့သို့မသိမြင်သောသူမှာ သာသနာတော်၌၊ ကြိုရုံသာကြို၍ မကြိုက်သောသူ မည်၏။ ကြိုရုံများဖြင့် မိစ္ဆာယူမှား ယခုကုလားများလည်း၊ ကြိုပါ၏။ ထိုသစ္စာလေးပါး၊ မြတ်တရားကို သိမြင်သောသူသည်၊ ရှင်သာရိပုတ္တရာ၊ ရှင်မောဂ္ဂလာန်စသော အရိယာအရှင်များနှင့် တကွ၊ မြတ်စွာဘုရားကို ဖူးမြင်ရသောသူ မည်ပါပေ၏။ ယခု ဂေါတမတဆူသာ မကပါပေ။ ဂင်္ဂါဝါဠု သဲစုမက ပွင့်တော်မူကြသော ဘုရားရှင်တို့ကိုလည်း ဖူးမြင်ရသောသူ မည်ပါပေ၏။ (ဥပမာကား) ဤဇမ္ဗူဒီပါ ကျွန်းမြေပြင်မှာ ရှိကြသောသူ ဟူသမျှတို့သည် မျက်နှာချင်းကို ရှေ့လမင်းမှာ မျက်စိအာရုံ ဆုံကြသကဲ့သို့။ ထို့အတူ သတ္တလောက တည်ထောင်သည်မှစ၍ ပွင့်ပွင့် သမျှသော ဘုရားရှင်တို့နှင့်တကွ အရိယာ ဟူသမျှတို့သည်၊ ထိုသစ္စာလေးပါး မြတ်တရားမှာသာ တရားအာရုံ ဆုံကြပေသည်။

ထို့ကြောင့်—

ဓမ္မံ ဟိ သော ဘိက္ခဝေ ဘိက္ခု နပဿတိ ဓမ္မံ အပဿန္တော မံ နပဿတိ၊ ဓမ္မံ ဟိသော ဘိက္ခဝေ ဘိက္ခု ပဿတိ၊ ဓမ္မံ ပဿန္တော မံပဿတိ။ ။ဟု (ဣတိဝုတ် ပါဠိတော်၌ ဟောတော်မူ၏။)

ဟိ၊ ထို ငါဘုရား၏ သင်္ကန်းစွန်းကို ဆွဲကိုင်၍၊ ဘဝါး ခြေထပ်၊ မပြတ်စဉ်ဗိုက် လိုက်ပါလျက်၊ ငါဘုရားနှင့် စကြာဝဠာတပါး၊ ခြားသည်ပမာဏ၊ ဝေးကွာလှ၏ဟု ဆိုသော စကားသည် မှန်၏။ ဘိက္ခဝေ၊ ရဟန်းတို့။ သော ဘိက္ခု၊ ထိုရဟန်းသည်။ ဓမ္မံ၊ သစ္စာလေးပါး မြတ်တရားကို။ နပဿတိ၊ မသိမြင်။ ဓမ္မံ၊ သစ္စာလေးပါး မြတ်တရားကိုအပဿန္တော၊ မသိမြင်သောရဟန်းသည်။ မံ၊ ငါဘုရားကို။ နပဿတိ၊ မဖူးမြင်ရ။ ဟိ၊ ထိုငါဘုရားနှင့် စကြာဝဠာတပါး ကွာခြား၍ နေငြား သော်လည်း၊ ငါဘုရား၏ ဒူးတော်ကို ဖက်၍ နေသည်နှင့် တူ၏ဟု ဆိုသော စကားသည် မှန်၏။ ဘိက္ခဝေ၊ ရဟန်းတို့။ သောဘိက္ခု၊ ထိုရဟန်းသည်။ ဓမ္မံ၊ သစ္စာလေးပါး မြတ်တရားကို။ ပဿတိ၊ သိမြင်၏။ ဓမ္မံ၊ သစ္စာလေးပါး မြတ်တရားကို။ ပဿန္တော၊ သိမြင်သော ရဟန်းသည်။ မံ၊ ငါဘုရားကို။ ပဿတိ၊ ဖူးမြင်ရ၏။

ဘုရား, တရား, နှစ်ပါးကို မတွေ့မမြင်ရလျှင် သံဃာကိုလည်း၊ မတွေ့မမြင်ရသည်သာလျှင် ဖြစ်သတည်း။

တောင်ဆီ မင်ဆေးဖြင့် ရေးပြအပ်သော လဝန်း ငွေရိပ်၊ သိကြားနှိပ်သည့်၊ ယုန်ရေး တံဆိပ်နှင့် တူသော

ဝင့်နခန်းသတ် ဤ ‘ဝိဝဋ္ဋ ဒီပနီ’ ကျမ်းမြတ်ကိုကျက်မှတ် သိမြောက်၊ နိဗ္ဗာန် မှောက်သို့၊ ခုဘဝ, နောက်ဘဝ, ရောက်ကြပါစေကုန်သတည်း။

၁၂၇၁-ခုနှစ်၊ နယုန်လဆန်း တဆဲ့ငါးရက် ဗုဒ္ဓဟူးနေ့တွင်၊ နောက်ထပ်ပြင်ဆင်၊ ပြီးအောင် မြင်သည်၊နတ်လူ သာဓု-သာဓုခေါ်စေသောဝ်။

ဝိဝဋ္ဋ ဒီပနီကျမ်း
ပြီး၏။

## ကြောင်ပန်းတောရ ဆရာတော်ဘုရားကြီးထံ

## လျှောက်လွှာ။

မုံတလင် ဌာနာ ရာဇဝတ်အုပ်မင်း-မောင်စံရ၊ စာဇာင်- မောင်ညွှာ၊ ငှင်းစာဇာင် မောင်ထွန်းတင် တို့နှင့်တကွ၊မုံတလင် မြို့မဆရာဝန် မောင်ဘိုးဘော၊ ကျောင်းတကာ-ဦးရွှေဝတို့က၊ သုံးလီဒ္ဒါရ၊ ပဏာမဖြင့်၊ သာစွာတင်ချီ၊ အဉ္စလီကို၊ ရှင်ကြည် သဒ္ဓါ၊ လေးမြတ်စွာဖြင့်၊ ဟတ္ထာ ဆယ်ချောင်း၊ ထိပ်မှာလောင်း၍၊ ဦးခေါင်း ညွှတ်ကြိုး၊ ရှိခိုး ဝပ်တွား၊ အသနားတော်မြတ် ခံလျှောက်ပံ့ပါသည်။

စတုပါရိ သုဒ္ဓိလေးဝ၊မြူကင်းလသို့၊ဆွဆွဖြူဆွတ် ပွတ်သစ်သန်ါ၊ ကဲ့ပမာလို၊ လေးဖြာပထ၊ ဣရိယာ၌၊ မျှတင်ရှင်ပြုံး၊သီတင်းသုံးနေထိုင်တော်မူပေသော ဆရာတော်သခင် အရှင်သူမြတ်ဘုရား။

အထက်ပါ တကာ,အပေါင်းတို့သည်၊ အရှင်ဘုရား၏ ဓမ္မစက်ရိန္နမာ၊ ကျမ်းရွှေစာကို၊ တသက်လျာအဆုံး၊ စွဲသုံး လေ့လာ လိုပါသောကြောင့်၊ ‘တရား’ တည်းဟူသော ရွှေမိုးယံ၊ ထစ်ကြိုးသွန်ချ တော်မူပါမည့် အကြောင်း၊ ဆယ်ချောင်း လက်စုံ၊ ကြာပဒုံကို၊ သာစုံ တင်ခါ လျှောက်ပံ့ ပါသည်၊ ဆရာသခင် အရှင်သူမြတ်ဘုရား။ ။



နမော တဿ ဘဂဝတော အရဟတော
သမ္မာ သမ္ဗုဒ္ဓဿ။

# ဝိပဿနာ ဒီပနီကျမ်း ။

ဝတ္တုကာမော အဟံအဇ္ဇ၊ ပစ္စယာကာရဝဏ္ဏနံ၊
ပတိဋ္ဌံ နာမိဂစ္ဆာမိ၊ အဇ္ဈောဂါဠှောဝသာဂရံ။

အဟံ၊ ငါသည်။ အဇ္ဇ၊ ယခု။ ပစ္စယာကာရဝဏ္ဏနံ၊ ပဋိစ္စ သမုပ္ပါဒ်အဘွင့် သံဝဏ္ဏနာအဋ္ဌကထာကို။ ဝတ္တုကာမော ဘွင့်ဆို လိုပါလျက်။ သာဂရံ၊ ရှစ်သောင်း လေးထောင်၊နက်ပှမ်းဆောင်သည်။တောင်ခွဲပတ်ချုပ် ရေသမုဒ်ကို။ အဇ္ဈောဂါဠှော၊ ကူးဆင်းသက်ဝင်၊ ယုန်ငယ်သွင်သို့။ ပတိဋ္ဌံ၊ ထောက်တည်မှီရာ သံဝဏ္ဏနာ နည်းကို။ နာမိဂစ္ဆာမိ၊ မရနိုင်ပါတကား ဟူ၍ ပဋိစ္စ သမုပ္ပါဒ် ဘွင့်ခါနီးတွင် အဋ္ဌကထာဆရာကြီးပင် ငြီးညူ တော်မူပေသည်။

**ဤတူပမာ။** ။ယခုအခါ လျှောက်လွှာမှာ ပါလာသော ဝိပဿနာတရား ဆိုသည်ကား။ အလွန်တရာ ခက်ခဲ နက်နဲသိမ်မွေ့လှစွာသော သဘောဖြစ်ပေသည်။ သို့သော်လည်း လျှောက်ထားကြသော ဒါယကာတို့နှင့် တကွ၊ ဝေနေယျအများ ကျိုးစီးပွား အလို့ငှာ၊ ကိုယ် ဉာဏ်မှီသမျှဖြင့်သော ပြပါအံ့သတည်း။

ဤယခု ဝိပဿနာမှုမှာ သတိလွန်စွာလိုတတ်ပါသည်။ သတိရှိကြစေ။ ထိုသတိသည် ဤလောက၌ ပဋ္ဌာနကြီး အတိ ဖြစ်လှ၏။ထို့ကြောင့် သတိပဋ္ဌာန်ဟု ဟောတော်မူသည်။ သတိပဋ္ဌာန် ဆိုသည်ကား၊ " ဘုသံတိဋ္ဌတီတိ ပဋ္ဌာနံ၊သတိဧဝပဋ္ဌာနံ သတိပဋ္ဌာနံ "ဟု ဝိဂြိုဟ်ပြု။ဘုသံ၊ လွန်စွာ။တိဋ္ဌတိ၊တည်တတ်၏။ဣတိ၊ထို့ကြောင့်။ပဋ္ဌာနံ ပဋ္ဌာနမည်၏။ သတိဧဝ၊ သတိသည်ပင်လျှင်။ ပဋ္ဌာနံ၊ လွန်စွာ တည်သည်တည်း။ သတိပဋ္ဌာနံ၊ သတိသည် ပင်လျှင် လွန်စွာတည်သည်။ လွန်စွာတည်သော သတိ၊ ခိုင်မြဲစွာ တည်သောသတိဟု ဆိုလိုသည်။ထိုသတိကိုပင် " သတိသမ္ဗောဇ္ဈင်္ဂံ ဘာဝေတိ " ဟု ဟောတော်မူသည်။ ထိုသတိ သမ္ဗောဇ္ဈင်ကို 'စတုသစ္စဓမ္မေသုဋ္ဌု ဗုဇ္ဈတီတိသမ္ဗောဓိ၊သမ္ဗောဓိယာ အင်္ဂေါ သမ္ဗောဇ္ဈင်္ဂေါ' ဟု ဝိဂြိုဟ်ပြု။ စတုသစ္စဓမ္မေ၊သစ္စာလေးပါး မြတ်တရားတို့ကို။ သုဋ္ဌု၊ကောင်းစွာ။ ဗုဇ္ဈတိ၊ သိမြင်တတ်၏။ ဣတိ၊ ထို့ကြောင့်။သမ္ဗောဓိ၊ သမ္ဗောဓိမည်၏။ လောကုတ္တရာ

မဂ်ဉာဏ်ကို ဆိုသည်။သမ္မောဓိယာ၊မဂ်ဉာဏ်၏။အင်္ဂေါ
အကြောင်း အင်္ဂါသည်။ သမ္ဗောဇ္ဈင်္ဂေါ၊ သမ္ဗောဇ္ဈင်
မည်၏။ ထို့ကြောင့် သင်္ဂါယနာတင် ရဟန္တာအရှင်
မြတ်တို့သည်—

သံသာရေသံသရန္တာနံ၊ သဗ္ဗဒုက္ခဝိနာသနေ။
သတ္တဓမ္မေစ ဗောဇ္ဈင်္ဂေ၊ မာရသေနာပ မဒ္ဒနေ။
ဗုဇ္ဈိတွာယေဣမေသတ္တာ၊ တိဘဝါမုတ္တကုတ္တမာ။
အဇာတိမဇရာဗျာဓိံ၊ အမတံနိဗ္ဘယံဂတာ။
ဟု ဟောတော်မူသည်။

သတိသမ္ဗောဇ္ဈင်၊ ဓမ္မဝိစယ သမ္ဗောဇ္ဈင်၊ ဝီရိယ
သမ္ဗောဇ္ဈင်၊ ပီတိသမ္ဗောဇ္ဈင်၊ပဿဒ္ဓိသမ္ဗောဇ္ဈင်၊သမာဓိ
သမ္ဗောဇ္ဈင်၊ ဥပေက္ခာ သမ္ဗောဇ္ဈင် အားဖြင့် ခုနစ်ပါး
တည်း။

သတိပဋ္ဌာန်၊ သတိန္ဒြေ၊ သတိဗိုလ်၊ သမ္မာဓိမဂ္ဂင်
ခေါ်သော သတိစေတသိက်သည်၊ သတိ သမ္ဗောဇ္ဈင်
မည်၏။

ဝိမံသိဒ္ဓိပါဒ်၊ ပညိန္ဒြေ၊ ပညာဗိုလ်၊ သမ္မာဒိဋ္ဌိမဂ္ဂင်
ခေါ်သော ပညာစေတသိက်သည် ဓမ္မဝိစယသမ္ဗောဇ္ဈင်
မည်၏။

ဒိဋ္ဌိဝိသုဒ္ဓိအစရှိသောပညာဝိသုဒ္ဓိငါးပါး၊အနုပဿနာ
ဉာဏ် သုံးပါး၊ဝိပဿနာဉာဏ်ဆယ်ပါးသည်၊ဓမ္မဝိစယ
သမ္ဗောဇ္ဈင် မည်၏လည်းဟူ။

ခန္ဓာငါးပါး၊ ရုပ်နာမ်တရားတို့ကို ဝိပဿနာဉာဏ်ဖြင့် အဖန်ဖန် ရှုမှုကို ဓမ္မဝိစယဆိုသည်။

သမ္မပ္ပဓာန်၊ ဝီရိယိဒ္ဓိပါဒ်၊ ဝီရိယိန္ဒြေ၊ ဝီရိယဗိုလ်၊ သမ္မာ ဝါယာမမဂ္ဂင်ခေါ်သော ဝီရိယ စေတသိက်သည် ဝီရိယ သမ္ဗောဇ္ဈင်မည်၏။

ကာယဂတာသတိစသော ဝိပဿနာတရား၊ ထင်မြင်မှု တိုးပွား၍ လာသောအခါ၊ ဝမ်းမြောက်ခြင်း နှစ်သက်ခြင်းသည်၊ ပီတိ သမ္ဗောဇ္ဈင်မည်၏။

ကိုယ်စိတ်နှစ်တန်၊ ပူပန်ခပ်သိမ်း၊ ကင်းငြိမ်းခြင်းသည် ပဿဒ္ဓိ၊ သမ္ဗောဇ္ဈင်မည်၏။ ကာယပဿဒ္ဓိ၊ စိတ္တပဿဒ္ဓိ စေတသိက်ပင်တည်း။

သမာဓိန္ဒြေ၊ သမာဓိဗိုလ်၊ သမာဓိမဂ္ဂင်ဟု ဆိုအပ်သော သမာဓိတရားသည် သမာဓိ သမ္ဗောဇ္ဈင်မည်၏။

သမထအရာ၊ စိတ္တဝိသုဒ္ဓိအရာ ဖြစ်သောပရိကမ္မသမာဓိ၊ ဥပစာရ သမာဓိ၊ သမာပတ် ရှစ်ပါးဟု ဆိုအပ်သော အပ္ပနာသမာဓိသည်လည်းကောင်း။ ပညာဝိသုဒ္ဓိအရာ ဖြစ်သောသုညတသမာဓိ၊ အနိမိတ္တသမာဓိ၊ အပ္ပဏိဟိတ သမာဓိသည်လည်းကောင်း။ သမာဓိသမ္ဗောဇ္ဈင် မည်၏ လည်းဟူ။

ဝိပဿနာဉာဏ်နှင့် ယှဉ်သော သမာဓိ၊ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ် နှင့် ယှဉ်သော သမာဓိကို၊ သုညတ သမာဓိ

စသည်ခေါ်၏။ကမ္မဋ္ဌာန်းအလုပ်မျိုးအချိုးအစားမကျ၍ ကြောင့်ကြ ဗျာပါရတို့ကား များစွာ ရှိကုန်၏။ အချိုး အစား ဟန်ရပန်ရ အကုန်ကျသောအခါ ကြောင့်ကြ ဗျာပါရ ကင်းရှင်းခြင်းဟူသော တကြမ္ဗျတ္တတာ စေ တသိက်သည် ဥပေက္ခာ သမ္ဗောဇ္ဈင်မည်၏။ အညီအမျှ အားရှိကြကုန်သော ဤသမ္ဗောဓိ အင်္ဂါခုနစ်ပါးနှင့်ပြည့် စုံသောအခါ၌၊ စကြာမင်းတို့၏အင်္ဂါ ရတနာခုနစ်ပါး နှင့် ပြည့်စုံသော လေးကျွန်းသနင်း စကြာမင်းကြီးသည် လူ့လောကတွင်အတုမရှိသောစည်းစိမ်ချမ်းသာကြီးကို ခံစား စံစား ရသကဲ့သို့၊ ထို့အတူ ဝိပဿနာ ခွင်သို့ ဝင်ကြသောယောဂီပုဂ္ဂိုလ်တို့သည်လည်း၊ဤသာသနာ တော်မြတ်ကြီး၏ စိုးပွားတွင် သုံးလောက၌ အတုမရှိ သမထ စည်းစိမ် မြတ်ကြီးကို၊ ခံစား စံစားကြလေ ကုန်၏။

ထို့ကြောင့်—

သတိသမ္ဗောဇ္ဈင်္ဂံ ဘာဝေတိ၊ဝိဝေကနိဿိတံ၊ဝိရာဂ နိဿိတံ၊နိရောဓနိဿိတံ ဝေါဿဂ္ဂပရိဏာမိံ။ လ၊ ဥပေက္ခာသမ္ဗောဇ္ဈင်္ဂံ ဘာဝေတိ၊ ဝိဝေကနိဿိတံ၊ ဝိရာဂနိဿိတံ၊ နိရောဓနိဿိတံ၊ ဝေါဿဂ္ဂပရိ ဏာမိံ။ ။ဟု ဟောတော်မူ၏။ (မဟာဗျူဟ် ဝိဘင်း ပါဠိတော်။ )

ဝိဝေကနိဿိတံ၊ သန်္ဓါရပလိဗောဓခပ်သိမ်း၊ ကင်း ငြိမ်းရာကိုမှီသော။ ဝိရာဂနိဿိတံ၊ ရာဂကင်းငြိမ်းရာကို မှီသော။နိရောဓနိဿိတံ၊ဝဋ်ဒုက္ခခပ်သိမ်းချုပ်ငြိမ်းရာကို မှီသော။ဝေါဿဂ္ဂပရိဏာမိံ၊ဥပဓိလေးပါးကို စွန့်ငြိမ်း ရာကို မှီသော။ သတိသမ္ဗောဇ္ဈင်္ဂံ၊သတိသမ္ဗောဇ္ဈင်ကို။ ဘာဝေတိ၊ပွားများ၏။

ဘဝသုံးဖြာ၌ သာယာခြင်းကို မပြုမူ၍၊ ယခုဘဝ၌ ပင်လျှင် သက္ကာယဒိဋ္ဌိ အပြီးတိုင် ချုပ်ငြိမ်းလို၍၊ ဝိဝဋ္ဋ ဖြစ်သည်ကို ဝိဝေကနိဿိတ၊ ဝိရာဂနိဿိတ၊ နိရောဓ နိဿိတ ဆိုသည်။ဗောဇ္ဈင်၊ သမ္ဗောဇ္ဈင်၊ သမ္ဗောဓိအင်္ဂါ ဆိုသည်မှာနည်းတူသာမှတ်ပါ။ထို့ကြောင့် လက်သန်း အဋ္ဌကထာ အရှင်အနုရုဒ္ဓါဆရာသည် ''အနိစ္စံခယဋ္ဌေန ဒုက္ခံ ဘယဋ္ဌေန,အနတ္တာအသာရကဋ္ဌေန'' ဟု မိန့်တော် မူ၏။(သင်္ဂြိုဟ်ပါဠိ။)ခယဋ္ဌေန၊ကုန်တတ်သော သဘော သို့ ရောက်ခြင်းကြောင့်။ အနိစ္စံ၊ အမြဲမရှိ။ ဘယဋ္ဌေန၊ ဘေးဟူသော အကြောင်းကြောင့်။ ဒုက္ခံ၊ ဆင်းရဲ၏။ အသာရကဋ္ဌေန၊ အတ္တ တည်းဟူသော အနှစ် မရှိခြင်း ကြောင့်။ အနတ္တာ၊ ကိုယ်မဟုတ်။ ။၎င်းအနက်။

**ပါဠိလျှောက် အဓိပ္ပါယ်မှာ။** ။'အနိစ္စံခယဋ္ဌေန' ဟူသည်ကား။ သတ္တောကာသ၊ သန်္ဓါရမှာ၊ ဇာတိ, အာဏာ, ဝိသယ ခေတ်သုံးဝ၌၊ သဝိညာဏက, အဝိညာဏက၊ ရှိသမျှဥဿုံ၊အလုံးစုံသည်၊ရွေ့တုံမဖြစ်၊

တဆစ်တရပ်၊ တစပ်တသင်း၊ နှမ်းအိုးကင်းထက်၊ နှမ်းစေ့ကျက်သို့၊ ချုပ်ပျက်ကျော့ကွဲသည့် ဖြစ်၍လည်း အမြဲမရှိ၊ ဤမမြဲသော သဘောမှတပါး အသီးအခြား၊ လူ့,နတ်, ဗြဟ္မာ, သတ္တဝါဟူ၍ သက်သက်မရှိ၊ ဘိတ်မရှိ၊ အလျှဉ်းမရှိ၊ စင်စင်ကြီး ကင်းရှင်းလှ၏။ ဤမမြဲသဲ့ သဘောရဲ့ကိုသာ လူ့,နတ်,ဗြဟ္မာ,သတ္တဝါဟု ထင်ရုံခါ မျှသာ ထင်မြင် ပြောဆိုကြရ၏။

''ဒုက္ခဘယဋ္ဌေန'' ဟူသည်ကား၊ ထိုဖြစ်ပျက်မှန်လှ၊ ရုပ်နာမ် သင်္ခါရတို့သည် မတည်တန့်နိုင်၊ ယိမ်းယိုင် ပိန်ခြောက်၊ သေပျောက်ချုပ်ခမ်း၍၊ မိတ်ကျွမ်းဝင်ဟန်၊ သေကြောင်းကြံသော ရန်သူအသွင်၊ ဘင်နှင့် ဥပါဒ်၊ ထပ်ထပ်နှိပ်စက်၊ သုံးချက်ဒုက္ခ၊ သံသာရ၏၊ မူလ ကြောင်းစ၊ သင်္ခါရပဝတ္တ၊ ဝဋ္ဋဒုက္ခ ဖြစ်ခြင်းကြောင့် ဆင်းရဲလည်း ဆင်းရဲလှပေ၏။ ။ဤ ဆင်းရဲလှသော သဘောမှတပါး အသီးအခြား၊ လူ့,နတ်,ဗြဟ္မာ၊သတ္တဝါ ဟူ၍ သက်သက်မရှိ၊ ဘိတ်မရှိ၊ အလျှဉ်းမရှိ၊ စင်စင်ကြီး ကင်းရှင်းလှ၏။ ဤဆင်းရဲသဲ့သဘောရဲ့ကိုသာ လူ့,နတ်, ဗြဟ္မာ၊ သတ္တဝါဟု ထင်ရုံခါမျှသာ ထင်မြင် ပြောဆို ကြရ၏။

''အနတ္တာအသာရကဋ္ဌေန''ဟူသည်ကား။ ထို ရုပ် နာမ်နှစ်ဖြာသည် အလိုမပါ၊ စိရင်ရာမပြီး၊ အချည်းနှီး မှန်လှ၊ ဓုဝ,သုဘ,သုခ,အတ္တ,ဟူသောသာရလေးလုံးမှ

ကင်းသုဉ်းသည် ဖြစ်၍လည်း ကိုယ်မဟုတ်။ ထို အနတ္တ သဘောမှတပါး၊ အသီး အခြား လူ, နတ်, ဗြဟ္မာ, သတ္တဝါဟူ၍ သက်သဲကမရှိ၊ ဘိတ်မရှိ၊ အလျှဉ်းမရှိ၊ စင်စင်ကြီး ကင်းရှင်းလှ၏။ ထိုကိုယ်မဟုတ်သဲ့သဘောရဲ့ ကိုသာ လူ, နတ်, ဗြဟ္မာ, သတ္တဝါဟု ထင်ရုံခါမျှသာ ထင်မြင် ပြောဆိုကြရ၏။

ဤသို့မမြဲ၊ဆင်းရဲစွာလှ၊စိုးမရသော၊ခေတ်စု,ခေတ်ခွဲ, ခေတ်မွှ,ခေတ်ယုတ်, ခေတ်ပုတ်, ခေတ်သိုး, ခေတ်ဆိုး, ခေတ်ညစ်သာဖြစ်၍၊စင်စစ်မှာ ဒုက္ခသစ္စာသာဖြစ်သော ဤလောက၌ လူ,နတ်,ဗြဟ္မာ, သတ္တဝါမရှိဟု၊ သိရမည့် အချက်၊ ရှိကြသည့်အတွက်က၊ ဖြစ်ပျက်မှန်လှ၊ ရပ်နာမ် သင်္ခါရ ပဝတ္တ၊ဝဋ်ဒုက္ခသဘောမျှ စင်စင်ကို မြင်ရမည် ဟူလိုသည်။ ဤကား၊ "အနိစ္စံခယဋ္ဌေန,ဒုက္ခံဘယဋ္ဌေန, အနတ္တာ အသာရကဋ္ဌေန" ဟူသော သင်္ဂြိုဟ်ပါဠိ၏ အဓိပ္ပါယ်တည်း။ ထို သင်္ဂြိုဟ်ကို ဘွင့်ဆိုတော်မူသော ဝိရိယကာံ၊ သူမဆံ၊ ဉာဏ်မတူကြ၊ သီလသမာ၊ ပညာ ဂုဏ်ထူး၊ကျေးဇူးထိုထို၊သီဟိုဠ်တိုင်တိုင်၊ ရခိုင်,တလိုင်း၊ တိုင်းတိုင်း ပြည်ပြည်၊ လယ်တီဘုရား၊ မြတ်တရားဟု၊ နားမှာစိမ့်စိမ့်၊ ကိုယ်လုံးအိမ့်၍၊ သိမ့်သိမ့်တုံခတ်၊ ပွဲတင် ထပ်မျှ၊နှံ့စပ်ဆူဆူ၊သီတင်းကျူလှိုင်၊မွေးကြိုင်တော်မူသော (ကျေးဇူးရှင်ဘုရား) ရေးသားတော်မူသော အနတ္တ ဝိဘာဝနာကို သိသာရုံမျှ ပြပါအံ့။

အနတ္တာ အသာရကဋ္ဌေနာတိ ဧတ္ထ နအတ္တာ အနတ္တာ၊ အသာရကဋ္ဌေနာတိ အသာရဘာဝေန၊ သာရောတိစ ဝဿသတံပိ ဝဿသဟဿံပိ၊ ယာဝဇီဝံ အဇီယျမာနော အမိယျမာနော သဘာဝေါ ဝုစ္စတိ။

သတ္တသင်္ခါနပရိယာပန္နံရူပံ သတ္တဿ သာရော နဟောတိ၊ခဏေ ခဏေ ဘိဇ္ဇနတော၊နဟိသတ္တော နာမ ခဏေခဏေဘိဇ္ဇတိ၊ရူပံပန ခဏေခဏေဘိဇ္ဇတေဝါတိ ဣတိရူပံ ခဏေ ခဏေ ဘိဇ္ဇန ဓမ္မတ္တာသတ္တဿသာရော နဟောတိ၊အသာရတ္တာစရူပံ သတ္တဿအတ္တာနဟောတိ အနတ္တာဧဝဟောတီတိ။

တတြာယံဒီပနာ၊ ယထာလောကေ ဒါရုပဗ္ဗောတိ ဝုတ္တေဒါရုသဒ္ဒေနပဗ္ဗဿ သာရံဒဿေတိ၊ဒါရုမယော ပဗ္ဗောဒါရု ပဗ္ဗောတိ ဒီပနတော၊ပဗ္ဗသဒ္ဒေန ဘာဇန ဇာတိ ဝိသေသံ ဒဿေတိ၊ ဒါရုမယာနံ အညဝတ္ထူနံ နိဝတ္တနတော၊နစေတ္ထ ဒါရုတော ပဗ္ဗော အညောတိဝါ အနညောတိဝါ ဝတ္တဗ္ဗော၊ ယဒိအညောတိ ဝဒေယျ၊ ဒါရုမှာ ဝိသုံကတွာ ပဗ္ဗော လဗ္ဘမာနော သိယာ၊ နစလဗ္ဘတိ၊ ဒါရုဝိကတိမတ္တတ္တာ အထ အနညောတိ ဝဒေယျ၊ ဒါရုတိဝုတ္တေ သဗ္ဗတ္ထပဗ္ဗော ဝိညာယေယျ၊ နစဝိညာယတိ၊ အပဗ္ဗာနံ ဒါရုမယာနံဝတ္ထူနံ ဝိဇ္ဇမာနတ္တာ၊အယမေတ္ထပဒသောဓနာ။

ဧတ္တာဝတာ ဒါရုသာရောပဗ္ဗော ဒါရုပဗ္ဗောတိတိ သိဒ္ဓေါဟောတိ၊ ယောစဓမ္မောယဿ ဓမ္မဿ သာရော ဟောတိ၊ သောဟေဝ တဿ အတ္တာနာမ၊ ဣတိ ဒါရု တဿ ပဗ္ဗဿ သာရဋ္ဌေန အတ္တာနာမာတိ ကတွာ ဒါရုမယော ပဗ္ဗော ဒါရုပဗ္ဗောတိ လောကေဝုစ္စတိ။ ဧသနယော မတ္တိကာပဗ္ဗ၊ သိလာပဗ္ဗ၊ အယောပဗ္ဗ၊ လောဟပဗ္ဗ ရဇတပဗ္ဗ၊ သုဝဏ္ဏပဗ္ဗ၊ မဏိပဗ္ဗေသု။ ဧဝမေဝံ အယံသဗ္ဗော ရူပသာရော, ဝေဒနာသာရော, သညာသာရော, သင်္ခါရသာရော, ဝိညာဏသာရောတိ ကတွာ ရူပါဒယော ပဉ္စက္ခန္ဓဓမ္မာ သတ္တဿအတ္တာနာမ ဟောန္တိ။

ယာဝစ တေ ဓမ္မာဇီဝန္တိ၊တာဝ သတ္တာဝဿသတံပိ ဝဿသဟဿံပိဇီဝန္တိ၊ ယာဝစ သတ္တာဇီဝန္တိ၊ တာဝတေဓမ္မာ ဝဿသတံပိ ဝဿသဟဿံပိ ဇီဝန္တိ မိစ္ဆာဒဿနံ။ တေသံ ဓမ္မာနံ ခဏေ ခဏေ ခယဝယဘေဒံ ပစ္စက္ခတော ပဿန္တဿ ပန တေသံ သတ္တဿ အသာရဘာဝေါ အနတ္တဘာဝေါစ သုဋ္ဌု ဝိဒိတော ဟောတိ၊ သတ္တ ပုဂ္ဂလ အတ္တဇီဝါနဉ္စ သမ္ဘသော နတ္ထိဘာဝေါ သုဋ္ဌုဝိဒိတော ဟောတိ။ ဣဒံသမ္မာဒဿနံ။ ။ဟု ဘွင့်ဆိုတော်မူ၏။ (အနတ္တဝိဘာဝနာပါဠိ)

**အနက်ကား။** ။အနတ္တာ အသာရကဋ္ဌေနာတိဧတ္ထ၊ အနတ္တာအသာရကဋ္ဌေန ဟူသော ဤစကား၌။ အတ္တာ၊ သတ္တဝါတို့၏ အတွံ့သည်။ ဝါ၊ သတ္တဝါတို့၏ကိုယ်သည်။ န၊ မဟုတ်။ ဣတိ၊ ထို့ကြောင့်။ အနတ္တာ၊ အနတ္တမည်၏။ အနတ္တာ၊ သတ္တဝါတို့၏ အတ္တမဟုတ်။ ဝါ၊ သတ္တဝါတို့၏ ကိုယ်မဟုတ်။ အသာရကဋ္ဌေနာတိ၊ အသာရကဋ္ဌေန ဟူသည်ကား။ အ သ ာ ရ ဘ ာ ဝ ေ န ၊ အနှစ် အမာမျိုး မဟုတ်သည်၏ အဖြစ်ကြောင့်။ ။စ၊ ဆ က် ၍ ပြဆိုအံ့။ သာရောတိ၊ သာရ ဟူသည်ကား။ ဝဿသတံပိ၊ အနှစ် တရာ ပတ်လုံးလည်းကောင်း။ ဝဿသဟဿံပိ၊ အနှစ် တထောင် ပတ်လုံးလည်းကောင်း။ ယာဝဇီဝံ၊ အသက် ရှည်သမျှ ကာ လ ပ တ် လုံး ။ အဇိယျမာနော၊ မရင့် မရော်သော။ အမိယျမာနော၊ မသေ မပျောက်သော။ သဘာဝေါ၊ နိစ္စသဘောကို။ ဝုစ္စတိ၊ ဆိုအပ်၏။ သတ္တ သန္တာနပရိယာပန္နံ၊ သ တ္တ ဝ ါ ၏ သန္တာန်၌ အကြုံး ဝင်သော။ ရုပံ၊ ရုပ်တရားစုသည်။ သတ္တဿ၊ သတ္တဝါ၏။ သာရော၊ အမာခံအထယ်ခံဖြစ်သောအနှစ်အသားသည် န ဟ ော တိ ၊ မဟုတ်။ ကသ္မာ၊ အဘယ့်ကြောင့်နည်း ဆိုသော်။ ခ ဏေ ခ ဏေ ၊ ခ ဏ တိုင် း ခဏတိုင်း၌ ဘိဇ္ဇနတော၊ ပျက်ခြင်းကြောင့်တည်း။ ဟိသစ္စံ၊ မှန်၏။ သ ေ တ္တ ာ န ာ မ ၊ သတ္တဝါ မည်သည်။ ခဏေ ခဏေ၊ ခဏတိုင်း ခဏတိုင်း၌။ နဘိဇ္ဇတိ၊ ပျက်ရိုးမရှိ။ ရုပံပန၊

ရုပ်တရားစုသည်မှုကား။ ခဏေ ခဏေ၊ ခဏတိုင်း ခဏ
တိုင်း၌။ ဘိဇ္ဇတေ၀၊ အမြဲပျက်သည် သာလျှင်တည်း။
ဣတိ၊ ဤကား သတ္တ၀ါအလား, ရုပ်အလား တခြား
တလမ်းစီ နေ့ကြပုံတည်း။ ဣတိ၊ ဤသို့လျှင်။ ရူပံ၊ ရုပ်
တရားစုသည်။ ခဏေ ခဏေ၊ ခဏတိုင်း ခဏတိုင်း၌။
ဘိဇ္ဇနဓမ္မတ္တာ၊ အမြဲ ပျက်စီးခြင်း သဘော ရှိသည်၏
အဖြစ်ကြောင့်။ သတ္တဿ၊ သတ္တ၀ါ၏။ သာရော၊ အမာခံ
အထယ်ခံ အနှစ် အသားသည်။ န ဟောတိ၊ မဟုတ်။
အသာရတ္တာစ၊ အနှစ် အမာမျိုး မဟုတ်သည်၏ အဖြစ်
ကြောင့်လည်း။ ရူပံ၊ ရုပ်တရားစုသည်။ သတ္တဿ၊ သတ္တ၀ါ
၏။ အတ္တာ၊ အမာခံ အထယ်ခံဖြစ်သောကိုယ် မည်သည်။
န ဟောတိ၊ မဟုတ်။ အနတ္တာဧ၀၊ အနတ္တသည်သာလျှင်။
ဟောတိ၊ ဖြစ်၏။ ဣတိ၊ ဤကား အနတ္တာအသာရကဋ္ဌေန
ဟူသော ပုဒ်၏အနက်တည်း။

တတြ၊ ထိုအကျဉ်းဖြစ်သော အနက်၌။ အယံ၊ ဤ
ဆိုလတံ့ သည်ကား။ ဒီပနာ၊ အကျယ် ပြချက်တည်း။
ယထာ၊ ဥပမာကား။ လောကေ၊ လောက၌။ ဒါရု
ပတ္တောတိ၊ သစ်သားခွက်ဟူ၍။ ဝါ၊ သစ်သား သပိတ်
ဟူ၍၊ ဝုတ္တေ၊ ဆိုကြရာ၌။ ဒါရုသဒ္ဒေန၊ ဒါရုသဒ္ဒါဖြင့်။
ပတ္တဿ၊ ခွက်၏။ သာရံ၊ အမာခံဖြစ်သော အသားကို။
ဒဿေတိ၊ ပြဆို၏။ ကသ္မာ၊ အဘယ့်ကြောင့် နည်း

ဆိုသော်။ ဒါရုမယော၊ သစ်သားဖြင့်ပြီးသော။ ပဗ္ဗော၊ ခွက်တည်း။ ဒါရုပဗ္ဗော၊ သစ်သားဖြင့် ပြီးသောခွက်။ ဇာတိဒီပနတော၊ ဤသို့သော အနက်ကို ဒါရုသဒ္ဒါဖြင့် ပြခြင်းကြောင့်တည်း။

ဒါရုသဒ္ဒါကို ကြားရသဖြင့် ဤခွက်ကား ရွှေသားခွက် မဟုတ်၊ ငွေသားခွက် မဟုတ်၊ သစ်သားခွက်တည်းဟု ခွက်၏အမာခံအသားကို သိရသောကြောင့်၊ဒါရု သဒ္ဒါဖြင့် ခွက်၏သာရကို ပြသည်ဟူလို။ဤသာရမျိုးကိုလည်း လောက၌ အသားဟူ၍ ခေါ်သည်။

ပတ္တသဒ္ဒေန၊ ပတ္တသဒ္ဒါဖြင့်။ဘာဇနဇာတိဝိသေသံ၊ ခွက်မျိုးအထူးကို။ ဒဿေတိ၊ ပြ၏။ ကသ္မာ၊ အဘယ့်ကြောင့်နည်းဆိုသော်။ ဒါရုမယာနံ၊ သစ်သားဖြင့် ပြီးကုန်သော။ အညဝတ္ထူနံ၊ ခုတင်ညောင်စောင်း စသော ဝတ္ထုတို့ကို။ နိဝတ္တနတော၊ နစ်စေသောကြောင့်တည်း။

ဒါရုဟူ၍သာ ဆိုခဲ့လျှင် ခုတင်ညောင်စောင်း စသည်တို့နှင့်လည်းဆိုင်၏။ပတ္တဟုလျှင် ထိုဝတ္ထုတို့နှင့်မဆိုင်ပြီ။ ထို့ကြောင့် ပတ္တသဒ္ဒါဖြင့် ခွက်ဟူသော သဏ္ဌာန်အထူးကို ပြသည်ဟူလို။ ။ပတ္တသဒ္ဒါကား၊ ထိုခွက်၏ အသားကို ပြသောသဒ္ဒါမဟုတ်။ခွက်ဟူသော သဏ္ဌာန်အထူးကိုသာ ပြသည်။ ဒါရုသဒ္ဒါသည်သာလျှင် ထိုခွက်၏ အသားကို ပြသည်ဟု သဒ္ဒါနှစ်ပါး၊ အနက်နှစ်ပါး၊ ခြားနားချက်တည်း။

စ၊ ဆက်ဦးအံ့။ ဧတ္တေ၊ ဤဒါရုပတ္တ၌။ ပတ္တော၊ ခွက်သဏ္ဌာန်ကို။ ဒါရုတော၊ သစ်သားမှ။ အညောတိဝါ၊ တခြား ဟူ၍လည်းကောင်း။ အနညောတိဝါ၊ တခြား မဟုတ် ဟူ၍လည်းကောင်း။ န ဝတ္တဗ္ဗော၊ မဆိုသင့်။ အညောတိ၊သစ်သားတခြား ခွက်သဏ္ဌာန် တခြားဟူ၍ ယဒိဝဒေယျ၊ အကယ်၍ ဆိုငြားအံ့။ ဒါရုမှာ၊ ထိုခွက်၌ ရှိသော သစ်သားမှ။ ဝိသုံကတွာ၊ အသီး အခြား ပြု၍။ ပတ္တော၊ ခွက်ကို။ လဒ္ဓမာနော၊ ရအပ်သည်။ သိယာ၊ ဖြစ်ရာ၏။ နစလဒ္ဓတိ၊ အသီးအခြား ရအပ်သည်လည်း မဟုတ်။ ကသ္မာ၊ အဘယ့်ကြောင့်နည်း ဆိုသော်။ ဒါရုဝိကတိမတ္တတ္တာ၊သစ်သား၏တည်ပုံ အမူအရာထူးမျှသာ ဖြစ်သောကြောင့်တည်း။

အသီးအခြား ဆိုခဲ့သော်၊ သစ်သားမှာလည်း သူ့ ဓာတ်နှင့်သူ၊ခွက်မှာလည်း သူ့ဓာတ်နှင့်သူဖြစ်ကြရာ၏။ ထိုသို့ကား မဟုတ် သစ်သားခွက်ဟူသည် ပြုပြင်၍ ထားအပ်သော သစ်သား၏ သဏ္ဌာန် အထူးမျှသာ ဖြစ်၏။ ထို့ကြောင့် သစ်သားတခြား ခွက်တခြား မဆိုသင့်-ဟူလို။

အနညောတိ၊ တခြားစိမဟုတ်ဟူ၍။ အထဝဒေယျ၊ အကယ်၍ဆိုငြားအံ့။ ဒါရုတိ၊ သစ်သားဟူ၍။ ဝုတ္တေ၊ ဆိုခဲ့သည်ရှိသော်။ သဗ္ဗတ္ထ၊ အလုံးစုံသော အရာတို့၌။

ပဇ္ဇောခွက်ကို။ ဝိညာယေယျ၊ သိအပ်ရာ၏။ နစဝိညာယတိ၊ သိလည်းမသိအပ်။ ကသ္မာ၊ အဘယ့်ကြောင့်နည်းဆိုသော်။ အပဇ္ဇာနံ၊ ခွက်မှ တပါးကုန်သော။ ဒါရုမယာနံ၊ သစ်သားဖြင့် ပြီးကုန်သော။ ဝဋ္ဋိနံ၊ ခုတင်ညောင်စောင်း အစရှိသော ဝဋ္ဋိတို့၏။ ဝိဇ္ဇမာနတ္တာ၊ ထင်လျှား ရှိပြန်သောကြောင့်တည်း။အဓိပ္ပါယ်လွှယ်ပြီ။ အယံ၊ ဤသည်ကား။ ဧတ္ထ၊ ဤဒါရုပဇ္ဇောဟူသော ပုဒ်နှစ်ခု၌။ ပဒသောဓနာ၊ ပုဒ်အနက်သွားခြင်း ရှင်းလင်းခဏ်းတည်း။

ဧတ္ထဝတာ၊ ဤမျှသော ရှင်းလင်းချက်ဖြင့်။ ဒါရုသာရော၊သစ်လျှင် အနှစ်အသားရှိသော။ ပဇ္ဇော၊ ခွက်သဏ္ဍာန်ကို။ ဒါရုပဇ္ဇောတိ၊ သစ်ခွက်ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ ဣတိ အတ္ထော၊ ဤသို့သော အနက်သည်၊ သိဒ္ဓေါ၊ထင်ရှားသည်။ ဟောတိ၊ဖြစ်၏။ ယောစဓမ္မော၊ အကြင်တရားသည်။ ယဿဓမ္မဿ၊အကြင်အမှီတရား၏ သာရော၊အနှစ်အသားဟူသောအမာခံသည်။ဟောတိ၊ ဖြစ်၏။သောယေဝ၊ ထိုအနှစ်အသား အမာခံဖြစ်သော တရားသည်သာလျှင်။ တဿ၊ ထိုအမှီတရား၏။ အတ္တာနာမ၊အတ္တမည်၏။ကိုယ်မည်၏။ဣတိ၊ထို့ကြောင့်။ဒါရု၊ သစ်သားသည်။ တဿပဇ္ဇဿ၊ ထိုခွက်၏။ သာရဋ္ဌေန၊ အနှစ်အသား ဖြစ်သောကြောင့်။ အတ္တာနာမ ခွက်၏ အတ္တမည်၏။ ခွက်၏ကိုယ်မည်၏။ ဣတိကတွာ၊ ဤသို့

အကြောင်းပြ၍။ ဒါရုမယော၊သစ်သားအတိ ပြီးသော။ ပဗ္ဗော၊ခွက်ကို။ ဒါရုပဗ္ဗောတိ၊ ဒါရုပတ္တဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ မတ္တိကာပတ္တ၊မြေခွက်။ သီလာပတ္တ၊ကျောက် ခွက်။ အယောပတ္တ၊ သံခွက်။ လောဟပတ္တ၊ ကြေးခွက်။ ရဇတပတ္တ၊ငွေခွက်။သုဝဏ္ဏပတ္တ၊ရွှေခွက်။မဏိပတ္တသု၊ ပတ္တမြား ခွက်တို့၌လည်း၊ ဧသနယော၊ဤသစ်သားခွက် အတူပင်တည်း။

မြေကိုပြုလုပ်သောခွက်၌ မြေသည် ထိုခွက်၏အသား ဖြစ်၍၊ ထိုခွက်၏ အတ္တမည်၏။ ကိုယ်မည်၏ စသည်ဖြင့် ဆိုလေ။ အတ္တ ခေါ်ပုံကို ထင်ရှားအောင် ပြသော ဥပမာစု ပေတည်း။ ရူပ ကာယ, နာမ ကာယ ဟူရာ၌၊ ကာယသဒ္ဒါ၏အနက်ဖြစ်သော၊ကိုယ်ဟူသော ဝေါဟာ ရသည်မှုကား - အနှစ်သာရ ဟူသော အနက်သွားမျိုး မဟုတ်၊ အပေါင်းဟူသော အနက်သွားမျိုး ပေတည်း။ အနတ္တာ ကိုယ်မဟုတ်ဆိုရာ၌၊ ထို ကိုယ် ကိုယ်မဟုတ်ဟု ဆိုလိုသည် မဟုတ်။ ထို ကိုယ်ကား သမူဟတည်း။ လူ အပေါင်းကို ဇနကာယ ခေါ်သည်။ နတ်အပေါင်းကို ဒေဝကာယ ခေါ်သည်။ ရုပ်အပေါင်းကို ရူပကာယ ခေါ်သည်။ နာမ်အပေါင်းကို နာမကာယခေါ်သည်။ အဟုတ်အမှန်ပင်တည်း။ရုပ်သည် ပုဂ္ဂိုလ်၏အတ္တတည်း။ ပုဂ္ဂိုလ်၏ အနှစ်အသားတည်း။ ပုဂ္ဂိုလ်၏ ကိုယ်တည်း။ အမာခံတည်း။ အထည်ခံတည်း။ ရောတည်တည်း ဟု

စွဲလမ်းကြသော ကိုယ်သည် သာလျှင် မဟုတ် မမှန် ဖြစ် သတည်း။ ဤကား အတ္တ၏ အနက်သွားကို ထင်လျှား အောင်ပြဆိုသော ဥပမာ့စကားရပ်တည်း။

ဧဝမေဝံ၊ ဤဥပမာ စုတို့နှင့် တူစွာသာလျှင်။ အယံ သတ္တော။ ဤသတ္တဝါ အပေါင်းသည်။ ရူပ သာရော၊ ခက်မာမှု, ဘွဲ့စေးမှု,အစရှိသော ရုပ်တရားလျှင် အနှစ် အသားရှိ၏။ ဝေဒနာ သာရော၊ ဆင်းရဲမှု ချမ်းသာမှု ခံစားမှု,စံစားမှုဟူသောဝေဒနာလျှင် အနှစ်အသားရှိ၏ သညာသာရော၊ သိမှု, မှတ်မှု, တတ်မှု,လိမ္မာမှုဟူသော သညာလျှင် အနှစ်အသားရှိ၏။ သင်္ခါရသာရော၊ ကိုယ် အင်္ဂါ ပြုပြင်မှု, နှုတ် အင်္ဂါ ပြုပြင်မှု, စိတ်အင်္ဂါ ပြုပြင်မှု ဟူသော စေတနာလျှင် အနှစ် သာရ ရှိ၏။ ဝိညာဏ သာရော၊ မြင်မှု, ကြားမှုနံမှု, လျက်မှု, တွေ့ထိ မှန်းသိမှု, အထွေထွေအလာလာကြံဘန်မှုဟူသော ဝိညာဏ်လျှင် အနှစ် အသားရှိ၏။ ဣတိကတွာ၊ ဤသို့ အနှစ်သာရဟု နှလုံးပြု၍။ ရူပဒယော၊ ရုပ်အစရှိကုန်သော။ ပဥ္စက္ခန္ဓဓမ္မာ၊ ငါးပါးသောခန္ဓာတရားတို့သည်။ သတ္တဿ၊ သတ္တဝါ၏။ အတ္တာနာမ၊ ကိုယ်မည်ကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

ယာဝစ၊ အကြင်မျှလောက်သော ကာလပတ်လုံး။ တေဓမ္မာ၊ ထိုခန္ဓာငါးပါးတရားတို့သည်။ ဇီဝန္တိ၊ မချုပ် မပျက် အသက်ရှည်ခါ တည်နေကုန်၏။ တာဝ၊ ထိုမျှ

လောက်သောကာလပတ်လုံး။သတ္တာ၊သတ္တဝါတို့သည်။ ဝဿသတံပိ၊အနှစ်တရာပတ်လုံးငင်း။ဝဿသဟဿံပိ၊ အနှစ်တထောင့် ပတ်လုံးငင်း။ ဇီဝန္တိ၊ အသက်ရှည်ကြကုန်၏။ယာဝ၀စ၊အကြင်မျှလောက်သောကာလပတ်လုံး လည်း။ သတ္တာ၊ သတ္တဝါတို့သည်။ ဇီဝန္တိ၊ အသက်ရှည်ကုန်၏။ တာဝ၊ထိုမျှလောက်သော ကာလပတ်လုံး။ တေခန္ဓာ၊ထိုခန္ဓာငါးပါး တရားတို့သည်။ ဝဿသတံပိ၊ အနှစ်တရာ တိုင်အောင်ငင်း။ ဝဿသဟဿံပိ၊ အနှစ်တထောင်တိုင် အောင်ငင်း။ဇီဝန္တိ၊အသက်ရှည်ကုန်၏။ ဣတိ ဣဒံ၊ ဤသို့ မြင်ခြင်း, ယူခြင်းသည်။ မိစ္ဆာဒဿနံ၊ မှောက်မှားသော အတ္တဒိဋ္ဌိ အမြင်ပေတည်း။

လောက၌ သစ်သားခွက် စသည်တို့၌ သစ်သား စသည်တို့သည် သာလျှင် ခွက်၏ အနှစ်သာရ အတ္တ ကိုယ်ထည် ဖြစ်ပေရကား။ သစ်သား မြေ့ကျောက်,ရွှေ, ငွေ,ပတ္တမြားတို့ အသက်ရှည်သမျှ၊ ခိုင်ခန့်စွာ တည်နေ သမျှ ကာလပတ်လုံး ခွက်သည် အသက်ရှည်သကဲ့သို့။ ထို့အတူခန္ဓာငါးပါးတို့သည် သတ္တဝါတို့၏အနှစ်သာရ အတ္တကိုယ်ထည် ဖြစ်ပေရကား။ ခန္ဓာငါးပါးတို့ မချုပ် မပျက် အသက်ရှည်သမျှ ကာလပတ်လုံး သတ္တဝါတို့၏ အသက် ရှည်ကြကုန်၏ ဟူသော အထင်အမြင် အစွဲ အလမ်းကြီးသည် အတ္တဒိဋ္ဌိမည်၏။ သက္ကာယဒိဋ္ဌိမည်၏၊ ဟူလိုသည်။ ။

တေသံ ဓမ္မာနံ၊ထိုခက်မာမှု၊ဖွဲ့စေးမှု,အစရှိကုန်သော ခန္ဓာငါးပါး ရုပ်နာမ်တရားတို့၏ ခဏေ ခဏေ၊ ခဏ တိုင်း ခဏတိုင်း၌။ခယဝယ ဘေဒံ၊ကုန်ခန်းခြင်း,ကွယ် ပျောက်ခြင်း, ပျက်စီးခြင်းကို။ ပစ္စက္ခတော၊ ဒိဋ္ဌပစ္စက္ခ အားဖြင့်။ပဿန္တဿပန၊ မြင်နိုင်သော ပညာရှိ သူမြတ် အားကား။ တေသံ၊ ထို ခန္ဓာငါးပါးတို့၏။ သတ္တဿ၊ သတ္တဝါ၏။ အသာရဘာဝေါစ၊ အနှစ်အသား မဟုတ် သည်၏ အဖြစ်သည်၎င်း။ အနတ္တဘာဝေါစ၊ကိုယ်ထည် မဟုတ်သည်၏ အဖြစ်သည်၎င်း။ သုဋ္ဌု၊ ကောင်းစွာ။ ဝိဒိတော၊ထင်လင်းသည်။ဟောတိ၊ဖြစ်၏။ သတ္တ,ပုဂ္ဂလ, အတ္တ,ဇီဝါနဉ္စ၊ သတ္တဝါ,ပုဂ္ဂိုလ်,အတ္တ,ဇီဝတို့၏လည်း။ သဗ္ဗသော၊ အချင်းခပ်သိမ်း။ နတ္ထိဘာဝေါ၊ မရှိသည်၏ အဖြစ်သည်။ သုဋ္ဌု၊ ကောင်းစွာ။ ဝိဒိတော၊ ထင်လင်း သည်။ ဟောတိ၊ဖြစ်၏။ ဣဒံ၊ဤသည်ကား။ သမ္မဒဿနံ၊ ဝိပဿနာ သမ္မာဒိဋ္ဌိဉာဏ်အမြင်ပေတည်း။

**လိုရင်းကား။** ။ဤလောက၌သစ်သားခွက်,မြေခွက်, ကျောက်ခွက်, သံခွက်, ကြေးခွက်, ငွေခွက်, ရွှေခွက်, ပတ္တမြားခွက်အားဖြင့် အစားစား ရှိ၏။ ထိုစကား၌ သစ်သားဖြင့် ပြုလုပ်သောခွက်ကို သစ်သားခွက် ဟူ၍ ဆိုအပ်၏။ဤအတူမြေခွက်,ကျောက်ခွက်,သံခွက်စသည် တို့ကိုလည်း ဆိုအပ်၏။ သစ်သားခွက်၌ ခွက်ဟူသော

ဝေါဟာရ ပဏ္ဏတ္တိသဒ္ဒါသည် ခွက်၏ ပုံဟန် သဏ္ဌာန်မျှကိုသာ ပြနိုင်၏။ အသားရင်း အထည်ကိုယ်၊ အမျိုးမှန်မမှန်၊ အဘိုးတန် မတန်ကိုကား ထိုခွက်ဟူသော ဝေါဟာရပဏ္ဏတ္တိသဒ္ဒါက မပြနိုင်။ အမျိုးမှန်မမှန်၊ အဘိုးတန်မတန်ကိုကား သစ်သားဟူသော ဒါရုသဒ္ဒါကို ကြားမှသာလျှင် ခွက်၏အမျိုးမှန်-မမှန်၊ အဘိုးတန် မတန်ကိုသိနိုင်ကုန်၏။ သစ်ခွက်၌ သစ်သားသည် ခွက်ဟူသောပုံဟန်သဏ္ဌာန်အထူး၏တည်ရာဝတ္ထုရင်းအထည်ကိုယ်ဖြစ်၏။ ဤသစ်သားမှတပါး အသီးအခြား ခွက်ဟူ၍သက်သက်မရှိ၊ ဘိတ်မရှိ၊ အလျှဉ်းမရှိ၊ ဤခွက်ဟူသောပုံဟန်သဏ္ဌာန်၏ တည်ရာဖြစ်သော သစ်သားကိုသာလျှင် ခွက်ဟူ၍ ဆိုအပ်၏။ ။သတိမူပါ။

ဤသစ်သားသည် အကြင်မျှလောက် ခိုင်ခန့်၏။ ထိုမျှလောက် ခွက်သည်လည်း ခိုင်ခန့်၏။ ဤသစ်ခွက်သည် သစ်သားအားလျော်စွာ အဘိုးတန်၏၊ ဂုဏ်ရှိ၏။ အသုံးဝင်၏ဟု သိအပ်၏။ မြေခွက်, ကျောက်ခွက်, သံခွက်, စသည်တို့မှာလည်း ဤနည်းအတူသာ မှတ်ပါ။ အကြင်သူသည် သစ်သားကိုပြုလုပ်သော သစ်သားခွက်၌ ခွက်ဟူသော ပုံ ဟ န် သ ဏ္ဌ ာ န် အထူး၏ တည်ရာဖြစ်သော သစ်သားကို မူကား သိမြင်ကြကုန်၏။ ဤ သစ်သား၏ တည်ရာဝတ္ထုရင်း၊ အထည်ကိုယ်ဖြစ်သော အဋ္ဌကလာပ်ရုပ်ခေတ် တရားတို့ကိုကား မသိ မမြင်ကြကုန်။ သိမြင်

ရမည်ကား ပထဝီ,အာပေါ, တေဇော,ဝါယော,ဝဏ္ဏ, ဂန္ဓ,ရသ,ဩဇာဟူသော အဋ္ဌကလာပ ရုပ်ခတ်တရား တို့သည် ဤသစ်သား၏တည်ရာ ဝတ္ထုရင်းအထည်ကိုယ် ဖြစ်၏။ထိုအဋ္ဌကလာပ်ရုပ်ခတ်တရားမှတပါးအသီးအ ခြားသစ်သားဟူ၍သက်သက်မရှိ၊ဘိတ်မရှိ၊အလျှဉ်းမရှိ၊ ဤသစ်သား၏တည်ရာဖြစ်သော အဋ္ဌကလာပ ရုပ်ခတ် တရားတို့ကိုသာလျှင် သစ်သားဟူ၍ ဆိုအပ်၏။ ဤအဋ္ဌ ကလာပ ရုပ်ခတ် တရားတို့သည် အကြင်မျှလောက် ခိုင်ခန့်၏။ ထိုမျှလောက် သစ်သားသည် ခိုင့်ခန့်၏ဟု သိအပ်၏။

ထို့တူမခြား ခန္ဓာငါးပါး၊ ရုပ်နာမ်တရားဖြင့် ပြီးသော သတ္တဝါများသည် ဤခန္ဓာငါးပါး ရုပ်နာမ် တရားတို့သည်သာလျှင် အထည်ကိုယ်ဝတ္ထုရင်းဖြစ်၏။ ဤခန္ဓာငါးပါး ရုပ်နာမ်တရားမှတပါး၊ အသီးအခြား လူ,နတ်,ဗြဟ္မာ,သတ္တဝါဟူ၍ သက်သက်မရှိ၊ ဘိတ်မရှိ၊ အလျှဉ်းမရှိ စင်စင်ကြီး ကင်းရှင်းလှ၏။ ဤခန္ဓာငါးပါး ရုပ်နာမ်တရားတို့ကိုသာလျှင် လူ,နတ်,ဗြဟ္မာ,သတ္တဝါဟု ထင်ရုံခါမျှသာ ထင်မြင်ပြောဆိုကြရ၏။ယခုပြဆိုခဲ့သည့် အချက်သစ်သားခွက် ပမာဏ၌ ခွက်ဟူသောဝေါဟာရ နှင့် လူ,နတ်, ဗြဟ္မာ, သတ္တဝါတူ၏။ သစ်သား ဟူသော ဝေါဟာရစကားနှင့် ရူပက္ခန္ဓာတရားတူ၏။ ဤအရာမှာ အဋ္ဌကလာပ်ရုပ်ခတ်တရားအသက်ရှည်သမျှရူပက္ခန္ဓာ

လည်းအသက်ရှည်သည်မှန်၏။ဤရူပက္ခန္ဓာအသက်ရှည်သမျှမှာ သတ္တဝါအသက်ရှည်သည်ဟု ထင်လျှင် မှား၏။ အတ္တဒိဋ္ဌိ၊ သက္ကာယဒိဋ္ဌိ ဖြစ်၏။ အဘယ့်ကြောင့်နည်းဆိုလျှင် ပင်ကိုယ်ရင်း သဘောပကတိကိုက သတ္တဝါမရှိသည်ကိုပင် သတ္တဝါဟု အထင့်စွဲလွဲခြင်းကြောင့်တည်း။ များများကြီး သတိထားပါ။

**ထင်ရှားစေဦးအံ့။** ။ဤသတ္တဝါများသည် ရေမြုပ်စိုင် ရေမြုပ်ခဲနှင့် တူသော ဤရူပက္ခန္ဓာ တရားသည်သာလျှင် အထည်ကိုယ် ဝတ္ထုရင်းဖြစ်၏။ ဤရူပက္ခန္ဓာတရားမှတပါး အသီးအခြား လူ,နတ်,ဗြဟ္မာ, သတ္တဝါဟူ၍ သက်သက်မရှိ၊ ဘိတ်မရှိ၊ အလျဉ်းမရှိ၊ စင်စင်ကြီးကင်းရှင်းလှ၏။ဤရူပက္ခန္ဓာတရားကိုသာလျှင် လူ,နတ်, ဗြဟ္မာ, သတ္တဝါဟု ထင်ရုံခါမျှသာ ထင်မြင် ပြောဆိုကြရ၏။ ။သတိမူပါ။

ဤသတ္တဝါများသည်ရေပွက်နှင့်တူသောဝေဒနာက္ခန္ဓာတရားသည်သာလျှင် အထည်ကိုယ် ဝတ္ထုရင်းဖြစ်၏။ ဤဝေဒနာက္ခန္ဓာတရားမှတပါး အသီးအခြား လူ,နတ် ဗြဟ္မာ, သတ္တဝါဟူ၍ သက်သက်မရှိ၊ ဘိတ်မရှိ၊အလျဉ်းမရှိ၊ စင်စင်ကြီး ကင်းရှင်းလှ၏။ ဤဝေဒနာက္ခန္ဓာတရားကိုသာလျှင် လူ,နတ်,ဗြဟ္မာ,သတ္တဝါဟု ထင်ရုံခါမျှသာ ထင်မြင် ပြောဆိုကြရ၏။

ဤသတ္တဝါများသည်တံလျှပ်နှင့်တူသော သညာက္ခန္ဓာ တရားသည်သာလျှင် အထည်ကိုယ် ဝတ္ထုရင်းဖြစ်၏။ ဤသညာက္ခန္ဓာ တရားမှတပါး အသီးအခြား လူ နတ်, ဗြဟ္မာ, သတ္တဝါဟူ၍သက်သက်မရှိ၊ဘိတ်မရှိ၊အလျှဉ်းမရှိ စင်စင်ကြီး ကင်းရှင်းလှ၏။ ဤသညာက္ခန္ဓာ တရားကို သာလျှင် လူ, နတ်, ဗြဟ္မာ, သတ္တဝါဟု ထင်ရုံခါမျှသာ ထင်မြင် ပြောဆိုကြရ၏။

ဤသတ္တဝါများသည် ငှက်ပျောတုံးနှင့် တူသော သင်္ခါရက္ခန္ဓာ တရားတို့သည် သာလျှင် အထည်ကိုယ် ဝတ္ထုရင်းဖြစ်၏။ဤသင်္ခါရက္ခန္ဓာတရားတို့မှတပါးအသီး အခြား လူ, နတ်, ဗြဟ္မာ, သတ္တဝါဟူ၍ သက်သက်မရှိ၊ ဘိတ်မရှိ၊ အလျှဉ်းမရှိ၊ စင်စင်ကြီး ကင်းရှင်း လှ၏။ ဤသင်္ခါရက္ခန္ဓာ တရားတို့ကိုသာလျှင် လူ, နတ်, ဗြဟ္မာ, သတ္တဝါဟု ထင်ရုံခါမျှသာ ထင်မြင် ပြောဆို ကြရ၏။ သတိမူပါ။

ဤသတ္တဝါများသည် မျက်လှည့်ရုပ်နှင့် တူသော ဝိညာဏက္ခန္ဓာ တရားသည် သာလျှင် အထည်ကိုယ် ဝတ္ထုရင်းဖြစ်၏။ဤဝိညာဏက္ခန္ဓာတရားမှတပါး အသီး အခြား လူ, နတ်, ဗြဟ္မာ, သတ္တဝါဟူ၍ သက်သက်မရှိ၊ ဘိတ်မရှိ၊ အလျှဉ်းမရှိ၊ စင်စင်ကြီး ကင်းရှင်း လှ၏၊ ဤဝိညာဏက္ခန္ဓာ တရားကိုသာလျှင် လူ, နတ်, ဗြဟ္မာ, သတ္တဝါဟု ထင်ရုံခါမျှသာ ထင်မြင် ပြောဆိုကြရ၏။

ဤမန္တာငါးပါး၊ ရုပ်နာမ်တရားတို့သည်ရေမြှုပ် ရေပွက် စသည်တို့နှင့် တူသည်၏အဖြစ်ကို—

ဖေဏပိဏ္ဍူပမံရူပံ၊ ဝေဒနာပုပ္ဖုဠူပမာ။
မရီစိကူပမာသညာ၊ သင်္ခါရာကဒလူပမာ။ ။
မာယူပမာနံ ဝိညာဏံ၊ ဒေသိတံ အာဒိစ္စဗန္ဓုနာ။
ဟု ဟောတော်မူ၏။

ရူပံ၊ဘူတရုပ်လေးခု၊စတုဝီသ၊ဥပါဒါဟု၊အဋ္ဌဝီသ ရုပ်စုမျှလျက်၊ ဂါဟစွဲငုတ်၊ ဤကိုယ်ပုတ် ရုပ်စု ရုပ်ခဲ ကြီးသည်၊ဖေဏပိဏ္ဍူပမံ၊ပထဝီဆင်းချောင်း၊ပျောင်း အိအာပေါ၊ တေဇောချမ်းပူ၊ လူလူလွင့်ထ၊ ဝါယောမှ သည်၊စ၍များမြောင်၊တောင်တမျှရှိ၊ ကြီးဘိတမူ၊သုံးယူ မဖြစ် အနှစ်မရှိ၊အကာတိသာ၊ပြစ်စရာ၊ ပမာရေမြှုပ်နှင့် တူ၏။ဝေဒနာ၊မျက်စိအာရုံ၊နားအာရုံနှင့်၊ အာရုံရသာ၊ ခံစားပါလည်း၊ အရာမရောက်၊ ခါခါ ပျောက်သည့်၊ ခြောက်ပါးသော ဝေဒနာ အစုသည်။ ပုပ္ဖုဠူပမာ၊ ဆင်းရဲချမ်းသာ၊ရံခါလျစ်လျူ၊ ဆူလည်ရုတ်ယက်၊ လျင် စွာပျက်၍၊သုံးကွက် သုံးရာ၊မထင်လာ၊ပမာရေပွက်နှင့် တူ၏။သညာ၊ဣတ္ထိပုရိသ၊သတ္တဇီဝါ၊ထင်မှတ်ပါလည်း၊ မှတ်ရာမမြဲ၊ အထင်လွဲသော သညာအစုသည်။ မရီစိကူ ပမာ၊ ရေဟုထင်မှတ်၊ ကြိုးပမ်းလတ်၍၊ တမတ် မားမား၊ လိုက်လေ ပြေးလည်း၊ တောသား သမင်၊ မောဟိုက်

သွင်သို့၊ဝိညာဏ်ဇီဝ၊သတ္တဆိတ်ညှံ၊ပဉ္စကံကို။ အဟံမမ၊ ထင်မှားရအောင်၊မျှားလူပေါင်ကို၊ရပ်ဆောင်လှည့်ပတ် အတွေးကပ်သည့်၊ တံလျှပ်နှင့်တူ၏။ သင်္ခါရာ၊ ဝိတက်, ဝိစာ၊စေတနာက၊ဖဿမှသည်၊စ၍ရေတွက်၊နှစ်မဘက် သည့်၊ သင်္ခါရက္ခန္ဓာ အပေါင်းတို့သည်။ ကဒလီပမာ၊ အနှစ်တွေ့နိုး၊ အားအံကြိုး၍၊ အကြိုးတလျောက်၊ ထက် အောက်,တွင်းပြင်၊ရှာသော်လျှင်လည်း၊ တပင်လုံးသာ၊ ကုန်လေပါသည်၊ အကာလုံးလုံး၊ အနှစ်သုဉ်းသည့်၊ ငှက်ပျောတုံးနှင့်တူ၏။ဝိညာဏံ၊စက္ခု,သောတ၊ ဃာန, ဇိဝှါ၊ ကာယနှလုံး၊ မှီအုံးခိုနေ၊ လူကိုမွေသည့်၊ ခြောက် ထွေသော ဝိညာဏ်အစုသည်။ မာယူပမာနှံ၊ ကျောက် အုဋ္ဌခဲကို၊ ဘောက်လွဲပြုပြင်၊ ရွှေစင်မြသား၊ ပတ္တမြား အရောင်၊ဟန်ဆောင်ပြုလုပ်၊ မျက်လှည့်ရုပ်နှင့် တူ၏။ ။ ဉာတိ၊ဤသို့။သာရဒဿိနာ၊အနှစ်ကို မြင်သိသော ပညာ ရှိသည်။ ဒဠှမ္ဗ၊ မှတ်အင်၏။

ဤ'ဖေဏပိဏ္ဍူပမသုတ်' ဒေသနာတော်မြတ်ကား။ ခန္ဓာငါးပါး၊ ရုပ်နာမ်တရားတို့၌ အနှစ်သာရဘာမျှမရှိ သောသဘောကို ဟောတော်မူသည်။ (ဤရုပ်ခဲတ် နာမ်ခဲတ် တရားတို့၏ အစိတ်စိတ်သော သဘော ကိုကား ကျေးဇူးရှင်ကြီးဘုရား ရေးသားတော်မူသော လက္ခဏာဒီပနီ၊ ဝိဇ္ဇာမဂ္ဂ ဒီပနီ၊ အာဟာရဒီပနီ၊ ဘာဝနာ ဒီပနီ စသည်တို့မှာ ပညာနှင့်သာအခါခါကြည့်ပါ။)

ယခုအခါ ဝိပဿနာ သဘောကို ထိထိမိမိ သိစေခြင်းငှါ၊ ရုပ်နာမ်သင်္ခါရ၊ဟူသမျှခပင်းတို့ ဖြစ်ခြင်း ပျက်ခြင်း၏တည်ရာ ဥဒါနကို သိသာရုံမျှ ပြဦးအံ့။ နှစ်သိန်းလေးသောင်း အထုရှိသော ဤမဟာပထဝီ မြေကြီး၏အောက်က၊လေးသိန်းရှစ်သောင်းထုသော ရေထုသည်ရှိ၏။ ထိုရေထု၏အောက်က ကိုးသိန်း ခြောက်သောင်းထုသော လေထုသည် ရှိ၏။ ထိုလေထု၏ အောက်၌မြေလည်းမရှိ၊ရေလည်းမရှိ၊ သစ်ပင် သတ္တဝါလည်းမရှိ၊ ဘယ်ဟာ တစ်ခုမျှ လုံးလုံး မရှိသော ဟင်္ကာဥကာသဟူသော်အဆုံးမရှိသော လဟာပြင်ကြီးအတိဖြစ်၍နေ၏ ထိုဟင်္ကာဥကာသ ဟူ သော အောက် ကောင်းကင်ကို ထင်စွာပြဦးအံ့။ ခြောက်တိုင် လေးရာဝင်းကိုတယူဇနာဆိုသည်ဟုမှတ်ပါ။အလျား တယူဇနာ၊အနံတယူဇနာ၊ ထက်အောက်ထု တယူဇနာ ထုသော ကျောက်ဖျာကြီးကို ထိုအောက် ကောင်းကင်၌ ချလိုက်သောအခါ လ, နှစ်, ကပ်, ကမ္ဘာ လွန်စွာကြာလျှင် ထိုကျောက်ဖျာသည် အောက်သို့ကျရင်းသာ လမ်းမှာ ကုန်လေရာ၏။ ထိုကုန်ရာအရပ်က ဒုတိယ ကျောက်ဖျာ ဆက်၍သာ ချပါ။ထို့ တူပမာဏ တတိယ, စတုတ္ထ, ကျောက်ဖျာတွေအသင်္ချေမက အဆက်ဆက် ချသော်လည်း ထိုလဟာပြင်ကြီးအတိမှာ ကုန်ဆုံး၏ဟု မရှိရာ။ဤတူပမာ ထက်အဇ္ဈောဥ နှင့် ရှစ်မျက်နှာ ဗိလာကိုလည်း သိရမည်။ ။

(ဤအရာ၌ လောကသုံးပါးနှင့်တကွ အနိစ္စ၊ ဒုက္ခ၊ အနတ္တ နယ်ကိုပြသော ဒုတိယ ရေးထုတ်သော 'ဝိဝဋ္ဋ ဒီပနီ' စာအုပ်မှာ စာမျက်နှာနံပါတ် နှစ်ဆဲ့ ခုနစ်ကစ၍ ပညာနှင့်သာယူပါ။)

ဤလဟာပြင် တခွင်လုံး အဆုံးမရှိကြီးထဲမှာ ဇာတိ အာကာ,ဝိသယ,ခေတ်သုံးဝဲ ရှိရှိသမျှသော ရုပ်ခပင်း ကို၊ လိုရင်းအချုပ်၊ စု၍ဆုပ်သော်၊ ရုပ်အဋ္ဌဝိသ နှစ်ဆဲ့ ရှစ်ခုသာရ၏။ ထိုနှစ်ဆဲ့ရှစ်ခုသော ရုပ်တို့တွင် ဥပါဒါန် ရုပ် နှစ်ဆဲ့လေးပါးတို့ထက် ပထဝီ,အာပေါ,တေဇော ဝါယော ဟူသော ဘူတရုပ် လေးပါးတို့သည်သာလျှင် လိုရင်းပဓာန ဖြစ်ပေသည်။ ဤမဟာဘုတ် လေးပါး တို့တွင်လည်း ပထဝီ ဓာတ်တလုံးကိုသာ ရှေးဦးစွာ အစ ပဌမလိုရင်းဆုံးကြီးဖြစ်လှ၍ဤပထဝီဓာတ်၏သဘာဝကို ပြပေအံ့။

ဤအရာ၌ ဝိပဿနာ ယောဂီပုဂ္ဂိုလ်တို့မှာ ပစ္စုပ္ပန် သတ္တဝါတို့၏ သဏ္ဌာန်ကိုသာ လိုရင်း ပါပေတည်း။ ထိုသတ္တဝါတို့၏ သဏ္ဌာန်မှာမှလည်း မိမိ၏ အဇ္ဈတ္တ သဏ္ဌာန်သည်သာလျှင် လိုရင်းဆုံးကြီး ပါပေတည်း။

သို့သော်လည်း အနိမိတ္တ အပ္ပဏိဟိတ၊ သုညတ တရားတို့ကို များစွာထုံးချွန် အလွန်သိထင် မြင်လွယ် စေခြင်းငှာသာ ဝဲယာ ရှေ့-နောက်၊ထက်အောက်ဖိလာ

ဆယ်မျက်နှာ သိမ်းကြုံ၍ အားလုံးကုန်ရှိသမျှကို သိသာ ရအောင် ပြလိုက်ပေသည်။

ဤလူတကောင်လုံးကို ပရမာအနုမြူတွေဖြစ်အောင် ထောင်းထုကြိတ်ချေသော် (ဥပမာအား) တတင်းသား ရှိရာ၏။ ထိုတတင်းသားမှာ ပထဝီဓာတ်-တတင်းရှိ၏။ အာပေါဓာတ်-တတင်းရှိ၏။ တေဇောဓာတ်-တတင်း ရှိ၏။ ဝါယောဓာတ်-တတင်းရှိ၏။ ဤဓာတ်လေးပါးကို အားလုံးကုန်ပေါင်း၍ ချင့်သော်လည်း တတင်းသား သည်သာလျှင်ရှိ၏။ ထိုဓာတ်လေးပါး တတင်းသား မှာပင် အနိစ္စလည်း တတင်းရှိ၏။ ဒုက္ခလည်း တတင်း ရှိ၏။အနတ္တလည်း တတင်းရှိ၏။ထိုတတင်းစီ ရှိကြသော ဓာတ်လေးပါး၊ လက္ခဏာရေး သုံးပါးတို့ကို ပေါင်း၍ ချင့်သော်လည်း တတင်းသားသာရှိ၏။ (ဤတူပမာဏ ရုပ်ခန္ဓာဟူသမျှကိုလည်း သိကြလေ။)

ထိုပရမာနုမြူကို ပထဝီ,အာပေါ,တေဇော,ဝါယော ဝဏ္ဏ, ဂန္ဓ, ရသ, ဩဇာ ဟူသော အဝိနိဗ္ဘောဂ အဋ္ဌ ကလာပ်ရုပ်ဓာတ် ခေါ်သည်။ ဤရှစ်ခုသော ရုပ်တို့၏ အသီး အသီးသော သဘောလက္ခဏာတို့ကိုသာလျှင်။ ပရမတ်နှစ် ရုပ်ဓာတ်စစ်ဆိုသည်။ အဘယ့်ကြောင့်ဓာတ် မည်သနည်းဟူမူကား ''အတ္တနောသဘာဝံ ဓာရေတီတိ ဓာတု''ဟူသည်နှင့်အညီ၊ မိမိ၏သဘောကိုဆောင်တတ်

သည်၏ သတ္တိကြောင့် ဓာတ်မည်၏။အဘယ်ကို ဆောင်သနည်း ဟူမူကား။ (ဥပမာအား)ကျောလုံးဝန်းပြား၊ ရှားမီးတခဲ ရဲရဲညက်ထဲမှာ ကြည့်၍ထား၊ ဤမီးခဲမှ ထွက်သောမီး၏ပူစွမ်းတွေသည်ရှိန်ရှိန် ရှိန်ရှိန်၊ လစ်လစ် လစ်လစ်နှင့် ဖြစ်၍ပျက်သည်ကို မြင်လတံ့။ မြင်အောင် ကြည့်ပါ။ ထိုမီးသည် မိမိ၏ ပူစွမ်းသတ္တိရှိသမျှကို သူ့ သဘာဝတရား သူ့သဘောအားဖြင့် ရပ်နားခြင်းမရှိ၊ ပူစွမ်းသတ္တိကို ဆောင်ဘိသကဲ့သို့။ ထို့အတူ ပထဝီ ဓာတ်သည် မိမိ၏ခိုင်မာ ကြမ်းထန်းခြင်း သဘောသတ္တိ ရှိသမျှကို သူ့ သဘာဝတရား သူ့သဘောအားဖြင့် ရပ်နားခြင်းမရှိ၊မာမာ ဟူသောသူ့သဘောကိုလစ်လစ် လစ်လစ်နှင့် ဖြုတ်ဖြုတ် ဖြုတ်ဖြုတ် ဖြစ်၍ ချုပ်၏။ ဤသို့ ဆောင်သော ဖြစ်ချုပ် သဘောတရားကို ခြားနားစွာ မြင်လိမ့်မည်။မြင်အောင်ကြည့်ပါ။ ။(ဤကဲ့သို့ ကြည့်ကြ သော်လည်း ပရမတ္ထ သဘာဝ မြဲမြဲကို ထိထိမိမိ သိမြင် ခဲလှ၏။) ပရမတ်မှန်က ပရမာနုမြူ တခြမ်းကို အစိတ် တသန်းစိတ်၍ တစိတ်စာမျှ သဏ္ဌာန်ပညတ်ဒြပ်အသွင် ထင်စရာ မြင်စရာမရှိ၊ လစ်လစ် သုတ်သုတ် သိမ့်သိမ့် လှုပ်သော သဘောမြဲမြဲမျှသာ ပရမတ်ဟု မှတ်ပါ။ ၊ သဏ္ဌာန်နိမိတ်၊ အရိပ်အသွင်နှင့် ပြောစရာ ပြစရာ ရော တည်မတည်၊ သည်ဟာဟု ဟိုဟာဟု၊ တခုခု နိမိတ်နှင့် အရိပ်သွင်ဟန်၊ ထင်ခဲ့ပြန်လျှင် ပညတ်ခံ လာပြီဟူ၍သာ

မှတ်ပါ။ ဤကဲ့သို့ သဏ္ဌာန်ပညတ် ခြုပ်အသွင်နှင့်ထင်မြင်ခဲ့လျှင် တကဲ့အနိစ္စပင်မဟုတ်သေး၊ တကဲ့ဒုက္ခမှာဝေးစွ၊ တကဲ့ အနတ္တမှာ ပဝေဝ၊ ရှမ်းသိ၊ ကရင်သိမျှသာဟု မှတ်ပါ။ ။ (ဤအရာက သဘောစုံးယှ၊ ညာဏ်လိုလှ၏။ ကြပ်ကြပ်ကြီး သတိမူပါ။)

တကဲ့ ပရမတ်ဆတ်ဆတ်ကို တကယ် ထိထိ မိမိနှင့် တကယ် သိမြင်လျှင် ဘယ်အနိစ္စ ဒုက္ခ၊ ဘယ်အနတ္တဟု ရှာဘွယ်ရာမရှိ တကယ်ကြီး ပြီးစီးပါ၏။ လိုရင်းကား- ပရမတ်ဆတ်ဆတ် ခေတ်ကိုပေါက်လျှင် ဝိသုဒ္ဓိခုနစ်ပါး၊ ဝိပဿနာတရားဟု တခန်းတနား အခြားလုပ်ဘွယ်မရှိ၊ အကုန်လုံးပြီးစီးပါ၏။ ဤအရာတွင် ဝိပဿနာတင်လျှင် မမြဲသောသဘောကိုဘယ်လိုပင်မြင်မြင်၊ဘယ်ဟာမမြဲဟု ရှုလျှင် မဟုတ်သောနည်း၊ မမှန်သောနည်း၊ ဒိဋ္ဌိပြုတ်နှင့် အဝေးကြီး။ ဟုတ်မှန်သောနည်းမှာ ထိုမမြဲသဲ့သဘောရဲ့ကိုသာ ဘယ်ဟာဆိုသည်ဟု ရှုမြင်လျှင် အဟုတ်မြင်၊ အမှန်မြင်၊ သောတာပန်ဟုသာ မှတ်ပါ။ ဤရုပ်၏ သဘာဝက ပျာကျအောင်စင်စင်၊ တကယ် မြင်လျှင် အနာဂါမ်ပင် ဖြစ်နိုင်ပါ၏။ နာမက္ခန္ဓာ နာမ်အရာက ပျာကျမှသာ အရဟတ္တဖိုလ်ကို ရသည်ဟု ဆိုပါ။ ။ ဤသာသနာမှာ သောတာပန်အချက် ခက်သည်ဟု မထင်နှင့်။ သာသနာပမှာမှ ပြောသမျှ မကထက်မက ခက်သည် ဟူလို။

ယခင် ဆိုအပ်ခဲ့ပြီးသော ပထဝီဓာတ်သည် ရပ်နားခြင်းမရှိ၊ မာမာ ဟူသော အဗျာပါရ၊ သဘာဝစစ်၊ လစ်လစ် ဖြတ်ဖြတ်နှင့် ရှိန်ရှိန် သုတ်သုတ် သိမ့် သိမ့် လှုပ်သော သဘောမျှကိုသာ မြင်အောင် ကြည့်ပါ။ ထိုမြင်သောအခါ စိတ်ထဲမှာ ဤမာမာဟူသောသဘောတရားသည် လူလား၊နတ်လားဟု မေးစစ်ရာ၏။ ဤကဲ့သို့ လူ၊နတ်၊ ဗြဟ္မာ၊ သတ္တဝါ ဟုတ်ပါ၏လားဟု စစ်တန်းထုတ်၍ မေးလျှင်၊ ထိုအခါ ဉာဏ်ထည်းမှာ ဤခိုင်မာကြမ်းထမ်းသော သဘောလက္ခဏာသည် ငါမဟုတ်၊ ကိုယ်မဟုတ်၊ လူ နတ်၊ဗြဟ္မာ၊သတ္တဝါ မဟုတ်ပဲ၊ သုတ်သုတ်မြဲ၊ဆင်းရဲစွာလှ၊စိုးမရသော ကလေကဝ အလေ့ပေါက် သင်္ခါရကို မြင်လိမ့်မည်။ မြင်အောင် ကြည့်ပါ။ ကြပ်ကြပ်သတိမူပါ။

ထို့အတူ။ စေးဘွဲ့ယိုတွဲ၊ယိဂွဲ ပြောင်းအိသော၊ အာပေါဓာတ်သဘောသည် ငါမဟုတ်၊ ကိုယ်မဟုတ်၊ လူ၊ နတ်၊ဗြဟ္မာ၊ သတ္တဝါမဟုတ်ပဲ၊ သုတ်သုတ်မြဲ၊ ဆင်းရဲစွာလှ၊စိုးမရသော ဖေါက်သောက် ကလေကဝ သင်္ခါရကို မြင်လိမ့်မည်။ မြင်အောင်ကြည့်ပါ။

ထို့အတူ။ လှပတင့်တယ်၊ အရွယ်အိုမင်း၊ အရေတွန့်လိပ်ခြင်း စသည်ဖြင့် ရင့်ကျက်စေတတ်သောခိုးရှိန်ဆူနွေး၊တုန်ဇ ပူလောင်သော တေဇောဓာတ် သဘောသည် ပုဂ္ဂိုလ်၊သတ္တဝါ၊ငါ၊သူတပါး၊ယောကျ်ား၊မိန်းမ

မဟုတ်ပဲ၊ သုတ်သုတ်မြဲ၊ ဆင်းရဲစွာလျှ၊ စိုးမရသော အလေ့ပေါက် ကလေကဝ ဖေါက်သောက် သင်္ခါရကို မြင်လိမ့်မည်။ မြင်အောင်ကြည့်ပါ။

ထို့အတူ။ တောင့်တင်းခိုင်ခန့်၊ ထောက်ပံ့ရွေ့တွား လှုပ်ရှားသော ဝါယောဓာတ်သဘောသည် ငါမဟုတ်၊ ကိုယ်မဟုတ်၊ လူမဟုတ် နတ်မဟုတ်ပဲ၊ သုတ်သုတ်မြဲ၊ ဆင်းရဲစွာလျှ၊ စိုးမရသော အလေ့ပေါက် ကလေကဝ သင်္ခါရကို မြင်လိမ့်မည်။ မြင်အောင်ကြည့်ပါ။ ။ (သတိ မူပါလျှင် မြင်စရာ လွန်စွာကောင်း၏။)

ဤကဲ့သို့ မြင်သောအခါ ဝိပဿနာဉာဏ်ပညာ ဟူ၍ သာမှတ်ပါ။ ဤဝိပဿနာဉာဏ်အမြင် ကြည်လည် သန့်ရှင်းသောအခါမှအနိမိတ္တ ဖြစ်သောအနိစ္စ၊ အပ္ပဏိဟိတ ဖြစ်သောဒုက္ခ၊ သုညတဖြစ်သော အနတ္တသို့ ဆိုက်ရောက်မည်။ ဤသဘာဝဓမ္မ၊ အမှုံမှ မနှောတဲ့၊ သုညတ သဘောတရားကို ခြားနားစွာ သိမြင်မှသာ ပရမတ် ပညတ်နှစ်ပါး ကွဲပြားမည်။ သတိမူပါ။

**ဤအရာမှာ။** "သင်္ခါရာ ဝ သင်္ခါရေ ဝိပဿန္တိ၊ သမ္မသန္တိ၊ ဝဝတ္ထပေန္တိ၊ ပရိဂ္ဂဏှန္တိ၊ ပရိစ္ဆိန္ဒန္တိ" ဟူသည်နှင့်အညီ၊ သင်္ခါရ တရားတို့သည် သာလျှင် သင်္ခါရတရားတို့ကို ရှုကုန်၏။ သုံးသပ်မှတ်သား သိမ်းဆည်း ပိုင်းခြားကုန်၏ ဟူသော မြင်ခြင်း သည် သာ လျှင် သစ္စာလေးချက်ကို တပြိုင်နက်မြင်နိုင်သော သောတာပတ္တိမဂ်ဖိုလ်

စသော ပုဂ္ဂိုလ်ဆိုသည်ဟုမှတ်ပါ။သောတာပန် ပုဂ္ဂိုလ်ဆိုသော်လည်း ချိုပေါက်သည်မဟုတ်။ တရားကို သိမြင်ယုံကြည်၍ ဒိဋ္ဌိ ဝိစိကိစ္ဆာမျှကိုသာ ပယ်သည်။ ချစ်ခင်သာယာမှုဆိုသော် ဝိသာခါ စသည်ကိုမြော်။

ဤသို့ သိမြင်ယုံကြည် နားလည်မှတ်သား ပွားများဆင်ခြင်မှ နိဗ္ဗာန်ကို ရကြမည်။ ဤကဲ့သို့ မရှုမဆင်ခြင်၊ မသိမြင်၊ မယုံကြည်လျှင် (ဤလောကဥ မိဘတို့အား၊ ချစ်ကြငြားလည်း၊မိဘနှင့်မူ၊အယူကွဲပြား၊ ဘာစကားကို၊ နားမထောင်လူ၊ ရန်သူဖြစ်လေ၊ အမွေမရ၊ ပမာဏသို့ ဘုရားစကား၊ မြတ်တရားကို၊ နားမဝင်ဘိ၊ မသိလျှင်သူပုန်၊ မယုံလျှင် ရန်သူ၊ အတူလိုနေ၊ မဂ်ဖိုလ်မွေကို၊ မရလေငြား၊ဆင်းရဲပွားသည်၊အများလူတို့၊ သိစေဘို့။)

ထို့ကြောင့်—
ဇာတိနေကေဟိ နာမေဟိ၊ကိတ္တိတာယာ မဟေသိနာ။
ဝုဋ္ဌာနဂါမိနီ သန္တာ၊ ပရိသုဒ္ဓါ ဝိပဿနာ။ ။
ဝုဋ္ဌာတုကာမော သံသာရ၊ ဒုက္ခပင်္ကာ မဟာဘယာ။
ကရေယျ သတတံ တတ္ထ၊ ယောဂံ ပဏ္ဍိတဇာတိကော။
ဟု (၊ အဋ္ဌကထာ မိန့်၏။ )

ဇာတိ၊ဤသို့။ အနေကေဟိ နာမေဟိ၊ များစွာသောအမည်တို့ဖြင့်။ ဝုဋ္ဌာန ဂါမိနီ၊ မဂ်သို့ ရောက်ကြောင်းဖြစ်သော။ သန္တာ၊မီးဆဲ့တဆူ၊ အပူခပ်သိမ်း၊ ငြိမ်းစေ

တတ်သော။ပရိသုဒ္ဓါ၊စင်ကြယ်စွာသော။ယာဝိပဿနာ အကြင်မဂ်၏တည်ရာဝိပဿနာကို။မဟေသိနာ၊မြတ်စွာ ဘုရားသည်။ကိတ္တိတာ၊ဟောကြား ချီးမွမ်းတော်မူအပ် ပြီ။ မဟာဗ္ဘယာ၊ ကြောက်ဘွယ်ခမန်း၊ ဘေးဘျမ်း ရော၊ လွန်ကြီးစွာသော။သံသာရဒုက္ခပက်ာ၊သံသရာဝဲဆင်းရဲ ပရပိုင်၊ ရွံ့ညွှန်အိုင်မှ။ ဝုဋ္ဌာတုကာမော၊ ကူးတက် ထမြောက် မဂ်သို့ရောက်လိုသော။ ပဏ္ဍိတဇာတိကော၊ တိဟိတ် ပဋိသန်၊ ဇာတိဉာဏ်ရှိသော အမျိုးကောင်း သားသမီးသည်။တတ္ထ၊ထိုဝိပဿနာ၌။ သတတံ၊ နေ့ရော ညဥ့်ပါ၊ဘယ်ခါမပြတ်။ယောဂံ၊ပွားများစီးဖြန်းခြင်းကို ကရေယျ၊ ပြုရာ၏။

ဤ ရုပ်နာမ် နှစ်သွယ်ကို၊ အပုတ်ကောင် သဘွယ်၊ ရန်သူနှယ်သို့၊ တွယ်တာ ငဲ့ကွက်ခြင်းကို မပြုမူ၍ ရှုကြရမည် ဟူလိုသည်။

**တနည်းကား။** ။ဤရုပ်ခန္ဓာ၊ နာမ်ခန္ဓာ နှစ်ပါးတို့တွင် ရုပ်ခန္ဓာသည်သာလျှင် သဏ္ဌာန်ပညတ် ဒြပ်အသွင်ဟု ထင်မြင် ပြောဆိုကြရသည်။ ။ဤရုပ်ခန္ဓာကို လူသဏ္ဌာန်ဆိုသည်ကား၊ဦးခေါင်း,ခြေ,လက်၊မျက်နှာ ရင်, ဝမ်း စသော သဏ္ဌာန် အမျိုးမျိုးတို့ကို ဆိုသည်။ ထို လူသဏ္ဌာန် ဖြစ်၍နေသော ရုပ်ခန္ဓာ၌ ပထဝီဓာတ်စု ခိုင်မာ ကြမ်းထမ်းမှု ဟူသော သဘောတရားတို့သည်

ထင်ရှားရှိကုန်၏။ ထို ခိုင်မာ ကြံ့ခိုင်ထမ်းသော သဘော တရားတို့သည်၊ ဆတ်ဆတ်သော ပရမတ် ပထဝီ ဓာတ် တို့သာ မည်ကုန်၏။ ထိုပထဝီဓာတ် ခိုင်မာကြမ်းထမ်းမှု အမူအရာစုသည် ငါမဟုတ်, ကိုယ်မဟုတ်, လူမဟုတ်, နတ်မဟုတ်၊ သုတ်သုတ်မမြဲ၊ဆင်းရဲစွာလှ၊ စိုးမရသော အနိစ္စ, ဒုက္ခ, အနတ္တ, သဘောမျှသာဟု မြင်လိမ့်မည်။ မြင်အောင်ကြည့်ပါ။

ထို့အတူ။ စေးဘွဲ့ ယိုတွဲ၊ ယိစွဲ ပြောင်းအိသော၊ သဘောမှု အမူအရာစုသည် ဆတ်ဆတ်သော ပရမတ် အာပေါဓာတ်တို့သာဖြစ်ကုန်၏။ထိုအာပေါဓာတ်သည် ငါမဟုတ်, ကိုယ်မဟုတ်၊ လူ, နတ်, ဗြဟ္မာ, သတ္တဝါ မဟုတ်ပဲ၊ အတည်မမြဲ ဆင်းရဲစွာလှ၊စိုးမရသောပရမတ် အာပေါ ဓာတ် သဘော မျှ သာ ဟု မြင်လိမ့်မည်။ မြင်အောင်ကြည့်ပါ။

ထို့တူပမာလာ။လှုပတင့်တယ်၊ အရွယ်အိုမင်း၊အရေ တွန့်လိပ်ခြင်း စသည်ဖြင့်ရင့် ကျက်စေတတ်သော ခိုးရှိန် ဆူနွေး၊ တုန်ဧ ပူလောင်သော သဘောမှု အမူအရာ စုသည် ပ ရ မ တ် ဆ တ် ဆ တ် တေဇောဓာတ်တို့သာ ဖြစ်ကုန်၏။ထိုတေဇောဓာတ်သည် ပုဂ္ဂိုလ်,သတ္တဝါ,ငါ သူတပါး,ယောကျ်ား,မိန်းမ,မဟုတ်သော ပရမတ်၊တေ ဇောဓာတ်သာဟု မြင်လိမ့်မည်။ မြင်အောင်ကြည့်ပါ။

ထို့တူ မခြား။ ထောက်ပံ့ ရွေ့တွား၊ လှုပ်ရှားခြင်း သဘောမှုအမူအရာစုသည် ပရမတ်ဆတ်ဆတ် ဝါယောဓာတ်တို့သာဖြစ်ကုန်၏။ ထိုပရမတ် ဝါယောဓာတ်သည် ငါမဟုတ်၊ ကိုယ်မဟုတ်၊ လူ, နတ်, ဗြဟ္မာ, သတ္တဝါ မဟုတ်သောပရမတ်ဆတ်ဆတ်ဝါယောဓာတ်မျှသာဟု မြင်လိမ့်မည်။ မြင်အောင်ကြည့်ပါ။ (ဤကား မဟာဘုတ်ဟု၊ ခေါ်သော ဘူတရုပ် ဓာတ်ကြီးလေးပါးတည်း။)

ထို့အတူ။ ဤရုပက္ခန္ဓာ၌ရှိသော အဆင်းသည်ဝဏ္ဏဓာတ်မည်၏။ ထိုဝဏ္ဏဓာတ်သည် ငါမဟုတ်၊ ကိုယ်မဟုတ်၊ ပရမတ်ဆတ်ဆတ်ဝဏ္ဏဓာတ်မျှသာမည်ကုန်၏။ အနံ့သည် ဂန္ဓဓာတ်မည်၏။ ထိုအနံ့သည်လည်း ငါမဟုတ်၊ ကိုယ်မဟုတ်၊ ပရမတ်ဆတ်ဆတ်ဂန္ဓဓာတ်မျှသာမည်ကုန်၏။ အရသာသည်ရသဓာတ်မည်၏။ ထိုရသသည် ငါမဟုတ်၊ ကိုယ်မဟုတ်၊ လူ, နတ်, ဗြဟ္မာ, သတ္တဝါ မဟုတ်သောပရမတ်ဆတ်ဆတ် ရသဓာတ်မျှသာမည်၏ ဓာတ်ဆီစုသည် ဩဇာဓာတ်မည်၏။ ထိုဓာတ်ဆီစုသည် ငါမဟုတ်၊ ကိုယ်မဟုတ်၊ ပရမတ်ဆတ်ဆတ်ဩဇာဓာတ်မျှသာမည်ကုန်၏။ ဤရုပ်ဓာတ် သဘောတို့သည် ပုဂ္ဂိုလ်, သတ္တဝါ, ငါ, သူတပါး၊ ယောကျ်ား, မိန်းမ, မဟုတ်။ သုတ်သုတ်မြဲ၊ ဆင်းရဲစွာလှ၊ စိုးမရသော ပရမတ်ဆတ်ဆတ် ရုပ်ဓာတ် သဘောမျှသာ ဖြစ်သည်ဟု မြင်လိမ့်မည်။

မြင်အောင်ကြည့်ပါ။ ။(ဤသည်ကား၊ ရူပက္ခန္ဓာ၌ ရုပ်ဓာတ်ကို ပေါက်အောင် ရှုမြင်သော သမ္မာဒိဋ္ဌိမဂ္ဂင်ကို ပညာရှိတို့ သိမြင်ပုံတည်း။)

နာမ်ခန္ဓာ လေးပါးတို့မှာ မူကား။ ပုံသဏ္ဌာန်မရှိ၊ အစဉ်သန္တတိသာရှိ၏။မြင်မှုအစဉ်သည် ဒဿနသန္တတိ မည်၏။ ထိုမြင့်မှု စက္ခုဝိညာဏ်၊ ဒဿနသန္တတိ အစဉ်သည်၊ ငါမဟုတ်၊ ကိုယ်မဟုတ်၊ လူမဟုတ်၊ နတ်မဟုတ် သော ပရမတ်ဆတ်ဆတ် နာမ်ဓာတ် သဘောမျှသာ ဖြစ်၏။စက္ခာယတနကိုမှီသော ထိုစက္ခုဝိညာဏ် ဒဿန သန္တတိ အစဉ်မြင်သောအခါ၊ ကောင်း မကောင်း အလတ်ဖြစ်သော အာရုံ၌ ခံစားတတ်သော သဘော မျှသည်၊ ဝေဒနာစေတသိက်မည်၏။ ထိုဝေဒနာ စေ တသိက်သည်၊ ငါမဟုတ်၊ ကိုယ်မဟုတ်သော ပရမတ် ဆတ်ဆတ် နာမ်ဓာတ် သဘောမျှသာဖြစ်၏။ ။ထိုစက္ခု ဝိညာဏ်မြင်သောအခါ အာရုံကို အကျဉ်းအားဖြင့် သိ မှတ်ခြင်းလက္ခဏာ သညာစေတသိက်သည်၊ ငါမဟုတ် ကိုယ်မဟုတ်သော ပရမတ်ဆတ်ဆတ် မှတ်တတ်သော နာမ်ဓာတ်သဘောမျှသာ ဖြစ်သည်။ အာရုံကို နှိုးဆော် စေ့စပ်တတ်သော သဘောလက္ခဏာသည် ငါမဟုတ် ကိုယ်မဟုတ်, သုတ်သုတ်မမြဲ၊ဆင်းရဲစွာလှ၊ စိုးမရသော ဆတ်ဆတ် ပရမတ်သဘော ဖဿစသော သမ္ပယုတ် တရားနှင့်တကွ စေတနာ စေတသိက်မျှသာ ဖြစ်သည်။

ထို့အတူ။ သောတဝိညာဏ် ကြားမှု အစဉ်သည် သဝနသန္တတိမည်၏။ ထိုသဝန အစဉ်များသာ ဖြစ်သော သောတဝိညာဏ်စိတ်သည် ငါမဟုတ်, ကိုယ်မဟုတ်, လူမဟုတ်, နတ်မဟုတ်သော ပရမတ်ဆတ်ဆတ် နာမ်ဓာတ်သဘောများသာ ဖြစ်သည်။

ဃာနဝိညာဏ် နံမှုအစဉ်သည် ဃာယန သန္တတိမည်၏။ ထိုနံမှု အစဉ်များသာဖြစ်သော ဃာနဝိညာဏ်စိတ်သည် ငါမဟုတ်၊ ကိုယ်မဟုတ်၊ လူ,နတ်, ဗြဟ္မာ, သတ္တဝါ မဟုတ်သော ပရမတ်ဆတ်ဆတ် နာမ်ဓာတ်သဘောများသာဖြစ်သည်။

ဇိဝှါဝိညာဏ် လျက်မှုအစဉ်သည် သာယန သန္တတိမည်၏။ ထိုလျက်မှုအစဉ်များသာ ဖြစ်သော ဇိဝှါဝိညာဏ်စိတ်သည် မိန်းမလည်းမဟုတ်၊ယောကျ်ားလည်းမဟုတ် ပုဂ္ဂိုလ် သတ္တဝါလည်းမဟုတ်၊ ငါမဟုတ်၊ ကိုယ်မဟုတ်သော ပရမတ်ဆတ်ဆတ် နာမ်ဓာတ် သဘောများသာ ဖြစ်သည်။

တွေ့ထိမှုအစဉ် ကာယဝိညာဏ်စိတ်သည် ဖုသန သန္တတိမည်၏။တွေ့ထိမှုအစဉ်များသာဖြစ်သောထိုကာယဝိညာဏ်စိတ်သည်ပုဂ္ဂိုလ်မဟုတ်,သတ္တဝါမဟုတ်,မိန်းမယောကျ်ား, ငါ, သူတပါး, မဟုတ်သော အလေ့ပေါက်ကလေကဝ ပေါက်သောက်သင်္ခါရ ပရမတ်ဆတ်ဆတ် နာမ်ဓာတ်သဘောများသာ ဖြစ်သည်။

မနောဝိညာဏ် ကြံစည်မှုအစဉ်သည် စိန္တနသန္တတိမည်၏။ ထိုကြံစည်မှု အစဉ်မျှသာ ဖြစ်သော မနောဝိညာဏ်စိတ်သည် ငါမဟုတ်၊ ကိုယ်မဟုတ်၊ ပုဂ္ဂိုလ်သတ္တဝါမဟုတ်ပဲ၊ အိပ်မက်ထည်းတွင် မြင်မက်သဲ့ မျက်လှည့်ရုပ်မာယာ နာမ်ဓာတ် သဘောမျှသာဖြစ်၏။

ကပ်ငြိတွယ်တာ သာယာသမျှမှာ၊ လောဘစေတသိက်ကသာ၊ သာယာခင်မက် နှစ်သက် တွယ်တာသည်။ ထိုသာယာသော သမုဒယလောဘ စေတသိက်သည် လူမဟုတ်၊ နတ်မဟုတ်၊ ပုဂ္ဂိုလ်မဟုတ်၊ သတ္တဝါမဟုတ်၊ ငါမဟုတ်၊ ကိုယ်မဟုတ်သော ပရမတ်ဆတ်ဆတ် နာမ်ဓာတ် သဘောမျှသာဖြစ်သည်။

ဤအတူ။ ကြမ်းထမ်းမှု အမူအရာစုသည် ဒေါသစေတသိက်မျှသာ ဖြစ်၏။ ဤဒေါသစေတသိက် ကြမ်းထမ်းမှုအမူအရာစုသည် ငါမဟုတ်၊ ကိုယ်မဟုတ်၊ ပုဂ္ဂိုလ်သတ္တဝါ မဟုတ်သော ပရမတ်ဆတ်ဆတ် နာမ်ဓာတ် သဘောမျှသာဖြစ်သည်။

မသိမလိမ္မာမှု ဟူသမျှမှာ မောဟ စေတသိက်သာ ဖြစ်သည်။ ပုဂ္ဂိုလ် သတ္တဝါ မသိမလိမ္မာဟူ၍မရှိ၊ ထိုမသိမလိမ္မာမှု ဟူသမျှမှာ ဆတ်ဆတ်သော ပရမတ်သဘော မောဟစေတသိက်မျှသာ ဖြစ်သည်။

ငါထင်မှု၊ ကိုယ်ထင်မှု၊ လူထင်မှု၊ နတ်ထင်မှု ဟူသမျှမှာ ဒိဋ္ဌိစေတသိက်ကသာ ထင်သည်။ ထိုအမှားကိုပင် အမှန်ထင်သော ဒိဋ္ဌိသဘော သူ့သဘာဝ ဓမ္မသင်္ခါရမှာ ငါ မဟုတ်၊ ကိုယ်မဟုတ်၊ လူ, နတ်, ဗြဟ္မာ, သတ္တဝါ မဟုတ်သော ပရမတ်ဆတ်ဆတ် နာမ်ဓာတ် သဘောမျှသာ ဖြစ်၏။

ထို့ကြောင့်·

ကမ္မဿကာရကော နတ္ထိ၊ ဝိပါကဿစ ဝေဒကော။

သုဒ္ဓဓမ္မာ ပဝတ္တန္တိ၊ ဧဝံ တံ သမ္မဒဿနံ။ ။

**အနက်ကား။** ။ကမ္မဿ၊ ကုသိုလ် အကုသိုလ်ကံကို။ ကာရကော၊ ပြုလုပ်တတ်သော သတ္တဝါသည်။ နတ္ထိ၊ မရှိ။ ဝိပါကဿ၊ ကုသိုလ် အကုသိုလ်ကံ၏ အကျိုးတရားကို။ ဝေဒကောစ၊ ခံစား စံစားတတ်သော သတ္တဝါသည်လည်း။ နတ္ထိ၊ မရှိ။ သုဒ္ဓဓမ္မာ၊ ပုဂ္ဂိုလ် သတ္တဝါနှင့်မရောမယှက်၊ ဖြစ်ပျက်မှန်လျှ၊ ရုပ်နာမ်သင်္ခါရတို့သည်သာလျှင် ပဝတ္တန္တိ၊ ဖြစ်ကုန်၏။ ဧဝံ၊ ဤဆိုအပ်ခဲ့ပြီးသည့်အတိုင်း။ ဧတံဒဿနံ၊ ဤ မြင်ခြင်း သည် သာ လျှင်။ သမ္မ ဒဿနံ၊ မဖောက်မပြန် ဝိပဿနာဉာဏ်ဖြင့်၊ ဟုတ်မှန်စွာမြင်ခြင်း မည်၏။ ဤကဲ့သို့ သိမြင်မှသာလျှင် ပညာသိ, ပညာထင် ပညာမြင်ဟူ၍သာ မှတ်ပါ။ လူ, နတ်, ဗြဟ္မာ, သတ္တဝါ ရှိသည်ဟု သိမြင်မှုမှာ ဝိညာဏ်သိ, ဝိညာဏ်ထင်, ဝိညာဏ်မြင်ဟူ၍သာ မှတ်ပါ။

## အကျဉ်းချုပ်လင်္ကာ မှတ်စရာကား။

ဝိညာဏ်ပညာ၊သိရာအမှု၊မြင်နှစ်ခုတွင်၊ဝိညာဏ်
မြင်ပုံ၊ နွားမ,မြန်သား၊ နွားငယ်အားဖြင့်၊ နိမ့်မြင့်
ဆူကြို၊ငြင်းခုံအလား၊ ပုံမခြားတည်း၊ အများသူငါ၊
မိစ္ဆာယူလွဲ၊ ငရဲကြီးလှ၊ ကုသိုလ်ရဟု၊ ပြုကြရှောင်
ကြဉ်၊ ဝိညာဏ်မြင်တည်း၊မှားပင်မှားဘိ၊မှားခေါင်
ထိ၏။

ဉာဏ်သိသဘော၊ပညာဇောမှာ၊သစ္စာကာသ
သန်္ဒါရမှ၊ လောက ဝေါဟာ၊ ပညတ် သာလျက်၊
ဖြစ်နှင့် ပျက်မျှ၊သဘာဝသာ၊အဗျာပါရ၊ဧကတ္တနှင့်၊
နာနတ္တနည်း၊ဧဝံနည်းသာ၊ ဓမ္မတာဟု၊ ဖြူခါစင်စင်၊
ပညာမြင်မှ၊ ကြည်လင် လှသည်၊ မြင်ကြ အများ၊
မှန် အမှား။

ခြောက်ပါးဝိညာဏ်၊ သိ ထင် မြင်နှင့်၊ သုံးအင်
ကမ္ဘ၊ပြုသမျှမှာ၊သမုဒယ၊ ဒုက္ခသစ္စာ၊ ဖြစ်လေရာ၏။
ပညာသိမှ၊ ဒွါရသုံးခု၊ ပြုပြုသမျှ၊ မဂ္ဂ သစ္စာ၊ နိရော
ဓာကျ၊ ဖြစ်လေရသည်၊ ၊သစ္စာ့အပြား၊ မှန်လေး
ပါး။

ဤကဲ့သို့ ရုပ်ခေတ်,နာမ်ခေတ်တို့ကို ပေါက်အောင်
ရှုမြင်သော သမ္မာဒိဋ္ဌိ မဂ္ဂင်သည်၊ ပညာရှိတို့ သိမြင်ပုံ
တည်း။ ဤကဲ့သို့ စာပေကို ကြည့်၍သော်၎င်း၊သူတပါး

ဟောသောတရားကိုကြား၍သော်၎င်း၊ မိမိစိတ်၌ ဖြစ်ခန့်သိမြင်လျှင်သောတာပန်ပင်ဟုသာမှတ်ပါ။ ဤလောကဝ်၌ ရုပ်ခတ်နာမ်ခတ်မှတပါးလူ,နတ်,ဗြဟ္မာသတ္တဝါဟူ၍မရှိ၊ ယခု မျက်စိမြင် နားကြားရှိ၍ နေသည်ကား။ (ဥပမာမှာ)တဇ္ဇေ ချောက်သော အခါ၊ ထိုတဇ္ဇေက မိန်းမ,ယောက်ျား,ကျွဲ,နွား, ဆင်,မြင်းကဲ့သို့ဘန်ဆင်း၍ ပြရာတွင် တကဲ့ရုပ်သွင် အဟုတ်ထင်၍ ကြောင်ကြောင်ကြီးပင်မြင်ကြရ၏။ထို့အတူ သုံးဆဲ့တဝဘုံ၌ာနန္ဒ၊မိန်းမ ယောက်ျား၊ လူ နွား စသော သတ္တဝါများသည်၊ ထို တဇ္ဇေရုပ်နှင့်မခြား၊တသားတည်း တူလှပေ၏။

**တူဟန်ကား။** ။ယခုလောက မိန်းမ, ယောက်ျား, ဆင်, မြင်း, ကျွဲ, နွား ဆိုသည်ကား ပထဝီ, အာပေါ, တေဇော, ဝါယော ဟူသော ခတ်လေးပါး ကိုသာ မိန်းမ,ယောက်ျား စသောအားဖြင့် ထင်မှား ကြရပေသည်။ တဇ္ဇေ ဘန်ဆင်း၍ပြသော မိန်းမ, ယောက်ျား စသည် များမှာလည်း ပထဝီ, အာပေါ, တေဇော, ဝါယောဟူသော ခတ်လေးပါးကိုပင် မိန်းမ,ယောက်ျား ဟု၊အထင်အမြင်အားဖြင့် မှားကြရပေသည်။ ဤသို့လျှင် သတ္တလောက တလောကလုံးကိုပင် တဇ္ဇေရုပ်၊ မိန်းမ တဇ္ဇေရုပ်၊ ယောက်ျား တဇ္ဇေရုပ်၊ ကျွဲနွား နှင့် တသားတည်း တသဘောတည်း၊တထည်တည်းပင်ဟု တကယ်သိမြင်ရမည် ဟူလိုသည်။

**ဥပမာ-ဥပမေယျ ဟပ်၍ ပြသော်ကား။** ။ယခု လောက၊ မိန်းမ, ယောက်ျားနှင့် တဏှာ ဘန်ဆင်း၍ ပြသောမိန်းမ,ယောက်ျားနှင့်တသားတည်း၊တသဘော တည်း၊ တထည်တည်း စင်စစ် တကယ်ဖြစ်၏။ တဏှာ၊ မာန၊ ဒိဋ္ဌိမှာ တဏှာနှင့်သာ တူသည်ဟူ၍မှတ်ပါ။

**ဥပမာ တနည်းကား။** ။စစ်မာရီကုလား၊ ခရီး အားဖြင့်၊ စီးသွားသော မြင်းများနှင့်လည်း တူပါ၏။ တူဟန်ကား။ နွေခါများ၌ မြက်ခြောက်တွေအား မြင်း မစား၍၊ ထိုမြက်ခြောက်ကိုပင် ရေဆွတ်ပြီးလျှင် ထိုမြင်း တို့အား မျက်မှန်စိမ်းတတ်၍ တဘန် ကျွေးပြန်လေ၏။ ထိုအခါ မြင်းအပေါင်းတို့သည် မိုက်ဖေါင်း၍ သွား အောင်ဝမ်းသာအားရနှင့် စားကြလေကုန်၏။မျက်မှန် စိမ်း ချွတ်မိ၍ ပကတိမျက်စိနှင့် ကြည့်သောအခါ၊ ထို မြက်ခြောက်မှာ အသားမစွဲ၊ အထဲမငြိ၊ ပကတိမြင်ခါ မျှဖြင့်သာ ကြည့်ကြလေကုန်၏။

**ဥပမာ ဥပမေယျဟပ်၍ပြသော်ကား။** ။မာရ်နတ် သားသည် စစ်မာရီကုလားနှင့်တူ၏။သတ္တဝါများသည် မြင်းနှင့်တူ၏။ သုံးဆဲ့တထွေ အာရုံတွေသည် မြက် ခြောက်တွေနှင့် တူ၏။ တဏှာ, မာန, ဒိဋ္ဌိ တရားသည် မျက်မှန်စိမ်းနှင့် အလားတူ၏။မျက်မှန်စိမ်းချွတ်၍ ကြည့် သော ပကတိမျက်စိနှင့် မြင်သောအခါမှာ ဝိပဿနာ ပညာမျက်စိနှင့်တူ၏။

ဤတဏှာ,မာန,ဒိဋ္ဌိ သဘောရှိ၍နေကြသော၊သူငါ ကစ ပုထုဇ္ဇနိမှန်သမျှမှာ ကာယကံမှု, ဝစီကံမှု,မနောကံ ကြီဘန်မှုနှင့် ဘယ်လိုပင် ပြုငြားသော်လည်း မျက်စေ့ လည်သောယောကျ်ားသည် ခရီးမှားကိုသွားသလိုသာ မှတ်ပါ။မျက်စေ့လည်သော ယောကျ်ား ဟူသည်ကား အရှေ့ကိုအနောက်၊တောင်ကို မြောက်ဟု၊ဖြောင့်ဖြောင့် တကယ် မျက်စေ့ လည်သောသူ၊ လူတယောက်သည် အရှေ့ကိုပင် အနောက်ထင်၏။ ထို မိမိအထင် မြင်သည့် အတိုင်းနှင့် မဆိုင်းမနား ခရီးမှားသို့ သွားလေ၏။ ထို မျက်စေ့လည်သောသူကိုမျက်စေ့မလည်သောသူတို့က အခါခါအား ပြောပါများလျှင် ထို မျက်စေ့လည် တကယ်ပင် မပြေသေးသော်လည်း၊ ပြောပြကြသော သူတို့အား၊ယုံကြည်သည်လည်းတပါး၊မိမိစိတ်အားဖြင့် စဉ်းစားခြင်း ရှိသည်လည်းတချက်၊ သို့အတွက်ကြောင့် ထို မျက်စေ့လည်သော သူသည်၊ မျက်စေ့လည်မှန်းကို သိလေ၏။ ထို မျက်စေ့လည်မှန်းကို သိသောသူသည်၊ အရှေ့ကို တည့်တည့် ရှေးရှုကြည့်၍၊ မိမိ၏ မျက်စေ့က အနောက်ဟူ၍ပင် ကြောင်ကြောင်ကြီးမြင်၏။ ထို မိမိ၏ စိတ်ထည်းကလည်း အရှေ့မှုချဟု ကေန်တည့်တည့်၊ သိ လည်းသိ၏။ ထိုသူတယောက်တွင် အရှေ့မြင် အနောက် မြင်, နှစ်မျိုးပင် ထင်မြင်လေ၏။

**ဥပမာ ဥပမေယျဟပ်၍ပြသော်ကား။** ။လူ့နတ်၊ ဗြဟ္မာ၊သတ္တဝါခပဲ၊ငရဲတိရစ္ဆာန် တေကန်ရှိ၏ဟု ထင်မြင်ကြသော သူငါကစပုထုဇ္ဇန်ဟူသမျှတွေသည်၊မျက်စေ့လည်သောသူနှင့် တူလှပေ၏။ ပြောပြကြသော ပညာရှိလူ မျက်စေ့မလည်သောသူတို့နှင့်ကား ဘုရားစသောသူတော်ကောင်း တို့ နှင့် တူ ၏။ မျက်စေ့ လည်မှန်းကိုသိသောအခါနှင့်ကား သူတော်ကောင်းတို့ဟောကြားတော်မူသော တရားတော်ကို ယုံကြည် သည် လည်းတပါး၊ မိမိ၏ ဉာဏ်မျက်စိအား ဝတ်ထား၍၊ ဝိပဿနာတရားကို ပွားများ သည် လည်း တ ချက်၊ သို့အတွက်ကြောင့်၊ မိမိ၏ ဉာဏ်မျက်စိမှာ ပုဂ္ဂိုလ်၊ သတ္တဝါ၊ ငါသူတပါး၊ ယောကျ်ား,မိန်းမဟူ၍ သက်သက်မရှိ၊ ဘိဝ်မရှိ၊ အလျှဉ်းမရှိ၊ ပင်ကိုယ်ရင်း သဘော ပကတိကိုကစင်စင်ကြီး မရှိသည့်ကိုပင် ပညာမြင်နှင့် ကြည် ကြည်လင်လင် ရှင်းရှင်းလင်းလင်း ထင်းထင်းကြီးမြင်တော်မူကြသော ပညာရှိသူ ရှင်လူအပေါင်း သူတော်ကောင်းတို့နှင့် တူကြပေ၏။ စက္ခုအစ ရှိသော ဝိညာဏ်မြင်၏သတ္တိကလည်း လူ့,နတ်,ဗြဟ္မာ,သတ္တဝါသည်၊ကေန္တမုချတည့်တည့်ရှိ၏။ကြောင်ကြောင်ကြီးပင် မြင်၍နေ၏။

ဤကဲ့သို့ ပြဆိုခဲ့သည့်အတိုင်းကို ဉာဏ်ပညာဆန္ဒိုင်း၍၊ နေ့တိုင်း ဆင်ခြင်လျှင် သိမြင်ယုံကြည် နားလည်ပါလိမ့်မည်။မဆင်ခြင်၍ မသိမမြင် မယုံကြည်လျှင်-

(ဤလောက၌၊ မိဘ တို့အား၊ ချစ်ကြငြား
လည်း၊ မိဘနှင့်မူ၊ အယူကွဲပြား၊ ဘ,စကားကို၊
နားမထောင်လူ၊ ရန်သူ ဖြစ်လေ၊ အမွေ မရ၊
ပမာဏသို့။ ။ ဘုရာ့စကား၊ မြတ်တရားကို၊
နားမဝင်ဘိ၊ မသိလျှင် သူပုန်၊ မယုံလျှင် ရန်သူ၊
အတူလိုနေ၊ မဂ်ဖိုလ် မွေကို၊ မရလေငြား၊ ဆင်းရဲ
ပွားသည်၊ အများလူတို့၊ သိစေဘို့။) ဟု စပ်ဆို
ခဲ့ပေသည်။

သိရမည်မှာ။ "သဗ္ဗော ကာဝါသ သင်္ခါရ" ဟူသော ဤလောကသုံးရပ်မှာ လူနတ်ဗြဟ္မာ,သတ္တဝါမရှိ၊ ငါမရှိ ကိုယ်မရှိဟု သိရမည့်အချက်၊ ရှိကြသည် အတွက်က၊ ဖြစ်ပျက်မှန်လှ၊ ရုပ်နာမ်သင်္ခါရပဝတ္တ၊ ဝဋ္ဋဒုက္ခသဘောမျှ စင်စင်ဟု မြင်ရမည်ဟုလိုသည်။

**လိုရင်းကား။** ။လူရှိသည်၊ နတ်ရှိသည်၊ လူ့ပြည်ရသည်၊ နတ်ပြည်ကျမည်၊ ငရဲကျသည်၊ ငရဲခံရမည်၊ ဤသို့ အစရှိသော အထင်အမြင်စုသည် စက္ခုဝိညာဏ်၊ သောတဝိညာဏ်၊ ဃာနဝိညာဏ်၊ ဇိဝှါဝိညာဏ်၊ ကာယဝိညာဏ်၊ မနောဝိညာဏ်ဟူသော ဝိညာဏ်ခြောက်ပါး၏ သဘော၊ သမ္မာမယှဉ်၊ မိစ္ဆာဝင်သော ဝိညာဏ်သိ၊ ဝိညာဏ်ထင်၊ ဝိညာဏ်မြင် ဟူ၍သာမှတ်ပါ။

ထို ဝိညာဏ်မြင်ကိုပင် မရှိဘူးဟုမထင်နှင့်။ ရှိပုံမှာ-အိပ်မက်သောအခါ မည်သူ၏မျက်လုံး၊ မည်သူ ၏ မျက်တောင်ကို ကြောင်ကြောင်ကြီး မြင်ရသလိုပင်၊ အလွန်လျှင် ကြီးကျယ်၊တကယ်ပင် ထင်လျှားလှသောဝိညာဏ်မြင်၏ သ ဘော က လည်း သတ္တ လော က ကြီး ပါပေတည်း။

"သခ်ိတာဓမ္မာ အသခ်ိတာဓမ္မာ"ဟူသောဒေသနာတော်မြတ်ကြီး၏ အရကလည်း၊ ဖြစ်ပျက်မှန်လှ ရုပ်နာမ်သခ်ါရပဝတ္တ ဝဋ္ဋဒုက္ခသဘောမျှ မြဲမြဲသာရှိသည်။ ဤသို့လူ,နတ်,ဗြဟ္မာ၊သတ္တဝါခဲပဲ၊ငရဲမရှိဟု၊သိမြင်မှုမှာလည်း ဝိပဿနာဉာဏ်ယှဉ်၊ သမ္မာယှဉ်သော၊ ပညာသိ၊ ပညာထင်၊ ပညာမြင်ဟူ၍သာ မှတ်ပါ။

ထို့ကြောင့်—
ဒုက္ခမေဝဟိ သမ္ဘောတိ၊ ဒုက္ခံ တိဋ္ဌတိဝေတိစ။
နာညတြဒုက္ခာသမ္ဘောတိ၊နာညံ ဒုက္ခာ နိရုဇ္ဈတိ။

**အနက်ကား။** ။ဟိသစ္စံ၊ မှန်၏။ ဒုက္ခ မေဝ၊ ဆင်းရဲသက်သက်သည်သာလျှင်။ သမ္ဘောတိ၊အကြောင်းအားလျော်စွာ ဖြစ်၏။ ဒုက္ခံဝေ၊ ဆင်းရဲသက်သက်သည်သာလျှင်။ တိဋ္ဌတိ၊ ခဏဌီ ပဗန္ဓဌီအားဖြင့် တည်၏။ ဝေတိစ၊ ချုပ်လည်း ချုပ်၏။ဒုက္ခာ၊ဒုက္ခကို။အညတြ၊ကြဉ်ထား၍။ ကိဉ္စိဓမ္မဇာတံ၊ ပုဂ္ဂိုလ် သတ္တဝါ ခေါ်ဆိုဘွယ်ရာ တစုံ

တခုသော တရားသဲဘောသည်။နသမ္ဘေ့ာတိ၊ဖြစ်သည် မရှိ။ ဒုက္ခာ၊ ဒုက္ခမှ။ အညံ့၊ တပါးသော။ ကိဉ္စိမမ္မဇာတံ၊ ပုဂ္ဂိုလ်သတ္တဝါ ခေါ်ဆိုဘွယ်ရာ တစုံတခုသော တရား သဘောသည်။ နနိရုဇ္ဈတိ၊ ချုပ်သည်မရှိ။

ထို့ကြောင့်—

(ဝိညာဏ်ပညာ၊သိရာအမှု၊မြင်နှစ်ခုတွင်၊ဝိညာဏ် မြင်ပုံ၊ နွားမ,မြုန်သား၊ နွားငယ်အားဖြင့်၊ နို့မြင့် ဆုကြို၊ငြင်းခုံအလား၊ ပုံမခြားတည်း၊ အများသူငါ၊ မိစ္ဆာယူလွဲ၊ ငရဲကြီးလှ၊ ကုသိုလ်ရဟု၊ ပြုကြရှောင် ကြဉ်၊ ဝိညာဏ်မြင်တည်း၊မှားပင်မှားဘိ၊ မှားခေါင် ထိ၏။

ဉာဏ်သိသဘော၊ပညာဇောမှာ၊သင်္ချာကာသ သင်္ခါရမှ၊ လောက ဝေါဟာ၊ ပညတ် သာလျက်၊ ဖြစ်နှင့် ပျက်မျှ၊သဘာဝသာ၊အဗျာပါရ၊ကေတွာနှင့်၊ နာနတ္တနည်း၊ဧဝံနည်းသာ၊ ဓမ္မတာဟု၊ ဖြူခါစင်စင်၊ ပညာမြင်မှ၊ ကြည်လင် လှသည်၊ မြင်ကြ အများ၊ မှန် အမှား။

ခြောက်ပါးဝိညာဏ်၊ သိ ထင် မြင်နှင့်၊ သုံးအင် ကမ္မ၊ပြုသမျှမှာ၊သမုဒယ၊ ဒုက္ခသစ္စာ၊ ဖြစ်လေရာ၏။ ပညာသိမှ၊ ဒွါရသုံးခု၊ ပြုပြုသမျှ၊ မဂ္ဂ သစ္စာ၊ နိရော ဓကျ၊ ဖြစ်လေရသည်၊ ၊သစ္စာ့အပြား၊ မှန်လေး ပါး။)ဟု၊ စပ်ဆိုခဲ့ပေသည်။

ဤကဲ့သို့ အစစ်ကေန် အမှန်အားဖြင့် လူနတ်ဗြဟ္မာ
သတ္တဝါခပဲ၊ ငရဲမရှိသည်ကိုပင် သိမြင်၍သာ ထားပါ။
ပါပဓမ္မ၊ ပါပကမ္မ၊ ပါဏာတိပါတ စသော အမှုတို့မှာ
မပြုရာ။. ။(ဥပမာမှာ) ညဥ့်အခါ ပွဲသဘင်ကပြရာ၌၊
တခုသော အရုပ်က တခုသောအရုပ်ကို နှိပ်စက်သော
အခါ၊ မဟုတ်ဘဲလျက် အဘယ့်ကြောင့် နှိပ်စက်သနည်း
ဟု၊ ထို နှိပ်စက်သောအရုပ်၌ မဟုတ်သည့် အတွက် နှင့်
ရိုက်နှက်ခြင်းစသောအမှုကို မပြုသင့်။မပြုနှင့်။ပြုကြလျှင်
ဘာသာ ဖျက်ဆီးမှု ပုဒ်မက၊ မုချ ထောင်တွင်း၊ သံခြေ
ချင်းနှင့်၊သိုင်းကွက်ကျ နင်းရမည်။ဤကဲ့သို့ ပမာဏ ဖြစ်
ပျက်ခြင်း, သဘာဝမျှဖြစ်သော ဤလောက၌ ဝိညာဏ်
ခြောက်ရပ်က ဇာတ်ပြ၍နေကြသော သတ္တလောကမှာ
ပါဏာတိပါတစသော မကောင်းမှု အကုသိုလ်စုကို
မပြုသင့်။မပြုနှင့်။ ပြုလျှင် ပါပဓမ္မ၊ပါပကမ္မမှုတဲ့။ ယခုပင်
အပါယ်အိုးသို့ ၄၂ မိုးထိုးကြီး သွားကြ၍၊ ရောရုဝ ငရဲ
အောက်၌ အိမ်ဆောက်၍နေရမည်။ ရီးတီး ရားတား
အထင်မှား၍၊ ရောင်လို့များ မပေါ့နှင့်၊ ကော့၍ ကွေးမြဲ၊
တာပန္နငရဲထဲ၊ အိုးမဲခဲမုချ၊ ဧကန္တကို၊ မယုံဘူးလား၊ ပါဠိ
တော်ပြလိုက်မည်။

"တာနိဿတသ္မိံ သမယေ အဇ္ဈော လဗ္ဘန္တိ"အစ
ရှိသော၊မုက္ခမံသုတ္တန်တရားကအလွန်လျှင်ထင်ရှားလှ၍
များစွာပင်မပြုပြီ။သင်္ခေပသဘော အဓိပ္ပါယ်ပြောရလျှင်

လောဘ, ဒေါသ, မောဟ, ဝိတက်၊ တရားပျက်စရိုက်နှင့်၊ အဓမ္မအမှုမိုက်၊ ဘဝတိုင်းပြုလိုက်သော ဒုစရိုက်အသချေ တို့သည် ထင်စေရန် မြင်စေရန်၊ အတန်တန် အနဲနဲ၊ ရှစ်ပြည်ထောင် ငရဲလည်း၊ တကတဲ ဟင်းလင်း၊ ဆဲ့နှစ်သင်း ပြိတ္တာနယ်၊ သူရကာယ်တိရစ္ဆာန်၊ နိမိတ်တွေ ဆော်ဘန်လျက်၊ တော်လှန်ခွင့် မပေးဘဲ၊ အရေးကုန် ထင်လာကြ၍၊ ယမတော, ယမက၊ အမည်ရသော၊ ယမမင်း, စေတမန် တို့က၊ ထိုသူ့အိမ် ဝင်းခြံ၊ အတွင်းပြင် ဝန်းရံ၍၊ လှန်ကိုယ်စီ ထားကိုယ်စီနှင့်၊ ချီလဟဲ တုပ်လဟဲ၊ ဆွဲမရောင် ငင်မရောင်၊ အကောင်တွေ ကြောက်ခမန်း၊ သည်စခန်း အဆိုက်တွင်၊ ကြောက်လိုက်သဲ့ ဖြစ်နဲ့မှာ၊ အူအသဲ ဆတ်ဆတ်တုန်၊ သို့ဖြစ်ပုံ သဘော လာကို၊ မနေသာ ခါခါဆ၍၊ ပါပဓမ္မ၊ ပါပကမ္မမှုတို့ကို မပြုသင့်။ မပြုနှင့်ဟု ဆိုလိုသည်။

ဤအရာမှာ၊ သုငါကစ၊ ဓမ္မကထိက ပြုလုပ်ကြလျှင်၊ (ဥပမာအား) အလမ္ပာယ်သမားနှင့် အလား တူရာသည်။ အလမ္ပာယ်သမား ဆိုသည်ကား။ နဂါးတဘက်၊ ဂဠုန်တဘက်၊ နှစ်ချက်ပင် ပြရသည်။ လက်ဝဲအချက်၊ နဂါးဘက်က၊ ပြလွန်းလှလျှင်၊ ပါးပျဉ်း ထောင်လိုက်၊ ကိုက်၍မနေ၊ လူသေတတ်သည်။ လက်ျာအချက်၊ ဂဠုန်ဘက်က၊ ပြလွန်းလှလျှင်၊ စိတ်လျော့ ပြေ့ခွေ၊ မြွေသေ တတ်သည်။

**ဥပမာ ဥပမေယျ ဟပ်၍ပြသော်ကား။** မြတ်စွာဘုရားသည် အလမ္ပာယ်သမားကြီးနှင့် အလားတူ၏။ ။ သတ္တဝါတွေသည် မြွေနှင့်တူ၏။သုတ်ဝိနည်းတရားသည် လက်ဝဲအချက် နဂါးဘက်နှင့်တူ၏။အဘိဓမ္မာဝိပဿနာသည်၊ လကျာ်အချက် ဂဠုန်ဘက်နှင့်တူ၏။ (၊ တနည်းကား )လက်ဝဲခြား ဝိညာဏ်မြင်တရားက နဂါးနှင့်တူ၏။ ။ဝိပဿနာ၊ လကျာ်ဘက်ကြို၊ ပညာမြင်ပုံက၊ ဂဠုန် နှင့် တူ၏။ ယခု ကာလ သူငါကစ ဓမ္မကထိက ပြုလုပ်ကြသူ၊ ရှင်ရှင်, လူလူ ဟူသမျှမှာ၊ အလမ္ပာယ် သမားကြီး၏ သား၊ အလမ္ပယ် သ မား များ နှင့် မခြား အလားတူ၏ဟူလိုသည်။

၍အဓိပ္ပါယ်အကျ၊ သူငါကစ၊ ယေဘုယျမှာ။ ၍လောကခပ်သည်၊ လက်ဝဲဘက် အားလုံး၊ မဆိုးမတုံး၊ တရုံးရုံးနှင့်၊ တအုံးအုံး တောက်လျှမ်း၍၊ကြောက်ခမန်း လိလိရှိကြကုန်၏။ဝိပဿနာ လကျာ်ကဖြင့် ချိချိနဲ့နဲ့နှင့် သဲ့သဲ့မြိမြိမျှ အနိုင်ရှိ ရှိကြသည်။တဏှာခုနှ၊ ဒိဋ္ဌိဂါဟ၊ ပပဉ္စမောက်လျှမ်း၍၊ ဝိပဿနာလမ်းက ပျောက်ခမန်း နေရပုံကို သတိမူကြပါကုန်။

၍ ယခုပြဆိုခဲ့သော အလမ္ပာယ် ဥပမာမှာ၊ ခန္ဓာ အာယတနဓာတ်တို့ကို ပါဠိဘာသာအတိုင်းနှင့်၊ သရုပ်တရားကိုယ် ကွဲကွဲပြားပြား ရှိရုံခါမျှ ရေးပြ ပြောဟော ခြင်းသည် ဥဂ္ဂဟမည်၏။ ။အနက်မြန်မာ နေရာတကျ

ပြောပြ ရေးသားခြင်းသည်၊ ပရိပုစ္ဆာမည်၏။ကိုယ်တွေ့ ဒိဋ္ဌဟူသော ဥဒါဟရဏ်,ပုံသဏ္ဍာန် သက်သေသာဓက တို့နှင့် နေရာတကျ ပြောဟော ပြသ ရေးသားသမျှမှာ ဝိနိစ္ဆယမည်၏။ဤသို့ ဥဂ္ဂဟ၊ပရိပုစ္ဆာ၊ဝိနိစ္ဆယ သုံးပါး တို့ဖြင့်၊ ခန္ဓာအာယတနဓာတ်၊ ပဋိစ္စ သမုပ္ပါဒ် စသည် တို့တွင် တပါးပါးကိုပင် ကွဲကွဲပြားပြားကြီး ရှင်းလင်း စွာ၊ပညာမျက်စိနှင့် သိမြင်သောသူ၊ရှင်ရှင် လူလူ ဟူဟူ သမျှမှာ ကလျာဏပုထုဇ္ဇန် ပညာမြင် ဝေနေယျပုဂ္ဂိုလ် ဆိုသည်ဟု မှတ်ပါ။ ထိုသို့ မဟုတ်လျှင် အန္ဓပုထုဇ္ဇန် ဝိညာဏ်မြင် သတ္တဝါဟူ၍သာ မှတ်ပါ။ သတ္တဝါနှင့် ဝေဏေယျကွဲပြားပုံကို နောက်မှာမှ ခြားနားစွာပြဆို ပါအံ့။

ယခင် ဆိုအပ်ခဲ့ပြီးသော ဤလောကပွဲသဘင် ကပြ ရာတွင် သူ့စခန်းကုန်လျှင်ဝင်၊သူ့စခန်းကျလျှင်ထွက်၍ ကပြကြသလိုအတူ။ ရူပါရုံ မှန်သမျှကို စက္ခုဝိညာဏ် စိတ်က ဒဿန သန္တတိ မြင်မှုအစဉ်မျှ ဖြစ်၍ ချုပ်၏။ သဒ္ဒါရုံ မှန်သမျှကို၊ သောတ ဝိညာဏ်စိတ်က သဝန သန္တတိ ကြားမှုအစဉ်မျှဖြစ်၍ ချုပ်၏။ဂန္ဓာရုံ မှန်သမျှကို ဃာန ဝိညာဏ်စိတ်က ဃာယနသန္တတိ နံမှုအစဉ်မျှ ဖြစ်၍ချုပ်၏။ ရသာရုံမှန်သမျှကို ဇိဝှါ ဝိညာဏ်စိတ်က သာယနသန္တတိ လျက်မှုအစဉ်မျှဖြစ်၍ချုပ်၏။ဖောဋ္ဌဗ္ဗာရုံ မှန်သမျှကို ကာယဝိညာဏ်စိတ်က ဖုသနသန္တတိ တွေ့

ထိမှု အစဉ်မျှ ဖြစ်၍ ချုပ်၏။ ထိုပဉ္စဒွါရ အာရုံမှ တပါး လောကီအာရုံမှန်သမျှကို၊ မနောဝိညာဏ်စိတ်က စိန္တန သန္တတိ ကြံစီမှုအစဉ်မျှဖြစ်၍ ချုပ်၏။

ဤလောကပွဲသဘင်မှာ နေထွက်၍ လာသောအခါ ဇာတ်သိမ်း၍သာ သွားရလေကုန်၏။ ထို့အတူ ပရမတ် ဆတ်ဆတ်ဖြစ်သော ရုပ်ဓာတ်စု နာမ်ဓာတ်စုဖြစ်ပျက်မှု အစဉ်သည်၊ ပညာနေ့နေမင်း ထွန်းလင်းထွက်ပေါ်သော အခါမှ၊ လူ နတ်ဗြဟ္မာ သတ္တဝါ ခဲ့ရည်ဃံ အလုံးစုံ အကုန် သုံးဆဲ့တဘုံ ဇာတ်မြို့ ဇာတ်ကုန် သိမ်း၍၊ ငြိမ်းရသည်ကို၊ နိဗ္ဗာန်ဆိုသည်။

ပွဲသဘင် ဟူသောအရာမှာ-

ရင်္ဂါဟောဂါ ဒါရုယန္တံ၊ သဗျာပါရံဝ ခါယတိ။
ဧဝံ သုညံ နာမရူပံ၊ အညမည သမာယုတံ။

**အနက်ကား။** ။ရင်္ဂါဟောဂါ ကြိုးနှင့် ပေါင်းဘော်မိ ခြင်းကြောင့်။ ဒါရုယန္တံ၊ ကြိုးယန္တရားဖြင့် ငွါးငွါးလှုပ် သော သစ်သားရုပ်သည်။ သဗျာပါရံ ဣဝ၊ သွားလာ ကခုန်၊ဗျာပါရ ရှိပုံရောင်ရောင်။ ခါယတိယထာ၊မဟုဘ် ပဲနှင့်၊အလွဲပင် ထင်ရသကဲ့သို့။ ဧဝံ၊ ဤအတူ။သုညံ၊သတ္တ ဇီဝ ဗျာပါရကင်းဆိတ်သော။ နာမရူပံ၊ နာမ်ရုပ်တရား နှစ်ပါးသည်၊အညမညသမာယုတံ၊အချင်းချင်း ပေါင်း ယှဉ်ကြသည်ဖြစ်၍။ သဗျာပါရံဣဝ၊ သွားခြင်း၊ ရပ်ခြင်း

ထိုင်ခြင်း၊ လျောင်းခြင်းဟု ဆိုအပ်သော ယာပိုထ် လေးရပ် လှုပ်ရှားတတ်သကဲ့သို့။ ခါယတိ၊ မဟုတ်ပဲနှင့် အလွဲပင်ထင်ရ၏။ (အဓိပ္ပါယ်အရမှာ ပြခဲ့ပြီ၊)

မယာမရီစိဂန္ဓဗ္ဗ၊ နဂရံသုပိနန္တကံ။

ဖေဏကာလာတစက္ကံဝ၊ အသာရာကဒလီယထာ။

**အနက်ကား။** ။မာယာဣဝ၊မျက်လှည့်ရုပ်ကဲ့သို့ရင်း။ မရီစိဣဝ၊ တံလျှပ်ကဲ့သို့ရင်း။ ဂန္ဓဗ္ဗ နဂရံ ဣဝ၊ မြူးတူး ကစားချင်၍ ကောင်းကင်၌ ဘန်ဆင်းအပ်သော ဂန္ဓဗ္ဗ နတ်မြို့ကဲ့သို့ရင်း။ သုပိနန္တကံဣဝ၊ စားရ ရောင်ရောင်၊ သောက်ရ ရောင်ရောင်၊ နတ်လှည့်ဆောင်သည့်၊ သန်းခေါင် အိပ်မက် ကဲ့သို့ရင်း။ ဝါ၊ ဘယ်သူ့ရဲ့ မျက်လုံး၊ ဘယ်သူ့ရဲ့မျက်တောင်ကို၊ကြောင်ကြောင်ကြီးမြင်မက်သည့် သန်းခေါင် အိပ်မက်ကဲ့သို့ရင်း။ ဖေဏကံဣဝ၊ ရေမြှုပ် စိုင်ကဲ့သို့ရင်း။အလာတစက္ကံဣဝ၊ မီးစက်ဝိုင်းကဲ့သို့ရင်း၊ ကဒလီယထာ၊ ငှက်ပျောတုံးကဲ့သို့ရင်း။အသာရာ၊အနှစ် သာရ ဘာမျှမရှိကုန်။

**ပါဠိ၌လျှောက်အဓိပ္ပါယ်ကား။** ။မာယာဆိုသည်မှာ မျက်လှည့်ပြသော ရွှေသည် အသုံးရ၊ အသုံးဝင် တကဲ့ ရွှေပင် မဟုတ်သော်လည်း၊ မျက်မြင် ထင်ရှား ကြောင်ကြောင်ကြီး ရွှေကိုပင်မြင်ရသကဲ့သို့၊ ထို့အတူ ဝိညာဏ် လှည့်စားသော သတ္တဝါများကို မျက်လှည့်ရုပ် နှင့် မခြား တသားတည်းတူသည်ကို ဆိုသည်ဟုမှတ်ပါ။

မရိစိ ဟူသည်ကား။ ထုံး အိုင် အင်း နှင့်၊ ရေတွင်း ရေကန်၊ ရှာကြံမရ၊ ပူပြင်းလှ၍ တံလျှပ်ကိုင်၊ ရေထင်မှားသော သမင်များကဲ့သို့ရှင်း။ လင်းလတ်ကိုရေထင်၍ သောင်ပြင်မှာ တံငါလုပ်သဖြင့်၊ မြှုံးစုတ်ခါမျှ ငါးမရသော တငါမိုက်ကဲ့သို့ရှင်း။ "သခ်ိတာဓမ္မာ၊ အသခ်ိတာဓမ္မာ" ဟူသော ဒေသနာတော် မြတ်ကြီးမှာ-သတ္တဝါ စင်စင်မရှိသည်ကိုပင် လူနတ်ဗြဟ္မာ သတ္တဝါရှိသည်ဟု ထင်မှားမှု, မြင်မှားမှုကြောင့် သမုဒယ နှင့် ပြုကြသော ကုသိုလ်မှု၊ အကုသိုလ်မှုကို ဆိုသည်ဟု မှတ်ပါ။ (ဤအရာမှာ-မဂ်ဖိုလ်နိဗ္ဗာန်ကိုရပါလို၏ဟုဆိုလျှင်ပင် လင်းလတ် ရေထင် အတွင်းဝင်သကဲ့သို့ရှိ၏။ သတိမူပါ။)

သိသာ လိုလျှင် ကျေးဇူး ရင် ကြီးဘုရား ရေးသားတော်မူသော—

ဝိညာဏ်ခြောက်ဖြာ၊ သူ့ရှိန်ဝါကြောင့်၊ ငါငါ
သူသူ၊ လူပဲ နတ်ပဲ၊ အထင်လွဲလျက်၊ ငရဲ အပါယ်၊
အသွယ်သွယ်လျှင်၊ ဝဋ်နွယ် ရှည်လျား၊ တမား
မားသည်၊ ခြောက်ပါးဝိညာဏ် စွမ်းရည်တည်း။

စသော ပဋိစ္စသမုပ္ပါဒ် လင်္ကာမြတ်ကို ပညာနှင့်သာ အခါခါကြည့်ပါ။

"ဂန္ဓဗ္ဗ နဂရံ" ဟူသည်ကား။ မြူးတူး ကစားချင်၍၊ ကောင်းကင်၌ ဘန် ဆ င်း အပ်သော ဂန္ဓဗ္ဗ နတ်မြို့ကို

ဝင်းဝင်း,ပြောင်ပြောင်နှင့် ကြောင်ကြောင်ကြီးပင် မြင်ရသော်လည်း အကြိတ် အခဲ အဆံ အမာ အနှစ်သာရ အသားအသည်နှင့် တကယ်မရှိသကဲ့သို့၊ ထို့အတူပင် ဝိညာဏ်မြင်သော၊သုံးဆဲ့တရွာ၊လူနတ်ဗြဟ္မာ၊သတ္တဝါ များကို၊အသားအထည်နှင့် တကယ်အနှစ်အစစ်မရှိဟု ဆိုလိုသည်။

''သုပိနန္တကံ ''ဟူသည်ကား။ အိပ်မက်ထည်းတွင် လူ,နွား ကိုပင် ကြောင့်ကြောင်ကြီးထင် မြင်ရသော် လည်း၊ နိုးသောအခါ ဘယ်ဟာတစ်မျှ မရှိသကဲ့သို့၊ ထို့အတူ သံသရာညဉ့်တာရှည် အိပ်ပျော်၍ နေရာမှာ တကျော့ဒိဋ္ဌိဖြင့် ထင်မြင်ကပ်ငြိခြင်းရှိသော်လည်း၊ပညိနေ့ နေမင်း ထွန်းလင်း ထွက်ပေါ်သောအခါမှ၊ လူ,နတ် ဗြဟ္မာ,သတ္တဝါခပဲ ငရဲမရှိဟု သိလိမ့်မည်ဟူလိုသည်။

''ဖေဏကံ ကဒလိ '' ဟူသည်ကား။ ရေမြှုပ်စိုင် ငှက်ပျောတုံးတို့မှာ အနှစ်သာရ ဘာမျှ မရှိသကဲ့သို့၊ ထို့အတူ ခန္ဓာငါးပါး ရုပ်နာမ်တရားတို့မှာ-အနှစ် သာရ ဟူသော အကြိတ် အခဲ အဆံ အမာ အားဖြင့် အသားအထည်နှင့် တကယ်မရှိသည်ကို သိရမည်ဆိုလို သည်။

'အလာတစက္က'ဆိုသည်ကား။သူငယ်လက်ဆော့၊ဝါး ခြမ်းပျော့အား အဖျားဦးမီးရှိလျှင် မီးချည်ခင် ထင်မှတ် အောင်၊ သူ့လက်နှင့် ရမ်းသိုင်း၍ မီးစက်ဝိုင်း အသွင်

ထင်ရသကဲ့သို့၊ ထို့အတူ အန္တပုထုဇ္ဇန် ဝိညာဏ်မြင်နှင့် လူ,နွားဟု ထင်မှားမှုရှိသော်လည်း၊ ဝိပဿနာဉာဏ်ရှင် ပညာရှင်တို့က ဖြစ်ပျက်စဉ်တရား သခ်ါရမှတပါး၊ လူ နွား မရှိဟု ဟောကြားသော တရားကို နားမျှ မဝင် ဒေါသယှဉ်သည်မှာ....။

**ဥပမာကား။** ။လေးငါးနှစ်ရွယ် သူငယ်တို့သည်၊ ဝါးခြမ်းပြားကို နွားလုပ်၍ ကစားရာ၊ ထိုသူငယ်မှာ တကဲ့နွားသွင်တကယ်ထင်၍ အလွန်ပင်ပျော်ရွှင်လေ၏။ ထိုအခါ သက်နှစ်ဆယ်ရွယ် သူငယ်တို့က ဤသို့ဆိုကြ၏။ လေးငါးနှစ်သား သူငယ်များတို့၊ သင်တို့နွားကား မဟုတ်သောနွား ဝါးခြမ်းပြားဟု၊ ခိုး၄က်၍ ချိုးဖျက်ကြလေကုန်၏။ ထိုအခါ လေးငါးနှစ်ရွယ် သူငယ်၏ သဘောက အလွန်ပင် နှမြောလှ၍ မဆည်နိုင် ကြုံမရ လက်မှိုင်ချ၊ တဖိုဖို တရှိုက်ရှိုက် ငိုပြီးလျှင် ယိုမျက်ရည် စက်လက်နှင့်ခင်မက်သောသဘောအားဖြင့် တက်မြော ၍များ သွားလေ၏။ သတိရခါမှ ထ,၍ တဘန် သည် ရန်ညှိုး ထန်းပိုးပြန်မည်ဟု သူခိုး၏ပြစ်ဒါဏ်ကို အစိုးရ ထံ၌ အပ်နှံလေ၏။ ဤသို့လျှင် အကြီးအငယ် ထိုသူငယ် တို့အား အမှုဖြစ်ပွားကြရာ မင်းစိုး ရာဇာတို့က ဥပဒေ ပုဒ်မနှင့် ဒီကရီ ချသည်မှာ—တကဲ့နွားစစ် မဟုတ်သည် ဖြစ်၍၊ စင်စစ်အသပြာတတွက်တာသော်လည်း အလျော် ကို၊ မစီရင်၊ ထောင်တွင်လည်း မချ တကျွန်းသို့လည်း ခပါ

ရသည်မှာ တကွဲနွားစစ် မဟုတ်သည်၏ အဖြစ်ကြောင့်တည်း။ သို့သော်လည်း ကလေးတို့ တံထွာ ဓမ္မတာ စရိုက် သူကြိုက်သောအမှုကို သင်မပြုနှင့်၊ မပြုသင့်ဟု တားမြစ်လေ၏။

**ဥပမာ-ဥပမေယျ ဟပ်၍ပြသော်ကား။** ။လေးငါး နှစ်သား သူငယ်များနှင့်ကား။သူ ငါကစ အမှားကိုပင် အမှန်ထင်သော၊ဝိညာဏ်သိ၊ ဝိညာဏ်မြင် ပုထုဇ္ဇန်အန္ဓ တွေနှင့်တူလှ၏။သက်နှစ်ဆယ်ရွယ် သူငယ်များနှင့်ကား ဝိပဿနာ တရားကို ကောင်းစွာ ဆင်ခြင် ပညာမြင်သူ ရှင်လူ အပေါင်း သူတော်ကောင်းတို့နှင့် တူလှပေ၏။ အစိုးရ များနှင့်ကား ဓမ္မသာရိယဘုရား အလားတူ၏။ တားမြစ် ဆိုသည်မှာ - အာဏာ ဒေသနာကို မှတ်ပါ။ လိုရင်းကား။ဝါးခြမ်းပြားကို နွားထင်၍ ပျော်ရွှင်မှုမှာ၊ ကလေးတို့တံထွာဓမ္မတာအစစ်ကေန်ဖြစ်၏။ထို့တူပမာ ရုပ်နာမ် နှစ်ဖြာကို သတ္တဝါဟု ထင်မှားမှု မြင်မှားမှု ဟူသော စက္ခု, သောတ, ဃာန, ဇိဝှါ, ကာယ, မန, အားဖြင့် ဝိညာဏ် ခြောက်ပါး နာမ် တရားကလည်း ပရမတ် စင်စစ် ကေန်ဖြစ်၏။ သတ္တော ကာသ သင်္ခါရ ဟူသော ဤလောကတွင် ဖြစ်ပျက်စဉ်သဘာဝ ရုပ်နာမ် သင်္ခါရမှတပါး လူ နတ် ပြဟ္မာ, သတ္တဝါမရှိဟု အမှန် ကိုပင် သိမြင် မှုကလည်း သမ္မာဒိဋ္ဌိအစစ် ပညာဖြစ်၍ ပရမတ်စင်စစ် ကေန်ဖြစ်၏။

**သိစေလိုရင်းကား။** ။အမှားပရမတ်, အမှန်ပရမတ် အားဖြင့် ပရမတ္ထတရား နှစ်ပါးရှိ၏။ ထိုနှစ်ပါးတို့တွင် လူဟု နွားဟု ထင်မှားမှု၊ မြင်မှားမှု ဟူသော ဝိညာဏ် ခြောက်ပါး၊ စိတ်တရားကလည်း ပရမတ်မှား ဖြစ်၍ မတားမြစ်နိုင်။ ထို စိန္တန ဝိညာဏ်အစဉ် သန္တတိကို မသိ နှင့်၊ မထင်နှင့်၊ မမြင်နှင့်ဟု တားမြစ်သော်လည်း မဖြစ် မရ၊ အဘယ့်ကြောင့်နည်း ပရမတ်သဘော ဖြစ်လေ သောကြောင့်တည်း။ ဤအရာမှာအာရမ္မဏ်ကဖြစ်သော ထင့်မြင်တတ်သဲ့ ဝိညာဏ်ခြောက်ရပ်ကသာပရမတ်ပါ။ ထင်မြင်အပ်သဲ့ လူ, နွား, စသောအာရုံ သုံးဆဲ့တဘုံမှာ ပညတ် မျှသာဟု သိမြင်မှုကလည်း သမ္မာဒိဋ္ဌိ ဉာဏ် အမှန်ကိုသိသော ပညာဆတ်ဆတ် ပရမတ်ပေတည်း။

**ဤအရာမှာ သတိမူလိုက်ပါ။** ။ဝိညာဏ်မြင် ဆိုသည် မှာ၊ဝိညာဏ်မြင်ကအပါယ်ဘဝသို့မချမဆိုက်၊ဒိဋ္ဌိကသာ အပါယ်လေးရွာသို့ရောက်အောင် ပို့ဆောင်ပစ်ချသည် (ဥပမာကား။) သူငါကစ ဒိဋ္ဌိမကွာကြသော ပုထုဇ္ဇန် မှန်သမျှမှာ ကျီဆံပါသော အမြောက် သေနတ်နှင့် ပစ်ခတ်သော အခါ သတ္တဝါ သေသလိုသာ မှတ်ပါ။ ဝိစိကိစ္ဆာ၊ ဒိဋ္ဌိကွာသော အရိယာ များမှာ အသံသာ ပေါက်၍အဆံမရောက်သော သကြံန်အမြောက်နှင့်သာ တူသည်ဟု မှတ်ပါ။

ဝိညာဏ်မြင် အမှားဆိုသည်ကား 'မစ္ဆာဃောသေန္တိ' ကဲ့သို့မှတ်ပါ။ ။သက်သေကား။ ပညတ်တရားအနေနဲ့ လူ့နွားဖွဲ့တွေဟု ထင်မြင်မှုကား၊သဗ္ဗညု ဘုရားရှင်သော်လည်း ထင်မြင်တော်မူပေသည်။ အဘယ့်ကြောင့်နည်းဆိုလျှင်သဗ္ဗညုဘုရားရှင်မှာလည်းဝိညာဏ်ခြောက်ပါးနှင့်ပင် ထိုဝိညာဏ် ရှိလျှင် ထင်မြင်မည် ဟူလိုသည်။ သို့သော်လည်း ထင်မြင်ခြင်းကား ကွာခြား၏။ (ဥပမာကား)မျက်လှည့်သမားက မျက်လှည့်ပြရာတွင် လူကြီး, လူငယ်ပင်ကြည့်ကြလေ၏။ ထိုမျက်လှည့်ပြရွေ့ကို လူကြီးတွေက မလိုချင် မရချင်သည်မှာ ပကတိကိုက ထိုမျက်လှည့်ပြရွေ့သည် အသုံးမကျ၊ သုံးမရသော အလကားဟာပင်ဟု သိမြင် ခြင်းကြောင့်တည်း။ ။သူငယ်တို့မှာမူကား၊မျက်လှည့်သမားပေးထားသော ထိုမျက်လှည့်ပြရွေ့ကိုပင် အသုံးရ အသုံးဝင် တကဲ့ရွှေ သူထင်၍ ချီရွှင်သော မျက်နှာထားနှင့် အနားက လူခပဲကို ဟိန်းခြင်း, ဟဲခြင်း,မောင်းမဲ မာန်ဝင်၍လက်ထည်းတွင်စိစိလောဘပီတိနှင့် တစိမ့်စိမ့် ကြည့်ရင်းပင် ပကတိမြေစင် ကျောက်ခဲကို သူမြင့်မှ မြားထောင့်စူးဝင် တောသမင် မျောက်ကဲ့သို့ အာလျှာ သွေ့ခြောက် စိတ်ရူး နောက်အောင် မဆောက်တည်နိုင် ကြံမှိုင်ပူဆွေး ငိုကြွေးမြည်တန်းကြ၍ အလွန်လျှင် ပင်ပန်းလှလေ၏။ ဤဥပမာကား။ သတ္တဝါများနှင့် တသားတည်းနေ၏။

**ဥပမာ ဥပမေယျကိုဟပ်၍ ပြသော်ကား။** ဝိညာဏ်ခြောက်ပါးသည် မျက်လှည့်သမားနှင့် တူ၏။ သုံးဆဲ့တထွေ လောကီအာရုံတွေသည် မျက်လှည့်ရွှေနှင့်တူ၏။ မျက်လှည့်ရပ်အနေနှင့် မျက်လှည့်ကြည့်ပေသောလူကြီးတွေနှင့်ကား ဝိပဿနာမြင်သူ ရှင်လူတို့နှင့်တူကြပေ၏။ ထိုမျက်လှည့်ရွှေကိုပင် အသုံးရ အသုံးဝင်သော ရွှေစင်ရွှေသား အထင်မှားသည့် သူငယ်များနှင့်ကား ဤလောက၌ စိတ်ကိုအစိုးမရသော ဥမ္မတ္တကတို့သည် ပကတိ မရှိမမြင်သည့်ကိုပင် ဝိပ္ပလ္လာသ ဘောက်ပြန်သောအားဖြင့် အကယ်ထင်၍ ပျော်ရွှင် ပြုံးရယ် ကြောက်မက်ဘွယ်ဖြစ်ကြသော ဥမ္မတ္တကသွင် အန္တပုထုဇ္ဇနဝိညာဏ်မြင်နှင့်တူ၏။

ထို ဥမ္မတ္တကသွင် ဝိညာဏ်မြင် ဆိုသည်ကား။ ဤလောက၌ဥမ္မတ္တကသည် ဘယ်ဟာတစိမျှမှရှိမမြင်သော ကောင်းကင် ပြင်ကို ကြည့်လျှင် သူ့ စိတ်ဘွင် ထင်မြင်သည်မှာ ပျော်စရာ, ရွှင်စရာ, ကြောက်စရာ, လန့်စရာ, အထွေထွေ အလာလာ အသွယ်သွယ် အဝဝကို ကြောင်ကြောင်ကြီးပင် မြင်ရ၏။ အဟုတ်မြင် တကယ်မြင် သူ့မှာပင် ထင်မြင်ရ၏။ ထို့ကြောင့်သုံးဆဲ့တဝ ဘုံဋ္ဌာနန္တ၊ သူငါကစ၊ သက္ကာယဒိဋ္ဌိ၊ ရှိကြသမျှ၊ သတ္တလောကတလောကလုံးမှာ ဥမ္မတ္တကချည်းသာ ဟူ၍မှတ်ပါ။

ထိုဥမ္မတ္တကသည်လည်း "ပုထုဇ္ဇနော ဥမ္မတ္တကော" ဟု ဟောတော်မူသော အရူးမျိုး ရှစ်ပါးကား။ အာရုံ ခြောက်ပါး ဘုံသုံးပါး၌ ကပ်ငြိ တတ်မက် နှစ်သက် သာယာခြင်း၊ ကာမတဏှာ အစရှိသောသုံးပါး၊ တဆဲ့ ရှစ်ပါး၊ သုံးဆဲ့ ခြောက်ပါး၊ တရာ့ ရှစ်ပါး အပြား ရှိသော လောဘုမ္မတ္တကသည် လောဘရူးမည်၏။ အာရုံ ကို ဖျက်ဆီး ပြစ်မှား ကြမ်းထမ်းခြင်း လက္ခဏာရှိသော အဃာတကိုးပါး။ တဆဲ့ ရှစ်ပါး၊ တဆဲ့ကိုးပါး အပြား ရှိသော ဒေါသုမ္မတ္တကသည် ဒေါသရူး မည်၏။ ပဋိစ္စ သမုပ္ပါဒအစရှိသောအာရုံကိုဟုတ်မှန်စွာမသိမမြင်ခြင်း လက္ခဏာရှိသောမောဟုမ္မတ္တကသည် မောဟရူးမည်၏။ အာရုံကိုမသင့် ဘောက်ပြန်မှားသောအားဖြင့် မြင်ခြင်း၊ အယူမှားခြင်း၊စွဲလမ်းခြင်း လက္ခဏာရှိသော သက္ကာယ ဒိဋ္ဌုမ္မတ္တကသည် ဒိဋ္ဌိရူးမည်၏။နှလုံးမဲ့၊တန္ဓေးနွေးနှင့်၊ ပူဆွေး စိုးရိမ်သမျှ သောကုမ္မတ္တကသည် သောကရူး မည်၏၊ဝတ်သည်းခြေပျက်၍ရူးသောပိတ္တုမ္မတ္တကသည် သည်းခြေရူးမည်၏။ နတ်,ဘီလူး၊ဇော်ဂနီ ပူးဝင်သော ယက္ခုမ္မတ္တကသည်နတ်ရူးမည်၏။ယစ်မျိုးသောက်စား၍ မူးရစ်ကြသော မဇ္ဇုမ္မတ္တကသည် သုရာရူးမည်၏။

ထို ဥမ္မတ္တက ရှစ်ပါး တို့တွင် ဒိဋ္ဌုမ္မတ္တက ဟူသော သက္ကာယဒိဋ္ဌိ၊ အတ္တဒိဋ္ဌိ၊ အတ္တာနုဒိဋ္ဌိ၊ အတ္တဝါဒုပါဒါန် အားဖြင့် လေးပါးသော အမည်တို့သည်တရားကိုယ်မှာ

တခုတည်းသာ ဟူ၍ မှတ်ပါ။ ထို အတ္တဒိဋ္ဌိသည် အတိဩဠာရိကအတ္တဒိဋ္ဌိ၊ ဩဠာရိကအတ္တဒိဋ္ဌိ၊ သုခုမအတ္တဒိဋ္ဌိ၊ အတိသုခုမ အတ္တဒိဋ္ဌိ အားဖြင့် လေးပါး အပြားရှိ၏။ ( ထို အတ္တဒိဋ္ဌိ လေးပါး၏ သဘာဝကို ပယ်သတ်ပုံနှင့် တကွ ဒုတိယ ရေးထုတ်သော ဝိဝဋ္ဋ ဒီ ပနီ စာအုပ်မှာ မျက်နှာနံပါတ် (နှစ်)ကစ၍ ပညာနှင့်သာ ယူပါ)။

သုဂန္တီရမိဒံဉာနံ၊ သုဏိပုနမိဒံပဒံ။
သုဒုဋ္ဌာနမိဒံဉာနံ၊ သုဒုဗ္ဗောဓမိဒံပဒံ။ ။
သုဒုဒ္ဒသမ္ပိ ပဿန္တိ၊ ပဏ္ဍိတဓမ္မကောဝိဒါ။
သုဒုဗ္ဗောဓမ္ပိဗုဇ္ဈန္တိ၊ ဝိညုနောအတ္ထကောဝိဒါ။
(အနတ္တ ဝိဘာဝနာပါဠ်။)

ဣဒံဉာနံ၊ ဤဝိပဿနာအနတ္တအရာသည်။ သုဂန္တီရံ၊ အလွန်နက်နဲ၏။ ဣဒံပဒံ၊ ဤ ဝိပဿနာအလုပ် အနတ္တ ပုဒ်သည်။ သုဏိပုနံ၊ အလွန်သိမ်မွေ့၏။ ဣဒံဉာနံ၊ ဤ ဝိပဿနာ အနတ္တအရာသည်။ သုဒုဋ္ဌာနံ၊ အလွန်သိနိုင်ခဲ၏။ ဣဒံပဒံ၊ ဤဝိပဿနာအလုပ် အနတ္တ ပုဒ်သည်။ သုဒုဗ္ဗောဓံ၊ အလွန် ထိုးထွင်းနိုင်ခဲ၏။

ဓမ္မကောဝိဒါ၊ အကြောင်းတရား၌ လိမ္မာ ကြကုန်သော။ ပဏ္ဍိတာ၊ ပညာရှိတို့သည်။ သုဒုဒ္ဒသမ္ပိ၊ အလွန်မြင်နိုင်ခဲသောတရားကိုလည်း။ ပဿန္တိ၊ မြင်ကြကုန်၏။ အတ္ထကောဝိဒါ၊ အကျိုးတရား၌ လိမ္မာ ကြကုန်သော။

ဝိညုနော၊ ပညာရှိတို့သည်။ သုဒုဗ္ဗောဓမ္ပိ၊ အလွန် သိနိုင်ခဲသော တရားကိုလည်း။ ဗုဇ္ဈန္တိ၊ သိကြကုန်၏။ ။ငင်း အနက်။

၎င်းအနတ္တအရာသည် အလွန် သိမ်မွေ့နက်နဲ သိနိုင်ခဲသောအရာဖြစ်၍ သတ္တဝါများမှာ မသိမမြင်နိုင်ရာ၊ ထိုအနတ္တတရားနှင့် သတ္တဝါများနှင့် အရာမဟုတ်သကဲ့သို့ရှိ၏။ အကြောင်းကျိုးသိမြင် ပညာရှင်ဖြစ်ကြသော ဝေနေယျတို့မှသာလျှင် ထိုအနတ္တသဘာဝကို သိမြင်နိုင်ကြပေကုန်၏။ယခင် ဆိုအပ်ခဲ့ပြီးသော သတ္တဝါဝေနေယျအားဖြင့် နှစ်ပါးတို့တွင် ဝေနေယျဆိုသည်ကား....

> အတ္တသန္တာနေစေဝ ပရသန္တာနေစ အနုသယကိလေသံ ဝိသေသေန အမတရသေန နိယတိအသမ်တ မနုတ္တရံ ဒဿယိတွာ ဝိနာသေတီတိ ဝေနေယျော။ ဟူသည်နှင့်အညီ။

ယေပုဂ္ဂလာ၊ အကြင် ပုဂ္ဂိုလ်တို့သည်။ ဝိသေသေန၊ ထူးမြတ် လှစွာသော။ အမတရသေန၊ အရဟတ္တဖိုလ်တည်းဟူသော ဓမ္မရတနာ မြိုက်ရသာဖြင့်။ အသမ်တံ၊ ပြုပြင်ခြင်းကင်းသော။အနုတ္တရံ၊မိမိထက် လွန်မြတ်သောတရားမရှိသော နိဗ္ဗာန်ကို။ ဒဿယိတွာ၊သိမြင်၍။ အတ္တသန္တာနေစေဝ၊ မိမိ သန္တာန်၌ငင်း။ ပရသန္တာနေစ၊ သူတပါးတို့၏ သန္တာန်၌ ငင်း။ အနုသယ ကိလေသံ၊

ကိန်းအောင်း၍ ငြစ်ငြူးစေတတ်သောကိလေသာတို့ကို နိယတိ ဝိနာသေတိ၊ ဖျက်ဆီးတတ်၏။ ဣတိ တသ္မာ၊ ထို့ကြောင့်။ တေပုဂ္ဂလာ၊ ထိုပုဂ္ဂိုလ်တို့သည်။ ဝေဏေယျာ၊ ဝေဏေယျမည်၏။

ဤဝိဂြိုဟ် သဘောကား။ သဗ္ဗောကာသ သင်္ခါရ ဟူသောဤလောကသုံးရပ်၌ လူနတ်ဗြဟ္မာ သတ္တဝါမရှိ၊ ငါမရှိ၊ကိုယ်မရှိ၊သိရမည့်အချက်၊ ရှိကြသည့်အတွက်က၊ ဖြစ်ပျက်မှန်လှ ရုပ်နာမ် သင်္ခါရပဝတ္တ၊ဝဋ်ဒုက္ခသဘောမျှ စင်စင်ဟု ဝိပဿနာဉာဏ်ယှဉ်သမ္မာယှဉ်သောပညာမြင် ပညာသိမှ ဝေဏေယျဟု ဆိုရမည် ဟူလိုသည်။

အဘယ့်ကြောင့် သတ္တဝါဆိုသနည်း။ ။"တေသံ ဇာတီနံ သန္တာနေ အဝိဇ္ဇာတဏှာယ ပရိယောနဒ္ဓတ္တာ ဗန္ဓတ္တာ ကာမဂုဏေ အာဒီနဝံ အပဿန္တော မဇ္ဈာ ဗာလာသဒိသံ ဟုတွာ ဒဋ္ဌသံဝုတိ ပရိတဿ တီတိဝါ သတ္တာ။" ဟူသည်နှင့်အညီ။

ယေပုဂ္ဂလာ၊အကြင်ပုဂ္ဂိုလ်တို့သည်။တေသံဇာတီနံ၊ ထိုသို့သဘောရှိသော ဇာတိတို့၏။သန္တာနေ၊ ခန္ဓာငါး ပါးသန္တာန်၌။ အဝိဇ္ဇာတဏှာယ၊ အဝိဇ္ဇာတဏှာဖြင့်။ ပရိယောနဒ္ဓတ္တာ၊ အဘန်ဘန် မြွေးယှက် သောကြောင့်။ ဗန္ဓတ္တာ၊ ဖွဲ့ခြင်းကြောင့်။ ကာမဂုဏေသု၊ ကာမဂုဏ် ငါးပါးတို့၌။ အာဒီနဝံ၊ ကြီးစွာသော အပြစ်ကို။

အပ္ပသာန္တော၊ မသိ မမြင်သော။ မန္တာ ဗာလသဒိသံ၊ သေဘေးကိုမမြင်၊ သံမြှားချိပ်၌ရှိသောအစာကိုသာယာမှားသော ငါးမိုက်နှင့်တူသည်။ ဟုတ္တွာ၊ ဖြစ်၍။ ရူပါဒိအာရမ္မဏံ၊ ရူပါရုံစသော သုံးပါးသော်ဘုံ လောကီအာရုံကို။ ဒဠှံ၊ မြဲမြံစွာ။ သဠူတိ၊ စွဲလမ်းတတ်မက်တတ်၏ ဝါ-ပရိတဿတိ၊ ပူပန်တတ်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ သောပုဂ္ဂလော၊ ထိုပုဂ္ဂိုလ်သည်။ သတ္တာ၊ သတ္တဝါမည်၏။

**လိုရင်းမှာ။** ။လူ့ရွာနတ်လမ်း၊ စည်းစိမ်သွမ်းကို၊ ချမ်းသာအတိ၊ အသင်ငြိသော ဝိညာဏ်သိ၊ ဝိညာဏ်မြင်အန္တပုထုဇ္ဇန်ကို ခန္ဓာ ငါးပါး ဟူသော သံသရာ၏ အနှောင်အဖွဲ့သည်၊ ဖွဲ့ချည်တုပ်နှောင် မြဲအောင် ချုပ်ထားအပ်၏။ သံသရာဝဋ် တည်းဟူသော ဤမှာဘက်ကမ်းကိုလည်းမမြင်၊ နိဗ္ဗာန်ဟူသော ဟိုမှာ ဘက်ကမ်းကိုလည်းမမြင်၊ အိုသည့်, သေသည့်, တိုင်အောင်ပင် ကိလေသာ အနှောင်အဖွဲ့ မလွတ်၊ ထိုကိလေသာ အနှောင်အဖွဲ့နှင့်သာ ဤဘဝမှသည် တမလွန် ဘဝသို့ သွားရသောသူကို သတ္တဝါဆိုသည် ဟူလို။

ယခုအခါ ဗုဒ္ဓဘာသာ မြန်မာ လူမျိုးတို့မှာ ဗုဒ္ဓဘာသာဟုဆိုပါလျက်နှင့် တရားတော်မြတ်ကိုမသိမမြင် မယုံကြည်လျှင် ဗုဒ္ဓဘာသာ လူမျိုးမျှသာ ဟုတ်သည်။ မိမိမှာ ဗုဒ္ဓဘာသာမဟုတ်။ အဘယ့်ကြောင့်နည်း....။

သေယျထာပိ ဘိက္ခဝေ အပ္ပမတ္တကောပိ ဂူထော ဒုဂ္ဂန္ဓော ဟောတိ၊ ဧဝမေဝခေါ အဟံ ဘိက္ခဝေ အပ္ပမတ္တကမ္ပိ ဘဝံနဝဏ္ဏေမိ၊ အန္တမသော အစ္ဆရာ သင်္ဃာတမတ္တမ္ပိ။ ။(အင်္ဂုတ္တရပါဠိတော်။)

ဘိက္ခဝေ၊ ရဟန်းတို့။အပ္ပမတ္တကောပိ၊ အနည်းငယ် မျှသော်လည်း ဖြစ်သော။ ဂူထော၊ မစင်ကျင်ကြီးသည်။ ဒုဂ္ဂန္ဓော၊မကောင်းသောအနံ့ရှိသည်။ဟောတိ သေယျထာပိ၊ ဖြစ်သကဲ့သို့။ ဧဝမေဝခေါ၊ ဤအတူသာလျှင်။ အပ္ပမတ္တကောပိ၊ နည်းငယ်တိုလျှ မကြာသည့် သော် လည်းဖြစ်သော။အန္တမသော၊ယုတ်ညံ့ဖြင်းသုံးအောက် ထစ်ဆုံးအပိုင်းအခြားအဘို့အားဖြင့်။အစ္ဆရာသင်္ဃာတ မတ္တမ္ပိ၊ မျက်တောင်တယှက်၊ လျှပ်စစ်တပျက်၊ လက်ဖြစ် တစ္စက်ကာလ၊ တခဏမျှသော်လည်း ဖြစ်သော။ ဘဝံ၊ ဘဝဥ်ဖြစ်ရခြင်းကို။ အဟံ၊ ငါဘုရားသည်။ နဝဏ္ဏေမိ၊ ချီးမွမ်းတော်မမူ။ ဟူ။ ဟောတော် မူသောကြောင့် မြတ်စွာဘုရား၏ အယူတော်က တခဏမျှသော်လည်း ဘဝသုံးဖြာ ဘုံသုံးရွာဥ်ဖြစ်ရခြင်းကို နှစ်သက်တော်မမူ။ သတ္တဝါများကလည်း လူ့ရွာနတ်လမ်း၊ စည်းစိမ် သွမ်းကို၊ ချမ်းသာအတိ၊ အထင်တော်တို့က ငြိကြသော အယူ၊ ဤသို့အားဖြင့် အယူနှစ်ပါးမတူ၊ခြားနား ကွဲပြား ကြ၏။

ထို့ကြောင့်=

( ဤလောက၌၊ မိဘ တို့အား၊ ချစ်ကြငြား
လည်း၊ မိဘနှင့်မှု၊ အယူကွဲပြား၊ ဘ,စကားကို၊
နားမထောင်လူ၊ ရန်သူ ဖြစ်လေ၊ အမွေ မရ၊
ပမာဏာသို့။ ။ ဘုရာ့စကား၊ မြတ်တရားကို၊
နားမဝင်ဘိ၊ မသိလျှင် သူပုန်၊ မယုံလျှင် ရန်သူ၊
အတူလိုနေ၊ မဂ်ဖိုလ် မွေကို၊ မရလေငြား၊ ဆင်းရဲ
ပွားသည်၊ အများလူတို့၊ သိစေဘို့။ ) ဟု စပ်ဆို
ခဲ့ပေသည်။

ဤလောက၌ မိကောင်းဘခင် သား,သမီးပင် မှန်ကြပါသော်လည်း အမှောင့်ပယောဂပူးဝင်၍၊ မိဘစကားကိုပင် နားမဝင်သော ဥမ္မတ္တက သား,သမီး များနှင့် အလားတူပေသည်။ ဤယခုကာလ သူငါကစ ပုထုဇ္ဇန် မှန်သမျှမှာ တဏှာဂါဟ၊ မာနဂါဟ၊ ဒိဋ္ဌိဂါဟအားဖြင့် ဤဂါဟသုံးပါး၊ သံသာရ ပပဥ္စတရားတို့သည်၊ အတင်းအကြပ် ဖမ်းပူးစွဲကပ်အပ်သည်ဖြစ်၍ နိစ္စသညာ၊ နိစ္စစိတ္တ၊ နိစ္စဒိဋ္ဌိ၊ သုခသညာ၊ သုခစိတ္တ၊ သုခဒိဋ္ဌိ၊ အတ္တသညာ၊ အတ္တစိတ္တ၊ အတ္တဒိဋ္ဌိအားဖြင့် ဝိပ္ပလ္လာသဘောက်ပြန်ကြ၍ သူငါကစ သက္ကာယဒိဋ္ဌိ ရှိသမျှမှာ ဗုဒ္ဓဘာသာ မဖြစ်။ စင်စစ်မှာ မိစ္ဆာအယူ ဘုရားရှင်၏ ရန်သူတွေနှင့်သာ တူကြပေသည်။ များများကြီး သတိထားကြ ပါကုန်။ သတိမူကြပါကုန်။

ဤယခုကာလ သူငါကစ မိစ္ဆာဒိဋ္ဌိဖြစ်တတ်ကြသည်ကား။ မင်္ဂဖိုလ်ကို ရတိုက်သော ခေတ်ကာလ မဟုတ်ဟု ထင်မှတ် မှားခြင်း၊ သူတပါးတို့ ဝိပဿနာတရားမြင်ကိုပင်ဝိညာဏ်မြင်ဟုထင်မှတ်မှားခြင်း၊ ယခုကာလရှိကြသူတို့ကို ဒိဋ္ဌိတ်ပုဂ္ဂိုလ်ဟု ထင်မှတ်မှားခြင်း၊ ရုပ်နာမ်ဓမ္မသဘာဝကို ထိထိမိမိသိအောင် သဘောနှင့် ဝိပဿနာပြောဟောရာမှာ သူ တ ပ ါး တို့ နာနိုင် အောင်လည်းဟောပါ။ သတ္တဝါနုကလေးများကို မြတ်စွာဘုရားပင်အထိုက်အလိုက်စရိုက်ကိုကြည့်၍ ဟောရပါသေးသည်။ ဤသို့စသော ပြောမှု ဆိုမှု၊ အကုသလ မိစ္ဆာဒိဋ္ဌိ ပါပဖြစ်ကြသည် ဓမ္မအန္တရာယ်မှုကို ပြုတတ်လှသောကြောင့်များများကြီး ရှောင်ရှားကြရမည်။

မှန်မှားသိမှ မှတ်ရာသည်၊ ကြိအားရှိမှ တတ်ရာသည်
ဉာဏ်သွားရှိမှ မြတ်ရာသည်။ မစပ်မယှဉ်အဖတ်တင်၊
ငြိုငြင် တတ်လှသည်။ (သတိမူကြပါကုန်)။
ထို့ကြောင့်—
သစေ သမ္ဗာ ဝိဟရေယျုံ၊ နုဆိန္နေယျ ဝိတာသဝါ၊
တသ္မာ သမ္ဗာ ဝိဟရေယျုံ၊ သံဆိန္နိတွာ နုသံသယံ။

**အနက်ကား။** ။သမ္ဗာ၊ ကောင်းစွာ။ သစေဝိဟရေယျုံ၊ အကယ်၍ နေကြကုန်သည်ဖြစ်အံ့။ ဝိတာသဝါ၊ ရဟန္တာ ပုဂ္ဂိုလ်တို့သည်။ လောကေ၊ လောကဥ္စ၊

နဆိန္နေယျုံ့၊မပြတ်ကုန်ရာ။တသ္မာ၊ထို့ကြောင့်။သံသယံ ကျွတ်ထိုက်သော ပုဂ္ဂိုလ် ဟုတ်လေလော မဟုတ်လေ လော။တိဟိတ်ပုဂ္ဂိုလ်ဟုတ်လေလော မဟုတ်လေလော စသော ယုံမှားခြင်းဝိစိကိစ္ဆာ စိတ်နှစ်ဖြာကို။သံဆိန္ဒိတွာ န၊ ဖြတ်၍ ဖျောက်၍။ သမ္မာ၊ ဘုရားဆုံးမ၊ ဩဝါဒကို၊ ချွတ်ယွင်းမပါ၊ ကောင်းမွန်စွာ။ ဝိဟာရေယျုံ့၊ နေကုန် ရာ၏။

ဣမေစ သုဘဒ္ဒဘိက္ခူ။ သမ္မာဝိဟာရေယျုံ့။
အသုညောလောကော အရဟန္တေဟိ အဿ။

**အနက်ကား။** ။သုဘဒ္ဒ၊ သုဘဒ်။ ဣမေစဘိက္ခူ၊ ဤရဟန်းတို့သည်ကား၊သမ္မာ၊ကောင်းစွာ။ဝိဟာရေယျုံ့ နေကုန်ငြားအံ့။ လောကော၊ လောကဉ်။ အရဟန္တေဟိ၊ ရဟန္တာတို့မှ။အသုညော၊ မဆိတ်ခကင်းသည်။ အဿ၊ ဖြစ်ရာ၏။

ထို့ကြောင့်—

ဣမိနာပန ဉာဏေန သမန္တာဂတော ဝိပဿကော ဗုဒ္ဓသာသနေ လဒ္ဓဿာသော လဒ္ဓပတိဋ္ဌော၊ နိယတ ဂတိကော စူဠသောတာပန္နော နာမဟောတိ။ ဟု။ (အဋ္ဌကထာ မိန့်တော်မူ၏)

ဣမိနာပနဉာဏေန၊ဤဝိပဿနာ ဉာဏ်ပညာနှင့်။ သမန္တာဂတော၊ ပြည့်စုံသော၊ ဝိပဿကော၊ အကြောင်း

ပစ္စယ၊ ဇနကဟိတ်၊ နိမိတ်မကောင်း၊ ပြုပြင်လျှင်းက၊ ပါက အကျိုး၊ ဖြစ်ပွားတိုး၏၊ ကြောင်းမျိုး မသွေ၊ ပျက်စီး ချေသော်၊ ကျိုးနေမလှဲ၊ ပျက်စမြဲဟု၊ ကြောင်းကျိုးရှုလျက်၊ ဖြစ်ပျက်ထွေထွေ၊ ဉာဏ်ဖြင့်ဘွေ၍၊ သမ္မသန်ါရာ အနိစ္စာ သမ္မသန်ရာ ဒုက္ခာ၊ သမ္မဓမ္မာ အနတ္တာဟု လေ့လာ ရှုမြင် ဆင်ခြင်ပွားများသော ယောဂီပုဂ္ဂိုလ်သည်။ ဗုဒ္ဓ သာသနေ့။ မြတ်စွာဘုရား သာသနာတော်မြတ်၌။ လဒ္ဓ သာသော၊ ရအပ်သော သက်သာရာရှိသည်ဖြစ်၍။ လဒ္ဓ ပတိဋ္ဌော၊ ရအပ်သော ထောက်တည်ရာ ရှိသည်ဖြစ်၍။ နိယတဂတိကော၊ အပါယ်လေးရပ်၊ မကပ်ငြိဘဲ၊ မြဲသော ဂတိရှိသော။ စူဠသောတာပန္နောနာမ၊ စူဠသောတာပန် မည်သည်။ ဟောတိ၊ ဖြစ်၏။

ထို့ကြောင့်—

တဿ တတ္ထ သုခိနော ဓမ္မပဒါနိ ပိလဝန္တိ၊ ဒန္ဓော ဘိက္ခဝေ သတုပ္ပါဒေါ၊ အထ သော သတ္တော ခိပ္ပမေဝ ဝိသေသဘာဂီ ဟောတိ။ ဟု။ ဟောတော်မူ၏။

တဿ၊ ထိုပုဂ္ဂိုလ်အား။ တတ္ထ၊ ထိုနတ်ဘဝ၌၊ သုခိနော၊ ချမ်းသာသည်ဖြစ်၍။ ဓမ္မပဒါနိ၊ လူ့ဘဝက လေ့ကျက်၍ ထားကုန်သော တရားအစုတို့သည်။ ပိလဝန္တိ၊ တဖွား ဖွားပေါ်ကုန်၏။ ဘိက္ခဝေ၊ ရဟန်းတို့။ အဿ၊ ထိုသူအား သတုပ္ပါဒေါ၊ တရားကို အမှတ်ရသော သတိ ဖြစ်ခြင်း

သည်။ ဒန္ဓော၊ နှေးသေး၏။ အထ၊ စင်စစ်သော်ကား။ သောသတ္တော၊ ထိုနှတ်ဘဝသို့ ရောက်သော သတ္တဝါသည်။ ခိပ္ပမေဝ၊ လျင်မြန်စွာလျှင်။ ဝိသေသဘာဂီ၊ မဂ်ဉာဏ်, ဖိုလ်ဉာဏ်၊ နိဗ္ဗာန်ပုံ့ပြူး၊ တရားထူးကို ရဘို့ရှိသည်။ ဟောတိ၊ ဖြစ်၏။

"ဒန္ဓော ဘိက္ခဝေ သတုပ္ပါဒေါ" ဆိုသည်ကား၊ အသိဉာဏ် လျင်မြန်ခွင့်နှင့် ထောက်စာသော် သတိဖြစ်မှုက နှေးရာသေး၏။ ရှေးလူ့ဘဝက လေ့ကျက်ခဲ့သော တရားအစုကို အမှတ်ရသည်နှင့် တပြိုင်နက်သောတာပတ္တိ မဂ်ဖိုလ်စသော ပုဂ္ဂိုလ်ဖြစ်၏ ဟူလို။

ပုညေနေတေန နိဗ္ဗာနံ၊ လဒ္ဓါ သန္တိင္ဓိကံ ဇုဓံ။
ပရမတ္ထံ အာရာဓေန္တု၊ ဇနာ သဗ္ဗေပိ သုဗ္ဗတာ။

ဧတေန ပုညေန၊ ဝိပဿနာတရားကို ရေးသားပြုစုရသော ဤကောင်းမှုကြောင့်။ ဇုဓံ၊ ယခု ပစ္စက္ခ မျက်မှောက်ဒိဋ္ဌ ဤဘဝ၌။ သန္တိင္ဓိကံ၊ ကိုယ်တွေ့မျက်မြင် ထင်ထင် လျှားလျှားကြီး ရှိနေသော နိဗ္ဗာနံ၊ ဒုက္ခ ခပ်သိမ်းတို့၏ ကင်းငြိမ်းခြင်းဟူသော သန္တိင္ဓိက နိဗ္ဗာန်ကို။ လဒ္ဓါ၊ ယခုဘဝ ကိုယ်တွေ့ဒိဋ္ဌ ရကုန်ကြ၍။သုဗ္ဗတာ၊ စင်ကြယ်ကောင်းမြတ် ချီးမွမ်းအပ်သော ဝိပဿနာ တရားကို မနေမနား အားထုတ်ကြကုန်၍။သဗ္ဗေပိ၊အလုံးစုံလည်းဖြစ်ကုန်သော။ဇနာ၊ လူ,နတ်,ဗြဟ္မာ, သတ္တဝါတို့သည်။

ဈုဝေဝ၊ ဤပစ္စက္ခ ခုဘ ဝဝယ်၊ ဂေါတမန္တယ်ဘွား၊ ရှင်တော်ဘုရား လက်ထက်၊ အာဏာစက်၌ ပင်လျှင်။ ပရမတ္ထံ၊အထွဋ်အမြတ်ဆတ်ဆတ်ကြီးပရမတ်ဖြစ်သော။ နိဗ္ဗာနံ၊နိဗ္ဗာန်ကို။ အာရာမေန္တု၊အလိုပြည့်၍၊ ကိုယ်တွေ့ ဉာဏ်မြင်၊ အစဉ်ပေါက်ရောက်၊ ပြီးမြောက် ခံစံကြပါ စေကုန်သတည်း။ ဝါ၊အလိုပြည့်၍၊ ကိုယ်တွေ့ဉာဏ်မြင်၊ ဖွေးသန့်စင်လျက်၊ကြည်လင်ခပ်သိမ်း၊ ငြိမ်းကြီး ငြိမ်းကြ ပါစေကုန်သတည်း။ ။

၁၂၇၂-ခုနှစ်၊ တပေါင်းလဆန်း (၁၀)ရက် နေ့တွင်၊ ပြီးစီး အောင်မြင်သည်၊ နတ်လူ သာဓု ခေါ်စေသောဝ်။ ။

**ဝိပဿနာ ဒီပနီကျမ်း**

**ပြီး၏။**

# ကျေးဇူးရှင်
# ကြောင်ပန်းတောရ ဆရာတော်ဘုရားကြီးထံ
# လျှောက်လွှာ။

မုံရွာမြို့မ အမိန့်တော်ရ မောင်ဘိုးဘေနှင့်တကွ အမိန့်တော်ရ မောင်ဘိုးလှ၊ ဗုတလင်မြို့မ ဆရာဝန် မောင်ဘိုးဘေတို့က၊ ရှိသေစွာ ဝပ်တွား၍၊ အသနားတော်မြတ်ခံ လျှောက်ဝံ့ပါသည်၊ သုဒ္ဓ လေးအင်၊ဖွေးဖွေးစင်သည့်၊အရှင်သူမြတ်ဘုရား။

အကြောင်းမှာ—"ယေပိ ဒီဃာယုကာ ဒေဝါ၊
သုတွာ တေသဗ္ဗညု ဒေသနံ"

ကျမ်းဂန်ပါဠိ လာရှိသည်နှင့် လျော်ညီစွာ၊ အသက်ရှည်ကြာ နေရပါသော ဒေဝါနတ်များသည်၊ မြတ်စွာဘုရား၏ အနိစ္စတရားကို ကြားနာပြန်လျှင်၊ ဆင်နပန်ညှိုး၊ ပုဆိုးနွမ်းပါး၊ ချိုင်းကြား ချွေးထွက်၊ ကိုယ်ရောင် ပျက်နှင့်၊ နန်းထက်မမွေ့ ဧတော့ကြောင်းဟိတ်၊ ငါးနိမိတ်မြင်၊ နတ်တို့သွင်မျှ၊ ပမာဏသို့၊ တပည့်တော်တို့မှာ၊ သံသရာညွန့်၊ ခန္ဓာ ဝန်ကို၊လွန်စွာပျင်းမုန်း၊စိတ်နှလုံးဒုံးဒုံးကြီးချ၊ငြီးငွေ့ လှ၍၊ သတ္တဇီဝါ၊ ယူမိစ္ဆာကြောင့်၊ ဖြစ်ပျက်မှန်စွာ၊ သံသရာညွတ်၊ခန္ဓာဝဋ်မှ၊လွတ်သောတရား၊သဘော သွားကို၊ သေချာစွာ ရေးသား၍ ပေးသနားတော် မူပါ၊ အရှင်သူမြတ်ဘုရား။



နမော တဿ ဘဂဝတော အရဟတော
သမ္မာ သမ္ဗုဒ္ဓဿ။

# သဘာဝဒီပနီကျမ်း။

ကိစ္ဆေန မေ အမိဂတံ၊ ဟလံ ဒါနိ ပကာသိတုံ။
ရာဂဒေါသပရေတေဟိ၊ နာယံဓမ္မောသုသမ္ဗုဓော။

မေမယာ၊ ငါဘုရားသည်။ကိစ္ဆေန၊သင်္ချေလေးထပ်၊ တသိန်းကပ်စင်၊ ပြုပြင်စွာရှာဘွေမှ။ အမိဂတံ၊ ရအပ်သော။ဓမ္မံ၊နိဗ္ဗာန်တရားကို။ဒါနိ၊ယခုအခါ။ပကာသိတုံ၊ သုံးဘုံသူ့အား ဟောကြားခြင်းငှာ။ ဟလံ၊ မသင့်လှပြီ။ ရာဂဒေါသပရေတေဟိ၊ ရာဂ ဒေါသ နှိပ်စက် အပ်ကုန်သော သတ္တဝါတို့သည်။ အယံဓမ္မော၊ ဤသဘောတရားကို။ နသုသမ္ဗုဓော၊ အလွယ်တကူ မသိနိုင်ရာဟု သဗ္ဗညုမြတ်စွာသည် သဟံပတိဗြဟ္မာကြီး လျှောက်လာနီးမှာ ငြိုးတော်မူသောဂါထာ။ ။သတိမူပါ။

ဤလူ့ပြည်ရွာ၊ မဟာစကြာဝတ်၊ အထွဋ်သနင်း၊ မင်းဖြစ်တော်မူလျှင်၊ ကျွန်းခွင်လေးရပ်၌ လှည့်ပတ် နှိမ်နင်းသော စကြာမင်းတို့တံထွာ မွေတာကဲ့သို့၊ ထို့တူပမာ ဤသာသနာတော်ဝယ်၊ (လယ်တီ ဆရာတော်ဘုရားသည်) ဝေဏေယျအများ၊ သတ္တဝါတို့အား၊ သနားလှစွာသော ကရုဏာဖြင့်၊ မြို့ရွာခရိုင်၊ နိုင်ငံဝေးနီး၊ အသီးသီးသို့၊ မငြီးမငွေ့ ကြွသွားတော် မူပြီး၍၊ ပစ္စုပ္ပန်၌ ဖြစ်သော အကျိုးစီးပွား၊ တမလွန်၌ ဖြစ်သော အကျိုးစီးပွား၊ မဂ်ဖိုလ်နိဗ္ဗာန် တည်းဟူသော ပရမတ္ထ အကျိုးစီးပွားတို့၌ ဟောကြားညွှန်ပြ ဆုံးမတော် မူတတ်သော သတ္တိကြောင့်....

ဒိဋ္ဌဓမ္မိက သမ္ပရာယိက မဂ္ဂဖလ နိဗ္ဗာနသခ်ါတေသု
ပရမတ္ထဓမ္မေသု ဝေဏေယျာနံ အာဘုသောစရတိတိ
အာစရိယော။ ။ဟူသည်နှင့် လျော်ညီစွာ။

"ဆရာတော်သခင် ကျေးဇူးရှင်ဘုရား" သင်ကြားတော်မူသော ဩဝါဒစကား မိန့်တော်ချက်ကို၊ သံမှိုနှက်သို့ ဦးထိပ်ထက် ပန်ရွက်၍၊ ဉာဏ်သက်ရာသမျှ သဘာဝကို ပြပါအံ့သတည်း။

ကြောင်းကျိုး ဟုတ်သည် မဟုတ်သည်ကို ကြံစည်နှံ့နှေး၊ ဆဝေးမရှိ၊ လျင်စွာသိသော၊ ပညာရှိအပေါင်း၊ သူတော်ကောင်းတို့သည် 'သဘာဝဒီပနီ' ဤစာအုပ်မှာ အယုတ္တဋ္ဌာနာ၊ တွေ့အပ်ပါလျှင်၊ ရှေဟည်ာ မျက်လုံး

ကဲ့သို့၊ ရှင်ပြုံးချိုသာ၊ သင့်မြတ်ရာတွင်၊ မြင်တော်မူ၍ ယူပါစေသတည်း။ ဤအရာဘား၊ ဂန္ထန္တရ၊ ကောဝိဒမှာ၊ ယုတ္တာယုတ္တ မရှုပ်ထွေးရအောင် လေးငါးခေါက်သာ မွေနှောက်တော်မူပါ။ ဤမျှ လောကံ နှင့် မှ မပေါက် ဖြားအံ့၊ ချောက်ချား လှုပ်ရှား၍သာယူပါ။

**သတိမူရန်မှာ။** ၊ဒိဋ္ဌဓမ္မိကတ္ထ သမ္ပရာယိကတ္ထ ပရမတ္ထ ဖြစ်သော ဒေသနာတော်မြတ်သည့် အာဏာ တော်ကြီးဝိနည်းနှင့်တကွ ဝေဏောယျ္ဗျာသယသဘော နှင့် ဟောတော်မူသော ဝေါဟာရဒေသနာ၊အချို့သော သုတ္တန်မှာ၊ ပုဂ္ဂလဓိဋ္ဌာန်သာမှတ်ပါ။အချို့သော သုတ္တန် နှင့်တကွ သတ္တဝါကို ဆံလွှာခန့်မျှ မညှာဘဲ ပြသော ပရမတ္ထသဘာဝဒေသနာ အဘိဓမ္မာကို ဓမ္မဓိဋ္ဌာန်သာ မှတ်ပါ။ထိုနှစ်ပါးတွင်ပုဂ္ဂလဓိဋ္ဌာန်၏အရကို'ဝိဝဋ္ဋဒီပနီ' စာအုပ် ထုတ်ပြပြီးဖြစ်၍၊ယခုထုတ်သော'သဘာဝဒီပနီ' ဤစာအုပ်က ဓမ္မဓိဋ္ဌာန်အရကိုသာ ယေဘုယျမှာပြသည် ဟု မှတ်ပါ။ ။ဤသာသနာ၊ ခုခါသမယ၊ သူငါကစ၊ သံဝေဂတရား ဖြစ်ပွားရန်မှာ....

ဂင်္ဂါယဝါဠုကာစုဏ္ဏံ၊ ပရာဇေတွာ တထာဂတာ။
အနေကာ သသာဝကောဟိ၊ပရိနိဗ္ဗာယိံသု အနာသဝါ။
တထာ ပစ္စေကဗုဒ္ဓါနံ၊ ဗွေကာနမဗ္ဗန္တရံ။
အပ္ပဝိဋ္ဌော ဩဟာရယိ၊ တွံလဋ္ဌာသိရေဝဘာ။
ကဒါလဒ္ဓါသိပုနတွံ၊ ဝေရူပံသု သမယံ။

ဂင်္ဂါယာ၊ အစိရဝတီ၊ မဟီဂင်္ဂါ၊ ယမုနာ စသော
မြစ်ကြီးငါးသွယ်, မြစ်ငယ် ငါးရာထဲ၌။ ဝါဠုကစုဏ္ဏံ၊
သဲမှုန့် သဲလုံးတွေကို။ ပရာဇေတွာ၊ ရှုံးစေတော်မူ၍။
အနေကာ၊ အသင်္ချေချေ၊ ဆက်ကဲရေလည်း၊ လွန်လေမရှိ၊
များစွာဘိကုန်သော။အနာဂတံ ဝါ၊ကာမာသဝ၊ စသည်
ဥဿုံ၊ အလုံးစုံ ကင်းကုန်သည့်ဖြစ်၍။ တထာဂတာ၊
ရှင်တော်ဘုရားသခင်တို့သည်။သသာဝကေဟိ၊ နှစ်ဆဲ့
လေးသင်္ချေနှင့် ကုဋေ ခြောက်ဆယ်၊ မိုလ်ခြေ တသိန်း၊
တွက်ကိန်းများလှ၊ ဝေနေယျ အပေါင်းနှင့် တကွ။
ပရိနိဗ္ဗာယိံသု၊နိဗ္ဗူယူသိမ်း၊ငြိမ်းတော် မူကြကုန်လေပြီ။
သပ္ပုရိသ၊ သူတော်ကောင်း။ သုဏာဟိ၊ တရားတော်
စကား၊ နှုတ်ချိုပျားကို၊နားစေ့စေ့ ထောင်ကုန်လော့။
ဧတ္တကာ၊ဤမျှအတိုင်းအရှည်ရှိကုန်သော၊ပစ္စေကဗုဒ္ဓါနံ
ဘုရား ပစ္စေကဗုဒ္ဓါ သာဝကတို့၏။ အဗ္ဗန္တရံ၊ အပေါင်း
အသင်း အတွင်းသို့။ အပ္ပဝိဋ္ဌော၊မဝင်နိုင်ဘဲ၊ ရှောင်လွှဲ
ဖယ်သုံ၊ ကုန်စေခဲ့၍။ ဩဟာရယိ။ ဖြစ်ပျက်မှန်စွာ၊ သံ
သရာမှာ၊ကမ္ဘာ၏ သစ်ငုတ်ကဲ့သို့၊မပြုတ်နိုင်မကြွတ်နိုင်၊
မြဲခိုင်ပါဘိ၊ ယခုထက်ထိ၊ကျန်ရစ်ရ၏။ဟော၊ခန္ဓာငါးပါး
ဟူသောသံသရာ၏အနှောင်အဖွဲ့သည်၊ဖွဲ့ချီတုပ်နှောင်
မြဲအောင် ချုပ်ထားအပ်သော ယောက်ျား, မိန်းမတို့။
တဝ၊သင်သည်။ မိ၊ စက်ဆုပ်ဘွယ်သည်။ အစ္ဆုံ၊ ဖြစ်ပြီ။
တွံ၊ သင်သည်။ လဇ္ဇာသိရေဝတ၊ တဏှာ၏နောက်၊

ခေါက်ခေါက် ခါခါ၊ သံသရာမှာ၊ ရှက်စရာ ကောင်းစွ တကား။ ဣဒါနိ၊ ဤသာသနာတော်နေဝန်း၊ ထွန်းလင်း လှစွာ၊ ခုအခါ၌။ နဝမခဏံ၊ ဘုရားပွင့်တော်မူသောခဏ မဇ္ဈိမဒေသ၌ ဖြစ်ရသောခဏ၊ သမ္မာဒိဋ္ဌိကိုရသောခဏ၊ စက္ခု, သောတ မချို့တဲ့သော ခဏကို ရပါလျက်နှင့်။ စေပမတ္တော၊ တရားကိုလည်း မလေ့၊ မ သိ၍ လည်း မကြောက်လှ၊ နောက်ကြွကြွ ရောင်ရောရောနှင့်၊ ပြောင် ချောချောဟန်ပန်၊ အကယ်၍ မွှေမွှေ လျော့လျော့ ပေါ့ ပေါ့ တန်တန် နေပြန်သည်ဖြစ်အံ့။ ကဒါစိ၊ ဘယ်တော့ ဘယ်ခါ၊ ဘယ်ကမ္ဘာမှာမှ။ ပုန၊ တဘန်။ ဧဝရူပံ၊ ဤသို့ သဘောရှိသော။ သုသမယံ၊ အခါကောင်းအခါမြတ်ကြီး ကို၊ လဒ္ဓါသိ၊ ရချေဦးမည်နည်း။ ဣတိ၊ ဤသို့။ အတ္တာနံ၊ မိမိ ကိုယ်ကို။ စောဒေတွာ၊ တစိမ့်စိမ့် အောက်မေ့၊ တငွေ့ငွေ့ ဆင်ခြင်၊ အပြစ်တင်ခါ၊ စောဒနာ၍၊ တုမှေ၊ သင်တို့သည်။ ဝိပဿနာယ၊ အနိစ္စ, ဒုက္ခ, အနတ္တ, ဟူသော ဝိပဿနာ ကမ္မဋ္ဌာန်းကို။ ရုဋ္ဌျထ၊ အားကုန်သွန်၍ အလွန်ကျိုးပန်း ကြိုကုန်လော့။ ဟူသောအရ၊ သံဝေဂဖြစ်ပွါး၍ ဝိပဿနာ တရားကို အားထုတ်ဆင်ခြင် အလုပ်ခွင်သို့ ဝင်သော သူမှာ (ဥပမာကား) မြင့်မိုရ်တောင်ထိပ်၌ အိပ်လိုသော ယောကျ်ားသည် မြင့်မိုရ် တောင်ကြီး အဘယ်မှာ ရှိသနည်းဟု မေးလေရာမှု။ သိသောသူက မြင့်မိုရ်တောင် ဆိုဒါ မြောက်မှာ ရှိသည်ဟု ပြောလေပြေးလျှင် မြင့်မိုရ်

တောင်သွား ယောက်ျားသည် ဤသို့သိရာ၏။ မြောက်ဆုံးမှ မြင့်မိုရ်တောင်သို့ ရောက်မည်။ မြင့်မိုရ်တောင်သို့ ရောက်မှလည်း မြောက်ဆုံးမည်ဟု သိသော အားဖြင့် ဖနောင့်နှင့်တင်ပါး တသားတည်းသာ သွားလေရာ၏။ မြင့်မိုရ် တောင်ထိပ်သို့ ရောက်သောအခါ ရှေ့နောက် ဝဲယာ လေးမျက်နှာတို့သည်၊ အရှေ့ အနောက် မြောက် ခေါ်စရာမရှိ တောင်အရပ် အတိသာရှိသကဲ့သို့ ထို့တူ ပမာဏ အနိမိတ္တ အပ္ပဏိဟိတ သုညတဖြစ်သော နိဗ္ဗာန်တရားကိုလိုလားသော အမျိုးကောင်း သားသမီးများမှာ ဝိပဿနာဖြစ်သော အနိစ္စစစ်, ဒုက္ခစစ်, အနတ္တစစ်ကို သိမြင်မှသာ သုံးဆဲ့ဧရွာ သတ္တဝါ၌ သာယာသော အရိပ်၊ နိမိတ်ခပင်း အကုန်ကင်းမည်။

**ဥပမာ ဥပမေယျ ဟတ်၍ပြသော်ကား။** နိဗ္ဗာန်ကို လိုလား၍ ဝိပဿနာတရားကို အားထုတ် ကြသောသူ ရှင်ရှင် လူလူ ဟူဟူ သမျှတို့သည် မြင့်မိုရ်တောင်သွား ယောက်ျားနှင့် တူ၏။ ။လေးကျွန်းလုံးမြောက် မြင့်မိုရ် ဆောက် စကားကဲ့သို့ အရဟတ္တမဂ်ဖိုလ် တရားသည် မြင့်မိုရ်တောင်ထိပ်နှင့်မခြားအလားတူ၏။ဘုံသုံးဖြာမှာ သာယာအပ်သော သတ္တဝါအရိပ် နိမိတ်နှင့်တကွ၊ ဓုဝ, သုဘ,သုခ, အတ္တ,သာရလေးလုံး ကင်းသုဉ်းခြင်းသည် မြင့်မိုရ် တောင်ထိပ်သို့ရောက်၍ အရှေ့၊ အနောက်၊

မြောက်ဆုံး မြောက်သည်း သည်နှင့် တူ၏။ ။မြင့်မိုရ် ထိပ်ပေါ်မှာ အိပ်ပျော်သည်နှင့်ကား၊ နိဗ္ဗာန်ရ ဘုရား ရဟန္တာများနှင့်တူ၏။မြင့်မိုရ်စကားကိုပြောကြားသော သူနှင့်ကား၊ နိဗ္ဗာန်တရားကို ဟောကြားတော်မူသော ဘုရားစသော သူတော်ကောင်း အပေါင်းနှင့်တူ၏။

ယခုအခါ မြင့်မိုရ်ထိပ်ပေါ်မှာ အိပ်ပျော်သည်နှင့် မခြား နိဗ္ဗာန်တရားကို လိုလားသော အမျိုးကောင်း သား,သမီးများမှာ။သင်္ခတသင်္ခါရာအနိစ္စာ၊သင်္ခတသင်္ခါရာ ဒုက္ခာ၊ သဗ္ဗဓမ္မာအနတ္တာဟု ရှုအပ်၏။ ဤသင်္ခတသင်္ခါရာ ဟူသောပုဒ်မှာ သဝိညာဏက သင်္ခါရ, အဝိညာဏက သင်္ခါရအားဖြင့် နှစ်ပါးတို့တွင် အဝိညာဏက သင်္ခါရ ဆိုသည်မှာ....။

ဆာယာ အာတပေါ အာလောကော အန္ဓကာရော
အဗ္ဘော မဟိဓုမော ရဇော၊ စန္ဒမဏ္ဍလဿ၊
ဝဏ္ဏနိဘာ၊ သူရိယမဏ္ဍလဿ ဝဏ္ဏနိဘာ၊
တာရကာနံ ဝဏ္ဏနိဘာ၊ အာဒါသမဏ္ဍလဿ
ဝဏ္ဏနိဘာ၊ မဏိသင်္ခမုတ္တ ဝေဠုရိယဿ ဝဏ္ဏနိဘာ၊
ဇာတရူပ ရဇတဿ ဝဏ္ဏနိဘာ။ ။
(ဓမ္မသင်္ဂဏီ ပါဠိတော်။)

ဆာယာ၊အရိပ်တည်းဟူသော ရူပါရုံ။ အာတပေါ၊ နေပူတည်းဟူသော ရူပါရုံ။ အာလောကော၊ အလင်း တည်းဟူသော ရူပါရုံ။ အန္ဓကာရော၊ အမိုက်မှောင် တည်းဟူသောရူပါရုံ။အဗ္ဘော၊တိမ်တိုက်၌ တည်သော ရူပါရုံ။မဟိ ဆီးနှင်း၌တည်သောရူပါရုံ။ ဓုမော၊ မီးခိုး၌ တည်သောရူပါရုံ။ ရဇော၊ မြူ၌တည်သောရူပါရုံ။ စန္ဒ မဏ္ဍလဿ၊ လဝန်း၏။ ဝဏ္ဏနိဘာ၊ အဆင်းအရောင် တည်းဟူသော ရူပါရုံ။ သူရိယမဏ္ဍလဿ၊ နေဝန်း၏။ ဝဏ္ဏနိဘာ၊ အဆင်းအရောင် တည်းဟူသော ရူပါရုံ။ တာရကာနံ၊ ကြယ်အပေါင်းတို့၏။ ဝဏ္ဏနိဘာ၊ အဆင်း အရောင် တည်းဟူသော ရူပါရုံ။ အာဒါသမဏ္ဍလဿ၊ ကြေးမုံဝန်း၏။ ဝဏ္ဏနိဘာ၊ အဆင်း အရောင် တည်း ဟူသောရူပါရုံ။ မဏိသင်္ခမုတ္တ ဝေဠုရိယဿ၊ ပတ္တမြား, ခရုသင်း, ပုလဲ, ကျောက်မျက်ရွဲ၏။ ဝဏ္ဏနိဘာ၊အဆင်း အရောင် တည်းဟူသော ရူပါရုံ။ ဇာတရူပရဇတဿ၊ ရွှေ,ငွေ၏။ ဝဏ္ဏနိဘာ၊အဆင်းအရောင်တည်းဟူသော ရူပါရုံ။ ။ငင်းအနက်။ ။

ဤကား-အဝိညာဏကသင်္ခါရတည်း။သဝိညာဏက သင်္ခါရမှာ။ အဝိဇ္ဇာပစ္စယာ သင်္ခါရာ၊ သင်္ခါရ ပစ္စယာ ဝိညာဏံ စသည်ဖြင့် ဟောတော်မူသည်။ ဤသို့ စသော သဝိညာဏက၊ အဝိညာဏက ရှိရှိသမျှ ရုပ်နာမ်ခန္ဓာသင်္ခါရ ဟူသမျှမှာ....။

အနုပ္ပန္နာ ဝုပ္ပဇ္ဇန္တိ၊ ဥပ္ပန္နာဝ နိရုဇ္ဈရေ။

နိစ္စံ နဝါဝသင်္ခါရာ၊ ဒီပဇာလသမူပမာ ဟု၊ ရှုအပ်၏။

သင်္ခါရာ၊ ရုပ်နာမ် သင်္ခါရ တို့သည်။ အနုပ္ပန္နာဧဝ၊ ရှေး၌ မဖြစ်ဘူးကုန်ဘဲသာလျှင်။ ဥပ္ပဇ္ဇန္တိ၊ ယခုအသစ်၊ ပေါ်ဖြစ်လာကုန်၏။ ဥပ္ပန္နာဝ၊ ဖြစ်ကုန်ပြီး၍လည်း။ နိရုဇ္ဈရေ၊ ခဏချက်ခြင်း ချုပ်ကင်း ကုန်ပျောက်ကုန်၏။ သင်္ခါရာ၊ ရုပ်နာမ် သင်္ခါရတို့သည်။ နိစ္စံနဝါဧဝ၊ အမြဲ အသစ် အသစ်တို့သည် သာလျှင်။ ဟောန္တိ၊ ဖြစ်ကုန်၏။ သင်္ခါရာ၊ ရုပ်နာမ် သင်္ခါရတို့သည်။ ဒီပဇာလသမူပမာ၊ ဆီမီးလျှံတမျှ၊ တူသောဥပမာရှိကုန်၏။ ။ဂုဏ်းအနက်။

**အမိပ္ပါယ် အမြွက်ကား။**လောင်ဘက်၊ ပျက်ဘက် နှင့်တကွ၊ ဤစကြာဝဠာ ကမ္ဘာပျက်ရာ မီးဖျက်သော အခါ၊သံဝဋ္ဋကပ်မှာလူ့ပြည်နတ်ရွာ ပဌမဈာန်ဗြဟ္မာသို့ ရောက်အောင် မီးတောက်သွား မီးတောက်ခဲကြီးအတိ ဖြစ်၍နေ၏။'မီး'ဆိုသော်လည်း ထင်း,သစ်သားစသော အိမ်, ကျောင်း, မြို့, ရွာကို လောင်သလိုပမာ လောင်စာ များမရှိ ပဌမဈာန် ဗြဟ္မာသို့ထိအောင် ပူစွမ်းတွေ အိရှ သလို မမြဲအနိစ္စ သဘာဝဖြစ်နဲ့ သင်္ခါရခဲပဲကို ဉာဏ် ထဲတွင်စိစိ စိုက်၍ကြည့်လျှင် သိမြင်လိမ့်မည်၊မြင်အောင် ကြည့်ပါ။ ။ရေဖျက်သော အခါ လေဖျက်သော အခါ ကမ္ဘာပြု မိုဃ်းရွာသောအခါတို့မှာလည်း နည်းတူသာ မှတ်ပါ။ ။

ယခုအခါ ၆၀ နှ ၅၁ ယိကပ်မှာလည်း နေရောင် လရောင် ကြယ်ရောင် မှောင်မိုက် အစရှိသော ရုပ်နာမ် သင်္ခတ သင်္ခါရဟူသမျှကို နှေည၌မခြား သံဝေကပ်အား မီးတောက်သားမီးတောက်ခဲမီးရဲရဲပူစွမ်းတွေဖြစ်ပျက်၍ နေသလို၊ယခုဖြစ်ပျက်သည်ကိုပင်ဉာဏ်ထဲတွင် ရှင်းရှင်း လင်းလင်းကြီး မြင်လိမ့်မည်၊ မြင်အောင် ကြည့်ပါ။ ဤ အနိစ္စလက္ခဏာမှာ'သင်္ခတာဓမ္မာဒေသနာအရ'သဘာ ဝကို ပြကျမှသာ ဝိပဿနာသဘောဟု ပြောရမည်။

ထို့ကြောင့်—

''အနိစ္စသညိနောမေဿယ အနတ္တသညာ သဏ္ဌာတိ'' ဟု ဟောတော်မူ၏။ ဤအရာ ဒုက္ခမှာ အတွင်းဝင်သာ မှတ်ပါ။ဤပါဠိတော်အရဖြင့် သင်္ခတနယ်တွင်ဝိပဿနာ ခွင်သို့ဝင်သောခဏ ဒုက္ခနှင့်အနတ္တမှာ အနိစ္စ၏အရောင် တင် အမှန်းတင်သာမှတ်ပါ။ ဤအနိစ္စ,ဒုက္ခ,အနတ္တနှင့် သတ္တောကာသ သင်္ခါရ ဟူသော လောက သုံးဖြာကို ဥပမာဟတ် စပ်၍ ပြောလျှင် အနတ္တ သဘော နှင့် ဩကာသ လောကသည် မြို့ရွာ,တိုင်းပြည် ဆိုသည်နှင့် တူ၏။ ။ဒုက္ခ သဘောနှင့် သတ္တ လောကသည်၊ အိမ်, ကျောင်း,နန်းတော် ခေါ်သည်နှင့်တူ၏။ အနိစ္စသဘော နှင့် သင်္ခါရ လောကသည် သစ်သားတွေနှင့် မခြား အလားတူ၏။ သတိမူပါ။ ။ဤအရာက အနိစ္စသဘာဝ ပဓာနဖြစ်ကြောင်းကို....

ဝိသေသတောပန ဣမသ္မိံ ညာဏော၊ အနိစ္စလက္ခဏာ
ဒဿနမေဝ ပဓာနံ၊တသ္မိံ၊ဒိဋ္ဌေယေဝ ဣတရာနိ
ကမေန၊ ဒိဋ္ဌာနိ ဟောန္တိ။ ။စသည်ဖြင့်....
(ပရမတ္ထဒီပနီဋီကာ ကမ္မဋ္ဌာန်းပိုင်းမှာ ယူပါ။)

ဝိသေသတောပန၊ အထူးအားဖြင့်ကား။ ဣမသ္မိံ ညာဏော၊ ဤဝိပဿနာ ဉာဏ်အရာ၌ အနိစ္စလက္ခဏာ ဒဿနမေဝအနိစ္စလက္ခဏာကို မြင်ခြင်းသည်သာလျှင်။ ပဓာနံ၊လိုရင်းဖြစ်သော ပဓာနသဘောသည်။ဟောတိ၊ ဖြစ်၏။ တသ္မိံ၊ထိုအနိစ္စ လက္ခဏာကို။ဒိဋ္ဌေယေဝ၊မြင်၍ သာလျှင်။ ဣတရာနိ၊ ဤမှတပါးသော လက္ခဏာတို့ကို။ ကမေန၊ အစဉ်အားဖြင့်။ ဒိဋ္ဌာနိ၊ မြင်အပ်ကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ။

ဤဋီကာပြရိပ်က အနိစ္စသဘာဝကို ပြချရမည် ဆိုလိုသည်၊ ပြချပုံကို ပြမည်။ ဤအလေ့ပေါက် သဘာဝ ရုပ်နာမ် သင်္ခါရ ပရမတ္ထ သဘောမျှကို အဘယ့်ကြောင့် လောကဟု ပြောရသနည်း။ ။

'လုဇ္ဇတိ ပလုဇ္ဇတီတိလောကော'ယောဓမ္မသမူဟော၊ အကြင်တရားအပေါင်းသည်။လုဇ္ဇတိ ပလုဇ္ဇတိ၊ဖရိုဖရဲ ပြိုကွဲပျက်ပြားတတ်၏။ဣတိ၊ထို့ကြောင့်။သောဓမ္မ သမူဟော၊ ထိုတရားအပေါင်းသည်။ လောကော၊လောက မည်၏။

ဤဝိဂြိုဟ်သဘောက သဝိညာဏက လောက၊ အဝိညာဏကလောက၊သင်္ခါရမှန်သမျှကို သံဝေ္ဂကပ်နှင့် မခြား၊ မီးတောက်သား မီးတောက်ခဲကြီးတမူ တူသည် စင်စစ် လစ်လစ် ဖြုတ်ဖြုတ်နှင့် ရှိန်ရှိန် သုတ်သုတ်၊သိမ့် သိမ့်လှုပ်လျက် ဖြစ်၍ပျက်သော ပရမတ္ထ သဘာဝထူး မျှကိုသာ ပညတ်အရာ သတ္တဝါ တင်စား၍ ထင်မှား ရသောဝိညာဏ်မြင်တရားကို ခြားနားစွာ မြင်လိမ့်မည်။ မြင်အောင်ကြည့်ပါ။ ။

**သိသာခြားနား ထင်လျှားစေဦးအံ့။** ။လောက သုံးပါးဆိုသည်ကား။ ဝဲယာ ရှေ့နောက် ထက်အောက် ဖိလာ ဆယ်မျက်နှာ အားဖြင့် ဆုံးစပိုင်းခြား ကမ်း ကရနား မရှိမရသော လဟာပြင်ကြီး အတိမျှကိုသာ ဩကာသ လောကဟု ပြောကြရသည်။

ဤဩကာသလောကဝယ် အကြွယ်ကိုလိုမူ၊ ဒုတိယ ရေးထုတ်သော ‘‘ ဝိဝဋ္ဋ ဒီပနီ ’’ စာအုပ်မှာ မျက်နှာ နံပါတ် သုံးဆဲ့လေးကစ၍ ပညာနှင့်သာယူပါ။

ထိုဩကာသလောကထဲမှာ မမြဲသောသင်္ခါရ သဘာဝ ဓမ္မ အမူအရာမျှ ရုပ်နာမ် သင်္ခတကို သင်္ခါရလောကဟု ပြောကြရသည်။ဤမမြဲသော သင်္ခတသဘောမျှ သင်္ခါရ လောကထဲမှာမှ ပရမတ္ထ သဘာဝက အထူးအချွန် အလွန် ဆန်းကြယ်လှ၍ ဣန္ဒြိယဗဒ္ဓသင်္ခါရ အနိန္ဒြိယဗဒ္ဓ သင်္ခါရဟူ၍ရင်း။ သဝိညာဏက သင်္ခါရ အဝိညာဏက

သင်္ခါရ ဟူ၍ငင်း။ ပရမတ္ထ သဘာ၀ တရားက အလွန်များပြားလှသောသဘောအားဖြင့် ထူးခြားကွဲလွဲအနန္တ ဆန်းကြယ်လှ၍ ဉာဏ္ဍိယမဒ္ဓ သဝိညာဏက သင်္ခါရကို သတ္တလောကဟု သနိမိတ္တသဘောနှင့် ပြောကြရသည်။ ပေါင်း သုံးလောက ဖြစ်၏။

(ဥပမာ) မြို့ရွာ တိုင်းပြည် ဆိုသည်ကား။နန်းတော် အိမ်တော် စသော လူနေ အိမ်ခြေ တည်နေရာ ကိုသာ မြို့ရွာ တိုင်းပြည် ဆိုသည်။ ။အိမ်,ကျောင်း, နန်းတော် ခေါ်သည်ကား။ သစ်သားတွေကို ဆိုသည်။သစ်သားမှ တပါး အခြားလည်း အိမ်မရှိ။ ထိုသစ်သား အပေါင်း၏ အမူအရာ ထူးမျှကိုသာ အိမ်ဟူသော ဝေါဟာရနှင့် ပြောကြရသည်။ ထို့ကြောင့် မဟုတ်လော....။

ကဋ္ဌာဒယောဝေတိ ဂေဟာကာရေန သဏ္ဌိတာ၊
ဂေဟန္တိ။ ရထာကာရေန သဏ္ဌိတာ ရထောတိ
ဝုစ္စတီတိ။ ။(ပရမတ္ထဒီပနီဋီကာ ပစ္စည်းပိုင်းမှာယူပါ။)

ဟိသစ္စံ၊ မှန်၏။ ကဋ္ဌာဒယောဝေ၊ သစ်သားအစ ရှိသည်တို့ကို ပင်လျှင်။ ဂေဟာကာရေန၊ အိမ်အခြင်း အရာအားဖြင့်။ သဏ္ဌိတာ၊ တည်သည်တို့ကို။ ဂေဟန္တိ၊ အိမ်ဟူ၍။ ဝုစ္စန္တိ၊ ဆိုအပ်ကုန်၏။ရထာကာရေန၊ ရထား အခြင်းအရာ အားဖြင့်။ သဏ္ဌိတာ၊ တည်သည် တို့ကို၊ ရထောတိ၊ ရထားဟူ၍။ ဝုစ္စန္တိ၊ ဆိုအပ်ကုန်၏။ ဣတိ၊ ဤသို့မှတ်အပ်၏။ ။

ဤအရာမှာ အိမ်နှင့်သစ်သားကဲ့ပြားမှသာ သဘာဝ ါ နှင့် ဖြစ်ပျက်မှုတရား ကွဲပြားမည်။ (ဥပမာကား) အဒုဌ်, အင်္ဂ တေ စု ကို စေတီဘုရားဟု ထင်ရှားသော မုက္ခမံ သုတ္တန်တရားနှင့် ရုပ်နာမ်နှစ်ပါး တရားအနှ ခတ်အစု ဖြစ်ပျက်မှုကို သဘာဝ ါဟု ထင်မြင်မှုကား၊ရထား အခြင်း အရာကိုရထားဆိုသကဲ့သို့ ထို့တူပမာအိမ်အခြင်းအရာ ကိုသာ အိမ်ဆိုသည်။သစ်သားကို အိမ်ဆိုသည်မဟုတ်။ သစ်သားတခြား အိမ်တခြားလည်း မဟုတ်၊ ထိုသစ် သားနှင့် ကင်း၍လည်း အိမ်မဖြစ်။ အိမ်မရှိဟု သိရာ၏။ သတိမူပါ။ ထို့တူပမာ သဘာဝ ါဆိုသည်မှာ ဖြစ်ပျက်စဉ် သင်္ခါရ ပရမတ္ထ အရိပ် အရောင် အမူအရာ ဟူသော သဘောထူးမျှကိုသာ သဘာဝ ါဆိုသည်။ ဖြစ်ပျက်မှု ခန္ဓာ ငါးပါး၊ ရုပ်နာမ် တရားကို သဘာဝ ါဆိုသည် မဟုတ် သတိမူပါ။

ဤအရာက “ ဒကေရာဇ် ပုဗ္ဗ လောဝ ” စသည်နှင့် ညီစွာ ရေပြင်မှာတုတ်သေးနှင့် ရေးလုပ်သော အရုပ်မှာ ရေးသားသော သူသာလျှင် အရုပ်အသွင် စိတ်ကမှန်း တန်း၍ ထင်မြင်သော အရုပ်ကဲ့သို့ ထို့တူပမာ ဏာ ဤလောကမှာ သဘာဝ ါဟူသောပညတ် ပါးစပ်ဝန္တတ် များမျှဖြင့် ပြောကြရသည်။သတိထားပါ။ဤဖြစ်ပျက်စဉ် သင်္ခါရတရားသည်၊အကယ်၍များ သဘာဝ ါဖြစ်ငြားအံ့။ နေရောင်, လရောင်, ကြယ်ရောင်, မှောင်မိုက် စသော

ဖြစ်ပျက်စဉ်သဘာဝ သင်္ခါရတွေသည် သစ္စာ၀ါဖြစ်လေရာ၏။ ဖြစ်၍နေလိမ့်မည်။ သတိမူပါ။ ဖြစ်ပျက်မှုမှတခြား သစ္စာ၀ါ တခြားလည်း မဟုတ်၊ ဖြစ်ပျက်မှုနှင့် ကင်း၍လည်း၊ သစ္စာ၀ါမဖြစ်။ မရှိဟု သိရာ၏။ သိသာ၏ဟူလို.... (သိပါ၏ ဆိုသော်လည်း သဘောချိတတ်သည်၊ သတိမူပါ။)

**ဥပမာ ဥပမေယျ ဟတ်၍ပြသော်ကား။** ဩကာသလောကသည်၊ မြို့ရွာတိုင်းပြည်နှင့်တူ၏။ သင်္ခါရ လောကသည်၊ သစ်သားတွေနှင့် တူ၏။ သတ္တလောကသည်၊ ထိုသစ်သား အပေါင်း၏ အမူအရာထူးမျှကိုသာ အိမ်, ကျောင်း, နန်းတော် ခေါ်သည်နှင့်တူ၏။ (ဤအရာမှာ ဉာဏ်ကုန်လွှတ်၍ ကြည့်ပါ)။

လိုရင်းမှာ လေထု, ရေထု, မြေထု, မြူနှ, မြူကြမ်းမှ စ၍ အ၀ိညာဏက သ၀ိညာဏက ဟူသော သဘာ၀မွေ အမူအရာမျှ ရုပ်နာမ် သင်္ခါရတို့၏ ဖြစ်ပျက်ရာ ဌာနကို ဩကာသ လောကဟု ပြောကြရသည်။ ထိုဖြစ်ပျက်စဉ်ဟူသော အမူအရာ သဘာ၀ရုပ်နာမ်ဟူသမျှကို သင်္ခါရ လောကဟု ပြောကြရသည်။ ထိုမြဲသော သဘောမျှ၊ သင်္ခါရလောကထဲမှာမှ ပရမတ္ထသဘာ၀က အထူးအချွန် အလွန် ဆန်းကြယ်လှ၍၊ ဣန္ဒြိယဗဒ္ဓ သ၀ိညာဏက ဟူသော အမူအရာမျှ ရုပ်နာမ် သင်္ခါရကိုသာ သစ္စာ၀ါ ဟူသော ၀ေါဟာရနှင့် သတ္တလောကဟု ပါးစပ်၀

နှုတ်ဖျားမျှဖြင့် ပြောကြရသည်။ လိုရင်းအနှစ် အရင်းစစ်လျှင် လဟာပြင်ကြီးထဲမှာ၊ အမှုအရာ ကိရိယာမျှ၊ သဘာဝခပဲ၊ မမြဲသဘောသာရှိသည်။

ဤအရာ အကျဉ်းသခ်ေပါ မှတ်စရာမှာ။ ကုသလာဓမ္မာ၏အရ ဖြူစင်ကြည်လင်သောသဘောမျှ၏ ဖြစ်ရာပျက်ရာကို လူ့ရွာ, နတ်ရွာ, ဗြဟ္မာခေါ်သည်။ အကုသလာဓမ္မာ၏အရ၊ မည်းငြစ်သော သဘောမျှ၏ ဖြစ်ရာပျက်ရာကိုအပါယ်လေးရွာခေါ်သည်။ထိုဖြူစင်မည်းငြစ် ဖြစ်ပျက်စဉ် သဘောကို သခ္ခတာဓမ္မာဟု ဟောတော်မူသည်။မည်းဖြူမဘက် ဖြစ်ပျက်ခပ်သိမ်းတို့ ကင်းငြိမ်းရာ သဘောကို အသခ်တာဓမ္မာဟု ဟောတော်မူသည်။ ။ ဤသခ်တာဓမ္မာ၏အရ၊အနိစ္စဖြစ်သော မမြဲသဘောမှာ ပြောစရာ ပြစရာ ဘယ်ဟာတစိ ရှိသည်ဟု ထင်လျှင် မဟုတ်သောနည်း၊မမှန်သောနည်း၊ ဒိဋ္ဌိပြုတ်ရန်အရေးနှင့် အဝေးကြီး။ဒိဋ္ဌိပြုတ်ရန်ဟုတ်မှန်သော နည်းက၊ထိုမမြဲသော သဘောမျှ၊မွေပုဒ္ဓ သဘာဝကိုသာ ဘယ်ဟာဟူသော ဝေါဟာရ၊ ပါးစပ်ဝ နှုတ်ဖျားမျှဖြင့် ပြောရသည်ဟု ရှုမြင်မှသာ ယခင်ပြအပ်သော ပရမတ္ထ ဒီပနီဋီကာဆိုသော အလိုကျမည်။ဤအနိစ္စသဘောအစစ်ကို ပြောလျှင် အနွယ်ဖြစ်သော သစ်ညွန့် သဘောသည် ရှေ့တည်သော သစ်ကိုင်းကို၊ ညွှတ်ရှိုင်းမျော်တန်း၊ ခတ်လှမ်းသဘော၊ သခ်တ ဟူသော ဖြစ်ဟန်သည်၊

"ပဗ္ဗံ ပဗ္ဗံ သန္ဓိ သန္ဓိ ဩဓိ ဩဓိ ဟုတွာ တတ္တက ပါလေ ပက္ခိတတိလာပိယ တဋ တဋ ယန္တာသင်္ခါရာ ဘိဇ္ဇန္တိ" စသည်နှင့် ညီစွာ၊ အဆစ်ဆစ် အစပ်စပ် အပိုင်းပိုင်း ပြတ်သော သဘောဖြစ်၍၊ ချစ်ချစ် ရဲရဲပူသော အိုးကင်း ထည်း၌ ထည့်အပ်သော နှမ်းတို့ကဲ့သို့၊ ဖြစ်ဖြစ် ဟူသံ ဆူညံ ပျက်ပြား ဉာဏ်နားမှကြား၊ ဉာဏ် မျက်စိတွင်မှ မြင်ရသော ပရမတ္ထအမှုအရာမျှ ကိရိယာသဘာဝကိုသာ သင်္ခါရဆိုသည်။ ဤအနိစ္စ၊ သင်္ခါရဟု၊ ဓမ္မပုဉ္ဇ၊ သဘာဝစု ကိုသာ လေထု, ရေထု, မြေထု, စသည်ဟု ဆိုရသည်။ ။

( ဤသို့နက်နဲ ခက်ခဲသော အရာမှာ သတ္တဝါများ သိထင်ရှားအောင်၊ ရေးသားပြောမြင်၊ အင်မတန်ခက်၊ သဘောနက်ဘိ ပညာရှိတို့၊ သိစေဘို့ရန်၊ ဉာဏ်အချက်မို့ အမြင်ခက်အပြောခက်၊ သဘောနက်လို့လက်တို့သည် )။ ဤကဲ့သို့ ပြာကျ ဒိဋ္ဌမြင်သိမှ "အနိစ္စသညီနော မေဃိယ အနတ္တသညာ သဏ္ဌာတိ" ပါဠိတော် အရနှင့် ပဌမ ဖလဈာန်၊ သောတာပန်စစ်၊ စသည်ဖြစ်မည်။

ထို့ကြောင့်—

အနိဓာနဂတာ ဘဂ္ဂါ၊ ပုဉ္ဇော နတ္ထိ အနာဂတေ။
နိဗ္ဗတ္တာ ယေပိ တိဋ္ဌန္တိ၊ အာရဂ္ဂေ သာသပူပမာ။
ဟု ဟောတော်မူ၏။

ဘင်္ဂါ၊ချုပ်ပျက်ကုန်ပြီးသောရုပ်နာမ်သင်္ခါရတို့သည်။ အနိစ္စာနုဂတာ၊ဖြစ်ခဲ့ပြီးသည့်၊ ဆီမီးပမာ၊ သိုမှီးရာ မရသော အဖြစ်သို့ ရောက်လေကုန်ပြီ။ အနာဂတေ၊ မဖြစ်သေးမှီ အနာဂါတ်၌။ပုဗ္ဗော၊ လာ၍ဖြစ်ဘို့ရာ အပုံ အစုသည်။ နတ္ထိ၊ မရှိနှင့်လေ။ ယေပိ၊ အကြင်ပစ္စုပ္ပန် ရုပ်နာမ် သင်္ခါရတို့သည်လည်း။ နိဗ္ဗတ္တာ၊ ဖြစ်ပေါ် လာကုန်သည် ဖြစ်၍။ တိဋ္ဌန္တိ၊ တည်ရကုန်၏။ တေပိ၊ ထိုပစ္စုပ္ပန် ရုပ်နာမ် သင်္ခါရတို့သည်လည်း။ အာရဂ္ဂေ၊ အပ်သွားပွတ်ဆောက်ဖျား၌။ သာသပ္ပပမာ၊ မုန်ညင်း စေ့တမျှ တူသော ဥပမာ ရှိကုန်သည်ဖြစ်၍။ တိဋ္ဌန္တိ၊ တည်ရကုန်၏။ ။အနက်။

**ဥပမာန**။ ။တကောင်းကင်လုံးက တရုံးရုံး နိမိတ် ပြ၍၊ တဟုန်းဟုန်း ကြိတ်ထသလိုပင် မြင်လိမ့်မည်။ မြင် အောင်ကြည့်ပါ။ဤဩကာသလောကကြီး၏နယ်တခွင် တပြင်လုံး အဆုံးမရှိကြီးထဲမှာ မမြဲသော သဘောမျှ သင်္ခါရ လောကသည်၊ သံဝဋ္ဋကပ်ကြီး ထိန်ထိန်ငြီး၍၊ မီးထသည်ပမာဏ၊ရှိန်ရှိန်သုတ်သုတ်၊သိမ့်သိမ့် လှုပ်မစဲ၊ မမြဲသောသဘောမျှကို လောကဆိုသည်။ ဤစကားမှာ မဟာ သမုဒ္ဒရာထဲအား၊ နဲများသောရေ၊ မရှိချေသို့၊ ထို့တူပမာဏ၊ ဩကာသ လောကထဲအား၊ သင်္ခါရခပဲ၊ မမြဲသောတရား၊နဲများမရှိ၊ပကတိဓမ္မ၊သဘာဝအားဖြင့် ပစ္စယာကာရတဆဲ့နှစ်ပါးဟူသောပဋိစ္စသမုပ္ပါဒ်နည်း၊

နှစ်ဆဲ့လေးပစ္စည်း ဟူသော ပဋ္ဌာန်းနည်း၊ ပစ္စည်း သဘာဝ၊ ဧကတ္တ, နာနတ္တ၊ အဗျာပါရ၊ ဧဝံဓမ္မတာ၊ နည်းလေးဖြာအမြဲ၊ မစဲမလစ်၊ အသစ် အသစ်၊ ဖြစ်ပျက်၍ နေသည်မှာ သဘာဝသစ္စာသာ မှတ်ပါ။

ဤအရာမှာ — မှောင်မိုက်သောအခါ တခုသော တိုက်ခန်းမှာ မှောင်တည်းဟူသော အဋ္ဌကလာပ်၊ ရုပ်ခေတ်သင်္ခါရ၊ အနိစ္စသည်တိုက်ခန်းတွင်းမှာ၊ တင်းကြမ်းပြည့်နှက်၊ ဖြစ်ပျက်၍နေ၏။ ထိုတိုက်ခန်းမှာ၊ သံစုံစသည်၊ နာရီသံက၊ ဆူညံသော သဒ္ဒနဝက ကလာပ်၊ ရုပ်ခေတ် သင်္ခါရ၊ အနိစ္စကလည်း၊ တင်းကြမ်းပြည့်နှက်၊ ဖြစ်ပျက် ထပ်မံ၊ နေလေပြန်၏။ သတိမူပါ။ ။ထို တိုက်ခန်းမှာ နံ့သာဆီ,ကတိုး၊အမျိုးမျိုး မွှေးကြိုင်၊ လှိုင်စေခါလည်း နည်းတူသာမှတ်ပါ။ ဤအရာမှာ--ထိုတိုက်ခန်းမှာ ပဌမ မီးထွန်း၍ပြီးမှ၊ ဒုတိယ, တတိယမီး စသည်မှာလည်း ပညာနှင့်သာမြင်ပါ။

ထို့ကြောင့်—

ယထာပနရုဠှန္တကာရေ အန္တောလေဏေ မဟန္တော
တမောခန္ဓော ဇာယတိ၊ ဒီပံ ဇာလေန္တဿပန ဒီပေါ
ဘာသော ကေဝလဏေဝ သကလံ အန္တောလေဏံ၊
ဖရမာနော ဥဒေတိ၊ တမောခန္ဓော ဝေတိ၊ အာလောကဿ ဥဒယောဟောတိ၊ တမော ခန္ဓဿ ဝယော

ပုနဒိပေ နိဗ္ဗာပိယ မာနေ တမောခန္ဓသ ဥဒယော ဟောတိ။ အာလောကသ ဝယော၊ ဧဝမေဝံ သဗ္ဗိရေ နာနာဥတုဝသေနဝါ နာနာဟာရဝသေနဝါ နာနာ စိတ္တ ဝသေနဝါ နာနိရိယာပထ ဝသေနဝါ နာနာ ပယောဂ ဝသေနဝါ ဥဒယငကွာနံ ဝယပက္ခာနဥ္စ နာနာ သန္တတိနံ ဥ ဒ ယ ဉ္စ ဥဒယတော ဝ ယ ဉ္စ ဝယတော သုဒိင္ဋံ ကတွာ သံမနုပဿ တဿာတိ အတ္ထော။ ။(ပရမတ္ထ ဒီပနိဋီကာ ၊)

(အကျယ်ကိုလိုမူ ကမ္မဌာန်းပိုင်းမှာယူပါ)။

ရတ္တန္ဓကာရေ၊ ညဉ့်မိုက်သော အခါ၌။ အန္ဓော လေဏော၊ လိုဏ်တွင်း၌။ မဟန္တော၊ ကြီးသော။ တမော ခန္ဓော၊မိုက်မှောင်စုသည်။ဇာယတိ၊ဖြစ်၏။ ဒီပံ၊ဆီမီးကို။ ဇာလေန္တဿပန၊ ညှိထွန်းသည် ရှိသော်ကား။ ဒီပေါ ဘာသော၊ဆီမီးရောင်သည်။ကေကွာဏောဇဝ၊တပြိုင်နက် သာလျှင်။ သကလံ၊ အလုံးစုံသော။ အန္ဓောလေဏံ၊ လိုဏ်တွင်းကို။ ဖရမာနော၊ နှံ့သည် ဖြစ်၍၊ ဥ ဒေ တိ၊ တက်၏။ တမောခန္ဓော၊ မိုက်မှောင် စုသည်။ ဝေတိ၊ ကွယ်ပျောက်၏။အာလောကဿ၊အလင်း၏။ဥဒယော၊ ဖြစ်ပွားခြင်းသည်။ဟောတိ၊ဖြစ်၏။ တမောခန္ဓဿ၊မိုက် မှောင်စု၏၊ ဝယော၊ကွယ်ပျောက်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။ ပုန၊ တဖန်။ ဒီပေ၊ ဆီမီးကို။ နိဗ္ဗာပိယ မာနေ၊

ငြိမ်းစေအပ်သည် ရှိသော်။ တမော ခန္ဓဿ၊ မိုက်မှောင်စု၏။ ဥဒယော၊ ဖြစ်ပွားခြင်းသည်။ ဟောတိ ယထာ၊ ဖြစ်သကဲ့သို့ရင်း။ အာလောကဿ၊ အလင်း၏။ ဝယော ယထာ၊ ကွယ်ပျောက်ခြင်းကဲ့သို့ရင်း။ ဧဝမေဝံ၊ ဤအတူသာလျှင်။ သရီရေ၊ ကိုယ်၌။ နာနာ ဥတုဝသေန၊ အထူးထူးသော ဥတု၏အစွမ်းဖြင့်ရင်း။ နာနာ ဟာရဝသေန၊ အထူးထူးသော အာဟာရ၏ အစွမ်းဖြင့်ရင်း။ နာနာ စိတ္တဝသေန၊ အထူးထူးသော စိတ်၏ အစွမ်းဖြင့်ရင်း။ နာနိရိယာပထ ဝသေန၊ အထူးထူးသော ဣရိယာပုထ်၏အစွမ်းဖြင့်ရင်း။ နာနာ ပယောဂ ဝသေန၊ အထူးထူးသော ပယောဂ၏ အစွမ်းဖြင့်ရင်း။ ဥဒယပက္ခာနုဋ္ဌ၊ ပွားစီးသောအဘို့ ရှိသည်လည်း ဖြစ်ကုန်သော။ ဝယပက္ခာနုဋ္ဌ၊ ကွယ် ပျောက်သော အဘို့ရှိသည်လည်း ဖြစ်ကုန်သော။ နာနာ သန္တတီနံ၊ အထူးထူးသော အစဉ်သန္တတိတို့၏။ ဥဒယဋ္ဌ ဖြစ်ပွားခြင်းကိုလည်း။ ဥဒယတော၊ ပွားစီးသော အနေ အားဖြင့်။ ဝယဋ္ဌ၊ ကွယ်ပျောက်ခြင်းကိုလည်း။ ဝယတော ကွယ်ပျောက်သော အနေအားဖြင့်။ သုဒိဋ္ဌံ၊ ကောင်းစွာ မြင်အပ်သည်ကို။ ကတွာ၊ ပြု၍။ သမနုပဿန္တဿ၊ အဘန် ဘန် ရှုသောပုဂ္ဂိုလ်အား။ ဣတိ၊ ဤသည်လျှင်။ အတ္ထော၊ လိုရင်းအချက် အနက်သဘောတည်း။

ဤအရာမှာ။ ဥပမာတင်၍ မြင်သာအောင် ပြမည်။ ဤလောကကြီးသည်၊ တအိုးလုံး မီးရဲ၍နေသော ခတ်မီးအိုးကြီးထဲမှာ ခတ်မီး၏ ပူစွမ်းတွေသည် ရှိန်ရှိန်သုတ်သုတ်၊ သိမ့်သိမ့် လှုပ်မစဲသော တေဇောခတ်မီး ရဲရဲကြီးသည် ပူစွမ်းတွေ ထိန်ထိန်ငြိုးသော ရှိန်ရှိန်မီးသဘောနှင့်သာ လွန်စွာတူသည်။

**ဥပမာ ဥပမေယျ ဟတ်၍ ပြသော်ကား။** ဤခန္ဓာကိုယ်သည် တအိုးလုံး မီးရဲ၍နေသော ခတ်မီးအိုးကြီးနှင့်သာ လွန်စွာတူ၏။ရုပ်နာမ်ခပဲ၊ မမြဲသောသဘာဝ၊ အနိစ္စမှာ ခတ်မီး၏ ပူစွမ်းတွေနှင့်သာ လွန်စွာတူ၏။

တနည်း။ မှောင်မိုက်သောအခါ တခုသော တိုက်ခန်းမှာ မီးထွန်းလေရာ၊ ပထဝီ, အာပေါ, တေဇော, ဝါယော,ဝဏ္ဏ,ဂန္ဓ,ရသ,ဩဇာ ဟူသော အဋ္ဌကလာပ်ရုပ်ခတ် မီးရောင်တွေသည် ထိုတိုက်ခန်းလုံးမှာ ပြည့်လေရာ၏။ဤ၌လည်း ယခင်ဆိုအပ်ခဲ့ပြီးသော ခတ်မီးအိုးကြီးနှင့်သာ လွန်စွာတူသည်။ ။ထိုမီးကို ငြိမ်းသောအခါ မှောင်မိုက်၍ လာ၏။ ထိုမှောင်တည်း ဟူသော အဋ္ဌကလာပ်ရုပ်ခတ်မှာလည်းယခင်ဆိုအပ်ခဲ့ပြီးသော ခတ်မီးအိုးကြီးလိုသာ မှတ်ပါ။

တနည်းမှာ။ဤစကြာဝဠာတခုလုံးသည် ရဲရဲငြိုးသော ခတ်မီးအိုးနှင့်သာ လွန်စွာတူသည်။ နေရောင်,

လရောင်, ကြယ်ရောင်, မှောင်မိုက်စသော သင်္ခါရခပဲ မဖြုသော အနိစ္စသဘာဝမှာ ပုစ္ဆမ်းတွေ ထိန်ထိန်ထ၍ ရှိန်ရှိန်ကြွသော ဓာတ်မီး၏ သဘာဝနှင့်သာ လွန်စွာတူသည်။

တနည်းမှာ။ ဝဲယာရှေနောက်၊ ထက်အောက်ဖီလာ ဆယ်မျက်နှာအားဖြင့်၊ ဆုံးစပိုင်းခြား၊ ကမ်းကရနား မရသော ဩကာသလောကကြီးသည် ဓာတ်မီးအိုးကြီး နှင့်သာလွန်စွာတူသည်။သဝိညာဏက၊အဝိညာဏက၊ ရှိသမျှဥဿုံ၊အလုံးစုံသမ္ဗ၊သင်္ခါရခပဲ၊မဖြုသောသဘာဝ သည်၊ ဓာတ်မီး အိုးကြီးထဲမှာ ရဲရဲငြိးသော ဓာတ်မီး နှင့်သာ လွန်စွာတူသည်။ထို့တူပမာဏ၊ အမှုအရာမျှကို ရုပ်နာမ်ဟု ဆိုရသော အနိစ္စသဘာဝမှာ လျှပ်စစ်၏ ပမာဏနှင့်လည်း တူလှသောသဘောကို....

အဒဿနတော အာယန္တိ၊ ဘင်္ဂါဂစ္ဆန္တိ ဒဿနံ။
ဝိဇ္ဇုပ္ပါဒေါဝ၊ အာကာသေ၊ ဥပ္ပဇ္ဇန္တိဝယန္တိစ။
(နိဒ္ဒေသ ပါဠိတော်။)

အဒဿနတော၊ မမြင်ရရာ။ အနာဂတ၊ အဘာဝ အဖြစ်မှ။ အာယန္တိ၊လာ၍အသစ် ပေါ်ဖြစ်လာကုန်၏။ ဘင်္ဂါ၊ချုပ်ပျောက်ပျက်စီးကုန်ပြီးသော ရုပ်နာမ် သင်္ခါရ တို့သည်လည်း။ အဒဿနံ၊ မမြင်ရရာ၊ အဘာဝစစ်၊ အတိတ်အဖြစ်သို့။ ဂစ္ဆန္တိ၊ ရောက်လေကုန်၏။ အာကာ သေ၊ ပဇ္ဇုန်ရိုက်ချုန်း၊ ချိမ့်အုံးထက်ခွင်၊ မိုဃ်းကောင်း

ကင်၌။ ဝိဇ္ဇာ ပုပ္ပါဒေါ ဗုဒ္ဓေ၀၊ ပြီးပြက်လျှံလင်း၊ လျှပ်စစ်၏ ဖြစ်ခြင်းကဲ့သို့။ဥပ္ပဇ္ဇန္တိ စ၊ဖြစ်လည်းဖြစ်ကုန်၏။ဝယန္တိ စ၊ ပျက်လည်း ပျက်ကုန်၏။ ။ငင်းအနက်။

ဤကဲ့သို့ ပမာဏ၊မမြဲသော သဘာဝ၊သင်္ခါရခပင်းကို၊ ပြာမကြွင်းအောင် လင်းလင်းချင်းချင်း၊ ထင်းထင်းကြီး မြင်လိမ့်မည်။ မြင်အောင်ကြည့်ပါ။ မြင်ရအောင်ဟာ၊ အာသာထံသဲ၊ မမြင်မနေဘူးဟဲ၊ အံကြိတ်ခဲ၍၊ လွန်ကဲ အားသစ်ရမည်။

ဤသာသနာတော်အခါ သောတာပန် ဆိုသည်မှာ သမ္မာသမ္ဗောဓိ၊ ပစ္စေကဗောဓိ၊ အဂ္ဂသာဝက၊ မဟာ သာဝကတို့ကဲ့သို့ ပါရမီကို ငဲ့ဘို့ရာမရှိ၊ နိဗ္ဗာန်ကို ရပါ လို၏ဟု ဆုတောင်းကြသမျှ၊ ပကတိ သာဝကတို့မှာ၊ ဂရုပြုလျှင်၊ ယခုသောတာပန်စစ် သကဒါဂါမ်ပင် ဖြစ် ပါ၏။ အနာဂါမ်ခေတ် ရှိသည်ကို ကြည့်လေ။

ဌမေစ သုဘဒ္ဒ ဘိက္ခူ၊ သမ္မာ ဝိဟရေယျုံ။
အသုညော လောကော၊ အရဟန္တေဟိ အဿ။

သုဘဒ္ဒ၊ သုဘဒ်။ ဌမေစ ဘိက္ခူ၊ ဤရဟန်းတို့သည် ကား။ သမ္မာ၊ကောင်းစွာ။ဝိဟရေယျုံ၊နေကုန်ငြားအံ့။ လောကော၊ လောက၌။ အရဟန္တေဟိ ရဟန္တာတို့မှ။ အသုညော၊ မဆိတ်ကင်းသည်။ အဿ၊ ဖြစ်ရာ၏။

ဤပါဠိတော်အရ၊ ယခုကာလသူငါကစ ဒုလ္လဘနှင့် ကြုံကြ၍ ခဏငါးပါး စုံရခြင်းကား၊ နိဗ္ဗာန်တရားသည်၊ (ဥပမာအား) ခံတွင်းအပါး၊မုဆိတ်ကြွားမှ၊ပျားလာ၍ စွဲသလို၊ မခဲမငြို၊ မြိုရုံမျှလိုကြသည်။ ဤကဲ့သို့ ဝိပဿနာ မျိုးကို ဉာဏ်မတိုးဝံ့၊တိုတွန့်ပေခွေ၍၊ဉာဏ်ဝေဉာဏ်ပြား ဉာဏ်မသွားက၊ ဉာဏ်မဝါးနိုင်၊ ဉာဏ်မငုံနိုင်၊ ဉာဏ်မမှိ နိုင်၊ ဉာဏ်မပိုင်လျှင် ဉာဏ်မှိုင်,ဉာဏ်မူး၊ ဉာဏ်မစူးလျှင် မဟုတ်ဘူး ထင်တတ်သည်။ ဤအရာဝယ် အခိပ္ပါယ် သဘောကို လင်္ကာနှင့်ပြောမည်။

( ဤလောက၌၊ မိဘ တို့အား၊ ချစ်ကြငြား
လည်း၊ မိဘနှင့်မူ၊ အယူကွဲပြား၊ ဘ,စကားကို၊
နားမထောင်လူ၊ ရန်သူ ဖြစ်လေ၊ အမွေ မရ၊
ပမာဏသို့။ ။ ဘုရား့စကား၊ မြတ်တရားကို၊
နားမဝင်ဘိ၊ မသိလျှင် သူပုန်၊ မယုံလျှင် ရန်သူ၊
အတူလိုနေ၊မဂ်ဖိုလ် မွေကို၊မရလေငြား၊ဆင်းရဲ
ပွားသည်၊ အများလူတို့၊ သိစေဘို့ )။သတိမူပါ။

ယခုအခါ ဝိပဿနာတရားကို အားထုတ်ကြသော အမျိုးကောင်း သား,သမီးများမှာ'အနိမိတ္တဥ္စဘာဝေတိ' ပါဠိတော်အရ၊သြကာသလောကထဲမှာတစုံတရာဘယ် ဟာဟူသော သဘောနှင့် ပြောစရာမရှိ။ ကြည့်စရာမရ။ မမြဲသောသဘာဝက သံဝေ္ဂကပ်ကြီး၊ထိန်ထိန်ငြီးသော၊ မီးတောက်ကြီးမျှပမာဏလို၊ သဘာဝအစဥ်မျှကို၊မြင်ရ

မည်ဟူလို။ ထိုသို့ မြင်ရသောသူအား လောကီ လုပ်ရပ် သမားများ "ကျပ်ချိန် ပျောက်လျှင် နိမ္ဗာန်ဝင်" စကား ကဲ့သို့၊ ထို့တူမခြား လောကုတ္တရာဖြစ်သော ဝိပဿနာ တရားမှာ–သတ္တဝါအရိပ်၊ နိမိတ်ခပင်း၊ အကုန်ကင်းမှ အနိမိတ္တ ဖြစ်ကြမည်။ သို့မှ အပ္ပဏိဟိတ၊ သုညတဟု ဆိုရသည်၊ ကြပ်ကြပ်ကြီး သတိမူရမည်။

ဤသခ်ါရခပဲ မမြဲသောသဘောက ယခုအခါ၊ယခု ကမ္ဘာမှာမှ မမြဲသော လောကမဟုတ်။ အတိတ် လွန် လေပြီး ဖြစ်သော ရှေးရှေးသော အခါ၊ ကမ္ဘာဘာက၊ သဘာဝမွေ၊ဤလောက တည်ထောင်သည့်မှစ၍ ယနေ့ ထက်ထိ မြဲ၏ဟူသောအချက်က အမြွက်လေသမျှ မရခဲ့ ဘူးဘူး။ မရှိခဲ့ဘူးဘူး။မပေါ်လာခဲ့ဘူးဘူး။ ဤအတိတ် ပစ္စုပ္ပန် ကာလနှစ်ပါးမှာသာ မြဲသော သဘောမရှိ၊ မမြဲ အတိ ဖြစ်နေဘိသည် မဟုတ်။ လာလတံ့သော အနာ ဂါတ်မှာလည်း ဘယ်တော့ ဘယ်ခါ ဘယ်ကမ္ဘာကျ တော့၊မြဲသောသဘော၊ရပ်နားတည် ငြိမ်သောသဘော က၊ အမြွက် လေသမျှသော် ပေါ်လာလိမ့် မတဲ့လည်း မဟုတ်ဘူး။ မပေါ်လာဘူး။မပေါ် လာနိုင်ဘူး။အဘယ့် ကြောင့်နည်း။ မြဲသောသဘော၊ တည်ကြည် ငြိမ်သက် သော သဘောက အမြွက်လေသမျှ ပကတိကိုက လုံး လုံးမရှိ၊သက်သက် မရှိ၊ဘိတ်မရှိ၊အလျှဉ်းမရှိ၊စင်စင်ကြီး ကင်းရှင်းလှခြင်းကြောင့်တည်း။ ။

ဤကား=

သဗ္ဗေသင်္ခါရာ အနိစ္စာတိ၊ ယဒါ ပညာယ ပဿတိ။
အထ နိဗ္ဗိန္ဒတိ ဒုက္ခေ၊ ဧသ မဂ္ဂေါ ဝိသုဒ္ဓိယာ၊ ဟူသော
(ဓမ္မပဒပါဠိတော်၏ အဓိပ္ပါယ်တည်း။)
ဒုက္ခဆိုသည်ကား....“တေဘူမိကံ ဝဋ္ဋံ ဒုက္ခံ၊” ဟူသောအရ။
ဒုက္ခမေဝဟိ သမ္ဘောတိ၊ ဒုက္ခံ တိဋ္ဌတိ ဝေတိစ။
နာညတြ ဒုက္ခာ သမ္ဘောတိ၊ နာညံ ဒုက္ခာ နိရုဇ္ဈတိ၊ ဟု
ရှုအပ်၏။ ။

ဟိသစ္စံ၊ မှန်၏။ ဒုက္ခမေဝ၊ ဆင်းရဲ သက်သက်သည် သာလျှင်၊ သမ္ဘောတိ၊ အကြောင်းအားလျော် စွာဖြစ်၏။ ဒုက္ခံဧဝ၊ ဆင်းရဲသက်သက် သည်သာလျှင်။ တိဋ္ဌတိ၊ ခဏဋ္ဌီ၊ ပဗန္ဓဋ္ဌီအားဖြင့် တည်၏။ ဝေတိစ၊ ချုပ်လည်း ချုပ်၏။ ဒုက္ခာ၊ ဒုက္ခကို။ အညတြ၊ ကြဉ်ထား၍။ ကိဉ္စိ ဓမ္မဇာတံ၊ ပုဂ္ဂိုလ် သတ္တဝါ၊ ခေါ်ဆိုဘွယ်ရာ၊ တစုံတခုသော တရားသဘောသည်။ နသမ္ဘောတိ၊ ဖြစ်သည်မရှိ။ ဒုက္ခာ၊ ဒုက္ခမှ။ အညံ၊ တပါးသော။ ကိဉ္စိ ဓမ္မဇာတံ၊ ပုဂ္ဂိုလ်သတ္တဝါ ခေါ်ဆိုဘွယ်ရာ၊ တစုံတခုသော တရားသဘောသည်။ နနိရုဇ္ဈတိ၊ ချုပ်သည်မရှိ။ ။အနက်။

**အဓိပ္ပါယ်အကျဉ်း လိုရင်းကား။** အကောင်းအမွန် ချမ်းသာသုခဟူသည်၊ ပစ္စုပ္ပါန်ဖြစ်သော ယခုဘဝ၊ ယခု သာသနာ၊ ယခုကမ္ဘာမှာမှ ချမ်းသာသုခ မရသည်၊ မရှိသည်မဟုတ်၊ အတိတ်လွန်လေပြီးဖြစ်သော ရှေးရှေး

သောအခါကမ္ဘာ့သဘာဝက ဤသံခါရပရမတ္တသဘာဝက ပဌမတည်ထောင်သည်မှစ၍ ယနေ့ထက်ထိ ဘယ်တော့ ဘယ်ခါ, ဘယ်ကမ္ဘာ, ဘယ်သာသနာတော်တုံးကမှ အကောင်းအမွန် ချမ်းသာသုခဟူသည် အနုမြူမျှမပေါ် လာခဲ့ဘူးဘူး၊ မရှိခဲ့ဘူးဘူး၊ ထိုအတိတ်ပစ္စုပ္ပါန် ကာလနှစ်ပါးမှာသာအကောင်းသုခမရသည်၊ မရှိသည်မဟုတ် လာလတံ့သော အနာဂါတ် မှာလည်း ဘယ်တော့ ဘယ်ခါ,ဘယ်ကမ္ဘာ,ဘယ်သာသနာကျတော့ချမ်းသာ သုခဟူသည် အနုမြူမျှ ပေါ်လာလိမ့်မတဲ့လည်း မဟုတ်ဘူး၊ မပေါ်လာဘူး၊ မပေါ်လာနိုင်ဘူး၊ အဘယ့်ကြောင့်နည်း....၊ အကောင်း အမွန် ချမ်းသာ သုခ ဟူသည်၊ ပင်ကိုယ်ရင်း သဘော ပကတိ ကိုကပင် လုံးလုံးမရှိ၊ သက်သက်မရှိ၊ ဘိတ်မရှိ၊ အလျဉ်းမရှိ၊ စင်စင်ကြီး ကင်းရှင်း လှသောကြောင့်တည်း။

ဤကား—

သဗ္ဗေသင်္ခါရာ ဒုက္ခာတိ ယဒါပညာယ ပဿတိ
အထနိဗ္ဗိန္ဒတိ ဒုက္ခေ ဧသမဂ္ဂေါ ဝိသုဒ္ဓိယာ၊ဟူသော
(ဓမ္မပဒပါဠိတော်၏ အဓိပ္ပါယ်တည်း)

**အနက် ဆိုသည်ကား။**

ဒုက္ခမေဝတ္ထိနေ့ာဒုက္ခိ၊ ကိရိယာဝန ကာရကော၊ နိဗ္ဗုတိဝ နိဗ္ဗုတောန မဂ္ဂေါဝ ဂမကောနိဓ၊ဟု ရှုအပ်၏။ ။

ဠမ်၊ ဤသာသနာတော် အလို၌။ ဒုက္ခမေဝ ဆင်းရဲ သက်သက်သည် သာလျှင်။ အတ္ထိ၊ ရှိ၏။ ဒုက္ခိ၊ ဆင်းရဲ ခံရသော ပုဂ္ဂိုလ် သတ္တဝါသည်။ နေဝအတ္ထိ၊ မရှိ။ ကိရိယာဝ၊ ဆင်းရဲကိုပြုခြင်းအမူအရာ သမုဒယတဏှာသည် သာလျှင်။အတ္ထိ၊ရှိ၏။ ကာရကော၊ပြုတတ်သော ပုဂ္ဂိုလ် သတ္တဝါသည်။ နအတ္ထိ၊မရှိ။ နိဗ္ဗုတိဧဝ၊ငြိမ်းခြင်းနိဗ္ဗာန် သည်သာလျှင်။ အတ္ထိ၊ရှိ၏။ နိဗ္ဗုတော၊ ငြိမ်းတတ်သော ပုဂ္ဂိုလ် သတ္တဝါသည်။ နအတ္ထိ၊ မရှိ။ မဂ္ဂေါဝ၊ လမ်းသည် သာလျှင်။ အတ္ထိ၊ ရှိ၏။ ဂမကော၊ သွားသော သူသည်။ နအတ္ထိ၊မရှိ။ အနက်။

'အဓိပ္ပါယ်မှာ....

ဂင်္ဂါယဝါဋ္ဌကုံစုဏ္ဏံ၊ ပရာဇဗော္ဓာ တထာဂတော။
အနေကသသာဝကေဟိ၊ ပရိနိဗ္ဗာယိသုံအနာသဝါ။

စသည်နှင့်ညီစွာ။ အစိရဝတီ၊ မဟီဂင်္ဂါ၊ ယမုနာ စသော မြစ်ကြီးငါးသွယ်၊ မြစ်ငယ် ငါးရာ ထဲ၌ ရှိရှိ သမျှသော သဲမှုန့် သဲလုံးတွေကို ရှုံးစေတော်မူ၍၊သမ္ဗာ သမ္ဗောဓိ ဘုရားရှင်တို့သည် များစွာပင် ပွင့်တော်မူကြ လေကုန်ပြီ။ ထိုဘုရားရှင် တဆူ တဆူမှာလျှင် နှစ်ဆဲ့ လေးသင်္ချေနှင့် ကုဋေခြောက်ဆယ်၊ မိုလ်ခြေ တသိန်း၊ တွက်ကိန်းများလှ၊ ဝေဿယျတို့သည်၊ နိဗ္ဗာန်သို့ ရကြ

ရောက်ကြလေကုန်ပြီ။ ဤကဲ့သို့ ပမာဏ ဂဂၤါဝါဠု သဲစု မကပွင့်တော်မူကြသောဘုရားရှင်တို့နှင့်တကွ၊ သာဝက ဟူဟူသမျှတို့သည်၊နိဗ္ဗူယူသိမ်းငြိမ်းကြကုန်သော်လည်း သတ္တ လောကထဲမှာ သတ္တဝါခပဲက မည်မျှ နည်းပြီး မည်မျှလျော့သည်ဟု မရှိကုန်၊ မလျော့ကုန်၊ မတိုးကုန်၊ မဆုတ်ကုန်။ ဤကဲ့သို့ နည်းခြင်း၊ များခြင်း၊ တိုးခြင်း၊ ဆုတ်ခြင်း၊ မရှိသည်ကိုပင် သိမြင်ရမည် ဟူလိုသည်။ ။ အဘယ့်ကြောင့်နည်း။လျော့နည်းတိုးဆုတ်ဘို့ရာပုဂ္ဂိုလ် သတ္တဝါဟူ၍အနန္တမြူမျှမှပကတိကိုကမရှိ၊မရသော၊သစ္စာ့ သဘော ဖြစ်လေသောကြောင့်တည်း။

ဤအရာမှာ သစ္စာဆိုသည်ကား-ထင်ရှား မရှိသော အဝိဇ္ဇာမာနတရားစင်စစ်ဖြစ်ပါလျက်နှင့်လည်း၊ဤလော ကဌ် သတ္တ,ပုဂ္ဂလ,အတ္တဇီဝဟု ဝန်ခံကြသောအရာ၊ဝစီ သစ္စာ၊ဝိရတိသစ္စာ၊သမ္မုတိသစ္စာမှာလောကသစ္စာသာ မှတ်ပါ။ ဝိဇ္ဇာမာနအရာ၊သဘာဝသစ္စာ၊အရိယသစ္စာမှာ ပရမတ္ထသစ္စာသာ မှတ်ပါ။ ထိုနှစ်ပါးတို့တွင် လောက သစ္စာ၊ သမ္မုတိသစ္စာ၊ ထင်မြင်အပ်သည့်၊ ပညတ်မျှသာ သတ္တဝါသည်၊ကမ္ဘာ့ဘာတွေ၊ အသင်္ချေယျာ၊ အကြာ အကြာမှာ၊ သတ္တဝါက၊ တယောက် တယောက်ကျနှင့် တွဲစပ်နွှတ်ပစ်လျှင် သတ္တဝါကုန်ဆုံး၍ သတ္တလောကမှာ သုဥ်းလေရာ၏။ ဤကဲ့သို့ လောက မသုဥ်းရ၊ မသုဥ်း ကောင်း၊ မဆိတ်ကောင်းဟုသာ မှတ်ပါ။

ဤအရာမှာ-အစဉ်အလာ၊မွေတာအယူ၊ သူငါကစ၊ ယေဘုယျ ထင်မှတ်ကြသည်ကား။(ဥပမာအား)တစပ် ထည်း တည်နေသော သမုဒ္ဒရာ လေးစင်းရေဝယ် တခုသော ဝါဠမ်းငယ်ဖြင့် တို၍ ကမ်းပေါ်သို့ညှစ်ပစ် သောအခါ ထိုသမုဒ္ဒရာထည်းမှာ မည်မျှနည်း၏၊မည်မျှ လျော့၏ဟု မသိရာ သကဲ့သို့။ ထို့တူ ပမာဏ သတ္တ လောက သတ္တဝါက များပြားလှ၍ ဘယ်မျှလောက် ဘုရားပွင့်ကြပြီးလည်း သတ္တလောကတွင် အရာမထင် ဟု၊ ယူချန်ရှိ၏။ယူကြ၏။ ဤစကားမှာ-ဝိပဿနာ ဟုတ် မှန်သောအရာ သဘာဝသစ္စာ၊အရိယာသစ္စာ၊ ပရမတ္ထ သစ္စာနှင့်ဖြင့် မသင့်၊ မဟုတ်။ မသင့်ပုံ မဟုတ်ပုံကား အဝိဇ္ဇာမာန၊တရားအတိ၊ထင်ရှားမရှိသောသမ္မုတိသစ္စာ ဝစီသစ္စာ၊ လောကသစ္စာ၊ ထင်မြင်အပ်သည့် ပညတ် မျှသာ သတ္တဝါကို တင်းခြင့်, တောင်းခြင့် ကဲ့သို့ရင်း။ ချိန်ဝန်ပိဿာကဲ့သို့ရင်း၊အထည်အဖတ်,ဒြပ်သဘောနှင့် ပြောသောကြောင့်တည်း။သတိမူရန်မှာ။ သတ္တဝါသည် ဤကဲ့သို့ အခြင့် အချိန်၊ အတုံး အတစ်၊ အနှစ်အသား ရှိခဲ့ပြီးအံ့။ ပုဂ္ဂိုလ်သတ္တဝါအား ဘယ်လောက်ပင်များ များ "ပုဗ္ဗေကောဋိနပညာယတိ" စကားတော်ကို မြော်မြ ပါလျှင် သိသင့်ရာ၏။ အဓိပ္ပါယ်ကား....မြတ်စွာဘုရား သည်၊ ဘုရားဖြစ်သည့်နေ့မှ လောက၏အစကို ရှုမြော် တော်မူသော ရွှေဉာဏ်တော်သည်၊ ယနေ့ထက်ထိ

သွားတုံး,လိုက်တုံး၊လောက၏အစကလည်းမဆုံး မတုံး၊ ဤကဲ့သို့ ရှေ့ဉာဏ်တော်နှင့် လောကမဆုံး နှစ်ပါးလုံးတို့ ယနေ့ထက်ထိ သွားတုံး, လိုက်တုံး' စ,မဆုံး သည်ကို မြော်မိပါလျှင် သဗ္ဗဝါ ကုန်ဆုံး၍ သတ္တ လောက မှာ သုဉ်းလေရာ၏ဟု သိလိမ့်မည် ဟူလိုသည်။

(ဤအချက်ကား။ ဉာဏ်ရင့်ကြီးများ၊ ဉာဏ်ကြက်စားပုံ၊ ဉာဏ်ကုန် လွှတ်ဘွယ်၊ ဉာဏ်ကြီးကြယ်တို့၊ စမွယ်ကွန့်မြူး၊ ဉာဏ်အထူး ရှင်၊ ဉာဏ်ကြည်လင်ခြင်း၊ ဉာဏ်သန့်ရှင်း၍၊ ဉာဏ်ပွင့်လင်းရာ အကွက်၊ အချက်နှင့်တဘွ၊ သဲလွန်စကို ပြလိုက်သည်။) သတိမူပါ။

ယခုအခါ သူသူငါငါ တို့သိရာဘို့မှာ 'သခ်တာဝမ္မာ အသခ်တာဝမ္မာ' ဟူ၍ရင်း။ 'ကုသလာဝမ္မာ အကုသလာ ဝမ္မာ' ဟူ၍ရင်း။ဟောတော်မူသောဒေသနာတော်မြတ်၊ ဆတ်ဆတ်သောအချက် ပရမတ်အထွက်မှာ သဗ္ဗဝါ အမြွက်နှင့် သက်သက်မျှ မဆက်ဆံသော ရုပ်နာမ် သခ်ါရ၊ပရမတ္ထ သဘောမျှကိုသာ ဟောတော်မူသည်။ ထိုပရမတ္ထ၏ အမှုအရာ ဟူသော သဘောထူးမျှကိုသာ ပညတ်အရာ သဗ္ဗဝါဟူသော ဝေါဟာရ သဘောနှင့် ထင်မြင်ပြောဆိုကြရသည်။ဥပမာကား-အလွန်ကောင်း သော ပတ္တမြား, စိန်ကျောက်သည် ထွန်းတောက်သော

ရောင်ဝါလွန်စွာရှိ၏။ ထိုအရောင်သည်ကျောက်မဟုတ်၊ ကျောက်သည်အရောင်မဟုတ် ကျောက်တခြားအရောင် တခြားလည်း မဟုတ်၊ ကျောက်နှင့် ကင်း၍လည်း ထိုအရောင်မဖြစ် ထိုကျောက်မှ ထွက်သော ကျောက် ရောင်သည် ကျောက်၏ သဘာဝထူးမျှသာဟု သိရာ၏။ သိသာ၏ဟူသို။ ။

ထို့တူပမာကား ရုပ်နာမ်သင်္ခါရ ပရမတ္ထ၏သဘာဝထူး မျှကိုသာသတ္တဝါဆိုသည်။ ခန္ဓာငါးပါးရုပ်နာမ်တရားကို သတ္တဝါဆိုသည်မဟုတ်၊ ခန္ဓာငါးပါးတခြား သတ္တဝါ တခြားလည်းမဟုတ်၊ ခန္ဓာငါးပါး ရုပ်နာမ် တရားနှင့် ကင်း၍လည်း သတ္တဝါတပါး အခြားမရှိ၊ ထို ခန္ဓာမှ သင်္ခတဓာတ် ဆတ်ဆတ်သော ပရမတ္ထ၏ သဘာဝထူး မျှကိုသာ ပညတ်သဘောမျှသတ္တဝါဟူသော ဝေါဟာရ နှင့်၊ သတ္တလောကဟု ပြောကြရသည်။

**ဥပမာ ဥပမေယျ ဟပ်၍ပြသော်ကား။** ကျောက် နှင့်ကား ပရမတ္ထ သဘာဝတရား တူသည်။ သတ္တဝါနှင့် အရောင် တူလှပေသည်။ ။

ထို့ကြောင့် မဟုတ်လော—

အနိစ္စတ္တေန နဇာဘော ပဋ္ဌပ္ပနေန ဇီဝတိ၊
စိတ္တဘင်္ဂါ မတော လောကော ပညတ္တိ ပရမတ္ထိယာ၊
ဟု ဟောတော်မူ၏။

အနိမ္မတ္တေန၊ ဖြစ်ဆဲမဟုတ်သော အတိတ်အနာဂါတ် စိတ်ဖြင့်။ န ဇာ တော၊ သ တ္တ ဝ ါ ဖြစ်သည် မဟုတ်။ ပစ္စုပ္ပန္နေန၊ ဖြစ်ဆဲ စိတ်ဖြင့်သာလျှင်။ ဇီဝတိ၊ အသက်ရှည်သည်မည်၏။ စိတ္တဘင်္ဂါ၊ ဘင်သို့ရောက်၍ စိတ်တိုင်း ချုပ်ပျောက် ခြင်းကြောင့်။ လောကော၊ ပညတ်သဘောမျှ သတ္တလောကသည်။ မတော၊ ခါခါ ထပ်ထပ် ဆတ်ဆတ် သေသည်မည်၏။ ဇဝံသန္တေပိ၊ သို့စဉ်ပုံသေ သေ၍ပင်နေသော်လည်း။ ပညတ္တိ၊ တည်ဆဲ တည်ဆဲ စိတ်ကို စွဲလျက် အသက်ရှင်၏ ဟူသော စကားဖြစ်ခြင်း၏ အရာ။ သန္တာန ပညတ်သည်။ ပရမတ္ထိယာ၊ "ပရမတ္ထဘူတာ၊ နာမဂေါတ္တံ နဇီရတိ" ဆိုဘိသည်နှဲ၊ အမြဲနိယတ်ပရမတ် ကဲ့သို့ ဖြစ်၍နေ၏။ ။အနက်။

ဤလောက၏ သဘာဝ ဖြစ်ခြင်းကို လိုရင်းအနှစ် အရင်းစစ်လျှင် အကြောင်းနှင့်အကျိုးသာရှိသည်ဟူလို။ ထို အကြောင်း ဆတ်ဆတ် ပရမတ္ထ သဘာဝ ကိုသာ ပရမတ္ထ သစ္စာဆိုသည်။ ထို ပ ရ မ တ္ထ သ ဘာ ဝ တရား ဆိုသည်ကား၊ ပရမာနုမြူ တခြမ်းကို အစိပ် တသန်း စိပ်၍ တစိပ်စာမျှ အထည်, အဖတ်, မရအပ်သော သဘောမျှမှသာ ပရမတ္ထသစ္စာဟု မှတ်ပါ။

ဤလောကမှာ လွန်စွာများပြား၊ အမျိုးမျိုးအစားစား၊ အကျိုးတရားတွေ ဖြစ်ပွား၍နေသော လေထု, ရေထု, မြေထု, မြူနှ, မြူကြမ်းမှစ၍ သတ္တ သင်္ခါရ ရှိရှိ သမျှကို

လောကသစ္စာဆိုသည်။ (ဥပမာ) ပညာမှသာ သိမြင်ရာသောအကြောင်းမျှသာဖြစ်သော ပရမတ္ထသစ္စာသည် အနုသယနှင့် တူ၏။ ဝိညာဏ်သညာ သိမြင်ရာသော အကျိုး လောကသစ္စာသည် ပရိယုဋ္ဌ ဝိတိက္ကမနှင့် တူ၏။ ထို အနုသယပမာ၊ ပရမတ္ထသစ္စာ ဟူသော အကြောင်း ကြောင့်သာ ပရိယုဋ္ဌဝိတိက္ကမနှင့်တူသောအကျိုးလောကသစ္စာ သတ္တဝါအလုံးသည် ဘယ်တုန်းကစခဲ့၍ အဆုံး ဘယ်မှ ကျမည်နည်းဟူငြားအံ့။(ဥပမာန)နေ့,လရောင် က ဘယ်မှစ၍ ဘယ်ကျ ဆုံးမည်နည်းဟု မေးသကဲ့သို့ ရှိ၏။အရောင်ကိုမေးက၊နေ့.လကိုဖြေမှသိရမည်။ကမ္ဘာဦးက ထို နေ့,လတို့ ပေါ်ကြလျက်၊ကမ္ဘာပျက်မှ ထိုနေ လတို့ ကွယ်ပသည်ဟု ဖြေရမည်။

**ဥပမာ ဥပမေယျ ဟတ်၍ပြသော်ကား**။ ဤသတ္တဝါ တွေမှာ၊ နေ့,လရောင်နှင့်သာ လွန်စွာတူ၏။ ပရမတ္ထ သဘာဝတရားမှာ နေ့,လနှင့်မခြား အလားတူ၏။ ။ သံသရာနှင့်ကမ္ဘာတူ၏ဟု ဖြေ။ ။

သိစေ လိုရင်းက ထာဝရ ကမ္ဘာ့တန်းဆာ နေ့,လ တို့မှာ ပြောင်ပြောင် လက်လက် ပေါ် ထွက်သော ရောင် ဝါသည် ကမ္ဘာပျက်မှ ထို နေ့,လတို့ ကြေမွပျက်ဆုံး၍ အရောင်သုဉ်းသကဲ့သို့ထို့ တူပမာန ဓမ္မနိယာမအားဖြင့် ပစ္စယာကာရတဆဲ့နှစ်ပါးဟူသော ပဋိစ္စသမုပ္ပါဒ်နည်း နှစ်ဆဲ့ လေးပစ္စည်း ဟူသော ပဋ္ဌာန်းနည်း၊ ပစ္စည်း

သဘာဝ၊ ဧကတ္တ၊ နာနတ္တ၊ အဗျာပါရ၊ ဧဝံ ဓမ္မတာ နည်းလေးဖြာ ဆတ်ဆာတ်၊ ပရမတ္ထ သဘာဝရောင်သာ ထွက်ပေါ် လာသော လောကသစ္စာ သတ္တဝါမှာ၊ သံသရာဆုံး ပရမတ္ထ သဘာဝတုံးမှ၊ သတ္တဝါသုဉ်းမည် ဟူလိုသည်။ ။

ထို့ကြောင့် မဟာတ်လော—

သုညတောလောကံအဝေက္ခဿု၊ မောဃရာဇသဒါ သတော။ အတ္တာနုဒိဋ္ဌိံ ဉဟစ္စ၊ ဧဝံမစ္စုတရောသိယာ။ ဧဝံလောကံအဝေက္ခန္တံ၊ မစ္စုရာဇာနပဿတိ၊ဟု ဟောတော်မူ၏။ ။

မောဃရာဇ၊ မောဃရာဇရဟန်း။ သဒါ၊ အခါ ခပ်သိမ်း။သတော၊ သတိနှင့်ပြည့်စုံသည်ဖြစ်၍။ အတ္တာနုဒိဋ္ဌိံ၊ငါဟူ၍ ကိုယ်ဟူ၍ ပြေးသွားသော နှစ်ဆယ်သော သက္ကာယဒိဋ္ဌိကို။ ဉဟစ္စ၊ စွန့်ခွာပါယ်နှုတ်၍။ လောကံ၊ ဖြစ်ပျက်မှန်စွာ သံသရာဟူသော သင်္ခါရ လောကကို။ သုညတော၊ အနှစ်ကင်းဆိတ်သော အားဖြင့်။ အဝေက္ခဿု၊ ပညာစက္ခုဖြင့် မြင်အောင် ရှုလော့။ ဧဝံ၊ ဤသို့ ရှုမြင်သည်ရှိသော်။ မစ္စုတရော၊ သေမင်းကို လွန်မြောက်သည်။ သိယာ၊ဖြစ်ရာ၏။ ဧဝံ၊ ဤသို့။ လောကံ၊ ဖြစ်ပျက် သဘောမျှ သင်္ခါရ လောကကို။ အဝေက္ခန္တံ၊ ဝိပဿနာ ပညာစက္ခု မြင်အောင်ပြု၍ ရှုမြင်သောသူကို။ မစ္စုရာဇာ၊ သေမင်းသည်။ နပဿတိ၊ မမြင်နိုင်။

ဤကဲ့သို့ အနှစ်သာရ ဘာမျှမရှိဟု သိသောအခါ။ ပညတ်မျှသာ သတ္တဝါသည် (ဥပမာ) ရာဇဂြိုဟ်ပြည်မှာ၊ ဇီဝကဆရာ ဆွမ်းကြွေးသောအခါ ရဟန္တာအရှင်သခင်စူဠပန်သည် ကျောင်းရာမ်အတွင်း မလပ် ဟင်းရအောင် ရဟန်းတထောင် တန်ခိုးရောင်ကျင်း၍ ဖန်းဆင်းလေရာ ပင့်လာသော ဒါယကာသည် မြတ်စွာဘုရား မိန့်တော်အားဖြင့် လျှောက်ထား ကိုင်ငင်သော် သင်္ကန်းတော် တထောင် ပျောက်၍ ရှင်စူဠပန် တယောက် ထည်းသာ ကျန်သောအခါ ကျောင်းတိုက်ကြီးမှာ ဆိတ်ညံ့သလိုသာ မှတ်ပါ။

**ဥပမာ ဥပမေယျ ဟတ်၍ပြသော်ကား။** သြကာသလောကသည် ကျောင်းတိုက်ကြီးနှင့် တူ၏။ စူဠပန္ထက ရဟန္တာမြတ် တပါးက အနုသယအလား အကြောင်းဖြစ်သော ပရမတ္တတရားနှင့်တူ၏။ တန်ခိုးရောင်ပြ ရဟန်းတထောင်ကပရိယုဋ္ဌာနဝီတိက္ကမမျိုးအကျိုးသဘောမျှသတ္တလောကနှင့် တူ၏။ ပင့်လာသော ဒါယကာနှင့်ကား။ ယခုအခါ ဝိပဿနာတရားကို အားထုတ်ကြသူ ရှင်ရှင် လူလူ ဟူဟူသမျှနှင့် တူကြ၏။ လက်ကို ကိုင်သောအခါ ရဟန်းများစွာ ပျောက်ဆုံး သည်နှင့်ကား ပရမတ္တ သဘာဝကို သိမြင်သောအခါ သတ္တဝါ သုဉ်းသည်နှင့် မခြား အလားတူ၏။ ။

ထို့ကြောင့် မဟုတ်လော—

ကံနုသတ္တောတိပစ္စေသိ၊ မာရဒိဋ္ဌိဂတံနုတေ။

သုဒ္ဓသင်္ခါရပုဉ္ဇောယံ၊ နယိဓသတ္တုပလဗ္ဘတိ၊ဟူ၍

(သဂါထာဝဂ္ဂ သံယုတ်ပါဠိတော်၌ ဟောတော်မူ၏။)

ခန္ဓေသု၊ ခန္ဓာငါးပါးတို့တွင်။ ကံ၊ အဘယ်ခန္ဓာ တရားကို။ သတ္တောတိ၊ သတ္တဝါဟူ၍။ ပစ္စေသိ၊ သိမှတ်သနည်း။ အညော၊ ခန္ဓာငါးပါးမှ တပါးသော။ ဧကော၊ တခုသော။ သတ္တော၊ သတ္တဝါသည်။ အတ္ထိ၊ ရှိပါ၏။ ဣတိပစ္စေသိ၊ ဤသို့ ထင်မှတ်သည်ဖြစ်အံ့။ တေ၊ သင်အား။ မာရဒိဋ္ဌိဂတံနု၊ မာရ်မင်း၏လက်နက်ဟူသော မိစ္ဆာအယူသည်။ ဟောတိ၊ ဖြစ်၏။ အယံ၊ ဤသတ္တဝါ သည်ကား။ သုဒ္ဓသင်္ခါရပုဉ္ဇော၊ သက်သက်သော သင်္ခါရ တရားအစု သာတည်း။ ဣဓ၊ ဤခန္ဓာငါးပါး ရုပ်နာမ် တရား၌။ သတ္တော၊ သတ္တဝါကို။ နဥပလဗ္ဘတိ၊ မရအပ်။ ။

**ပါဠိလျှောက် အဓိပ္ပါယ်ကား။** ။မြဲသော အမှု အရာ ကိရိယာမျှ ဓမ္မပုဉ္ဇသန္တာန ဖြစ်သော သဘော တရား ခန္ဓာငါးပါးတို့တွင် သင်သည် အဘယ်ခန္ဓာကို သတ္တဝါဆိုမည်နည်း။ ဤခန္ဓာဓမ္မ ရုပ်နာမ် သင်္ခါရကို ပုဂ္ဂိုလ်သတ္တဝါဟု မဆိုသင့် မဆိုလင့်။ ထိုခန္ဓာငါးပါး

ရုပ်နာမ်တရားမှတပါး အခြားလည်း ပုဂ္ဂိုလ်သတ္တဝါဟု ယခုလည်းမရှိ။ ဤသင်္ခါရလောက၊ တည်ထောင်သည့်မှစ၍လည်း ယနေ့ထက်ထိ မရှိခဲ့ဘူးဘူး။ မပေါ်လာခဲ့ဘူးဘူး။ ထိုဖြစ်ပျက်မှန်စွာ သံသရာဆုံး သင်္ခါရတုံးသည်တိုင်အောင်လည်း ပုဂ္ဂိုလ် သတ္တဝါဟူက အမြွက် လေသမျှသော် ပေါ်လာလိမ့်မတဲ့လည်း မဟုတ်ဘူး၊ မပေါ်လာဘူး၊ မပေါ်လာနိုင်ဘူးဟုသာ မှတ်ပါ။ ဤလောကမှာ သတ္တဝါဟု၊ ကြောင်ကြောင်ကြီးမြင် ထင်၍နေသည်မှာ၊ သွေး, သည်းခြေ, လေ, သလိပ်ကြမ်း၊ ငန်းဖမ်းသော သူနာတွင် မြင်သလိုပမာ၊ မိစ္ဆာမြင် ဟူ၍သာ မှတ်ပါ။ ။

ဤဖြစ်ပျက်စဉ်သဘောမျှ ရုပ်နာမ် ဟူသော သင်္ခါရလောကမှာ သတ္တဝါမြင် မိစ္ဆာဝင်၍ ထင်စရာအများများစရာနိမိတ် ရောင်ရောင်ရိပ်မှာ ပုဂ္ဂိုလ် သတ္တဝါနှင့် မရောမဘက်၊ အပြောခက် သက်သက်မျှသော ပရမတ္ထသဘောက အ ထူး အ ချွန် အလွန်ဆန်းကြယ်လှ၍ ထိုပရမတ္ထ၏ အမူအရာမျှ ဤဟာဗျာပါရဟူသောသဘောထူးမျှကိုသာ သတ္တဝါဟူသော ဝေါဟာရ သဘောနှင့် ထင်မြင် ပြောဆိုကြရသည်။ (ဤအရာမှာ ပညာတံခွန် သီလဝန်တဆူ သဘောဖြူတို့မှာ၊ အကြွယ်ကိုလိုမူ ခန္ဓဝဂ္ဂ သံယုတ် ပါဠိတော်လာ ထေရဝဂ် တတိယ သုတ်မှာ ယူပါ။ )

ဤစကားကို ထင်လျှားအောင် ပြဦးမည်။ သဗ္ဗော ကာယသ သင်္ခါရ အားဖြင့်၊ လောက သုံးပါးတို့တွင် သဝိညာဏက အဝိညာဏက ရုပ်နာမ်ဟူသမျှ ခပ်သိမ်းသော ဥပါဒ်,ဋ္ဌီ,ဘင်ဖြစ်ပျက်စဉ်သင်္ခါရတို့သည်၊ပရမတ္ထ သဘာဝဟူသော အကြောင်းကြောင့် အဆုံးလည်းမရ အစလည်းမရှိ၊နိယာမအားဖြင့် မသုဉ်းကောင်း,မဆိတ်ကောင်းသော တည်ခြင်း ရှိကုန်၏။ ( ဤ အချက်ကား အရေးကြီးလှ၏။ ဤ သာ သနာ ဤအရာက လိုရင်း ဆုံးကြီး ဖြစ်ကြ၏ )။ သတိမူပါ။

ဤ ရုပ်နာမ် ဟူသော အမူအရာမျှ ဥပါဒ်, ဋ္ဌီ, ဘင်၊ နိယာမဖြစ်ပျက်စဉ်သည် သင်္ခါရလောကမည်၏။ ဥပါဒ် ဋ္ဌီ,ဘင် အမူအရာ သဘာဝမျှ သင်္ခါရ ဖြစ်ပျက် စဉ် ၏ ဖြစ်ရာ,ပျက်ရာတည်ရာသည် ဩကာသလောကမည်၏။ ဤ ဥပါဒ်,ဋ္ဌီ,ဘင် အမူအရာသဘာဝမျှ ရုပ်နာမ်ဟူသော ဖြစ်ပျက်စဉ် သင်္ခါရလောက ပရမတ္ထဟူသော သဘောထူးက ဤ သင်္ခါရ လောကသည် အမြဲမရှိသည်ဖြစ်၍၊ အနိစ္စ, ဒုက္ခ, အနတ္တ, ဟူ၍ဝှင်း။ သတ္တလောက နှင့် ဩကာသလောကမှာ မြဲစရာ၊ မမြဲစရာမရှိ။ အနတ္တအတိမျှသာဟူ၍ဝှင်း၊ စသည်ဖြင့် သိမှတ် ကြံဘန်သောအရာ။ ဤဟာ ဗျာပါရ သဘောမျှကိုသာ သတ္တဝါ ဟူသော ဝေါဟာရ ပါးစပ်ာ, နှုတ်ဖျားမျှဖြင့် သတ္တလောကဟု ပညတ်သဘော နှင့် ပြောကြရသည်။ ဤကဲ့သို့သော

မှချသဘောကို ပြောဆို ကြိဘန်ရာမှာ ပုဂ္ဂိုလ်သတ္တဝါ ဟူသော စိတ်သညာသဘောနှင့် ရောဘက်ထွေးယှက်၍ သက်သက်မျှ ပြောဆို ကြိဘန်ခြင်းငှာ မထိုက်မရာ။ "ဓမ္မာ နိသတ္တ နိဇ္ဇီဝသဘာဝါ" ဟူသည်နှင့် ညီစွာ၊ ပုဂ္ဂိုလ်သတ္တဝါ စိတ်သညာရိပ် နိမိတ်သဘော မရော မဘက် အပြောခက် သက်သက်မျှသော ဓမ္မသဘော ကိုသာ ပြောဆို ကြိဘန်ရာသည်။ ထိုသို့မဟုတ် ပုဂ္ဂိုလ် သတ္တဝါစိတ်သညာနှင့် ထင်ရာသဘော ပြောဆိုကြိဘန် လျှင်၊သမ္မာမစင် မိစ္ဆာယှဉ်သောစိတ်သညာတွင် ပညတ် ဝင်၍၊ထင်ခြင် တတ်တိုင်း၊ အလှိုင်းများစွာ၊ ရှေကမ္ဘာ နောက်ကမ္ဘာ၊ ထွေထွေရာရာ၊ ပညတ်လာ၍၊ သတ္တဝါ မပျောက်၊ရောက်တတ်ရာဝယ်၊ပညတ်တွယ်လျှင်၊လော ကနယ်လျှောက်၍ ပရမတ်သို့မပေါက် လောကုတ္တရာသို့ မရောက်ဘဲသာ နေတတ်ပါသည်။ သတိမူပါ။

လိုရင်းသဘောက–ဤလောကမှာ ပရမတ်နှင့်ပညတ် မျှသာ ရှိသည်ဟူလို။ထိုပရမတ်နှင့် ပညတ်တရားနှစ်ပါး တို့တွင် ပုဂ္ဂိုလ်,သတ္တဝါစသော အမည်နာမ ဟူသမျှမှာ ဝစီသစ္စာ၊သမ္မုတိသစ္စာ၊ဝိရတီသစ္စာ၏သဘော၊လောက သစ္စာ နှုတ်ဖျားမျှသာ ဝေါဟာရသစ္စာ ခေါ်ဝေါ် အပ်သောပညတ်မျှ ပါးစပ်ဝတွင်သာ မှတ်ပါ။ မြင်ခြင်း ကြားခြင်း စသောကိစ္စ၊ လုလ္လ၊ ဤဟာ ဗျာပါရဟူသော

အားထုတ်ခြင်း ကြောင့်ကြစိုက်ခြင်း စသော သိမှတ်ကြိဘန်သမျှမှာ ပရမတ္ထသစ္စာ အရိယသစ္စာ သဘာဝသစ္စာသာ မှတ်ပါ။ ။

ထို့ကြောင့်=

ဝိညာဏံအနိဒဿနံ၊ အနန္တံ သဗ္ဗတောပဘံ၊ ဟု

(ဗြဟ္မနိမန္တနသုတ်၌ ဟောတော်မူသည်။)

ဝိညာဏံ၊ 'သိတတ်'ဟူသော ပရမတ္ထ သဘာဝထူးဖြင့်သာ သိအပ်စွာ၏။ အနိဒဿနံ၊ ရှေ့နောက်ကာလရပ်ဌာနနှင့် သဏ္ဌာန်ပမာဏ ညွှန်ပြခြင်းငှာ မထိုက်။ အနန္တံ၊ ဘယ်တုံးကစ အဆုံးဘယ်ကျဟု အစ, အဆုံးနှစ်ပါးလုံးမရှိမရ။သဗ္ဗတောပဘံ၊ခပ်သိမ်းသောအရပ်၌ ပရမတ္ထ သဘာဝရှိန် ထိန်ထိန် လင်းလင်း ဝင်းဝင်းတောက်ရှိ၏။ ။

ဤအရာမှာ သတိမူပါ။ သိတတ်ဟူသော ပရမတ်သဘောဖြင့်သာ သိအပ်စွာသည်။ သတ္တဝါက သိသည်မဟုတ်ဟူသော သဘောကို....။

ကောပနေတ္ထ၊ သတ္တကာရောကိံ၊ သတ္တကိစ္စန္တိ။
ဇီဝယောဂေါ၊သတ္တကာရော၊ဤဟာစ၊ဗျာပါရောစ၊
သတ္တကိစ္စံ။
(ပရမတ္ထဒီပနီဋီကာ သမုစ္စည်းပိုင်းမှာ ပညာနှင့်သာယူပါ။)

ဇွေ့၊ ဤအရာ၌။ သတ္တာကာရော၊ သတ္တဝါဟု မိစ္ဆာဝင်၍ထင်မြင်စရာအခြင်းအရာသည်။ ကောပန၊ အဘယ် နည်း။ သတ္တကိစ္စံ၊ သတ္တဝါဟု ခေါ်ရသော သတ္တကိစ္စ ပြီးဆုံးခြင်းသည်။ ကိံ၊ အဘယ်နည်း။ ဣတိ၊ ဤကား အမေးတည်း။ ဇီဝယောဂေ၊ အသက်နှင့်ယှဉ်ခြင်းသည် (၀၁) ကုသိုလ်, အကုသိုလ်ဟူသော သဘောသည်။ သတ္တာကာရော၊ သတ္တဝါခေါ်တွင် မိစ္ဆာဝင်၍ ထင်စရာ အများ မှားစရာနိမိတ် ရောင်ရောင်ရှိသော အခြင်း အရာမည်၏။ ဤဟာစ၊ အားထုတ်ခြင်းသည်ငှ်း။ ဗျာပါ ရောစ၊ ကြောင့်ကြစိုက်ခြင်းသည်ငှ်း။ သတ္တကိစ္စံ၊ သတ္တဝါ ဟု ခေါ်ရသော သတ္တကိစ္စ ပြီးဆုံးခြင်းမည်၏။

**အဓိပ္ပါယ်မှာ။** ။ သတ္တဝါ၏ အခြင်းအရာ ဆိုသည် ကား—လောက၏ အလိုမှာ 'အသက်' ဟု ဆိုသည်။ သာသနာဓမ္မ၏ အလိုမှာ ''ကုသလာဓမ္မာ၊ အကုသလာ ဓမ္မာ'' ဒေသနာအရ၊ ကုသိုလ်, အကုသိုလ် ဟူသော ပရမတ္ထ သဘာဝ ထူးမျှကိုသာ ပညတ်မျှသာ သတ္တဝါ၏ အခြင်းအရာ ဆိုသည်ဟုမှတ်ပါ။

ထို့ကြောင့်—

ယေဓမ္မာ သတ္တပညတ္တိယာ ပဋ္ဌာနဂ်ဘူတာဟောန္တိ၊
(ပရမတ္ထဒီပနီဋီကာ။)

ယေ၀ မွှာ၊ အကြင် သဘော တရားတို့သည်။ သတ္တ ပညတ္တိယာ၊ သတ္တ၀ါ ဟူသော ပညတ်ခြင်း၏။ ပဋ္ဌနဂ်ဘူတာ၊ ပြဋ္ဌာန်းသော အင်္ဂါဖြစ်၍၊ ဖြစ်ကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

ဤအရာသည်၊ ဉာဏ်မမှီနိုင်, ဉာဏ်မပိုင်လျှင် မိစ္ဆာဒိဋ္ဌိ၊ သက္ကာယဒိဋ္ဌိကိုပင် လည်၍ဝင်တတ်သည်၊ သတိမူပါ။ ဤအရာမှာ-သံခိတ္တ၀မှာ၊ ဒေသနာအရ သဘာ၀ကို ပြသည်ဟု မှတ်ပါ။ အသံခိတ္တ၀မှာ ဒေသနာအရမှာ- "နိဗ္ဗာနံ ပန နိဗ္ဗာနန္တိ ပဝုစ္စတိတိ သမ္ဗန္ဓော။ လ။ မဟော သယောဗုဒ္ဓါ" ဟူသော ပရမတ္ထ ဒီပနီဋီကာ ရပ်ပိုင်းမှာ ယူပါ။ ဤအရာမှာ လွန်စွာခဲရင်းသည်။ အဘယ်မျှခဲရင်းသနည်း....လေးသင်္ချေနှင့် ကမ္ဘာ့ တသိန်း ခဲ့ရင်းသည်။ ရှစ်သင်္ချေ နှင့် ကမ္ဘာ့တသိန်း၊ တဆဲ့ခြောက် သင်္ချေနှင့် ကမ္ဘာ့တသိန်း၊ သင်္ချေနှစ်ဆယ် ကမ္ဘာ့တသိန်း၊ ခဲရင်းသည်။

ဤကား-ပညာဓိက၊ သဒ္ဓါဓိက၊ ဝီရိယာဓိက ဟူသော အထူး အလွန် တံခွန်ကြီးမှာမှ—ဤမျှသာ ခဲရင်းသည်။ သူငါတို့အား သတ္တ၀ါများမှာ သံသရာနှင့်အမျှ ခဲရင်းကြသည်။ ထို့ကြောင့်—

သတ္တံ သဏ္ဌော ပင္ငိသန္တိ၊ ပစ္စယာကာရ မေ၀စ။
ဒုဒ္ဒသာ စတုရောဓမ္မာ၊ ဒေသေတုံစ သုဒုက္ကရာ-ဟု၊
သိအပ်၏။

သစ္စံ၊ သစ္စာလေးပါးရင်း။ သဗ္ဗော၊ သဗ္ဗဝါဟု ခေါ် ရသော သဗ္ဗာကိစ္စပြီးခြင်းရင်း။ ပဋိသန္ဓိစ၊ ပဋိသန္ဓေရင်း။ ပစ္စယာ ကာရော ဝေစ၊ ပစ္စည်းတရားတို့၏ ကျေးဇူးပြုသောအဖြစ်ရင်း။ စတုရောဓမ္မာ၊ လေးပါးသောတရားတို့ကို။ ဒုဒ္ဒသာ' အလွန် မြင်နိုင်ခဲကုန်၏။ ဒေသေတုံစ၊ သူတပါး၌ မြိုက်ခနဲသဘောကျအောင် ဟောပြော ပြသရေး သားရ ခြင်း သည် ကား။ သုဒုက္ကရာ၊ လွန်ထက်လွန်မင်း ခဲရင်းကုန်၏။ အနက်။

ဤသို့ နက်နဲ ခက်ခဲသောအရာမှာ--ရှင်းခန့် လင်းခန့် ညဏ်ထဲတွင် မမြင်တဲ့သော်လည်း၊ မိမိစိတ်မှာ မလျှော့သာ အခါခါအဘန်ဘန်သာ ကြံပါ၊ ကြည့်ပါ၊ သိပါလိမ့်မည်။ (ဤသာသနာ ဤအရာက ပဓာနကြီးအစစ်ဖြစ်လှ၍သာ အခါခါမှာသည်၊ သတိမူပါ)။

ဖလဿုပ္ပတ္တိယာဝေ၊ သိဒ္ဓါဘုဇ္ဇတိ သမ္မုတိ။
ဖလုပ္ပါဒေန ရုက္ခဿ၊ ယထာဖလတိ သမ္မုတိ-ဟု၊
သိအပ်၏။

ဖလုပ္ပါဒေန၊ အသီးဖြစ်လာသဖြင့်။ ရုက္ခဿ၊ သစ်ပင်၏။ ဖလတိသမ္မုတိယထာ၊ သီး တ တ် ၏ ဟု ပညတ်၊ ခေါ်ဝေါ်အပ်သကဲ့သို့။ ဖလဿ၊ သုခ,ဒုက္ခ ဟူသော အကျိုး၏။ ဥပ္ပတ္တိယာဝေ၊ ဓမ္မပုဉ္ဇသန္တာနမှာ၊ ဖြစ်လာ

ခြင်းကြောင့်သာလျှင်။ ဘုဒ္ဓတိသမ္မုတိ၊ ခံစားတတ်သော သတ္တဝါဟု သမ္မုတိအမှတ်၊ ပညတ်ခြင်းသည်။ သိဒ္ဓါ၊ ပြီး၏။

**ဤအရာမှာ ဥပမာပြောရလျှင်**။ သတ္တဝါဟူသော ဤလောကဖြစ်စဉ်သည် သစ်ပင်ကြောင့် သစ်စေ့၊ သစ်စေ့ကြောင့် သစ်ပင်စသော ကမ္ဘာ့တံထွာကဲ့သို့၊ ထို့တူပမာ ရုပ်ဓါတ် နာမ်ဓါတ်ဟူသောအမှုအရာကိရိယာမျှကိုသာ သတ္တဝါဟု ပညတ်ရသည်။ ထိုပညတ်မျှသာ၊ သတ္တဝါကြောင့်၊ အကုသလ ကမ္မပထတရားဆယ်ပါး၊ ကုသလ ကမ္မပထတရား ဆယ်ပါး၊ မဟဂ္ဂုတ်ကုသိုလ် ကိုးပါး ဟူသော ကံနှစ်ဆဲ့ကိုးပါး ဖြစ်ပွား၏။ ထို ကံနှစ်ဆဲ့ ကိုးပါးကြောင့်သာ ပညတ်အပ်သော သတ္တဝါ၊ ထို ပညတ်မျှသာ သတ္တဝါကြောင့် ထိုကံနှစ်ဆဲ့ကိုးပါး၊ ဤသို့အားဖြင့်၊ ပညတ်တရား သတ္တဝါများသည်၊ ဥပမာ အား - ဘိန်းနှစ်ခုတပ်သော ရထားကဲ့သို့၊ ရေပ်မနား၊ မတန့်စားဘဲ၊ အဝိဇ္ဇာ တဏှာ ဟူသော ဘဝစက် နှစ်ပါးဖြင့် တသွားထဲ သွားရသည်ကား၊ ဆုံးစပိုင်းခြား ကမ်းကရနား မရှိကြလေ။

ဇေ့ံကမ္မေ ဝိပါကေစ၊ ဝတ္တမာနေ သဘောတုကေ။
ဗီဇရုက္ခာဒိကာ ၁နံ့ဝ၊ ပုဗ္ဗကောဋိနနာယတိ၊ ဟု
သိလေ။

ဧဝံ၊ ဤသို့။ သဟေတုကော၊ အကြောင်းနှင့်တကွသော။ ကမ္မေစ၊ ကံနှစ်ဆဲ့ကိုးပါးသည်၎င်း။ ဝိပါကေစ၊ အကျိုး ဝိပါက်သည်၎င်း။ ဝတ္တမာနေ၊ မပြတ်ပုံသေ ဖြစ်၍ နေသည်ရှိသော်။ ဗီဇရုက္ခာဒိကာနံ၊ မျိုးစေ့နှင့် သစ်ပင် တို့၏။ ပုဗ္ဗကောဋိ၊ ရှေးအစွန်းကို။ နနာယတိဣဝ၊ မသိ အပ်သကဲ့သို့။ တေသံ၊ ထိုသတ္တဝါသမုတ်၊ ကံဝိပါက် ဟူသော နာမ်ရုပ်တို့၏။ ပုဗ္ဗကောဋိ၊ ရှေးအစွန်းကို။ နနာယတိ၊ မသိအပ်ချေ။

**များများကြီး သတိမူပါ။ သတိထားပါ။** ဤအရာ မှာ၊ ကမ္ဘာဦးစ ပဌမသစ်ပင် သစ်စေ့တို့သည် ဥတု ဟူသော တေဇောဓာတ်၏ သဘာဝထူးမြတ် သစ်စေ့ သစ်ပင် အစဥ်ဖြစ်သကဲ့သို့၊ ထို့တူပမာဏ၊ ပစ္စယာကာရ တဆဲ့နှစ်ပါး ဟူသော ပဋိစ္စ သမုပ္ပါဒ်နည်း၊ နှစ်ဆဲ့ လေးပစ္စည်း ဟူသော ပဋ္ဌာန်းနည်း၊ ပစ္စည်းသဘာဝ ဧကတ္တ၊ နာနတ္တ၊ အဗျာပါရ၊ ဧဝံဓမ္မတာ၊ နည်းလေးဖြာ ဟူသော အနုသယမျှ ပရမတ္တ သဘာဝ ကြောင့်သာ ပရိယုဋ္ဌာန ပရမတ္တသဘာဝ၊ ဤဟာ ဗျာပါရ ဟူသော အမှုအရာ ကိရိယာ၊ ရုပ်နာမ် နှစ်ဖြာ ကိုသာ ဝိတိက္ကမ လောကသစ္စာပညတ်မျှသာ သတ္တဝါဟု မှတ်ပါ။

ထိုပါးစပ်ဝ နှုတ်ဖျားမျှသာ သတ္တဝါမှာ အာသဝ လေးပါးကြောင့် သောကစသည် ဖြစ်ရကား။ အကျိုး သောကစသည်ဖြစ်လျှင် မကောင်းကောင်း၍ အကြောင်း

အာသဝဖြစ်တော့သည်။ ဤအာသဝတရားဖြစ်ပွါးလျှင် "အာသဝ သမုဒယာ၊ အဝိဇ္ဇာ သမုဒယော" ဟု၊ ဟောတော်မူသည်နှင့် ညီစွာ၊ အဝိဇ္ဇာ ဖြစ်တော့သည်။ ဤအဝိဇ္ဇာ ဖြင်ကလည်း ကုသလာ,ကုသလ၊ ကမ္မပသ သင်္ခါရစသည်ဖြင့် အကျိုးနှင့် အကြောင်းဆက်၍၊ ဘဝစက် မပြတ်ဟန်ကို အဘန်ဘန်သာ ကြံပါ၊ကြည့်ပါ။

အနာဒိဒံဘဝစက္ကံ၊ ဝိတကာရကဝေဒကံ။
သုဘာနိစ္စသုခတ္တေဟိ၊သုညံ ကိလိဋ္ဌတာဒိတော၊ ဟု
သိအပ်၏။

ဣဒံဘဝစက္ကံ၊ ဤပဋိစ္စသမုပ္ပါဒ် စက်ရဟတ်သည်။ အနာဒိ၊အစမရှိ။ဝိတကာရကဝေဒကံ။ ပြုပြင် ဘန်ဆင်းတတ်သောသူ၊ခံစားတတ်သောကိုယ်ဟူသည်မှကင်း၏။ ကိလိဋ္ဌတာဒိတော၊ ငြစ်ငြူးခြင်း စသော အကြောင်းကြောင့်။ သုဘာနိစ္စသုခတ္တေဟိ၊ တင့်တယ်မြဲစွာ ချမ်းသာစိုးရခြင်းတို့မှ။ သုညံ၊ ဆိတ်၏။

ထို့ကြောင့်—

ခန္ဓဘေဒေါဝ မရဏံ၊ ဇာတိတပ္ပါတု ဘာဝတော။
ခန္ဓာနဉ္စ ပဋိပါဋိ၊ ဓာတုအာယတနာ နစ။
အဗ္ဗောစ္ဆိန္နံ ဝတ္တမာနာ၊ သံသာရောတိ ပဝုစ္စတီတိ။
သာမညံဝါ သဘာဝေါဝါ၊ ဣဒံ သင်္ခါရလက္ခဏံ။
သင်္ခါရာဒယော ဝတ္တန္တိ၊ အဝိဇ္ဇာဒီဟိ ဟေတုဟိ။

( ဓမ္မသင်္ဂဏီ အဋ္ဌကထာ )

ခန္ဓဘေဒေါ၀၊ခန္ဓာ၏အဆုံးစွန် ချုပ်ပျက်ခြင်းသည် သာလျှင်။မရဏံ၊သေခြင်းမည်၏။တပ္ပါတု ဘာဝတော၊ ထိုခန္ဓာ တို့၏ အစစွာ ထင်ရှား ဖြစ်ပေါ်လာခြင်းသည် သာလျှင်။ဇာတိ၊ပဋိသန္ဓေနေခြင်းမည်၏။ ခန္ဓာနဉ္စ'ခန္ဓာ တို့၏၎င်း။ ဓာတု အာယတနာနဉ္စ၊ ဓာတ် အာယတန တို့၏၎င်း။ အဗ္ဗောစ္ဆိန္နံ၊ မပြတ် ပုံသေ။ ဝတ္တမာနာ၊ဖြစ်၍ နေသော။ပဋိပါဋိ၊အစဉ်ကို။သံသာရောတိ သံသရာဟူ၍ ဉတိ၊ဤသို့။ပဝုစ္စတိ၊အပြားအားဖြင့် ဆိုအပ်၏။

သာမညံ၀ါ၊အနိစ္စ,နမန,ရုပ္ပနစသော ဆက်ဆံသော သဘောသည်၎င်း။ သဘာဝေ၀ါ၊ နမန, ရုပ္ပန, ဖုသန, ကက္ခဠစသော မိမိ၏သဘောသည်၎င်း။ဣဒံ၊ဤသာမည ဝိသေသ သဘောသည်။သင်္ခါရလက္ခဏံ၊သင်္ခတ တရား တို့၏ လက္ခဏာတည်း။ အဝိဇ္ဇာ ဒီတိ၊ အဝိဇ္ဇာ အစရှိ ကုန်သော။ ဟေတုပ္ပဟိ၊အကြောင်းတို့ကြောင့်။ သင်္ခါရာ ဒယော၊သင်္ခါရအစရှိသည်တို့သည်။ဝတ္တန္တိ၊ ဖြစ်ကုန်၏။ အနက်။

အဓိပ္ပါယ်မှာ- အနက်အတိုင်းသာ။ (ဥပမာကား) နှုတ်ဖျားပါးစပ်၊ ပညတ်တရား၊ ဤ သဲတ္တဝါများသည် ပန်းချီသမားရေးထားသော မိန်းမ,ယောကျ်ား၊ ဆင်, မြင်း,ကျွဲ,နွား စသောအားဖြင့်၊ ကားရုပ် များနှင့်မခြား အလားတူ၏။ တူဟန်ကား-ဤပန်းချီရေး ဆေးရုပ်မှာ မျက်နှာ,ရင်,ခါး,မေး,နှုတ်ဖျားစသော ခြေလက် အင်္ဂါ

နှာခေါင်း, မျက်ခုံး, မျက်နက်, မျက်လုံး တို့ဖြင့် ရှင်ပြုံး ချိုသာ၊ ကိုးဖြာသော ဟန်မူရာသည်၊ လူနှင့်သာလွန်စွာ တူ၏။ ထိုပန်းချီရေး ဆေးရုပ်မှာ ပညာနှင့်စေ့စေ့ကြည့် သောအခါ ဤသို့ သိရာ၏။ လောကသစ္စာအတိ သမ္မုတိ မျှရှိသော ၀ေါဟာရသမုတ် ဤအရုပ်သည်၊ ဆေးမဟုတ် ဆေးလည်း အရုပ် မဟုတ်။ အဘယ့်ကြောင့်နည်း။ ထို ဆေးစုကို အရုပ်ဟု ဆိုခဲ့မူ၊ အဖြူ,အနီ,အနက် စသော ဆေးခွက်စုကို အရုပ်ဟု ဆိုရလိမ့်မည်။ ဆိုရာကျသည်။ ဤသို့လည်း မဟုတ်၊ သတိထား၍ စဉ်းစားပါ။ ဆေး တခြား အရုပ် တခြားလည်း မဟုတ်။ အဘယ့်ကြောင့် နည်း။ ဆေးနှင့်ကင်း၍လည်း ဤအရုပ်မှာ မဖြစ်လာခြင်း ကြောင့်တည်း။ ထိုဆေး၏ အမူအရာ ပေါ်လာသော သဘောထူးမျှကိုသာ အရုပ်ဟူသောသိကြောင်းခြင်းရာ အားဖြင့် သညာမှတ်သော ၀ိညာဏ်ခေတ်သဘောနှင့် ထင်မြင် ပြောဆိုအပ်သော ထိုအရုပ်သည် အထည်ဒြပ် အဖတ်အနှစ်၊ အစစ်မရှိဟု သိရမည် ဟူလိုသည်။

ဤကဲ့သို့ အတုံးအတစ်၊အနှစ်အမာ၊မဟုတ်ပါသော ထို အရုပ်ကောင် ကြောင်ကြောင် ရှိကလည်း လောက သစ္စာရှိ၊ သမုတိ ဖြစ်၍လည်း ရှိရှိကြီး ရှိပေသည်။ ရှိဆို သည်ကား။ မျက်မြင်ထင်ရှား မျက်လှည့်ရုပ်မျှ ပမာဏ ကဲ့သို့၊ ပရမတ္ထသဘာ၀က ဆောင်ပြ၍ ကြောင်ကြောင် ကြီး မြင်ရ,ကြားရသော လောကသစ္စာ တရားအတိကို

အများအရှိဟု ဆိုကြသည်။ မရှိဆိုသည်ကား-အိပ်မက်တွင် မြင်ကြားသော ခေတ်ရှင်ရုပ်အလား၊ခေတ်ပြား၏ စကားကဲ့သို့၊ အသား အထည်၊ အတုံးအတစ်၊ အနှစ် အမာမရှိသည်ကိုသာ ဝိပဿနာနှင့် အကြည့်၊ ပရမတ္ထ သစ္စာသို့ အထိမှ မရှိဟုဆိုရမည်။ သတိမူပါ။

ဤအရာမှာ-အရုပ်နှင့်ဆေး မထွေးရပဲ ကွဲပြားမှသာ ပုဂ္ဂိုလ်,သတ္တဝါနှင့် ရုပ်နာမ်နှစ်ပါး ကွဲပြားမည်။ကွဲပြားပုံကား။အစွဲအင်္ဂတေစုကိုစေတီဘုရားဟုထင်ရှားသော မုဏ္ဍမံ၊ကျမ်းသုတ္တန်နှင့်၊ဟုတ်မှန်တဲ့တိ၊လောကအလယ် ပညတ်နယ်၊တကယ်ရှိသို့၊ထို့တူမခြား၊ ရုပ်နာမ်နှစ်ပါး၊ တရားအနှု၊ဖြစ်ပျက်မှုခေတ်အစုကို၊သတ္တဝါဟု ထင်မြင်မှုကား၊ သစ်သားအမှု၊ ဆောက်အဦကို၊ ဤလောကလူ၊ ရထားဟူသို့၊ ထို့တူပမာဏ၊ မေ့ပုဋ္ဌ သန္တာန ဟူသော အမှုအရာ ကိရိယာ၊ ဤဟာဗျာပါရ၊ ရုပ်နာမ် သခ်တ၊ ပရမတ္ထသဘောမျှကိုသာ စိတ်သညာအလိုမှာ၊ သတ္တဝါ ဟူသော ဝေါဟာရသဘောနှင့် ပြောကြရသည်။

ဤအရာမှာ-

ယထာပိ အင်္ဂသမ္ဘာရာ၊ဟောတိ သဒ္ဒေါ ရထောဣတိ။
ဧဝံ ခန္ဓေသု သန္တေသု၊ ဟောတိ သတ္တောတိ သမ္မုတိ။
ဟူ၊ ရှုအပ်၏။

အင်္ဂသမ္ဘာရာ၊ ဝင်ရိုးစက်ဘီးစသော အစိပ်အဆောက် အဦကြောင့်။ ရထောတိ၊ ရထားဟူ၍။ ဝါ၊ လှည်းဟူ၍။ သဒ္ဒေါ၊ ခေါ်ဝေါ်ခြင်း ဝေါဟာရ ပညတ်သည်။ ဟောတိယထာ၊ ဖြစ်သကဲ့သို့။ ဧဝံတထာ၊ ထို့အတူ။ ခန္ဓေသု၊ ခန္ဓာ ငါးပါး တို့သည်။ သန္တေသု၊ စည်းဝေး ပေါင်းဆုံရှိကုန်လပ်သော်။ သတ္တောတိသမ္မုတိ၊ သတ္တဝါ ဟု၊ ပညတ်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။ အနက်။

**လိုရင်းမှာ။** ပုဂ္ဂိုလ်သတ္တဝါ၊ ငါသူတပါး၊ ယောက်ျား မိန်းမမဟုတ်သော နာမ်ရုပ်နှစ်ခုတို့၏ အစုသာတည်းဟု သန္နိဋ္ဌာန်ကျ သိမြင်ရမည်ဟူလိုသည်။ ဤ နာမ်ရုပ် နှစ်ခု၊ သင်္ခါရအစုကို၊ စိတ်သညာမှာ၊ သတ္တဝါဟု၊ ထင်မြင်မှု ကလည်း၊ ဘယ်တော့ ဘယ်ခါ၊ ဘယ်သာသနာ၊ ဘယ် ကမ္ဘာကျတော့၊ ဝိညာဏ်၏သဘော၊ သတ္တဝါဟူသော ထင်မြင်ချက်က၊ ပျောက်ပျက် ကုန်ဆုံး၍ သုဉ်းလိမ့်မည် လည်းမဟုတ်ဘူး။ မသုဉ်းဘူး၊ မသုဉ်းနိုင်ဘူး။ အဘယ့် ကြောင့်နည်း။ ဤဝိညာဏ်ပရမတ်က သတ္တဝါဟူသော လောကနိယာမ ထင်မြင်အပ် ထင်မြင် တတ်သော အာရုံ အာရမ္မဏိက သဘာဝ တရားကလည်း အလွန် ထင်ရှားလှသော ပရမတ် ဆတ်ဆတ် ဟူသော သစ္စာ့ သဘော ဖြစ်လေသောကြောင့်တည်း။

**ဥပမာ ဥပမေယျ ဟပ်၍ပြသော်ကား။** ဩကာသ လောက ကြီးသည်၊ ကားပေါင် စကြ္ဝာ ပိတ် နှင့် တူ၏။ သင်္ခါရ အနုသယပမာဏ ပရမတ္ထ သဘာဝ ကြောင့်သာ ဖြစ်ပေါ်လာသော ပရိယုဋ္ဌာန် သဘောမျှ သင်္ခါရ လောကသည် ဆေးနှင့် တူ၏။ ။ အကျိုးဖြစ်သော သတ္တလောက၊ ဝိတိက္ကမ သတ္တဝါဟူ သမျှသည်၊အရုပ်နှင့်မခြား၊တသားတည်း တရောတည်း တသဘောတည်း တူလှ၏။

ထို့ကြောင့်မဟုတ်လော ''ဒိဋ္ဌံဝေါဘိက္ခဝေ စရဏံ နာမ စိတ္တန္တိ ။ လ ။ စိတ္တညေဝ စိတ္တ တရန္တိ '' ဟူသော သံယုတ်ပါဠိတော်၏အရကို ဘွင့်ပြတော်မူသော—

တတ္ထ စရဏံနာမ စိတ္တန္တိ၊ ယတ္ထ ဝိစိတြာနိ ဒိဗ္ဗ ဝိမာနာဒီနိ စိတ္တကမ္မာနိ ကတွာ ရူဒဇ္ဇိ ဒဋ္ဌပုညံ ကရောန္တာ ရူဓစိဓစ နိဗ္ဗတ္တာတိ ဒဿေန္တာ ဝိစရန္တိ။ အစရှိသော (ပရမတ္ထဒီပနီဋီကာ စိတ်ပိုင်းမှာယူပါ)

တတ္ထ၊ ထိုပါဠိတော်၌။ စရဏံ နာမစိတ္တန္တိ၊ ကား။ ယတ္ထ၊ အကြင် ပြပုံကား၌။ ဝိစိတြာနိ၊ ဆန်းကြယ်ကုန် သော။ဒိဗ္ဗဝိမာနာဒီနိ၊နတ်ဗိမာန် အစရှိကုန်သော။စိတ္တ ကမ္မာနိ၊ဆန်းကြယ်သောအမှုတို့ကို။ကတွာ၊ ပြု၍။ ရူဒဇ္ဇိ

ဒဠှပုညံ၊ ဤမည်သောကောင်းမှု ဤမည်သော ကောင်းမှုကို။ ကရောန္တာ၊ ပြုကုန်သောသူတို့သည်။ ဣဓဝိဓေ၊ ဤမည်သောဗိမာန် ဤမည်သော ဗိမာန်၌လည်း။ နိဗ္ဗတ္တာ၊ ဖြစ်ရကုန်၏။ ဣတိ၊ ဤသို့။ ဒဿေန္တာ၊ ပြကုန်လျက်။ ဝိစရန္တိ၊ လှည့်လည်ကြကုန်၏။

လိုရင်းသဘောက၊ သတ္တောကာသ သင်္ခါရအားဖြင့် လောကသုံးပါး(အနုသယဘုံ၊ ပရိယုဋ္ဌာနဘုံ၊ ဝီတိက္ကမဘုံ) အားဖြင့် သုံးပါး။ (ကိလေသဝဋ်၊ ကမ္မဝဋ်၊ ဝိပါကဝဋ်) အားဖြင့် သုံးပါးတို့တွင် "ကုသလာဓမ္မာ၊ အကုသလာဓမ္မာ" ဒေသနာအရ၊ ကုသိုလ်,အကုသိုလ်ကံ ဖြစ်ဘို့ရန်ဟူသော ဆတ်ဆတ်သော ပရမတ္ထသဘာဝက၊ ဘုံအားဖြင့်၊ ဝါသနာ အနုသယဘုံ။ ဝဋ်အားဖြင့် ကိလေသဝဋ်သာ မှတ်ပါ။ ကာယကံမျှ၊ ဝစီကံမျှ၊ မနောကံ ကြံဘန်မှုနှင့် ပြုကျင့်ပြောဆို၍၊ ကုသိုလ်,အကုသိုလ်ကံပေါ်လာပြန်လျှင်၊ ဘုံအားဖြင့် ပရိယုဋ္ဌာနဘုံ၊ ဝဋ်အားဖြင့် ကမ္မဝဋ်၊ လောကအားဖြင့် သင်္ခါရ လောကသာ မှတ်ပါ။ ထိုကုသိုလ်,အကုသိုလ်ကို သင်္ခါရကြောင့်သာ လူ့,ပြည်နတ်ရွာ,ဗြဟ္မာ,ငရဲ၊ အနန့်နန့် ဖြစ်ကြသမျှမှာ ဝဋ်အားဖြင့် ဝိပါကဝဋ်၊ ဘုံအားဖြင့် ဝီတိက္ကမဘုံ၊ လောကအားဖြင့် သတ္တလောကသာ မှတ်ပါ။ ( ဥပမာ ၊) အိမ်မက်ဘို့ရာ

အကြောင်းအင်္ဂါသည်၊ သဘာဝ ဆတ်ဆတ် ပရမတ္ထ အနုသယနှင့်တူ၏။ အိပ်မက် ဖြစ်ပေါ်လာမှုမှာ ပရိယုဋ္ဌာန သင်္ခါရနှင့်တူ၏။နိုးသောအခါ အိပ်မက်ရပ်မှာ ဝိတိက္ကမ ပညတ်မျှသာ သတ္တဝါနှင့်တူ၏။

**ဤအရာမှာ။** ။ထင်လျားစွာသော အိပ်မက်သည်၊ မည်သူ၏ မျက်လုံး၊ မည်သူ၏ မျက်တောင်ကို၊ ကြောင်ကြောင်ကြီးပင် မြင်မက်လေရာ၊နိုးသောအခါ ရက်,လ, နှစ်မှာ ဘယ်လောက်ပင်ကြာကြာ၊ ထိုအိပ်မက်ကောင်ကိုသာ ကြောင်ကြောင်ကြီးထင် မြင်ရသကဲ့သို့။ ထို့တူပမာ၊ စိတ်သညာမှာ၊ လောကသစ္စာ၊ ပညတ်မျှသာ သတ္တဝါဟု၊ ကြောင်ကြောင်ကြီး ထင်၍၊ မြင်မှု ကိုသာ အိပ်မက်ရုပ်ဟု ဆိုသည်။ ဥပါဒ်, ဋ္ဌီ, ဘင်၊ ဖြစ်ပျက်စဉ် သင်္ခါရဓမ္မ၊ခန္ဓာငါးပါး ရုပ်နာမ်တရားကို အိပ်မက်ရုပ်ဟု ဆိုသည်မဟုတ်။သတိထားပါ။ဤအရာက မှချဆတ်ဆတ် ပရမတ္ထအရ သဘာဝဓမ္မကို ပြချ၍ ပြောလျှင် သတ္တောကာသ နှစ်လောကမှာ-ဥပါဒ်,ဋ္ဌီ,ဘင်ဟူသော အနိစ္စသဘောလည်းမရှိ၊ဒုက္ခသဘောလည်းမရှိ၊အနတ္တသဘာဝအတိမျှသာ မှတ်ပါ။ ဥပါဒ်, ဋ္ဌီ, ဘင်, အစဉ်သဘောအမူအရာ ကိရိယာမျှဟူသော ရုပ်နာမ်သင်္ခတသင်္ခါရလောကမှာမှ အနိစ္စ,ဒုက္ခ,အနတ္တသဘာဝအဘိရှိသည်ဟု မှတ်ပါ။

(ဤကဲ့သို့သော သဘောသက်၊ အဟုတ်အမှန်ကို ကြံဘန်ရာ၌၊ အခိုက်အတန့်မျှသာ။ ပုဂ္ဂိုလ်,သတ္တဝါ စိတ်သညာနှင့်၊ မရောမဘက်၊ သက်သက်သောဓမ္မ၊ သဘာဝမျှကိုသာ၊ ကြံပါ ကြည့်ပါ၊ သိပါ၊ မြင်ပါ၊ စိတ်မချ၍သာ အခါခါမှာသည်)။

ဤအရာက သမုတ်ပညတ်ကြသော ဝေဏေယျဇ္ဈာသယ၊ သဘောလောကသစ္စာမျှ မုက္ခမံ သုတ္တာန်ပြုသော ပုဂ္ဂလဓိဋ္ဌာန်အရနှင့်၊ ဤသတ္တလောကသည် အတည်မမြဲ ဆင်းရဲစွာလှ စိုးမရဟု ရှုသော်လည်း သင့်လျော်ပါ၏။ အဘယ့်ကြောင့်နည်း(ဥပမာ)အိမ်ကျောင်းစသည်မှာ မီးလောင်သောအခါ အိမ်,ကျောင်းမှာ လောင်စရာမရှိ သစ်သားကိုသာ လောင်သည်။ သို့သော်လည်း၊ ထို သစ်သားကို မီးလောင်ရာမှာ အိမ်,ကျောင်း ဟူသော အမှုအရာ ပါသောကြောင့် အိမ်,ကျောင်းကို လောင်သည်ဟု ဆိုသော်လည်း လျော်သကဲ့သို့တည်း။ လိုရင်းကြီးမှာ - ဘယ်နည်း နှင့် မဆို ပုဂ္ဂိုလ်,သတ္တဝါ အစစ်အနှစ်အမာ ဘယ်ဟာတစ်မျှမရှိဟု အသိကိုသာလိုရင်းပါ။ ပဓာနသဘောမှာ-ဤလောကသစ္စာ ပညတ်မျှသာ သတ္တဝါကို၊ တကယ်အစစ် အနှစ်အမာ အထည်အဖတ် သဏ္ဌာန်ပြုပ်နှင့် သတ္တဝါဟု မဟုတ်မမှန်ကိုပင် မိစ္ဆာဝင်၍၊ ဒိဋ္ဌိ ယှဉ်သော ဝိညာဏ် ခြောက်ဖြာ သိမြင်ရာသည်။

ဤအရာတွင်—

ခြောက်ပါး ဝိညာဏ်၊ သိထင်မြင်နှင့်၊ သုံးအင်ကမ္ဗ၊
ပြသမျှမှာ၊ သမုဒယ၊ ဒုက္ခသစ္စာ၊ ဖြစ်လေရာ၏။ ။
ပညာသိမ့်၊ ဒွါရသုံးခု၊ ပြုပြုသမျှ၊ မဂ္ဂသစ္စာ၊ နိရော
ဓာကျ၊ ဖြစ်လေရသည်၊သစ္စာ့အပြား၊ မှန်လေးပါး။

ဤသို့အားလျှင် အဟုတ်မြင် အမှန်သိက၊ သမ္မာဒိဋ္ဌိ ဉာဏ်မျက်စိမှ၊ သဝိညာဏက, အဝိညာဏက ရှိရှိသမျှ ရူပ, သဒ္ဒ စသည် ဥဿုံ အာရုံ ခြောက်ပါး ကလည်း ပရမတ္ထသဘာဝ စက္ခု, သောတ, စသော ဝိညာဏ် ခြောက်ပါး၊ အာရမ္မဏိက တရားကလည်း ပရမတ္ထ သဘာဝ၊ သာယာမှု လောဘ၊ ကြမ်းထမ်းမှု ဒေါသ၊ မိုက်မဲမှု မောဟ၊ ငါထင်မှု၊ ကိုယ်ဆင်မှု၊လူထင်မှု၊ နတ် ထင်မှု၊ ဒိဋ္ဌိ စေတသိက်ကလည်း ပရမတ္ထသဘာဝ၊ ဤသို့ စသော ပရမတ္ထချင်း ပရမတ္ထ၊ အာရုံ အာရမ္မဏိက သဘာဝချင်း သဘာဝ။ ထိခိုက်ကြသော ဒဿန သဘော၊ သဝနသဘော၊ ဃာယန သဘော၊ သာယန သဘော၊ ဖုသန သဘောမှု သဘောစု ကလည်း၊ သူ့ ပရမတ္ထ၊သူ့သဘာဝတရား ပစ္စယာကာရ တဆဲ့နှစ်ပါး ဟူသော ပဋိစ္စ သမုပ္ပါဒ်နည်း။ နှစ်ဆဲ့ လေးပစ္စည်း ဟူသော ပဋ္ဌာန်းနည်း။ပစ္စည်းသဘာဝ ဧကတ္တ နာနတ္တ အဗျာပါရ ဧဝံဓမ္မတာ နည်းလေးဖြာအမြဲ၊ သဘာဝ

ခပဲတို့၊ အလေ့ပေါက် ဖြစ်နဲ့ကို ညက်ထဲတွင် ရှင်းရှင်း လင်းလင်းကြီး ဝင်လာ၍၊ "သခ်ါရာဝ သခ်ါရေ ဝိပဿန္တိ၊ သမ္မသန္တိ၊ ဝဝတ္ထပေန္တိ၊ ပရိဂ္ဂဏှန္တိ၊ ပရိစ္ဆိန္ဒန္တိ" ဟူသည်နှင့် မခြား၊ သခ်ါရ တရားတို့ သည် သာ လျှင်၊ သခ်ါရ တရားတို့ကို ရှုကုန်၏။ သုံးသပ် မှတ် သား၊ သိမ်းဆည်း ပိုင်းခြား ကုန်၏ ဟု သဲ စွာ လေး ချက် ကို တပြိုင်နက်မြင်၏။ မြင်လိမ့်မည်၊ မြင်အောင်ကြည့်ပါ။

ဤအရာမှာ–"ပုထုဇ္ဇနာနံ ဝါ သညာအာသာ ဒုက္ခ ဇာန နတော၊ ရိတ္တမုဋ္ဌိဝိယ" ဟု၊ ဝိသုဒ္ဓိမဂ် အဋ္ဌကထာ မိန့်၏။ အကျယ်ကိုလိုမူ (ပရမတ္ထဒီပနီဋီကာ သမုစ္စည်း ပိုင်းမှာ ယူပါ။) ဝါ။ ဥပမာနှင့် သိသာခြားနားတနည်း ကား–"ပုထုဇ္ဇနာနံ၊ ပညာစက္ခု မစုံမလင် မမြင်လမ်း ပန်း၊ အန္ဓအသွင် ပုထုဇ္ဇန်တို့၏။ သညာ၊ သိမှတ်ခြင်း သညာကို။ အာသာဒုက္ခ ဇာနနတော၊ ဝဋ္ဋဒုက္ခကို၊ တောင့် တခြင်းဖြစ်စေတတ်သောကြောင့်။ ရိတ္တမုဋ္ဌိဝိယ၊ အချည်း နှီးသော လက်ဆုပ်ကဲ့သို့။ ဒဋ္ဌဗ္ဗာ၊ ရှုမှတ်အပ်ကုန်၏။

မကျဉ်းမကျယ် ပါဌ်လျှောက် အဓိပ္ပါယ်မှာ–ဘယ်ဟာ တစ်မျှမရှိ ပကတိသောလက်ကိုဆုပ်၍ကြည့်သောအခါ ရှိရောင်ရောင် ရှိရိပ်ရိပ်မှာ စိတ်သညာမကင်း အတွင်းက မရှင်း မလင်း ကြသကဲ့သို့။ ထို့တူ့မာ ပုထုဇ္ဇန်သညာ ခမ္မဘာသဘောသည်၊ ဤလောကသုံးဖြာ ဘုံသုံးရွာမှာ အာသာ မပြယ်၊ စွဲတွယ်ငြိကပ်၊ ပရမတ် သဘော

လောဘမူ ခုတ်တောင်း၍ အကောင်း ရှိရောင်ရောင် ရှိရိပ်ရိပ်မှာ စိတ်သညာ အတွင်းက မရှင်း မကာင်းကြ သည်ကို၊ ဝင့်ဒုက္ခ၌ တောင့်တခြင်းဆိုသည်။ သတိမူပါ။

ဤအချက်ကို သိလိုပါလျှင် မိမိလက်ကိုသာ ဆုပ်၍ ပြီးခါ အတန်ငယ် ကြည့်ပါ။ ဖြန့်၍ ကြည့်သောအခါ သိပါလိမ့်မည်။

သိပုံကား—

" ဆုပ်၍ကြည့်မြင် - ပုထုဇ္ဇန်များ၊
ဖြန့်၍ကြည့်ကား - အရိယာများ " ဟု

ခြားနားပါလိမ့်မည်။ ဤကဲ့သို့ အမျိုးမျိုး လက်ညှိုးထိုး လက်ဆုပ်နှင့် ပုတ်နှက်ရိုက်ခတ် အထပ်ထပ်အခါခါမြင် သာအောင်ပြ၍မှ မရိပ်မိလှ မသိကြလျှင်၊ ဤသာသနာက မျိုးစ မျဉ်းစ ဘိတ်မရ စိတ်ချတော့ဟု မည်သူ့ကိုမျှ မဆို ကြနှင့် ဟူလိုသည်။ သတိမူပါ။ ။

ဤအဋ္ဌကထာ ဋီကာအာဘော် အလိုတော်မှာ-ဘယ် ဟာတစ်မျှ မရှိ မမြင်သော ကောင်းကင်ကိုသာ သတ္တဝါ ခေါ်သည်၊ ငါ,ခေါ်သည်၊ ကိုယ်,ခေါ်သည်ဟု ဆိုတော် မူသည်။ ဤအဋ္ဌကထာ ဋီကာပြဘော် အလိုတော်က 'ဝိညာဏံ အနိဒဿနံ၊ အနန္တံ သဗ္ဗတောပဘံ' ဟူသော ဗြဟ္မ နိမန္တနသုတ် ပါဠိတော်အရကို ပြတော်မူသည်။ ။ အနက်လွယ်ပြီ။

ဤအရာမှာသတ္တ, ပုဂ္ဂလ,အတ္တ,ဇီဝနှင့် မရောမဘက် အပြောခက် သက်သက်မျှသော သ ဘော တ ရား က ဤကားမြဲ၏။ ဤကားမမြဲ အနဲနဲစသော သိမှတ်ကြံဘန် နာမ်ဓာတ်ဟူသော အမှုအရာ၊ဤဟာ မျှပါရ ကိရိယာ ထူးမျှ ပရမတ္ထ သဘောကို ဝိညာဏံ ဟူသော ပုဒ်က ဟောသည်။ဤပရမတ္ထသဘာဝသည်၊ရှေ့နောက်ကာလ ရပ်ဌာနနှင့်သဏ္ဌာန်ပမာဏ ညွှန်ပြခြင်းငှါ မရမရှိသော သဘောကို အနိဒဿနံ ဟူသောပုဒ်က ဟောသည်။ ထိုပရမတ္ထ သဘာဝထူးမျှသည် "အနိဓာနုဂတော ဘင်္ဂါ ပုဗ္ဗောနတ္ထိ အနာဂတေ" ဟူသောအရ၊ ဘယ်တုံးက စခဲ့၍ အဆုံးဘယ်မှ ကျပါမည်ဟု အစ,အဆုံး နှစ်ပါး လုံးမရှိ၊ပကတိ မရသော သဘောကို၊ အနန္တံ ဟူသော ပုဒ်ကဟောသည်။ ခပ်သိမ်းသော အရပ်၌ ဆတ်ဆတ် သော ပရမတ္ထ သဘာဝရောင် ပြောင်ပြောင် လင်းလင်း ဝင်းဝင်းတောက် ရှိသော သဘောကို 'သဗ္ဗတော ပဘံ' ဟူသော ပုဒ်က ဟောသည်။ ။

ဤပုဒ်အရ ခပ်သိမ်းသော အရပ်၌ ပရမတ်သဘော ရှိ၏ဟူသော စကားမှာ၊ (ဥပမာကား) ပတ္တမြား မရှိသောကုလားကို မြန်မာက ဤသို့ မေးရာ၏။ ကုလား သင့်မှာ ပတ္တမြားရှိ၏လားဟုမေးသောအခါ ကုလားက ငါ့မှာ ပတ္တမြား မရှိဘူး ရှိတယ်ဟု ပြောလေရာ၏။

ထိုကုလား၏ စကားသည်၊ ပတ္တမြား မရှိဒါ သူ့မှာ ရှိသည်ကား လွန်စွာသင်ရှားရှိပေသည်။ ဤကုလားမှာ မရှိဒါ လွန်စွာပင် ထင်ထင်ကြီး ရှားရှားကြီး ရှိသကဲ့သို့ ထို့တူမခြား ပရမတ္ထတရားမှန်က ပရမာဏုမြူတခြမ်းကို အစိပ်တသန်းစိပ်၍ တစိပ်စာမျှ သဏ္ဍာန် ဒြပ် အဖတ် အရည် မရှိ မရသော ပရမတ္ထ သဘောသည်၊ ခပ်သိမ်းသော အရပ်၌ ရှိ၏ဟု ဟောတော်မူသည်။ ။သတိထားပါ။

**ရှိပုံမှာ။** ။ရှေးရှေးသောအခါ ကမ္ဘာဘာက ပြုခဲ့ကြသော ပရမတ်ဇစ် ဓာတ်နှစ်စေတနာသည်၊ ထိုပြုစဉ် အခါကပင် စိတ္တက္ခဏာ တချက်မျှ ခဏာငယ်သုံးချက်ဖြင့် ချုပ်ပျက် ကွယ်သုဉ်း ပျောက်ဆုံးခဲ့ပြီး ဖြစ်ပါလျက်နှင့်လည်း၊ ထိုစေတနာသည် ကမ္ဘာဘာတွေ အသင်္ချေချေ လွန်ဆုံးလေလည်း ကျေပျက်ခြင်းမရှိ၊ ဒိဋ္ဌိ,တဏှာ,မာန, ဟူသော ပပဉ္စဓမ္မ ဂါဟနှင်း၍ အတင်းအကြပ် ဖမ်းပူးစွဲကပ်ရာကို သတ္တဝါဟုခေါ်ရသော ဓမ္မပုဂ္ဂသန္တာနမှာ မိုဃ်းပေါ်ကျပမာ ဘာသာအလျောက် အလေ့ပေါက်လာတဲ့၍ ရုတ်ဘရက်ကျ အမျိုးမျိုး အသီးသီး အကျိုးကြီးရသော ကမ္မပစ္စည်းအနည်းနည်းအသွယ်သွယ် လွန်ဆန်းကြယ်သော သဘော အဖုံဖုံသည် ကေုန်နှိုင်နည်း လက်ခုတ်တီး၍ အံ့ဩဘွယ်ကြီး ပါပေတည်း။ ။

ထို့ကြောင့် မဟုတ်လော "ကမ္ဘဝိပါကော အစိန္တိယော" ဟူသောအရ ပရမတ္တသဘာဝ သစ္စာသဘော အတောမသတ်သော လောကဓာတ်ကြီး၏ အကြောင်း ပစ္စည်း ပညတ်မကပ် ပရမတ်ထီးထီး အသီးဆတ်ဆတ် ပြောဟောအပ်သော သဘောမြတ်ကြီး ပါပေတည်း။ သတိမူပါ။ ။

ဤကဲ့သို့ ဆတ်ဆတ် တတ်အပ်ထင်ထင် လောကီ လောကုတ္တရာအဖြာဖြာလျှင် အရာရာရှင်းလင်း ကျပ်ချိန် ပျောက်ကင်း၍ လက္ခဏာ သုံးကွင်းတို့ ဆုံးခြင်းအနေကို ကြွင်းသုံးဆိုပေ၊ နဝင်းသုံး အကြေမှာလည်း သိကြပါလေ....ညာဏ်ကဝေတို့။ (ဤဆိုအပ်ခဲ့ပြီးသော နှစ်ဆဲ့လေးနည်း ပစ္စည်းအရာဝယ် အကျယ်ကိုလိုမူသဘောဖြူတို့မှာ နာနာပ္ပကာရပစ္စယာ၊ နာနာဝိဘဇနာနိဝါ၊အစဖြာသော၊အဋ္ဌကထာသင်္ဂဟာ၊ဝိဂြိုဟ်ပြဂါထာ လာသည့်နှင့်ညီစွာ၊ ပစ္စုပ္ပန်တရားတို့အား။သစ်ပင်တို့ဝယ် အမြစ်နှယ်မခြား၊ ဟိတ်ခြောက်ပါး တရားဟူသော သဘော အထူးထူး ကျေးဇူးပြုနည်း ဟေတုပစ္စည်း အစရှိသော နှစ်ဆဲ့လေးပစ္စည်း အသီးသီး၊ အနည်းနည်း အဖုံဖုံ မကုန်နိုင်သောသဘော အဆန်းဆန်းကို ပဋ္ဌာန်း ကျမ်းကြီးမှာ ပညာနှင့်သာယူပါ။)

ထိုအခါ၊မဟာသမုဒ္ဒရာရေမျက်နှာကို ကြီးစွာသော အဟုံ တောင်စုံနှစ်ဘက်တို့ဖြင့် ဝက်ဝက်ကြီး ခွဲပြီးလျှင်

ရေထဲ၌တည်သော နဂါး၏အဆိဦးနှောက်ကို၊ သောက်စား သုံးဆောင်သော ရွှေဂဠုန် ငှက်မင်းကဲ့သို့၊ ထို့တူပမာဏ အမှုအရာမျှ သဘာဝဖြစ်သော ရုပ်နာမ်ခန္ဓာ သင်္ခါရအပေါင်း၏ ကြောင်းကျိုးဖြစ်ပျက်စက် သမုပ္ပါဒ်တရားမြတ်ကို အတတ်ထင်ထင် သိမြင် ပါလိမ့်မည်။ သိမြင်ကြပါစေသတည်း။ ။

ယခင်ကပြခဲ့သော မြတ်ဗုဒ္ဓနိမ္မာန်နသုတ် ပါဠိတော်လာ ဝိသုဒ္ဓိမဂ် အဋ္ဌကထာအလို ပရမတ္ထဒီပနီဋီကာဆို သော သဘောအရ၊ သတ္တောကာသ၊ သင်္ခါရဟူသော လောကသုံးဖြာကို ဥပမာဆင်၍၊ မြင်သာအောင်ပြမည်။ ဤဘာဇပါရ, စသော အမှုအရာမျှ သဘာဝကို နာမ်ရုပ်ဆိုသည်။ ထိုနာမ်ရုပ်ဟူသော ဥပါဒ်, ဋ္ဌီ, ဘင်, ဖြစ်ပျက်စဉ်ကို သင်္ခတဆိုသည်။ ထိုမခြသဘော သင်္ခါရဟူသော တရား အပေါင်းသည် အကြောင်းပရမတ္ထ သဘာဝကြောင့်သာ ဆုံး,စ မရှိ၊ နိယာမအားဖြင့် တည်ခြင်းရှိကုန်၏။ ဤအရာမှာ များစွာ သတိထားပါ။ ဤအမှုအရာမျှ သဘာဝကိုရုပ်နာမ်ဟု ခေါ်ရသော ဥပါဒ်, ဋ္ဌီ, ဘင်,ဖြစ်ပျက်စဉ်သည်သင်္ခါရလောကမည်၏။ ဤအမှုရာကိရိယာမျှရုပ်နာမ်သဘာဝသင်္ခါရဟူသော ဖြစ်ပျက်စဉ် သဘောမျှ၏ ဖြစ်ရာ ပျက်ရာ တည်ရာသည်၊ ဩကာသလောကမည်၏။ ထိုသင်္ခတ အမှုအရာမျှ ဤဟာ ဇျာပါရ

ပရမတ္ထသဘောထူးကဤလဟာပြင်ကြီးထဲမှာမမြဲသော သဘောနှင့်၊မြဲစရာ မမြဲစရာမရှိသော သဘောအတိသာ ရှိသည်ဟု သိမှတ်ကြဘန်ခြင်းစသော အမူအရာကိရိယာ ဟူသော ပရမတ္ထသဘောထူးမျှကိုသာ သတ္တလောကဟု ပြောကြရသည်။ ။

(ဤအရာမှာ ပညာနှင့်သာ ခါခါ ဘန်ဘန် ကြံပါ ကြည့်ပါ၊ သိပါလိမ့်မည်။ သိကြပါစေသတည်း။ )

**ဥပမာကား**။ဤလောကသုံးပါးသည်၊ လဟာပြင် ကောင်းကင်ကြီးမှာ၊ တိမ်ရိပ်နှင့်သာ လွန်စွာတူသည်။ တူဟန်ကား-ထက်ကောင်းကင်ဘွေ၊ ထိုတိမ်တွေသည်၊ တမြူကျာနှင့် တမြူကျာ၊ တခုနှင့် တခု၊ တစုနှင့် တစုမှာ လွန်ထက်လွန်စွာ ကွာခြားလျက် ရှိငြားသော်လည်း ကြည့်သောသူ၏ မျက်စိမှာမူ လူကဲ့သို့ဍုင်း။ ဆင်, မြင်း, ကျွဲ,နွားစသည်များကဲ့သို့ဍုင်း။ပေါင်းစပ်၍ပင် ဝိညာဏ် ၏သဘောနှင့် ထင်မြင်ပြောဆိုကြရသည်။ ပညာမြင်မှာ မူကား....ထက်ကောင်းကင်ဘွေ ထိုတိမ်တွေသည်၊ တဖြန့်တခြား ကျွဲ, နွား, မဟုတ် အရပ်ဟူ၍ မရှိပကတိ သော သဘော အမျိုးမျိုး အခိုး အငွေ့မျှ သဘာဝဟု ပညတ်မခံ သညာဉ်မရှိ အမှန်တိတိ သဘာဝ မြဲမြဲကို သိမြင်လေ၏။ ။

**ဥပမာ ဥပမေယျ ဟပ်၍ ပြသော်ကား။** သြကာသ လောကသည် လဟာပြင် ကောင်းကင်ကြီးနှင့် တူ၏။ သင်္ခါရ လောကသည်၊ ပရမတ္ထဟူသော သဘော အမျိုးမျိုးဖြစ်၍ အခိုးငွေ့ရှိန် ထိန်ထိန်ထသော တိမ်တွေ နှင့်တူလှ၏။ သတ္တလောကသည်၊ အထင်အစွဲ အလွဲ အမှား၊ဆင့်၊မြင်း၊ကျွဲ၊နွား၊ စသောအားဖြင့် တိမ်ရုပ်နှင့် မခြား တသားတည်း တရောတည်း တသဘောတည်း မပြား အလားတူ၏။ ဤအရာတွင် လက်ာဆင်၍ မြင် သာအောင်ပြမည်။

အမှန်လေးပါး၊ ဘုရားကိုရှာ၊ များမိုလ်ပါတို့၊ ငါငါ၊ငါ့ကိုယ်၊ မဆိုစသာ၊ ဤခန္ဓာကို၊ တဏှာ ဒိဋ္ဌိ၊ မာနငြိ၍၊ ဟုတ်လိ နိုးနိုး၊ အားမကိုးလင့်၊ ကြောင်းကျိုး အစဉ်၊ ဝိညာဏ်နာမ်ရုပ်၊ ဖြစ်ချုပ် မပြတ်၊ ဥပါဒ်၊ဋ္ဌီ၊ဘင်၊ အစဉ်အလာ၊ သင်္ခါရာမှု၊ ပမာပြုသော်၊ သူ့သဘာဝ ါ၊သံသရာမှာ၊ ခန္ဓာ ခိုးခိုး၊ တိမ်ရုပ် မျိုးတည့်၊ တစိုးတစိ၊ မြဲမရှိဘူး၊ ဖြစ်မိဖြစ်ရာ၊ သူ့ဘာသာလိုက်၊ ခါခိုက်တန့်မျှ၊ ခဏဖြစ်စဉ်၊ မိုဃ်းကောင်းကင်၌၊ ခုဆင်၊ ခုမြင်း၊ ရွှေရွှေယွင်းလျက်၊ ကြည့်တွင်းမမှန်၊ ဤရုပ်နာမ် တို့၊ဘောက်ပြန်တုံဘိ၊လေလိုက်အိသို့၊ခဏိကမျှ၊

အနိစ္စဖြင့်၊ ဒုက္ခအစု၊ ပုပ္ပရွ၊ အနတ္တသော၊ သဘာဝကို၊ ခန္ဓာသမုတ်၊ နာမ်ရုပ်နှစ်ဖြာ၊ မှတ်စရာမှာ၊ သတ္တဝါနှင့်၊ ကိုယ်ငါမစပ်၊ အိမ်မက်အပ်သည့်၊ တံလျှပ် သဘွယ်၊ အနည်းငယ်မျှ၊ ဓုဝ, သုဘ၊ သုခ, အတ္တ၊ ရှာမရသည်၊ ၊ဘာဝတရား ဓောက်သောက်တည်း။

ဤကဲ့သို့ အထဲမကြွင်း၊တွင်းရောပြင်ပ၊ရှင်းလင်းစွာ မြင်သည်ကိုသာ၊ သောတာပတ္တိမဂ်ဖိုလ် စသော ပုဂ္ဂိုလ် ဆိုသည်။ ထိုအခါ မိမိစိတ်မှာ ကိလေသာဟူ၍ပင် မသိနိုင်ရာ။လွန်ထက်လွန်စွာ သိမ်မွေ့သောတဏှာ၊နိကန္တိ သာတ၊ သဘာဝက၊ ဝိပဿနာ အချက်၌၊ တွယ်တာ ငဲ့ကွက်၊နှစ်သက်တတ်စွမ်းသော ဥဒ္ဓစ္စ,မောဟမူ၊လောဘမူ၊ စိတ္တုပ္ပါဒ်ကို မဂ်ဖိုလ်ဟု မှတ်မှား၍၊ “ မဟာနာဂမထေရ် အလားကဲ့သို့ ”ဝိပဿနာတရားမြင်တွင် အမှား ဝင်၍ ထင်တတ်သည်။ သတိမူပါ။

**ဤအရာမှာ**။ဒိဋ္ဌိ,တဏှာ,မာန ဟူသော ဂါဟသုံးပါး တို့တွင် ငါမြင်ပြီဟဲက၊ အထဲပါ ငြိကြလျှင်၊ ဒိဋ္ဌိဂါဟ မည်၏။ ငါမြင်နိုင်တကားဟု ထောင်လွှား စွဲလမ်း ချက်က မာနဂါဟမည်၏။ သာယာ တတ်စွမ်းသမျှမှာ တဏှာဂါဟမည်၏။ ဤဂါဟသုံးချက် ဥပက္ကိလေသက ပွဲဦးထွက်တတ်လှသည်။ သတိမူပါ။ သတိထားပါ။ ။

ဤကဲ့သို့ ထင်လာလျှင် "သင်္ခါရာ ဝ သင်္ခါရေ ဝိပဿန္တိ" ဟု သတိပြုရမည်။ သတိလွန်စွာ လိုတတ်ပါသည်။ ဤကဲ့သို့ တရားစစ်, တရားနှစ်ကို ထိထိကြီး သိသောအခါ မိမိစိတ်မှာ ဝိစိကိစ္ဆာ၊ ဒိဋ္ဌိလာ၍၊ စောဒနာကား၊ အလွန်တရာ ထင်ရှားလှစွာသော သတ္တဝါ ခပဲကို အိပ်မက်ထဲက မျက်လှည့်ရပ်မျှ ပမာဏကဲ့သို့ငင်း၊ နေ့,လရောင်မျှ၊ ကျောက်ရောင်နှင့် ပြသဖြင့် မသင့်လှပါ တကားဟု မိမိစိတ်မှာပင် မိစ္ဆာဝင်၍ ထင်လာငြားအံ့။ ထိုအခါ မိမိစိတ်မှာ သမ္မာဒိဋ္ဌိ ဉာဏ်မျက်စိနှင့် သင့်ပါ၏ဟု ဖြေ။

**အဘယ့်ကြောင့်နည်း။** "သဗ္ဗေ သင်္ခါရာ အနိစ္စာ၊ သဗ္ဗေ သင်္ခါရာဒုက္ခာ၊ သဗ္ဗေဓမ္မာ အနတ္တာ" ဟူသော ဒေသနာတော်မြတ်မှာ၊ပုဂ္ဂိုလ်သတ္တဝါနှင့်မရောမယှက်၊ ရှိမှဲ့ချက်ကုန်၊ဇီဝသုဉ်သော၊ လုံးစုံသဗ္ဗ သင်္ခါရခပဲသည် ရှိန်ရှိန် သုတ်သုတ်၊သိမ့်သိမ့်လှုပ်မစဲ၊မခြဲသော သဘာဝ၊ ဆင်းရဲစွာလှ၊ စိုးမရသော သဘောမျှဟု ဟောတော်မူသည်တရပ်။ "အနိမိတ္တဉ္စ ဘာဝေဟိ" အစရှိသော ဒေသနာတော်မြတ်မှာလည်း၊လုံးလုံးလျောင်းလျောင်း ပေါင်း၍တည်ဟန်၊ သဏ္ဌာန် အကောင် အထည်ကဲ့သို့ လောဘတဏှာနှင့် သာယာသဖြင့် ယူအပ်သော လူ, နတ်,ဗြဟ္မာ,သတ္တဝါ,အရိပ်နိမိတ်ခပင်း ကင်းရှင်းသော တရားကို ပွားလေဟု ဟောတော်မူသည် တရပ်။

'အနိစ္စသညီနေ့ခမေဿယ၊ အနတ္တသညာ သဏ္ဌာတိ' အစရှိသော ဒေသနာမှာလည်း ဝဲယာ ရှေ့နောက်၊ ထက်အောက် ဖီလာ၊ ဆယ်မျက်နှာ ဖွားဖြင့် ဆုံး၊စ ပိုင်းခြား ကမ်းကရနား မရသော ဩကာသလောက၏ နယ်အပြင်မှာ မြဟ္မာ နတ်လူ မပိုင်၊ မဆီဆိုင် အလေ့ ပေါက်၊ သူ့အလျောက်ဖြစ်မစဲ၊ မမြဲသော ဓာတ်အစုကို အတတ်ရှု မြင်လာသော်၊ ငါ၏ကိုယ် မဆိုထားဘိ၊ ငါ တကားစွဲဘို့ရန်မှာ၊ ရှာကြံ၍ဘယ်မတွေ့၊ သိမ်မွေ့သော သဘာဝ၊ ခယ,ဝယ၊ မရဏဘာဂ်၊ အထင်မ သန်ါရ၊ အနိစ္စသဘော သေတ္တုကျသော အနိမိတ္တသဘောမျှကို ဒဿနကိစ္စနှင့် ဒိဋ္ဌမြင်မှ အနတ္တသညာ အလိုလို တည် လာမည်ဟု ဟောတော်မူသည် တရပ်။ ။ဤသို့စသော မုက္ခမံ သုတ္တန်ဒေသနာတော်မြတ် အရပ်ရပ်တို့ကိုရင်း။

ထိုသုတ်ဝိနည်းတို့ထက် ထူးကဲလွန်မြတ်လှစွာ သတ္တဝါကို ဆံလွှာခန့်မျှ မညှာတဲပြခသော သဘာဝဓမ္မ ပရမတ္ထဒေသနာမှာ "သန်တာဓမ္မာ၊ အသန်တာဓမ္မာ" စသည်ဖြင့်သာ ဟောတော်မူသည်။ ထိုဒေသနာတော် မြတ်မှာလည်း သတ္တဝါအချက်က အမြွက် လေသမျှမှ မရှိမရသော ပရမတ္ထ သဘောမျှကိုသာ ဟောတော် မူသည်တရပ်၊ "ကုသလာဓမ္မာ အကုသလာ ဓမ္မာ" စသည် မှာလည်း သူ,ငါကစ ထင်မှတ်ကြသည်မှာ ကုသလာဓမ္မာကို ကုသိုလ်ဆိုတာ လူ့ပြည် နတ်ရွာ

ဖြဟ္ဘာကိုဆိုသည်ဟု အထင်အမြင်၊အပြုအမူ၊အယူအစွဲ၊ အလွဲကြီး၌၊ အမျိုးလိုက်၊ အရိုးလိုက်၊ အစဉ်ကြီးစိုက်၍၊ အကြိုက်ကြီး၊ အလိုက်ကြီး၊ အမိုက်ကြီး၊ အမဲကြီးက၊ အမြဲကြီး မြဲကြ၊ အစွဲ ကြီး စွဲလှ၍၊ အလွဲ ကြီး လွဲကြ ပေသည်။

ယခုအခါ ဥပမာဟပ်၍ မှတ်စရာမှာ၊ မဟောသထာ ဇာတ်လာ၊တဆဲ့ကိုး ပြဿနာတွင်၊ထန်းပင်ထက်ဖျား၊ ငှက်သိုက်ကြားက၊ ပတ္တမြား ရတနာ၊ ရေထဲမှာ ရဲရဲ၊ အရောင်မျှစွဲသည်ကို၊ ရေထဲကပတ္တမြားဟု၊ အမှားတွင် မဟာ၊ ဉာဏ်မပါသော၊ ဆရာရှေသွား၊ သေနက အယူ မှား၍၊တိုင်းသူပြည်သား၊လူအများတွေ၊ညွှတ်ခြေခွေလဲ၊ ထဲရင်ကွဲသို့၊ အသဲကြေ သေချင်စော်နံ ခမန်း၊ လွှန်ယိ နွမ်း၍၊ ပင်ပန်းဆင်းရဲသည်နှင့် တူ၏။ ။သတိမူပါ။

**ဥပမာ ဥပမေယျ၊နှစ်ချက်ဆင့်ထပ် ဟပ်၍ပြလျှင်။**
နွေအခါတွင် မြေပြင်နှင့်တူသော ဩကာသ လောက ကြီးသည်၊ရေနှင့်တူ၏၊ခိုးငွေ့ရှိန်ဟတ်၊တံလျှပ်ကို ဖြစ်စေ တတ်သော တေဇောဓာတ်အပေါင်းကဲ့သို့၊အကြောင်း မျှဖြစ်သော သန်္တတခာတ် ပရမတ္ထ သဘာဝတရားသည် ပတ္တမြားနှင့်တူ၏။ ရှိန်ရှိန် သုတ်သုတ်၊ သိမ့်သိမ့်လှုပ်မျိုး၊ အကျိုးဖြစ်ပွား၊ တံလျှပ်နှင့်မခြား၊ သန္တတိ တရားသည်၊ ရေထဲမှာပြောင်သော ပတ္တမြားရောင်နှင့်တူ၏။အတ္တဇီဝ

ထင်မှတ်ကြ၍၊ ကာယဝစီ၊ မနောညီ၊ သုံးလီကမ္မ၊ ပြုပြန်ကြကား၊တံလျှပ်တွေအား၊ရေမှတ်မှားသော သမင်များနည်း၊ လောကကြီး၌၊ နည်းပေး လမ်းပြ၊ သူ့ ငါကစ၊ ယောဘုယျပင်၊ အမြင်မဖြောင့်၊ အညင်ထောင့်၊ မှောင့်ထက် မှောင်ကြ၊ဆရာဟူသမျှ၊ ဉာဏ်သုံးထောင့် တွေကာ၊ သေနကနှင့် တူလှ၏။ ။ (၊ သုံးထောင့် ဆိုသည်ကား၊ မှန်ကွက်မကျသော ပုထုဇ္ဇန် ဉာဏ်ကိုဆိုသည်။ )တိုင်းသူပြည်သားနှင့် သတ္တဝါများတူသည်။ မဟောသထာနှင့် ဘုရားတူသည်။

ဤ၌ တူပမာ။ ။အကုသလာ ဓမ္မာ ဒေသနာမှာလဲ အကုသိုလ်ဆိုလျှင်ပဲ ငရဲကြီးရှစ်သွယ်၊အပါယ်လေးပါးကိုပင် အထင်အမြင် အယူအစွဲက အမြဲကြီး မြဲကြ၍၊ အလွဲကြီးလွဲ ခဲ့ကြသည်။ယခုကာလလည်း လွဲဆဲလွဲတုန်း၊ သံသရာမဆုံး၊ မတုံးသမျှ ပတ်လုံးလည်း လွဲလိမ့်အုံး။ မသုဉ်းသမျှမှာလည်း လွဲလတံ့ သာ မှတ်ပါ။

ဤကဲ့သို့ မှတ်စရာမှာ၊ ပညတ်အရာ၊ သတ္တဝါခပဲတို့ လွဲကြသော သဘောကလည်း လောကတံထွာ ဓမ္မတာ အမြဲနည်း။ ဤအရာမှာ။ တခါထဲပြီး မဟာအလွဲတော်ကြီး သည် အ ပြီး မသတ်သော လောကဓာတ်ကြီးဟု ပရမတ်ဆတ်ဆတ် ပညာဓာတ်က ဝိညာဏ်ခြောက်ရပ် ဒိဋ္ဌိကပ်သော ပရမတ္ထအားဖြင့် သဘာဝ တရားတွေ မှား၍နေဟု သေသေချာချာ မှတ်ပါ။

အဘယ့်ကြောင့်နည်း။ ''အတ္တနော သဘာဝံ ဓာရေ တီတိ ဓာတု''ဟု ဝိဂြိုဟ်ပြုအရကိုသတိပြုကြ။သူ့သဘာဝ ဓမ္မ၊ သူ့ပရမတ္ထသဘော၊ သူ့ လောကတံထွာ၊ သူ့ ဓမ္မတာအလျောက်၊ သူ့အလေ့ပေါက်သဘော ဖြစ်လေ သောကြောင့်တည်း။ သတိထား၍ စဉ်းစားပါ။

ကုသလာဓမ္မာ ဟူသည်မှာ-''ကုသလာ အနဝဇ္ဇ သုခ ဝိပါကလက္ခဏာ၊ဓမ္မာ နိသတ္တ နိဇ္ဇီဝ သဘာဝါ။''

( ဓမ္မသင်္ဂဏီ အဋ္ဌကထာ။ )

ကုသိုလ် ဆိုသည်မှာ ဖြူစင် ကြည်လင်မှု မျှသာ၊ အကုသိုလ် မှာလည်း၊ မည်းငြစ်သော သဘောမျှသာ မှတ်ပါ။ ဤပါဠိတော်လာ၊ အဋ္ဌကထာမှာ၊ သတ္တဝါ အချက်က၊အမြွက်လေသမျှ၊မရှိမပါသော ထိုအဘိဓမ္မာ ဒေသနာတော်မြတ် နှင့် ယခင် ဆိုအပ်သော သုတ္တန် ဒေသနာတော်မြတ် ဤနှစ်ရပ်ကို နှီးနှောရောစပ်သော အခါ၊ ( ဥပမာ၊) ယမုနာမြစ်ရေနှင့် ဂင်္ဂါမြစ်ရေ၊ ဤ နှစ်ထွေအား၊ ရောလေငြားက၊ ခွဲခြားမရ၊ ပမာဏာသို့။ ထို့တူအလား၊ သုတ်အဘိဓမ္မာ တရားသည်၊ ခွဲခြား၍ မရဘဲ၊တသားထဲ တရောထဲ၊ တသဘောထဲ ကျသဖြင့်၊ သတ္တောကာသ သင်္ခါရဟူသောလောကသုံးပါးတို့တွင် ဩကာသ လောက၏ နယ်တခွင် တပြင်လုံး အဆုံးမရှိ ကြီးထဲမှာ လူ, နတ်, ဗြဟ္မာ, သတ္တဝါ, ဟူသည် ကိုယ် ဟူသည်နှင့်၊ ဆံချည်ခြမ်းမျှ၊ မရောမယှက်၊ အပြောခက်၊

သက်သက်မမြဲ၊ ဆင်းရဲ စွာလှ၊ စိုးမရသော၊ ရုပ်နာမ် သင်္ခတ၊ သင်္ခါရလောက၊ ဖြစ်ပျက်သော သဘောမျှသာ၊ ပစ္စယာကာရ တဆဲ့နှစ်ပါး ဟူသော ပဋိစ္စသမုပ္ပါဒ်နည်း၊ နှစ်ဆဲ့လေးပစ္စည်းဟူသော ပဋ္ဌာန်းနည်း၊ ပစ္စည်း သဘာ၀၊ ဧကတ္တ နာနတ္တ၊ အဗျာပါရ၊ ဧဝံဓမ္မတာ၊ နည်းလေးဖြာ ဟူသောအရ၊ သဘောမျှကိုပင် မြင်လိမ့်မည်။ မြင်အောင်ကြည့်ပါ။

ဤအရာ၀ယ်-မျက်စိလည်သောသူမှာ ထို မျက်စိလည် ပြေသောအခါ၊ ချာခနဲ့, လင်းခနဲ့, ရှင်းခနဲ့ သွားသကဲ့သို့ရင်း။ ကြောက်မက် ဘွယ်ရာ အိပ်မက် ကိုသာ မက်သောသူမှာ နိုးသောအခါ ဟာခနဲ့ ဟင်းခနဲ့ ပျောက်ကွယ်၍၊ အကြောက်ပြယ်သကဲ့သို့ရင်း။ အချည်းနှီးသော လက်ဆုပ်ကို ဖြန့်၍ကြည့်သောအခါ၊ ဟာခနဲ့ ရှင်းခနဲ့, လင်းခနဲ့ သွားသကဲ့သို့ရင်း။ ဒဿနကိစ္စနှင့် ဒိဋ္ဌမြင်မှ စိတ်ချရမည်။ သတိမူပါ။

ဤ မြင်သောအခါ၊ သဒ္ဓိန္ဒြေအားကြီး ကဲလွန်သော ယောဂီမှာ-အနိစ္စာ နုပဿနာ ထက်ထန်လှ၍၊ နိစ္စ,သုခ အတ္တ နိမိတ်ကို ပယ်ခွါလျက်၊ သင်္ခါရ နိမိတ် အကြွင်းမဲ့ ကင်းဆိတ်သော နိဗ္ဗာန်သို့ ညွတ်စဉ်၊ ဘ၀င်ပြတ်လျက် အနုလောမဉာဏ်၊ ဂေါတြဘူဉာဏ်သို့တက်၍၊ မဂ်ဖိုလ်သို့ ချဉ်းကပ်၊ တစပ်ထည်း သွားသည်ဖြစ်အံ့၊ နိဗ္ဗာန်သည် အနိမိတ္တနိဗ္ဗာန်မည်၏။

သမာဓိခြေ အားရှိကဲလွန်၊ ထူးချွန် ထက်သန်သော ယောဂီမှာ၊ ဒုက္ခာနုပဿနာ ထက်သန်လှ၍၊ တဏှာပဏိ ဓိကို စွန့်ခွာလျက်၊ တဏှာ အကြွင်းမဲ့ ကင်းဆိတ်သော နိဗ္ဗာန်သို့ညွှတ်စဉ်၊ ဘဝင်ပြတ်လျက် အနုလောမဉာဏ်၊ ဂေါတြဘူဉာဏ်သို့တက်၍၊ မဂ်ဖိုလ်သို့ ချဉ်းကပ် တစပ် တည်း သွားသည် ဖြစ်အံ့၊ နိဗ္ဗာန်သည် အပ္ပဏိဟိတ နိဗ္ဗာန်မည်၏။

ပညာခြေ အားရှိကဲလွန်၊ ထူးချွန် ထက်သန်သော ယောဂီမှာ၊ အနတ္တာနုပဿနာ ထက်သန်လှ၍၊ သတ္တ သညာကိုပယ်ခွါလျက်၊ အတ္တကင်းဆိတ်သော နိဗ္ဗာန်သို့ ညွှတ်စဉ်၊ ဘဝင်ပြတ်လျက်၊ အနုလောမဉာဏ်၊ ဂေါတြ ဘူဉာဏ်သို့တက်၍၊ မဂ်ဖိုလ်သို့ ချဉ်းကပ် တစပ်တည်း သွားသည်ဖြစ်အံ့၊ နိဗ္ဗာန်သည် သုညတ နိဗ္ဗာန်မည်၏။ ဤအနုပဿနာ သုံးပါးတို့တွင် တပါးပါး များသော ပုဂ္ဂိုလ်အားလည်း၊ ၎င်းခြေ သုံးပါးတို့တွင်လည်း တပါး ပါး အားကြီးတတ်သည်။ သတိမူပါ။

ယခင် ပြအပ်ပြီးသော ဧကတ္တနည်း၊ နာနတ္တနည်း၊ အဗျာပါရနည်း၊ ဧဝံဓမ္မတာ နည်းအားဖြင့် လေးပါး တို့တွင် မျိုးစေ့၏ အညွှန့် အညှောက် စသည်ဖြစ်၍၊ သစ်ပင် အဖြစ်သို့ ရောက်သည်ပမာ၊ အဝိဇ္ဇာ စသော အကြောင်းတရားတို့၏ သင်္ခါရ စသော အကျိုးတရား တို့နှင့် အစဉ်မပြတ် စပ်ခြင်းသည် ဧကတ္တနည်းမည်၏။

တနည်း။ နာနာက္ခဏိက ကမ္မ စသော အကြောင်း ပစ္စည်းတရားတို့သည်၊ ဝိပါကစသော အကျိုးပစ္စယုပ္ပါန် တရားတို့နှင့် အစဉ်မပြတ် စပ်ခြင်း။ အဝိဇ္ဇာ စသော အကြောင်းတရားသည် သင်္ခါရစသောအကျိုးတရားနှင့် မပြတ်စပ်ခြင်း သဘောတခု ကေန် ထင်ရှား ရှိနေ ခြင်းသည် ဧကတ္တနည်း မည်၏။ ။ဤ ဧကတ္တ နည်းကို အသိမှန်လျှင် ပညာမြင် ဥစ္ဆေဒဒိဋ္ဌိပျောက်၏။ အသိ ချော်လျှင် ဝိညာဏ်မြင် သဿတ ဒိဋ္ဌိရောက်၏။

အဝိဇ္ဇာ စသည်တို့၏ သဘော အသီးအခြားသည် နာနတ္တနည်းမည်၏။ (တနည်း) ကမ္မနှင့် ဝိပါကသည်၊ အကြောင်း အကျိုး စပ်ကြသော်လည်း သဘောချင်း အသီးအသီး တမျိုးစီဖြစ်၏။ ကမ္မသည် ဝိပါကမဟုတ်၊ ဝိပါကသည် ကမ္မမဟုတ်။ဤတူပမာ။အဝိဇ္ဇာနှင့်သင်္ခါရ မှာလည်း ဤနည်းအတိုင်း ခွဲစိပ်ရမည်။ဤကဲ့သို့ဓမ္မတို့၏ အချင်းချင်း စပ်ကြ သော်လည်း သဘော အသီးသီး ဖြစ်ပုံသည် နာနတ္တနည်း မည်၏။ ဤ နာနတ္တ နည်းကို အမြင်မှန်လျှင် ပညာမြင် သဿတဒိဋ္ဌိပျောက်၏။အမြင် ချော်လျှင် ဝိညာဏ်မြင် ဥစ္ဆေဒဒိဋ္ဌိရောက်၏။

သင်္ခါရစသည်ကို ငါသည်၊ဖြစ်စေအပ်၏ဟု အဝိဇ္ဇာ စသည်တို့၏ ပယောဂ၊ဗျာပါရ မရှိခြင်းသည်၊အဗျာပါရ နည်းမည်၏။တနည်း။ကမ္မပစ္စည်းက ငါသည် ဝိပါကကို

ဖြစ်စေမည်။ ဖြစ်အောင်ပြုမည်ဟု ကတ္တုသတ္တိ ဗျာပါရ ပယောဂမရှိခြင်း၊ အဝိဇ္ဇာကလည်း ငါသည် သင်္ခါရကို ဖြစ်အောင် ပြုမည်ဟူ၍၊ ပယောဂ မရှိခြင်းသည်၊ အဗျာပါရနည်းမည်၏။ ဤ အဗျာပါရနည်းကို အသိမှန်လျှင် ပညာမြင် အတ္တဝါဒုပါဒါန် အတ္တဒိဋ္ဌိပျောက်၏။ အသိချော်လျှင် ဝိညာဏ်မြင် အကိရိယဒိဋ္ဌိရောက်၏။

နို့ ရည် စသည်မှ၊ နို့ ဓမ်း စသည်သာ ဖြစ်သကဲ့သို့၊ အဝိဇ္ဇာစသည်ကြောင့် သင်္ခါရစသည်သာဖြစ်ခြင်းသည် ဧဝံဓမ္မတာနည်းမည်၏။ (တနည်း) ထိုသို့ တရားတို့၏ ကတ္တုသတ္တိ၊ ပယောဂဗျာပါရ မရှိသော်လည်း၊ ပေါက်လွှတ်တတ်တိုင်း ရောက်တတ်ရာရာ ဖြစ်လိုရာဖြစ်ရသည် မဟုတ်။ ကမ္မပစ္စည်းကြောင့် ဝိပါကသာ ဖြစ်ရ၏။ အဝိဇ္ဇာကြောင့် သ ခ်ါ ရ သ ာ ဖြ စ် ရ ၏ ၊ စသည်ဖြင့် အလျော်နှင့် လျော်စွာ၊ ဓမ္မတာ တရားတို့၏ ထုံးတန်း အလေ့အတိုင်း ဖြစ်ခြင်းသည်၊ ဧဝံဓမ္မတာနည်းမည်၏။ ဤ ဧဝံဓမ္မတာနည်းကို အမြင်မှန်လျှင် ပညာမြင် အဟေတုကဒိဋ္ဌိ၊ အကိရိယ ဒိဋ္ဌိပျောက်၏။ အမြင်ချော်လျှင် ဝိညာဏ်မြင် အ ဟေ တု က ဒိ ဋ္ဌိ နိယတဝါဒ ရောက်လေ၏။

ဤနည်းလေးပါးဖြင့်၊ ပဋ္ဌာန်းနည်း ပဋိစ္စ သမုပ္ပါဒ်နည်းနှင့်ချည်း တွေ့တွေ့သမျှကို ကြံရာသည်။ ကြံပါ။ ။

**ဤအရာမှာ**-ဝိဇ္ဇာမာန ပရမတ္ထ သဘာဝ အရိယ သစ္စာ ပညာမြင် အဟုတ် အမှန်နှင့်၊ အဝိဇ္ဇာမာန သမုတိမျှ လောကသဘော၊ ပြောလွဲစွဲထင်၊ ဝိညာဏ် မြင်ခတ်၊ ပညတ် တရား၊ မှားထက် မှားကို၊ ထင်လျှားအောင် လင်္ကာဆောင်၍ မြင်သာအောင်ပြမည်။

ဝိညာဏ် ပညာ၊ သိရာအမှု၊ မြင်နှစ်ခုတွင်၊
ဝိညာဏ်မြင်ပုံ၊ နွားမမြီသား၊ နွားငယ်အားဖြင့်၊
နို့မြင့်ဆူကြို၊ ငြင်းခုံအလား၊ ပုံမခြားတည်း။ ။
အများသူငါ၊ မိစ္ဆာယူလွဲ၊ ငရဲကြီးလှ၊ ကုသိုလ်ရဟု
ပြုကြရှောင်ကြဉ်၊ ဝိညာဏ် မြင်တည်း၊ မှားပင်
မှားဘိ၊ မှားခေါင်ထိ၏။ ။ဉာဏ်သိသဘော၊
ပညာဇောမှာ၊ သဏ္ဌာနကာသ၊ သင်္ခါရမှ၊
လောက ဝေါဟာ၊ ပညတ် သာလျက်၊ ဖြစ်နှင့်
ပျက်မျှ၊ သဘာဝသာ၊ အဗျာပါရ၊ ကေတ္တနှင့်၊
နာနတ္တနည်း၊ ဧဝံနည်းသာ၊ ဓမ္မတာဟု၊ ဖြူခါ
စင်စင်၊ ပညာမြင်မှ၊ ကြည်လင်လှသည်၊ မြင်ကြ
အများ၊ မှန်မမှား။ ။

ဤသည်ကား....

သဗ္ဗေဓမ္မာ အနတ္တာတိ၊ ယဒါပညာယ ပဿတိ၊
အထ နိဗ္ဗိန္ဒတိ ဒုက္ခေ၊ ဧသမဂ္ဂေါ ဝိသုဒ္ဓိယာ။
ဟူသော၊ (ဓမ္မပဒ ပါဠိတော်၏ အဓိပ္ပါယ်တည်း)

ယခင်က ပြခဲ့သော သမုတိသစ္စာ၊ ပရမတ္ထသစ္စာ၏ သဘောမှာ-

ပရမတ္ထတောတိ ပရမတ္ထသစ္စတော၊ ဒွေဟိသစ္စာနိ သမ္မုတိသစ္စံ ပရမတ္ထ သစ္စန္တိ၊ တတ္ထ သတ္တ ပုဂ္ဂလ အတ္တဇီဝါဒိကာ၊ ပညတ္တိအတ္ထာ သဘာဝတော အဝိဇ္ဇမာနယေဝ ဟောန္တိ၊ ယထာဘူတညာဏ ရဟိတာနံ ပန မဟာဇနာနံ စိတ္တေ မဟန္တံ မဟန္တာပိ ဟုတွာ ဝိဇ္ဇမာနာဝ ပညာယန္တိ၊ တေစ မဟာဇနာ သမဂ္ဂါ တေသံ ကေနွေန အတ္တဘာဝံ ဂဟေတွာ တထာ တထာ ဝေါ ဟရန္တိ သမ္ပဋိစ္ဆန္တိစ၊ တသ္မာ တေမဟာဇနေဟိ သမဂ္ဂေဟိ သမ္မသတ္တာ တတောယေဝစ ဝစီသစ္စ ဝိရတိသစ္စာနံ ဝတ္ထုဘူတတ္တာ သမ္မုတိသစ္စန္တိ ဝုစ္စန္တိ၊ တသ္မိံ သမ္မုတိသစ္စေ ဌတွာ သမ္မာပဋိ ပဇ္ဇန္တာ သဗ္ဗလောကိယ သမ္ပတ္တိယော တံတံ ဗောဓိသမ္ဘာရဓမ္မေစ အာရာဓေန္တိ၊ မိစ္ဆာပဋိ ပဇ္ဇန္တာ အပါယပူရကာ ဟောန္တိ၊ ဧဝံမဟန္တံဟိ သမ္မုတိသစ္စန္တိ။ ။

ပရမတ္ထသစ္စံပန ပတွာ တံသဏ္ဍမေဝ နဟောတိ၊ တံဟိသယံ အဝိဇ္ဇမာနံယေဝ သမာနံ မဟာ ဇနေ ဝိဇ္ဇမာနံ တွေဝ ဂဏှာပေတိ၊ သက္ကာယ ဒိဋ္ဌိ ဒွါသဋ္ဌိဒိဋ္ဌိ တိဝိဓမိစ္ဆာ ဒိဋ္ဌိနံ ဝတ္ထုဘူတံ

ဟုတွာ ဗာလဇနာနံ ဝဋ္ဋဒုက္ခတော နိယျာတုံ
နဒေတိ၊ ဧဝံ ဝိပရိတံဟိ သမ္မုတိသစ္စံ ဧဝံ မဟာ
သာဝဇ္ဇဉ္စာတိ။ ။ (ပရမတ္ထဒီပနီဋီကာ။)

ပရမတ္ထတောတိ၊ ပရမတ္ထတော ဟူသည်ကား။ ပရမတ္ထ သစ္စတော၊ ပရမတ္ထ သစ္စာအားဖြင့်။ ဟိသစ္စံ၊ မှန်၏။ သစ္စာနိ၊ သစ္စာတို့သည်။ သမ္မုတိသစ္စံ၊ သမုတိသစ္စာဝင်း။ ပရမတ္ထသစ္စံ၊ ပရမတ္ထ သစ္စာဝင်း။ ဣတိ၊ ဤသို့။ ဒွေ၊ နှစ်ပါးတို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ တတ္ထ၊ ထိုနှစ်ပါးတို့တွင်။ သတ္တ,ပုဂ္ဂလ၊ အတ္တ,ဇီဝ ါဒယော၊ သတ္တ,ပုဂ္ဂလ အတ္တဇီဝ အစရှိကုန်သော။ ပညတ္တိအတ္ထာ၊ ပညတ်အနက်တို့သည်။ သဘာဝတော၊ သဘော အားဖြင့်။ အဝိဇ္ဇမာနာယေဝ၊ ထင်ရှား မရှိကုန်သည် သာလျှင်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ပန၊ ထိုသို့ပင် မရှိငြားသော်လည်း။ ယထာဘူတ ဉာဏရဟိတာနံ၊ ယထာဘူတ ဉာဏ်မှ ကင်းကုန်သော။ မဟာဇနာနံ၊ လူအပေါင်းတို့၏။ စိတ္တေ၊ စိတ်၌။ မဟန္တာ မဟန္တာပိ၊ အလွန် ကြီးကျယ် ထင်လျားကုန်သည်လည်း။ ဟုတွာ၊ ဖြစ်၍။ ဝိဇ္ဇမာနာဝ၊ ထင်လျားရှိကုန်သကဲ့သို့ သာလျှင်။ ပညာယန္တိ၊ ထင်ရကုန်၏။ တေစ မဟာဇနာ၊ ထိုလူအပေါင်းတို့ သည်လည်း။ သမဂ္ဂါ၊ အညီအညွတ်။ တေသံ၊ ထို သတ္တ, ပုဂ္ဂလ, အတ္တ, ဇီဝ အစရှိသည်တို့၏။ ကေနစ္စန၊ စင်စစ်အားဖြင့်။ အတ္ထိဘာဝံ၊ ရှိသည်၏ အဖြစ်ကို။ ဂဟေတွာ၊ ယူ၍။ တထာ

တထာ၊ ထိုထို အခြင်းအရာ အားဖြင့်။ ဝေါဟာရန္တိ စ၊ ခေါ်လည်း ခေါ်ဝေါ် ကြကုန်၏။ သမ္ပဋိစ္ဆန္တိ စ၊ ဝန်ခံလည်း ဝန်ခံကြကုန်၏။ တသ္မာ၊ ထို့ကြောင့်။ တေ၊ ထို သတ္တ,ပုဂ္ဂလ,အတ္တ,ဇီဝ, အစရှိသော ပညတ်အနက်တို့ကို။ သမဂ္ဂေဟိ၊ ညီညွတ်ကုန်သော။ မဟာဇနေဟိ၊ လူအပေါင်းတို့သည်။ သမ္မတတ္တာ စ၊ သမုတ်အပ်သည်၏ အဖြစ်ကြောင့်ရင်း။ တတောယေဝ၊ ထိုသို့ သမုတ်ခြင်း ကြောင့်သာလျှင်။ ဝစီသစ္စ ဝိရတိသစ္စာနံ၊ ဝစီသစ္စာ ဝိရတိသစ္စာတို့၏။ ဝတ္ထုဘူတတ္တာ စ၊ တည်ရာ၏ အဖြစ် ကြောင့်ရင်း။ သမ္မုတိသစ္စန္တိ၊ သမုတိသစ္စာဟူ၍။ ဝုစ္စန္တိ၊ ဆိုအပ်ကုန်၏။ တသ္မိံ သမ္မုတိသစ္စေ၊ ထိုသမုတိသစ္စာ၌။ ဌတွာ၊ တည်၍။ သမ္မာပဋိပန္နာ၊ ကောင်းစွာ ကျင့်ကြကုန်သော သူတို့သည်။ သဗ္ဗလောကိယ သမ္ပတ္တိယော၊ အလုံးစုံသော လောကီ စည်းစိမ် ချမ်းသာတို့ကိုရင်း။ တံ တံ ဗောဓိသမ္ဘာရဓမ္မေ စ၊ ထိုထို ဗောဓိ အဆောက်အဦးဖြစ်သော ဒါန,သီလ၊ စသည်အပြား၊ တရားတို့ကိုရင်း၊ အာရာဓေန္တိ၊ ပြီးစေကုန်၏။ မိစ္ဆာ ပဋိပန္နာ၊ ဘောက်ပြန်စွာ ကျင့်ကြကုန်သောသူတို့သည်။ အပါယပူရကာ၊ အပါယ်၌ပြည့်ကြကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ဟိ သစ္စံ၊ မှန်၏။ သမ္မုတိသစ္စံ၊ သမုတိသစ္စာသည်။ ဧဝံ မဟန္တံ၊ ဤမျှလောက်ကြီးကျယ်၏။ ဣတိ၊ ဤသို့။ ဝေဒိတဗ္ဗံ၊ သိအပ်၏။ ။

ပရမတ္ထသစ္စံ၊ ပရမတ္ထသစ္စာသို့။ ပတွာပန၊ ရောက်သော်ကား။ တံ၊ ထိုသမုတိသစ္စာသည်။ သစ္စမေဝ၊ သစ္စာသည်သာလျှင်။ နဟောတိ၊ မဖြစ်။ ဟိသစ္စံ၊ မှန်၏။ တံ၊ ထိုသမုတိ သစ္စာသည်။ သယံ၊ မိမိသည်။ အဝိဇ္ဇမာနံ ယေဝ၊ ထင်ရှားမရှိသည်သာလျှင်။ သမာနံ၊ ဖြစ်လျက်။ မဟာဇနေ၊ လူများ အပေါင်းတို့ကို။ ဝိဇ္ဇမာနံတွေဝ၊ ထင်ရှားရှိသည် ဟူ၍သာလျှင်။ ဂဏှာပေတိ၊ ယူစေ၏။ သတ္တာယဒိဋ္ဌိ ဒွါသဋ္ဌိဒိဋ္ဌိ တိဝိဓ မိစ္ဆာဒိဋ္ဌိနံ၊ နှစ်ဆယ်သော သတ္တာယဒိဋ္ဌိ၊ ခြောက်ဆယ့် နှစ်ပါးသော ဒိဋ္ဌိ၊ သုံးပါး အပြားရှိသော မိစ္ဆာဒိဋ္ဌိတို့၏။ ဝတ္ထုဘူတံ၊ တည်ရာဖြစ်၍ ဖြစ်သည်။ ဟုတွာ၊ ဖြစ်၍။ ဗာလဇနာနံ၊ မလိမ္မာသော သူတို့အား။ ဝဋ္ဋဒုက္ခတော၊ ဝဋ်ဆင်းရဲမှ။ နိယျာတုံ၊ ထွက်မြောက်ခြင်းငှာ။ နဒေတိ၊ မပေး။ ဟိသစ္စံ၊ မှန်၏။ သမ္မုတိသစ္စံ၊ သမုတိသစ္စာသည်။ ဧဝံဝိပရိတဥ္စ၊ ဤမျှလောက် ဘောက်ပြန်ခြင်း ရှိသည်ရင်း။ ဧဝံ မဟာသာဝဇ္ဇဥ္စ၊ ဤမျှလောက် အပြစ်ကြီးသည်ရင်း။ ဟောတိ၊ ဖြစ်၏။ ဣတိ၊ ဤသို့။ ဝေဒိတဗ္ဗံ၊ သိအပ်၏။ သတိမူပါ။ ။

(ဤအရာဝယ် အကျယ်ကိုလိုသူ၊ သဲဘောဖြူတို့မှာ၊ ပါဋ္ဌိအဋ္ဌကထာ ဒေသနာ သဘာဝ၊ အတိဂမ္ဘီရ ကိလိဋ္ဌကိုဝိနိစ္ဆယန္တုံးအဆုံးအဖြတ် နိဂုံးသတ်၍၊ ပြတော်မူအပ်သော၊ ဤပရမတ္ထ ဒီပနီဋီကာမှာ ပညာနှင့်သာ အခါခါယူပါ။ )

နေရုသမံပရမတ္ထ၊ ဋီကာဒိံ သုဋ္ဌုပိဋ္ဌယ။
မေဓိနီမသိယာ လိချံ၊ ပဿေ သသက်နိဋ္ဌယံ။ ။

နေရုသမံ၊ နေ ရု မ ည် သိ း ရွှေတောင်ကြီးမခြား အလားတူ ထသော။ ပရမတ္ထဋီကာဒိံ၊ ပရမတ္ထ ဒီပနီ ဋီကာကြီး အစရှိသော ကျမ်းကို။ သုဋ္ဌု၊ ကောင်းစွာ။ ပိဋ္ဌယ၊ ညှစ်ယူ၍။ မေဓိနီ၊ မသိယာ၊ တောင်ဆီမှင်ဆေးဖြင့်။ လိချံ၊ ရေးသား စီရင်အပ်သော။ သသက်နိဋ္ဌယံ၊ လ,ဝန်း ငွေရိပ် သကြားနှိပ်သည့် ယုန်ရေး တံဆိပ်နှင့် တူသော အဆုံးအဖြတ်ကို။ ပဿေ၊ ရှုရာ၏။

ဤမျှတည်းသာ၊ သမုဒ္ဒရာပြင်ကျယ်၊ ရေပင်လယ်မှာ၊ သွယ်သွယ်ရတနာ များလှစွာကို၊ လွယ်ခါမနှေး၊ လူတွေ ငွေးအောင် ယူ၍ပေးသို့ရှင်း။ မဟာပထဝီ ဤမြေဆီကို မြောက်ချီ ပြောင်းပြန်၊ ချက်ခြင်းလှန်၍၊ နိုင်ငံ မြို့ကျေး လူဘဝေးကို သုတ်သုတ်မနှေး ထုတ်ယူ ကျွေးသို့ရှင်း။ ထို့တူအညီ ဂမ္ဘီလေးဝ နယလေးဖြာ နက်ကျယ် စွာသော ဓမ္မကျန္ဓာ ဒေသနာမှ ဘွေရှာယူညှစ် သဘော နှစ်ကို စီစစ်၍ပြုအပ်သော ( သဘာဝဒီပနီ ) ဤတွင် ပြီးပြီ။ ။

တောင်ဆီ မှင်ဆေးဖြင့် ရေးပြုအပ်သော လ,ဝန်း ငွေရိပ် သိကြားနှိပ်သည့် ယုန်ရေး တံဆိပ်နှင့်တူသော

ဝင့်နခမ်းသတ် ဤကျမ်းမြတ်ကို ကျက်မှတ် သိမြောက် နိဗ္ဗာန်မှောက်သို့၊ ခုဘဝ နောက်ဘဝ ရောက်ကြပါစေ ကုန်သတည်း။ ။

ဤစာပြီးဖြစ် သက္ကရာဇ်ကား။ ၁၂၇၃-ခုနှစ် ပြာသိုလပြည့် ဗုဒ္ဓဟူးနေ့ နံနက်၊နေအထွက်တွင် ပြီးအောင်မြင်သည်၊ နတ်, လူ သာဓု = ခေါ် စေသောဝ်။ ။

**သဘာဝ ဒီပနီကျမ်း**

**ပြီး၏။**

ကျေးဇူးရှင် ကြောင်ပန်း ဆရာတော်ဘုရားကြီးထံ

# လျှောက်လွှာ။

မုံရွာမြို့ ဒိစတြိတ်နယ်၊ ကန်ပြားကြီး ရွာအရပ်၌၊ တရားဟောတော်မူခိုက်၊ အောက်စာရင်းပါ ဓမ္မဒါန ကုသိုလ်ရှင် ဒါယကာ-ဒါယိကာမ အများတို့က၊ သုံးလီဒွါရ၊ ပဏာမဖြင့်၊ သာစုတင်ချီ၊ အဉ္စလီကို၊ ရှင်ကြည်သဒ္ဓါ၊ လေးမြတ်စွာဖြင့်၊ ဟတ္ထာဆယ်ချောင်း၊ ထိပ်မှာလောင်း၍၊ ဦးခေါင်းညွှတ်ကျိုး၊ ရှိခိုးဝပ်တွား၊ အသနားတော်မြတ်ခံ လျှောက်ဝံ့ပါသည်။ စတုပါရိ၊ သုဒ္ဓိလေးဝ၊ မြူကင်း 'လ'သို့၊ ဆွဆွဖြူဆွတ်၊ ပွတ်သစ်သခေါ်၊ ကဲ့ပမာသို့၊ လေးဖြာပထ၊ ဣရိယာ၌၊ မျှတရှင်ပြုံး၊ သီတင်းသုံး နေထိုင်တော်မူပေသော၊ ကြောင်ပန်းတောရမှီ မဟာထေရ် အရှင်သူမြတ်ဘုရား။ ။

ဘုရားတပည့်တော်တို့အား၊ မဟာပထဝီ အောက်မြေ ဤကို၊ မြောက်ချီပြောင်းပြန်၊ ချက်ခြင်းလှန်၍၊ နိုင်ငံမြို့ကျေး၊ လူတဝေးကို၊ ကျွေးမွေးသည့်ဟန်၊ ဉာဏ်ဖြင့်မြင်သိ၊ အတိဝိသိဋ္ဌ၊ သဘာဝအချက်၊ တရားနက်တို့ကို၊ ဉာဏ်စက်မြမြ၊ ကိုယ်တော်တိုင် ယှသကဲ့သို့၊ များလှကုန်စင်၊ လူရှင်ပေါ်ရယ်၊ အသွယ်သွယ်တို့ အားလည်း၊ အလွယ်တကူ နည်းယူကျနယ့်ကြီးယှစေ၊ မေတ္တာတော်ချွေပြီးလျှင်၊ သုံးထွေသော လောကာ၊ ရုပ်နှင့်နာမ် သဘာဝကို၊ တကာ-တကာမ တစုတို့ ကျင့်မှတ်လို၍၊ မြင့်မြတ်သည့် ရိန္ဒမာ၊ ကျမ်းရွှေစာကို၊ တသက်လျာအဆုံး စွဲကာ သုံးလိုပါသောကြောင့်၊ တရားတည်းဟူသောရွှေမိုးဃ်း၊ ထစ်ကျိုးသွန်းချတော်မူပါမည့်အကြောင်း ဆယ်ချောင်းလက်စုံ၊ ရွှေကြာငုံကို၊ သာစုံ တင်မြှောက်၊ လျှောက်ဝံ့ပါသည် မဟာထေရ် အရှင်သူမြတ်ဘုရာ ။ ။

နမော တဿ၊ ဘဂဝတော၊ အရဟတော၊
သမ္မာ သမ္ဗုဒ္ဓဿ။

# သုံးလောကာ ဓိပတိကျမ်း။

မာဝေါ ခဏံ ဝိရာဓေထ၊ ခဏာတီတာဟိ သောစရေ။
သဒ္ဒေဝ ါယမေယျာထ၊ ခဏောဝေါ ပဋိပါဒိတော။
( အပါဒါန် ပါဠိတော် )

ဘောန္တော၊ အိုသူတော်ကောင်းတို့။ ဝေါ၊ သင်တို့သည်၊ ခဏံ၊အရိယသစ္စာ သာသနာဓမ္မ မြတ်ခဏကို။ မာဝိရာဓေထ၊ချော်လွန်၍မျှား မသွားကြစေ ကုန်လင့်။ ဟိ၊ အဘယ့်ကြောင့်နည်း။ ခဏာတီတာ၊ ခဏကို လွန်ကုန်သော သူတို့သည်။ သောစရေ၊ တောက်ခေါက်နောင်တပူပန် စိုးရိမ်ရကုန်၏။ သဒ္ဒေ၊ ကိုယ်ကျိုး ကိုယ်စီးပွားဌ်။ ဝါယမေယျာထ၊ လုလ္လမယုတ် အရအမိ ကြိုးကုတ်၍ အားထုတ် ကြကုန်ရာ၏။ ဝေါ၊ သင်တို့အား။ ခဏော၊ ဗုဒ္ဓုပ္ပါဒ မြတ်ခဏသည်။ ပဋိပါဒိတော၊ ယခုဘဝ ခုခဏဌ်၊ ဆိုက်ရောက် ရရှိကြပြီ။ ။

**လိုရင်းမှာ။** ။ဘဝများစွာ၊ကမ္ဘာဘာက၊သံသာရ ဝဋ္ဋဒုက္ခတော မောစနတ္ထာယ၊ အာသီသနှင့်၊ ဒါန, သီလ စသော စရဏာစု၊ ကုသိုလ်မှုတို့ကို ပြုစုကျိုးစား၍ အားထားခဲ့ကြသည့်အတိုင်း၊ယခုဘဝ၌ အရိယာသစ္စာ၊ သာသနာဓမ္မ၊ မြတ်သမယနှင့် တွေ့ကြုံဆိုက်တိုက် ရရှိကြပြီ။ ခုဘဝ-ခုနေ့၊အလိုပြည့်၍၊ကိုယ်တွေ့ ကြုံရသော၊ ဒုလ္လဘအခါ၊ အရိယာသစ္စာမှာ၊ သုံးဖြာသော ဘုံအတွင်၌ သွတ်တတ်သော လောဘဟိတ် စိတ်တဏှာကို၊ ပယ်ခွါရမည်ဟု အနိစ္စ, ဒုက္ခ, အနတ္တ, လက္ခဏာ၊ ဝိဇ္ဇာသုံးဝ၊ ဆုံးမတော် မူအပ်သော အရိယာသစ္စာ၊ သာသနာဓမ္မ၊ မြတ်ခဏာမှာ....

သဟာဿမပိစေ ဝါစာ၊ အနတ္ထပဒသဉှိတာ။
ဧကံ အတ္ထပဒံသေယျော၊ ယံသုတွာဥပသမ္မတိ။

( ဓမ္မပဒပါဠိတော်။ )

အနတ္ထပဒသဉှိတာ၊ တောဘွဲ့၊ တောင်ဘွဲ့၊ အကျိုးမဲ့မျှ၊ သမုဒယပုဒ်နှင့် စပ်သော။ ဝါစာ၊ စကားသည်။ သဟာဿမပိ၊ပိုဒ်ပေါင်းတထောင်များမြောင်စွာရှိသည်လည်း။ စေဟောတိ၊ အကယ်၍ ဖြစ်အံ့။ ပါပိကာ၊ ယုတ်မာစွာ၏။ ယံ၊အကြင်ပုဒ်ကို။သုတွာ၊ ကြားနာသည်ရှိသော်။ ဥပသမ္မတိ၊ ကိလေသာမှငြိမ်း၏။ တံအတ္ထပဒံ၊

ထိုကိလေသာ ကုန်ပြီးရာ အနက်ပါသော အရိယသစ္စာ ဝိဇ္ဇာပုဒ်သည်။ ဇော်ပိ၊တပုဒ်ပင် ဖြစ်သော်လည်း။ သေယျောမြတ်၏။

လိုရင်းက။ အရိယသစ္စာ ဤသာသနာတော်ခဏမှာ၊ ဝစီကာယနှင့် ဒါန,သီလစသော စရဏကုသိုလ်မှုတို့ကို ပြုကြသောအခါ၊ မနောကံအရာ၊ ဝိပဿနာဟု၊ ဝိဇ္ဇာမှု မပါလျှင် အနတ္တပုဒ်အရ၊ လောဘဟိတ်နှင့် ပြုကြသမျှ၊ သမုဒယမှာ၊ ဒုက္ခသစ္စာ ဖြစ်စရာချည်းသာဟု သိရာ၏။ အဘယ့်ကြောင့်နည်း။ ရှေးရှေးသော သူတော်ကောင်း အလောင်းတော်ဟူသမျှတို့၏ ဝစီကာယမနအမှု၊ ဒါန, သီလ,စသော စရဏ၌မှာ ဝိပဿနာဟု၊ ဝိဇ္ဇာမှုနှင့် သမုဒယသစ္စာ၊ လောဘဟိတ် တဏှာကို ပယ်ခွါ၍၊ မဂ္ဂသစ္စာဟု ပွားများမှုနှင့် ပြုအပ်သော ကြောင့်သာ ဥပသမဓာတ်ပေါ်လာသော နိရောဓသစ္စာမြတ်ပရမတ် ကိုသာ နိဗ္ဗာန် ဆိုသည်။ ထိုအနုသယမျှ၊ သမုဒယ၊ လောဘဟိတ်မြို၊ကုန်ငြိမ်းသောဥပသမ၊ နိရောဓဓာတ်၊ အမြတ်စစ်စစ်၊ပရမတ်နှစ်က၊ သုံးလူ့သင်းကျစ်၊ ဘုရားဖြစ်မှ၊တရားစစ်ပေါ်လာသော ဝိဇ္ဇာဝိမုတ္တိ၊သစ္စိကိရိယ အရိယသစ္စာ၊ ဒေသနာတော်မြတ်မှာ သဗ္ဗဓမ္မာ အနတ္တာ၏အရ၊ အစစပညတ်၊ ပရမတ် ရှိသမျှ၊ သုံးလောကဥဿုံ၊ အတ္တမြိုသည့်၊သုညခါတ်ချည်းသာ မှတ်ရမည်။

ထို့ကြောင့်....။ သံယုတ်ပါဠိတော်၌
သုညမိဒံ အတ္တေနဝါ အတ္တနိယေနဝါ၊
တသ္မာ သုညောလောကောတိ ဝုစ္စတိ။
ဟု ဟောတော်မူ၏။

ဣဒံ၊ ဤလောကသည်။ အတ္တေနဝါ၊ ငါဟူသော အတ္တမှရင်း။ အတ္တနိယေနဝါ၊ ငါ့ဥစ္စာမှရင်း။ သုညံ၊ ဆိတ်၏ သုဉ်း၏။ တသ္မာ၊ ထို့ကြောင့်။ လောကော၊ လောကကို။ သုညောတိ၊ သုဉ်း၏ဟူ၍။ ဝုစ္စတိ၊ ဟောအပ်၏။

ထိုဒေသနာတော်မြတ်က၊ ဖြစ်ပျက်သဘောမျှ၊ ဤလောကသည်၊ ရုပ,သုဘ,သုခ,အတ္တ, သာရသုဉ်းအပ်၊ သုညဓာတ်၊ပရမတ်ဘာသာ၊ သူ့ဓမ္မတာကို၊ ကုသလာဓမ္မာ, အကုသလာဓမ္မာ, အဗျာကတာ ဓမ္မာဟု ဟောတော်မူသည်။ ထိုတွင် ကုသလာဓမ္မာ၏အရ၊ကုသိုလ်ဟုဆိုအပ်သောသင်္ခါရ၊သယံဇာတ၊အနိစ္စဓာတ်၊သမုဒ္ဒါန်တရား ပဲ့တင်ခတ် အလားကဲ့သို့၊ ဖြစ်ပွား ပေါ်ရှိပုံကို သိသာရုံမျှ သဲလွန်စကိုပြမည်။

ဒါနတခုကို ပြုသောသူသည် မိမိ၏ အကျိုးစီးပွား၊ သတ္တဝါ အများ အပြားတို့၏ အကျိုးစီးပွားကို ပြုကျင့်သည်မည်၏။

**အကျိုးစီးပွား ဟူသည်ကား။** ။သတ္တဝါများကို အပါယ်လေးပါးမှ ထုတ်ဆယ် ကယ်တင်သည်မည်၏။

သတ္တဝါတို့အား လူနတ်တို့ စည်းစိမ် ရိပ်ငြိမ်ချမ်းသာကို ရရာရကြောင်းအမှုကို ပြုကျင့်သည်မည်၏။မည်ပုံကား။ ထိုဒါနရှင်သည် ဖြစ်လေရာရာ ဘဝတိုင်း ဘဝတိုင်း တို့၌ မြင်မြင်သမျှ တွေ့တွေ့သမျှသော သတ္တဝါ အများ အပြားတို့ကို ထိုသဒ္ဓါစေတ် ပရမတ် ကုသိုလ်ဟိတ်က တံဆိပ်ရိုက်မှန်ပြ၍ (ဥပမာန) သံလိုက်နှင့် အပ်ထုပ်ကို မအုပ်ပဲ ပြသကဲ့သို့၊ ဟဒယရုပ်စေတ်မှာ ပဲ့တင်ခတ်ဆူ လွှမ်း၍ လှူဒါန်းချင်ရ,ပေးကမ်းချင်ရ, ကုသိုလ်ဆိုသော သဝ်ါရ အနိစ္စစေတ် သဒ္ဓါပရမတ် သမုပ္ပါဒ်နည်းက မီးကူးသည့် ပမာဏ၊ ကောင်းကင်ထိပ်က နိမိတ်ပြ၍ ကျိတ်ထသလို၊ သဒ္ဓါစိတ်ကြွ အနိစ္စဆူလွှမ်း၍ လှူဒါန်း ပေးကမ်း ကြလေကုန်၏။

ထို ပဌမဒါနရှင်ကို လှူဒါန်းပေးကမ်းကြသူ၊ ဒုတိယ ဟူဟူ သမျှတို့သည်လည်း ဥပနိဿယ သတ္တိထူးဖြင့် ကျေးဇူးပြုအပ်သော ကုသလ သမုပ္ပါဒ်၊ တံဆိပ်ခတ်၍၊ သဒ္ဓါစေါ်သော အနိစ္စစေတ်၊ မီးကူးအပ်သို့၊ ပရမတ် ပွားစီး၊ ဒါနရှင်ချည်းပင် ဖြစ်ကြပြန်လေကုန်၏။ ထို့တူ မခြား တတိယ, စတုတ္ထ, အစရှိသော ဟေတုပစ္စယ၊ သဘာဝမဆုံး၊တလောကလုံးအား သဒ္ဓါစေတ်ပရမတ် တရား၊ မီးကူးသည့်အလားကဲ့သို့၊ အဆင့်ဆင့် ပြန့်ပွား၊ နှံ့ပြား ဖြစ်ရှိပုံကို၊ အကုန်မှန်တင်၊ ဉာဏ်ကုန်နှင်၍ မြင် ကြလေ။

မြင်ကြပုံမှာ။ ဒါနမှုပြုသောအခါ မိမိအကျိုးမျှကိုသာ သိကြ၍ ပြုရသည်ထက်၊ သတ္တဝါ အများတို့၏ ဟိတ ရှုယ်ကိုး၊ အကျိုးစီးပွား၊ ကုသိုလ်တရား ဖြစ်ပေါ် ပေါက်ပွား၊ အများ ရှိကြသည်ကို ပီတိပါမောဇ္ဇတရား ပွားများမှုနှင့် ပြုရလျှင် အတ္တ, ပရ၊ ဒိဋ္ဌသမ္ပရာ၊ နှစ်ဖြာ နှစ်ဦး၊ ကျေးဇူးမဆုံး၊ တလောကလုံး၏ ကုသလမှု၊ ဟေတုပစ္စယ၊အာနိသံသ အမျိုးမျိုး၊ကျိုးရင်း ကျိုးဖျား၊ အလွန်ပင် ပွားများမှု အာသီသနှင့် ပြုကြရမည် ဟူလိုသည်။

လိုရင်းမှာ။တယောက်သောသူက တကြိမ်မျှပြုရသော ဒါနမှုကုသိုလ်သည် သတ္တဝါအများအပြားတို့၏ သန္တါ ဆိုသော ကုသိုလ်တရား၊ အလွန်ပွားစီး၊ ပဋ္ဌာန်းနည်း၊ သမုပ္ပါဒ်နည်းက ဧကတ္တ၊ နာနတ္တ၊ အဗျာပါရ၊ ဧဝံ ဓမ္မတာ၊ သယံဇာ ဟူသော သံသရာမှာ၊ တံထွာအနှုန်း၊ မျှော်မဆုံးအောင်၊ တရန်းရန်း သဘာဝ အနိမိတ္တ, အနိစ္စက အတိထာဝရ ကြီးကျယ်လှ၏ဟု သိကြရမည် ဟူလိုသည်၊

ဤကဲ့သို့ ဒါန၏ပမာဏနှင့် သီလစသော သဘာဝ ထိုထို၊ ကုသိုလ်ဆိုသမျှ သင်္ခါရတို့ကိုလည်း စေ့စေ့ စုံစုံ၊ အကုန်မြော်ကြည့်၊ သိမြင်ကြစေ၊ ဉာဏ်ကဝေတို့။

ဤနည်းပမာဏာ၊ သဲလွန်စနှစ်၊ အကုသလာဓမ္မာ၊ ဒေသနာအရ၊ အနိစ္စခေတ်၊ ပရမတ်မှာလည်း၊ မိမိတခု၊ မကောင်းမှုကို၊ အကြောင်းပြု၍၊ သတ္တဝါများ၊ အပါယ်လားခြင်း၊ အသက်တိုခြင်း၊ ရောဂါများခြင်း၊ ဥစ္စာစီးပွား ပျက်ပြားတော်မှတ်ခြင်း၊ အစရှိသော အကုသိုလ်ဖြစ်ပွား၊ လောကကြီးအား နှိပ်စက်မှုကလည်း ဥပနိဿယပစ္စည်း၊ ပါပကမ္မ၊ ပါပခေတ်၊ သမုပ္ပါဒ်မှာလည်း သံလိုက်နှင့်အပ် ပဲ့တင်ခတ်တံဆိပ်နည်း၊ မိုးကူးသည့် ပမာဏာ၊ အနိမိတ္တ၊ အနိစ္စခေတ်၊ ပရမတ်ကို၊ နှံ့စပ်ကုန်စင်၊ ဉာဏ်ကုန်နှင်၍ မြင်ကြလေ။ ။သတိမူပါ။

သဘောအရာ ဘယ်စာမဆို စာကိုကြည့်သော ခဏမှာ မိမိအလိုမျှနှင့်သာ မကြည့်ပါနှင့်။ စာ၏အလို သဘောကိုသာ ပညာနှင့်ထိမိ၊ပိုင်ပိုင်ကြီး သိကြအောင် အခါခါကြည့်ရမည်။ သို့မှသာ ထိုစာပြသောသဘာဝကို ပြာကြအောင်ထိမိ အဟုတ်သိမည်။

( မသိစွမ်းခင်၊ သိပြီးထင်၍၊ ပုထုဇ္ဇန်လမ်း၊ သဘောတမ်းဖြင့်၊ ဒိဋ္ဌိအစွမ်း၊ တဏှာမာန၊ ဂါဟဖမ်း၍၊ ချီးမွမ်းလိုနှိပ်၊ ခြည်ဆောင်ရိတ်၊ ငြိတ်သောစိတ်တို့ကို ပိတ်ဆို့ပယ်ရှား၊ သတိထား၍၊ တားမြစ်ကြပါလေ၊ ဉာဏ်ကဝေတို့။ )

ယာနိသောတာနိ လောကသ္မိံ၊ သတိတေသံ
နိဝါရဏံ။ သောတာနံ သံဝရံ ဗြူမိ၊ ပညာယေတေ
ပိဓိယရေ။

လောကသ္မိံ၊လောက၌။ ယာနိသောတာနိ၊အကြင် အဝိဇ္ဇာတဏှာ ကိလေသာ ရေအယဉ်တို့သည်။သန္တိ၊ ရှိကုန်၏။ သတိ၊သတိသည်။ တေသံ၊ထိုကိလေသာ ရေ အယဉ်တို့ကို။ နိဝါရဏံ၊ ဆည်းကန့်ခွါပစ် တားမြစ် ခြင်းတည်း။ သောတာနံ၊အဝိဇ္ဇာတဏှာ အစဖြာသော ကိလေသာ ရေအယဉ်တို့ကို။ သံဝရံ၊ သမုစ္ဆေဒ၊ပဟာ နဖြင့်၊ တစမကြွင်း၊ ပိတ်ဆို့ခြင်းကို။ ဗြူမိ၊ ဟော၏။ ဧတေသောတာ၊ ထိုကိလေသာ ရေအယဉ်တို့ကို။ ပညာယ၊မဂ်ပညာဖြင့်။ပိဓိယရေ၊ပိတ်ဆို့အပ်ကုန်၏။

လိုရင်းမှာ။ တဒင်္ဂ၊ဝိက္ခမ္ဘန၊သမုစ္ဆေဒ၊ ပဟာနဖြင့်၊ ပိတ်ဆို့ပယ်ရှား၊ သတိထား၍၊ တားမြစ်ပုံမှာ၊ သီလ သမာ၊ ပညာခေါ်သော သိက္ခာ၊ သာသနာတော် မြတ်ကြီး သုံးပါးတွင် သက္ကာယဒိဋ္ဌိ၏ အစီးအပွား၊ ဒုစ္စရိတဝီတိက္ကမကိုပိတ်ဆို့ပယ်ရှားတားမြစ်အပ်သော သီလက္ခန္ဓ မဂ္ဂင်သုံးပါး ဟူသည်ကား - "ပါဏာတိ ပါတာ ဝေရမဏီ၊ အဒိန္နာဒါနာ ဝေရမဏီ၊ ကာမေသု မိစ္ဆာစာရာ ဝေရမဏီ" ဟူသော ကာယဒုစရိုက် သုံး ပါးကို ပယ်ရှား တားမြစ်ခြင်းသည် သမ္မာကမ္မန္တမဂ္ဂင်

မည်၏။ ။"မုသာဝါဒါ ဝေရမဏီ၊ ပိသုဏာ ဝါစာ ဝေရမဏီ၊ ဖရုသဝါစာ ဝေရဏီ၊ သမ္ဖပ္ပလာပဝါစာ ဝေရမဏီ" ဟူသော ဝစီဒုစရိုတ်လေးပါးကို ပယ်ရှား တားမြစ်ခြင်းသည်၊ "သမ္မာဝါစာမဂ္ဂင်" မည်၏။

ဤဒုစရိုက် ခုနစ်ပါးတို့ကို တဒင်္ဂပဟာန်၊ ဝိက္ခမ္ဘန ပဟာန်၊ သမုစ္ဆေဒပဟာန် အားဖြင့်၊ ပယ်ရှား တား မြစ်၍၊ကောင်းစွာ အသက်မွေးခြင်းသည်၊သမ္မာအာဇီဝ မဂ္ဂင်မည်၏။ဤသမ္မာဝါစာ၊သမ္မာကမ္မန္တ၊သမ္မာအာဇီဝ ကိုပင် သီလက္ခန္ဓမဂ္ဂင် ခေါ်သည်။ သမာဓိက္ခန္ဓမဂ္ဂင် ခေါ်သော 'သမ္မာဝါယာမ၊သမ္မာသတိ၊သမ္မာ သမာဓိ' ဟူသော မဂ္ဂင်သုံးပါးဖြင့် သက္ကာယဒိဋ္ဌိ၏ အစီးအပွား၊ မနောဒုစရိုက် သုံးပါး၊ ပရိယုဋ္ဌာနတရားကို ပယ်ရှား တားမြစ်ခြင်းငှါ၊စိတ်သညာသိ၊အာနာပါနအစရှိသော ပညတ်သဘာဝ သမထကို လုပ်လိုလျှင် သမာဓိခိုင်မြဲရုံ မျှသာ အားထုတ်ရမည်။

ပညာက္ခန္ဓာမဂ္ဂင်ခေါ်သော သမ္မာဒိဋ္ဌိ၊သမ္မာသင်္ကပ္ပ ဤမဂ္ဂင် နှစ်ပါးဖြင့် ရုပ်နာမ်ဒုက္ခ အနိစ္စ၏ သမုဒယ ဖြစ်သော လောဘဟိတ် အနုသယကို ပယ်ရှားတားမြစ် ခြင်းငှာ၊ပညာတရားက၊ဤသည်ကား-ဝိဇ္ဇာနန်, သညာ နန်၊ စိတ်သညာခေတ် သိမှတ်အပ်သော ပညတ်တရား၊ ဤသည်ကား၊ ပဇ္ဇာနန်၊ ပညာမှသာ၊ သိမြင်ရာသော

သင်္ခတဓာတ်,အသင်္ခတဓာတ်၊ပရမတ်တရားဟု၊ ကွဲပြား ထိမိ၊အဟုတ်သိလျှင်၊ကျင့်,ကြံ၍,သိ-မသိ၊ဝိသုဒ္ဓိခုနစ်ပါး ဝိပဿနာတရားဟု၊အခြားမရှိ၊ အနတ္တ,ပရ,ရိတ္တ,တုစ္ဆ, သုည၏အရ၊အရိယသစ္စာ ဝိပဿနာခဏမှာသာ ပညာ မြင်ဟုတ်နည်းက၊ လုပ်-မလုပ်လည်း၊ အချည်းနှီးဟု ပြီးစီးပါ၏။

ဤအရာမှာ အရိယသစ္စာ သာသနာတော်မြတ် ပေါ်အခါသော အခါကိုသာ မြော်ပါ။သိသာစေအံ့။ဤ အချည်းနှီး ပြီးစီးသည်မှာ ဘုံသုံးရွာကို မြို့ပါချီ၍ပြမည်။ စ,ဆုံးမရ၊ ကေတ္တ၊ နာနတ္တ၊ အဗျာပါရ၊ ဝေံဓမ္မတာ၊ သယံဇာဟူသော၊သံသရာဓမ္မ၊တည်ထောင်သည်မှစ၍၊ ယနေ့သို့ကျအောင်၊အလေ့ဘာသာ၊အာရုံဓမ္မ၊အနိစ္စမှာ ရသရှာသည့်၊ တဏှာတြို၊ အာရမ္မဏိက ခေါ်သော စိတ်အလိုမျှကိုသာ ဇူဋ္ဌာ နိဋ္ဌဟု အနိစ္စ၏ အရိပ်မျှကိုသာ နိမိတ်ဆိုသည်။ လိုရင်းက။ အာရုံအာရမ္မဏိက အတ္တ ပစ္စယ၏ သတ္တိမျှကို သန္တတိ, သမူဟ, သဏ္ဍာနပညတ် ဟူသော အရိပ် နိမိတ်မျှကိုသာ တင့်တယ် ဘွယ်ရာ၊ မင်္ဂလာသုဘ၊သုခဣဋ္ဌဟု၊အနိစ္စဓမ္မ၊စိတ်အလိုမျှ တွေ့ကြုံ ခံစားခဲ့ကြသော သုခဆူကြွ ဟူသမျှတို့သည်၊ယခုနေ့,ည အိပ်မက်ချင်၍မှ ရှာတာမရ အချည်းနှီးတွေချည်း ဖြစ်ခဲ့ ကြပြီ။ ( ဤ အ ရာ က ဉာဏ် စူး ဉာဏ် ယှ ဉာဏ်ကြီး လိုလှသည်။ )

ဤပစ္စုပ္ပန်၊ ရုပ်နာမ်ရှိသမျှ၊ ဝိသယမဆုံး၊ တလောကလုံးလည်း၊ ဓုဝ, သုဘ, သုခ, အတ္တ, သာရကင်းပြီး၊ ဖျင်းသိမ်နည်းသည့် အချည်းနှီးတွေချည်းသည်သာလျှင်တည်း။ သတိထား။ ယခုကစ၍၊ပရမတ်တံထွာ၊ ဤဟာဗျာပါရစု၊ကာယကံ,ဝစီကံ,မနောကံမှု ပြုကြလတံ့သောကုသလာ ကုသလ၊ အနတ္တခေတ်၊ ပရမတ် အနန္တက၊ တအုံးအုံး အနိစ္စ ဒုက္ခ သဘော၊ မသုဉ်းအပ် မဆိတ်အပ်သောအနာဂါတ်သံသရာကြီးမှာလည်း အချည်းနှီးတွေချည်း ဖြစ်လတံ့သည်သာတည်း။ ဤ တိတ်နာဂတ်၊ ပစ္စုပ္ပန်မှာလည်း၊ အချည်းနှီးမျှ၊အနိစ္စခေတ်၊ သမုပ္ပါဒ်ရောင်၊ ဒုက္ခနှောင်တဲ့၊ သုံးဆဲ့တဆောင်၊ ဘုံပြောင်ပြောင်မှာ၊ လောင်စာရဲသည့် ရုပ်နာမ်ခပဲ တုစ္ဆခဲမို့၊ အနဲနဲဒုက္ခစု၊ရှိတ္တသဘော မမြဲသော အနိစ္စမှုတွေကို—

စက္ခုဘိက္ခဝေ အာဒိတ္တံ၊ ကေနအာဒိတ္တံ၊ ရာဂဂ္ဂိနာ အာဒိတ္တံ၊ဒေါသဂ္ဂိနာအာဒိတ္တံ၊မောဟဂ္ဂိနာအာဒိတ္တံ ဇာတိယာ ဇရာယ မရဏေန။ ။အစရှိသော အာဒိတ္တသုတ္တန်ကို အဖန်ဖန်မြွက်ပါ။

ပြဆိုခဲ့သော အရိယသစ္စာ ဤအရာ ဝိပဿနာပုဂ္ဂိုလ်မှာ-“ အတီတံနန္ဝာဂမေယျ၊ နပင္ခိကင်္ခေအနာဂတံ။ ” မုက္ခမံလာ ပစ္စုပ္ပန်သတ္တဝါကိုသာလိုရင်းပါပေတည်း။ ထိုသတ္တဝါတို့၏ သန္တာန် မှာမှလည်း မိမိ၏ အဇ္ဈတ္တသန္တာန်ကိုသာလျှင် လိုရင်းဆုံးကြီး ပါပေတည်း။ ။

သို့သော်လည်း အနိမိတ္တ,အပဏိဟိတ,သုညတ, တရားတို့ကိုများစွာထူးချွန်၊အလွန်သိထင်၊မြင်လွယ်စေခြင်းငှါ ကာလသုံးဖြာ ဘုံသုံးရွာကို မှီပါချိ၍ ပြလိုက်ပေသည်။ ဤအရာတွင် အရှင်ဝပ္ပ ရဟန္တာဖြစ်စက ဥဒါန်းမြွက်ဟ တော်မူသော အရာမှာ၊ (ထေရာအဋ္ဌကထာ၌)

ပဿတိ ပဿောပဿန္တံ၊ အပဿန္တဉ္စ ပဿတိ။
အပဿန္တော အပဿန္တံ၊ ပဿန္တဉ္စ နပဿတိ။

ပဿော၊ မြင်သောသူသည်။ ပဿန္တဉ္စ၊ မြင်သောသူကိုလည်း။ ပဿတိ၊မြင်၏။ အပဿန္တဉ္စ၊မမြင်သောသူကိုလည်း။ပဿတိ၊မြင်၏။ အပဿန္တော၊ မမြင်သောသူသည်။အပဿန္တဉ္စ၊မမြင်သောသူကိုငင်း။ ပဿန္တဉ္စ၊ မြင်သောသူကိုငင်း။ နပဿတိ၊ မမြင်။

**အဓိပ္ပါယ်မှာ။** ။မျက်စိ အမြင်ရှိသော သူမှသာ၊ သူတပါးမျက်စိ ရှိ မရှိ၊ မြင် မမြင်ကို သိမြင်သည်။အမြင်မျက်စိမရှိသူက နေ, လ, ကိုပင် မမြင်ရ၊ မြင်ကြသူတို့ကို ပြောပြလျှင်နေ. လကိုငင်း။ထိုမြင်သူတို့၏ မျက်စိကိုငင်း။ မေ၍ကြည့်သော်လည်း မိမိမှာမြင်စရာမျက်စိ မရှိ၍ပင် မမြင်သကဲ့သို့ မှတ်လေ။ လိုရင်းက – ပဇာနန အပြားအားဖြင့်၊အကြွင်းမဲ့ မြင်အပ် ပညာခေါ် ပရမတ်မျက်စိ ရှိသောသူမှသာ သူဘပါးတို့ မှန်မှားသော တရား သိ-မသိ မြင် မမြင်ကိုပင်၊ သိမြင်ယုံကြည်နိုင်သည်။

ထို့ကြောင့်—

သုဒုဒ္ဒသံပိပဿန္တိ၊ ပဏ္ဍိတာ ဓမ္မကောဝိဒါ။
သုဒုဗ္ဗောဓံပိ ဗုဇ္ဈန္တိ၊ ဝိညူနေ ဝ အတ္ထကောဝိဒါ။
ဟု၊ သိမြင်ယုံကြည်ရမည်။ ။

ဓမ္မကောဝိဒါ၊ အကြောင်းတရား၌ လိမ္မာ ကြကုန်သော။ ပဏ္ဍိတာ၊ ပညာရှိတို့သည်။ သုဒုဒ္ဒသံပိ၊ အလွန်မြင်နိုင်ခဲသော တရားကိုလည်း။ ပဿန္တိ၊ မြင်ကြကုန်၏။ အတ္ထကောဝိဒါ၊ အကျိုးတရား၌ လိမ္မာကြကုန်သော။ ဝိညူနော၊ ပညာရှိတို့သည်။ သုဒုဗ္ဗောဓံပိ၊ အလွန်သိနိုင်ခဲသောတရားကိုလည်း။ ဗုဇ္ဈန္တိ၊ သိကြကုန်၏။

လိုရင်းက - ပညတ်နှင့်တကွ၊ ပရမတ္ထ သဘာဝ တရားကို အပြားအားဖြင့် ပဇာနနအလင်း အကြွင်းမဲ့သိ ပညာရှိသူမြတ်တို့မှ၊ ပိုင်းခြားကုန်စင် သိမြင်တော်မူအပ်သော အသာရကဋ္ဌ,အသာမိကဋ္ဌ,အဝသဝတ္တနဋ္ဌ, အနက်မျှဖြစ်သော အနတ္တ၊ ပရရိတ္တ၊ တုစ္ဆ၊ သုညခတ်၊ ဆတ်ဆတ်သော ပရမတ်နှင့် ပညတ်တရား ၂ပါးနှစ်ပါး တွင်၊ ပညတ်ဆိုသည်ကား-အထက်နှင့်အောက်၊ ရှေ့နှင့် နောက်၊ တောင်မြောက် စသည်တို့မှာ၊ ပျက်ကွက် ဘောက်ပြန် တတ်သောကြောင့် ပညတ်ဆိုသည်။

ဘောက်ပြန် ပျက်ကွက် ပုံကား - "လေးကျွန်းလုံး မြောက်၊ မြင့်မိုရ်ဆောက်" စကား၌၊ မြောက်သို့

သွားလေရာ၊ မြင့်မိုရ်ထိပ် သို့ စိတ်ရောက် သောအခါ၊ မြောက်ခေါ်စရာမရှိ ဘောက်ပြန်ဘိ၍၊ ကြည့်လေရာရာ ရှစ်မျက်နှာမှာ တောင်အတိသာရှိလေရာ၏။ ဤမြင့်မိုရ် ထိပ်မှဆင်း၍တဘန် သွားပြန်လေရာ၊ဒုတိယစကြာဝဠာ အတွင်းသို့ပေါက် စိတ်ရောက်သောအခါ မြောက်ခေါ် စရာ ပေါ်၍လာ၏။

**ဤတူပမာကား။** တတိယ၊စတုတ္ထအစရှိသော စကြာ ဝဠာအနန္တ ဝိသယမဆုံး တလောကလုံးအား မြင်ကြား ကြံသိ အစရှိသော ဝိဇာနန်၊ သညာနန်၊ စိတ်သညာမှာ လိမ္မာတတ်သိ ပညတ်ရှိဘူသမျှ အစစ ဘောက်ပြန်ပုံကို အကုန်မြော်ကြည့် သိမြင်ကြစေ။

**ဝိပဿနာလုပ်သောသူတို့သတိမူရန်မှာ။** နိသတ္တ၊ နိဇ္ဇီဝ၊ ရုပ်နာမ်သင်္ခါရ အမှုအရာ ကြိယာမျှ၊ အနိမိတ္တ အနိစ္စလျှင်၊အစဉ်ဆက်စပ် မျှင်မပြတ်ကို သန္တတိပညတ် ဆိုသည်။ ဤအနိစ္စ သဘာဝခပဲ အနဲနဲတွေ၊ လေ,ရေ, မြေထု၊ ကြောင်းကျိုးမှုစပ် အတ္တိပစ္စယ ခတ်သဘာဝ ပေါင်းစုမျှကို၊ သမူဟပညတ်ဆိုသည်၊

ဤသဘာဝအနိစ္စပေါင်းစု ကြောင်းပြုအတ္တိ၊ ပစ္စယ သတ္တိ၊ စရှိစုံပြန်လျှင်၊ လူပုံ,နတ်ဟန် တိရစ္ဆာန်စသော ပုံဟန်သဏ္ဍာန် မှန်သမျှကို၊ 'သဏ္ဍာနပညတ်'ဆိုသည်။

ဤသို့စသည်ဖြင့် ခေါ်ဝေါ်အပ်သော ဓမ္မပုဒ္ဓ အဘွဲ့ ပညတ်စုကို ခေါ်ဝေါ်ကြောင်းမည်နာမနှင့်၊သိကြောင်း ခြင်းရာ ပရမတ်စဉ်လာ၊ သညာ မှတ်အပ်သော သဒ္ဒ ပညတ်မှုက ခုခံ၍နေတတ်သည်။(သတိထား)။

**ပရမတ်ဆိုသည်ကား။** စိတ်၊ စေတသိက်၊ ရုပ်၊ နိဗ္ဗာန် လေးတန်က မဖောက်ပြန်တတ်၊ မြဲမှန်အပ်၊ မြတ်သော ကြောင့်၊ ပရမတ် ဆိုသည်။ မဖောက် မပြန် မြဲမှန်ပုံက 'ရုပ္ပတိတိ ရူပံ' အရ၊ အတည်မမြဲ ဆင်းရဲစွာလှ စိုးမရ၍ ဖောက်ပြန်သော အနိစ္စ သဘောမျှကို ရုပ်ဆိုသည်။ ထိုရုပ်သည် တိတ်,နာဂတံ,ပစ္စုပ္ပန်ဟူသော တသံသရာ လုံးမှာ တရံတခါမျှ အနိစ္စသဘော မမြဲသောအချက်က ပျက်ကွက်ခြင်းမရှိဘဲ၊ သီတ, ဥဏှ, စသည် ခပဲကြောင့် တဖောက်ပြန်ထဲ ဖောက်ပြန်၊ တမမြဲထဲ မမြဲသော သဘောအလျဉ်သည်၊ အစဉ် ထာဝရ မြဲမှန်အပ် မြတ် သောကြောင့် ထိုရုပ်ဓာတ်ကို ပရမတ် ဆိုသည်။

ထိုရုပ်ဓာတ်မှာလည်း'မာ'ဟူသောပထဝီသဘောက ဘဝကမ္ဘာ အသင်္ချေ ကြာသော်လည်း တခါ တရံမျှ မဖောက်မပြန် မြဲမှန်သော လက္ခဏာဓာတ်ကို ပရမတ် ဆိုသည်။ထို့တူပမာဏ သဲလွန်စနှင့်၊အာဗန္ဓန၊အာပေါ အစရှိသော ရုပ်ဟူသမျှအနိစ္စကို၊စေ့စေ့စုံစုံ အကုန်မြော် ကြည့်၊ သိမြင်ကြစေ၊(ရုပ်ခန္ဓာ ပြီး၏။)

**နာမ်ခန္ဓာမှာ။** ။ အထူးသိသော ဝိညာဏ်သိ၊ ကောင်းစွာ မမေ့အပ်၊ မှတ်မိသော သညာသိ၊ အပြား အားဖြင့် အကြွင်းမဲ့သိသော ပညာသိအားဖြင့် သုံးပါး တို့တွင်၊ ဝိညာဏ်သိ ဆိုသည်မှာ-ရူပါရုံကို မြင်မှုအခြင်း အရာအားဖြင့် သိခြင်း။ သဒ္ဒါရုံကို ကြားမှုအခြင်းအရာ အားဖြင့် သိခြင်းစသည်ဝှင်း၊ ဟုတ်မှန်သော အာရုံကို ဟုတ်မှန်သောအားဖြင့်ဝှင်း၊ မဟုတ်မမှန်သောအားဖြင့် ဝှင်း၊ သိခြင်း။ မဟုတ်မမှန်သော အာရုံကိုလည်း ဟုတ် မှန်သောအားဖြင့်ဝှင်း၊ မဟုတ်မမှန်သော အားဖြင့်ဝှင်း သိခြင်း။ ဣဋ္ဌာရုံကို ဣဋ္ဌအားဖြင့်ဝှင်း၊ အနိဋ္ဌအားဖြင့်ဝှင်း သိခြင်း။ အနိဋ္ဌာရုံကိုလည်း ဣဋ္ဌအားဖြင့်ဝှင်း၊ အနိဋ္ဌ အားဖြင့်ဝှင်း၊ သိခြင်းစသည်ကို ဝိညာဏ်သိ, စိတ်သိ, ဆိုသည်။

ထို့ကြောင့်—

တိဝိဓံဟိဇာနနံ ဝိဇာနနံ သဉ္ဇာနနံ ပဇာနနန္တိ။ တတ္ထ ဝိဇာနနံ ဝုတ္တပ္ပကာရံ သဉ္ဇာနနံ နာမ သုဒ္ဓ ဇာနနံ။ ကာလန္တရေပိ အပမုဿမာနံ ကတ္တာဇာန နန္တိအတ္ထော။ ပဇာနနံ နာမ ပကာရတောဇာနနံ။ ယတ္ထ ကံဇာနိတမ္ပိ ဟောတိ တတ္ထကံသမ္ပိ အသေ သတောဇာနနန္တိအတ္ထော။ ကောသ္မိံပိ ဧ ယျမေ့ သဘာဝတော ဟေတုတော ပစ္စယတော ဖလတော

အာဒီနဝတော အာနိသံသတော အနိစ္စတော ဒုက္ခ
တောတိ အာဒီနာ ဗဟုံဇာနိတဗ္ဗံအတ္ထိ။ တံသဗ္ဗံ
အသေသတော ဇာနနန္တိ ဝုတ္တံဟောတိ။ ။

ဉာဏပရိယန္တံဉေယျံ၊ဉေယျပရိယန္တံဉာဏန္တိ
ဟိ ဝုတ္တံ။ ဣဒံသဗ္ဗညုတဉာဏဝသေနဝုတ္တံ။ ဣဒဉ္စ
အဘိဓမ္မေ သတ္တပကရဏာနိ ဒိသွာ ဝိသေသတော။
သုတ္တမ္ပိ မဟာပဋ္ဌာနပကရဏံ ဒိသွာ ဝေဒိတဗ္ဗံ။

သာဝကဉာဏေပန ယတ္တကံဇာနန္တော ကိလေ
သက္ခယံ ပါပုဏာတိ။တတ္တကံဇာနနံ ပဇာနနံနာမ
ဣဒံပန အဘိဓမ္မေ ဝိဘင်္ဂေသုတ္တန္တဘာဇနီယာနိ
ပဉ္စသုတ္တန္တနိကာယေစဒိသွာ၊ ဝေဒိတဗ္ဗံ။လောကိယ
မဟာဇနာနံ ဉာဏေယတ္တကံ ဇာနန္တော အဟိတံ
အပနေတိ ဟိတံဥပနေတိ။တတ္တကံ ဇာနနံ ပဇာနနံ
နာမ။ (ပါဠိ။)

ဟိ၊ချဲ့ဦးအံ့။ ဇာနနံ၊သိခြင်းသည်။ ဝိဇာနနံ၊အထူး
သိခြင်း၎င်း။သဉ္ဇာနနံ၊ကောင်းစွာသိခြင်း၎င်း။ပဇာနနံ၊
အပြားအားဖြင့် သိခြင်း၎င်း။ဣတိ၊ဤသို့။တိဝိဓံ၊သုံးပါး
အပြားရှိ၏။ တတ္ထ၊ ထိုသုံးပါးသော သိခြင်းတို့တွင်။
ဝိဇာနနံ၊ အထူးသိခြင်းသည်။ ဝုတ္တပ္ပကာရ၊ ဆိုအပ်
ပြီးသော အပြားရှိ၏။ သဉ္ဇာနနံနာမ၊ သညာသိ မည်
သည်ကား။ သုဋ္ဌုဇာနနံ၊ ကောင်းစွာ သိခြင်းတည်း။
ကာလန္တရေပိ၊ ကာလအပါး၌လည်း။ အပမုဿမာနံ၊

မမေ့မလျော့သည်ကို။ ကတွာ၊ ပြု၍။ ဇာနန့်၊ သိခြင်းတည်း။ ဥတိအယံ၊ ဤသည်ကား။ အတ္တော၊ အနက်တည်း။ ပဇာနန္နာမ၊ ပညာသိ မည်သည်ကား။ ပကာရတော၊ အပြားအားဖြင့်။ ဇာနန့်၊ သိခြင်းတည်း။ ယတ္တကံ အကြွင်းမျှလောက်ကို။ ဇာနိတဗ္ဗံ၊ သိသင့် သိထိုက်သည်။ ဟောတိ၊ ဖြစ်၏။ တတ္တကံ၊ ထိုမျှလောက် သိသင့် သိထိုက်သော။ သဗ္ဗံ၊ အလုံးစုံသော တရားကို။ အသေသတော၊ အကြွင်းမဲ့အားဖြင့်။ ဇာနန့်၊ သိခြင်းတည်း။ ဥတိအယံ၊ ဤသည်ကား။ အတ္တော၊ အနက်တည်း။ ကေသွိ ံပိ၊ တခုတည်းလည်း ဖြစ်သော။ ဉေယျဓမ္မေ၊ သိအပ်သော တရား၌။ သဘာဝတော၊ သဘောအားဖြင့်ရင်း။ ဟေတုကော၊ မူလအကြောင်းအားဖြင့်ရင်း။ ပစ္စယတော၊ အထောက်အပံ့ အားဖြင့်ရင်း။ ဖလတော၊ အကျိုးရင်းအားဖြင့်ရင်း။ အာဒီနဝတော၊ အပြစ် အားဖြင့်ရင်း။ အာနိသံသတော၊ အကျိုးဆက် အားဖြင့်ရင်း။ အနိစ္စတော၊ မမြဲသောအားဖြင့်ရင်း။ ဒုက္ခတော၊ ဆင်းရဲသော အားဖြင့်ရင်း။ ဥတိအာဒိနာ၊ ဤသို့အစရှိသည်ဖြင့်။ ဗဟုံ၊ များစွာသော။ ဇာနိတဗ္ဗံ၊ သိသင့် သိထိုက်သော အရာသည်။ အတ္ထိ၊ ရှိ၏။ တံသဗ္ဗံ၊ ထိုအလုံးစုံသော အရာ၌နကို။ အသေသတော၊ အကြွင်းမဲ့အားဖြင့်။ ဇာနန့်၊ သိခြင်းတည်း။ ဥတိ၊ ဤသို့။ ဝုတ္တံ၊ ဆိုအပ်သည်။ ဟောတိ၊ ဖြစ်၏။ ။

ဟိသစ္စံ၊ ထိုစကားမှန်၏။ ဥေယျံ၊ သိအပ်သော ဥေယျဓံတရားသည်။ ဉာဏပရိယန္တံ။ ဉာဏ်တော်လျှင် အဆုံး အပိုင်းအခြားရှိ၏။ ဉာဏံ၊ ဉာဏ်တော်သည်လည်း။ ဥေယျပရိယန္တံ၊ ဥေယျဓံ တရားလျှင် အဆုံး အပိုင်းအခြားရှိ၏။ ဣတိ၊ ဤသို့။ ဘဂဝတာ၊ မြတ်စွာဘုရားသည်။ ဝုတ္တံ၊ ဟောတော်မူအပ်၏။ ဣဒံ၊ ဤပါဠိတော်ကို။ သဗ္ဗညုတဉာဏ နဝသေန။ သဗ္ဗညုတ ဉာဏ်တော်၏အစွမ်းဖြင့်။ ဝုတ္တံ၊ ဟောတော်မူအပ်၏။ စ၊ ဆက်၍ ဆိုဦးအံ့။ ဣဒံဌာနံ၊ ဤသဗ္ဗညုတ ဉာဏ်တော်၏ အရာကို။ အဘိဓမ္မေ၊ အဘိဓမ္မာ ပိဋကတ်၌။ သတ္တပကရဏာနိ၊ အဘိဓမ္မာခုနစ်ကျမ်းတို့ကို။ ဒိသွာ၊ တွေ့မြင်ရ၍။ ဝိသေသတော၊ အထူးအားဖြင့်။ သတ္တမံ၊ ခုနစ်ဆင့်မြောက်သော။ မဟာပဋ္ဌာန ပကရဏံ၊ ပဋ္ဌာန်းကျမ်းကြီးကို။ ဒိသွာ၊ တွေ့မြင်ရသောကြောင့်။ ဝေဒိတဗ္ဗံ၊ သိအပ်၏။

ပန၊ သမ္မာသမ္ဗောဓိဉာဏ်မှတပါး၊ သာဝကဉာဏ်ကို ဆိုဦးအံ့။ သာဝကဉာဏေ၊ သာဝကဉာဏ်၌။ ယတ္တကံ၊ အကြင်မျှ အတိုင်းအရှည်ရှိသော သဘော တရားကို။ ဇာနန္တော၊ သိသည်ရှိသော်။ ကိလေသက္ခယံ၊ ကိလေသာ၏ ကုန်ခြင်းသို့။ ဝါ၊ ကိလေသာ၏ ကုန်ရာဖြစ်သော အရဟတ္တဖိုလ်သို့။ ပါပုနာတိ၊ ဆိုက်ရောက်၏။ တတ္တကံ၊ ထိုမျှလောက်အတိုင်းအရှည်ရှိသော သဘောတရားကို။

ဇာနန္တံ၊ သိခြင်းသည်။ ပဇာနန္တံနာမ၊ ပညာသိမည်၏။ ပန၊ ဆက်၍ဆိုဦးအံ့။ ဣဒံ ဌာနံ၊ ဤသာဝက ဉာဏ်၏ အရာကို။ အဘိဓမ္မေ၊ အဘိဓမ္မာ ပိဋကတ်၌။ ဝိဘင်္ဂေ၊ ဝိဘင်းပါဠိတော်၌။ သုတ္တန္တဘာဇနိယာနိစ၊ သုတ္တန္တဘာဇနီ နည်းတို့ကိုလည်း။ ပဉ္စသုတ္တန္တ နိကာယေစ၊ ငါးသွယ်သော သုတ္တန်နိကာယ်တို့ကိုလည်း။ ဒိသွာ၊ တွေ့မြင်ရသောကြောင့်။ဝေဒိတဗ္ဗံ၊သိအပ်၏။ လောကိယမဟာဇနာနံ၊ လောက၌ ရှိကြကုန်သော လူအများတို့၏။ ဉာဏေ၊ ဉာဏ်၌။ ယတ္တကံ၊ အကြင်မျှ အတိုင်းအရှည် ရှိသော အရာဌာနကို။ ဇာနန္တော၊ သိသည် ရှိသော်။ အဟိတံ၊ အကျိုးစီးပွား မရှိသည်ကို။ အပနေတိ၊ ပယ်နိုင်၏။ ဟိတံ၊ အကျိုးစီးပွားကို။ ဥပနေတိ၊ ဆောင်နိုင်၏။ တတ္တကံ၊ ထိုမျှ အတိုင်းအရှည် ရှိသော အရာဌာနကို။ဇာနန္တံ၊ သိခြင်းသည်။ ပဇာနန္တံနာမ၊ ပညာသိမည်၏။ (အနက်။)

ဤပြဆိုခဲ့ပြီးသော ဝိဇာနန၊ သဉ္ဇာနန၊ ပဇာနန အားဖြင့် သုံးပါးတို့တွင်၊ ရူပ, သဒ္ဒ, စသော အာရုံကို အရကြံစီယူတတ်'သိ'ဟူသောစိတ်ဓာတ်က ဘဝကမ္ဘာ အသင်္ချေကြာသော်လည်း တခါတရံမျှ မဘောက်မပြန် မြဲမှန်သော ဝိညာဏ်ဓာတ်ကို ပရမတ်ဆိုသည်။ လိုရင်း သဘောက၊လောဘစိတ်,ဒေါသစိတ်,မောဟစိတ်,အစ ရှိသော စိတ်ဟူသမျှ မိမိတို့၏ သဘာဝက ဘဝကမ္ဘာ၌

အသင်္ချေကြာသော်လည်း တရံတခါမျှ မဘောက်မပြန် မြဲမှန်သောခေတ်ကို ပရမတ်ဆိုသည်။ (ဝိညာဏက္ခန္ဓာ ပြီး၏။)

ထိုသို့ဟူသော ဝိညာဏသဘောမျှမှာမှ၊ မှီတွယ်ရာ တရားတွေ့ထိခံစားမှတ်သားစေ့ဆော်ခြင်း အစရှိသော စေတသိက်တရား ၅၂ ပါး ဆဲ့နှစ်ပါးတို့တွင် အာရုံခြောက်ပါး၊ ဘုံသုံးပါး၌ ကောင်းမကောင်း အလတ် အားဖြင့် ခံစားသမျှ၊ ဒုက္ခ,ဒုက္ခ သင်္ခါရဒုက္ခ ဝိပရိဏာမ ဒုက္ခဟူသော ဒုက္ခသစ္စာအချက်က ပျက်ကွက်ခြင်းမရှိဘဲ သုံးဆဲ့တဆောင် ဘုံပြောင်ပြောင်မှာ လောင်စာရဲရဲ၊ အစဉ်မြဲသော ဒုက္ခဆတ်ဆတ် ဝေဒနာခေတ်ကိုပရမတ် ဆို၏။ ။( ဝေဒနာက္ခန္ဓာ ပြီး၏ )။

**သညာက္ခန္ဓာ ဆိုသည်ကား**။ ကုသိုလ်,အကုသိုလ်, နှစ်ပါး၌ပင် ကြားမြင်ကြံသိသမျှ အစစ၌ ကျွမ်းကျင် မှတ်မိ တတ်သိ လိမ္မာခြင်းကို သညာဆိုသည်။ အယုတ် အားဖြင့်၊ အကုသိုလ်အရာမှာ၊ မုဆိုးတံငါတို့၏အလိမ္မာ, ကျား၏အသိ,ကြောင်၏အသိ,အစရှိသည့်တို့၏အလိမ္မာ တို့ကို၊ သညာဆိုသည်။ (သတိထား။)

အလတ်အားဖြင့် ကုသိုလ်အရာမှာ စာပေကျမ်းဂန် စသည်တို့ကို ဆောင်အံမှတ်မိ တတ်သိ လိမ္မာသည်ကို သညာဆိုသည်။ အမြတ်အားဖြင့်ဘုရားရဟန္တာတို့တွင်၊

ပကတိသာဝက ရဟန္တာတို့၏ သညာတော်မှာ၊ ကမ္ဘာရာထောင်ကိုလည်း မှတ်မိ သိမြင်တော်မူရာ၏။

မဟာသာဝကတို့၏ သညာတော်မှာ ကမ္ဘာ့တသိန်းကိုလည်း မှတ်မိသိမြင်တော်မူရာ၏။ အဂ္ဂသာဝကတို့၏ သညာတော်မှာ-တသင်္ချေနှင့် ကမ္ဘာ တသိန်းကိုလည်း မှတ်မိ သိမြင်တော် မူရာ၏။ ပစ္စေကဗုဒ္ဓါတို့၏ သညာတော်မှာ-နှစ်သင်္ချေနှင့် ကမ္ဘာတသိန်းကိုလည်း မှတ်မိ သိမြင်တော်မူရာ၏။ သမ္မာ သမ္ဗုဒ္ဓ ဘုရားတို့၏ သညာတော်မှာ - လေးသင်္ချေနှင့် ကမ္ဘာတသိန်း၊ ရှစ်သင်္ချေ၊ တဆဲ့ခြောက်သင်္ချေ၊ သင်္ချေ နှစ်ဆယ် ကမ္ဘာတသိန်းစသည်ဖြင့် မှတ်မိသိမြင်တော်မူသမျှကို သညာဆိုသည်။ (သတိမူပါ။)

ဤလောကမှာ သတ္တဝါတို့၏ အရေးအရာတွင် ဤသညာ၏ အလိမ္မာသည်၊ ကောင်းမကောင်း အရာတို့မှာ အချုပ်အချာ လွန်စွာနယ်ကျယ်ပုံကို အကုန်မြော်ကြည့်သိမြင်ကြလေ။ ။(သညာက္ခန္ဓာ ပြီး၏။)

**သင်္ခါရက္ခန္ဓာ ဆိုသည်မှာ။** ။ကိုယ်အမူအရာ၊ နှုတ်အမူအရာ၊ စိတ်အမူအရာ စု၊ ပြုပြင်မှု ဟူသမျှကို သင်္ခါရက္ခန္ဓာ ဆိုသည်။ သရုပ်တရားကိုယ်မှာ ဝေဒနာ သညာမှကြွင်းသော စေတသိက် ငါးဆယ်ကို ဆိုသည်။ သိုရင်းက ဒုစရိုက်ဆယ်ပါးနှင့်တကွ၊ သုစရိုက်ဆယ်ပါး အပြားသုံးဆယ်။ ပုညကြိယာ ဝတ္ထုဆယ်ပါး၊ အပြား

သုံးဆယ်။ ပါရမီဆယ်ပါး၊ အပြားသုံးဆယ် တို့လည်း သင်္ခါရက္ခန္ဓာတို့ချည်းတည်း။ (သင်္ခါရက္ခန္ဓာပြီး၏။)

ဤခန္ဓာငါးပါး ရုပ်နာမ်တရားတို့သည်၊ ဘဝကမ္ဘာ အသင်္ချေကြာသော်လည်း အနိစ္စ,ဒုက္ခ,အနတ္တ,ဟူသော သစ္စာအချက်က မပျက်မကွက် မဘောက်မပြန် မြဲမှန်သော ရုပ်နာမ်နှစ်ရပ် ပရမတ်ကိုသာ—

သဗ္ဗေသင်္ခါရာ အနိစ္စာတိ၊ ယဒါပညာယ ပဿတိ၊
အထနိဗ္ဗိန္ဒတိဒုက္ခေ၊ ဧသမဂ္ဂေါ ဝိသုဒ္ဓိယာ။ ။
သဗ္ဗေသင်္ခါရာဒုက္ခာတိ၊ ယဒါပညာယ ပဿတိ၊
အထနိဗ္ဗိန္ဒတိဒုက္ခေ၊ ဧသမဂ္ဂေါ ဝိသုဒ္ဓိယာ။ ။
သဗ္ဗေဓမ္မာ အနတ္တာတိ၊ ယဒါပညာယ ပဿတိ၊
အထနိဗ္ဗိန္ဒတိဒုက္ခေ၊ ဧသမဂ္ဂေါ ဝိသုဒ္ဓိယာ။ ။
(ဓမ္မပဒ ပါဠိတော်)

သဗ္ဗေ၊ခပ်သိမ်းကုန်သော။သင်္ခါရာ၊ရုပ်နာမ်သင်္ခါရ တို့သည်။ အနိစ္စာ၊ အမြဲမရှိကုန်။ ဣတိ၊ ဤသို့။ ယဒါ၊ အကြင်အခါ၌။ ပညာယ၊ ပညာဖြင့်။ ပဿတိ၊မြင်၏။ အထ၊ ထိုသို့မြင်သောအခါ၌။ ဒုက္ခေ၊ သံသရာ ဝဋ် ဆင်းရဲ၌။ နိဗ္ဗိန္ဒတိ၊ ငြီးငွေ့၏။ ဧသ၊ဧသော။ဤသို့ ငြီးငွေ့ ခြင်းသည်။ ဝိသုဒ္ဓိယာ၊ ကိလေသာ စင်ကြယ်ခြင်း၏။ မဂ္ဂေါ၊ အကြောင်းတည်း။ ။(ကြွင်း အနက်ကား ထင်ရှား၏။)

ဤအနိစ္စ,ဒုက္ခ,အနတ္တ,ဟူသော သဘာ၀ထုံး သယံဇာတ ဓမ္မနှုန်းက၊ ဆုံး, စ, မရှိ၊ အဘိနိယာမ ထာဝရ သဘော မသုဉ်းအပ် မဆိတ်အပ်၊မြတ်သောပရမတ်နှင့် ထွေးလုံး ရစ်ပတ်သော ပညတ်သဘောမျှ၊ သဏ္ဌာ ကာသ သင်္ခါရဟူသော၊ လောကသုံးရပ်က၊ အဇ္ဈတ္တ, မရ၊ ကာရက, ဝေဒက, သတ္တ, ပုဂ္ဂလ, အတ္တ, ဇီဝ, မရှိ၊ ပကတိ အလျောက် အလေ့ပေါက်တံထွာ၊ ဓမ္မတာ စဉ်လာဝေ့ကို "သင်္ခါရေ ပရတောပဿ" ဟု ရှုမြင် အပ်သော ပရမတ်သဘောကို သာမညပြောမှု သင်္ခတ သင်္ခါရ အနိစ္စခတ် ပရမတ်ဆိုသည်မှာ အတူတူသာ မှတ်လေ။

ဝိသေသ, သဘောက ဘင်ခဏကို အနိစ္စ ဝိတိက္ကမ ဆိုသည်။ ဥပါဒ်,ဋ္ဌီ ခဏကို၊သင်္ခါရ ပရိယုဋ္ဌာန ဆိုသည်။ သမုပ္ပါဒ်နည်း၊ ပဋ္ဌာန်းနည်း၊ ပစ္စည်းပြုမျှ သမုဒယကို၊ အနုသယ ဆိုသည်။ ထိုပစ္စည်းပေါင်းမျှ အကြောင်း သမုဒယကြောင့် အကျိုးအနိစ္စကို "လုဇ္ဇတိ ပလုဇ္ဇတီတိ လောကော"။ဟူသောအရ၊ရုပ်လောက၊ နာမ်လောက ဆိုသည်။ လူ့လောက၊ နတ်လောက၊ ဗြဟ္မလောက၊ အပါယ်လောကဆိုသည်။ ထင်ရှားစေအံ့။ ဤလောက အား၊အမှန်အမှားကို နှစ်ပါးလုံးမသိရာမှာအဝိဇ္ဇာသာ မှတ်လေ။ဒိဋ္ဌိကြီး သုံးပါးကဲ့သို့ သမုတိအရာ စိတ်သညာ ခတ် သိမှတ်အပ်သော ပညတ်ကို ပယ်ရှား၊ ပရမတ်

တဘက်သတ်များမှာလည်း နွားတဘက်သာ က,သော လှည်းနှင့်မခြား ဆေးကြောင့်ဖြစ်သောအနာ၏အလား ကဲ့သို့ အပိဇ္ဇာတရား အမှားချည်းသာ မှတ်လေ။

**လိုရင်းမှာ။** ။မဂ်ပညာ ဖိုလ်ပညာ ဝိပဿနာဉာဏ် မပါလျှင် အဝိဇ္ဇာက ပဋ္ဌာန်ချည်းသာ မှတ်လေ။ ။

ထို့ကြောင့်=

ပါပပက္ခံပန ပတ္တာ သောညာဏဂတိကော ဟောတိတိ၊ ဒဋ္ဌမ္ဗော တထာဟော ပါဠိယံ မိစ္ဆာ ညာဏန္တိ ဝုတ္တော၊ အဋ္ဌကထာသုစ၊ မိစ္ဆာညာဏန္တိ ပါပကြိယာသု ဥပါယ စိန္တာဝသေန ပဝတ္တော မောဟောတိ ဝုတ္တံ အဝိဇ္ဇာယစ အပဋိပတ္တိ မိစ္ဆာ ပဋိပတ္တိဝသေန ဒုဝိဓဘာဝေါ ဝုတ္တော။

(ပရမတ္ထ ဒီပနီ ဋီကာကြီး။)

ပါပပက္ခံပန၊ မကောင်းသော ပက္ခသို့ကား။ ပတ္တာ၊ ရောက်သည်ရှိသော်။ သော၊ ထိုမောဟသည်။ ညာဏ ဂတိကော၊ဉာဏ်အလားရှိသည်။ဟောတိ၊ဖြစ်၏။ဣတိ၊ ဤသို့။ ဒဋ္ဌမ္ဗော၊ မှတ်အပ်၏။ တထာတံဝစနံ၊ ထိုစကား သည်။ ဟိသစ္စံ၊ မှန်၏။ သေ,သော၊ ဤမောဟကို။ ပါဠိယံ၊ပါဠိတော်၌။ မိစ္ဆာညာဏန္တိ၊မိစ္ဆာဉာဏ်ဟူ၍။

ဝုတ္တော၊ ဟောတော်မူအပ်၏။ အဋ္ဌကထာသုစ၊ အဋ္ဌကထာတို့၌လည်း။မိစ္ဆာညာဏန္တိ၊မိစ္ဆာညာဏ်ဟူသည်ကား။ ပါပကြိယာသု၊ မကောင်းသော အမှုအရာတို့၌။ ဥပါယ စိန္တာဝသေန၊ အကြောင်း ဥပါယ်တမည်ကို ကြံသည်၏ အစွမ်းအားဖြင့်။ ပဝတ္တော၊ ဖြစ်သော။ မောဟော၊ မောဟတည်း။ ဣတိ၊ ဤသို့။ဝုတ္တံ၊ဆိုအပ်၏။ စ၊ ဆက်ဦးအံ့။ အဝိဇ္ဇာယ၊အဝိဇ္ဇာ၏။ အပဋိပတ္တိမိစ္ဆာပဋိပတ္တိဝသေန၊ အမှန်ကို မသိခြင်း အမှားကိုသိခြင်း၏ အစွမ်းအားဖြင့်။ ဒုဝိဓဘာဝေါ၊ နှစ်ပါးပြားသော အဖြစ်ကို။ ဝုတ္တော၊ ဟောတော်မူအပ်၏။ ။

**လိုရင်းမှာ။** ။ပရမတ်သစ္စာသို့မဆိုက်မထိ၊အရိယသစ္စာကို မသိကြသော လောကအလယ် ပညတ်နယ်ရှိ သမုတိသစ္စာမှာ သံသရာနစ်မွန်း ပစ္စုပ္ပါန်ညစ်နွမ်းသော အပြစ်ရှိ အသိမျိုး အတတ်မျိုးတို့၌ တတ်သိလိမ္မာမှု မိန်းမ, ယောကျ်ား, လူပါးတွေ, ရှင်ပါးတွေ,ပြ၍နေကြသောအရာမှာ အဝိဇ္ဇာက, ပဋ္ဌာန်ကြီးသာ မှတ်လေ။

**သိသာစေအံ့**....ဥပမာန ဤ လောကရှိ မျက်လှည့် အတတ်မျိုးသည်၊ ပကတိက ကျောက်, အုတ်ခဲကိုပင် မမြင်သာအောင် ကွယ်ကာ ဖုံးလွှမ်းသော သဘောတရပ်၊ထို ကျောက်,အုတ်ခဲကိုပင် ရွှေစင်မြသား ပတ္တမြား

ထင်အောင် ဟန်ဆောင်တတ်သော သဘော တရပ်၊ ဤမျက်လှည့်ပြ ပမာဏကဲ့သို့။ အဝိဇ္ဇာက ဘုံသုံးရွာမှာ ဇာတိဇရာ မရဏာ အစရှိသော အာဒီနဝကိုပင် မမြင်ကန်းအောင် ဖုံးလွှမ်းတတ်သော၊ သ ဘော တရပ်၊ ထိုဘုံသုံးရွာကို သာယာဘွယ်အများ ထင်မှတ်မှားအောင် လှည့်ပတ်ဆောင်သော သဘောတရပ်။ ။

ဤမျက်လှည့်ပြ ပမာဏကဲ့သို့ အဝိဇ္ဇာမောဟကြောင့် လောဘသာတ သမုဒယက၊ ကာမရူပ၊ အရူပဟု၊ တုစ္ဆ သုံးဆောင်၊ ဘုံပြောင်ပြောင်မှာ "ရာဂဂ္ဂိနာအာဒိတ္တံ ဒေါသဂ္ဂိနာအာဒိတ္တံ" အစခံသော သုတ္တန်ဒေသနာ လောင်စာညီးညီး မီးပုံကြီးမှာ ရသာရှာသည့် တဏှာ ဆိုးက မိုးမမြင် လေမမြင် အဆင်အခြင်မရှိ၊ ဘိစီး လွှမ်းမိုး စုတ်ထိုးမရ၊နွားငယ်မ ရေချပမာ အရာရာမှာ၊ တဏှာသုံးသွယ်၊ ဆဲ့ရှစ်တွယ်၍၊ သုံးဆယ်ခြောက်ကရာရှစ်ကျအောင်၊ တဏှာလောင်မှာ တထောင်ငါးရာ၊ အာ သာ ငတ် သော လောဘ ဟိတ်ခတ်၊ ပရမတ် ချယ်လယ်၊ခတ်သွယ်နွယ်က၊ ရပ်တယ်မရ၊ ဆန်းကြယ်လှ၏။ ဤအဝိဇ္ဇာနှင့် တဏှာဆန်းကြယ် အမြစ်တွယ်၍ သွယ်နွယ်လေရာ၊ စေတနာက၊ ဒေဝ,မနုဿ နိရယနှင့် ပေတ,တိရစ္ဆာန် ငါးတန်ပစ်ချ ဘုံသုံးရွာမှာ၊ ဇာတိဇရာ၊ ဗျာဓိမရဏာ အနိစ္စစစ် ဒုက္ခဖြစ်၍ နေကြ၏။

ထို့ကြောင့်—

တသ္မိံ သမ္မုတိသစ္စေ ဌတွာ သမ္မာပဋိပန္နကာ
သဗ္ဗလောကိယ သမ္ပတ္တိယော တံတံမော၀ိသမ္ဘာရ
ဓမ္မေစ အာရာဓေန္တိ မိစ္ဆာပဋိပန္နကာ အပါယ
ပူရကာ ဟောန္တိ ဧ၀ံမဟန္တံ့ဟိ သမ္မုတိသစ္စန္တိ။ ။
( ပရမတ္ထ ဒီပနီဋီကာကြီး။ )

တသ္မိံ သမ္မုတိသစ္စေ၊ ထိုသမ္မုတိ သစ္စာ၌။ ဌတွာ၊ တည်၍။ သမ္မာပဋိပန္နကာ၊ ကောင်းစွာကျင့်ကြကုန်သော သူတို့သည်။ သဗ္ဗလောကိယ သမ္ပတ္တိယော၊ အလုံးစုံသော လောကီ စည်းစိမ် ချမ်းသာတို့ကိုလည်းကောင်း။ တံတံမော၀ိ သမ္ဘာရဓမ္မေစ၊ ထိုထိုမော၀ိ အဆောက်အဦး ဖြစ်သော ဒါန, သီလ, စသော တရားတို့ကိုလည်းကောင်း။ အာရာဓေန္တိ၊ ပြီးစေကုန်၏။ မိစ္ဆာပဋိပန္နကာ၊ ဖောက်ပြန်စွာကျင့်ကြ ကုန်သော သူတို့သည်။ အပါယပူရကာ၊ အပါယ်၌ ပြည့်ကြကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ဟိသစ္စံ၊ မှန်၏။ သမ္မုတိသစ္စံ၊ သမ္မုတိ သစ္စာသည်။ ဧ၀ံမဟန္တံ၊ ဤမျှ လောက်ကြီးကျယ်၏။ ဣတိ၊ ဤသို့။ ဝေဒိတဗ္ဗံ၊ သိအပ်၏။

လိုရင်းက–စိတ်သညာမှာ အဝိဇ္ဇာနှင့် တဏှာ မူလ ကြောင့် မာန၊ ဘူတ၊ ဒိဋ္ဌိ ပရမတ်က၊ သတ္တ, ပုဂ္ဂလ, အတ္တ, ဇီဝဟု ဝန်ခံကြသောအရာ တံထွာ သဘာဝ ဤ လောကမှာ စိတ်သညာသိ သမုတိသစ္စာ၌ ကောင်းစွာ

တည်ကြ၍ ဒါန,သီလ,ဘာဝနာကိစ္စ၊ လှူကိစ္စ၊ ရှင်ကိစ္စ၊ ကျင့်ကိစ္စ၊ ကြဉ်ကိစ္စ၊ ဤဟာဗျာပါရစု အစစ ဟူသမျှ၊ စရဏမှုကို ကောင်းစွာ ပြုကြကုန်သောသူတို့က၊ လူနတ်တို့သုခ သမ္ပတ္တိချမ်းသာမျှ စည်းစိမ်နှင့်တကွ သမ္ဘာသမ္ဘူဒ္ဓ ပစ္စေကဗုဒ္ဓ သာဝက ဖြစ်ကြကုန်၍၊ နိဗ္ဗာန်သို့ ရကြ, ရောက်ကြလေကုန်၏။ ဘောက်ပြန်စွာ ကျင့်ကြကုန်သောသူတို့က အပါယ်သို့ကျ သတ္တာယဒိဋ္ဌိ အစ ရှိသော ဇာတိဇရာ၊ ဗျာဓိမရဏ၊ ဝဋ္ဋဒုက္ခမှ မလွတ်ရ, မထွက်မြောက်ရ၊ ဤမျှလောက်ပင် စိတ် သညာသိ၊ သမုတိနယ် လောကလယ်မှာ လွန်မင်းစွာ ကြီးကျယ် ပါသော်လည်း အရိယသစ္စာ မဂ်ပညာ ပေါက်ရောက် သောအခါ၊ ( ဥပမာမှာ ) စကြာဝဠာ တခုလုံးလျက် ပြည့်နှက် မောက်လွှမ်းသော ယမ်းတိုက်ကြီးကို မီးရှို့သည့်ပမာဏ။ ။

အရိယသစ္စာနံ သမ္ဗောဓံ တေဘူမကဓမ္မာနံ ကေနဒုက္ခဘာဝေါ တဏှာယ ကေနဒုက္ခသမုဒယ ဘာဝေါ နိဗ္ဗာနဿဝ ဒုက္ခနိရောဓဘာဝေါ၊ အဋ္ဌင်္ဂိကဿ မဂ္ဂဿဝ ဒုက္ခနိရောဓမဂ္ဂဘာဝေါစာတိ၊ ဣဒမေဝဟိ ပရိသုဒ္ဓဗုဒ္ဓီနံ အရိယာနံ ညာဏေန အစလမာနံ သဗ္ဗ ကာရပရိပုဏ္ဏံ နိပ္ပရိယာယသစ္စံ ဟောတီတိ တေသုဣဓ သမ္မုတိသစ္စံ နိဝတ္တေန္တော ပရမတ္ထတောတိ ဣဒမာဟ။ ( ပရမတ္ထဒီပနီဋီကာကြီး။ )

အရိယသစ္စနာမ၊ အရိယသစ္စာ မည်သည်ကား။ သမ္မောသံ၊ ခပ်သိမ်းကုန်သော။ တေဘူမကခန္ဓာနံ၊ တေဘူမကတရားတို့၏။ ကေန္ဒ္ဒုက္ခဘာဝေါစ၊ ဒုက္ခ စင်စစ်၏ အဖြစ်သည်၎င်း။ တဏှာယ၊ တဏှာ၏။ ကေန္ဒ္ဒုက္ခ သမုဒယဘာဝေါစ၊ ဒုက္ခအစစ် ပွားရာ ပွားကြောင်း၏ အဖြစ်သည်၎င်း။ နိဗ္ဗာနဿဝ၊ နိဗ္ဗာန်၏သာလျှင်။ ဒုက္ခ နိရောဓဘာဝေါစ၊ ဒုက္ခ ချုပ်ရာ၏ အဖြစ်သည် ၎င်း။ အဋ္ဌင်္ဂိကဿ၊ အင်္ဂါရှစ်ပါးရှိသော။ မဂ္ဂဿဝ၊ မဂ်၏ သာလျှင်။ ဒုက္ခနိရောဓမဂ္ဂဘာဝေါစ၊ ဒုက္ခ ချုပ်ရာ နိဗ္ဗာန်သို့ ရောက်ကြောင်း၏အဖြစ်သည်၎င်း။ ဟောတိ၊ ဖြစ်၏။ ဣတိ၊ ဤသို့။ ဝေဒိတဗ္ဗံ၊ သိအပ်၏။ ဟိသစ္စံ၊ မှန်၏။ ဣဒမေဝ၊ ဤအရိယသစ္စာသည်သာလျှင်။ ပရိသုဒ္ဓဗုဒ္ဓီနံ၊ စင်ကြယ်သော အသိဉာဏ် ရှိကုန်သော။ အရိယာနံ၊ အရိယပုဂ္ဂိုလ်တို့၏။ ဉာဏေန၊ ဉာဏ်ဖြင့်။ အစလမာနံ၊ တုန်လှုပ်ခြင်း မရှိသော။ သမ္ဗာကာရပရိပုဏ္ဏံ၊ အလုံးစုံသော အခြင်းအရာနှင့်ပြည့်စုံသော။ နိပ္ပရိယာယသစ္စံ၊ မုချသဘော ဆတ်ဆတ်သောသစ္စာမည်သည်။ ဟောတိ၊ ဖြစ်၏။ ဣတိ၊ ဤသို့မှတ်အပ်၏။ တေသု၊ ထိုသမုတိသစ္စာ ပရမတ်သစ္စာအားဖြင့် နှစ်ပါးတို့တွင်။ ဣဓ၊ ဤအရာ၌။ သမ္မုတိသစ္စံ၊ သမုတိသစ္စာကို။ နိဝတ္တေန္တော၊ ဖွန့်ခွာ ပယ်ပစ်၊ နှစ်စေလိုသည် ဖြစ်၍။ ပရမတ္ထတောတိဣဒံ၊ ပရမတ္ထတော ဟူသော ဤစကားကို။ အာဟ၊ ဆို၏။

**လိုရင်းမှာ။** ။ပညာမြင်သိ အရိယသစ္စာ ဝိဇ္ဇာပေါက်၍ ရောက်သောအခါ၊ ပရိညာ၊ ပဟာန၊ သစ္ဆိကရဏ၊ ဘာဝနာကိစ္စ ပရမတ်ဓမ္မ၊ လေးဌာနနှင့်ချ၍ကြည့်က၊မရှိမရ၊သက်သက်မျှမဆိုင်၊မစပ်သော ပညတ်မျှသာ၊စိတ်သညာသိ၊မျက်လှည့်ပမာ၊လူ့ချမ်းသာ,နတ်ချမ်းသာမှာ၊သစ္စာမမည် ဆိုလိုသည်။ ထိုပရမတ်သစ္စာမှာလည်း၊ သဘာဝသစ္စာ, အရိယသစ္စာ, အားဖြင့်နှစ်ပါးတို့တွင် ဤသာသနာတော်၌ ကြွံခိုက် အခါလိုရင်းသို့အဆိုက်မှာ-အရိယသစ္စာသာလျှင်၊မှချစင်စစ်၊သစ္စာဖြစ်သည်။

လိုရင်းက - ဒုက္ခသစ္စာမျှ သင်္ခတဓမ္မ အနိစ္စကို၊ ဆ,၍သာ အသင်္ခတ နိရောဓသစ္စာကို၊နိစ္စ,သုခဓာတ်ဆိုအပ်သလို၊အကုသိုလ်ကို ဆ၍သာကုသိုလ်ဆိုအပ်သော အနိစ္စ သဘောမျှ ဇာတိဇရာ၊ မရဏ အစရှိသော လောကမှောင်တွင် လ,ရောင်အသွင် စိတ်သညာသိ သမုတိသစ္စာကို၊ စွန့်ခွာပယ်ပစ် နစ်စေ လိုသောကြောင့် အရိယသစ္စာ ပညာအလင်း နေမင်းနှင့် တူသော ပရမတ္ထတော ဟူသောစကားကို မိန့်ဆိုတော် မူသည်။ အကျယ်ကိုလိုမူ....။ (ပရမတ္ထဒီပနီ ဋီကာကြီးမှာ၊ပညာနှင့်သာ ယူလေ။)

**သိသာစေအံ့။** ။ဤလောကမှာ၊ သမုတိသစ္စာ ပရမတ်သစ္စာအားဖြင့် နှစ်ပါး၊ ဝိညာဏ်မြင်, ပညာမြင် အားဖြင့် နှစ်ပါးတို့တွင် သမုတိသစ္စာ စိတ်သညာသိ မျက်စိမြင် နားကြား စသောအားဖြင့် လူ့ပြည်နတ်ရွာ၊ မြဟ္မာငရဲ အနန္တ ရှိအပ်၊ သိမြင်မှတ်သော ပညတ် တွေသည်။ (ဥပမာန) ရေပြင်မှာ တုတ်သေးနှင့် ရေး လုပ်သော အရုပ်မှာ ထိုရေးသော သူသာလျှင် သူ့ သညာမြင် အရုပ်အသွင် သူ့စိတ်တမ်းမှန်း၍ထင်၊ သူ့ စိတ်တွင်မြင်သော အရုပ်ကဲ့သို့။ ထို့တူပမာ စိတ်သညာ ခေတ် ပရမတ်တွင် သိမှတ်ထင်၍ မြင်ကြိသမျှ လောက အရှိမှာ၊သမုတိသစ္စာ ဆိုသည်။ (သတိမူပါ။)။

ပရမတ်သစ္စာ ပညာမြင်မှာ၊ သဏ္ဌာန် နှင့် မစပ် ကောင်းမကောင်းအလတ်၊ပြုတတ်ပြုအပ်၊ယုတ်မြတ်မရှိ ပကတိထီးထီး၊ ဟင်းလင်းကြီးထဲမှာ၊ မမြဲ ဖြစ်ပေါ်ရန်၊ အကြောင်းမျှနှင့် အကျိုးအနိစ္စမှာ၊ ထာဝရသာဟု လွန် စွာသန့်ရှင်း၊ လင်းကြီးလင်း၏။ ဤအလင်းခေတ်ကိုသာ ပရမတ်အရိယာ ပညာမြင်ဆိုသည်။ ဤပရမတ်အရိယာ ပညာမြင်နှင့် ပညတ်အရှိ သမုတိအစဉ် ဝိညာဏ်မြင်က (ဥပမာန)ဥပါဒ်နှင့်ဘင်သည်၊ညီမျှသကဲ့သို့။အညီအမျှ သိမြင့်ရမည်။ မြင်ပုံကား။ ညွှန့်မှောင်မိုက်ခန်း၊ မီးကို ရမ်းက၊ လျှင်မြန်လှသော သဘောအတွက်၊ အစဉ်

ဆက်စပ်၊မျှင်မပြတ်သော၊ သန္တတိပညတ်ကိုပင်၊ အမြင်ကနေ့းထိုင်း၊ အသိက သေးမှိုင်းသော၊ စိတ်သညာအတိုင်းနှင့်၊ မီးစက်ဝိုင်းထင်၊ ကြောင်ကြောင်မြင်ကဲ့သို့။ ထို့အတူ အနိစ္စခေတ်၊စဉ်မပြတ်ကို၊လူ့နတ်တိရစ္ဆာန်၊ ပုံသဏ္ဍာန်သာ၊ဟာန်မှုရာကို၊သတ္တဝါစွဲ၊အနဲ့နဲ့အဖြာဖြာ၊ စိတ်သညာတွင်၊ သိမြင်မှတ်သော ပရမတ် အရပ်နှင့်၊ ပညတ်အရိပ်၊ ထင်နိမိတ်ကလည်း၊ မီးနှင့် မီးရောင် နည်းသဖွယ် သမုတိနယ်၊ လောကလယ်မှာ တကယ်လည်း ဟုတ်၏၊မှန်၏။

အရိယသစ္စာ ပညာမြင်မှာ ပရမတ်အနိစ္စက၊ မျက်တောင်တခတ်မျှ၊ ထိုခဏမှာ၊ သိန်းကုဋေမက လျင်မြန်လှသော်လည်း၊ (ဥပမာန) ဝိသယခေတ်၊ ဖြစ်ပျက်သင်္ခါရ၊ အနိစ္စနယ်၊ မကွယ်မသုဉ်း မဆုံးကျယ်ခြင်းမှာ အနတ္တ၏ နယ်အတွင်းသာ ဖြစ်လာရသို့ငှ်း။ ထိုထိုသဘာဝ၊အစစလဲ၊သြကာသထဲကမလွဲရသို့ငှ်း။သင်္ခတခေတ်တွင်၊ အမြတ်ဘုရင်၊ ပညာမြင်မှာ၊ အစဉ်မစပ်၊ အမျှင်ပြတ်၍၊ယုတ်မြတ်မရ၊ကြောင်းနှင့်ကျိုးမျှ၊အနိစ္စဟုနိမိတ်လွတ်ကင်း၊ ကြည်လင်ရှင်း၍၊ လင်းကြီး လင်း၏။ သတိမူပါ။

ဤပရမတ်သစ္စာ၊ ပညာမြင်နှင့်၊ သမုတိအစဉ်၊ ဝိညာဏ်မြင်မှာ၊ (ဥပမာကား။) ပုလင်းမဲ၏ အထဲကို

အစိမ်း, အနီ, စသည် ထည့်၍ကြည့်သောအခါ၊ အတွင်းမှာမမြင်ရ၊ ပြင်ပအဆင်း၊ ပုလင်းကိုသာ မြင်ကြရ၏။ ပုလင်းဖြူကို အစိမ်း, အနီ, စသည်ထည့်၍ ကြည့်သောအခါ၊ စိမ်း,နီ,စသောအဆင်း၊ အတွင်းပြည့်ဝ ရှိသမျှကို ၎င်း၊ ပြင်ပပုလင်း အဆင်းကို၎င်း၊ ကုန်စင်ပြောင်အောင် ကြောင်ကြောင်ကြီးလျှင် နှစ်မြင်ပင် မြင်၏။ မြင်အောင် ကြည့်ပါ။

**ဥပမာနှင့် ဥပမေယျ ဟပ်၍ပြသော်**။ စိတ်သညာသိ၊ သမုတိမှတ်၊ ပညတ်မျှမြင်၊ ပုထုဇ္ဇန်ခပဲကာ၊ အမြင်မရဲ၊ အထင်လွဲ၍၊ အထဲမရှင်း၊ ပုလင်းမဲကြည့်၊ ဝိညာဏ်သိနှင့်တူ၏။ ပုလင်းဖြူကြည့်ပမာ၊ ပရမတ်ပညတ်၊ နှစ်ရပ်မြင်မှာ၊ ပရမတ်အရိယာ ပညာမြင်နှင့်တူ၏။

**လိုရင်းမှာ**။ သမုတိသစ္စာ, ပရမတ်သစ္စာကို ဝိညာဏ်ပညာ၊ မြင်နှစ်ဖြာကာ၊ ချိန်ခွင်လျှာပမာလာ၊ ညီမျှအောင်ပင် ပေါင်ဝင်မြင်မှသာ သမ္မာမြင် ဆိုပါ။ သို့မဟုတ်ပါ၊ အရာရာမှာ၊ လျော့မိစ္ဆာ၊ သာဒိဋ္ဌိ၊ ရှိသမျှကို သိကြပါလေ၊ ဉာဏ်ကဝေတို့။

**သိသာစေအံ့**။ ။လောကီသမ္မာဒိဋ္ဌိ၊ သမုတိသစ္စာ၊ ဝိညာဏ်သိ ဟူသည်မှာ အတူတူသာ မှတ်လေ။ သာသနာ သမ္မာဒိဋ္ဌိ ပရမတ်သစ္စာ ပညာသိ ဟူသည်မှာ အတူတူသာ မှတ်လေ။

**ထင်ရှားစေအံ့။** ။ပရမတ်သစ္စာ ပညာမပါသော ညာဏဝိပ္ပယုတ် ကုသိုလ်က၊သမုဒယ ဖြစ်၍၊ သင်္ခါရ ယဒိဋ္ဌိ အစရှိသော သံသရာညွတ် ခန္ဓာဝဋ်က မလွတ်သော တရား။ ဘုရားပစ္စေကဗုဒ္ဓါ၊ သာဝကလောင်းတို့၊ လမ်း ကြောင်းအညီ၊ ပါရမီအလုပ် မဟုတ်သောကြောင့် တည်း။ တချို့ကလည်း လောကီသမ္မာဒိဋ္ဌိ သမုတိသစ္စာ ကြီးကိုပင် မထိမဲ့မြင်ကာလ၊ ဒါန,သီလ,ပယ်ရမလို၊ဒိဋ္ဌိ, တဏှာ, မာန, ပို၍၊ ပုဂ္ဂိုလ်ရွေးမှတ်၊ ပရမတ်တဘက် သတ်မျှော်မှာလည်း အမှားချည်းသာမှတ်လေ။

**အဘယ့်ကြောင့်နည်း။** 'နတ္ထိဒိန္နံ၊နတ္ထိယိဋ္ဌံ'စသော ကံကံ၏အကျိုးကို ပယ်ခွာသော မိစ္ဆာဒိဋ္ဌိ ငြိမ်းဖြစ်၍၊ သုဂတိစခန်း ဘုရားပစ္စေကဗုဒ္ဓါ သာဝကလောင်းတို့၊ လမ်းကြောင်းညီမျှ၊ဒါနပါရမီ၊ အစရှိသော၊ ပုညစာရီ၊ ပါရမီလမ်း၊ ဝိတ်ပိတ်ကန်း၍၊ အပါယ် တလမ်းသာ ဖြစ်သောကြောင့်တည်း။

လိုရင်းကြီးကား။ ဤလောကမှာ၊ဓမ္မတို့တံထွာ၊ မနေ သာသော ဤဟာဗျာပါရမှု၊ ကာယဒွါရ, ဝစီဒွါရ၊ ဒါန သီလ,စရဏမှုကို ပြုကြသောအခါ၊မနောကံအရာ၊ ဝိပဿနာ ညာဏသမ္ပယုတ်ဟု ဝိဇ္ဇာမှုနှင့် ပြုကြမှသာ သံသရာညွတ်၊ခန္ဓာဝဋ်က လွတ်ကြမည်။

ထို့ကြောင့်—

ဣဒံမေဒါနံ အာသဝက္ခယာ ဝဟံဟောတုတိ ဧဝံပန ဝိဝဋ္ဋံ ပတ္ထေန္တေန ဝိဝဋ္ဋဝသေန သမ္မာ ပဋ္ဌပိတံ အရဟတ္တံပိ ပစ္စေကဗောဓိ ဉာဏံပိ သဗ္ဗညုတဉာဏံပိ ဒါတုံ သက္ကောတိယေဝ။ (အဋ္ဌကထာ။)

မေ၊ ငါ၏။ ဣဒံဒါနံ၊ ဤအလှူ ကုသိုလ်သည်။ အာသဝက္ခယာ ဝဟံ၊ အာသဝေါတရား လေးပါးတို့၏ ကုန်ရာ နိဗ္ဗာန်ကို ဆောင်သည်။ ဟောတု၊ ဖြစ်ပါစေ သတည်း။ ဣတိဧဝံ၊ ဤသို့။ ဝိဝဋ္ဋံ၊ ဝဋ်ကင်းရာဖြစ်သော နိဗ္ဗာန်ကို။ ပတ္ထေန္တေန၊ တောင်းတသဖြင့်။ ဝိဝဋ္ဋဝသေန၊ ဝိဝဋ္ဋ၏အစွမ်းဖြင့်။ သမ္မာ၊ ကောင်းစွာ။ ပဋ္ဌပိတံပန၊ ထားအပ် ဖြစ်စေအပ်သော ကုသိုလ်သည်ကား။ အရဟတ္တံပိ၊ အရဟတ္တဖိုလ်ကိုဍင်း။ ပစ္စေကဗောဓိဉာဏံပိ၊ ပ စ္စေ က ဗော ဓိ ဉာဏ်ကိုဍင်း။ သဗ္ဗညုတဉာဏံပိ၊ သဗ္ဗညုတဉာဏ်ကိုဍင်း။ ဒါတုံ၊ ပေးခြင်းငှာ။ သက္ကောတိယေဝ၊ စွမ်းနိုင်သည် သာတည်း။ ။အနက်။

**ပုညကြိယာနှင့် ပါရမီတရား ထူးခြားကွဲလွဲသည်မှာ။** မဟာကုသိုလ် ဉာဏဝိပ္ပယုတ် စိတ်လေးခုနှင့် ပြုသော ကုသိုလ်ကို ပုညကြိယာဆိုသည်။ မဟာကုသိုလ် ဉာဏသမ္ပယုတ် စိတ်လေးခုနှင့် ပြုသော ကုသိုလ်ကို ပါရမီဆိုသည်။ ဤသာသနာတော်၌ ကြိမ်ခိုက်ခဏမှာ အဝိဇ္ဇာကြောင့် ဖြစ်သော သင်္ခါရ ပုညကြိယာခပဲကာ၊

ဝဋ်ဆင်းရဲအကြောင်း၊ ဝဋ်ဦးခေါင်းနှင့်မခြား အလား တူသောကြောင့် လူကောင်း, နတ်ကောင်း, မတောင်း သင့်ကြောင့်ကို....

ယံဟိကိဉ္စိ ဘဝတ္တယသင်္ခါတံ ဝဋ္ဋံ ပတ္ထေတွာ
ပဝတ္တိတံ အန္တမသော ပဉ္စာဘိညာ အဋ္ဌဝါပန
သမာပတ္တိယော သဗ္ဗံတံ ဝဋ္ဋပက္ခိယံ ဝဋ္ဋသိတန္တိ
ဝဋ္ဋသိတတ္တာ မိစ္ဆာပဋိပဒါဝ ဟောတိ။ (အဋ္ဌကထာ)

ဟိသစ္စံ၊ မှန်၏။ ဘဝတ္တယသင်္ခါတံ၊ ဘဝသုံးပါးဟု ဆိုအပ်သော။ ဝဋ္ဋံ၊ တေဘူမက ဝဋ်ဒုက္ခကို။ ပတ္ထေတွာ၊ တောင်းတ၍။ ပဝတ္တိတံ၊ ဖြစ်စေအပ်သော။ အန္တမသော၊ အထက်ဆုံး အားဖြင့်။ ပဉ္စာဘိညာ၊ ကုသိုလ်အဘိညာ ငါးပါးတို့သော်လည်း ဖြစ်သော။ အဋ္ဌဝါပန သမာ ပတ္တိယော၊ သမာပါတ် ရှစ်ပါးတို့သည် မူလည်း ဖြစ်သော။ ယံကိဉ္စိ၊ အကြင်အမှတ်မရှိ တစုံတခုသော ကံသည်။ အတ္ထိ၊ ရှိ၏။ တံသဗ္ဗံ၊ ထိုအသုံးစုံသော ကံသည်။ ဝဋ္ဋပက္ခိယံ၊ ဝဋ်၏အပင်းအသင်း ဝဋ်ဆင်းရဲ ဘက်သာ တည်း။ ဝဋ္ဋသိတံ၊ ဝဋ်ဆင်းရဲ၏ အကြောင်း ဝဋ်ဦး ခေါင်းနှင့် အလားတူ၏။ ဣတိတသ္မာ ဝဋ္ဋသိတတ္တာ၊ ထိုဝဋ်၏အကြောင်း ဝဋ်ဦးခေါင်း ဖြစ်သောကြောင့်။ မိစ္ဆာပဋိပဒါဝ၊ လမ်းမှားသော အလေ့အကျင့်သည် သာလျှင်။ ဟောတိ၊ ဖြစ်၏။

ထို့ကြောင့်-ကာမ, ရူပ, အရူပ, ဟူသော ဘဝသုံးပါးကို မီးကျီးတွင်း သုံးတွင်းနှင့်မခြား၊ ရှားနှစ်တံကျင် သံတံကျင်၊ ရွှေတံကျင်တို့၏ အစွန်ဝသို့ ခုန်ချသောသူတို့နှင့် တူသည်။ (ဝိသုဒ္ဓိမဂ် အဋ္ဌကထာ၌ မိန့်ဆိုတော်မူသည်။)

ဤအရာ စောဒနာမှာ-ဘူရိဒတ်ဇာတ်၌ "တံဝိမာနံ အဘိဇ္ဈာယ" စသည်ဖြင့် ဟောတော်မူသည် တရပ်၊ "အဘိဇ္ဈာယာတိ ပတ္ထေတွာ"ဌင်းဇာတ် အဋ္ဌကထာ စမ္ပေယျ ဇာတ်မှာလည်း "မနုဿလောကံ အဘိပတ္တယာနော"စသည်ဖြင့် ဟောတော်မူသည်တရပ်။

သမ်ပါလ ဇာတ်မှာလည်း "အဟာဥလဒ္ဓါန မနုဿယောနိံ၊ ကာဟာမိ ဇာတိမရဏဿ အန္တံ"။ အဟာဥ၊ ငါသည်လည်း။ မနုဿယောနိံ၊ လူ့ဘဝကို။ လဒ္ဓါန၊ ရ၍။ ဝါ၊ ရသည်ရှိသော်။ ဇာတိမရဏဿ၊ ပဋိသန္ဓေနေခြင်း, သေခြင်း၏။ အန္တံ၊ အဆုံးကို။ ကာဟာမိ၊ ပြုရလတံ့။ ။ဟု ဟောတော်မူသည် မဟုတ်လော။ စောဒနာလေ။

အဖြေမှာ။ဟုတ်မှန်ပါ၏။မှန်ပုံက ဤကာဟာမိပုဒ်အရ ဆန္ဒတော် ပြုကြသည်ကား။ ဤလူ့ပြည်မှတပါး ပါရမီ အထူး ဆည်းပူးရန်တရား အခြား မရှိသောကြောင့်၊ အလောင်းတော်မြတ် (၊ ဘူရိဒတ် နဂါးမင်း၊ စမ္ပေယျ

နဂါးမင်း၊သင်္ခပါလ နဂါးမင်း) တို့က အပါယ်ဘဝ၌ ဖြစ်ခိုက်ကျ၍သာ၊ ပါရမီသမ္ဘာရ ဆန္ဒတော် အလိုနှင့် လူ့ဘဝကိုရည်ညောင်း၍ တောင်းတတော်မူကြသည်။ နတ် ဗြဟ္မာ အပေါင်းတို့ကလည်း တောင်း တ ကြ၏။ တောင်းရ၏။ ထို လူ့ဘဝ မှာမှ လည်း သာသနာပ လူ့ဘဝက သာသနာတော်သမယလူ့ဘဝကို တောင်း တသော်လည်း လျော်ပါ၏။

ယခုဘဝသာသနာခဏ ကြုံခိုက်ကြသူ ရှင်လူတို့က သမ္မာသမ္ဗုဒ္ဓဆု၊ ပစ္စေကဗုဒ္ဓါ၊ အဂ္ဂသာဝက၊ မဟာ သာဝက၊ ပကတိ သာဝက ဆုမှတပါး၊ တောင်းသမျှ အမှား၊အပါယ်ဘုံသား နဂါးများနှင့် အလားတူ ဆုယူ မှားကြောင်းကို—

ကတမာစ ဘိက္ခဝေ မိစ္ဆာပဋိပဒါ၊
အဝိဇ္ဇာပစ္စယာ သင်္ခါရာ။ ။စသည်ကို မြော်လေ။

ဘိက္ခဝေ၊ ရဟန်းတို့။ ကတမာစ၊ အဘယ်သို့ပြုကျင့် ခြင်းသည်သာလျှင်။ မိစ္ဆာပဋိပါ၊ မှားသော ပြုကျင့်ခြင်း မည်သနည်း။အဝိဇ္ဇာပစ္စယာ၊ပညာကန်း၍ဘာမှန်းမသိ ခြင်းကြောင့်။ သင်္ခါရာ၊ဉာဏဝိပ္ပယုတ်နှင့်သာ ပြုလိုရာ ပြုမိ၊ပါရမီမျိုးစေ့အဖြစ်သို့၊မဆိုက်မထိသော ဝဋ္ဋနိဿိတ ကုသိုလ်၊ အကုသိုလ်သင်္ခါရတို့တည်း။ (သတိမူပါ။)

ဤအရာတွင်–

''သမတိံသ သမတိံသာနိ သုစရိတာနိ ပုညကြိယ ဝတ္ထု ပါရမိယောတိ ဉာမေ နဝုတိဓမ္မာ နိဗ္ဗာ နတ္ထာယ ဥပနိဿယဘူတာနာမ'' ဟူသော။

(ကေနိပါတ်ဇာတ် ဋီကာလာသောအရ။)

သုစရိုက် ၃၀၊ ပုညကြိယာဝတ္ထု ၃၀၊ ပါရမီ ၃၀ အားဖြင့် နိဗ္ဗာန်ရောက်ဘွယ် ကြွေးကိုးဆယ် ဆိုသည် ကား။ ထင်ရှားစေအံ့။ ကာယ ဒုစရိုက်သုံးပါး၊ ဝစီ ဒုစရိုက်လေးပါး၊မနောဒုစရိုက် သုံးပါးအားဖြင့် ဆယ် ပါးသောဒုစရိုက်တို့တွင် တပါးတပါး၌ကြဉ်ရှောင်ခြင်း ဝိရတီသည်၊ သမ္ပတ္တဝိရတီ, သမာဒါနဝိရတီ, သမုစ္ဆေဒ ဝိရတီအားဖြင့်၊ သုံးပါး သုံးပါးစီ ပြားသောကြောင့် သုစရိုက် သုံးဆယ်ဖြစ်၍၊ အပါယ်ဆင်းရဲမှ ကင်းလွတ် ခြင်းအကျိုးရှိ၏။

ဒါန,သီလ,ဘာဝနာ၊အပစာယန၊ဝေယျာဝစ္စ၊ပတ္တိ ဒါန၊ပတ္တာနုမောဒန၊ဓမ္မသဝန၊ ဓမ္မဒေသနာ၊ဒိဋ္ဌိဇုကမ္မ ဟူသော ပုညကြိယာဝတ္ထု၊ ဆယ်ပါးတို့တွင် အဋ္ဌ သာလိနီ ပြသည့်အတိုင်း တပါးပါး၌ ကာယကံ,ဝစီကံ, မနောကံအားဖြင့် သုံးပါး၊ သုံးပါးစီ ပြားသောကြောင့် ပုညကြိယာ ဝတ္ထုကလည်း သုံးဆယ်ဖြစ်၍ လူ, နတ်, ဗြဟ္မာတို့ စည်းစိမ်ချမ်းသာနှင့် ပြည့်စုံခြင်းအကျိုးရှိ၏။

ဒါနပါရမီ၊ သီလပါရမီ၊ နိက္ခမပါရမီ၊ ပညာပါရမီ၊ ဝီရိယပါရမီ၊ ခန္တီပါရမီ၊ သစ္စာပါရမီ၊ အဓိဋ္ဌာန်ပါရမီ၊ မေတ္တာပါရမီ၊ ဥပေက္ခာပါရမီ အားဖြင့် ဆယ်ပါး ရှိသည်တွင် ဒသပါရမိယော၊ ဒသဥပပါရမိယော၊ ဒသပရမတ္ထပါရမိယောတိသမတိံသ ပါရမိယော ဟူသော အရ၊ ပါရမီသုံးဆယ် ဆိုသည်မှာ ရွှေ,ငွေ,ဥစ္စာ၊ပြည်ရွာ တိုင်းကား၊ သား,မယားတို့ကို စွန့်၍ ပေးလှူသောဒါန၊ ဖြည့်ကျင့်သောသီလ၊ ဖြည့်ကျင့်သောနိက္ခမ၊ ဖြည့်ကျင့် သောပညာ၊ဖြည့်ကျင့်သောဝီရိယ၊ ဖြည့်ကျင့်သောခန္တီ၊ ဖြည့်ကျင့်သောသစ္စာ၊ ဖြည့်ကျင့်သော အဓိဋ္ဌာန်၊ ဖြည့် ကျင့်သောမေတ္တာ၊ ဖြည့်ကျင့်သော ဥပေက္ခာတို့သည်၊ ဓနပရိစ္စာဂ ဒသပါရမီဖြစ်၍ သာဝကရဟန္တာဖြစ်ခြင်း အကျိုးရှိ၏။

ဤဆယ်ပါးနှင့် တကွ ခြေ, လက်, အင်္ဂါ၊ နား, နှာ ခေါင်း,စသော ကိုယ်အင်္ဂါကို စွန့်၍ ပေးလှူသောဒါန၊ ဖြည့်ကျင့်သောသီလ အစ ရှိသည်တို့သည် အင်္ဂပရိစ္စာဂ ဒသပါရမီဖြစ်၍ "ပစ္စေကဗုဒ္ဓါ"သာဖြစ်ခြင်းအကျိုးရှိ၏။ ဤနှစ်ဆယ်နှင့်တကွ အသွေး,အသား,နှလုံး,သည်းပွတ် တော်တို့ကို ချိုးဖဲ့ ဖြတ်ခုတ် ထုတ်နုတ်လျက် အသက်ကို စွန့်၍ ပေးလှူသော ဒါန၊ ဖြည့်ကျင့်သောသီလ အစ ရှိသည်တို့သည် အာယုပရိစ္စာဂ ဒသပရမတ္ထပါရမီဖြစ်၍ သမ္မာသမ္ဗောဓိဖြစ်ခြင်း အကျိုးရှိ၏။ ။သတိထား။

ဤ သူ့အကြောင်းနှင့်သူ့အကျိုး အမျိုးမျိုး အသီးသီး ဆိုခဲ့ပြီးသော သုစရိုက်-၃၀၊ပုညကြိယာဝတ္ထု-၃၀၊ ပါရမီ-၃၀၊အားဖြင့် ပေါင်း ကိုးဆယ်တွင် ပုညကြိယာ နှင့် ပါရမီကမတူကြသည်မှာ ရဟန္တာအရှင်နှင့်ပုထုဇဉ် သဃ်ာသည် ပကတိအခါတွင် အမြင်မှာ တူပါသော်လဲ၊ အထဲက သဘောချင်းက ဘဝဂ်နှင့် အဝီစိမကာ ဝေးကွာ ကြသည်။ ပုညကြိယာနှင့် ပုထုဇဉ်သဃ်ာ၊ ရဟန္တာနှင့် ပါရမီဆယ်ဖြာ လွန်စွာတူသည်။ ထို့ကြောင့်—

တဏှာဝသေန ဘဝဘောဂတ္ထာယ ပဝတ္တိတံ ဟီနံ၊ အတ္တနော ဝိမောက္ခတ္ထာယ ပဝတ္တိတံ မဇ္ဈိမံ၊ သဗ္ဗ သတ္တဝိမောက္ခတ္ထာယ ပဝတ္တိတံ ပါရမိတာသီလံ ပဏီတံ။ (ဝိသုဒ္ဓိမဂ်အဋ္ဌကထာ။)

တဏှာဝသေန၊ တဏှာ၏ အလိုနှင့်တကွ။ ဘဝ ဘောဂတ္ထာယ၊ဘဝသမ္ပတ္တိ, ဘောဂသမ္ပတ္တိအကျိုးငှာ။ ပဝတ္တိတံ၊ ဖြစ်စေအပ်သော ကုသိုလ်လေ့သည်။ ဟီနံ၊ အယုတ်တည်း။ အတ္တနော၊ မိမိ၏။ ဝိမောက္ခတ္ထာယ၊ သံသရာမှ လွတ်ခြင်း အကျိုးငှာ။ ပဝတ္တိတံ၊ ဖြစ်စေ အပ်သော ကုသိုလ်လေ့သည်။ မဇ္ဈိမံ၊ အလတ်တည်း။ သဗ္ဗသတ္တဝိမောက္ခတ္ထာယ၊ခပ်သိမ်းသော သတ္တဝါတို့ကို သံသရာမှ လွတ်စေခြင်း အကျိုးငှာ။ ပဝတ္တိတံ၊ ဖြစ်စေ အပ်သော။ပါရမိတာသီလံ၊ကမ်းတဘက် ရောက်သော ကုသိုလ်လေ့သည်။ ပဏီတံ၊ အမြတ်တည်း။

**လိုရင်းက။** ''တဏှာဝသေန ဘဝဘောဂဏ္ဍာယ'' ဟူသည်မှာ။ တဏှာ၏အလိုနှင့် ဘဝဘောဂကို သာယာ၍၊ ပြုသမျှ ဉာဏဝိပ္ပယုတ် ကုသိုလ်မှုက ''အာယုဟနဥ္စ, နိဒါနဥ္စ, သံယောဂဥ္စ, ပလိဗောဓဥ္စ'' ဟူသော သမုဒယသစ္စာ ပါသောကြောင့် ဝိဋ္ဋနဥ္စ, သန်တဥ္စ, သန္တာပဥ္စ, ဝိပရိဏာမဥ္စ ဟူသော ဒုက္ခသစ္စာ အကျိုးကိုသာ ပေးစွမ်းနိုင်သော ဒါနမယ၊သီလမယ၊ဘာဝနာမယ၊အစရှိသော ပုညကြိယာ ကုသိုလ်လေ့က ဟီနသာဖြစ်၍ ပါရမီမမြောက်။ သတိမူပါ။

အတ္တနော၀ိမောက္ခဏ္ဍာယဟူသည်မှာ-မိမိသည်သာ သံသရာဝဋ်မှ ကျွတ်လွတ်ခြင်း အကျိုးငှာ၊ ဉာဏသမ္ပယုတ်ကုသိုလ်လေ့ ပါရမီက နိယျာနဥ္စ, ဟေတုဥ္စ, ဒဿနဥ္စ, အဓိပတေယျဥ္စ ဟူသော မဂ္ဂသစ္စာမြတ် ပွားအပ်သောကြောင့် နိဿရဏဥ္စ,ပဝိဝေကဥ္စ,အသင်္ခတဥ္စ အမတဥ္စဟူသော နိဗ္ဗာန်ရ ပစ္စေကဗုဒ္ဓါ သာဝကမျှသာ ဖြစ်၍ မဇ္ဈိမမည်၏။

သဗ္ဗသတ္တဝိမောက္ခဏ္ဍာယ ဟူသည်မှာ ခပ်သိမ်းသော သတ္တဝါတို့ကို သံသရာဝဋ်မှ ကျွတ်လွတ် စေခြင်း အကျိုးငှာ၊ ပါရမီ ကုသိုလ်လေ့က သမ္မာသမ္ဗုဒ္ဓဖြစ်၍ ပဏီတမည်၏။ ဤ ဟီန,မဇ္ဈိမ,ပဏီတအားဖြင့် အပြား ၃၀၊ ကို ဓာတ်သက်သေနှင့်တကွ အလိုရှိမူ (စရိယာပိဋကအဋ္ဌကထာ သီလက္ခန် ဋီကာကြီးမှာ ယူလေ။)

**သိသာစေအံ့**။ဒိဋ္ဌဓမ္မိကတ္ထ ဟူသော ခုဘာဝအကျိုး၊ သမ္ပရာယိကတ္ထ ဟူသော တမလွန်ဘဝမှာ အကျိုးရှိရာ၊ စိတ်သညာသိ၊ သမုတိသစ္စာမှာ ဒါန, သီလ, စရဏကို ဝစီကာယနှင့် ဖြောင့်မှန်စွာကျင့်ကြ၍၊ပရမတ္ထဟူသော လောကုတ္တရာ အကျိုးငှာ၊ မနောကံအရာ ဝိပဿနာ ဝိဇ္ဇာမှုနှင့် ထိုဒါန, သီလ, စရဏစုကိုပင် တွင်တွင် လိုက်စား၊ ရင်ခွင်ပိုက်ထား၍၊ ဘုရားပွင့်မှ ကြားသိ ရသည့် အရိယသစ္စာ၊ လောဘဟိတ် တဏှာကို၊ ပယ် ခွာသော သာသနာ သမ္မာဒိဋ္ဌိ၌ ဆိုက်ရောက်ခြင်းငှာ၊ အမောဟဟိတ်အရာ စိတ်,စေတသိက်,ရုပ်,နိဗ္ဗာန်မြတ်၊ ပရမတ်သစ္စာ၊ ကြံခဲစွာကို လေ့လာသိမှ၊ အတိဒုလ္လဘ၊ သဒ္ဓမ္မသဝန၊အလင်းရသူ မြန်ခင်းဇမ္ဗူ၊ မှန်ကင်းထူတဲ့၊ လူ့ထက်လူပါ၊ ယခုအခါ၊ သူသူငါပင်၊ ပရမတ်သစ္စာ၊ ပညာမြင်ကို၊ အသိလို ချိုရိပ်ရိပ်က၊ ဇာဆိပ်မျှ ရှိကြ၍၊ ထိုပရမတ္ထ သဘာဝကို အားထုတ်ကြပါကုန်။

ထို့ကြောင့်= ဓမ္မပဒ ပါဠိတော်၌

ယောစ ဝဿသတံဇီဝေ၊ အပဿံ ဥဒယဗ္ဗယံ။
ဧကာဟံ ဇီဝိတံ သေယျော၊ ပဿတော ဥဒယဗ္ဗယံ။
ဟု ဟောတော်မူသည်။

ယောစ၊ အကြင်သူသည်ကား။ ဥဒယဗ္ဗယံ၊ ဖြစ်ပျက် မှန်လှ၊ ရုပ်နာမ်သင်္ခါရကို။ အပဿံ-အပဿန္တော၊ မရှု

မမြင်ဘဲ။ ဝဿသတံ၊ အနှစ်တရာပတ်လုံး။ ဇီဝေ၊ အသက် ရှည်ငြားအံ့။ နသေယျော၊ မမြတ်။ ဥဒယဗ္ဗယံ၊ ခန္ဓာငါးဝ၊ အနိစ္စဓာတ်၊ ပရမတ်ကို။ ပဿတော၊ ရှုမြင်သော ပုဂ္ဂိုလ် ၏။ ဧကာဟံ၊ တရက်မျှ။ ဇီဝိတံ၊ အသက်ရှည်ခြင်းသည်။ သေယျော၊ မြတ်၏။

ထို့ကြောင့်=

သတဉ္စ ဝိဝဋံ ဟောတိ၊ အာလောကော ပဿတာမိဝ။
သန္တိကေနံ ဝိဇာနန္တိ၊ မဂ္ဂါမဂ္ဂဿ ကောဝိဒါ။
(သုတ္တနိပါတ် ပါဠိတော်)

ပဿတံ၊ မြင်စွမ်းနိုင်ထ၊ ပဇာနန ဉာဏ်စ ရှိကုန် သော။ သတဉ္စ၊ သူမြတ်တို့မှာ မူကား။ အာလောကော ဣဝ၊ နေ, လ, ရာထောင် ထွန်းလင်းပြောင်သို့။ ဝိဝဋံ၊ ပွင့်လင်း ထင်ရှားသည်။ ဟောတိ၊ ဖြစ်၏။ မဂ္ဂါမဂ္ဂဿ၊ ကြောင်းကျိုး ဟုတ်သည် မဟုတ်သည်၌။ ကောဝိဒါ၊ လိမ္မာကုန်သော ပုဂ္ဂိုလ်မြတ်တို့သည်။ နံ၊ ထို ကြောင်းနှင့် ကျိုးမျှ၊ အနိစ္စဓာတ်၊ ပရမတ်ကို။ သန္တိကေ၊ မျက်မှောက် အနီး၌။ ဝိဇာနန္တိ၊ သိမြင်ကြကုန်၏။

ထို ပုဂ္ဂိုလ်မြတ်တို့သာ သိမြင်တော် မူအပ်သော သတ္တောကာသ သင်္ခါရအားဖြင့်၊ လောက သုံးပါး တို့တွင် ''တဇ္ဇရုန္ဒြိယဗဒ္ဓါနံ ခန္ဓာနံ သမူဟော သန္တာ နောစ သတ္တလောကော'' ဟူသောအရ သတ္တလောက

ဆိုသည်ကား။ ခေါဝေါ် အပ်သော ဓမ္မပုဥ္ဇ ဝိဇ္ဇာမာန ဇုန္ဒြိယဗ္ဗဒ္ဓပူ့သော ခန္ဓာသမူဟ အစဥ်မျှကိုသာ ခေါ် ဝေါ်ကြောင်း မည်သည်သည်ာနှင့်၊ အဝိဇ္ဇာမာန သမုတိသစ္စာတွင်၊ ဧဝံဓမ္မတာ သတ္တဝါဟု ခေါ်ဆိုမှုကို သိအပ်၏။ လိုရင်းမှာ-ကုသိုလ်,အကုသိုလ်အမူအရာ၊ ဤဟာ များပါ ရကိုသာ သတ္တဝါခေါ်သည်။(ထင်လျှားစေအံ့။)

ဒုက္ခမေဝ တွ်ိနော ဒုက္ခိ၊ ကိရိယာဝ နကာရကော၊
နိဗ္ဗုတိဝ နိဗ္ဗုတောန၊ မဂ္ဂေါဝ ဂမကောနိဓ။

ဇုဓ၊ ဤသာသနာတော်အလို၌။ ဒုက္ခမေဝ၊ ဒုက္ခသစ္စာသည်သာလျှင်။ အတ္ထိ၊ ရှိ၏။ ဒုက္ခိ၊ ဆင်းရဲသော သတ္တဝါသည်။နောအတ္ထိ၊မရှိ။ ကိရိယာဝ၊ပြုတတ်သော သမုဒယ သစ္စာသည်သာလျှင်။ အတ္ထိ၊ရှိ၏။ ကာရကော၊ ပြုတတ်သော သတ္တဝါသည်။ နတ္ထိ၊မရှိ။ နိဗ္ဗုတိဝ၊နိရောဓ သစ္စာသည်သာလျှင်။ အတ္ထိ၊ ရှိ၏။ နိဗ္ဗုတော၊ ငြိမ်းတတ် သောသတ္တဝါသည်။ နအတ္ထိ၊ မရှိ။ မဂ္ဂေါဝ၊ မဂ္ဂသစ္စာ သည်သာလျှင်။ အတ္ထိ၊ရှိ၏။ ဂမကော၊ သွားတတ်သော သတ္တဝါသည်။ နအတ္ထိ၊ မရှိ။

**ဤအရာ၌။** ။ကဋ္ဌာဒယောဧဝဟိ ဂေဟာကာရေန သဏ္ဌိတာဂေဟန္တိ။ အစရှိသော ပရမတ္ထ ဒီပနီ ဋီကာ လာသည်အရ၊ လိုရင်းက-သစ္စာလေးချပ်၊ပရမတ်တွင်၊ ရုပ်နာမ်ဒုက္ခ၊အနိမိတ္တ၊ အနိစ္စမှာ၊သတ္တာကာရ၊စပ်တည်

ရာစု၊ ဤဟာ ဗျာပါရမှုကိုသာ ဧဝံဓမ္မတာ၊ သတ္တဝါရှိ၊ သမုတိကို သိရမည်ဟူလိုသည်။

ထို့ကြောင့်—

ကောပနေတ္တ သတ္တာကာရော ကိံ သတ္တကိစ္စန္တိ၊ ဇီဝ ယောဂေါ သတ္တာကာရော၊ ဤဟာစ ဗျာပါရောစ သတ္တကိစ္စံ။ ။(ပရမတ္ထဒီပနီဋီကာကြီး။)

ဧတ္ထ၊ ဤအရာ၌။ သတ္တာကာရော၊ သတ္တဝါ အခြင်းအရာသည်။ ကောပန၊ အဘယ်နည်း။ သတ္တကိစ္စံ၊သတ္တကိစ္စသည်။ ကိံ၊ အဘယ်နည်း။ ဣတိ၊ ဤကား အမေးတည်း။ဇီဝယောဂေါ၊ အသက်နှင့် ယှဉ်ခြင်းသည်။ ဝါ၊ ကုသိုလ်, အကုသိုလ် သဘောသည်။ သတ္တာကာရော၊ သမုတိသစ္စာ၊သတ္တဝါတွင်၊မိန္တူဝင်၍၊ထင်စရာအများ၊ မှားစရာနိမိတ်၊ရောင်ရောင်ပြိတ်သည့်၊ရိပ်သော အခြင်းအရာမည်၏။ ဤဟာစ၊ အားထုတ်မှုသည်၎င်း။ ဗျာပါရောစ၊ကြောင့်ကြစိုက်မှုသည်၎င်း။ သတ္တကိစ္စံ၊ သတ္တဝါဟု၊သိကြောင်းခြင်းရာ သညာမှတ်အပ်သော သတ္တကိစ္စမည်၏။

လိုရင်းက။သတ္တဝါဟူသော အခြင်းအရာ အသက်ဆိုသည်မှာ၊ကုသလာ ကုသလ၊ သခ်ါရ ကမ္မပထကိုသာ ပရမတ်စဉ်လာ၊ သတ္တဝါ ထင်စရာ၊ ခြင်းရာ ပေါ်၍ အသက်ခေါ်သည်။ (ဤသာသနာ ဤအရာမှာ လွန်စွာ

အရေးကြီးသည်။) သတိမူပါ။ ထိုသတ္တဝါ၏ တံခွန်ပြ၊ ထို ကမ္ဘပထ၊ သံခါရလုပ်၊ အားထုတ် ကြောင့်ကြသည်ကို သတ္တကိစ္စဆိုသည်။

ထို့ကြောင့်—

ယောဓမ္မာ သတ္တပညတ္တိယာ ပစ္စာနုဂ် ဘူတာ
ဟောန္တိ။ ။ (ပရမတ္ထဒီပနီဋီကာကြီး။)

ယောဓမ္မာ၊ အကြင် ကုသိုလ်, အကုသိုလ် သံခါရ၌၊ ကြောင့်ကြစိုက်လုပ် အားထုတ်မှုတရားတို့သည်။ သတ္တပညတ္တိယာ၊ စိတ်သညာခေတ်၊ ပရမတ်စဉ်လာ၊ သတ္တဝါတွင်၊ ထင်မှတ်အပ်သော ပညတ်ခြင်း၏။ ပစ္စာနုဂ်ဘူတာ၊ ပြဋ္ဌာန်းသော အင်္ဂါဖြစ်၍၊ ဖြစ်ကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

**လိုရင်းမှာ။** ။ဇဝံဓမ္မတာ၊ သတ္တဝါရှိ၊ သမုတိမှာ၊ ခန္ဓာ အာယတန ခေတ်ဟူသော ပရမတ်သဘောထူး မျိုးကိုသာ သတ္တဝါဟူသော လောက၏ ဖြစ်စဉ်သည်။ သစ်ပင်ကြောင့် သစ်စေ့၊ သစ်စေ့ကြောင့် သစ်ပင်၊ အစဉ် တံထွာတို့မှာ၊ ကမ္ဘာဦးစ၊ ပဌမတွင်၊ သစ်ပင်, သစ်စေ့ တို့သည်၊ ဥတုတေဇော သဘောထူးက သစ်စေ့ သစ်ပင် အစဉ်ဖြစ်သကဲ့သို့။ ထို့တူပမာ၊ သတ္တဝါမှာ၊ သမုပ္ပါဒ် နည်း၊ ပဋ္ဌာန်းနည်း၊ ပစ္စည်း သမုဒယ၊ လောဘ စိတ်၌ ပါသော လောဘဟိတ်မျိုး၊ သံတကြောင့်သာ၊ အကျိုး

ဒုက္ခသစ္စာ၊ ရုပ်နာမ်သင်္ခါရ အနိစ္စဖြစ်သည်။ ထိုအနိစ္စ၏ အမှုအရာ ကိရိယာမျှ၊ ဤဟာ ဗျာပါရခေတ် ပရမတ် သဘောထူးကိုသာ ပညတ်အရာသတ္တဝါဟုဆိုသည်။

ထိုသတ္တဝါမှာ၊အာသဝလေးပါးကြောင့် သောက စသည် ဖြစ်ရကား။ အကျိုးသောက စသည်ဖြစ်လျှင် မကောင်းကောင်း၍ အကြောင်းအာသဝ ဖြစ်တော့သည်။ ဤအာသဝ ဖြစ်ကလည်း"အာသဝသမုဒယာ အဝိဇ္ဇာ သမုဒယော"အရ အဝိဇ္ဇာ ဖြစ်ရသည်။ ဤ အဝိဇ္ဇာ ဖြစ်ကလည်း သင်္ခါရအမျိုးမျိုး၊ကျိုး့ကြောင်း ဆက်စပ် ဘဝစက်မပြတ်သည်မှာ အဝိဇ္ဇာနှင့် တဏှာ ပါမှသာ ကုသလာ ကုသလ၊ သင်္ခါရ ကမ္မပထ မြောက်သည်။ ဤ သင်္ခါရမှသာ၊ ဝိညာဏ် အင်္ဂါ အစဖြာ၍ သတ္တဝါ ဖြစ်သည်။

ဝတ္တုကာမော အဟံအဇ္ဇ၊ ပစ္စယာကာရဝဏ္ဏနံ။
ပတိဋ္ဌံ နာဓိဂစ္ဆာမိ၊ အဇ္ဈောဂါဠှော ဝ သာဂရံ။

အဟံ၊ ငါသည်။ အဇ္ဇ၊ ယခု။ ပစ္စယာကာရဝဏ္ဏနံ၊ ပဋိစ္စသမုပ္ပါဒ်အဘွင့် သံဝဏ္ဏနာ အဋ္ဌကထာကို။ ဝတ္တု ကာမော၊ဘွင့်ဆိုလိုပါလျက်။သာဂရံ၊ရှစ်သောင်းလေး ထောင်၊ နက်ဝှမ်းဆောင်သည့်၊ တောင်ခွေ ပတ်ချုပ် ရေသမုဒ်ကို။ အဇ္ဈောဂါဠှော ဝ၊ ကူးဆင်း သက်ဝင်၊ ယုန်ငယ်သွင်သို့။ ပတိဋ္ဌံ၊ ထောက်တည်မှီရာ သံဝဏ္ဏနာ နည်းကို။နာဓိဂစ္ဆာမိ၊မရနိုင်ပါတကား။

ဟူ၍၊ ပဋိစ္စသမုပ္ပါဒ် ဘွင့်ခါနီးတွင် အဋ္ဌကထာဆရာကြီးပင် ညီးညူးတော်မူပေသည်။ ဤအရာ၌၊ 'အဝိဇ္ဇာပစ္စယာသင်္ခါရာ'စသည်ကို မြွက်ပါ။မြွက်ပုံမှာ အဝိဇ္ဇာကြောင့် သင်္ခါရကမ္မပထ အတိတ်ဘဝကဖြစ်ခဲ့ကြသော အကြောင်းအင်္ဂါနှစ်ပါးကြောင့်သာ၊ ယခုအကျိုးခန္ဓာငါးပါး၊ဝိညာဏ် နာမ်ရုပ်ဟူသော ပစ္စုပ္ပန်အင်္ဂါနှစ်ပါး ဖြစ်ပွားလာ၏။ ထို ဝိညာဏ် နာမ် ရုပ် နှစ်သွယ်မှမှီတွယ်၍၊သဠာယတန ဖဿဝေဒနာဟူသော အရေ.ငတင်အင်္ဂါသုံးပါးဖြစ်ပွားလာ၏။ဤ အင်္ဂါစုတွင် ပုထုဇ္ဇန်နှင့် ရဟန္တာ သိသာပုံကား - အဝိဇ္ဇာ တဏှာ အကုန် ကွာသော ရဟန္တာများမှာ တစုံ တရာသော တိတ် နာဂတံ ပစ္စုပ္ပန်မှာ ခန္ဓာအာရုံကို သာယာခြင်း ကင်းကုန်သည်ဖြစ်၍၊ ကာယ ဝစီစု မနောမှုက ဘယ်လိုပင် ပြုကြပြုကြ " ကုသလာ ကုသလံ ဇဟံ " အရ၊ ကုသိုလ်, အကုသိုလ်သင်္ခါရ မဖြစ်ကြဟု သိမှတ်ရမည်ဟူလိုသည်။ ဤအဝိဇ္ဇာနှင့် တဏှာမူလ၊နှသယမြူ၊ ကင်းတော်မူကြသော ရဟန္တာများကိုသာ "အဝိဇ္ဇာယတွေဝ အသေသ ဝိရာဂ နိရောဓာ သင်္ခါရ နိရောဓော"စသည်ဖြင့် ဟောတော်မူသည်။ သတိမူပါ။

ပုထုဇ္ဇန်သူငါ၊ အဝိဇ္ဇာရှိသမျှ၊ သတ္တဝါများက၊ ကာယဝစီစု မနောမှုနှင့်ပြုကြသမျှမှာ၊တဏှာ,ဥပါဒါန်ကမ္မဘဝ ဟူသော ဗာလပုထုဇ္ဇန်တို့၏ တံခွန်ပြု အင်္ဂါ

သုံးပါး၊ ဖြစ်ပွားလာ၏။ ဖြစ်ပွားပုံကား။ ကာမ,တဆဲ့ တဘုံ၊ ရူပတဆဲ့ခြောက်ဘုံ၊ အရူပ လေးဘုံအားဖြင့် သုံးဆဲ့တဘုံကို မျိုးစေ့စိုက်ပျိုးရာ လယ်ယာ မြေကဲ့သို့ မှတ်။ ဒုစရိုက်ဆယ်ပါးကြောင့် ဖြစ်သော အကုသိုလ်ကံ တဆယ်၊ ပုညကြိယာ ဝတ္ထုဆယ်ပါးကြောင့် ဖြစ်သော ကုသိုလ်ကံ တဆယ်၊ ကမ္မဋ္ဌာန်း စီးဖြန်းခြင်းကြောင့် ဖြစ်သော ရူပါဝစရ ကုသိုလ်ကံငါးခု၊ အရူပါဝစရ ကုသိုလ်ကံ လေးခုအားဖြင့်၊ ကံပေါင်း နှစ်ဆဲ့ကိုးခုကို သုံးဆဲ့တဘုံ တည်းဟူသော လယ်ယာတွင်း၌ ကြဲအပ်သော မျိုးစေ့ကဲ့သို့မှတ်။

အဝိဇ္ဇာတဏှာ၊ အရင်းပါ၍၊ စေတနာ ကံကြောင့် ဖြစ်သော သတ္တဝါတို့ကို မျိုးစေ့မှဖြစ်သော အပင်ကဲ့သို့ မှတ်။ ထိုသတ္တဝါတို့၏ ဖြစ်လေရာရာ ဘဝတိုင်း ဘဝတိုင်း၌ အသစ်အသစ် ပြုပြန်သော ကောင်းမှုကံ မကောင်းမှုကံကို လယ်ယာ၏အတွင်း၌ ပေါက်ရောက်သော သစ်ပင်၏ အသီးအနှံက မျိုးစေ့ ဖြစ်ပြန်သလို အတူ၊နောင်အသစ်ဖြစ်ဘို့ရန် တဘန်ဖြစ်ပြန်တော့သည် မှတ်လေ။

ထိုကံနှစ်ဆဲ့ကိုးပါး၊ ဖြစ်ပွား ခြင်းကြောင့်သာ ပညတ်အပ်သော သတ္တဝါ၊ ထိုသတ္တဝါကြောင့်သာ ထိုကံနှစ်ဆဲ့ကိုးပါး၊ ဤသို့အားဖြင့် စိတ်သညာဓေတ် ပရမတ်အရပ်ကြောင့် ဖြစ်သော အရိပ်အသွင်၊ နိမိတ်

ထင်အပ်၊ ပညတ်အရာ၊ သဏ္ဍာဝါမှာ၊ (ဥပမာကား)
များစွာသတိထား။ သမုဒ္ဒရာ, အိုင်, အင်း၊ တွင်း, ကန်
ထွေထွေ၊ ရေရှိသမျှ ခွက်, ဖလား၊ မြက်ဖျားဦရောက်၊
နှင်းပေါက်ရေမှာ၊ နေ,လ ရိပ်ထင် မြင်သည့်ပမာ၊
သဏ္ဍာဝါသာ မှတ်လေ။

**ဥမမာ ဥပမေယျ ဟပ်၍ ပြသော်ကား။** ကေဏ္ဍာ၊
နာနတ္တ၊အဗျာပါရ၊ ဧဝံတံထွာ၊ ဓမ္မတာခေတ်၊ သမုပ္ပါဒ်
နည်း၊ ပဋ္ဌာန်းနည်း၊ ပစ္စည်းပြုသမျှ၊ သင်္ခတ ပရမတ်က၊
နေ,လနှင့် တူ၏။ နေ,လရောင်နှင့် ရုပ်နာမ် သင်္ခါရ
အနိစ္စခေတ် ပရမတ်တူ၏။ ထိုအနိစ္စမှာမှလည်း ဣန္ဒြိယ
ဗဒ္ဓအနိစ္စမှ စက္ခုသောတ စသော ဝတ္ထုရုပ် ခြောက်
ပါးက မြက်ဖျားဦရောက် နှင်းပေါက်ရေတွေနှင့် တူ၏။
ထိုနှင်းပေါက်ရေတွင် နေ,အသွင်၊ လ,အသွင်၊ အရိပ်
ထင်သည်နှင့်ကား။ ဝတ္ထုရုပ်တွင်၊ လူ့အသွင်၊ ရှင့်အသွင်
သစ်ပင်စသော သဏ္ဍာန်အရိပ်၊ နိမိတ်အထင်၊ မြင်ကြ
သမျှ၊ အစစနှင့် တူလှ၏။ (ဤ ဥပမာကို အခါခါ ကြိ
ကြည့်၍သာ သိပါ မြင်ပါ။ သိကောင်းပါ၏။)

**သတိမူရန်မှာ။** ၊ထိုနှင်းပေါက်ရေ အသချေ်ချေ
ရှိ၍နေသော်ငင်း။ မရှိချေသော်ငင်း။ နေ,လမှာ သွား
လာရောင်လင်း၊ ယိုယွင်းမရှိ၊ ပကတိကဲ့သို့၊ ထို့အတူ
ပရမတ် တည်ထောင်သည်မှစ၍၊ အမှန်ဘာသာ၊ သယံ
ဇာနှုန်း၊သံသရာဆုံးသည် တိုင်အောင်လည်း နိဗ္ဗာန်ကို

ရ, မရ ဆိုသော ပုဂ္ဂိုလ်သတ္တဝါအတွက်နှင့် အနိစ္စခေတ် ပရမတ်အမြဲက လျော့နဲ တိုးဆုတ်ခြင်း မရှိ၊ ပကတိ အတိုင်းသာမှတ်လေ။

**အဘယ့်ကြောင့်နည်း။** ။ရေတွက် လျော့နဲ တိုး ဆုတ်သံနှင့်ဘောက်ပြန်သဘော ပြောကြံသမျှ အစစမှာ ပညတ်မျှချည်းသာ မှတ်လေ။ လိုရင်းက။ သတ္တဝါ အစ ရှိသော ပညတ်နှင့် ရုပ်နာမ်ဟူသောအနိစ္စခေတ် ပရမတ် မှာ၊ ချိန်ဝန်, ပိဿာကဲ့သို့ရင်း။ တင်းချင့်, တောင်းချင့် ကဲ့သို့ရင်း။ အဖတ်,အနှစ်က စစ်စစ်မရအပ်၊ မရှိအပ်ဟု သိတတ်ကြစေ ဉာဏ်ကဝေတို့။

ဤအရာကို သညာရှေ့ဆောင် ပညာရောင်နှင့် ပြောင်ပြောင် စင်စင် ကြောင်ကြောင်မြင်၍ အထင်အလွဲ လူရှင်ခပဲ အစွဲအတိမ်း အကုန်သိမ်း၍ ငြိမ်းကြပါစေ ကုန်သတည်း။

**ဤအရာက အရေးကြီးလှ၍ တနည်း ပြဦးမည်။** မှန်ကြောင့်ဖြစ်သော မှန်ရောင်သည်၊ မှန်ပြင်မှာ ထင်လာ သကဲ့သို့၊ ထို့အတူ ပရမတ်နှစ် အနိစ္စခေတ် စစ်ကြောင့် ဖြစ်သော သစ်ပင်, လူ, ရှင်, အစရှိသော အသွင်ပုံဟန် သဏ္ဍာန်ဒြပ်ပညတ်နိမိတ်ပဋ္ဌမအရိပ်သည်၊ အဋ္ဌကလာပ် အနိစ္စခေတ်၏မှာပင် ထင်လာ၏။ ပေါ်လာ၏။ ဒုတိယ အရိပ်ဟူသော ဒြပ်နိမိတ်၏ တံဆိပ်ရေးသွင် သစ်ပင်ရိပ် လူရိပ်စသည်ကား၊ မြေပြင်ရေပြင်မှာထင်လာ၏။ **သတိပြုပါ**

ဤလောကမှာ သူငါကစ ပုထုဇ္ဇန် ဟူသမျှတွေသည်၊ ထို ဒုတိယ အရိပ်ကိုသာ အရိပ်ဟု သိကြသည်။ ပဌမ ဖြစ်သော သစ်ပင်,လူ, ရှင်, စသော မြင်ကြသမျှ အစစ ကိုကား၊ အရိပ်ဟူ၍မျှ မသိမထင် မမြင် ကြလေကုန်။ ထို့ကြောင့်- လုံးလုံး လျောင်းလျောင်း၊ ပေါင်း၍ တည်ဟန် သဏ္ဌာန်အကောင်အထည်ကဲ့သို့ သိကြောင်း ခြင်းရာနှင့် စိတ်သညာဓာတ် သိမှတ်သမျှ အစစ ဝိသယ မဆုံး၊တလောကလုံးသည်၊အနိစ္စဓာတ် ပရမတ်၏အရိပ် အရောင်ချည်းသာ မှတ်လေ။

ဤအနိစ္စ၏ အရိပ်မျှသာ သတ္တဝါက ဘယ်တုံးကစ၍ ဘယ်ကျမှ ဆုံးမည်နည်းဟု စောဒနာလေ။ ။

**အဖြေမှာ။** ။ထာဝရ ကမ္ဘာ့တန်းဆာ၊ နေ,လ၏ ရောင်ဝါသည်၊ကမ္ဘာပျက်မှ၊ထိုနေ,လတို့ကြေမွပျက်ဆုံး အရောင်သုဉ်းသကဲ့သို့။ ထို့အတူ အနိစ္စဓာတ် ပရမတ် အရောင်သာ ဖြစ်ပေါ် လာသော လောကသတ္တာ သတ္တဝါမှာ၊ သံသရာဆုံး၊ ပရမတ်တုံးမှ၊ သတ္တဝါ သုဉ်းမည်၊ အရပ်ဆုံးမှ၊ အရိပ် တုံးသကဲ့သို့၊ ပရမတ် သုဉ်းမှ၊ ပညတ်ဆုံးမည် ဟူလိုသည်။ ။

ထို့ကြောင့် မဟာတ်လော—

အနိစ္စတ္တေန နဇာတော ပစ္စုပ္ပန္နေန ဇီဝတိ။
စိတ္တဘင်္ဂါ မတော လောကော ပညတ္တိ ပရမတ္ထိယာ။

အနိမ္ဗတ္တေန၊ ဖြစ်ဆဲမဟုတ်သော အတိတ် အနာဂါတ် စိတ်ဖြင့်။ နဇ္ဇာတော၊ သတ္တဝါ ဖြစ်သည်မဟုတ်။ ပစ္စုပ္ပန္နေန၊ ဖြစ်ဆဲ စိတ်ဖြင့်သာလျှင်။ ဇီဝတိ၊ အသက် ရှင်သည်မည်၏။ စိတ္တဘင်္ဂါ၊ ဘင်သို့ရောက်၍ စိတ်တိုင်း ချုပ်ပျောက် ခြင်းကြောင့်။ လောကော၊ ဖြစ်ပျက် သဘောမျှ ဤလောကသည်။ မတော၊ ခါခါ ထပ်ထပ် ဆတ်ဆတ်သေ၏။ ဝေံသန္တေပိ၊ သို့စဉ်ပုံသေ သေ၍ပင် နေသော်လည်း။ ပညတ္တိ၊ တည်ဆဲ....တည်ဆဲ....စိတ်ကို စွဲလျက် အသက်ရှင်၏ဟု သမုတိအများ ပရမတ် တရား ချင်း ပရမတ်တရား စကား၏အရာ သတ္တဝါဟူသော ပညတ်သည်။ ပရမတ္ထိယာ၊ ပရမတ္ထဘူတာ နာမဂေါတ္တံ နဇိရတိ ဆိုဘိသည့်နှံ့ အမြဲနိယတ် ပရမတ်ကဲ့သို့ ဖြစ်၍ နေ၏။

ဤပညိုမြွေအရာ ဆုတ်ဆိုင်းမရှိ ဟုတ်တိုင်းသိသော အရိယသစ္စာ သာသနာတွင်၊ ပုထုဇ္ဇန်မှာ မိမိမျက်စိကိုပင် မိမိမမြင်ရသကဲ့သို့ နေကြ၏။ မှန်နှင့်ကြည့်လျှင် သိမြင် ပါ၏။ ဆိုရာရှိလည်း မျက်စိ မရှိသောသူမှာ၊ မှန်ချပ်တရား ရွှေဝဲယာ ကာပါသော်လျှင် မမြင်ရသို့။ ထို့တူပမာဏ၊ ထာဝရ၊ ထာဝစဉ် မိမိတို့ ကိုယ်ထင် ကိုယ်လုပ်၍ နေကြ သော ဒုက္ခသစ္စာမျှ အနိစ္စခတ် ပရမတ်တွေကို၊ သမ္မာ ဝမ္ဗာ အနတ္တာဟု၊ ပညာစက္ခုနှင့် မရှုမမြင်သော ပုထုဇ္ဇန် ကိုသာ....။

ပုထုဇ္ဇနာနံ ဝါသညာ အာသာဒုက္ခ ဇနနတော ရိတ္တမုဋ္ဌိဝိယ။ (အဋ္ဌကထာ။)

ဝါ။ဟနည်းကား။ပုထုဇ္ဇနာနံ၊ပုထုဇ္ဇန်တို့၏။သညာ၊ သိမှတ်ခြင်း သညာကို။ အာသာဒုက္ခဇနနတော၊ ဝဋ္ဋ ဒုက္ခကို တောင်းတခြင်းကို ဖြစ်စေတတ်သောကြောင့်။ ရိတ္တမုဋ္ဌိဝိယ၊အချည်းနှီးသော လက်ဆုပ်ကဲ့သို့။ ဒဋ္ဌဗ္ဗာ၊ ရှုမှတ်အပ်၏။

**အဓိပ္ပါယ်မှာ။** ။ဘယ်ဟာတစ်ခုမှ မရှိသော ပကတိ လက်ကိုဆုပ်၍ ကြည့်သောအခါ၊ရှိရောင်ရောင် ရှိရိပ်ရိပ် မှာ စိတ်သညာ အတွင်းက မကင်း မရှင်းကြ။ ပမာနည်း ထို့အတူ အဝိဇ္ဇာ တဏှာယှဉ်သောပုထုဇ္ဇန်သဘောက ရူပ, သဒ္ဒ, အစရှိသော ဤလောက၌ လောဘဟိတ် သာတ သဘာဝခေတ်တောင်း၍ အကောင်း ရှိရောင် ရောင် ရှိရိပ်ရိပ်မှာ စိတ်သညာအတွင်းက မရှင်းမလင်း မကင်းကြကို ဝဋ်ဒုက္ခ၌ တောင်းတဆိုသည်။ ။

**ဤအရာမှာ။** ။မိမိလက်ကိုသာ အဘန်ငယ် ဆုပ်၍ ကြည့်ပါ၊ ဖြန့်၍ ကြည့်သောအခါ သိပါလိမ့်မည်။ သိ ပုံမှာ၊ ဆုပ်၍ကြည့်ခြင်း၊ ပုထုဇ္ဇန်များ ဖြန့်၍ ကြည့်ကား၊ အရိယာများဟု ခြားနားပါလိမ့်မည်။ ဤ အဋ္ဌကထာ သဘောက "ပုထုဇ္ဇနော ဥမ္မတ္တကော" ဟူသောအရ၊

လောဘုမ္မတ္တက, ဒေါသုမ္မတ္တက, မောဟုမ္မတ္တက, ဒိဋ္ဌုမ္မတ္တက, သောကုမ္မတ္တက, ပိတ္တုမ္မတ္တက, ယက္ခုမ္မတ္တက, မဇ္ဇုမ္မတ္တက, အားဖြင့် ရှစ်ဌာနဖြစ်၍ သတ္တာယဒိဋ္ဌိ ရှိကြသမျှ တလောကလုံးမှာ ဥမ္မတ္တကချည်းသာ မှတ်လေ။

ထိုရှစ်ပါးတို့တွင် ဒိဋ္ဌုမ္မတ္တက ဟူသော သတ္တာယဒိဋ္ဌိ၊ အတ္တဒိဋ္ဌိ၊အတ္တာနုဒိဋ္ဌိ၊အတ္တဝါဒုပါဒါန်အားဖြင့်၊အမည်လေးပါးသည်၊တရားကိုယ်မှာ တခုတည်းသာမှတ်လေ။ ထို အတ္တဒိဋ္ဌိသည် အတိဿဋ္ဌာရိကအတ္တဒိဋ္ဌိ, ဩဠာရိက အတ္တဒိဋ္ဌိ,သုခုမ အတ္တဒိဋ္ဌိ,အတိသုခုမအတ္တဒိဋ္ဌိ,အားဖြင့် လေးပါးတို့ကို သာသနာ သမ္မာဒိဋ္ဌိတရား လေးပါး တို့နှင့် သတ်အပ်၏။

သတ်ဟန်ကား—

ဣဓ အဿုတဝါ ပုထုဇ္ဇနော အရိယာနံ အဒဿာဝီ အရိယဓမ္မဿ အကောဝိဒေါ။ ။အစရှိသော
( ဓမ္မသင်္ဂဏီ ပါဠိတော်အရ။ )

ဤလောက၌ အကြားအမြင်မရှိ အရိယာမြတ်တို့ကို ပညာဖြင့် မြင်လေ့မရှိသော ပုထုဇ္ဇန်သည် သဘာဝဓမ္မ၊ အနိစ္စတရား၊ ခန္ဓာ ငါးပါးတို့ကို ငါဟူ၍၎င်း၊ ကိုယ်ဟူ၍၎င်း၊ အသက်ဟူ၍၎င်း၊ ပုဂ္ဂိုလ်သတ္တဝါ ဟူ၍၎င်း၊ မှတ်ယူစွဲလမ်းခြင်း၊အလွန်ရန့်ရင်းသောအတိဿဋ္ဌာရိက အတ္တဒိဋ္ဌိကို နာမ်ရုပ် တရားတို့၏ အသီး အသီးသော

သဘော လက္ခဏာတို့ကို ကောင်းစွာ သိမြင်သော နာမရူပ ပရိဂ္ဂဟ သမ္မာဒိဋ္ဌိဖြင့်သတ်အပ်၏။ဤစကားမှာ နာမရူပ ပရိဂ္ဂဟဉာဏ်၊ နာမရူပ ဝဝတ္ထာနဉာဏ်၊ ဒိဋ္ဌိဝိသုဒ္ဓိဉာဏ်ဟူသော အမည်စုသည်၊ သဘောအားဖြင့် ဤနာမရူပ ပရိဂ္ဂဟ သမ္မာဒိဋ္ဌိ၏ အမည်စု ချည်းသာ မှတ်လေ။

အရိယာမြတ်တို့ တရား၌ မသိမမြင်ကြ အသုံးအမကို မရသော ပုထုဇ္ဇနသည်၊ ကုသိုလ်, အကုသိုလ်ကံကို စီမံ ပြုလုပ်တတ်သော ပုဂ္ဂိုလ် သတ္တဝါ ရှိ၏။ ထိုကံ၏ အကျိုး တရားကို ခံစားတတ်သော ပုဂ္ဂိုလ် သတ္တဝါ ရှိ၏ဟု ထင်မှတ်စွဲယူခြင်း၊အတန်ငယ် ရုန့်ရင်းသော ဩဠာရိက အတ္တဒိဋ္ဌိကို ရုပ်နာမ် တရားတို့၏ အကြောင်း ပစ္စယ သမုပ္ပါဒကို ကောင်းစွာ သိမြင်သော ဟေတုပစ္စယ ပရိဂ္ဂဟ သမ္မာဒိဋ္ဌိဖြင့် သတ်အပ်၏။ ဤ၌လည်း ပစ္စယ ပရိဂ္ဂဟဉာဏ်၊ ကင်္ခါဝိတရဏ ဝိသုဒ္ဓိဉာဏ် ဟူသော အမည်စုသည် သဘောအားဖြင့် ဤဟေတုပစ္စယပရိဂ္ဂဟ သမ္မာဒိဋ္ဌိ၏ အမည်စုချည်းသာ မှတ်လေ။

အလုံးစုံသော ဒိဋ္ဌိဟူသမျှတို့၏ မူလဗီဇ အနုသယ သိမ်မွေ့လှသော သုခုမအတ္တဒိဋ္ဌိကို ရုပ်နာမ်တရားတို့၏ အနိစ္စ,ဒုက္ခ,အနတ္တ, လက္ခဏာတို့ကို ကောင်းစွာ သိမြင်သော ဝိပဿနာ ဉာဏဒဿန သမ္မာဒိဋ္ဌိဖြင့် သတ်အပ်၏။

အလွန်သိမ်မွေ့စွာလျှ၊ အတိသုခုမ၊ အနုသယဖြစ်သော ဝိစိကိစ္စာ အတ္တဒိဋ္ဌိကို မဂ်ဉာဏ်, ဖိုလ်ဉာဏ်တည်းဟူသော လောကုတ္တရမဂ္ဂဖလသမ္မာဒိဋ္ဌိဖြင့် သတ်အပ်၏။ သတ်ရမည်။

လိုရင်းမှာ-ပရမတ်သစ္စာကို မသိမမြင်ဒိဋ္ဌိယှဉ်သော ပုထုဇ္ဇန်တို့၏ စိတ်သညာက၊ဘယ်ဟာတစ်မျှ မရှိမမြင်သော၊ ကောင်းကင်ကိုပင်၊ ပျော်ရှင်ပြုံးရယ်၊ ကြောက်မက်ဘွယ်ရာ၊ထင်မှတ်လာသော၊ ဥမ္မတ္တကပမာ၊ လောဘဟိတ် တဏှာနှင့်၊ ဘာဘာ ခေါ်သည်၊ သတ္တဝါခေါ်သည်၊ငါခေါ်သည်၊ ကိုယ်ခေါ်သည်ဟု ဆိုတော်မူသည်။

**အဘယ့်ကြောင့် ဆိုတော်မူသနည်း။**ပစ္စုပ္ပန်နှင့်တိတ်နာဂတံ၊ မဆက်ဆံသော၊ ဝေါဟာရမတ္တ၊ သတ္တလောက ပညတ်မျှမှာ၊ ပရိညာ,ပဟာန,သစ္ဆိကရဏ, ဘာဝနာ, ဟူသော ပရမတ်ကိစ္စ လေးဌာနနှင့် ချ၍ကြည့်က မရှိမရ၊ သက်သက်မျှ မဆိုင်မစပ်သော ထိုထိုလူနတ် ပညတ်မျှမှာ ရှာကြံပါလျှင်၊ အဝိဇ္ဇာနှင့် တဏှာမာန၊ ဂါဟပြင်းထန်၊ သညာန်အရိပ်၊ နိမိတ်အမြင်၊ ထင်လွဲစွဲမှား၊ ဥမ္မတ္တကအလား၊ ဒုက္ခတရား၊ အလွန်ပွား၍၊ များသောကြောင့်တည်း။ ရပ်ခဲတတ် နာမ်ခဲတတ် ပရမတ်ကိုသာ၊ ရှာကြံပါလျှင်၊ ကောင်းကင်ကြီးကို၊

မိုးမပြီသို့၊ ထို့တူပမာကား "အနိမိတ္တာနု ဘာဝေပဿိ"ပါဠိတော်အရ။ပရမတ္တ သဘာဝက၊ ပရ,ရိတ္တ, တုစ္ဆခဲမို့ တကျာမစွဲ အထဲမငြိ၊ သမုဒယ မရှိမျှကို၊ အပဏိဟိတ ဆိုသည်။ အတ္တ,အတ္တနိယမြို ကင်းကုန်မျှကို၊ သုညတ ဆိုသည်။ ဤရုပ်နာမ်သင်္ခါရ အနိစ္စခေတ် ပရမတ်၏ အမူအရာကိုသာလျှင်၊သတ္တဝါထင်သူငါမြင်မှာ၊သညာမှတ်သိ၊ ပညတ်ရှိဟု ဤသို့သိရာ၏။

ပါထာဝတိပါတ, အစရှိသော ဒုစရိုက်မှ ပြုသူခပဲမှာ ငရဲသို့ကျရောက်သည်ဟူသော ဒေသနာတော်ကို ယုံပါ၏လော။ မေးသောအခါ၊ မိရိုး,ဘလာ ဆရာအစဉ် လူတိုင်းပင် ယုံပါ၏ဆိုရာတွင် အနိစ္စခေတ် ပရမတ်မြင် ပုဂ္ဂိုလ် သတ္တဝါ ဘယ်ဟာတစ် မရှိသည်ကိုပင် သိမြင်မှသာ ထိုဒေသနာတော်ကို ယုံရာကျမည်။

**အဘယ့် ကြောင့်နည်း။** ။ပုဂ္ဂိုလ် သတ္တဝါမှာ အနှစ် အထယ်နှင့် တကယ်ရှိက ထိုအဝီစိစသော ငရဲ ရှစ်သွယ်ကို အထယ်ရောက်အောင်၊ ဘယ်အပေါက်, ဘယ်တွင်းက၊ ဆင်းကြမည်မေး။

ထိုအခါ၊ အနှစ်ဗြဒ် နိမိတ်မကပ်သော အနိစ္စခေတ် ပရမတ်သာ ရောက်အပ်ပါသည်ဟု ဆိုရာ၏။ ဆိုဘို့သာ ရှိသည်။ထို့တူပမာ လူ,နတ်,ဗြဟ္မာဝေါ် ဆိုရာ ကုသိုလ်မှာလည်း ဤနည်းကိုမှီ၍သာ သိရာ၏။

ထို ကုသိုလ်, အကုသိုလ်, သင်္ခါရ သုံးဆဲ့ တမြွှာ စေတနာပင်၊ ကံဟုန်နှင်က၊ ပဲ့တင်ခ,၍ ကျရောက်ပုံကို ပြမည်။ ( သတိထား ) ပရမတ်မှန်က အနိမိတ္တတရား ချည်းဖြစ်၍၊ အခြား အဆီး ဝေးနီးသော ခရီးကာလ မရအပ်၊မရှိအပ်။ထိုပရမတ်တရားသွားရောက်သည်မှာ သွားခေါ်လာသော 'တမာန်' ကို ရေမန်း တိုက်လျှင် ထိုရေသည် သူနာ၏ ဝမ်းဗိုက်သို့ မဆိုက်ရောက်သော် လည်း၊ထိုသူနာမှာ ရောဂါပျောက်သကဲ့သို့။ထို့တူပမာ သတ္တဝါခေါ်ရ ဓမ္မပုဥ္ဇ၏၊ဤဘဝကရုပ်နာမ်နှစ်ဖြာသည် ထိုထိုဘဝသို့၊မကျ,မဆိုက်,မလိုက်,မရောက်သော်လည်း သမုပ္ပါဒ်နည်း၊ ပဋ္ဌာန်းနည်း၊ ပစ္စည်းသကတ် မျှင်မပြတ် သော သင်္ခတပရမတ် ပဲ့တင်ခတ်၍ ခတ်ရောက်သည် ဟူလို။

**သိသာစေအံ့။** ရှေးရှေးသောအခါ ကမ္ဘာဘာက ပြုခဲ့ကြသော ပရမတ်စစ်၊ ခတ် နှစ် စေ တ နာ သည်၊ ထိုပြုစဉ်အခါကပင် စိတ္တက္ခဏ တချက်မျှနှင့်၊ ချုပ်ပျက် ကွယ်သုဉ်း ပျောက်ဆုံးခဲ့ပြီး ဖြစ်ပါလျက် နှင့် လည်း၊ ထိုစေတနာသည်၊ ကမ္ဘာဘာတွေ လွန်ဆုံး လေလည်း မကြေမပျက်ကြ၊ ဤဘဝ၌ ဓမ္မပုဥ္ဇ သဏ္ဌာနမှာ၊ မိုဃ်း ပေါ်ကျပမာ ဘာသာအလျောက် အလေ့ပေါက် လာ တဲ့၍ ရုတ်တရက်ကျ အမျိုးမျိုးအသီးသီး အကျိုးကြီးရ ကမ္မပစ္စည်း နည်းအသွယ်သွယ်၊ လွန်ဆန်းကြွယ်သော၊

သဘောအဟုန်၊ အဖုံဖုံသည်၊ မကုန်နိုင်နည်း၊ လက်ခုပ်တီး၍၊ အံ့ဩမပြီး၊ ပဋ္ဌာန်းကျမ်းကြီးမှာ ပညာနှင့်သာ ယူကြပါလေ ဉာဏ်ကဝေတို့။

ထို့ကြောင့် - မဟုတ်လော။ "ကမ္မဝိပါကော အစိန္တိယျော" ဟူသောအရ၊ သစ္စသဘော၊ အဆုံးမသတ် မသုဥ်းအပ်သော၊ လောကဓာတ်ကြီး၏၊ အကြောင်း ပစ္စည်း၊ ပညတ်မကပ်၊ ပရမတ်ထီးထီး၊ အသီးဆတ်ဆတ်၊ ပြောဟောအပ်သော သဘောမြတ်ကြီး ပါပေတည်း။ ဤအရာကို အခါခါ သတိမူပါ။ ဘဝများစွာ၊ ကမ္ဘာဘာက၊ "သံသာရဝဋ္ဋဒုက္ခတော မောစနတ္ထာယ" အာသီသမှု၊ ပြုခဲ့ကြသည့်အတိုင်း၊ ဤပရမတ္ထ၊ ဒဿနတွင်၊ သစ္စာလေးအင်၊ နိဗ္ဗာန်လွှင်ကို၊ အမြင်ပေါက်၍၊ ရောက်ကြပါစေကုန် သတည်း။

**ဤအရာမှာ။** ။သင်္ခတာဓမ္မာ၊ ဒေသနာအရ၊ သဘာဝကို ပြသည်ဟု မှတ်ပါ။ အသင်္ခတာဓမ္မာ ဒေသနာ အရမှာ "နိဗ္ဗာနံ ပန နိဗ္ဗာနန္တိ ပဝုစ္စတီတိ သမ္ဗန္ဓော။ လ။ မဟောသဓဃောဗုဒ္ဓါ" ဟူသော (ပရမတ္ထ ဒီပနီဋီကာ ရပ်ပိုင်းမှာယူပါ။)

ဤအရာမှာ လွန်စွာခဲယဥ်းသည်။ အဘယ်မျှခဲယဥ်း သနည်း။ လေးသင်္ချေနှင့် ကမ္ဘာတသိန်း ခဲယဥ်းသည်။ ရှစ်သင်္ချေနှင့် ကမ္ဘာတသိန်း၊ တဆဲ့ခြောက်သင်္ချေနှင့် ကမ္ဘာတသိန်း၊ သင်္ချေနှစ်ဆယ် ကမ္ဘာတသိန်း၊

ခဲ့ယဉ်းသည်။ ဤကား ပညာမိက, သဒ္ဓါမိက, ဝီရိယာမိက ဟူသော အထူးအလွန် တံခွန်ကြီးမှာမှ ဤမျှသာ ခဲယဉ်း သည်။ သူ့ငါတို့အား သတ္တဝါများမှာ သံသရာနှင့်အမျှ ခဲယဉ်းကြသည်။

ထို့ကြောင့်—

သစ္စံသစ္တော ပဋိသန္ဓိ၊ ပစ္စယာကာရမေဝစ၊
ဒုဒ္ဒသာစတုရောဓမ္မာ၊ ဒေသေတုံစ သုဒုက္ကရာ။
ဟု၊ သိအပ်၏။

သစ္စံ၊ သစ္စာလေးပါးငင်း။ သတ္တော၊ သတ္တဝါဟု ခေါ်ရသော သတ္တကိစ္စ ပြီးခြင်းငင်း။ ပဋိသန္ဓိစ၊ ပဋိ သန္ဓေငင်း။ ပစ္စယာကာရောဧဝစ၊ ပစ္စည်း တရားတို့၏ ကျေးဇူးပြုသော အဖြစ်ငင်း။ စတုရောဓမ္မာ၊ လေးပါး သောတရားတို့ကို။ ဒုဒ္ဒသာ၊ အလွန် မြင်နိုင်ခဲကုန်၏။ ဒေသေတုံစ၊ သူတပါး၌ ဖြိုက်ခနဲ သဘောကျအောင် ပြောဟော ပြသ ရေသားရခြင်းသည်ကား။ သုဒုက္ကရာ၊ လွန်ထက်လွန်မင်း ခဲယဉ်းကုန်၏။

သစ္စာလေးပါးဆိုသည်ကား။ ဥပါဒ် ဘင်မျှ၊ ရုပ်နာမ် သင်္ခါရ၊ အနိစ္စကိုသာ ဒုက္ခသစ္စာ ဆိုသည်။ ထိုရုပ်နာမ် အပေါင်း၏ ဖြစ်ကြောင်းဖြစ်နည်း၊ ပစ္စည်းပြုမျှ၊ လောဘ စိတ်၌ပါသော လောဘဟိတ်ကြောင့်သာ၊ ထိုလောဘ စိတ်ကို သမုဒယ သစ္စာဆိုသည်။ ထို လောဘဟိတ်မြို

ကုန်ပြီမ်းရာကိုသာ၊ နိရောဓသစ္စာဆိုသည်။ ထို ဒုက္ခ သမုဒယ,နိရောဓကို, ပရိညာ,ပဟာန, သစ္ဆိကရဏမှာ ဘာဝနာကို မဂ္ဂသစ္စာဆိုသည်။

ထိုသစ္စာလေးပါးသည်သာလျှင် ဘဝကမ္ဘာအသင်္ချေ ကြာသော်လည်း၊ တခါတရံမျှ မဘောက် မပြန်တတ်၊ မြဲမှန်အပ်၊ဆတ်ဆတ်ရှိကိုပင်၊သိမြင်သောခတ်ပရမတ် ကို၊ သောတာပတ္တိ မင်္ဂဖိုလ်စသော ပုဂ္ဂိုလ်ဟု ဆိုသည်။ ခေါ်သည်။ ဤအရာမှာ ဒိဋ္ဌိ,တဏှာ, မာန, ဟူသော ဂါဟသုံးဖြာတွင်၊ ငါမြင်ပြီဟဲက အထဲပါပြီကြလျှင် ဒိဋ္ဌိ ဂါဟမည်၏။ငါမြင်နိုင်တကားဟု ထောင်လွှား စွဲလမ်း ချက်က မာနဂါဟမည်၏။ သာယာ တပ်စွမ်းသမျှက တဏှာဂါဟ မည်၏။ ဤဂါဟသုံးချက်၊ဥပက္ကိလေသက ပွဲဦးထွက်တတ်လှသည်။(ဥပမာန) ''ထောင်မှူးအိမ်က မီးထတော်မမူပါနှင့်'' ပညာရှိဟူပေ၊ သခဘာဖြူခတွေ၊ ညဏ်ကဝေတို့။ သတိမူပါ။

**လိုရင်းက**။ရုပ်နာမ်ခေါ်သော အနိစ္စခတ်ပရမတ် နှင့် သတ္တဝါခေါ်သော ပညတ်မျှမှာ၊ (ဥပမာန) အရပ်က မားကန်မှာ၊အရိပ်ကလဲ ဘွားခနဲကဲ့သို့၊ထို့တူ ပမာ - ကုသိုလ်,အကုသိုလ်ခတ် ပရမတ် ဖြတ်ခနဲမှာ အထယ်အဖတ်နှင့် သတ္တဝါမဟုတ်ပါသော်လဲ၊ ပညတ် အရာ မြဲဟ္မာ,ငရဲမှာ၊ ငုတ်ခနဲသာ မှတ်လေ။ ပရမတ်နှင့် အရုပ်တူ၏။ ပညတ်နှင့် အရိပ်သတ္တဝါ လွှန်စွာတူ၏။

ထို့ကြောင့် ကုသလာ ဓမ္မာ၏အရ ဖြူစင်သောအနိစ္စ၏ ဖြစ်ရာ ပျက်ရာကိုသာ လူ့ပြည် နတ်ရွာ၊ ဗြဟ္မာဟု ဆိုသည်။ ခေါ်သည်။ အကုသလာ ဓမ္မာ၏အရ၊ မည်း ငြစ်သော အနိစ္စ၏ ဖြစ်ရာ ပျက်ရာကိုသာ အပါယ် လေးရွာဟု ခေါ်သည်။ ဆိုသည်။

ထိုသတ္တဝါဟု ခေါ်ဆိုမှုက ပန်းချီ ပန်းပု ထုလုပ် ရေးထားသော ဆေးသစ်သားကို ယောကျ်ားရုပ်၊မိန်းမ ရုပ်၊သမုတ်သည့်ပမာဏ၊ရုပ်နာမ်သင်္ခါရ၊အနိစ္စ၏ အရိပ် နိမိတ်မျှကိုသာသတ္တဝါဟု ခေါ်ဆိုမှုကိုသိရာ၏။တနည်း ပြမှု။ လွမ်းတ,သူမှာ၊ စိတ်သညာသွေး၊ စိတ်ဆောင် ပေး၍၊ တရေးရေး ထင်မိ,မြင်မိ၊ ကြောင်....ကြောင်ရှိ အသွင်၊ စိတ်အထင်မျှ၊ တနည်း ပြလျှင်၊ ဥဂ္ဂဟတွင်၊ ကသိုဏ်းခွင်မှာ၊ ထင်မြင်သည့် ပမာဏ၊ အနိစ္စခေတ်၊ ပရမတ်၏၊အတ္တိပစ္စယ၊သတ္တိမျှဟုန်၊အာရုံ အာရမ္မဏိက၊ သဘာဝချင်း သဘာဝ၊အနိစ္စနာမ်၊ စိတ်ကြီးသဘောကို ''ဒိဋ္ဌေဝါဘိက္ခဝေ စရဏံနာမစိတ္တန္တိ။ လ။ စိတ္တညေဝ စိတ္တတရန္တိ'' ဟူသော သံယုတ်ပါဠိတော်အရ။

> တတ္ထ စရဏံနာမစိတ္တန္တိ ယတ္ထဝိစိတြာနိ ဒိဗ္ဗဝိမာနာ ဒိနိ စိတ္တကမ္မာနိ ကတွာ ဇာဒဝ္ဓိဒဇ္ဈပုညံ ကရောန္တော ဇာဓစိဓေ နိဗ္ဗတ္တာတိ ဒဿေန္တာဝိစရန္တိ။အစရှိသော
> ( ပရမတ္ထဒီပနီ ဋီကာကြီး။ )

တတ္ထ၊ ထိုသံယုတ် ပါဠိတော်၌။ စရဏံနာမ စိတ္တန္တိ၊ ဟူသည်ကား။ ယတ္ထ၊ အကြင်ပြပုံကား၌။ ဝိစိတြာနိ၊ ဆန်းကြယ်ကုန်သော။ ဒိဗ္ဗဝိမာနာဒီနိ၊ နတ်ဗိမာန် အစ ရှိကုန်သော။ စိတ္တကမ္မာနိ၊ ဆန်းကြယ်သော အမှုတို့ကို။ ကတွာ၊ ပြု၍။ ဠဒဒ္ဓိဒဥ္စပုည်၊ ဤမည်သော ကောင်းမှု၊ ဤမည်သောကောင်းမှုကို။ ကရောန္တော၊ ပြုကုန်သော သူတို့သည်။ ဠဓစိဓေ၊ ဤမည်သောဗိမာန်၊ ဤမည်သော ဗိမာန်၌လည်း။ နိဗ္ဗတ္တာ၊ ဖြစ်ရကုန်၏။ ဠတိ၊ ဤသို့။ ဒဿေန္တာ၊ပြကုန်လျက်။ဝိစရန္တိ၊လှည့်လည်ကြကုန်၏။

ဤပါဠိတော်လာ၊ဤဋီကာလိုတော်ရိပ်က၊ အနိစ္စမျှ၊ ဓမ္မပုဒ္ဓ သန္တာနကိုပင်၊ သာတယှဉ်၍၊ မြင်လေသူက၊ ဤရှင်,ဤလူ၊ ဤမူ နေ့,လ၊ စသည်အထင်၊ သာယာနှင့် မြင်လျှင်၊ အဝိဇ္ဇာယှဉ်၊ ဒိဋ္ဌိဝင်၍၊ စိတ်သညာပြ၊ သိသာ လှ၏။ဒုဿီလ,သုသီလ စသည်ပြုလျှင်လည်း၊ထိုအမှုနှင့် ထိုသူ့ကိုပင်၊တော်,မတော်ထင်၊ ကိုယ်,ငါနှင့်မြင်လျှင်၊ အဝိဇ္ဇာယှဉ်၊ စိတ်သညာပြ ထင်ရှားသှ၏။

ထင်ရှားပုံကား။ ‘ကုသလာဓမ္မာ၊အကုသလာဓမ္မာ’ ဒေသနာတော်မှာ၊ ကုသလာဓမ္မာကို ကုသိုလ်ဆိုတာ လူ,နတ်, ဗြဟ္မာ, သတ္တဝါ,ဖြစ်သည်ဟု အပြုအမူ၊ အယူ အစွဲ၌၊ အမျိုးရိုးလိုက်၊ အစဉ်စိုက်၍၊ စရိုက်မြဲစွဲ၊ အလိုက် လှဲသည်၊အကုသလာဓမ္မာ၊ ဒေသနာမှာလဲ၊ အကုသိုလ် ဆိုရင်ဘဲ ငရဲကြီးငယ်၊ပါယ်လေးသွယ်မှာ၊သတ္တဝါထင်

အမြင်စွဲက၊ လွဲကြသည်။ ယခုလည်း လွဲဆဲ လွဲတုန်း၊ သံသရာမဆုံး၊ လွဲလိမ့်အုံးမှတ်၊ ထိုလွဲပရမတ်၊ အလွဲခေတ်က၊ ကေတ္တ,နာနတ္တ,အဗျာပါရ၊ ဧဝံတံထွာ၊ မွေ့တာပင်၊ အဝိဇ္ဇာယှဉ်၊ ဒိဋ္ဌိဝင်သော၊ စိတ်သညာစွဲ၊ ထင်မြင်မြဲသာဟု၊ ပညာခေတ်က၊ ပိုင်းဖြတ်မှုနှင့် ရှုသောအခါ-

ကုသလာ အနဝဇ္ဇသုခဝိပါက လက္ခဏာ၊ ဓမ္မာ နိဿတ္တ နိဇ္ဇီဝသဘာဝ ါ။ (ဓမ္မသင်္ဂဏီအဋ္ဌကထာ) အကုသိုလ်မှာလည်း နည်းတူသိလေ။

ထို့ကြောင့်—

အထခေါ ဓမ္မသော ဝိသေသနံ ဟောတိ၊ တသ္မာ ယေကေစိ လောကေ ကုသလာတိ ဝုစ္စန္တိ၊ သဗ္ဗေ တေ ဓမ္မာဧဝ ဟောန္တိ၊ နပုဂ္ဂလာ နသတ္တာ နအတ္တာ နဇီဝါ နမနုဿာ န ဒေ ဝေ ါ နမြဟ္မာတိ ဝုတ္တံ ဟောတိ၊ အကုသလပဒေ တပ္ပဋိပက္ခဝသေန အတ္ထောစ အဓိပ္ပါယောစ ဝတ္တဗ္ဗော။ ။(ပါဠိ။)

အထခေါ၊စင်စစ်ကေန် အမှန်သော်ကား။ဓမ္မသော၊ သတ္တဝါမဟုတ်၊ အသက်ဇီဝ မဟုတ်သော တရားသက်သက်၏သာလျှင်။ ဝိသေသနံ၊ အထူးတင်ပြ ဝိသေသန ပုဒ်သည်။ ဟောတိ၊ ဖြစ်၏။ တသ္မာ၊ထို့ကြောင့်။ ယေကေစိ၊ခပ်သိမ်းသော အလိမ္မာတို့ကို။ လောကေ၊ လောကဝ၌။ ကုသလာတိ၊ကုသိုလ်တို့ဟူ၍။ ဝုစ္စန္တိ၊ ခေါ်ဝေါ်

ပညတ် ပြောဆိုအပ်ကုန်၏။ သဗ္ဗေ၊ အလုံးစုံကုန်သော။ တေ၊ ထိုလောက၌ ကုသိုလ်ဟု ဆိုကြသော အလိမ္မာတို့သည်။ ဓမ္မာဧဝ၊ တရားတို့သည်သာလျှင်။ ဟောန္တိ၊ ဖြစ်ကုန်၏။ နပုဂ္ဂလာ၊ ပုဂ္ဂိုလ်မဟုတ်ကုန်။ နသတ္တာ၊ သတ္တဝါမဟုတ်ကုန်။နအတ္တာ ကိုယ်မဟုတ်ကုန်။နဇီဝါ၊ အသက်ဇီဝ မဟုတ်ကုန်။ နမနုဿော၊ လူမဟုတ်။ နဒေဝေါ၊ နတ်မဟုတ်။ နဗြဟ္မာ၊ ဗြဟ္မာမဟုတ်။ ဣတိ အယံအဓိပ္ပါယော၊ ဤသို့သော အဓိပ္ပါယ်သည်။ ဝါ၊ အဓိပ္ပါယ်ကို။ ဝုတ္တံဝုတ္တော၊ဆိုအပ်ဆိုလိုသည်။ ဘောတိ၊ ဖြစ်၏။အကုသလပဒေ၊အကုသလာဓမ္မာဟူသောပုဒ်၌။ တပ္ပဋိပက္ခဝသေန၊ ထို ကု သို လ် ၏ ဆန့်ကျင်ဘက်၏ အစွမ်းဖြင့်။ အတ္ထောစ၊အနက်ကိုရင်း။ အဓိပ္ပါယောစ၊ အဓိပ္ပါယ်သဘောကိုရင်း။ဝတ္တဗ္ဗော၊ဆိုအပ် ဆိုထိုက်၏။ အနက်။

**လိုရင်းမှာ**။ကုသလာ ကုသလ အဗျာကတ သဒ္ဒါရသဘောစုက၊ သူ့ လောကတံထွာ၊ သူ့ ဘာသာ အလျောက်၊ သူ့အလေ့ပေါက် ထာဝရ၊ အနိစ္စဓာတ်၊ ပရမတ်တွေကို ''သဒ္ဒါရေ ပရတောပဿ၊ သဗ္ဗေဓမ္မာ အနတ္တာ''ဟု ရှုမြင်သောအခါ၊ လေးသစ္စာ၌၊ မြိုက်ခနဲ ဝင်း၊ဟင်းခနဲအလင်းတွင်၊ ရှင်းရှင်းကြီး ကြည်လိမ့်မည်။ ဤ လင်းကြည်သောဓာတ်၊ ပရမတ်မှာ၊ သတ္တဝါသုဉ်း၊ အတ္တမြုံ၍၊ ကိစ္စကုန်ကိုသာ အရိယာဆိုသည်။

**ဤရာအမှာ**။ဘုရားရှေ့လက်ထက်တော်က၊ ရဟန်းကိစ္စ ကုန်ကြပြီလော၊ မေးသောအရာမှာ သတိမူပါ။ ရဟန္တာများ သက်တော်ထင်ရှား ရှိတော်မူစဉ်က၊ အဝိဇ္ဇာကြောင့် သင်္ခါရဟူသော ပုထုဇ္ဇန် လူ့ ရှင်တို့ ပြုကြသောသမုဒယကိစ္စသာကုန်တော်မူကြသည်။သဉ္ဇါ သတိအစရှိသော ကရဏာ၊ ပညာကိစ္စမှာ အနုပါဒိ သေသ မဟာနိဗ္ဗာနဓာတ်မှသာ ပရမတ်ကိစ္စကုန်တော် မူကြသည်။ သိသာပါ၏။

ဤသမုတိသစ္စာတွင် သဏ္ဌာဝါထင်သည်မှာ၊ဥပမာန၊ ဇောတိက၏ ပြသာဒ်ကို လှည့်ကြည့်သော အခါ၊ ဗိမ္ဗိသာရမင်းကြီးသည်၊ ပတ္တမြားညိုဖြင့်ပြီးသော တိုက်ခန်းကြီး အရောက်တွင်၊ အောက်တခွင်က ပတ္တမြား ရောင်ကိုပင်၊ ချောက်ထင်မှား၍၊ မသွားတွဲ့ဝံ့၊ တိုတွန့် ပိန်ကြုံ၊ ဒူးတုန်လန့်ထိတ်၊ သူ့စိတ်မှာပင်၊ ချောက်ကြီး မြင်၍၊ရင်ခုန်နောက်တွန့်၊ကြောက်ရွံ့သည်နှင့်တူ၏။

**ဥပမာ ဥပမေယျ ဟပ်၍ပြသော်ကား**။ပတ္တမြားနှင့် ပရမတ်တရား တူ၏။ သဏ္ဌာဝါစသော ပညတ်တရားက အရောင်တောက်သည့် ချောက်နှင့်မခြားအလားတူ၏။ ထို့ကြောင့် မဟာတ်လော—

စိတ္တေန နီယျတိလောကော၊စိတ္တေန နီယျတိပဇာ။
စိတ္တဿ ဧကဓမ္မဿ၊ သဗ္ဗေဝ ဝသမန္ဒဂူ။ ။ဟု ဟောတော်မူ၏။

လောကော၊ သတ္တလောကကို။ စိတ္တေန၊ စိတ်သည်။ နိယျတိ၊ ဆောင်အပ်၏။ ပဇာ၊ သတ္တဝါကို။ စိတ္တေန၊ စိတ်သည်။နိယျတိ၊ဆောင်အပ်၏။သဗ္ဗေဝ၊အလုံးစုံသော သတ္တဝါတို့သည်သာလျှင်။ စိတ္တဿ၊စိတ်ဟုဆိုအပ်သော ဧကဓမ္မဿ၊တခုသောတရား၏။ ဝသံ၊ အလိုသို့။ အနုဂူ၊ အစဉ်တစိုက် လိုက်ကြရကုန်၏။

**လိုရင်းက။** ။ကုသလာ ကုသလ၊ဇုဗ္ဗာ နိဗ္ဗပေါင်း၊ ကောင်း မကောင်းမှာ စိတ်အလိုမျှချည်းသာ မှတ်လေ။ ထိုစိတ်အလိုမျှ သတ္တလောကသည် အုဋ္ဌ,အဂ်တေစုကို စေတီဘုရားဟု ထင်ရှားသော မုက္ခမံ၊ကျမ်းသုတ္တန်နှင့်၊ ဟုတ်မှန် တိတိ၊ လောကအလယ်၊ ပညတ်နယ်မှာ၊ တကယ်ရှိသို၊ ထို့တူပမာဏ၊ သတ္တာကာရ၊ ရှိသော အနိစ္စ၏၊ဤဟာ,ဗျာပါရ၊ခေတ်စုမျှကိုသာ၊ သတ္တဝါဟု၊ ခေါ်ဆိုမှုက၊သစ်သားအမူ၊ဆောက်အဦကို၊ဤလောက လူ၊ ရထားဟူကြ၊ ဝေါဟာရသို၊ အနိစ္စ အမူအရာ၊ ကိရိယာမှု၊ကုသလာ ကုသလ၊ဤဟာ,ဗျာပါရစုကိုသာ၊ သတ္တဝါဟု၊သမုတိအရ၊ကျင့်ကိစ္စ,ကြဉ်ကိစ္စမှု၊ဝစီကာယ ဒါန,သီလ၊ စရဏာစုကို သမုတိသစ္စာ နှင့် ချည်းသာ၊ အရာရာမှာ၊ဖြောင့်မှန်စွာ ပြုကျင့်ပြောဆိုရမည်။ပရမတ် သစ္စာ ဝိဇ္ဇာဟူသော သဘော အလင်းမှာ၊ မနော တွင်းကသာ၊ အနိစ္စတံထွာကို "သဗ္ဗေသင်္ခါရာ အနိစ္စာ၊ ဒုက္ခာ၊ သဗ္ဗေဓမ္မာ အနတ္တာ" ဟု ရှုမြင်ကြပါ။

ဧတ္တာဝတာ သဗ္ဗော သတ္တလောကော ရိတ္တော
တုစ္ဆော သုညောတိ ပညာယတိ၊ သုဒ္ဓသင်္ခါရ
ဓမ္မရာသိမတ္တမေဝ အဝသိဋ္ဌံ ဟောတိ။

ဧတ္တာဝတာ၊ ဤမျှသော အစီအစဉ်ဖြင့်။ သဗ္ဗော၊ အလုံးစုံသော။ သတ္တလောကော၊ သမုတိ သဘောမျှ သမူဟ,သဏ္ဌာန, သတ္တလောကသည်။ ရိတ္တော၊ ကွယ်ပျောက်၏။တုစ္ဆော၊အချည်းနှီးဖြစ်၏။သုညော၊ဆိတ်၏ ဣတိ၊ ဤသို့။ ပညာယတိ၊ ထင်၏။ သုဒ္ဓသင်္ခါရဓမ္မရာသိမတ္တမေဝ၊ သက်သက်သော ရုပ်နာမ်သင်္ခါရ အနိစ္စမျှသည်သာလျှင်။ အဝသိဋ္ဌံ၊ ကြွင်းကျန်သည်။ ဟောတိ၊ ဖြစ်၏။ (ဤကား-သတ္တလောက၊ သဲလွန်စကို ပြချက်ပြီး၏။)

သင်္ခါရလောက ဆိုသည်ကား။ ဧင်စစ် ဒုက္ခသစ္စာဖြစ်သော ဇာတိဓမ္မ အနိစ္စဓမ္မ၊ ရုပ်နာမ်သင်္ခါရ၊ အမူအရာကိရိယာမျှ၊ အနိစ္စခေတ် ပရမတ်ကို သင်္ခါရလောက ဆိုသည်။ ဤအရာတွင် အဝိဇ္ဇာဃနဥ်၊ စိတ်သညာခေတ်၊ သိမှတ်အပ်သော၊ ပညတ်အနိစ္စ၊ သာသနာပ အနိစ္စ၊ ပိဇ္ဇာနန၊ သဏ္ဌာနန၊ လောကရှိမှု၊ သမုတိစုက၊ ခုခံ၍နေတတ်သည်။

ထို့ကြောင့်—

ဟတ္ထတော ဟိ တတ္တကေဝါ သရာဝေဝါ ကိဿိဉ္စိဒေဝဝါ ပတိတွာ ဘိန္နေ အဟောအနိစ္စန္တိ ဧဝံ အနိစ္စံပါကဋံနာမ။ ။(အဋ္ဌကထာ။)

ဟိ၊အဝိဇ္ဇာဃုဉ်၊ စိတ်သညာခေတ်၊သိမှတ်အပ်သော သာသနာတွင်း, သာသနာပ၊ အနိစ္စတရား ထင်ရှား သည်ကိုဆိုအံ့။ ဟတ္ထတော၊ လက်မှ။ တတ္တကေဝါ၊ ပူသော ဝတ္ထုတို့သည်ဖြင်း။ သရာဝေဝါ၊အင်စလောင်း တို့သည်ဖြင်း။ ကိဿိဉ္စိဒေဝဝါ၊ တစုံ တခုသော ဝတ္ထု တို့သည်ဖြင်း။ ပတိတွာ၊ လွတ်ကျ၍။ ဘိန္နေ၊ ကွဲသည် ရှိသော်။ အဟောအနိစ္စန္တိ၊ ဩော်....အနိစ္စဟူ၍ဆို၏။ ယောင်၏။ဧဝံ၊ဤသို့။အနိစ္စံ၊အဝိဇ္ဇာဃုဉ်၊စိတ်သညာသိ၊ သမုတိမျှ၊ သာသနာပ၊ အနိစ္စသည်။ ပါကဋံနာမ၊ ထင် ရှားသည် မည်၏။

**လိုရင်းက။** ။သာသနာတွင်း,သာသနာပ ထင်ရှား လှသော ပညတ်အနိစ္စသည် စကြာဝဠာအနန္တ၊ကမ္ဘာ အနန္တ၊သံသရာနှင့်အမျှ ထာဝစဉ် ထာဝရ၊ရှိကြ သိကြ သော၊သမုတိအနိစ္စ၊ထိုအနိစ္စ၊ မြင်ကာမျှနှင့် နိဗ္ဗာန်မရ ဆိုလိုသည်။ ။

ထို့ကြောင့်— ယော ခေါ ဝက္ကလိဓမ္မံ နပဿတိ
သော မံ နပဿတိ။

ဝက္ကလိ၊ ဝက္ကလိရဟန်း။ ခေါ၊ စင်စစ်။ ယော၊ အကြင်သူသည်။ ဓမ္မံ၊ ရုပ်နာမ်သဘာဝ အနိစ္စကို။ နပဿတိ၊ မမြင်။ သော၊ ထိုသူသည်။ မံ၊ ငါဘုရားကို။ နပဿတိ၊ မဘူးမြင်ရ။

ဘုရား,တရား နှစ်ပါးကိုပင် မတွေ့မြင်လျှင် သံဃာကိုလည်း မတွေ့မြင်ရ ဆိုရာကျသည်။ ထိုရုပ်နာမ်သဘာဝအနိစ္စခဲတ်၊ ပရမတ်သစ္စာ၊ သိသောသူ ဟူသမျှမှာ၊ ဤသာသနာတွင်၊ ဘုရားရှင်၏၊ ရှေ့ရင်တော်နှစ်၊ သားတော်စစ်ကြီး၊ သမီးတော် စစ်တွေ၊ ဖြစ်ပေသည်နှင့် လျော်ညီစွာ၊ ရှင်သာရိပုတ္တရာ, ရှင်မောဂ္ဂလာန် အစရှိသော အရိယာများ နှင့် တကွ၊ ဘုရားရှင်ကို ဘူးမြင်ရသည် မည်ကြပေ၏။ ယခု ဝေါတမ တဆူသာ မကပေ၊ ဂင်္ဂါ ဝါဠု၊ သဲစုအမျှ ပွင့်တော် မူကြသော ဘုရားရှင်တို့ကိုလည်း ဘူးမြင်ရသည် မည်ကြကုန်၏။ ။

**ဥပမာကား။** ။ဤဇမ္ဗူဒိပါ၊ ကျွန်းမြေပြင်မှာ၊ ရှိကြသောသူ ဟူသမျှတို့သည်၊ မျက်နှာချင်းကို၊ ရှေ့လမင်းတွင် အမြင်အာရုံ၊ ဆုံသည့်ပမာဏ၊ သတ္တလောက၊ တည်ထောင်သည်မှ၊ စ၍ဆင့်ဆင့်၊ ပွင့်ပွင့်သမျှသော ဘုရားရှင်တို့နှင့်တကွ၊ သာဝကတို့မှာ၊ သစ္စာလေးရပ်၊ ပရမတ်အာရုံ၊ ဆုံကြပေသည်။ ။

ထို့ကြောင့်—

ဓမ္မံဟိ သောဘိက္ခဝေ၊ဘိက္ခုပဿတိ၊ဓမ္မံပဿန္တော မံပဿတိ။ ။(ဣတိဝုတ် ပါဠိတော်။)

ဟိ၊ထိုစကားမှန်၏။ဘိက္ခဝေ၊ရဟန်းတို့။သောဘိက္ခု၊ ထို ရဟန်းသည်။ ဓမ္မံ၊ ရုပ်ဓာတ်, နာမ်ဓာတ် ပရမတ် သစ္စာကို။ ပဿတိ၊ မြင်၏။ ဓမ္မံ၊ အနိစ္စဓာတ် ပရမတ် သဘောကို။ ပဿန္တော၊ မြင်သော သူသည်။ မံ၊ ငါ ဘုရားကို။ပဿတိ၊ ဘူးမြင်ရ၏။

**လိုရင်းက**။ပရမတ်သဘာဝ၊အရိယသစ္စာ၊သာသနာ သမ္မာဒိဋ္ဌိ တရားရှိ သိမြင်လျှင်၊ ဘုရားရှင် ဂုဏ်ရောင် ထူးကို ပညာမြင် ပြောင်ပြောင်နှင့် ကြောင်ကြောင်ကြီး သဘာဝ၊ ထူးသမျှ စူးယှ၍ ဘူးကြရပေသည်။ ဘူးရ ဆိုသည်မှာ....။ပရမတ်ထူးမြတ်ကို ပရမတ်ထူးလတ်က ယူဟတ်မှုမျှ အာရုံအာရမ္မဏိက သဘာဝချင်း,သဘာဝ ပေါင်းဆုံမှုမျှ သဘာဂကို ဘူးရဆိုသည်။

ထို အာရုံ အာရမ္မဏိက ရုပ်နာမ်တရားတို့တွင်၊ ရုပ် ဆိုသည်ကား - ဖောက်ပြန်သော အမူအရာ ကြိယာမျှ အနိစ္စဓာတ် ပရမတ်ကို ရုပ်ဆို၏။

**သိသာစေအံ့**။ဤလူတကောင်လုံးကို ပရမတ်မျှတွေ့ ဖြစ်အောင် ထောင်းထု ကြိတ်ချေသော်၊(ဥပမာအား)

တတင်းသား ရှိရာ၏။ ထိုတတင်းမှာ - ပထဝီ တတင်း, အာပေါ, တေဇော, ဝါယော, တတင်းစီ ရှိကြသော ခါတ်လေးပါးပေါင်း၍ ချင့်သော်လည်း တတင်းသာ ရှိရာ၏။ ထို ခါတ်ဃေးဖြာမှာပင် အနိစ္စ, ဒုက္ခ, အနတ္တ, တတင်းစိရှိကြ၏။ထိုတတင်းစိရှိကြသောဓါတ်လေးပါး လက္ခဏာရေး သုံးပါးတို့ကို ပေါင်း၍ ချင့်သော်လည်း တတင်းသာရှိရာ၏။

**ဥပမာကား**။နွား, ဆိတ်, စသည်၊ နို့ ရည်တဆယ်မှု အဖြူတဆယ်၊ အညိုတဆယ်၊ အဆိမ့်တဆယ်၊ အချို တဆယ်၊ လေးသွယ်ပေါင်းမူ တဆယ်ဟူသို့မှတ်။ ထို အနိစ္စ ပေါင်းစု၊ ကြောင်းပြုအတ္တိ၊ ပစ္စယသတ္တိ၊ စရှိ ထွေထွေ၊ ကုဋ္ဋေ သိန်းသောင်း၊ မက ညောင်းအောင်၊ ပေါင်းဖွဲ့ရာမူ၊ ပရမာဏာ၊ မြူတ ခု သာ ၊ မှတ်ကြရာ၏။ ထိုပရမတ်မြူကို ပထဝီ, အာပေါ, တေဇော, ဝါယော, ဝဏ္ဏ, ဂန္ဓ, ရသ, ဩဇာ, ဟူသော အဝိနိဗ္ဘောဂ အဋ္ဌ ကလာပ်ခေါ်သည်။ ထိုရှစ်ခုသော ရုပ်တို့၏ အသီး အသီးသော သဘော လက္ခဏာတို့ကိုသာလျှင် အနိစ္စ ပရမတ် ရုပ်ခါတ်စစ်ဆိုသည်။

**ခေါတ်ဆိုသည်ကား**။ ။"အတ္တနောသဘာဝံခါရေ တီတိခါတု" လိုရင်းမှာ-သတ္တဝါအလို ပုဂ္ဂိုလ်အကြိုက်

မလိုက်မစား မငဲ့ငြားဘဲ၊ကြောင်း အားလျော်စွာ သူ့ခြင်းရာနှင့် သူ့သဘာဝ၊ သူ့ကိစ္စရှိ ပကတိဟူသော မိမိ၏ သဘောကို ဆောင်တတ်သောကြောင့် ဓာတ်မည်၏။

**ဆောင်ပုံကား**-ရှားမီးတခဲ ရဲရဲညက်ထဲမှာ ကြည့်၍ထား၊ဤမီးခဲမှထွက်သော ပူသဘောတွေသည်၊ရှိန်ရှိန် သုတ်သုတ် သိမ့်သိမ့်လှုပ်ရွ၊ ပူစွမ်းသတ္တိ ရှိရှိသမျှဟူ၊ ပူအလောင်ကိုဆောင်သကဲ့သို့။ထို့တူအညီ၊ပထဝီသည် မိမိ၏ ခိုင်မာ ကြမ်းထမ်းသော သဘော သုတ်သုတ်၊ ဖြစ်၍ချုပ်၏၊ ပထဝီဓာတ် ဆောင်ပုံ။ ။

ဤ မာ,ပရမတ်၊ဓာတ်ဥပါဒ်ကို၊ဥပစယရုပ်ဆိုသည်။ ဤ မာ,ဓာတ်တရား ဖြစ်ပွားစဉ်ကို၊သန္တတိရုပ်ဆိုသည်။ ဤမာ,သဘောက အားပြေ့သောခဏ ရင့်ရော်မှုကို ဇရတာရုပ်ဆိုသည်။ ထို မာ, ချုပ်ကွယ်မှု ဘင်ခဏကို အနိစ္စတာရုပ် ဆိုသည်။ ဤလက္ခဏာရုပ် လေးပါးတို့ကိုလည်း၊ ဓာတ်တပါးစီ အားဖြင့် ကွဲပြား အောင်မြင်ရမည်။ဤအရာ မာ,ဟူသော ပထဝီသဘောနှင့်လက္ခဏာရုပ်လေး သဘောအားဖြင့်၊ဤငါးသဘော ရောထွေး၍ မနေစေလင့်၊ သဘာဝတရားက တခြားစီ။ ဤပထဝီပြ၊ သလွန်စနှင့် အာပေါ, အစရှိသော ရုပ်ဓာတ်တို့ကို သိကြလေ။ ။

ထို့ကြောင့်—

ဝိဇာနနဘာဝေ ဝိညာဏော ဇီဝသညီနံ သညာ
သမုဟာနတ္တံပိ အဋ္ဌာရသေဝ ဝုတ္တာ॥ ॥

( ဝိဘင်း အဋ္ဌကထာ။ )

ဝိဇာနနဘာဝေ၊သိခြင်းသဘောရှိသော။ဝိညာဏော၊ သိသဘာဝ အနိစ္စ၌။ ဇီဝသညီနံ၊ အသက်ဟု မှတ်ထင်သူတို့၏။ သညာသမုဟာနတ္တံပိ၊ မိစ္ဆာသညာကို ပယ်ခွါခြင်းအကျိုးငှာလည်း။ အဋ္ဌာရသေဝ၊ တဆဲ့ ရှစ်ရပ် ဓာတ်တို့ကိုသာလျှင်။ ဘဂဝတာ၊ မြတ်စွာဘုရားသည်။ ဝုတ္တာ၊ ဟောတော်မူအပ်ကုန်၏။

**နာမ်တရားဆိုသည်ကား။** ။အာရုံကိုအရ၊ဟာပ်ယူသိမျှ၊ အနိစ္စကို၊စိတ်ဆိုသည်။ထိုသိ့သဘာဝ၊အနိစ္စမှာမှ မှီတွယ်ရတရား၊ တွေ့ထိခံစား၊ မှတ်သား စေ့ဆော်ခြင်း စသော အားဖြင့်၊ ငါးဆဲ့နှစ်ပါးကို စေတသိက် ဆိုသည်။ သတိမူရန်မှာ....ဝိညာဏဓာတ်မှု တခုနှင့်၊စေတသိက နာမဓာတ်မှု၊ငါးဆဲ့နှစ်ခုအားဖြင့်၊ သိမှုတရား ငါးဆဲ့သုံးပါး၊သဘောပြားကို ဓာတ်တပါးစီအားဖြင့် ကွဲပြားအောင် မြင်ရမည်။ ။

ထို့ကြောင့်—

'စက္ခုံ၊အတ္တာတိယော ဝဒေယျ၊တံနဥပပဇ္ဇတိ' အစရှိသော ဥပရိပဏ္ဏာသ၊ (ဆဆက္ကသုတ် ပါဠိတော်။)

စက္ခု ရူပါရုံ, စက္ခုဝိညာဏ်, စက္ခုသမ္ဖဿ, စက္ခုသမ္ဖဿဇာ ဝေဒနာ, ရူပတဏှာ, စက္ခုဆိုင်ရာ ခြောက်ပါး၊ သောတ, စသည့်တို့သည်လည်း ဆိုင်ရာ ခြောက်ပါးစီ မှတ်လေ။ ထိုခြောက်ပါးစီမှာ။ အဇ္ဈတ္တိကာယတနနှင့်ဗာဟိရာယတနစုံ၊ထိခိုက်မှုကြောင့်၊စက္ခုစသော သိမှုဝိညာဏ် အနိစ္စ ဖြစ်စဉ်က၊ တီးမှုမြည်ပြန် စည်သံစသည့်တို့ကဲ့သို့ မဖြစ်မှီကလည်း မရှိနှင့်၊ဖြစ်လာပြီးနောက်၊ ချုပ်ပျောက် ကွယ်သုဉ်း ကုန်ဆုံးမှုကြောင့်၊ အာဂန္တုခေတ်၊ ကျောက်နှင့်မီးခတ် ထိဆတ်မိလျှင် မီး ဖြစ်စဉ် ကဲ့သို့ရင်း။ တိမ်, နှစ်ခုဆတ် လျှပ်စစ်အသွင် ဖြစ်ပျက်စဉ်ကဲ့သို့ရင်း။

ရှုအပ်သည်မှာ—

နဝဏ္ဏာရမ္မဏာ နာမံ၊ နာပိစုတိန္နမန္တရာ။ ဟောတုံ
ပဋိစ္စ သမ္ဘောတိ၊ သဒ္ဒေါ ပဟာတာယ ဘေရိယာ။
စက္ခာဒိ ဘေရိအာဒါသ၊ တိလာရော ရဏိယထာ။
ဒဏ္ဍာဒိဝိယ ရူပါဒိ၊ စိတ္တံ သဒ္ဒါဒယောယထာ။
ဒဋ္ဌဗ္ဗာ သင်္ခတာပုဗ္ဗာ၊ ပရန္တေသု ဝိဝိတ္တတော။
သုဘာဒ္ဒုဝသုခတ္တတ္တ၊သုညတောဟောတုဝုတ္တိတော။ ။

( ပါဠိ၊ )

ဝဏ္ဏာရမ္မဏာ၊ စက္ခုစသော မှီရာ ရူပ,သဒ္ဒ, စသော
အာရုံမှ။ နာမံ၊ နာမက္ခန် တရားသည်။ နသမ္ဘောတိ၊
ထွက်လာ၍ ဖြစ်သည်မဟုတ်။ ဥဘိန္နံ၊ ဝဏ္ဏ၊အာရုံ နှစ်ပါး
စုံတို့၏။ အန္တရာပိစ၊ အကြား၌လည်း။ နသမ္ဘောတိ၊
ဖြစ်သည်မဟုတ်။ ပဟတာယ၊ တီးခတ် ရိုက်နှက်
အပ်သော။ ဘေရိယာ၊ စည်၏။ သဒ္ဒေါယထာ၊ အသံ
ကဲ့သို့။ဟေတုံ၊စက္ခုရူပ အာလောက မနသိကာရစသော
အကြောင်းကို။ ပဋိစ္စ၊စွဲ၍။ သမ္ဘောတိ၊ ဖြစ်ပေါ်လာ၏။
စက္ခာဒီ၊ စက္ခုစသော် စသည်တို့ကို။ ဘေရိအာဒါသ
တိလာဝရော ရဏိယထာ၊စည်ကြီးမှန်ပြင် နှမ်းသွင်ပွတ်ခုံ
တို့ကိုကဲ့သို့။ ဒဋ္ဌဗ္ဗာ၊ ရှုအပ်ကုန်၏။ ရူပါဒီ၊ ရူပစသော်
စသည်တို့ကို။ ဒဏ္ဍာဒိဝိဟ၊ စည်လက်ခတ် မျက်နှာ
ကျည်ပွေ့ ပွတ်ကျေတို့ကိုကဲ့သို့။ ဒဋ္ဌဗ္ဗာ၊ ရှုအပ်ကုန်၏။
စိတ္တံ၊ မြင်,ကြား,နံ,သိ, အစရှိသော ဝိညာဏ်ကို။ သဒ္ဒါ
ဒယောယထာ၊ စည်သံ မျက်နှာရိပ် ဆီ-မီး တို့ကိုကဲ့သို့။
ဒဋ္ဌဗ္ဗာ၊ရှုအပ်ကုန်၏။သဒ္ဓိတာ၊သဒ္ဓိတစသော်တို့ကို။ ပုဗ္ဗာ
ပရန္တေသု၊ ဥပါဒ်မှရှေ့ ဘင်မှနောက် အစွန်းနှစ်ဘက်
တို့၌။ဝိဝိတ္တဝတော၊ ကင်းဆိပ်ကွယ်ဘိ မရှိလုံးလုံး သုဉ်း
သော အားဖြင့်၎င်း။ သုဘာဒ္ဒုဝသုခဏ္ဍဏ္ဍ သုညတော၊
တင့်တယ်မြဲစွာ ချမ်းသာစိုးရသော အဖြစ်မှ ကင်းဆိတ်
သောအားဖြင့်၎င်း။ ဟေတုဝတ္တိတော၊ အကြောင်းရှိမှ
ဖြစ်ရသော အားဖြင့်၎င်း။ ဒဋ္ဌဗ္ဗာ၊ ရှုအပ်ကုန်၏။

**လိုရင်းက**။အကြောင်းနှင့်တကွ ဖြစ်သည်၏အဖြစ်၊ အကြောင်း တရားတို့သည် ပေါင်း၍ပြုပြင် စီရင် အပ် သည်၏အဖြစ်၊ အကြောင်းကို စွဲမှီရမှသာ ဖြစ်သည်၏ အဖြစ်၊ စင်စစ် ရုပ်နာမ်ဓမ္မ အနိစ္စက။ ။

စက္ခုဉ္စ ပဋိစ္စ ရူပေစ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ(လ) မနဉ္စ ပဋိစ္စ ဓမ္မေစ ဥပ္ပဇ္ဇတိ မနောဝိညာဏန္တိ ဧဝံ ဝုတ္တံ၊ တံတံ ဝိညာဏုပ္ပတ္တိယာ ပစ္စယဝိသေသဘူတံ ဒွိန္နံဒွိန္နံ အာယတနာနံ သန္နိပါတကိစ္စံ။ ဟု၊မိန့်တော် မူသည်။ ။

စက္ခုဉ္စ ပဋိစ္စ ရူပေစ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ(လ) မနဉ္စ ပဋိစ္စ ဓမ္မေစ ဥပ္ပဇ္ဇတိ မနောဝိညာဏန္တိ၊ မနော ဝိညာဏံ ဟူ၍။

ဧဝံ၊ ဤသို့။ ဝုတ္တံ၊ ဟောတော်မူအပ်သော။ တံတံ ဝိညာဏုပ္ပတ္တိယာ၊ ထိုထို ဝိညာဏ် ဖြစ်ခြင်း၏။ ပစ္စယ ဝိသေသဘူတံ၊ အကြောင်းထူးဖြစ်၍ ဖြစ်သော။ ဒွိန္နံ ဒွိန္နံ အာယတနာနံ၊ နှစ်ပါး နှစ်ပါးကုန်သော အာယတန တို့၏။ သန္နိပါတကိစ္စံ၊ ပေါင်းဆုံးရောထွေး စုဝေးခြင်း ကိစ္စပင်တည်း။ ။

**လိုရင်းကား**။မြက်ဖျားဥ၌ ရောက်သော နှင်းပေါက် ရေနှင့် နေ့,လ၏အရောင်သည် ပေါင်းဆုံမှုကိစ္စကြောင့်၊ တောက်ပပြောင်ပြောင် အရောင်လက်လက် ပေါ်ထွက်

သည့်ပမာဏ စက္ခုပသာဒနှင့် ရူပါရုံ ပေါင်းဆုံမှု ကိစ္စကြောင့် သိမြင်ခံမှု အနိစ္စကိုပင် စက္ခုဝိညာဏ်ဆိုသည်။ ခေါ်သည်။ သတိထား။ သောတ, ပသာဒ, စသည်နှင့် သဒ္ဒါရုံ,စသည်မှာလည်း နည်းတူသာမှတ်လေ။ထိုစက္ခုရူပ, အစရှိသော ပဉ္စုပ္ပါန် ရပ်နာမ်ရှိသမျှ စကြာဝဠာအနန္တ၊ အနိစ္စက (ဥပမာန်) နံဘေးကပြ ထိပ်အစဉ်၊ ထုံးတို့လိုက်သည့် ဂြိုင်လည် အခိုက်၊ မဏ္ဍိုင်စိုက်တွင်၊ မျက်စိမြင်နှင့် မနေသာ၊ ကြည့်သလိုပမာ၊ ပညတ်နှင့် ပရမတ်ကို အတပ်မြင်လိမ့်မည်။မြင်အောင်ကြည့်ပါ။ ။

**ဥပမာ ဥပမေယျ ဟပ်၍ပြလျှင်။** ။အရိယာသစ္စာ ပညာမြင် ပရမတ်က အနိမိတ္တ အနိစ္စဖြစ်၍ မလည်သည့် ပကတိဂြိုင်မှာ ထုံးတို့ရာရှိ မနေသာသိနှင့်တူ၏။သမုတိတွင် ပုံဟန်သွင်နှင့် ဝိညာဏ်မြင်အပ် ပညတ် လူ,ရှင်သည်၊ ဂြိုင်လည်ချက်ကြောင့်၊ ထုံးစက်ကွင်းရှိ မျက်စိကြည့်နှင့် တူ၏။ မြင်အောင်ကြည့်ပါ။ ။

**လိုရင်းက။** ။ဩကာသ လောကထဲမှာ၊ ထာဝစဉ် ထာဝရ အနိစ္စခေတ် နည်းများ မရှိအပ်သော ပရမတ်တရား ထင်းရှားရှိ၏ဟု၊ သိအပ်သည်မှာ....။

ဝိညာဏံ အနိဒဿနံ၊ အနန္တံ သဗ္ဗတောပဘံ။ ။

(ဗြဟ္မနိမန္တနသုတ် ပါဠိတော်။)

ဝိညာဏံ၊အနိစ္စခေတ် ပရမတ်ဖြင့်သာ သိအပ်စွာ၏။ အနိဒဿနံ၊ အနိစ္စခေတ် ပရမတ်၏ ရှေးနောက်ကာလ ရပ်ဌာနနှင့် သဏ္ဍာန်ပမာဏ ညွှန်ပြခြင်းငှာ မထိုက်။ အနန္တံ၊အနိစ္စခေတ် ပရမတ်အလုံး၊ဘယ်တုန်းကစ၊ ဆုံး ဘယ်မှာဟု၊ အစ,အဆုံး၊ နှစ်ပါးလုံးမရှိအပ်။ သဗ္ဗတော ပဘံ၊ဘယ်ခါမပြတ်၊ခပ်သိမ်းရပ်၌၊အနိစ္စခေတ်၊ပရမတ် တရား၊ ထင်ရှားရှိန်ရှိန်၊ ထိန်ထိန် လင်းလင်း၊ ဝင်းဝင်း တောက်ရှိ၏။

ထို့ကြောင့်—

ဝိသေသတောပန ဇူမသို့ ညာဏော အနိစ္စလက္ခဏ ဒဿနမေဝ ပဓာနံ၊ တသို့ ဒိဋ္ဌေယေဝ ဇူတရာနိ ကမေန ဒိဋ္ဌာနိဟောန္တိ။ ။စသည်ဖြင့်။

( ပရမတ္ထဒီပနီ ဋီကာကြီး။ )

ဝိသေသတောပန၊ အထူးအားဖြင့်ကား။ ဇူမသို့ ညာဏော၊ ဤဝိပဿနာ ဉာဏ်အရာ၌။ အနိစ္စလက္ခဏ ဒဿနမေဝ၊အနိစ္စလက္ခဏာကိုမြင်ခြင်းသည်သာလျှင်။ ပဓာနံ၊လိုရင်းသဘောသည်။ ဟောတိ၊ ဖြစ်၏။ တသို့၊ ထိုအနိစ္စ လက္ခဏာကို။ ဒိဋ္ဌေယေဝ၊ မြင်၍သာလျှင်။ ဇူတရာနိ၊ ဤမှတပါးသော လက္ခဏာဘို့ကို။ ကမေန၊ အစဉ်အားဖြင့်။ ဒိဋ္ဌာနိ၊ မြင်အပ်ကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

ဤဋီကာပြရိပ်က "အနိမိတ္တဉ္စဘာဝေဟိ" ပါဠိတော် အရ၊ ဩကာသထဲမှာ တစုံတရာ ဘယ်ဟာ ဟူသော ပြောစရာမရ၊မမြဲသောအနိစ္စသဘောက၊သံဝဋ္ဋကပ်ကြီး ထိန်ထိန် ညီးညီး၊မီးထသည့်ပမာဏ၊ရှိန်ရှိန် သုတ်သုတ်၊ သိမ့်သိမ့်လှုပ်ရွ၊အနိမိတ္တ၊အနိစ္စကို ဒိဋ္ဌမြင်သိက "အနိစ္စ သညိနော မေဃိယ အနတ္တ သညာ သဏ္ဌာတိ" ပါဠိ တော်အရ၊ ဝိပဿနာခဏ၌၊ ဩကာသ လောကနှင့် သတ္တလောကမှာ၊ အနိစ္စ, ဒုက္ခမရှိ၊ အနတ္တ အတိမျှ မှတ်ရမည်။

ဤ ရုပ်နာမ်ဟူသော သင်္ခါရ လောကမှသာ အနိစ္စ, ဒုက္ခ,အနတ္တ,ရှိသည်၊ဤအရာ သတ္တဝါသည်၊အတည်မမြဲ ဆင်းရဲစွာလှ၊ စိုးမရဟု ရှုသော်လည်း လျော်ပါ၏။ လျော်ပုံက၊ အိမ်,ကျောင်း,စသည်မှာ မီးလောင်သော အခါ၊ အိမ်,ကျောင်းမှာ လောင်စရာ မရှိ သစ်သား ကိုသာ လောင်သည်။ သို့သော်လည်း သစ်သားကို မီးလောင်ရာမှာ၊ အိမ်,ကျောင်း, မူရာပါသောကြောင့် အိမ်,ကျောင်း,လောင်ကိုဆိုသော်လည်း၊လျော်သကဲ့သို့ တည်း။ လိုရင်းကြီးမှာ - ဘယ်နည်းနှင့်မဆို ပုဂ္ဂိုလ် သတ္တဝါမှာ အနှစ်, အမာ, မရှိဟု အသိကိုသာ လိုရင်းပါ။

ထိုကြောင့်=

သုညတောလောကံအဝေက္ခသု၊
မောဃရာဇ သဒါ သတော၊
အတ္တာနုဒိဋ္ဌိံ ဉဟစ္စ။ ။

မောဃရာဇ၊ မောဃရာဇရဟန်း။ သဒါ၊ အခါ ခပ်သိမ်း။သတော၊သတိနှင့် ပြည့်စုံသည်ဖြစ်၍၊အတ္တာနု ဒိဋ္ဌိံ၊ငါ၊ကိုယ် ထင်ရှိ သက္ကာယဒိဋ္ဌိကို။ ဉဟစ္စ၊ စွန့်ခွာ ပယ်နုတ်၍။ လောကံ၊ဖြစ်ပျက်သဘောမျှ သင်္ခါရလော ကကို။ သုညတော၊ အနှစ်ကင်းဆိတ်သော အားဖြင့်။ အဝေက္ခသု၊ ပညာစက္ခုနှင့် မြင်အောင်ရှုလော့။

**လိုရင်းက။** (၁) သင်္ခါတာမှော ဒေသနာအရ၊ ကုသိုလ်ကံ,အကုသိုလ်ကံ ဖြစ်ရန်ဟူသောသမုပ္ပါဒ်နည်း ပဋ္ဌာန်းနည်း၊ ပစ္စည်းပြုမျှ၊ သမုဒယက၊ ဘုံအားဖြင့် ဝါသနာနုသယဘုံ ခေါ်သည်။ ဝဋ်အားဖြင့် ကိလေသ ဝဋ် ခေါ်သည်။

(၂) သတ္တဝါတို့သန္တာန်မှာ၊ ကုသိုလ်,အကုသိုလ် ကံ ပေါ်လာပြန်လျှင် ဘုံအားဖြင့် ပရိယုဋ္ဌာနဘုံ ခေါ် သည်။ ဝဋ်အားဖြင့် ကမ္မဝဋ် ခေါ်သည်။ လောက အားဖြင့် သင်္ခါရလောက ခေါ်သည်။

(၃) ထိုကုသလာ,ကုသလကြောင့်၊ အဗျာကတ၊ ခန္ဓာငါးဝ၊အနိဋ္ဌကို ဝဋ်အားဖြင့် ဝိပါကဝဋ်ခေါ်သည်။

ဘုံအားဖြင့် ဝိတိက္ကမဘုံ ခေါ်သည်။ လောကအားဖြင့် သတ္တလောက ခေါ်သည်။

အချုပ် သဘောက။ ဩကာသ ထဲမှာ နဲများမရ အပ်သော အနိမိတ္တ အနိစ္စခေတ် ပရမတ် ဖြစ်ပျက် သည်မှာ၊ (ဥပမာကား) အနွယ်ဖြစ်သော သစ်ညွန့် သဘောသည် ရှေတည်သော သစ်ကိုင်းကို၊ ညွှတ်ရှိုင်း မျှော်တန်း၊ ခေတ်လှမ်းသော သဘောမျက်ွသို့။ ထို့တူ ပမာ၊အမူအရာ၊ ကိရိယာသင်္ခါရ၊ ရုပ်နာမ်ဓမ္မ၊အနိစ္စ၏၊ လက္ခဏာ, ရသ, ပစ္စုပဋ္ဌာန်, ပဒဋ္ဌာန် ဟူသည်ကား၊ မှတ် အပ်သော သင်္ခါရခေတ် ပရမတ်အနိစ္စသည် လက္ခဏာ မည်၏။ ထို သင်္ခါရ၊ ရှိန်ရှိန် သုတ်သုတ်၊ သိမ့်သိမ့်လှုပ်ရွ၊ သူ့ကိစ္စသည်၊ ရသမည်၏။ ရှုမြင်အပ်သော ရုပ်နာမ် သင်္ခါရ၊ ဓမ္မပုဥ္၊ လေ,ရေ,မြေ,ထု၊ သတ္တဝါ စသည်ဟု၊ လောကထုသည် ပစ္စုပဋ္ဌာန်မည်၏။အကြောင်းနည်းဟု ပစ္စည်းပြုမျ၊သင်္ခတခေတ်၊ပရမတ်သည်၊ပဒဋ္ဌာန်မည်၏။

**ဥပမာကား။** ။ဤလောကမီးမှာ ပူခြင်းသဘော ရင်းသည်၊မီး၏လက္ခဏာမည်၏၊ဝတ္ထုတပါးကိုလောင်မှု ကိစ္စသည်၊ မီး၏ရသမည်၏။ အခိုးအလျှံနှင့်တကွ ထကြွ ပြောင်ရှန်း တွန်းတောက် ခြင်းသည် မီး၏ ပစ္စုပဋ္ဌာန် မည်၏။ မီးခြစ် မီးခတ် စသော မီးဖြစ်ခြင်း အကြောင်း ရင်းသည်၊ မီး၏ ပဒဋ္ဌာန်မည်၏။

**ဥပမာ ဥပမေယျ ဟပ်၍ပြလျှင်။** မိုး၏သဘောရင်း ပူခြင်းနှင့် သင်္ခါရဓမ္မအနိစ္စ မမြဲခြင်း သဘောရင်းနှင့် တူ၏။ ဝဋ္ဋတပါးကို လောင်မှုကိစ္စနှင့် သင်္ခါရဓာတ် ပရမတ် ကိစ္စသည် ရှိန်ရှိန် သုတ်သုတ်၊ သိမ့်သိမ့်လှုပ်ရှား ရသမစဲ၊ မမြဲခြင်းနှင့်တူ၏။ အခိုးအလျှံနှင့်တကွ၊ ထကြွ ပြောင်ညီး၊ မီးတောက်ကြီးနှင့်၊ ရုပ်နာမ်သင်္ခါရ၊ ရှိသမျှ တွေ၊ လေ, ရေ, မြေ,ဟူ၊ လူ, ရှင်, သစ်ပင်၊ မြင်ကြသမျှ ဓမ္မပုဉ္ဇ၊ သဏ္ဍာန်နှင့် တူလှ၏။ မီးဖြစ်ခြင်း အကြောင်း ရင်းနှင့် ပြဆိုခဲ့သော ပစ္စည်းပြုမျှ၊သင်္ခတဓာတ်၊ ပရမတ် နှင့်တူ၏။

ထို့ကြောင့်—

အနုပ္ပန္နာ ဥပ္ပဇ္ဇန္တိ၊ ဥပ္ပန္နာစ နိရုဇ္ဈရေ။
နိစ္စံနဝါဝ သင်္ခါရာ၊ ဒီပဇာလသမူပမာ။
ဟု ရှုအပ်၏။

သင်္ခါရာ၊ ရုပ်နာမ် သင်္ခါရတို့သည်။ အနုပ္ပန္နာဝေ၊ ရှေးက မဖြစ်ဘူးကုန်ဘဲသာလျှင်။ ဥပ္ပဇ္ဇန္တိ၊ ယခု အသစ် ပေါ်ဖြစ် လာကုန်၏။ ဥပ္ပန္နာစ၊ ဖြစ်ကုန် ပြီး၍လည်း။ နိရုဇ္ဈရေ၊ ခဏချက်ခြင်း၊ချုပ်ကင်း ကွယ်ပျောက်ကုန်၏။ သင်္ခါရာ၊ ရုပ်နာမ် သင်္ခါရတို့သည်။ နိစ္စံနဝါဧဝ၊ အမြဲ အသစ် အသစ် တို့သည်သာလျှင်။ ဟောန္တိ၊ ဖြစ်ကုန်၏။ သင်္ခါရာ၊ ရုပ်နာမ် သင်္ခါရတို့သည်။ ဒီပဇာလသမူပမာ၊

ဆီးမီးလျှံတမျှ တူသောဥပမာ ရှိကုန်၏။ ။( အဝိပ္ပါယ် သဘောက ပြောပြခဲ့ပြီ။ )

ဧတ္တာဝတာ သဗ္ဗော သင်္ခါရလောကော ရိတ္တော တုစ္ဆော သုညောတိ ပညာယတိ၊ သုဒ္ဓသင်္ခါရဓမ္မ ရာသိမတ္တမေဝ အဝသိဋ္ဌံ ဟောတိ။

ဧတ္တာဝတာ၊ ဤမျှသော အစီအစဉ်ဖြင့်။ သဗ္ဗော၊ အလုံးစုံသော။သင်္ခါရလောကော၊ လှည်း, လှေ, အိမ်, ကျောင်း, အပေါင်းသမူဟ၊ သမုတိသစ္စ၊ သင်္ခါရ လောကသည်။ ရိတ္တော၊ ကွယ်ပျောက်၏။ တုစ္ဆော၊ အချည်းနှီးသာဖြစ်၏။ သုညော၊ သာရလေးလုံး သုဉ်း ဆိတ်၏။ ဣတိ၊ဤသို့။ ပညာယတိ၊ထင်၏။ သုဒ္ဓသင်္ခါရ ဓမ္မရာသိမတ္တမေဝ၊ သက်သက်သော ရုပ်နာမ် သင်္ခါရ အနိစ္စသည် သာလျှင်။ အဝသိဋ္ဌံ၊ ကြွင်းကျန်သည်။ ဟောတိ၊ ဖြစ်၏။ ။( ဤကား သင်္ခါရလောက သဲလွန် စကို ပြချက်ပြီး၏။ )

ဩကာသလောကဆိုသည်မှာ။ ပရမတ္ထဩကာသ, သမုတိဩကာသ အားဖြင့် နှစ်ပါးတို့တွင် ပရမတ်သစ္စ ဩကာသကိုပြဦးအံ့။ ရုပ်နာမ်သင်္ခါရ အနိစ္စတည်ရာကို ဩကာသဆိုသည်။သိသာစေအံ့။နေဝသညာနာသညာ ယတန ဗြဟ္မာဘုံက အထက်ကို မြေ, ရေ, သတ္တဝါမရှိ၊ ဟင်းလင်းအတိသာ ဖြစ်သည်။ နှစ်သိန်း လေးသောင်း

အထုရှိသော ဤမြေ၏အောက်က လေးသိန်းရှစ်သောင်း ထုသော ရေရှိ၏။ ထိုရေ၏အောက်က ကိုးသိန်း ခြောက်သောင်းထုသော လေရှိ၏။ ထိုလေ၏အောက်၌၊ မြေ, ရေ, သတ္တဝါမရှိ၊ ဟင်းလင်းအတိသာ ဖြစ်သည်။

ထို့ကြောင့်—

အယံအာနန္ဒမဟာပထဝီ ဥဒကေ ပတိဋ္ဌိတာ၊ ဥဒကံ ဝါတေ ပတိဋ္ဌိတံ၊ ဝါတော အာကာသဋ္ဌော ဟောတိ။

( သုတ်မဟာဝါ ပါဠိတော် )

အာနန္ဒ၊ အာနန္ဒာ။ အယံမဟာပထဝီ၊ ဤမဟာပထဝီ မြေကြီးသည်။ ဥဒကေ၊ ရေ၌။ ပတိဋ္ဌိတာ၊ တည်၏။ ဥဒကံ၊ ရေသည်။ ဝါတေ၊ လေ၌။ ပတိဋ္ဌိတံ၊ တည်၏။ ဝါတော၊ လေသည်။ အာကာသဋ္ဌော၊ ကောင်းကင်၌ တည်သည်။ ဟောတိ၊ ဖြစ်၏။

**လိုရင်းမှာ။** ။ဝဲယာ ရှေ့နောက်၊ ထက်အောက် ကင်းသည့် ဟင်းလင်းကိုသာ၊ ရုပ်နာမ်သင်္ခါရ၊ အနိစ္စ တည်ရာ၊ ဩကာသဆိုသည်။ စောဒနာကား။ ဩကာသ လောကမှာ တည်ရာကိုသာ ပြသင့်ပါသည်။ လဟာပြင် ကောင်းကင်ကိုမပြသင့်ဟု စောဒနာလေ။ အဖြေကား။ ပရမတ်သစ္စာမှာ လဟာပြင်စစ်မှ တည်ရာဖြစ်မည် ဖြေ၊

**သိသာစေအံ့။** ။မြို့ရွာ တိုင်းပြည်သည်၊ မြေပြင်မှာ တည်၏။ ထိုမြေပြင်မှာ တည်နေသော တော, တောင်, သမုဒ္ဒရာ, မြို့ရွာ, တိုင်းပြည်သည် အပေါ်စီးသမ္ဘန်သာ

ဖြစ်၏။ မြေကြီးမှာတည်ရာ အခံသမ္ဘန်ဖြစ်၏။ ထို့အတူ မြေထုသည် ရေထုပေါ်၌တည်၏။ ရေထုသည် လေထု ပေါ်၌တည်၏။ ထိုလေထုသည်လည်း ကောင်းကင် လဟာပြင်ကြီးမှာတည်ရ၍၊ အပေါ်စီး သမ္ဗန္ဓသာဖြစ်၏။ ထိုလဟာပြင်သည်၊ လေ, ရေ, မြေ, စသော ရုပ်နာမ် သင်္ခါရ အနိစ္စတည်ရာ အခံသမ္ဘန်ဖြစ်၏။ ထိုလဟာ ပြင်သည် အဘယ်မှာ တည်သနည်းဟု မေးရန် မရှိ၍၊ အနိစ္စခေတ်၊ ပရမတ်တည်ရာ၊ ဤလဟာထီး၊ ဟင်းလင်း ကြီးမှ ဩကာသ ဆိုသည်။

**တဖန် စောဒနာရန်မှာ။** ။အနိစ္စ လက္ခဏာ တင် သောအခါ ဩကာသမှာ မပါလာဟု စောဒနာလေ။ အဖြေမှာ။ ဝိပဿနာ တင်သောအခါ "သဗ္ဗေဓမ္မာ အနတ္တာ"တွင် ပါဝင်သည်။ ဤစောဒနာကား။ ရေထဲမှာ တည်နေသော ငါးတွေသည် မိမိတို့ တည်နေသော ထိုရေကိုမှ မမြင်ကြသို့။ ထို့အတူပင် မိမိတို့ကိုယ်ထင်ကြ၊ ကိုယ်မှတ်ကြသော အနိစ္စတည်ရာ၊ ဤလဟာခေတ် ပရမတ်ကိုဝင်း။ အနန္တသယမျှ အကြောင်းသမုဒယသင်္ခတ ခေတ်ပရမတ်ကိုဝင်း။ ပရိယုဋ္ဌာနဝိတိက္ကမအကျိုးသင်္ခါရ အနိစ္စခေတ် ပရမတ်ကိုဝင်း။ ကြောင်းကျိုး ခပ်သိမ်း ကင်းငြိမ်းသဘော နိရောဓမျှ အသင်္ခတခေတ် ပရမတ်ကို ဝင်း။ ဤသို့ စသောအားဖြင့် ဉာဏ်မသွားသော စော ဒနာသာ မှတ်လေ။

ဤဩကာသမှာ၊ ဝဲယာ ရှေ့နောက်၊ ထက်အောက် ဖီလာ၊ ဆယ်မျက်နှာတွင်၊ ဘယ်နေရာမှာဟု မထင်နှင့်၊ မမှတ်လင့်။ စင်စစ် ဒုက္ခသစ္စာဖြစ်သော ရုပ်နာမ်သင်္ခါရ၊ အနိစ္စဓါတ်၊ပရမတ်တည်ရာ၊ဤလဟာကိုသာ ဩကာသ ဆိုပါ။ ထက်အောက် အဇဋာ ကောင်းကင်ဆိုသည်မှာ စကား ကိရိယာ တွင်သာ ပါဝင်သော ပညတ်မျှသာ ဖြစ်သည်။ ထိုပညတ်မျှ ဝေါဟာရကို ဩကာသဟု ပြသည်မဟုတ်။ ဆုံးစပိုင်းခြား၊ ကမ်းကရနားမရှိ၊ ဟင်း လင်းကြီး အတိမျှ အနိစ္စ၏ တည်ရာကိုသာ ဩကာသ ဆိုသည်။

**လိုရင်း သဘောက။** ။မသုဉ်းကောင်း မဆိတ် ကောင်းသော လောကသုံးပါးတွင် ထိုဟင်းလင်း ကြီးသည်၊ ဖြစ်ပျက်ခြင်းမငွေ့ ဥပါဒ်,ဋ္ဌီ,ဘင်,အစဉ်မမွေ့ သောကြောင့် သင်္ခါရလောကဟု မဆိုရ။ ကုသလာ ကုသလဟူသော သဏ္ဍာကာရနှင့် ဤဟာ, ဗျာပါရ ဟူသော သတ္တကိစ္စက မရှိ၊ မရသော ကြောင့်လည်း သတ္တလောကမှာ ပဂေဝ။ ထို့ကြောင့် ဒုက္ခသစ္စာမျှ အနိစ္စ၏တည်ရာ၊ ဤလဟာဓာတ်၊ ပရမတ် ကိုသာ ဩကာသဆိုသည်။ ဤကား - ပရမတ္ထသစ္စသဘောနှင့် ပြောပြသော ဩကာသတည်း။

သမုတိ သစ္စသဘောက—
တတ္ထ ဇုန္ဒြိယဗဒ္ဓါနံခန္ဓာနံ သမူဟော သန္တာနော စ သတ္တလောကော၊ အနိန္ဒြိယဗဒ္ဓါနံ ရူပါဒီနံ သမူဟော သန္တာနော စ ဩကာသ လောကော၊ ဥဘယေပိ ခန္ဓာ သင်္ခါရလောကော။

မဟာဋီကာ လာသောအရ၊ အနိန္ဒြိယ ဗဒ္ဓဖြစ်သော စကြာဝဠာ၊ မဟာပထဝီ၊ တိုင်းပြည်, မြို့ရွာ စသည်ကို ဩကာသလောက ဆိုသည်။

ထို့ကြောင့်—
လောကိယ မဟာဇနေဟိ သမ္မတော သဗ္ဗော ဩကာသလောကော ရိတ္တော တုစ္ဆော သုညောတိ ပညာယတိ။

လောကိယမဟာဇနေဟိ၊ လောကီလူများတို့သည်။ သမ္မတော၊ ထင်ရှားရှိသည်ဟု သမုတ်အပ်သော။ သဗ္ဗော၊ အလုံးစုံသော။ ဩကာသလောကော၊ စကြာဝဠာ၊ မဟာပထဝီ၊ တိုင်းပြည်မြို့ရွာ အစရှိသော သမုတိသစ္စ ဩကာသလောကသည်။ ရိတ္တော၊ ကွယ်ပျောက်၏။ တုစ္ဆော၊ အချည်းနှီးဖြစ်၏။ သုညော၊ ဆိတ်၏။ ဇုတိ၊ ဤသို့။ ပညာယတိ၊ ထင်၏။ (ဤကား ဩကာသလောက သဲလွန်စကို ပြချက်ပြီး၏။ )

ဤလောကသုံးဖြာကို ဥပမာတင်၍ မြင်သာအောင် ပြမည်။ ။( ဥပမာကား ) ဤလောက သုံးပါးသည်၊ တိုင်းပြည် မြို့ရွာမှာ သစ်သား အပေါင်းကိုသာ အိမ်, ကျောင်း,နန်းတော် ခေါ်သည်နှင့် တူ၏။

**ဥပမာ ဥပမေယျ ဟပ်၍ပြသော်ကား**။ ဩကာသ လောကသည်၊ လူနေအိမ်ခြေ တည်နေရာ မြို့ရွာ တိုင်းပြည်နှင့်တူ၏။ သင်္ခါရ လောကသည် သစ်သားတွေနှင့် တူ၏။ သတ္တလောကသည် ထိုသစ်သား အပေါင်း၏ အမှုအရာ ထူးမျှကိုသာ အိမ်, ကျောင်း, နန်းတော်, ခေါ်သည်နှင့် တူ၏။

**ဟနည်းကား**။ ။ဤလောကသုံးပါးသည်၊ ကောင်းကင်မှာ တိမ်ရုပ်နှင့်တူ၏။ တူဟန်ကား။ ထက် ကောင်းကင်ဗွေ၊ ထိုတိမ်တွေသည် တမြူကာနှင့် တမြူကာ၊တခုနှင့် တခု၊တစုနှင့် တစုမှာ၊လွန့်ထက်လွန့်စွာ ကွာခြားလျက် ရှိငြားသော်လည်း ကြည့်သောသူ၏မျက်စိမှာမူ လူကဲ့သို့ ငှင်း၊ဆင်,မြင်း,ကျွဲ,နွား,စသည်များကဲ့သို့ငှင်း ပေါင်းစပ်၍သာ စိတ်သညာတွင် ကြောင်ကြောင်ကြီး မြင်၏။ ပညာမြင် အနေမှာ၊ ထက် ကောင်းကင်ဗွေ၊ ထိုတိမ် တွေသည်၊ တဖြန့်တခြား၊ ကျွဲ,နွားမဟုတ်၊ အရုပ်မရှိ၊ ပကတိအမျိုးမျိုး၊ဓာတ်ခိုးအလျှံ၊ သဏ္ဍာန်မရှိ၊ သဘာဝ မြည့်မြည့်ကို သိမြင်လေ၏။

**ဥပမာ ဥပမေယျ ဟပ်၍ပြသော်ကား။** ဩကာသလောကသည်၊လဟာထီးထီးကောင်းကင်ကြီးနှင့်တူ၏။ ရုပ်နာမ်အနိစ္စ သင်္ခါရလောကသည် သဘောအမျိုးမျိုး၊ ခိုးငွေ့ရှိန်ထ၊ တိမ်တွေနှင့် တူသှ၏။ ပညတ်သဘောမျှ သတ္တလောကသည် ထင်လွဲစွဲမှား၊ဆင်, မြင်း, ကျွဲ, နွား, စသောအားဖြင့် တိမ်ရုပ်နှင့်မခြား တသားတည်းတူ၏။

## ဤလောကသုံးဖြာကို ဝါစာသိလို့ နှုတ်ရလွယ်စေခြင်းငှာ လင်္ကာနှင့် ပြမည်။

(၁) အမှန်လေးပါး၊တရားကိုရှာ၊များမိုလ်ပါတို့၊ ငါငါ, ငါ့ကိုယ်၊ မဆိုစသာ၊ ဤခန္ဓာကို၊ တဏှာဒိဋ္ဌိ၊ မာနငြိ၍၊ ဟုတ်လိနိုးနိုး၊ အားမကိုးလင့်၊ ကြောင်းကျိုးအစဉ်၊ ဝိညာဏ်နာမ်ရုပ်၊ ဖြစ်ချုပ်မပြတ်၊ ဥပါဒ်ဌီ,ဘင်၊ အစဉ်အလာ၊ သင်္ခါရာမှာ၊ ခန္ဓာမိးခိုး၊ တိမ်ရုပ်မျိုးထင်၊ မိုးကောင်းကင်မှာ၊ ခုဆင်, ခုမြင်း၊ ရွေ့ရွေ့ ယွင်းလို့၊ ကြည့်တွင်းမမှန်၊ ဘောက်ပြန်တုံဘိ၊ ဤတိမ်ဘိုက်မှာ၊ လေလိုက်အိသို့၊ ခဏိကမျှ၊ အနိစ္စနှင့်၊ ဒုက္ခအစု၊ပုပုရွရွ၊ အနတ္တသာ၊သဘာဝါကို၊ ခန္ဓာသမုတ်၊ နာမ်ရုပ်နှစ်ဖြာ၊ သစ္စာဒုက္ခ၊ သဘာဝဓာတ်၊ ပရမတ်မှာ၊ သတ္တဝါနှင့်၊ ကိုယ်,ငါမစပ်၊ အိပ်မက်အပ်သည့်၊ တံလျှပ် သဘွယ်၊ အနည်းငယ်မျှ၊ ရုဝ,သုဘ၊ သုခတ္တစင်၊ ပညာမြင်မှာ၊ ရှာလျှင်မရ၊အနိစ္စ၏၊လက္ခဏာ,ရသ၊ပစ္စုပဋ္ဌာန်၊ပဒဋ္ဌာန်မျှ

ဓာတ်မှန်ကျ၍၊ ပရ,ရိတ္တ၊ ဓမ္မထုံးစံ၊ ပစ္စုပ္ပါန်နှင့်၊ တိတ်နာဂတံ၊မကျန်အလုံး၊အနတ္တ၏ဓမ္မနှုန်း၊ဆုံးသဘောကျ၊ သုံးလောကကုန်၊ လုံးစုံသဗ္ဗ၊ သခ်ီတာသခ်ီတ၊ သဘာဝသည်၊ တုစ္ဆမျှချည်း၊ သုညတည်း။

(၂) တုစ္ဆ,သုည၊ ဘုရာ့စကား၊ မြွက်တရားကို၊ နားမဝင်ဘိ၊မသိလျှင်သူပုန်၊မယုံလျှင်ရန်သူ၊အတူလိုနေ့ မဂ်ဖိုလ်မွေ့ကို၊ မရလေကြ၊ ဒုက္ခအတိ၊ မုချသိလော၊ သဘောထုတ်ပြ၊ပုဗ္ဗကောဋ္ဌိ၊နနာယတိ၊ စရှိသွယ်သွယ်၊ အဓိပ္ပါယ်ကား၊ ဘုရားအစစ်၊ ဖြစ်သည့်နေ့မှ၊ အနိစ္စတည်ရာ၊၍လဟာကို၊ခါခါရှုမျှော်၊ရွှေညာဏ်တော်ကြည့် ခုထက်ထိအား၊သွားတုန်း လိုက်တုန်း၊ မဆုံးသည်သာ၊ သြကာသာ,က၊လဟာဟင်းလင်း၊မဆုံးခြင်းမှာ၊ ယင်းနှစ်ဖြာလုံး၊ နိဂုံးမကျ၊ ဆုံးမရသည်၊ လောကတည်ခြင်း၊ ဟာ ဟင်းလင်း။ ။

(၃) ဟင်းလင်းမဆုံး နိဂုံးမသတ်၊ ခပ်သိမ်းရပ်၌၊ ပရမတ်ရောင်၊ တပြောင်ပြောင်နှင့်၊ ကြောင် ကြောင် သဘော၊ဘာဗ္ဗတောပဘာ၊ရုပ်နာမ်ဓမ္မ၊အနိစ္စကို၊လောကဆို၏။ထိုအနိစ္စ၊ဒုက္ခသဘော၊ လောကအပေါင်း၊ ပြုပြင်ကြောင်းကား၊ ဆဲ့နှစ်ပါးတည်း၊ ပစ္စည်းများမြတ်၊ သမုပ္ပါဒ်နည်း၊ နှစ်ဆဲ့လေးပစ္စည်း၊ ပဋ္ဌာန်း နည်းဟု၊ သမုဒယ၊ သခ်ီတက၊သြကာသပြည့်၊ တင်းကြမ်းရှိသည့်၊ သိကြအကြောင်း ပစ္စည်းပေါင်း။ ။

(၄) ပစ္စည်းအပေါင်း၊အကြောင်းရှိက၊သင်္ခါရမျိုး အကျိုးမျှသာ၊ စကြာဝဠာပေါင်း၊ တသောင်းဇာတိ၊ နှံ့ဘိအာဏာ၊ ကုဋေမှာသိန်း၊ တွက်ကိန်း ဖြာဖြာ၊ ရှစ်မျက်နှာလုံး၊ မဆုံးဝိသယ၊ အနန္တသာ၊ ဆက်ခါ ဆက်ခါ၊ စကြာဝဠာတွေ၊ အာကာမြေမှာ၊ လေတမ်း ခွန်များ၊ တိမ်တွေလားသို့၊ မခြားမြင်ကြ၊ သင်္ခါရနှုန်း၊ အကုန်လုံးကို၊ သိမ်းကျုံး၍ပြ၊ သတ္တုချလျှင်၊ ဥပါဒ်, ဘင်ကျ၊အနိစ္စကောန်၊ဒုက္ခမှန်ကို၊ရုပ်နာမ်ပြောရ၊သင်္ခါရ လောက၊သဘောမျှသည်၊တုစ္ဆအလုံး၊သုညနှုန်း။ ။

(၅) နှုန်းသဘာဝ၊ အနတ္တကို၊ ရုပ်နာမ်ဆို၏။ ပုဂ္ဂိုလ်မရ၊အနိစ္စခေတ်၊ပရမတ်မှာ၊သတ္တဝါပို၊ငါ့ဟာဆို ပိုပေါ်ပို၏။ အဆိုအစွဲ၊ လွဲထက်လွဲကြ၊ထဲကမှာမူ၊ သူငါ ကစ၊ နမွဲမ, အလွဲကသို့၊ ထိုမှတနဲ့၊ လွဲကြသည့်ဟန်၊ ပုံတတန်မှာ၊တရားခံလဲ၊မရှိဘဲကို၊မှုစွဲဆို ထိုတရားလိုမ၊ ဆ,ခမြာနေ၍၊ မလှပေါ်၍၊အလျော်မရ၊ ဆိုသော်ကျ၏။ လောကအရှိ၊သမုတိသာ၊ အရာရာမှာ၊ တဏှာအငတ်၊ အာသာခေတ်က၊ လူ,နတ် စည်းစိမ်၊ အကြိမ်ကြိမ်ကို၊ တင်းတိမ်မရှိ၊ ဝိညာဏ်သိက၊ ဒိဋ္ဌိအလို၊ အမှားပို၍၊ တရားလိုမ၊ ဆိုရာကျသည်၊မှတ်ကြအလုံး၊သတ္တနှုန်း။

(၆) သတ္တနှုန်းမှ၊ အသုံးကျသည်၊ အနိစ္စခေတ်၊ ပရမတ်နှင့်၊ပညတ်အရှိ၊သမုတိသာ၊အရာရာပင်၊ ပညာ

မြင်နှင့်၊ဝိညာဏ်သိမှု၊ဤနှစ်ခုတွင်၊ဝိညာဏ်မြင်ပုံ၊နွားမ,
မြို့သွား၊နွားငယ်အားဖြင့်၊နိမ့်မြင့် ဆူကြို၊ငြင်းခုံအလား၊
ပုံမခြားပ၊ အများသူငါ၊ ဓမ္မတာစွဲ၊ ငရဲကြီးလှ၊ ကုသိုလ်
ရဟု၊ ပြုကြ ရှောင်ကြဉ်၊ ဝိညာဏ် မြင်သိ၊ သမုတိက၊
စရဏသာ၊မှတ်ကြရာလော၊ သဘောဝိဇ္ဇာ၊အရိယာ၏၊
သစ္စာမနော၊ပညာဇောမှာ၊ သတ္တောကာသ၊ သင်္ခါရမှ၊
လောကဝေါဟာ၊ပညတ်သာလျှက်၊ ဖြစ်နှင့်ပျက်လမ်း၊
ပဋ္ဌာန်းနယ၊ ပဋိစ္စခေတ်၊ သမုပ္ပါဒ်မှာ၊ အဗျာပါရ၊
ဧကတ္တနှင့်၊ နာနတ္တနည်း၊ ဧဝံနည်းသာ၊ ဓမ္မတာဟု၊
မြူခါစင်စင်၊ ပညာမြင်မှ၊ ကြည်လင်လှသည်၊ မြင်ကြ
အများ မှန်အမှား။ ။

(၇) အမှန်အမှား၊ ဤနှစ်ပါးတွင်၊ ဒိဋ္ဌိယှဉ်က၊
အမြင့်မိစ္ဆာ၊ဘုံသုံးရွာမှာ၊သူငါတို့အား၊ အထင်မှား၍၊
ငါးပါးခန္ဓာ၊ သဘာဝါကို၊ တဏှာသုံးသွယ်၊ ဆဲ့ရှစ်
တွယ်၍၊ သုံးဆယ်ခြောက်က၊ ရာရှစ်ကျအောင်၊ တဏှာ
နှောင်တဲ့၊ သုံးဆယ့် တဆောင်၊ ဘုံပြောင်ပြောင်မှာ၊
လောင်စာညီးညီး၊ ကမ္ဘာမီးသို့၊ တနည်း များမြောင်၊
တထောင်ငါးရာ၊တဏှာပါ၍၊ သုံးဖြာဒွါရ၊ ပြုသမျှက၊
သမုဒယ၊ ဒုက္ခသစ္စာ၊ ဤအရာမှာ၊ နှစ်ဖြာ ရုပ်နာမ်၊
ဟုတ်မှန်လိမ္မာ ပရိညာတွင်၊ မဂ္ဂင်ပြော၍၊ နိရောဓသည်၊
သစ္စအပြား၊ မှန်လေးပါး။ ။

ယသ္မာကော ပုရိသော ကောယအင်္ဂုလိယာ သမုဒ္ဒေါဒကံ ဂဟေတွာ မဟာဇနဿမုခေ ပက္ခိပိတွာစတုသု မဟာသမုဒ္ဒေသု ဥဒကဿလောဏဘာဝံ သညာပေန္တောဝိယ။ ။

ယသ္မာ၊ အကြင်ကြောင့်။ ကော၊ တယောက်သော။ ပုရိသော၊ ယောက်ျားသည်။ ကောယ၊ တချောင်းသော။ အင်္ဂုလိယာ၊ လက်ညှိုးဖြင့်။ သမုဒ္ဒေါဒကံ၊ သမုဒ္ဒရာရေကို။ ဂဟေတွာ၊ ယူ၍။ မဟာဇနဿ၊ လူများအပေါင်း၏။ မုခေ၊ ခံတွင်း၌။ ပက္ခိပိတွာ၊ ထည့်၍။ စတုသု၊ လေးစင်းကုန်သော။ မဟာသမုဒ္ဒေသု၊ မဟာ သမုဒ္ဒရာ တို့၌၊ ဥဒကဿ၊ ရေ၏။ လောဏဘာဝံ၊ ငံသည်၏ အဖြစ်ကို။ သညာပေန္တောဝိယ၊ သိစေသော သူကဲ့သို့တည်း။ ။

နေရုသမံ ပရမတ္ထ၊ ဋီကာဒိံ သုဋ္ဌု ပိဋ္ဌိယ။
မေဒိနိမသိယာလိချ၊ ပဿေသ သက်နိစ္ဆယံ။ ။

နေရုသမံ၊ နေရုမည်သီး ရွှေတောင်ကြီး မခြားအလားတူ ထသော။ ပရမတ္ထဋီကာဒိံ၊ ပရမတ္ထဒီပနီဋီကာကြီး အစရှိသော ကျမ်းကို။ သုဋ္ဌု၊ ကောင်းစွာ။ ပိဋ္ဌိယ၊ ညှစ်ယူ၍။ မေဒိနိမသိယာ၊ တောင်ဆီမှင်ဆေးဖြင့်၊ လိချ၊ ရေးသားစီရင်အပ်သော၊ သသက်နိစ္ဆယံ၊ လ,ဝန်းငွေရိပ် သကြားနှိပ်သည့် ယုန်ရေးတံဆိပ်နှင့် တူသော လောကသုံးရပ် အဆုံးအဖြတ်ကို။ ပဿေ၊ ရှုရာ၏။

တောင်ဆိမှင်ဆေးဖြင့် ရေးပြအပ်သော လ,ဝန်း ငွေရိပ်၊ သိကြားနှိပ်သည့် ယုန်ရေး တံဆိပ်နှင့် တူသော။ ဝင့်နုခမ်းသတ် " **သုံးလောကဒီပနီ** "ဤကျမ်းမြတ်ကို ကျက်မှတ်သိမြောက် နိဗ္ဗာန်မှောက်သို့။ ခုဘဝ နှောက် ဘဝ ရောက်ကြပါစေကုန်သတည်း။ ။

**သုံးလောက ဒီပနီကျမ်း**

**ပြီး၏။**

## ကျေးဇူးရှင် ကြောင်ပန်း ဆရာတော်ဘုရားကြီးထံ

## **လျှောက်လွှာ။**

မုံရွာဒိစတြိတ် မုတ္တလင်အုပ်စုပါ ကြည်းပင် ချောင်းရွာ၊ ဒါယကာ-ငါ့ပြုး၊ ဒါယိယာမ-မိဒါလိ တို့က ရိုသေစွာ လျှောက်ဝံ့ပါသည်ဘုရား။ ။

ပုထုဇ္ဇနောတိ ဒွေ၊ ဒုဝေပုထုဇ္ဇနာဝုတ္တာ၊ ဗုဒ္ဓေနာ ဒိစ္စဗန္ဓုနာ၊ အန္ဓော ပုထုဇ္ဇနော ဧကော၊ ကလျာ ဏေကော ပုထုဇ္ဇနော၊ တတ္ထဟိယဿခန္ဓဓာတု အာယတနာဒီသု ဥဂ္ဂဟ ပရိပုစ္ဆာ သဝန ဓာရဏ ပစ္စဝေက္ခဏာ နိ နတ္ထိ၊ အယံအန္ဓပုထုဇ္ဇနော၊ ယဿတာနိအတ္ထိ၊သောကလျာဏ ပုထုဇ္ဇနော။

**အနက်ကား**။ပုထုဇ္ဇနောတိဒွေ၊ ပုထုဇ္ဇနော ဟူသောပုဒ်၌။အန္ဓော၊အဝိဇ္ဇာအားဖြင့် ဉာဏ်အမြင် ကာဏ်းသော။ ပုထုဇ္ဇနော၊ ပုထုဇ္ဇန် ပုဂ္ဂိုလ်သည်။ ဧကော၊ တယောက်။ ကလျာဏော၊ သုတမယဉာဏ် ရှိသဖြင့် ကောင်းသော အကျင့်ရှိသော။ ပုထုဇ္ဇနော၊ ပုထုဇ္ဇန် ပုဂ္ဂိုလ်သည်။ ဧကော၊ တယောက်။ ဣတိ၊ ဤသို့။ အာဒိစ္စဗန္ဓုနာ၊ နေမင်း၏ အဆွေဖြစ်တော်မူသော။ ဗုဒ္ဓေန၊ မြတ်စွာဘုရားသည်။ ပုထုဇ္ဇနာ၊ ပုထုဇ္ဇန် ပုဂ္ဂိုလ်တို့ကို။ ဒုဝေ၊ နှစ်ပါးတို့ဟူ၍။ ဝုတ္တာ၊ ဟောတော်မူအပ်ကုန်၏။

ဟိရိဩတ္တပ္ပရဟိတ၊ ချေ၍ ဆိုဦးအံ့။ တတ္တ၊ ထိုနှစ်ပါးသော ပုထုဇ္ဇနပုဂ္ဂိုလ်တို့တွင်။ယသ္မာ၊အကြင် ပုထုဇ္ဇန်ပုဂ္ဂိုလ်အား။ ခန္ဓဓာတု အာယတနာဒီသု။ ခန္ဓာ, အာယတန,ဓာတ်,သစ္စာ, ပဋိစ္စသမုပ္ပါဒ် သတိပဋ္ဌာန်စသည်တို့၌။ ဥဂ္ဂဟ ပရိပုစ္ဆာ သဝန ဓာရဏ ပစ္စဝေက္ခဏာနိ၊ သင်ခြင်း၊ မေးမြန်းခြင်း၊ နာခြင်း၊ မှတ်ဆောင်ခြင်း၊ဆင်ခြင်ခြင်းတို့သည်။ နတ္ထိသန္တိ၊မရှိကုန်အယံ၊ ဤပုထုဇ္ဇန် ပုဂ္ဂိုလ်သည်။ အန္ဓပုထုဇ္ဇနော၊ အဝိဇ္ဇာအားဖြင့် ဉာဏ်အမြင် ကာဏ်းသော အန္ဓပုထုဇ္ဇန်ပုဂ္ဂိုလ်မည်၏။ ယသ္မာ၊အကြင် ပုထုဇ္ဇန်ပုဂ္ဂိုလ်အား။တာနိ၊ထိုခန္ဓာအာယတန,ဓါတ်,သစ္စာစသည်တို့၌သင်ခြင်း၊မေးမြန်းခြင်း၊နာခြင်း၊မှတ်ဆောင်ခြင်းဆင်ခြင်ခြင်း တို့သည်။ အတ္ထိသန္တိ၊ ရှိကုန်၏။ သော၊ ထို ပုထုဇ္ဇန် ပုဂ္ဂိုလ် သည်။ ကလျာဏ ပုထုဇ္ဇနော၊ ကောင်းသော ပဋိပတ် အကျင့် ရှိသော ကလျာဏပုထုဇ္ဇန်ပုဂ္ဂိုလ်မည်၏။

ဤသို့ အဋ္ဌကထာဋီကာ လာရှိသည်နှင့် ညီစွာ၊ တပည့်တော်-တပည့်တော်မတို့ကို အစဖြာ၍၊ ဒါယကာ,ဒါယိကာမ အပေါင်းတို့သည် ကလျာဏပုထုဇ္ဇန် အဖြစ်သို့။ ရောက်နိုင် ကြစေ၊ မေတ္တာစွေ၍၊ ငါးထွေခန္ဓာ၊နှစ်ဖြာနာမ်ရုပ်၊သမုဒ်ပမာ၊သံသရာမှာ

ခြာခြာပတ်ရစ်၊ မြုတ်ခါ နစ်သော၊ တပည့်တော်တို့အား၊ သနားသဖြင့်၊ ဖွင့်လှစ်သေခြာ၊ တဏှာဒိဋ္ဌိ၊ မာန်တြိကို၊ မိမိရရ၊ ဖြတ်နိုင်ကြအောင်၊ ဆုံးမစေရာ စေတနာဖြင့်၊ ဆယ်ဖြာညွှတ်ကျိုး၊ လက်စုံမိုး၍၊ ရှိခိုးတောင်းပန်ပါ၏ အရှင်ဘုရား။

ကြည်းပင်ချောင်းရွာ ဒါယကာ ပွဲစားကြီးမောင်ဖြူးနှင့် ဒါယိကာမ,ပွဲကတော်-မယ်ဒါလီတို့ကချီပျော့ သာယာ၊ မရှောင် သာအောင်၊ တညောင်ငြာငြာ၊အပါးကိုလာ၊တစာစာနှင့်၊အခါခါတောင်းပန်ကြ၍၊ သမုဒ္ဒရာပြင်ကျယ်၊ ရေပင်လယ်မှာ၊ သွယ်သွယ်ရတနာ၊ များလှစွာကို၊ လွယ်ခါမနှေး၊ လူတွေဌေးအောင်၊ယူပေးသည့်ပမာ၊ ဘုရားရတနာ, တရားရတနာ, သံဃာရတနာတို့ကို မဇ္ဈိမ္ဗန္တာ ဒေသနာမှ တွေ့ရှာယူညှစ်၊ သဘောနှစ်ကို၊ စိစစ်ပြီးခါ။ "**ရတနာဒီပနီ**"မည်သညာနှင့်၊ စီစဥ်ခါရေးပေအံ့သတည်း။



နမောတဿ ဘဂဝတော အရဟတော

သမ္မာ သမ္ဗုဒ္ဓဿ။

# ရတနာဒီပနီကျမ်း။

ယံ ကိဉ္စိ ဝိတ္တံ ဣဓ ဝါ ဟုရံ ဝါ၊ သဂ္ဂေသု ဝါ ယံ ရတနံ ပဏီတံ န နော သမံ အတ္ထိ တထာဂတေန၊ ဣဒမ္ပိ ဗုဒ္ဓေ ရတနံ ပဏီတံ။ (ဓမ္မေ၊ သံဃေ၊ ထို့အတူ။)

ဣဓ ဝါ၊ ဤလူ့ပြည်၌ရင်း။ ဟုရံ ဝါ၊ နဂါး,ဂဠုန်အစ ရှိသည်တို့၏ ပြည်၌ရင်း။ သဂ္ဂေသု ဝါ၊ နတ်ပြည်တို့၌ရင်း။ ယံ ကိဉ္စိ၊ အလုံးစုံသော။ ဝိတ္တံ၊ နှစ်သက် ခြင်းကို ဖြစ်စေ တတ်သော။ ယံ ရတနံ၊ အကြင်ရတနာသည်။ အတ္ထိ၊ ရှိ၏။ တထာဂတေန၊ မြတ်စွာ ဘုရားနှင့်။ သမံ၊ တူသော။

နံ၊ ထိုရတနာသည်။ နောအတ္တိ၊ မရှိ။ ဗုဒ္ဓေ၊ မြတ်စွာဘုရား၏။ ဋ္ဌမမ္ပိရတနံ၊ ဤရတနာ၏ အဖြစ်သည်လည်း။ ပဏီတံ၊ မြတ်၏။ ။

လိုရင်းသဘောကျ ဤလောကမှာ၊ ဘုရား ရတနာ၊ တရား ရတနာ၊ သံဃာရတနာမြတ်နှင့်တူ၍၊ မြတ်သောရတနာ မရှိ။ ထိုရတနာမြတ်သုံးပါးကို သတ္တဝါတို့အား သိထင်ရှားအောင် ဟောကြားပြသ ဆုံးမဩဝါဒ ပေးသနားတော်မူလိုလှ၍ လေးသင်္ချေနှင့် ကမ္ဘာတသိန်း၊ ရှစ်သင်္ချေနှင့် ကမ္ဘာတသိန်း၊ တဆဲ့ ခြောက်သင်္ချေနှင့် ကမ္ဘာတသိန်း၊ သင်္ချေနှစ်ဆယ် ကမ္ဘာတသိန်း ရှာမှ ရအပ်သော ဘုရား,တရား,သံဃာ,ရတနာမြတ်သုံးပါးကိုသာ၊ လေးဆဲ့ငါးဝါ ကာလပတ်လုံး ကောင်းကင်မြစ်ကြီး ယိုစီးဘိသကဲ့သို့ ဟောတော်မူသည်။ ထိုရတနာမြတ်သုံးပါးတို့တွင်၊ ဘုရားရတနာ ဆိုသည်မှာ။

**သကတ်ဘုရား။**
**ဒြပ်ဘုရား။**
**ရုပ်ဘုရား။**
**နာမ်ဘုရား တို့တွင်....**

သကတ်ဘုရား ဆိုသည်မှာ....။ အရဟာတာ အစ လာသော ကိုးဖြာဥဏ္ဏောင်း၊ ဂုဏ်တော် ပေါင်းကို ဆိုသည်။ နာမ်ဘုရား ဆိုသည်မှာ....။ ရွှေဉာဏ်တော် မြတ်ကြီးကိုဆိုသည်။ ဒြပ်ဘုရား,ရုပ်ဘုရား ဆိုသည်မှာ။

မြတ်စွာဘုရား၏ ရူပကာယ ပုံဟန် သဏ္ဌာန်တော် မြတ်ကြီးကို ဆိုသည်။ ထို ခန္ဓာပဉ္စက သဘာဝတရား မြတ်စွာဘုရားကို ဆွမ်းတော်,ရေချမ်းတော်,ပန်းတော် ဆီမီး စသည်ဖြင့် လှူဒါန်းပူဇော် ဘူးမျှော်ကြသော အခါ၊ မြတ်စွာဘုရား၏ကိုယ်တော်စား,ကိုယ်တော်ပွား ကိုယ်တော်နှင့် မခြားသော၊ ရုပ်ရှင်တော်ဘုရား၊ ရုပ်ပွားတော်၊ ဆင်းတုတော် မြတ်ကို၊ လှူဒါန်း ပူဇော်၊ ဘူးမျှော်ကြသောအခါ၊ (ဥပမာကား) မှန်ကြည့်သော သူများနှင့် အလားတူ၏။

**တူပုံက**။မှန်ကြည့်သောသူမှာ၊ မှန်ရိပ်ကိုသာ ကြည့် သည်။ မှန်ကိုမကြည့်ဟု သိရာ၏။ အဘယ့်ကြောင့်နည်း။ မှန်ကိုကြည့်သောအခါ၊သည်အနားကဆံချည်ကြောင်း ကွဲကြောင်း, စသည်ဟု ဂရုပြု၍ ကြည့်သောအခါ မှန် ရိပ်ကိုမမြင်ရ၊ မှန်ကိုသာ မြင်ရသည်။ မှန်ရိပ်ကို ဂရုပြု၍ ကြည့်သောအခါ မှန်သား မှန်ပြင်ကိုပင် မမြင်ရ၊ မှန်ရိပ် ကိုသာ ထင်လျားစွာ မြင်ကြရာ၏။

**ထို့တူမခြား**။ကျောက်, ကြေး, အင်္ဂတေ၊ ရွှေ,ငွေ, သစ်သား, အစရှိသော ရုပ်ပွားတော်မြတ်ကို သူ့ကော် ပူဇော် ဘူးမျှော်ကြသောအခါ၊ ဘုရားစစ် ကိုသာ လှူဒါန်းပူဇော် ဘူးမျှော်ကြသည်။ ကျောက်, ကြေး, အင်္ဂတေ၊ ရွှေ,ငွေ,သစ်သားကို မမြင်ကြ။ မဘူးကြ။

**ဥပမာ ဥပမေယျ ဟပ်၍ပြသော်ကား။** ။မှန်ပြင် မှန်သားနှင့် ကျောက်,ကြေး,အင်တေ၊ရွှေ,ငွေ,သစ်သား ကိုယ်တော်စား, ကိုယ်တော်ပွား၊ ကိုယ်တော်နှင့် မခြားသော ရုပ်ရှင်တော်ဘုရား ရုပ်ပွားတူလှ၏။ မှန်ရိပ် နှင့်ကား ဂေါတမမြတ်စွာ ဘုရားစစ် ဘုရားနှစ်ကြီးနှင့် တူလှ၏။ မှန်ကြည့်သော သူနှင့်ကား၊ ဆွမ်းတော်, ပန်းတော်, ရေချမ်းတော်, မီးပူဇော်ကြ, ဘူးမျှော် ကြသော ရဟန်းရှင်လူ ခပ်သိမ်းသူတို့နှင့် တူလှ၏။

ထိုပြဆိုအပ်ခဲ့ပြီးသော ဘုရား,တရား,သံဃာ,ရတနာ မြတ်သုံးပါးဟူသည်ကား။သမုတိသစ္စာအလိုမှာ ဘုရား ရတနာ၊တရားရတနာ၊ သံဃာရတနာအားဖြင့် သုံးပါး ရှိ၏။ ဟုတ်၏။မှန်၏။ပရမတ်သစ္စာအလိုအားဖြင့်ကား။ ဘုရားရတနာ ဆိုသည်မှာ၊ တရားတော် ရတနာ မြတ် ကြီး၏ စုဝေးရာ၊ တည်ရာကိုသာလျှင် ဘုရား ရတနာဟု ဆိုသည်။ ခေါ်သည်။ထို မြတ်စွာဘုရား၏ ဆုံးမဩဝါဒ ပေးတော်မူသမျှ၊ သီလ,သမာ,ပညာအားဖြင့် ကောင်း မြတ်ဖြောင့်စင်း၊ သင့်မြတ် ရှိသေအပ်၊ စသည် ဥဿုံ၊ ကိုးပါးဂုဏ်တို့နှင့် ပြည့်စုံတော် မူသည်ကိုသာ သံဃာ တော်ဟုဆိုသည်။ ခေါ်သည်။

**ဤအရာမှာ ဘုရားသံဃာကို ပယ်ရတော့မှာလား ဟူပြောအံ့။** မပယ်ရ၊မပယ်ပုံက မြတ်စွာဘုရားကြီးသည် ခေတ်ဖြူ,ခေတ်စင်၊ခေတ်ကြည်လင်,ခေတ်ဘုရင်တရားခဲ

ကြီးပင်တည်း။ သံဃာတော်မြတ်များ ဆိုသည်ကား၊ တရားတော်မြတ်ခဲကြီးတွေချည်းတည်း။

ထို့ကြောင့် မဟုတ်လော—

ဓမ္မံဟိ သောဘိက္ခဝေ၊ ဘိက္ခုနပဿတိ။
ဓမ္မံ အပဿန္တော၊ မံ နပဿတိ။ ။
ဓမ္မံဟိ သောဘိက္ခဝေ၊ ဘိက္ခုပဿတိ။
ဓမ္မံ ပဿန္တော၊ မံ ပဿတိ။ ။
( ဣတိဝုတ် ပါဠိတော် )

ဟိ၊ထို ငါဘုရား၏ သင်္ကန်းစွန်းကို ဆွဲကိုင်၍၊ ဖဝါး ခြေထပ်၊ မပြတ်စဉ်စိုက်၊ လိုက်ပါလျက်၊ ငါဘုရားနှင့် စကြာဝဠာတပါး၊ခြားသည့်ပမာဏ၊ ဝေးကွာလျှင်၏ဟု ဆိုသောစကားသည် မှန်၏။ဘိက္ခဝေ၊ ရဟန်းတို့။ သော ဘိက္ခု၊ ထို ရဟန်းသည်။ ဓမ္မံ၊ သစ္စာလေးပါး၊ မြတ် တရားကို။ နပဿတိ၊ မသိမမြင်။ ဓမ္မံ၊ သစ္စာလေးပါး၊ မြတ်တရားကို။ အပဿန္တော၊ မသိမြင်သော ရဟန်း သည်။ မံ၊ ငါဘုရားကို။ နပဿတိ၊ မဘူးမြင်ရ။

ဟိ၊ ငါဘုရားနှင့် စကြာဝဠာတပါး ကွာခြား၍ နေငြားသော်လည်း၊ ငါဘုရား၏ ဒူးတော်ကို ဖက်၍ နေသည်နှင့် တူ၏ဟု ဆိုသော စကားသည် မှန်၏။ ဘိက္ခဝေ၊ရဟန်းတို့။ သောဘိက္ခု၊ထိုရဟန်းသည်။ ဓမ္မံ၊ သစ္စာလေးပါး မြတ်တရားကို။ ပဿတိ၊သိမြင်၏။ ဓမ္မံ၊

သစ္စာလေးပါး မြတ်တရားကို။ပဿန္တော၊ သိမြင်သော ရဟန်းသည်။မံ၊ငါဘုရားကို။ပဿတိ၊ဘူးမြင်ရ၏။

**လိုရင်းက။**ရုပ်နာမ်သဘာဝ အနိစ္စစသော ပရမတ် သစ္စာ သိသောသူ ဟူသမျှမှာ ဤသာသနာတွင် ဘုရားရှင်၏ ရွှေရင်တော်နှစ် သားတော်စစ်ကြီး သမီးတော်စစ်တွေ ဖြစ်ပေသည်နှင့် လျော်ညီစွာ ရှင်သာရိပုတ္တရာ, ရှင်မဟာ မောဂ္ဂလာန် အစရှိသော အရိယာများနှင့် တကွ ဘုရားရှင်ကို ဘူးမြင်ရသည် မည်ကြပေ၏။

ယခု ဂေါတမတဆူသာ မကပေ။ ဂင်္ဂါဝါဠု သဲစု အမျှ ပွင့်တော်မူကြသော ဘုရားရှင်တို့ကိုလည်း ဘူးမြင်ရသည် မည်ကြပေ၏။ (ဥပမာကား) ဤဇမ္ဗူဒီပါ ကျွန်းမြေပြင်မှာ ရှိကြသောသူ ဟူသမျှတို့သည် မျက်နှာချင်းကို ရွှေလမင်းတွင် အမြင်အာရုံ ဆုံသည့် ပမာဏ၊ သတ္တလောက တည်ထောင်သည်မှ စ၍ဆင့်ဆင့် ပွင့်ပွင့် သမျှသော ဘုရားရှင်တို့နှင့်တကွ သာဝကတို့မှာ သစ္စာလေးရပ် ပရမတ်အာရုံ ဆုံကြပေသည်။

ဤပညီန္ဒြေအရာ အရိယသစ္စာ သာသနာတွင် ပုထုဇ္ဇန်မှာ မိမိမျက်စိကိုပင် မိမိမမြင်သကဲ့သို့ နေကြ၏။ မှန်နှင့်ကြည့်လျှင် သိမြင်ပါ၏ ဆိုရာရှိလည်း မျက်စိ မရှိသောသူမှာ၊မှန်ချပ်တရာရှေ့ဝယ်ာ ကာပါသော်လျှင် မမြင်ရသို့။ထို့တူပမာဏ၊ထာဝရ ထာဝစဉ် မိမိတို့ပင် ကိုထင်၍ ကိုယ်လုပ်၍နေကြသော ဒုက္ခသစ္စာ သာသနာ

သမ္မာဒိဋ္ဌိ တရားရှိ သိမြင်လျှင် ဘုရားရှင် ဂုဏ်ရောင် ထူးကို ပညာမြင် ပြောင်ပြောင်နှင့် ကြောင်ကြောင်ကြီး သဘာဝ ထူးသမျှ စူးယှ၍ ဘူးကြရပေသည်။ ဘူးရ ဆိုသည်မှာ။ ပရမတ်ထူးမြတ်ကို ပရမတ်ထူး လပ်က ယူဟပ်မှုမျှ အာရုံ အာရမ္မဏိက သဘာဝခြင်း သဘာဝ ပေါင်းဆုံမှုမျှ သဘာဝကို ဘူးရဆိုသည်။

**သံဃာတော် ဆိုသည်မှာ ဥပမာကား။** ။ချစ်လှ စွာသော အဘ,သေ၍သွားသည်ကို လွန်မင်းစွာ လွမ်း တ၍နေတုန်းအခါကို တရာလောက် ငါးဆယ်လောက် ဆွေ့သည်တွေ ရောက်လာသော အခါ တွေ့မြင်ရာမှာ ဘယ်မြို့ ဘယ်ရွာကဟု မသိသော ဆွေ့သည်တွေထဲမှာ တယောက်သော ဆွေ့သည်သည်၊ သေသော အဘ၏ ရုပ်သွင်နှင့် အင်မတန် တူသည်ကိုမြင်ရလျှင် ထိုအဘနှင့် တူသော ဆွေ့သည်ကိုပင် ကြည်ရွှင်သော မျက်နှာ မျက် စိနှင့် ကြည့်၍မဝ ရှု၍မဝ သဒ္ဓါလှ၍၊ ရေ့-စားပါအုံး ရှင်ပြုံးကာ ပေး သော အခါ ထိုဆွေ့သည်ကြီးက လက်ကိုတန်း၍ လှမ်းလိုက်သည်တွင် ဆွေ့သည်ကိုလည်း မြင်၏။ ဆွေ့သည်ကြီး လက်ကိုလည်း မြင်၏။ သို့သော် လည်း၊ပေးလိုက်သောဝတ္ထုမှာ သေသော အဘကိုသာ ပေးရက်နေသည်။ ပေးရာကျသည်။ ပေးလိုက်သည်။ သတိထားကြ။

**ဥပမာ ဥပမေယျ ဟပ်၍ ပြသော်ကား။** ရှင်သာရိပုတ္တရာ၊ ရှင်မဟာ မောဂ္ဂလာန် စသော အရိယာ သံဃာတော် မြတ်များက သေသော အဘနှင့်မခြား တသားတည်း တူ၏။ ယခုကာလ သူငါကစ ပုထုဇ္ဇန် သံဃာတော် မြတ်တို့က ဩည့်သည်နှင့် မခြား အလား တူကြ၏။ ဤကဲ့သို့ တူလှသည်ကို သိရာ၏။ သိသာ၏ဟူလို။

သိပါ၏ ဆိုသော်လည်း သဘော ချိတတ်သည်။ သတိမူလိုက်။ ဤအရာမှာ ဧည့်သည်ကြီးက ဖုံပျာထဲမှာ အနဲနဲ အမျိုးမျိုး ၄၂ မ်းထိုး၍နေသော်လည်း ဧည့်သည်ကြီးကိုသာ ဖုံ လူးသည်။ ပျာ လူးသည်။ သေသော အဘမှာ ဖုံ,ပျာမလူး။ အထူးသတိထား။

**တရား ဆိုသည်ကား။**

သင်္ခတ တရား
အသင်္ခတ တရား
စိတ်တရား
စေတသိက် တရား
ရုပ်တရား
နိဗ္ဗာန် တရားတို့တွင်....။

သင်္ခတဆိုသည်မှာ ပြုပြင်မှုကို ဆိုသည်။ အသင်္ခတ ဆိုသည်မှာ မပြုပြင်မှုကို ဆိုသည်။

**ထင်ရှားစေဦးအံ့**။ပညတ်မကပ် ပရမတ် ထီးထီး၊ အသီးဆတ်ဆတ် ပြောဟောအပ်သော သဉ်တခေတ် အသဉ်တခေတ် ပရမတ်ကိုပြမည်။များစွာ သတိမူပါ။

ဝဲယာရှေ့နောက် ထက်အောက်ဖီလာ ဆယ်မျက်နှာ ဘယ်ဟာတစိမ့် သက်သက်မရှိ၊ ဘိတ်မရှိသော ပကတိ ထီးထီး ဟင်းလင်းကြီး အဇာတာကဲ့သို့ ဟာလာကြီး ဟောလောကြီး အတိ အစမရှိ၊ အဆုံးမရှိ၊ ပကတိ ရှင်းရှင်း ဟင်းလင်းကြီးထဲမှာ သဉ်တ ပရမတ်တရား အသဉ်တပရမတ်တရား ထင်ရှားရှိနေပုံက၊(ဥပမာန) မာတုဂါမမွေးဖွားစသူငယ်မကလေးမှာ ကြီးရင့်သော အခါ၊တယောက် နှစ်ယောက် တကျိပ်လောက် ပေါက် ဖွား လတံ့သော သဘောတရား ထင်ရှား ပါရှိ၏။ သတိမူပါ။ ငါးဆယ်ကျော် ခြောက်ဆယ်တွင်း အိုးမင်း သောအခါ၊ ပေါက်ဖွား ရာသော သဘာဝ ထုံးတန်း ကုန်ခန်းသိမ်းယုတ် ငြိမ်းချုပ်သဘောကလည်းထင်ရှား ပါ၏။ သတိထား။

**ဥပမာ ဥပမေယျ ဟပ်၍ ပြသော်ကား**။အရွယ် ရောက်လျှင် ပေါက်ဖွားလတံ့သော သဘောနှင့်ကား သဉ်တခေတ် ပရမတ်တရားတည်း။ ရင့်ရော် အိုမင်း၍ ပေါက်ဖွားရာသော သဘောထုံးတန်း၊ ကုန်ခန်း သိမ်းယုတ်၊ငြိမ်းချုပ် သဘောနှင့်ကား အသဉ်တခေတ် မဟာနိဗ္ဗာန်မြတ် ပရမတ်တရားတည်း။

ဤသို့ နက်နဲ ခက်ခဲသော အရာမှာ၊ သတ္တဝါများ၊ သိထင်ရှားအောင်၊ ရေးသားပြောမြင်၊ အင်မတန်ခက်၊ သဘောနက်ဘိ၊ပညာရှိတို့၊သိစေဘို့ရန်၊ဉာဏ်အချက်မို့၊ အမြင်ခက်အပြောခက်၊သဘောနက်လှို၊လက်တို့သည်။

ဤအချက်ကား – ဉာဏ်ရင့်ကြီးများ၊ ဉာဏ်ကျက်စားပုံ၊ဉာဏ်ကုန်လွတ်ဘွယ်၊ဉာဏ်ကြီးကျယ်တို့၊စမွာယ်ကွန့်မြူး၊ ဉာဏ်အထူးရှင်၊ ဉာဏ်ကြည်လင်ခြင်း၊ ဉာဏ်သန့်ရှင်း၍၊ ဉာဏ်ပွင့်လင်းရာ အကွက်ကို အချက်နှင့် တကွ သဲလွန်စ ပြလိုက်ပေသည်။ သတိမူကြ။

ထိုသင်္ခတတရား၊ အသင်္ခတတရား,နှစ်ပါးတို့တွင် သင်္ခတတရား ဆိုသည်ကား။ စိတ်တရား၊ စေတသိက်တရား၊ ရုပ်တရားကို သင်္ခတ ဆိုသည်။ ယခု အခါ ဝိပဿနာအရာမှာ ခန္ဓာငါးပါး ရုပ်နာမ်တရားကိုသာ လိုချင်း ဖြစ်ပေသည်။

### ခန္ဓာငါးပါး ဟူသည်ကား။

ရူပက္ခန္ဓာ
ဝေဒနာက္ခန္ဓာ
သညာက္ခန္ဓာ
သင်္ခါရက္ခန္ဓာ
ဝိညာဏက္ခန္ဓာ အားဖြင့် ငါးပါးတို့တွင်—

ရူပက္ခန္ဓာဆိုသည်မှာ ရုပ်တရားကိုဆိုသည်။ ရုပ်ဆိုသည်က (ဘူတ,ဟူပေ၊ မြေ,ရေ,လေ,မီး၊ ဓာတ်ကြီးလေးတန်၊ အမာခံ၍၊ အရံရုပ်သေး၊ နှစ်ဆဲ့လေးနှင့်၊ ပေါင်းထွေးမျှညီ၊ အဋ္ဌဝိသ၊ ရုပ်ကာယဟု ) စသည်ဖြင့် "ကျေးဇူးရှင်ကြီး ဘုရား ရေးသားတော်မူသည်။"

**လိုရင်းသဘောက။** ။ပထဝီ,အာပေါ,တေဇော, ဝါယော, ဟူသော မာ, ဖွဲ့, ပူ, အေး၊ လှုပ်ရှားရေး၊ လေးသဘောကို ဘူတရုပ် ဆိုသည်။ ထိုဓာတ်ကြီး လေးပါးသည် အညီအမျှ သဘာဝ ဖြစ်ကြပေကုန်၏။

ထိုဓာတ်ကြီး လေးပါး၏ သဘာဝပေါင်း၊ ကုဋေ သိန်းသောင်းမက ညောင်းအောင်၊ပေါင်းဆုံ ရောထွေး၊ စုဝေးမိက၊ဝဏ္ဏဟူသော အဆင်းအရောင် ဖြစ်သည်။

ထိုဓာတ်ကြီး လေးပါး၏ အနံ့ကို ဂန္ဓဓာတ်ဟု ဆိုသည်။ ထိုဓာတ်ကြီး လေးပါး၏ အရသာကို ရသဓာတ်ဟု ဆိုသည်။ ထိုဓာတ်ကြီး လေးပါး၏ အသိ, အစေးကို ဩဇာဓာတ်ဟုဆိုသည်။

**လိုရင်းမှာ။**နေ့အခါ နေရောင်၊ ညအခါ လရောင်၊ ကြယ်ရောင်၊ မီးရောင်၊ မှောင်မိုက် စသည်တို့မှာ ဓာတ်ကြီးလေးပါးမှထွက်သော ဝဏ္ဏဓာတ်ပရမတ်ဟူ၍မှတ်။ ဓာတ်ကြီးလေးပါး မရှိက ဝဏ္ဏစသည် မရှိသည်ကို

သိရမည်။ ထိုအရောင်အလင်း အဆင်းဝဏ္ဏကို မြင်က ခေတ်ကြီးလေးရပ်ပရမတ်ကိုအတတ်ပြောင်စင် ကြောင် ကြောင်ကြီး မြင်ရမည်။

ဤစာအုပ်မှာ၊ ယောဘုယျအား၊ ဝိပဿနာ ရှုရကိုသာ ပြသည်။ ဂန္ထရှုရနှင့် ကြုံကြည့်က မရော မနှောမိဘဲ သဘောကွဲလွဲ၍ နေလိမ့်မည်။ သတိမူပါ။

**နေ့ဆိုသည်ကား။**ခေတ်ကြီး လေးပါး၏ အရောင် အလင်းကို အစွဲပြု၍၊ နာမ်တရားက နေ့ဟုဆို၏။ ခေါ်၏။ ညဉ့် ဆိုသည်ကား။ ခေတ်ကြီး လေးပါး၏ အရောင် မှောင်ရပ်ကြီးကို အစွဲပြု၍၊ နာမ်တရားက ညဉ့်ဟုဆို၏။ ခေါ်၏။ ထိုအလင်းရပ် အမှောင်ရပ်ကို လွှတ်၍ လွဲ၍ နေ့, ညဉ့် မရှိ။ ထိုနေ့, ညဉ့် ဆိုသည်မှာ နာမ်ရပ်ဟူ၍သာ မှတ်။ အဘယ့်ကြောင့်နည်း။ နာမ်ရပ်ပြင်မှတပါး ဘယ် ဟာ ဘယ်ဟာ၊ဘဟာမှ အခြားမရှိသောကြောင့်တည်း ထို အလင်းရပ်, အမှောင် ရပ်ကြီးသည်၊ ဤတလောက လုံး၌ အပြည့်ရှိ၏။ ထို လင်းမှောင်သော ဥပါဒါန်ရပ် ရှိသမျှ ခေတ်လေးပါးအရှိက သိသာလှ၏။ ထိုမှောင်ရပ် မှောင်ခေတ်၏ ချုပ်ဆုံး ကွယ်ပျောက်သော အချက်ကို လျှပ်စစ်ဖြင့် ပိုင်းခြား၍ ကြည့်သည်ရှိသော်၊ လျှပ်စစ် တပျက်ခန့်မျှ မတည်တန့်နိုင်ဟု သိရာ၏။ သိသာ၏။ သိ ပ ၏ဆိုသော်လည်းသဘောချိတတ်သည်။ သတိမူပါ။

**ယခုအခါ ဥပမာနှင့်တကွ နာမ်ကိုပြမည်များစွာ သတိထား။** ။သမုဒ္ဒရာ,အိုင်အင်း၊ တွင်းကန်ထွေထွေ၊ ရေရှိသမျှ ခွက်,ဖလား မြက်ဖျားဦးရောက်၊ နှင်းပေါက်ရေမှာ၊ နေ့,လရိပ်ထင်၊ မြင်သည့်ပမာ၊ အိမ်,ကျောင်း, တုံး,ဖျာ၊ ဘုံသုံးရွာစသော သတ္တဝါသာ မှတ်လေ။

**ဥပမာ ဥပမေယျ ဟပ်၍ပြသော်ကား။** ။ကေတ္တု၊ နာနတ္တ၊အဗျာပါရ၊ ဧဝံတံထွာ၊ ဓမ္မတာဓာတ်၊ သမုပ္ပါဒ်နည်း၊ ပဋ္ဌာန်းနည်း၊ ပစ္စည်းပြုသမျှ၊ သင်္ခတ ပရမတ်က နေ့,လ,နှင့်တူ၏။ နေ့, လ, ရောင် နှင့် ရုပ်နာမ် သင်္ခါရ အနိစ္စဓာတ် ပရမတ်တူ၏။ ထိုအနိစ္စမှာမှလည်း၊ ဇာနြွယ ဗဒ္ဓအနိစ္စမှ စက္ခု, သောတ, စသော ဝတ္ထုရုပ် ခြောက်ပါးက မြက်ဖျားဦးရောက်၊ နှင်းပေါက်ရေတွေနှင့်တူ၏။ ထိုနှင်းပေါက်ရေတွင် နေ့, အသွင် လ, အသွင် အရိပ် ထင်သည်နှင့်ကား ဝတ္ထုရုပ်တွင် လူ့အသွင်၊ရှင့်အသွင် သစ်ပင်စသော သဏ္ဍာန်အရိပ်၊ နိမိတ်အထင်၊ မြင်ကြံသမျှ၊ အစစနှင့် တူလှ၏။ ဤဥပမာကို အခါခါကြံကြည့်၍သာ သိပါ။မြင်ပါ။ သိကောင်းပါး၏။

**သတိမူရန်မှာ။** ။ထိုနှင်းပေါက်ရေ၊ အသချေချေ၊ ရှိ၍နေသော်ငြား၊မရှိချေသော်ငြား၊နေ့လမှာ သွားလာရောင်လင်း ယိုယွင်းမရှိ၊ပကတိကဲ့သို့။ထို့အတူ ပရမတ်တည်ထောင်သည်မှစ၍ အမှန်ဘာသာ၊ သဃံဇာန္တန်း၊ သံသရာ ဆုံးသည့်တိုင်အောင်လည်း နိဗ္ဗာန်ကို ရ,မရ

ဆိုသော ပုဂ္ဂိုလ်သတ္တဝါအတွက်နှင့်၊အနိစ္စခေတ်ပရမတ်အမြဲက လျော့နဲ တိုးဆုတ်ခြင်းမရှိ၊ ပကတိအတိုင်းသာ မှတ်လေ။ အဘယ့်ကြောင့်နည်း။ ရေတွက် လျော့နဲ၊ တိုးဆုတ်သံနှင့်၊ ဘောက်ပြန် သဘော၊ ပြောကြံသမျှ၊ အစစမှာ၊ပညတ်မျှချည်းသာ မှတ်လေ။

**လိုရင်းက။** ။သတ္တဝါ အစရှိသော အမည်နာမ ပညတ်မျှနှင့်၊ ရုပ်နာမ်ဟူသော အနိစ္စခေတ် ပရမတ်မှာ ချိန်ဝန်ပိဿာကဲ့သို့ရင်း၊တင်းချင့် တောင်းချင့်ကဲ့သို့ရင်း အဖတ် အနှစ်က စစ်စစ်မရအပ်၊ မရှိအပ်ဟု သိတတ်ကြစေ၊ ဉာဏ်ကဝေတို့။

ဤအရာကို၊သညာရှေ့ဆောင်၊ပညာရောင်နှင့် ပြောင်ပြောင် စင်စင်၊ ကြောင်ကြောင် မြင်၍၊ အထင်အလွဲ၊ လူရှင်ခပဲ၊ အစွဲအတိမ်း၊ အကုန်သိမ်း၍၊ ငြိမ်းကြ ပါစေကုန် သတည်း။ ဤကဲ့သို့သော၊ သဘောအရာက၊ သာသနာတော် ခဏမှာမှ၊ ကြားနာ သိမြင်ကြရသည်။

ထို့ကြောင့်—

မာဝေါခဏံ ဝိရာဓေထ၊ ခဏာတီတာဟိ
သောစရေ။ သဒ္ဒေဝေါယမေယျာထ၊
ခဏောဝေါ ပဋိပါဒိကော။ (အပါဒါန် ပါဠိတော်)

**ဘောဓေန္တော**။ ။အို - သူတော်ကောင်းတို့။ ဝေါ၊ သင်တို့သည်။ ခဏံ၊ အရိယသစ္စာ၊ သာသနာဓမ္မ၊ မြတ်ခဏကို။ မာဝိရာဓေထ၊ ချော်လွှန်၍များ မသွားကြစေကုန်လင့်။ ဟိ၊ အဘယ့်ကြောင့်နည်း။ ခဏာတီတာ၊ ခဏကို လွှန်ကုန်သော သူတို့သည်။ သောစရေ၊ တောက်ခေါက်နေဝင်တ ပူပန်စိုးရိမ်ရကုန်၏။သဒ္ဒေ၊ ကိုယ်ကျိုးကိုယ်စီးပွားဌ။ဝါယမေယျာထ၊လုံ့လမယုတ် အရအမိ ကျိုးကုတ်၍ အားထုတ် ကြကုန်ရာ၏။ ဝေါ၊ သင်တို့အား။ ခဏော၊ ဗုဒ္ဓုပ္ပါဒ မြတ်ခဏသည်။ ပဋိပါတိကော၊ယခုဘဝ ခုခဏ၌ ဆိုက်ရောက် ရရှိကြပြီဟုဟောတော်မူသောအရ၊ကိုယ်ကျိုး ကိုယ်စီးပွားဆိုသည်ကား၊ဒါန,သီလ,ဘာဝနာတရားပင်တည်း၊ထိုတရားကို အားထုတ်ခွင့် အားထုတ်ထိုက်နှင့် ဆိုက်ရောက် ရရှိကြပြီ ဟူလိုသည်။ ထို မိမိတို့ပြုသမျှ ဒါန,သီလ,ဘာဝနာ ကုသိုလ်က မိမိမှတပါး သူတပါးတို့ မရ။ မရပုံက အမိအဘ ဆွေမျိုး ညာတကာ အစဖြာ၍၊ မိမိတို့၏ ခေါင်းသန်း အဝတ်သန်းမှစ၍ မရ။ မိမိကိုယ်ထဲ၌-

အသီတိကိမိကုလာနံ၊ ရောဂါနဉ္စ ရဗ္ဗာဟိရံ။
သာခါရကော ဝသာတေသံ၊ ကာယော
မစ္စုံ နိဂစ္ဆတိ။

ကာယေ၊ ကိုယ်သည်။ အသိတိကိမိကုလာနံ၊ အမရေ ထူပါး၊ အသားကြောရိုး၊ ရိုးတွင်း ချင်ဆီ၊ ကပ်မှီ စားသောက်၊ သေပျောက်မွေးဖွား၊ နာဖျား ကြီးငယ်၊ ကျင်စွန့်ပယ်သည့်၊ ရှစ်ဆယ်များတောင်း၊ ပိုးမျိုးပေါင်း တို့နှင့်လည်း။ သာဓရဏော၊ ဆက်ဆန်ချေ၏။ တေသံ၊ ထိုပိုးမျိုးရှစ်ဆယ်တို့၏။ ဝသာ၊ ပျက်ခြင်းဟူသော အစွမ်း ဖြင့်လည်း။ ကာယော၊ ကိုယ်သည်။ မစ္စုံ၊ သေခြင်းသို့၊ နိဂစ္ဆတိ၊ ရောက်တတ်ချေ၏။ အန္တရဗာဟိရံ-အန္တရ ဗာဟိရာနံ၊ ကိုယ်တွင်း ကိုယ်ပ၌ ဖြစ်ကုန်သော။ ရောဂါနံ ရောဂါဘယာနံ၊ စက္ခုရောဂါစသော အရာမကသော အနာ၊ မြွေ,ကင်း,သန်း,စသောအရာမကသောဘေးတို့ နှင့်လည်း။ သာဓရဏော၊ ဆက်ဆန်ချေ၏။ တေသံ၊ ထို ရောဂါ ဘေးတို့၏။ ဝသာ၊ အစွမ်း ဖြင့်လည်း။ ကာယော၊ ကိုယ်သည်။ မစ္စုံ၊ သေခြင်းသို့။ နိဂစ္ဆတိ၊ ရောက်တတ်ချေ၏။

ဟူသောအရ။ တုဏ္ဍိပိုး၊ မဟာတုဏ္ဍိပိုး၊ ဇာဝါပိုး စသည်ဖြင့်အမျိုးပေါင်းရှစ်ဆယ်ဟူရာဝယ်၊တမျိုး တမျိုး မှာ အကောင်ငယ် တရာကျ ထားလျှင်ပင် ပိုးကောင် ပေါင်း ရှစ်ထောင်ရှိရာ၏။ ထိုပိုးကောင် ရှစ်ထောင်ကို မိမိကိုယ်တခုဟု ထင်မှတ်စွဲယူလျက်ပင်ရှိကြ၏။ ထိုသို့ စွဲယူ ငြားသော်လည်း မိမိခံဟုတ်၊ သူတပါးသာ ဖြစ်လေ သောကြောင့်၊ ထိုမိမိပြုသမျှ ဒါန,သီလ,ဘာဝနာမှုကို

ထိုပိုးကောင်တွေက မရ၊ မိမိပြုသမျှ ဒါနကို မိမိသည် သာလျှင် ရသည်။ ဤအရာကား၊ နေ့ ,ညဥ့် မခြား များ များကြီး သတိထားပါ။

ယခုအခါ အလွန်တရာမြင့်မြတ်လှစွာသော အနုတ္တရ အလှူခံနှင့် တွေ့ကြုံကြ၍ ဒါနတရားက များစွာ အရေး ကြီးကြသည်။ အရေးကြီးပုံမှာ ရေတွင်း, ဥပမာဖြင့် သိကြရမည်။ ရေတွင်း ဥပမာက အဘယ်နည်း။ ဤလောကမှာ ရေတွင်းတို့မည်သည် ရေကြောင်းကြီး၊ ရေကြောင်းလတ်၊ ရေကြောင်းငယ် ထွက်ရာဝယ်၊ အကြင်ရေကြောင်းသည် တတောင်တက်၏၊ နှစ်တောင် တက်၏၊ စသည်ဖြင့် ရေထွက် ရေတက်လေ၏။ အကြင် မျှလောက် ကာလပတ်လုံး တတောင်တက်အောင် ရေ ထွက်၏။ ထိုမျှလောက် ကာလပတ်လုံး ခပ်ချင်တိုင်းခပ်၊ သုံးချင်တိုင်း သုံးသော်လည်း မရော့နိုင်။ မနဲနိုင်။ အဘယ့်ကြောင့်နည်း။ ရေကြောင်းက ရေထွက်သော အခါ ဖြစ်လေ သောကြောင့်တည်း။ အကြင်အခါ ရေကြောင်းပိတ်၍ ရေကြောင်းကန်း၏။ ထိုအခါ ခပ် သော်လည်း ရေမရှိ။ မခပ်သော်လည်း ရေမရှိ။

ဤတူပမာ၊ သူငါကစ၊ ရဟန်း,ရှင်လူ၊ ဟူသမျှမှာ၊ ကာမာဝစရ၊ ကုသလရှိန်စော်၊ အာနုဘော် အခွင့်ပေး၊ အရေးရ၍၊ အကြင်မျှလောက် ကာလပတ်လုံး၊ အရာ

အထောင်စသည်ဖြင့် ရည်တတ်၏။ ထိုမျှလောက် ကာလပတ်လုံး လှူချင်တိုင်းလှူ၊ ပေးချင်တိုင်း ပေးသော်လည်း မပွဲနိုင်၊ မကုန်နိုင်၊ မခန်းနိုင်။ အဘယ့်ကြောင့်နည်း။ ကုသိုလ်က အကျိုးပေးသောအခါ ဖြစ်လေသောကြောင့်တည်း။ အကြင်အခါ ကုသိုလ်ကံ မှိန်မှေး၊ သိန်သေးကုန်ခန်း၏။ ထိုအခါ မလှူ မတန်းသော်လည်း မွဲ၊ မပေး မကမ်းသော်လည်း မွဲ။ ဤကဲ့သို့သော ကမ္မသကတာသမ္မာဒိဋ္ဌိကိုပင် နဖူးလက်တင်ဆင်ခြင်စဉ်းစား မျှားမျှားကြီး သတိထားကြပါကုန်။

**ဥပမာ ဥပမေယျ ဟပ်၍ ပြသော်ကား။** ။ရေးကံ ဟောင်းသည် ရေကြောင်းက ထွက်လေသော ရေနှင့် တူ၏။ လှူမလှူ ဟူသည်၊ ရေခပ် မခပ်၊ စသည်တို့နှင့် တူ၏ဟု သိလေ မှတ်လေ။

**ယခုအခါသာ သနာတော်ဒါန ဖြစ်ရအောင်ပင် ဝိပဿနာ ယှဉ်၍ ပြဦးအံ့။** ။မြတ်စွာဘုရား ရှေ့လက်ထက်တော်က၊ ညီတော်အာနန္ဒာကို အရှင်ပုဏ္ဏ ရဟန္တာမြတ်က၊ (ဥပမာန) မှန်ရိပ်ပြ၍ ဟောရာမှာ၊ ညီတော် အာနန္ဒာ ပဌမဖလဋ္ဌာန် သောတာပန်ဖြစ်သည်။ မှန်ရိပ် ဆိုသည်ကား။ ဤလောကဌ္ဌ မှန်ကြည့်၍ ခေါင်း, နား, မျက်နှာ, အစဖြာ၍ တန်းဆာ ဆင်ကြသောအခါ၊ မှန်ထဲမှာ မိမိမျက်နှာ မှန်ရိပ်ကိုသာ မြင်ကြရာ၏။ ထိုမှန်ရိပ် မျက်နှာသည် မိမိမျက်နှာလည်း မဟုတ်၊ သူတပါးတို့၏

မျက်နှာလည်း မဟုတ်၊ ထို မိမိ သူတပါးတို့မဟုတ်သော မျက်နှာ မှန်ရိပ်ကိုပင် ကြောင်ကြောင် မြင်ရလေ၏။ ထိုမြင်ရသော အရိပ်ကိုသာကြည့်၍၊ ထိုအရိပ် ခေါင်း, နား,မျက်နှာမှာ ဘယ်နေရာက ဘာလိုသည်ဟု ပြုပြင် ဆင်ယင်ကြသကဲ့သို့။

ထို့အတူ ဤလောက၌ မှန်ရိပ်နှင့်တူသော ရဟန်း, ရှင်လူ၊ ခပ်သိမ်းသူတို့ကို မြင်ရာမှာ သံဃာတော်မြတ်ကို မြင်သောအခါ၊ သံဃာတော်မြတ်နှင့် ထိုက်တန် အပ်သော ဆွမ်း, သင်္ကန်း, ကျောင်း, ဆေး, လေးပါး သော ပစ္စည်းတို့တွင် ထိုသံဃာတော်မြတ် လိုအပ်သော ပစ္စည်းကို ဝန်နှင့်အား၊ မြွားနှင့်လေးကဲ့သို့၊ မနှေးမြန်စွာ လှူဒါန်းရာ၏။

ဤအရာမှာ အလှူပေး ပုဂ္ဂိုလ်လည်း မှန်ရိပ်ပမာဏ နာမ်ရိပ်မျှ။ အလှူခံ ပုဂ္ဂိုလ်လည်း မှန်ရိပ်ပမာဏ နာမ် ရိပ်မျှ။ အလှူထယ် ဝတ္ထုလည်း မှန်ရိပ်ပမာဏ နာမ် ရိပ်မျှဟု ဉာဏသမ္ပယုတ် စိတ္တုပ္ပါဒ်ဖြင့်လှူဘတ်ကြစေ။ ဤတူပမာ၊ ဖုံးတောင်းယာစကာ အစဖြာ၍ သိကြရမည် ဟူလိုသည်။

**ဥပမာ ဥပမေယျ ဟပ်၍ ပြသော်ကား။** မှန်အပြင် နှင့် စက္ခုအကြည် ဟဒယအကြည် တူ၏။ အရိပ်မျက်နှာ နှင့် စက္ခုအကြည် ဟဒယအကြည်မှာ ဖြစ်ပေါ်ကြသော ‘လူ’ဟု၊ ‘ရှင်’ဟု နာမ် ခေတ်စု တူ၏။ ဖြစ်ပေါ်မှုကား၊

နာမ်ဓာတ်တို့၏ ဇာတိ ဓမ္မ တည်း။ ချုပ်ပျောက်မှုကား၊ နာမ်ဓာတ်စု၏ မရဏ ဓမ္မကြီးပေတည်း။ ရေ အကြည် စသည်တို့၌ ပေါ်သော အရိပ်တို့ နှင့် လည်း တူပါ၏။ နေရောင်, မီးရောင်တို့၌ ပေါ်သော လူရိပ်,သစ်ပင်ရိပ် တို့နှင့်လည်း တူပါ၏။ သစ်ပင်ရိပ်မှာ သစ်ပင်နှင့် ပုံဟန် သဏ္ဌာန်တူ၏။ မြေ အပြင် နှင့် စက္ခုအကြည် ဟဒယ အကြည်တူ၏။ နေနှင့် ရှေးကံဟောင်း တူ၏။ အရိပ်နှင့် စက္ခု အကြည် ဟဒယ အကြည်မှာ ပေါ်သော နာမ် ဓါတ်စု တူသည်။

ဤစက္ခု ပမာဏကဲ့သို့ သောတနှင့် ဟဒယဝတ္ထု၊ ဃာနနှင့် ဟဒယဝတ္ထု၊ဇိဝှါနှင့် ဟဒယဝတ္ထု၊ကာယနှင့် ဟဒယ ဝတ္ထုတို့ကို ရှုမျှော် စဉ်းစား သတိထား၍ ဤလောက၌ ဘုံသုံးရွာ တုံး,ဖျာစသော တလောကလုံး ကိုပင် ပြောင်ပြောင် စင်စင် ကြောင်ကြောင် ကြီးပင် မြင်ကြ သိကြပါစေ ကုန်သတည်း။

ထို မိမိတို့ ပြုကြသော ဒါန၏အကျိုးကို မိမိတို့ ခံစံ ကြရအောင် သီလက သာလွန်၍ အရေးကြီးပြန်သည်။ အဘယ့်ကြောင့်နည်း။ ပါဏာ တိ ပါ တ စသည်ကို မရှောင်ကြဉ်လျှင် ထို ပါဏာတိပါတအတွက် ငရဲကျ၍ တက်သောအခါ အသက်တိုခြင်း စသော အကျိုးကို ပေးတတ်သောကြောင့် ဒါန၏ အတွက်နှင့် သူဌေးသမီး သူဌေးသား၊ ရှင်ဘုရင်သမီး, ရှင်ဘုရင်သား၊ ဖြစ်ငြား

သော်လည်း ပါဏာတိပါတအတွက်နှင့် ဝိပါက်အကျိုး ပေး၍၊မွေးသေ,မွေးသေ,အကျိုးပေးလေသောကြောင့် လူ့စည်းစိမ်ကို မခံစံရ။ လူ့ချမ်းသာကို မခံစားရ၊ မစံစားရ စသည်ဖြင့် သိကြလေ။

ထို့ကြောင့် သီလက သာလွန်၍ အရေးကြီးသည်။ ထိုသီလသည်၊ နိယတသီလ, အနိယတ သီလအားဖြင့် နှစ်ပါး၊ထိုတွင် အနိယတသီလဆိုသည်မှာ ငါးပါးသီလ ရှစ်ပါးသီလစသော ယခုကာလ ဆောက်တည်ကြသော သီလကိုဆိုသည်။နိယတ သီလဆိုသည်မှာ သက္ကာယဒိဋ္ဌိ ကျွတ်လွတ်ကြသော အရိယာများ၏ သီလကိုဆိုသည်။ ထို့ကြောင့် မိမိတို့ပြုသမျှ ဒါန၏အကျိုးကို ဖွင့်ဖွင့်ကြီး ဖြိုးဖြိုးကြီး ခံစား စံစားရအောင် နိယတသီလကို အားထုတ်ရမည်။ နိယတသီလ ဆိုသည်မှာ သက္ကာယဒိဋ္ဌိ ပြုတ်ကျွတ် လွတ်ငြိမ်းမှသာ နိယတသီလ ဖြစ်ကြမည်။ ထို့ကြောင့် ဒါန၏အကျိုးကို ခံစား စံစားရအောင် သီလကို အားထုတ်ရသည်။ သည် သီလ မြဲကြအောင် သက္ကာယ ဒိဋ္ဌိပြုတ်ကို အလိုရှိရသည်။သည် သက္ကာယဒိဋ္ဌိ ပြုတ်အောင်သာ ဝိပဿနာတရားကိုအားထုတ်ရသည်။ များများကြီး အရေးလုပ်၍ အားထုတ်ဟန်မှာ....။

နိရုဒ္ဓါတီတ သင်္ခါရာ၊ ပစ္စုပ္ပန္နာစ ဘိဇ္ဇရေ။
အနာဂတာဘိဇ္ဇိဿန္တိ၊ သမ္ဗေတေဘာယိတဗ္ဗကာ၊

အတီတ သင်္ခါရာ၊ အတိတ် ရုပ်နာမ်သင်္ခါရတို့သည်။ နိရုဒ္ဓါ၊ ချုပ်လေကုန်၏။ ပစ္စုပ္ပန္နာစ၊ သန္တတိ ပစ္စုပ္ပန် ရုပ်နာမ် သင်္ခါရတို့သည်လည်း။ ဘိဇ္ဇရေ၊ ပျက်ပြား ကုန်ဆဲ။အနာဂတာ၊အနာဂါတ် သင်္ခါရတို့သည်လည်း ဘိဇ္ဇိဿန္တိ၊ ပျက်စီးကုန်လတံ့။ ဧတေသမ္ပေ၊ ထိုအလုံး စုံသော ရုပ်နာမ် သင်္ခါရတို့သည်။ ဘာယိတဗ္ဗကာ၊ ကြောက်မက်ဘွယ်ရာ တို့ချည်းတည်း။ ဟူ၍ မြင်အောင် ရှုပါ။

မြင်သောအခါ (ဥပမာမှာ) သတ်ပြီး သတ်ဆဲ သားကြီး, သားလတ်တို့ကို မြင်၍၊ သတ်လတံ့ သား ငယ်၌ တွယ်တာငဲ့ကွက်ခြင်း၊အာလယကိုစွန့်သောအမိ ကဲ့သို့ရင်း၊သားကိုးယောက် သေပြီး၍၊ လက်၌ရှိသော ဒသမ သားလည်း သေဆဲကိုမြင်၍၊ ဝမ်းတွင် ရှိသော ဧကာဒသမသား၌ ချစ်ခြင်း၊ အာလယမရှိသော သား မတင်သော မိန်းမကဲ့သို့ရင်း။ ထို့တူမခြား သည်ခန္ဓာ ငါးပါး၏ အပြစ်ဒေါသ အာဒီနဝကို ရှုကြည့်ရာ၏။ ရှုပုံမှာ–ခန္ဓာငါးပါး ရှိသည်တွင် ရုပက္ခန္ဓာကြီးသည်၊ အယုတ်တမာ၊ ဆိုးငြစ်စွာသော ရန်သူကြီး မည်၏။ မည်ပုံက "နတ္ထိကာယ သမောဝေရီ"ဟူသည်နှင့်အညီ၊ လူ့ဒုလ္လဘ၌ ကြုံကြသော အခါမှာ၊ လူမိုက်, လူလိမ္မာ၊ ဤနှစ်ဖြာတွင်၊ ရှင်ဘုရင်ဘဝ ရကြသည်နှင့် တူလှ၏။ တူပုံမှာ....။

**ဥပမာကား။** ။တခုသောမြို့မှာ မကြာ မကြာပင် ရှင်ဘုရင်က နတ်ရွာစံ ကံတော်ကုန်လျှ၍ ဤသို့ တိုင်ပင်ကြကုန်၏။တိုင်ပင်ပုံမှာ၊ငါတို့မြို့ရွာ၌မကြာခင် မကြာခင် ရှင်ဘုရင်က မမြဲလှသောကြောင့်၊ တလ, တလ,မဲချ၍၊ မဲကျသော သူမှသာ ရှင်ဘုရင် လုပ်ကြရာ၏ဟု တိုင်ပင်ခြင်း ပြုကြသောအခါ၊ အများ အများက ပိုင်းအုံဖျဖျ ညီညာလှ၍ ဥပဒေ ပြုကြလေကုန်၏။ ထိုဥပဒေအရ မဲချရာ၌၊ လူမိုက်တယောက် မဲပေါက် မဲကျ၍ပင် ရှင်ဘုရင် ဖြစ်လေ၏။ ထိုလူမိုက် ဘုရင်သည်၊ ဤသို့ ဆိုလေ၏။ မင်းကြီးများ၊ရွှေတိုက်,ငွေတိုက်ကို သော့ရိုက်၍ထားကြ ငါ့တို့ရာ တည တည်မှာ အရက် တပုလင်း တပုလင်း ဆက်သွင်း ကြရမည်။ ပွဲလမ်း သဘင်ကလည်း ကပြကြရမည်။ဤသို့ စသောအာဖြင့် ရူပ,သဒ္ဒ၊စသည်အာရုံ၊ ကာမဂုဏ်ကို၊ ခံတမင်မင်၊ ခင်တများများ၊ ခံစားစံစား၍၊ ကုသိုလ်ကောင်းမှု၌မပြုတဲ့ပြင်၊မတဲ့သောသူကို မြင်လျှင် ယခုပင်အရာချ၊ ယခုပင် သတ်၍ ပြစ်လိုက်ကြစသည်ဖြင့်၊ အဓမ္မ အမှုမိုက်ကို၊ ရှင်ဘုရင် ဖြစ်ခိုက်၌၊ ကာယကံ,ဝစီကံ,မနောကံမှု၊ဒုစရိုက်အသရေ၊ဖြစ်၍သာ နေလေ၏။ဤကဲ့သို့တနေ့တနေ့နှင့်ပင်၊ရှင်ဘုရင်လစေ့၍ ထိုစေ့သောခဏတွင်၊ နင်ဆင်းဟဲ့ ဆိုလျက် ရိုက်နှက်၍ ချလေ၏။

ထိုရှင်ဘုရင် မရှိသောအခါ မဲချရာ၏။ ထိုအခါ လူလိမ္မာတယောက် မဲပေါက် မဲကျ၍ပင် ရှင်ဘုရင် ဖြစ်လေ၏။ထိုဘုရင် လိမ္မာသည်၊ဤသို့ ဆင်ခြင် စဉ်းစား၏။ ငါကား၊ ဘုရင်ဖြစ်ရသည်မှာ၊တလမျှသာ။ လစေ့သောအခါ၊ ရွှေတိုက်,ငွေတိုက်, စသည်တို့မှာ ငါ့ဟာ မဟုတ်ဟု၊ သတိပြုသောအားဖြင့် စဉ်းစားမိ၍၊ မင်းကြီးများ။ ရွှေတိုက် ငွေတိုက်ကို ဖွင့်၍သား။ အရပ်လေးမျက်နှာ ရှစ်မျက်နှာတို့၌ မဏ္ဍပ် တင်းကုတ် ဆောက်လုပ်၍၊ သူတပါးတို့ အလိုရှိသမျှ လှူဒါန်းခြင်း ဒါနမှုကို ပြုလေကုန်၏။ သီလမှုမှာမူကား၊ မိမိ လုံခြုံရုံမျှမက၊ တိုင်းသူပြည်သား လူအများကို ဂရုဓမ္မတရားငါးပါး၊ တည်ကြရမည်။ မတည်သောသူတို့အား ဒဏ်တတ်မည်ဟု စည်လည်မောင်းခတ်လေ၏။ ထိုအခါ တိုင်းသူ ပြည်သား လူအများတို့သည်၊ အဝတ်အစား လုံလောက်ရုံမျှမက ဂရုဓမ္မ သီလဖြူစင် အများ အများတို့ပင် ကြည်လင်ရွှင်ပြချမ်းသာ ကြလေကုန်၏။ ဥပမာ ဥပမေယျမှာ သိသာပါ၏။

ယခုအခါ ကာမသုဂတိ ခုနစ်ရွာ ဟူသော လူ့ချမ်းသာကို ရရှိကြသော သူရည်တတ် သူဌေး သူကြွယ် ကုန်သွယ် လယ်လုပ်စသော မင်းစိုးရာဇာ၊ သူငါမဟူ၊ ရှင်လူ အပေါင်းတို့မှာ၊ (ဥပမာကား) ငှားနွားနှင့်သာ တူကြလှပါပေ၏။

**တူဟန်ကား။** ။တောင်သူယောက်ျား နှစ်ယောက် သားတို့သည်၊ နွားတကောင်လျှင် တဆယ်ကျအားဖြင့် တကောင်စီ ငွား ကြ လေကုန်၏။ တယောက်သော တောင်သူ မိုက်မှာမူကား၊ ငွားနွားကိုပင် ကိုယ်ပိုင် နွားကဲ့သို့ များစွာ ချစ်ခင်၍ မခိုင်းရက်၊ မစေရက်၊ မြက်ကောင်း ရေကောင်းနှင့် ကျွေးမွေးပြုပြင်၊ နေ့ရှည် လများ၊ ထို ငွားနွားကို ပြုပြင်ရင်းပင်၊ နွားရင်က လစေ့ ကြ၍၊ ငါ့နွားပေးပါ၊တောင်းလာသောအခါ၊ထိုနွား၏ အတွက်နှင့် အ ခွ န် ဘ ဏ္ဍာ မ တ က်၍၊ ငွေတဆယ် သက်သက်၊ ကြွေးဟူလျက်ပင်၊ ကြွေးတင်ခံ၍ ပြန်ပေး ရလေ၏။

တဦးသော တောင်သူ လူလိမ္မာမူကား။ ထိုနွားကို ကျွေးမွေး၍ အခွန်ဘဏ္ဍာတိုးတက်အောင်သာ များစွာ ခိုင်းစေသောအခါ၊ အသပြာတရာ တိုးတက် လာ၏။ ထိုအခါ နွားရင်က လစေ့ကြ၍တောင်းလာသောအခါ ထိုနွားပါ အသပြာ တဆယ်နှင့် ပေးအပ်လိုက်၏။ ထို မြတ်စွန်းလေသော ငွေတရာတွင် မိမိမှာ ကိုးဆယ်ပင် ကျန်ရှိ၍၊ မြတ်စွန်းထွန်းကား ကျေးဇူး များလေ၏။ (ဤအရာမှာ။ နိဗ္ဗာန်ရောက်ဘွယ်၊ ကြွေးကိုးဆယ်အရ၊ သုံးလောက ဒီပနီမှာယူကြ။)

**ဥပမာ ဥပမေယျ ဟပ်၍ ပြသော်ကား။** ။ဤခန္ဓာ ကိုယ်ကြီးသည်၊ ငွားနွားနှင့်မခြား အလား တူလေ၏။

သေမင်းသည် နွားရင်နှင့် တူလေ၏။ တောင်သူ လူမိုက်သည်၊ သေမင်း၏အစာ ဤခန္ဓာကို၊ တဏှာ ဘီလူး၊ အမှောင့်ပူး၍၊ အရူးပြင်ပြင်၊ အထင်မှား၍၊ အစားနှင့် အလိုလိုက်၊အဝတ်နှင့် အလိုလိုက် အိပ်ရာနေရာစသည်တို့နှင့် အလို လိုက်သော လူပါးတွေ, ရှင်ပါးတွေ၊ ပြု၍နေကြသော မိန်းမ, ယောက်ျား၊ ရဟန်း, ရှင်လူ၊ ခပ်သိမ်းသူတို့သည်၊တောင်သူလူမိုက်နှင့်မခြား အလားတူလေ၏။ တောင်သူ လူလိမ္မာနှင့်ကား၊ မိမိ မိမိတို့၏ အဝတ်အစားက မျှတရုံထား၍ ဒါန, သီလ, ဘာဝနာ တရားကို များစွာပြုသော မိန်းမ, ယောက်ျား၊ ရဟန်း, ရှင်လူ၊ ခပ်သိမ်းသူတို့နှင့်ကား တောင်သူ လူလိမ္မာနှင့် မခြား အလားတူ၏။

ထို့ကြောင့်—

နာဟံကွစိ၊နကဿစိ ကိဉ္စနတသ္မိံ။

နစပရော ကွစနိ၊နမမကိဉ္စနတသ္မိံ ဟု၊ရှုအပ်၏။

ကွစိ၊ တစုံတခုသော ဌာန, ကာလ၊ သဘာဝဓမ္မ၊ အဇ္ဈတ္တဗဟိဒ္ဓ၌။အဟံ၊ငါဟု ဆိုဘွယ်ရာ ကိုယ်ဟူသည်။ န၊ မရှိလုံးလုံး သုဥ်းချေ၏ တကား။ ကဿစိ၊ တစုံတယောက်သော သူတပါး၏။ ကိဉ္စနတသ္မိံ ကိဉ္စနဘာဝေ၊ မိဘ,သားမြေး၊ ကျွန်,ကြေးဆရာ၊ ညာတကာ မျိုးဆွေ၊ အန္တေဝါသိက စသည်ဖြင့် ကြောင့်ကြစိုးရိမ်အပ်သော အဖြစ်၌။ဥပနေတဗ္ဗော၊ဆောင်ထားသိမှတ်

အပ်သော။ကဿစိ၊တစုံ တယောက်သော သူတပါး၏ သား, မြေး, မိဘ၊ စသည့် ဆိုဘွယ်ရာ၊ ငါဟူသော ကိုယ်သည်။ကွစနိ၊တစုံတခုသော ဌာန,ကာလ၊သဘာဝ ဓမ္မ၊အဇ္ဈတ္တ ဗဟိဒ္ဓ၌။နှ၊မရှိလုံးလုံး သုဥ်းချေ၏ တကား။ စ၊ငါသာ မရှိသည် မဟုတ်သေး။ကွစနိ၊တစုံတခုသော ဌာန,ကာလ၊ သဘာဝဓမ္မ၊ အဇ္ဈတ္တ ဗဟိဒ္ဓ၌။ ပရော၊ သူတပါးဟု ဆိုဘွယ်ရာ ကိုယ်ဟူသည်လည်း။ နှ၊ မရှိ လုံးလုံး သုဥ်းချေ၏တကား။ မမ၊ ငါ၏။ ကိဉ္စနတသ္မိံ ကိဉ္စနဘာဝေ၊ မိဘ, သား, မြေး၊ ကျွန်, ကြေးဆရာ၊ ညာတကာမျိုးဆွေ၊အနေ္တဝါသိက စသည်ဖြင့် ကြောင့် ကြစိုးရိမ်အပ်သောအဖြစ်၌။ဥပနေတဗ္ဗော၊ဆောင်ထား သိမှတ်အပ်သော။ မမ၊ ငါ၏မိဘ, စသည် ဆိုဘွယ်ရာ သူတပါး ဟူသောကိုယ်သည်။နှ၊ မရှိလုံးလုံး သုဥ်းချေ၏ တကား။

ဤသို့ အဘိုလေးပါးဖြင့် သုညတာ ကာရကို သိမ်း ဆည်းဆင်ခြင် မြင်သောအခါ၊ ချစ်ကြင် လှစွာသော မယားကို မုန်းထားပြစ်မြင် ကွာကြဉ်ပြီးနောက်။ တစုံ တယောက်သော ယောကျ်ားနှင့် စကားပြီရှင် နေချင် တိုင်း နေသော်လည်း မမုန်း မချစ် လစ်လျူသာ ဖြစ် သကဲ့သို့။ထို့တူမခြား ခန္ဓာငါးပါး ရုပ်နာမ်တရားတို့၌ ငါဟု ထင်မှတ်စွဲယူခြင်း၊ငါ၏ဥစ္စာဟု ထင်မှတ်စွဲယူခြင်း မရှိ၊ ပကတိ လစ်လျူသာ ဖြစ်လေ၏။

ထိုအခါ—

ဘဝေဝါဟံဘယံဒိသွာ၊ ဘဝဉ္စဝိဘဝေသိနံ။
ဘဝံ နာဘိဝဒိံ ကိဉ္စိ နန္ဒိဉ္စ နဥပါဒိယိံ။

**ဂါထာ၏ အနက်ကား**။အဟံ၊ ငါသည်။ ဘဝေ၊ သံသရာ၌။ဘယံ၊ဇာတိစသည်၊များးလှသောင်းသောင်း တေားအပေါင်း တို့ကို။ ဒိသွာ ဧဝ ၊ မြင်သောကြောင့် သာလျှင်။ဘဝဉ္စ၊ကာမ,ရူပ,အရူပ ဟူသော ဘဝသုံးပါး ကိုရင်း။ဝိဘဝေသိနဉ္စ၊ဘဝကင်းမည်၊ရှာကြံစည်လည်း၊ ဆိုလည်နွားမျှ၊ နှစ်မွှန်းကြသော သူအပေါင်းကိုရင်း။ ဒိသွာ၊မြင်၍။ကိဉ္စိဘဝံ၊တစုံတခုသောဘဝကို။နာဘိဝဒိံ၊ တဏှာဒိဋ္ဌိအားဖြင့် မယူသတည်း။ နန္ဒိဉ္စ၊ ဘဝတဏှာ ကိုလည်း။ နဥပါဒိယိံ၊ မစွဲလမ်းသတည်း။

ဤကဲ့သို့ မြင်သည့်ကိုသာ သောတာပတ္တိ မဂ်ဖိုလ် စသောပုဂ္ဂိုလ်ဟုဆိုသည်။ခေါ်သည်။ထင်ရှားစေဦးအံ့ ဤခန္ဓာငါးပါး ရုပ်နာမ်တရားတို့ကို ငါဟူ၍ ကိုယ်ဟူ၍ မှတ်မှား၍ လာကြသော တသံသရာလုံးက အဝိဇ္ဇာ မောဟကြောင့် လောဘသာတ သမုဒယက ကာမ,ရူပ အရူပဟု၊ တုဿသုံးဆောင်၊ ဘုံပြောင်ပြောင်မှာ “ရာဂဂ္ဂိနာ အာဒိတ္တံ၊ ဒေါသဂ္ဂိနာ အာဒိတ္တံ” အစ ခံသော၊သုတ္တန်ဒေသနာ၊လောင်စာငြီးငြီး၊ မီးပုံကြီးမှာ၊ ရသရှာသည့်၊ တဏှာဆိုးက၊ မိုဃ်းမမြင် လေမမြင်၊ အဆင်အခြင်မရှိ၊ ဘိစီးလွှမ်းမိုး၊ စုပ်ထိုးမရ၊ နွားငတ်မ၊

ရေချပမာ၊အရာရာမှာ၊တဏှာသုံးသွယ်၊ ဆဲ့ရှစ်တွယ်၍ သုံးဆယ်ခြောက်က၊ ရာရှစ်ကျွအောင်၊တဏှာလောင်မှာ၊ တထောင့်ငါးရာ၊ အာသာ ဝတ်သော၊ လောဘ ဟိတ် ခုတ်၊ ပရမတ်ချယ်လယ်၊ ခုတ်သွယ်နွယ်က၊ ရပ်တယ် မရ၊ ဆန်းကြွယ်လှ၏။

ဤအဝိဇ္ဇာနှင့်၊ တဏှာဆန်းကြွယ်၊ အမြစ်တွယ်၍၊ သွယ်နွယ်လေရာ၊စေတနာက၊ ဒေဝမနုဿ၊ နိရယနှင့်၊ ပေတ တိရစ္ဆာန်၊ ငါးတန်ပစ်ချ၊ ဘုံသုံးရွာမှာ၊ ဇာတိ ဇရာ၊ ဗျာဓိမရဏာ၊ အနိစ္စစစ်၊ ဒုက္ခဖြစ်၍၊ နစ်ကြသည်။ သတိမူပါ။

ထို့ကြောင့် - မြတ်စွာဘုရား သမ္မပ္ပဓာန်တရား လေးပါးကို ဟောတော်မူသည်။

**လေးပါးဟူသည်ကား**။ဖြစ်ပြီးသောအကုသိုလ်ကို ပယ်ခွါရအောင် ဝီရိယလုံ့လ ဥဿာဟဖြင့် အားထုတ် ကြရမည်။

မဖြစ်သေးသော အကုသိုလ်ကို မဖြစ် ကြရအောင် အားထုတ်ကြရမည်။

မဖြစ် ဘူးသေးသော ကုသိုလ် တရားကို ဖြစ်ကြ ရအောင် အားထုတ်ကြရမည်။

ဖြစ်ပြီးသော ကုသိုလ်တရားတို့ကို ပွားများ မြင့်မြတ် အောင် အားထုတ်ကြရမည်ဟု ဟောတော်မူသည်။

ထိုလေးပါးတွင် မဖြစ်သေးသော ကုသိုလ်တရား ဆိုသည်ကား၊ မဂ်ကုသိုလ်ကိုဆိုသည်။ လိုရင်းက။ ပဉ္စမ ဖလဋ္ဌာန် သောတာပန် ပုဂ္ဂိုလ်မှာ၊ ဖြစ်ပြီးသော အကုသိုလ်ဟောင်း အတွက်နှင့် မစိုးရိမ်ရ၊ မကြောင့် ကြရပြီ။ မဖြစ်သေးသော အကုသိုလ် အတွက်နှင့်လည်း ဖြစ်မိ ပြုကျင့် မိလိမ့်မည်ကိုလည်း မစိုးရိမ်ရ၊ မကြောင့် ကြရပြီ။ ဖြစ်ပြီးသော ဝဋ္ဋနိဿိတကုသိုလ် ဟူသမျှတို့ သည်လည်း ဝိဝဋ္ဋချည်း နိဗ္ဗာန်သွားချည်း ဖြစ်ကြလေ ကုန်၏။

**သိစေလိုရင်းက**။ ဒိဋ္ဌဓမ္မိကဋ္ဌဟူသော ခုဘဝအကျိုး သမ္ပရာယိကဋ္ဌဟူသော တမလွန်ဘဝမှာ အကျိုးရှိရာ၊ စိတ်သည္ဘာသိ၊ သမုတိသစ္စာမှာ ဒါန, သီလ, စရဏကို ဝစီကာယနှင့် ဖြောင့်မှန်စွာ ကျင့်ကြ၍၊ ပရမတ္ထဟူသော လောကုတ္တရာ အကျိုးငှာ၊ မနောကံအရာ ဝိပဿနာ ဝိဇ္ဇာမှုနှင့် ထိုဒါန,သီလ,စရဏကိုပင် တွင်တွင်လိုက်စား ရင်ခွင်ပိုက် ထားကြ၍၊ ဘုရားပွင့်မှ ကြားသိရသည့်၊ အရိယသစ္စာ၊ လောဘဟိတ်၊ စိတ်တဏှာကို၊ ပယ် ခွါသော သာသနာ သမ္မာဒိဋ္ဌိ၌ ဆိုက်ရောက်ခြင်းငှာ၊ အမောဟ ဟိတ်အရာ၊ စိတ်,စေတသိက်၊ ရုပ် နိဗ္ဗာန်မြတ် ပရမတ်သစ္စာ၊ ကြံ့ခဲ့စွာကို၊ လေ့လာသိမှ၊ အတိဒုလ္လဘာ၊ သဒ္ဓမ္မသဝန၊ အလင်းရသူ၊ မြန်ခင်းဇမ္ဗူ၊ မှန်ကင်းထူတဲ့၊

လူ့ထက် လူပါ၊ယခုအခါ၊သူ့သူ ငါပင်၊ ပရမတ်သစ္စာ၊ ပညာမြင်ကို၊ အသိလို၊ ချိုရိပ်ရိပ်က၊ တဆိပ်မျှ ရှိကြ၍ ထိုပရမတ္ထ သဘာဝကိုပင် မမြင်မနေဘူးဟဲ့၊ အံကြိတ် ခဲ၍ လွန်ကဲ အားသစ်ကြပါကုန်။

**အားသစ် ဟန်ကား။**

ပရမတ္ထတော သတ္တာနံ၊ ပရိတ္တော ဇီဝိတက္ခဏော။
ဧကေနေမိပ္ပဒေသေန၊ ရထစက္ကံဝ ဝတ္တတိ။

သတ္တာနံ၊ သတ္တဝါတို့၏။ ဇီဝိတက္ခဏော၊ အသက် ဝိညာဏ်ရှည်သော ကာလသည်။ ပရမတ္ထတော၊အစဉ် ပဗန်၊ တည်ဟန်မချပ်၊ဆပ်ဆပ်သော ပရမတ္ထအားဖြင့်။ ပရိတ္တော၊စိတ္တက္ခဏ တချက်သာဖြစ်၍ စင်စစ် နည်းငယ် လှစွာ၏။ရထစက္ကံ၊ရထား့လှည်းဘီးစက်သည်။ဧကေနေ မိပ္ပဒေသေန၊လေးသစ်တဝါး၊အနားအကွပ် တစိပ်ဖြင့်။ ဝတ္တတိဣဝ၊ မြေ၌နင်းခါ၊ သွားလာရပ်တည်၊ ဖြစ်သည် ပမာကဲ့သို့တည်း။

**အမိပ္ပါယ်ကျဉ်း လိုရင်းက။** ။ပရမတ် သဘာဝ ဥပါဒ် ဘင်မျှ အနိစ္စသဘော အစစ်ကိုပြောလျှင် အနွယ် ဖြစ်သော သစ်ညွန့်သဘောသည် ရှေ့တည်သော သစ် ကိုင်းကို ညွတ်ရှိုင်းမျှော်တန်း ခုတ်လှမ်း သဘောမျှ သခ်တဟူသော ဖြစ်ဟန်သည်။

ပဗ္ဗံ ပဗ္ဗံ၊ သန္ဓိ သန္ဓိ၊ ဩဓိ ဩဓိ ဟုတွာ။
တတ္ထကပါလေ၊ ပက္ခိတတိလာဝိယ။
တဋ္ဋ တဋ္ဋ၊ ယန္တာ၊ သင်္ခရာဘိဇ္ဇန္တိ။
တသ္မာ အနိစ္စာ, ဒုက္ခာ, အနတ္တာ, စသည်နှင့်ညီစွာ။

အဆစ်ဆစ်၊ အစပ်စပ်၊ အပိုင်းပိုင်း ပြတ်သော သဘောဖြစ်၍ ချစ်ချစ် ရဲရဲပူသော အိုးကင်းထဲ၌ ထည့်အပ်သော နှမ်းတို့ကဲ့သို့ ဖြစ်ဖြစ်ဟူသံ ဆူညံပျက်ပြား ဉာဏ်နားမှကြား ဉာဏ်မျက်စိတွင်မှ မြင်ရသော ပရမတ္ထ အမှုအရာမျိုးကြီယာ သဘာဝကိုသာ သင်္ခါရဆိုသည်။ ဤအနိစ္စ သင်္ခါရဟု ဓမ္မပုဉ္ဇ သဘာဝစုကိုသာ၊ သူဟု ငါဟု၊ လေထု, ရေထု, မြေထု, စသည်ဟု ဆိုရသည်။ ဤကဲ့သို့ သဘာဝဒိဋ္ဌ မြင်သိက "အနိစ္စ သညိနော မေဃိယ၊အနတ္တသညာ သဏ္ဌာတိ" ပါဠိတော်အရနှင့် ပဌမဖလဋ္ဌာန် သောတာပန်စစ် စသည်ဖြစ်မည်။

ဤအရာမှာ။ ဒိဋ္ဌိ, တဏှာ, မာန, ဟူသော ဂါဟ သုံးဖြာတွင် ငါမြင်ပြီဟဲက အထဲပါငြိကြလျှင် ဒိဋ္ဌိဂါဟ မည်၏။ ငါမြင်နိုင်တကားဟု ထောင်လွှား စွဲလမ်းချက်က မာနဂါဟမည်၏။ သာယာ တတ်စွမ်းသမျှက တဏှာဂါဟမည်၏။ ဤဂါဟသုံးချက် ဥပက္ကိလေသက ပွဲဦး ထွက်တတ်လှသည်။(ဥပမာန)ထောင်းမှုံးအိမ်က မီးထတော် မမှုကြပါနှင့်၊ ပညာရှိဟူပေ သဘောဖျူတွေ ဉာဏ်ကဝေတို့ သတိမူပါ။

စုလ္လာသီတိ သဟဿာနိ၊ ကပ္ပံတိဋ္ဌန္တိ ယေမရူ။
နတွေ၀တေပိတိဋ္ဌန္တိ၊ ဒွိစိတ္တေဟိ သမောဟိတာ။

ယေမရူ၊ အကြင် နတ်တို့သည်။ စုလ္လာသီတိ သဟဿာနိ၊ ကပ္ပံ၊ မဟာကပ် ရှစ်သောင်း လေးထောင် တိုင်တိုင်။ တိဋ္ဌန္တိ၊ တည်ကုန်၏။ တေပိ၊ ထိုနေဝသညာ နာသညာ, ယတန, နတ်တို့သည်လည်း။ ဒွိစိတ္တေဟိ၊ စိတ္တက္ခဏနှစ်ချက်တို့နှင့်။သမောဟိတာ၊ဟာကွဖြစ်ကုန်၍ နတွေ၀တိဋ္ဌန္တိ၊ မတည်ကုန်သည် သာလျှင်တည်း။

**လိုရင်းက**။ရုပ်နာမ်နှစ်ရပ် ပရမတ်ကိုသိစေလိုသည်။ သိဟန်ကား။ ဤတလောကလုံးမှာ ဘုံသုံးရွာတွင်၊ စိတ် စေတသိက်, ရုပ်, နိဗ္ဗာန်, အားဖြင့်၊ ပရမတ်တရား လေးပါးရှိ၏။လေးပါးပြင်မရှိ၊ သက်သက်မရှိ၊ ဘိတ်မရှိ၊ အလျဉ်းမရှိ၊ ထိုပရမတ် လေးပါး ရှိသည့်တွင် (နိဗ္ဗာန် ပညတ်၊နှစ်ရပ်ဓမ္မ၊ဖြစ်ကင်းပ၊ကာလဝိမုတ်ကြ)ဟူသော အရ၊ နိဗ္ဗာန်နှင့် ပညတ်မှာ ဝိပဿနာ အရာအားဖြင့် အသုံးမကျဟု သိရမည်။ ဝိပဿနာ အသုံးကျသည့်မှာ၊ စိတ်, စေတသိက်, ရုပ်, အားဖြင့် သုံးပါးရှိ၏။ ထိုစိတ် စေတသိက် ရုပ်ပြင်မှတပါး ရှာဘွယ်မရှိ၊ ထို့ကြောင့်၊ ဝိပဿနာအရာမှာ မြင်မြင်သမျှ၊ ကြားကြားသမျှ၊ နံနံ သမျှ၊ လျက်လျက်သမျှ၊ တွေ့ထိသမျှ စသည်တို့မှာ၊စိတ်, စေတသိက် ရုပ်ချည်းသာဟု သိမှတ်ရမည်။

**သိမှတ်ပုံကား။** မိမိလက် စသည်ကိုမြင်လျှင်၊ စိတ်, စေတသိက်, ရုပ်, ဟူ၍သာမှတ်။ သစ်ပင်, သစ်ရွက်, တုံး, ဖျာ, စသည်ကိုမြင်လျှင်၊ စိတ်, စေတသိက်, ရုပ်, ဟူ၍မှတ်။ ဤသို့ စသည်ဖြင့် စကြာဆိုင်ရာ, သောတဆိုင်ရာ, စသည်တို့ကို အကုန်အစင် ဉာဏ်ကုန်နှင်၍ မြင်ကြလေ၊ သိကြလေ။ အဘယ့်ကြောင့်နည်း။ စိတ်, စေတသိက်, ရုပ်ပြင်မှတပါး၊ အခြား မရှိသောကြောင့်တည်း။

**ဤအရာမှာ** - သစ်ပင်, တုံး, ဖျာ, စသည်တို့မှာ၊ အဝိညာဏက အသက်မရှိ၍ မသိကြ၊ လူ, နတ် စသည်တို့မှာသာအသက်ရှိ၍၊ ထိုလူနတ်စသော သဝိညာဏကတို့က၊ ခေါ်ဆိုရသော တုံး, ဖျာ, စသော စကား မဟုတ်လား၊ ဟူငြားအံ့။ ဤစကားမှာ၊ ဂန္ထာရုရ အလိုအားဖြင့် ဟုတ်မှန် ပြောဆိုသင့်၏။ ဝိပဿနာနှင့်ဖြင့် မသင့်။ မသင့်ပုံက၊ စိတ်, စေတသိက်, ဟူသော နာမ်တရားသည်၊ တုံး, ဖျာ, စသည်တို့မှာမရှိ။ သူငါ စသော သတ္တဝါမှာသာ၊ စိတ်, စေတသိက်, ဟူသော နာမ်တရားရှိသည်ဟု ထင်လွဲစွဲမှားခြင်းသည်၊ ဒိဋ္ဌိစေတသိက် ဟူ၍ သာမှတ်။ အထူးသတိထား၊ ပညာမြင်မှာမူကား။ ပရမတ်တရားမှန်က ဘယ်နေရာဘယ်ဌာနသဏ္ဌာန် ပမာဏမရှိ မရအပ်သော ပရမတ်တရား ထင်ရှားရှိကြောင်းကို-

ဝိညာဏံ အနိဒဿနံ၊ အနန္တံ သဗ္ဗတောပဘံ။
(မြဟ္မနိမန္တနသုတ် ပါဠိတော်)

ဝိညာဏ်၊ အနိစ္စခေတ် ပရမတ်ဖြင့်သာသိအပ်စွာ၏။ အနိဒဿနံ၊ အနိစ္စခေတ် ပရမတ်၏ ရှေးနောက်ကာလ ရပ်ဌာနနှင့်။ သဏ္ဌာန်ပမာဏ၊ ညွှန်ပြခြင်းငှာ မထိုက်။ အနန္တံ၊ အနိစ္စခေတ် ပရမတ်အလုံး ဘယ်တုံးကစ၊ ဆုံး ဘယ်မှာ၊ အစ အဆုံး နှစ်ပါးလုံးမရှိအပ်။ သဗ္ဗတော ပဘံ၊ဘယ်ခါမပြတ်၊ခပ်သိမ်းရပ်၌၊ အနိစ္စခေတ်၊ပရမတ် တရား၊ ထင်ရှားရှိန်ရှိန် ထိန်ထိန် လင်းလင်း၊ ဝင်းဝင်း တောက်ရှိ၏။

**လိုရင်းက**။ခပ်သိမ်းရပ်၌ ပရမတ်တရား ရှိ,ဟူသော စကားမှာ၊ (ဥပမာကား)ပတ္တမြားမရှိသော ကုလားကို မြန်မာက ဤသို့မေးရာ၏။ ''ကုလား သင့်မှာ ပတ္တမြား ရှိ၏ လားဟု'' မေးသောအခါ၊ ကုလားက '' ငါ့မှာ ပတ္တမြား မရှိဘူး၊ရှိတယ်ဟု''ပြောလေရာ၏ ထိုကုလား ၏ စကားသည်၊ ပတ္တမြားမရှိဒါ သူ့မှာ ရှိသည့်ကား၊ လွန်စွာ ထင်ရှားရှိသကဲ့သို့။ထို့တူမခြား ပရမတ် တရား မှန်က ပရမာ ဏုမြူတခြမ်းကို အစိတ် တသန်း စိတ်၍ တစိတ်စာမျှ သဏ္ဌာန်ဒြပ် အဖတ် အထယ် တကာယ် မရှိအပ်သော ပရမတ္ထ သဘောသည် ခပ်သိမ်းသော အရပ်၌ ရှိ၏ဟု ဟောတော်မူသည်။

**ရှိပုံမှာ**။ ။ရှေးရှေးသောအခါ၊ ကမ္ဘာဘာက ပြုခဲ့ ကြသော ပရမတ်စစ် ခေတ်နှစ် စေတနာသည်၊ ထိုပြုစဉ် အခါကပင်။စိတ္တက္ခဏတချက်မျှနှင့် ချုပ်ပျက်ကွယ်သုဉ်း

ပျောက်ဆုံးခဲ့ပြီးဖြစ်ပါလျက်နှင့်လည်းထိုစေတနာသည် ကမ္ဘာဘာတွေ လွန်ဆုံးလေလည်း မကြေ မပျက်ကြ။ ဤဘဝ၌ ဓမ္မပုဥ္ဇသဏ္ဍာနမှာမိုဃ်းပေါ်ကြပမာ၊ဘာသာ အလျောက် အလေ့ပေါက် လာတဲ့၍၊ ရတ်တရက်ကျ အမျိုးမျိုး အသီးသီး၊အကျိုးကြီးရ ကမ္ဘာပစ္စည်း နည်း အသွယ်သွယ် လွန်ဆန်းကြယ်သော သဘော အဟုံ အဖုံဖုံသည် မကုန်နိုင်နည်း လက်ခုတ်တီး၍ ပဋ္ဌာန်း ကျမ်းကြီးမှာ ပညာနှင့်သာ ယူကြပါလေ ဉာဏ် ကဝေတို့။

ထို့ကြောင့် မဟုတ်လော- "ကမ္မဝိပါကော အစိန္တေယျော"ဟူသောအရသစ္စသဘော၊အဆုံးမသတ် မသုံးအပ်သော လောကဓာတ်ကြီး၏အကြောင်းပစ္စည်း ပညတ်မကပ် ပရမတ်ထီးထီး အသီးဆတ်ဆတ် ပြော ဟော အပ်သော သဘော မြတ်ကြီး ပါပေတည်း။ ဤအရာမှာ "သန္တာဓမ္မာ"ဒေသနာအရ သဘာဝကို ပြသည်ဟု မှတ်ပါ။ "အသန္တာဓမ္မာ" ဒေသနာ အရမှာ။

နိဗ္ဗာနံပနနိဗ္ဗာနန္တိ ပဝုစ္စတိတိ သမ္ဗန္ဓော။ လ။ မဟေသယောမုန္ဓါ။ ဟူသော....

(ပရမတ္ထဒီပနီဋီကာ ရုပ်ပိုင်းမှာယူပါ။)

**ထင်ရှားစေဦးအံ့။** စက္ခုဝိညာဏ်စိတ် ဆိုသည်မှာ ရူပါရုံနှင့် စက္ခုပသာဒ ပေါင်းဆုံ ရောထွေး စုဝေးမှုကြောင့်၊ မြင်သိမှုကို စက္ခုဝိညာဏ်ဟု ဆိုသည်။ ထို စက္ခုဝိညာဏ်သည် ရူပါရုံထဲကလည်း မဟုတ်။ စက္ခုပသာဒထဲကလည်းမဟုတ်။ ထိုပသာဒ ရူပါရုံ နှစ်ပါးစုံ အကြားထဲကလည်းမဟုတ်။ ဥပမာပုံ၊ တခုသောဝတ္ထုနှင့် တခုသော ဝတ္ထုကို ရိုက်နှက်ရာမှာ၊ ထိုရိုက်နှက်သော ဒါဏ်ချက် ကြောင့်သာ နာကြင်မှု အတွက်နှင့် ထွက်ပေါ်သော အသံကဲ့သို့။ ထို့တူပမာဏ၊ ရူပါရုံ, စက္ခု, ပသာဒ, ပေါင်းဆုံမှု ကိစ္စကြောင့်၊ ပေါ်ထွက်သော သဉ္ဇါရအနိစ္စကိုပင် စက္ခုဝိညာဏ်ဟု ဆိုသည်၊ ခေါ်သည်။

**ထင်ရှားစေဦးအံ့။** ။ဤလောကဥ္စ၊ မရဏာဓာတ်၊ ပရမတ်သဘောသည် လောကနှင့်အမျှ၊ မရဏာတရား ထင်ရှားပြည့်နက် ရှိ၏။ ထို မရဏာတရားသည် သတ္တဝါတွေ သေသည်ဖြစ်စေ၊ မသေသည်ဖြစ်စေ၊ ထိုအသေက သေစေတတ်သော သဘော, သေစရာသဘော, သေမဟာ့သဘော, သေမဲ့သဘောက, ထာဝစဉ် ထာဝရ၊ သဘာဝမျှ၊ မရဏာဓာတ် ပရမတ်တရား ထင်ရှားရှိန်ရှိန် ထိန်ထိန်လင်းလင်း ဝင်းဝင်းတောက် ရှိသည်ကို သိစေလိုသည်။ ထို့တူပမာဏ စက္ခုပသာဒ ရူပါရုံ၊ ပေါင်းဆုံ ထိခပ်မှုကြောင့် ဖြစ်သော၊ မြင်သိ သဘောမျှ စက္ခုဝိညာဏဓာတ် ပရမတ်သည်။ သိစေတတ်သောသဘော

သိစရာ့သဘော, သိမဟာ့သဘော, သိမဲ့ သဘောက၊ ရူပါရုံ စက္ခုပသာဒ ပေါင်းဆုံရောထွေး၊ စုဝေးမှု မျှကြောင့်၊သိဟူသော အမူအရာ ကြွယာခေတ်သမုပ္ပါဒ်ကိုပင်၊ စက္ခုဝိညာဏ်ဟု ဆိုသည်။ ခေါ်သည်။

ထို့အတူ။သောတပသာဒနှင့်သဒ္ဒါရုံ,ဃာနပသာဒနှင့် ဂန္ဓာရုံ, ဇိဝှါပသာဒနှင့် ရသာရုံ, ကာယပသာဒနှင့် ဖေါဋ္ဌဗ္ဗာရုံ, ဟဒယဝတ္ထုနှင့်ဓမ္မာရုံ ပေါင်းဆုံ ရောထွေး စုဝေးမှုဟူသော သမုပ္ပါဒ်ခေတ် ပရမတ်တရား ထင်ရှားရှိန်ရှိန်၊ ထိန်ထိန် လင်းလင်း၊ ဝင်းဝင်း တောက်အပ် ခပ်သိမ်းသော အရပ်၌ ပရမတ် သဘာဝ ထာဝစဉ် ထာဝရ၊ ထင်ရှားလှသည်ကိုပင် ပြောင်ပြောင် စင်စင် ကြောင်ကြောင်ကြီး မြင်စေလိုသည်။

**ဥပမာမြင်စေရန် ပဲ့တင်သံ ကဲ့သို့တည်း။**ပဲ့တင်သံ ဟူသည် အဘယ်နည်း။ တောကြီး တောင်ကြီး စသည် တို့၏အနီး၌ နေ၍၊ ဟေ့....စသည်ဖြင့် ခေါ်ငင်ပြန်လျှင် ထိုအသံကလည်းတခြား၊ တောတောင်ယံမှ ကြုံးကျော် သံကလည်းတခြား။ထိုကြုံးကျော်သောပဲ့တင်သံသည် တောတောင်ယံထဲမှာလည်း မရှိ။ထိုသူ၏ခေါ်သံလည်း မဟုတ်။ ထိုသူခေါ်သော အသံနှင့် တောတောင်ယံ၏ အကြားကလည်း မဟုတ်။ ထို ပဲ့တင်သံသည် ထိုတော တောင်၏ ခေတ်ထူးနှင့် ထိုအနီး၌ ခေါ်သောသူ၏

အသံနှင့် ပေါင်းဆုံရောထွေး စုဝေးမှုဒါဏ်ချက်ကြောင့် ပေါ်ထွက်သော ပဲ့တင်သံကဲ့သို့တည်း။

ဤအရာက၊ သဝိညာဏက အဝိညာဏက သိသာလှ၏။ သိသာပုံက ပဲ့တင်သံ ထွက်နိုင်သော အရပ်ဌာနနှင့် သဝိညာဏက တူကြ၏။ ပဲ့တင်သံ မထွက်နိုင်သော အရပ်ဌာနနှင့် အဝိညာဏက တူကြ၏။ ဤအရာမှာ သိသာမှတ်လွယ် အဓိပ္ပါယ်ကျဉ်း လိုချင်းကိုပြမည်။

မြင်,ကြား စရှိ၊ ကြံသိသမျှ၊ သင်္ခါရက၊ အနိမိတ္တ
အနိစ္စကောန်၊ ဒုက္ခမှန်သည့်၊ ပစ္စုပ္ပန်ကို၊ ရပ်နာမ်
ပြောရ၊ ဓမ္မဆတ်ဆတ်၊ ပရမတ္ထ၊ သစ္စသဘော၊
ပညာဇောပင်၊ ဝိညာဏ်မြင်ကြံ လောကမှန်မှာ၊
တောသံ တောင်သံ၊ ပဲ့တင်သံသို့၊ သူဟန် ငါ
ဟန်၊ ထင်မြင်ပြန်၍၊ ဖန်ဖန် ခါခါ၊ ဉာဏ်ပညာမှာ
ရှာသော်နှယ်မူ၊ ဘယ်လူ ဘယ်ဝါ၊ ဘယ်ဘယ်
ဟာမှ၊ ရှာဘာမရ၊ မုချသဘော၊ စင်စစ်ပြောက၊
ခဏာမခြ၊ ဆင်းရဲစွာလှ၊ စိုးမရသည့်၊ ဓမ္မအမှန်၊
သယံဇာတ၊ ထာဝရခွာ၍၊ ပရမတ္ထ၊ ရှိသမျှက၊
အနိမိတ္တ၊ အရိယသစ္စာ၊ မြတ်ဓမ္မာသည်၊ ပမာ
နေ့,လ ထင်ရှားတည်း။

**သတိမူလိုက်ကြ**။ ။ဝိပဿနာ ရှုသော ခဏာမှာ၊ ဤတလောကလုံးကို မလို၊ မိမိကိုယ်၌ ရှုခိုက်ခဏာ ရုပ်နာမ် သင်္ခါရ အနိစ္စက အတိတ် အနာဂါတ်မရ၊ ပစ္စုပ္ပန်ခဏ

ဥပါဒ်, ဘင်မျှ၊ အနိစ္စကိုသာ ဒုက္ခသစ္စာဟု ရှုရမည်။ လိုရင်းသဘာဝ ပညာမြင် အနိစ္စက ဘုရား ရဟန္တာ များမှာ၊ မမြဲသဘောမျှသာ ထာဝစဉ် ထာဝရ တိုးဆုပ် နဲ့များမရှိ၊ပကတိသော သယံဇာတ သဘာဝကြီးကိုပင် ပြောင်ပြောင် စင်စင် မြင်တော်မူကြရာ၏။

ပုထုဇ္ဇန် သူငါတို့က မနေ့က ငါပင်၊ခုနေ့ဟု ထင်၏။ အခုတင်က ငါပင်၊ အခု ရှိသည်ဟု၊ ထင်လွဲ စွဲမှား၍ နေကြ၏။စင်စစ်မှာမူကား။မမြဲဟုမြင်လျှင်လည်းမမြဲသာ ရှိသည်။ မြဲသည်ဟု ထင်လျှင်လည်း မမြဲသာ ရှိသည်။ လိုရင်းက၊ ထင် မထင်မှာ ပဓာနမဟုတ်။ မမြဲသဘာဝ ထာဝရကြီးကိုပင် ပြောင်ပြောင် စင်စင် ကြောင်ကြောင် မြင် ရှင်းလင်းသောအခါ အနိမိတ္တ အနိစ္စအရာ ဒုက္ခ သစ္စာကိုပင် မြင်သောသူမည်၏။ ဤသို့လျှင် အဟုတ်မြင် အမှန်သိက သမ္မာဒိဋ္ဌိ၊ ညဏ်မျက်စိမှ၊ သဝိညာဏက၊ အဝိညာဏက၊ ရှိရှိသမျှ၊ ရူပ,သဒ္ဒ, စသည်ဥဿုံ အာရုံ ခြောက်ပါးကလည်း ပရမတ္ထ သဘာဝအနိစ္စ၊ စက္ခု, သောတ, စသော ဝိညာဏ်ခြောက်ပါး၊ အာရမ္မဏိက တရားကလည်း ပရမတ္ထသဘာဝ အနိစ္စ။

သာယာမှု လောဘ၊ ကြမ်းထမ်းမှု ဒေါသ၊ မိုက်မဲမှု မောဟ၊ ငါထင်မှု၊ ကိုယ်ထင်မှု၊ လူထင်မှု၊ နတ်ထင်မှု၊ ဒိဋ္ဌိစေတသိက်ကလည်း ပရမတ္ထသဘာဝ အနိစ္စ။ ဤသို့ စသော ပရမတ္ထချင်း ပရမတ္ထ၊ အာရုံ အာရမ္မဏိက၊

သဘာဝချင်း သဘာဝ၊ထိခိုက်ကြသော ဒဿနသဘော သဝန သဘော၊ ဃာယန သဘော၊ သာယန သဘော၊ ဖုသန သဘောမှ သဘောစုကလည်း။ သူ့ပရမတ္ထ၊ သူ့ သဘာဝတရား။ ပစ္စယာကာရ တဆဲ့နှစ်ပါး ဟူသော ပဋိစ္စသမုပ္ပါဒ်နည်း၊နှစ်ဆဲ့လေးပစ္စည်းဟူသော်ပဋ္ဌာန်း နည်း။ပစ္စည်း၊ သဘာဝ၊ ဧကတ္တ၊ နာနတ္တ၊ အဗျာပါရ၊ ဧဝံဓမ္မတာ နည်းလေးဖြာအမြဲ၊ ထာဝစဉ် ထာဝရ၊ သဘာဝ ခပဲတို့၊ အလေ့ပေါက် ဖြစ်နဲ့ကို ဉာဏ်ထဲတွင် ရှင်းရှင်း လင်းလင်းကြီး ဝင်လာ၍။

သင်္ခါရာဝ သင်္ခါရေ ဝိပဿန္တိ၊ သမ္မသန္တိ။
ဝဝတ္ထာပေန္တိ၊ ပရိဂ္ဂဏှန္တိ၊ ပရိစ္ဆိန္ဒန္တိ။ ။
ဟု ရှုအပ်၏။ ။

သင်္ခါရာဝ၊သင်္ခါရတရားတို့သည်သာလျှင်။သင်္ခါရေ၊ သင်္ခါရ တရားတို့ကို။ ဝိပဿန္တိ၊ရှုမြင်ကုန်၏။ သမ္မသန္တိ၊ သုံးသပ် ကုန်၏။ ဝဝတ္ထာပေန္တိ၊ မှတ်သား ကုန်၏။ ပရိဂ္ဂဏှန္တိ၊သိမ်းဆည်းကုန်၏၊ပရိစ္ဆိန္ဒန္တိ၊ဆုတ်ဆိုင်းမရှိ ဟုတ်တိုင်းသိ၍။ ရှိမဲ့ချက်ကုန်၊ ဇီဝသုံးသည့်၊ လုံးစုံသမ္ဘူ၊ သင်္ခါရတရားတို့ကို ပိုင်းခြားထင်ထင်၊ ရှုမြင်ကုန်၏။

ဟူသည်နှင့်မခြား၊ သင်္ခါရ တရားတို့သည် သာလျှင် သင်္ခါရ တရားတို့ကို ရှုကုန်၏။ သုံးသပ် မှတ်သား

သိမ်းဆီး ပိုင်းခြားကုန်၏ဟု "ကြမ်း, လပ်, အနု, သုံး ခုသော မှိုင်းတိမ်ကို လေသုံးကြိမ် ပယ်ရှား၍ ပုဏ္ဏား လ,ကို မြင်သကဲ့သို့" သစ္စာ လေးချက်ကို တပြိုင်နက် မြင်၏။ မြင်လိမ့်မည်။ မြင်အောင်ကြည့်ပါ။ ဤကဲ့သို့ မြင်သည်ကိုသာ သောတာပတ္တိ၊ မဂ်, ဖိုလ်, စသော ပုဂ္ဂိုလ်ဟုဆိုသည်၊ ခေါ်သည်။ သတိမူပါ။

**ထင်စွာ ပြဦးအံ့။** ။ဝိပဿနာ ရှုသော ခဏမှာ၊ အနိစ္စမမြဲ ဆိုလျှင်ဘဲ ခန္ဓာငါးပါးဖြစ်၏။ အဘယ့် ကြောင့်နည်း၊ အသံမှာ ရူပက္ခန္ဓာပြောဆိုမည်ဟု၊ကြံစည် မှုကား။ နာမ်ခန္ဓာ လေးပါး။ ဤကား၊ ခန္ဓာငါးပါး၊ ဖြစ်၏။

**ထင်ရှားစေဦးအံ့။** ။စက္ခုနှင့် ရူပါရုံ၊ ပေါင်းဆုံ ရောထွေးစုဝေးမှုမျှ အနိစ္စမျှကိုသာ ရုပ်နာမ်ခန္ဓာ ခေါ် သည်ဟု ရှုပါ။မြင်ပါ။မြင်ပုံမှာ....ရူပါရုံသည်၊ရူပက္ခန္ဓာ။ ရူပါရုံဟု သိမှုမှာ၊ ဝိညာဏက္ခန္ဓာ။ ဖဿော၊ ဝေဒနာ၊ သညာ၊စေတနာ၊ဧကဂ္ဂတာ၊ဇီဝိတိန္ဒြိယံ၊မနသိကာရော စေတိ၊ သတ္တိမေစေတသိကာသဗ္ဗ စိတ္တသာဓာရဏာ နာမ။ ဟူသောအရ ဝေဒနာ ဝေဒနာက္ခန္ဓာ၊ သညာ၊ သညာက္ခန္ဓာ။ ဖဿ၊စေတနာ၊ ဧကဂ္ဂတာ၊ ဇီဝိတိန္ဒြိယ၊ မနသိကာရ၊ ဤစေတသိက် ငါးခုမှာ သင်္ခါရက္ခန္ဓာ အားဖြင့် ပေါင်းသော် ခန္ဓာငါးပါးဖြစ်၏။

**လိုရင်းက**။ရူပက္ခန္ဓာ၊ဝိညာဏက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ၊ ဝေဒနာက္ခန္ဓာ၊ သညာက္ခန္ဓာ အားဖြင့် ခန္ဓာ ငါးပါး၊ ရုပ်နာမ် တရားတို့သည်၊ ရှိန်ရှိန် သုတ်သုတ်၊ သိမ့်သိမ့် လှုပ်မငြိ၊ဆင်းရဲစွာလှ၊စိုးမရသော၊ ထာဝစဉ် ထာဝရ၊ ရေခဲ့နဲ့ တိုးဆုတ်ခြင်းမရှိ၊ ပကတိသဘာဝ၊ အနိစ္စကိုသာ ဒုက္ခသစ္စာဆိုသည်။ဤအရာမှာ ဗဟိဒ္ဓကိုမလို၊မိမိအဇ္ဈတ္တမှာ၊မိမိကိုယ်ကိုသာရှုပါ။မြင်ပါ။မြင်ပုံကားသူတပါးဟု မြင်ကြားမှု စသည်ကား၊ မိမိခန္ဓာငါးပါး၊ အနိစ္စတရား သာတည်း။

မြဟ္မာပြည်,ငရဲပြည်ဟု သိသည်ကား၊မိမိခန္ဓာငါးပါး အနိစ္စတရား သာတည်းဟု ရှုမြင်ရမည်။ သည်အနား၊ ဟိုအနား၊ သူတပါးက၊ အစဖြာ၍၊ ဗြဟ္မာ, ငရဲ၊ အနဲနဲ့ အဖြာဖြာ၊ဘုံသုံးရွာ အနိစ္စ၊ရှိ မရှိက၊မိမိမှာ အသုံးမကျ။ မကျပုံက ဘုံသုံးရွာစသော တလောကလုံးမှာ မနောဝိညာဏ်ကသာ ထင်ရုံခါမျှ ထင်ကြရသည်။ ဗဟိဒ္ဓမှာ ဘုံသုံးရွာ စသည်ခရှိ၊ ဘုံသုံးရွာဟု သိမှုကိုပင် မနောဝိညာဏ်ဟု သဗ္ဗညု ဘုရားက အများ သိအောင်ပင် ပညတ်တင်၍ ဟောတော်မူသည်။

ဤအရာက ဝိပဿနာကို ပြသည်။ လိုရင်းက မိမိအဇ္ဈတ္တ အနိစ္စကိုသာ ရုပ်နာမ်ခေါ်သော ဒုက္ခသစ္စာမျှ ပကတိသဘာဝကြီးကို မြင်စေလိုသည်။မြင်ပုံမှာ "ဒကေ ရာဇိ "ဟူသောအရ။ ဒကေ၊ ရေအပြင်၌။ ရာဇိဝိယ၊စ၊

အရေးအသား ကဲ့သို့ငင်း။ စသည်နှင့်ညီစွာ၊ ရေပြင်မှာ ဒုတ်သေးနှင့် ရေးလုပ်သော အရုပ်မှာ ထိုရေးသော သူသာလျှင် သူ့သညာမြင်၊အရုပ်အသွင်၊သူ့စိတ်တန်း မှန်း၍ထင်၊ သူ့စိတ်တွင်မြင်သော အရုပ်ကဲ့သို့။ ထို့တူ ပမာဏာ ငါဟုထင်မှု၊သူဟုထင်မှု၊ယောက်ျားဟု ထင်မှု၊ မိန်းမဟု ထင်မှုစသော သတ္တဝါက စိတ်ထင်မျှဟု သိ ရမည်။ရေပြင်ပမာဏာကဲ့သို့ရုပ်နာမ်နှစ်ဖြာဒုက္ခသစ္စာကို မြင်စေလိုသည်။ သတိမူပါ။

ထို့ကြောင့် မဟုတ်လော—

အဒဿနတော အာယန္တိ၊ ဘဂ်ါဂစ္ဆန္တ္တိ ဒဿနံ။
ဝိဇ္ဇုပ္ပါဒေါဝ အာကာသေ၊ ဥပ္ပဇ္ဇန္တိ ဝယန္တိစ။
ဟု ဟောတော်မူ၏။

အဒဿနတော၊ မမြင်ရရာ၊ အနာဂတ၊ အဘာဝ အဖြစ်မှ။ အာယန္တိ၊လာ၍အသစ်၊ပေါ်ဖြစ် လာကုန်၏။ ဘဂ်ါ၊ချုပ်ပျက်ကုန်ပြီးသည် ရှိသော်လည်း။ အဒဿနံ၊ မမြင်ရရာ၊ အဘာဝစစ်၊ အတိတ်အဖြစ်သို့။ ဂစ္ဆန္တိ၊ ရောက်လေကုန်၏။ အာကာသေ၊ ပဇ္ဇုန် ရိက်ချုန်း၊ ချိမ့်အုံးထက်ခွင်၊ မိုဃ်းကောင်းကင်၌။ ဝိဇ္ဇုပ္ပါဒေါဣဝ၊ ပြိုးပျက်လျှံလင်း၊ လျှပ်စစ်၏ ဖြစ်ခြင်းကဲ့သို့။ ဥပ္ပဇ္ဇန္တိစ၊ ဖြစ်လည်း ဖြစ်ကုန်၏။ ဝယန္တိစ၊ ပျက်လည်း ပျက် ကုန်၏။

ဟူသော အနိစ္စ ဓမ္မသဘောကိုသာ ပြောဆိုကြံဖန် ရာသည်။ ထိုသို့မဟုတ်၊ ပုဂ္ဂိုလ်သတ္တဝါ၊ စိတ်သညာနှင့် ထင်ရာသဘော၊ ပြောဆိုကြံဖန်လျှင် သမ္မာမစင်၊ မိစ္ဆာ ယှဉ်သော၊ စိတ်သညာတွင် ပညတ်ဝင်၍၊ ထင်ချင် တတ်တိုင်း၊ အလှိုင်းများစွာ၊ ရှေ့ကမ္ဘာ နောက်ကမ္ဘာ၊ ထွေထွေ ရာရာ၊ ပညတ်လာ၍၊ သတ္တဝါမပျောက် ရောက် တတ်ရာဝယ် ပညတ်တွယ်လျှင်၊ လောကနယ်လျှော်၍ ပရမတ်သို့မပေါက်၊ လောကုတ္တရာသို့ မရောက်ဘဲသာ နေတတ်ပါသည်။ သတိမူပါ။

**လိုရင်းက။** ။ဝိညာဏ်မြင်နှင့်၊ ပညာမြင်က၊ ညီမျှ အောင်ပင်၊ မြင်စေလိုသည်၊ ဝိညာဏ်မြင်ကို ပြမည်။ ညဉ့်မှောင်မိုက်ခန်း၊ မီးကိုရမ်းဘာ၊ လျှင်မြန် လှသော၊ သဘောအတွက်၊ အစဉ် ဆက်စပ်၊ မျှင် မ ပြတ် သော၊ သန္တတိ ပညတ်ကိုပင်၊ အမြင်က နှေးထိုင်း၊ အသိက သေးမှိုင်းသော စိတ်သညာအတိုင်းနှင့်၊ မီးစက်ဝိုင်းထင် ကြောင်ကြောင် မြင်ကဲ့သို့၊ ထို့အတူ အနိစ္စခတ်၊ စဉ်မပြတ်ကို၊ လူ, နတ်, တိရစ္ဆာန်၊ ပုံသဏ္ဌာန်သာ၊ ဟန်မူ ရာကို၊ သတ္တဝါစွဲ၊ အနဲနဲ အဖြာဖြာ စိတ်သညာတွင်၊ သိ, မြင်, မှတ်သော၊ ပရမတ် အချပ်နှင့်၊ ပညတ် အရိပ်၊ ထင်နိမိတ် ကလည်း၊ မီးနှင့် မီးရောင် နည်းသဘွယ်၊ သမုတိနယ် လောကလယ်မှာ ဘကယ်လည်း ဟုတ်၏၊ မှန်၏။ သတိမူပါ။

အရိယာသစ္စာ၊ ပညာ့မြင်မှာ၊ ပရမတ် အနိစ္စက မျက်တောင်ခပ်မျှ ထိုခဏမှာ၊သိန်းကုဋေမက၊ လျင်မြန် လှသော်လည်း(ဥပမာန)ဝိသယခေတ်၊ဖြစ်ပျက်သင်္ခါရ အနိစ္စနယ်၊မကွယ်မသုဉ်း၊မဆုံးကျယ်ခြင်းမှာ၊ အနတ္တ၏ နယ်အတွင်းသာ၊ ဖြစ်လာရသို့ ငှင်း။ ထိုထို သဘာ၀ အစစလဲ၊ဩကာသထဲကမလွဲရသို့ငှင်း။သင်္ခတဓါတ်တွင် အမြတ်ဘုရင်၊ ပညာမြင်မှာ အစဉ်မစပ်၊ အမျှင်ပြတ်၍ ယုတ်မြတ်မရ၊ ကြောင်းနှင့် ကျိုးမျှ၊ အနိစ္စဟု၊ နိမိတ် လွတ်ကင်း၊ ကြည်လင်ရှင်း၍၊ လင်းကြီး လင်း၏။ ဤ လင်းကြည်သောခေတ် ပရမတ်ကိုသာ သောတာပတ္တိ မဂ်ဖိုလ် စသော ပုဂ္ဂိုလ်ဟု ဆိုသည်၊ ခေါ်သည်။ သတိ မူပါ။

**လိုရင်းသဘောက။** ။လောကဓမ္မ၊ ဌာနဖြာဖြာ၊ အရာရာမှာပင်၊ ဝိညာဏ်ပညာ၊ မြင်နှစ်ဖြာက၊ ချိန်ခွင် လျှာပမာဏ၊မသာမလို၊မပိုမလျော့အောင်ပင်၊ပေါင်ဝင် မြင်ရမည်။ပေါင်ဝင် ဆိုသည်မှာ၊ (ဥပမာန) ဥပါဒ်နှင့် ဘင်သည် ညီမျှသကဲ့သို့။အညီအမျှ သိမြင်ရမည်။ သိစေ လိုရင်းကား၊ ထိုသတ္တဝါဟု ခေါ်ဆိုမှုက၊ ပန်းချီ,ပန်းပု ထုလုပ် ရေးထားသော ဆေးသစ်သားကို ယောကျ်ား ရုပ်, မိန်းမရုပ်၊ သမုတ်သည့်ပမာဏ၊ ရုပ်နာမ် သင်္ခါရ၊ အနိစ္စ၏၊ အရိပ်မျှသာ သတ္တဝါဟု ခေါ်ဆိုမှုကို သိရာ၏။

**တနည်းကား။** ထင်လျှားစွာသော အိပ်မက်သည် မည်သူ၏ မျက်လုံး၊ မည်သူ၏ မျက်တောင်ကို ကြောင်ကြောင်ကြီးပင် မြင်မက်လေရာ၊ နိုးသောအခါ ရက်,လနှစ်မှာ ဘယ့်လောက်ပင် ကြာကြာ ထို အိပ်မက်ကောင်ကိုသာ ကြောင်ကြောင်ကြီးထင် မြင်သကဲ့သို့။

ထို့တူပမာ။ စိတ်သည်ာမှာ၊ လောကသစွာ၊ ပညတ်မျှသာ၊ သတ္တဝါဟု ကြောင်ကြောင်ကြီးထင် မြင်မှုကိုသာ အိပ်မက်ရပ်ဟု ဆိုသည်။ ဥပါဒ်, ဋ္ဌီ, ဘင်၊ ဖြစ်ပျက်စဉ် သန္တါရ၊ ခန္ဓာငါးပါး၊ ရပ်နာမ်တရားကို အိပ်မက်ရပ်ဟု ဆိုသည်မဟုတ်။ သတိထားပါ။ တနည်းပြမူ၊ လွမ်းတ, သူမှာ၊ စိတ်သည်ာသွေး၊ စိတ်ဆောင်ပေး၍၊ တရေးရေး ထင်မိ မြင်မိ၊ ကြောင့်ကြောင်ရှိ အသွင်၊ စိတ်အထင်မျှ။ တနည်းပြလျှင်၊ ဥဂ္ဂဟာတွင်၊ ကသိုဏ်းခွင်မှာ၊ ထင်သည် ပမာဏ၊ အနိစ္စခံတ်၊ ပရမတ်၏၊ အတ္တိပစ္စယ၊ သတ္တိမျှဟုန် အာရုံ အာရမ္မဏိက၊ သဘာဝချင်း သဘာဝ၊ အနိစ္စနာမ် စိတ်ကြံ သဘောကို " ဒိဋ္ဌေဝ ဘိက္ခဝေ စရဏံနာမ စိတ္တန္တိ၊ လ။ စိတ္တညေဝ စိတ္တတြန္တိ " ဟူသော (သံယုတ်ပါဠိတော်အရ။)

တဿ စရဏံနာမစိတ္တန္တိ ယဿ ဝိစိတြာနိ ဒိဗ္ဗဝိမာနာဒီနိ၊ စိတ္တကမ္မာနိ ကတွာ ဋဒ္ဓိဒေဝပုညံ ကရောန္တာ ဋမဝိဓေ နိမ္မတ္တာတိ ဒဿေန္တာ ဝိစရန္တိ။

စသည်ဖြင့် အကျယ်ကိုလိုမူ၊ သဘောဖျူတ္တိမှာ၊ ပါဠိ အဋ္ဌကထာ၊ ဒေသနာသဘာဝ၊ အတိဂမ္ဘီရ၊ ကိလိဋ္ဌကို၊ ဝိနိစ္ဆယနှုန်း၊ အဆုံးအဖြတ်ကို၊ နိဂုမ်းသတ်၍ ပြတော်မူအပ်သော (ဤပရမတ္တ ဒီပနီဋီကာမှာ) ပညာနှင့်သာ အခါခါ ယူပါ။

တတ္ထ၊ ထိုသံယုတ်ပါဠိတော်၌။ စရဏံနာမစိတ္တန္တိ၊ ဟူသည်ကား။ ယတ္ထ၊ အကြင်ပြပုံကား၌။ ဝိစိတြာနိ၊ ဆန်းကြယ်ကုန်သော။ ဒိဗ္ဗဝိမာနာဒီနိ၊ နတ်ဗိမာန် အစရှိကုန်သော။စိတ္တကမ္မာနိ၊ ဆန်းကြယ်သော အမှုတို့ကို။ ကတွာ၊ ပြ၍။ ဇုဒိဗ္ဗဒဗ္ဗပုညံ၊ ဤမည်သော ကောင်းမှု၊ ဤမည်သော ကောင်းမှုကို။ ကရောန္တာ၊ ပြုကုန်သော သူတို့သည်၊ ဇုဓစိဓေ၊ ဤမည်သောဗိမာန်၊ ဤမည်သော ဗိမာန်၌လည်း။ နိဗ္ဗတ္တာ၊ ဖြစ်ရကုန်၏။ ဇုတိ၊ ဤသို့။ ဒဿေန္တာ၊ပြကုန်လျက်။ဝိစရန္တိ၊လှည့်လည်ကြကုန်၏။

ဤပါဠိတော်လာ ဤဋီကာ လိုတော်ရိပ်က၊ အနိစ္စမျခမ္မပုဗ္ဗ၊သန္တာနကိုပင်၊သာတယှဉ်၍မြင်လေသူက၊ဤရှင် ဤလူ၊ ဤမှု နေ,လ၊ စသည်အထင်၊ သာယာနှင့်မြင်လျှင်၊ အဝိဇ္ဇာယှဉ်၊ ဒိဋ္ဌိဝင်၍၊ စိတ်သညာပြ၊ သိသာလှ၏။ နုသိလ, သုသိလ၊ စသည်ပြုလျှင်၊ ထိုအမှုနှင့်၊ ထိုသူ့ကိုပင်၊ တော်, မတော်ထင်၊ ကိုယ်ငါနှင့် မြင်လျှင်၊ အဝိဇ္ဇာယှဉ်၊ စိတ်သညာပြ၊ ထင်ရှားလှ၏။ စသည်ဖြင့် အကျယ်ကိုလိုမူ သုံးလောကဒီပနီမှာ ကြည့်လေ။

ဣတိနေကေဟိနာမေဟိ၊ ကိတ္တိတာ ယာမဟေ
သိနာ။ ဝုဋ္ဌာနဂါမိနီသန္တာ၊ ပရိသုဒ္ဓါဝိပဿနာ။ ။

ဝုဋ္ဌာတုကာမော သံသာရ၊ ဒုက္ခပဉ္ဇရာ မဟဗ္ဘယာ။
ကရေယျသတတံ တတ္ထ၊ ယောဂံ ပဏ္ဍိတဇာတိကော။

(အဋ္ဌကထာ နိဿာသနိ)

ဣတိ၊ ဤသို့။ အနေကေဟိနာမေဟိ၊ များစွာသော အမည်တို့ဖြင့်။ ဝုဋ္ဌာနဂါမိနီ၊ မဂ်သို့ ရောက်ကြောင်း ဖြစ်သော။ သန္တာ၊ ကိလေသာဟူ မီးပူခပ်သိမ်းကို ငြိမ်း အေးစေတတ်သော။ ပရိသုဒ္ဓါ၊ ထက်ဝန်းကျင် စင်ကြယ် စွာသော။ ယာဝိပဿနာ၊ မဂ်၏ တည်ရာ အကြင် ဝိပဿနာကို။ မဟေသိနာ၊ သီလက္ခန္ဓ၊ စသည်ကျေးဇူး ဂုဏ်အထူးကို ဆည်းဘူး ရှာပြီးတော်မူသော ဘုရား မြတ်သည်။ ကိတ္တိတာ၊ ဟောကြား ချီးမွမ်းတော်မူအပ်ပြီ။

မဟဗ္ဘယာ၊ ကြောက်ဘွယ်ခမန်း ဘေးဘျမ်း ကြီး စွာသော သံသာရဒုက္ခပဉ္ဇရာ၊ သံသရာဲ ဆင်းရဲ ပရပိုင် ရှုံ့ညှန်အိုင်မှ၊ ဝုဋ္ဌာတုကာမော၊ ကူးတက် ထမြောက် မဂ်သို့ ရောက်လိုသော။ ပဏ္ဍိတဇာတိကော၊ တိဟိတ် ပဋိသန် ဇာတိဉာဏ်ကြီးပေသော အမျိုးကောင်း သား သမီး,သည်။ တတ္ထ၊ ထိုမဂ်၏ တည်ရာ ဝုဋ္ဌာနဂါမိနီ၊

ဝိပဿနာဘ၌။ သတတံ၊ နေ့ရောညဥ့်ပါ အခါမပြတ် ယောဂ်၊ ပွားများ စီးဖြန်းခြင်းကို။ ဝါ၊ အရိုးကြေကြေ အရေချောက်ချောက် နောက်မတွန့်ဆုတ် အားထုတ် ခြင်းကို။ ကရေယျ၊ ပြုရာ၏။ပြုပါလေလော့။

နေရှသမံ ပရမတ္ထဋီကာဒိ° သုဋ္ဌုပိဋ္ဌိယ။
မေဒိနိမသိယာ လိခိုံ၊ ပဿေသသက်နိစ္ဆယံ။ ။

နေရှသမံ၊ နေ ရှ မည် သိ း ရွှေတောင်ကြီး မခြား အလားတူသော။ ပရမတ္ထ ဋီကာဒိ°၊ ပ ရ မ တ္ထ ဒီပနီ ဋီကာကြီး အစရှိသော ကျမ်းကို။ သုဋ္ဌု၊ ကောင်းစွာ။ ပိဋ္ဌိယ၊ညှစ်ယူ၍။မေဒိနိမသိယ ာ၊တောင်ဆိမင်ဆေးဖြင့်။ လိခိုံ၊ရေးသားစီရင်အပ်သော။သဲသက်နိစ္ဆယံ၊လ,ဝန်း ငွေရိပ် သိကြား နှိပ်သည့် ယုံရေးတံဆိပ် နှင့် တူသော ရတနာသုံးချပ်ဆုံးအဖြတ်ကို။ပဿေ၊ ရှုရာ၏။

ဤမျှတည်းသာ၊ သမုဒ္ဒရာပြင်ကျယ်၊ရေပင်လယ်မှာ၊ သွယ်သွယ် ရတနာ၊ များလှစွာကို၊ လွယ်ကာမနှေး၊ လူတွေငွေးအောင်၊ယူ၍ပေးသို၊ထို့,တူညီစွာ၊ မွေကျွန္တာ၊ ဒေသနာမှ၊ ဖွေရှာယူညှစ်၊ သဘောနှစ်ကို၊ စီစစ်၍ ပြုအပ်သော ''**ရတနာဒီပနီ**'' ဤတွင် ပြီးပြီ။ ။

တောင်ဆိမင်ဆေးဖြင့် ရေးပြအပ်သော လ,ဝန်း ငွေရိပ် သိကြွားနှိပ်သည့် ယုံရေး တံဆိပ်နှင့် တူစွာ " ရတနာဒီပနီ " ဤကျမ်းမြတ်ကို ကျက်မှတ်သိမြောက် နိမ္မာန်မှောက်သို့။ ခုဘာဝ, နောက်ဘဝ၊ ရောက်ကြ ပါစေကုန်သတည်း။ ။

ရတနာ ဒီပနီကျမ်း

ပြီး၏။

## ကျေးဇူးရှင် ကြောင်ပန်းဆရာတော်ဘုရားကြီးထံ လျှောက်လွှာ။

ဘူမဏ္ဍလိပ်၊ ဇမ္ဗူရိပ်တွင် လျှံထိပ် ဖြိုးမောက်၊ မောဠိအောက်၌၊ အံ့လောက် ကဲဆန်း၊ ပလ္လင်နန်းထက်၊ ရန်စက်ကိလေ၊ မဂ်ဖြင့်ခွေသည့်၊ ပရမေဦးဂိန်၊ မာရဇိန်သည်၊ ဇိဝိန်စံချပ်၊ အနုပ္ပါဒ၊ နိဗ္ဗာနသို့၊ မြန်းကြွပြီးနောက်၊ တည်ဆောက်ဋ္ဌကာ၊ သရီရဓါတ်၊ မွေရှင်မြတ်တို့၊ ကိန်းဝပ်ပျော်ရာ၊ ဘုမလင်နဂရာတွင်၊ တရားပိုင် မြို့အုပ်မင်း--ဦးမှုနှင့်၊ မင်းကတော် မယ်တုပ်တို့က၊ ဂါရဝ တရားဖြင့် အသနားခံ လျှောက်ထံ့ပါသည်။ လေးလီသီလ၊ သာဇီဝ ဝတ်ထည်၌၊ ဂန္ထုရ ရွှေချည်ကို၊ သမာဓိ ရွှေပိုး၊ အမောဟိ ရွှေချိုးဖြင့်၊ သိထိုးကာ ခြုံဆိုင်း၍၊ ရုံသိုင်းတော်မူလေ့ ရှိပါသော ဆရာတော်သခင် အရှင်သူမြတ်ဘုရား။

အဝိဇ္ဇာမှောင်၊ ပိတ်ကာနှောင်သည့်၊ လူ့ဘောင် ရှည်ကြာ၊ တပည့်တော် တပည့်တော်မတို့မှာ၊ အဝိဇ္ဇာ မှုမှေး၊ ကိလေသာ ညစ်ကြေးကို၊ မဂ်သီတာရေဧဖြင့်၊ အကြွင်းမဲ့ လျှော်ဆေး၍၊ ဘေးကုန်သည့် ရပ်ဌာန်၊ ပြည်နိဗ္ဗာန်သို့၊ လျင်မြန်စွာ ရောက်ရပါစေ ခြင်းငှါ၊ ဝိပဿနာ ဒေသနာကို၊ သေချာစွာ ရေးသား၍၊ ပေးသနားတော်မူပါ အရှင်ဘုရား။

နမော တဿ ဘဂဝတော အရဟတော

သမ္မာ သမ္ဗုဒ္ဓဿ။

# ကြောင်ပန်း ဟောစဉ်။

တရားတော်မြတ်ကို နာတတ် ခဲ့ကြသည်။ တရားနာကြသောအခါ (ဥပမာမှာ) မျက်စိမမြင်သောသူကို မြင်သောသူကဒုတ်ဆွဲ၍သွားရာမှာ၊ထိုမျက်စိမမြင်သောသူသည်၊မိမိကိုင်သောဒုတ်ကို အရေးမလုပ်၊အသုံးမကျ အလိုမရှိ။ အဘယ့်ကြောင့်နည်း။ ထိုဒုတ်မှာ ထိုင်ရင်းဖြစ်စေ၊ အိပ်ရင်းဖြစ်စေ၊ ကိုင်၍နေက အသုံးမကျ။ ထိုဒုတ်၏ နိမ့်မှု၊ မြင့်မှု၊ကွေ့လှဲမှုဟူသော ဒုတ်၏ အရိပ်ကိုသာ အာရုံပြုသကဲ့သို့။

**ထို့တူပမာ**။တရားနာသောအခါ အသံမှာ အရေး မလုပ်၊ အသုံးမကျ၊ ထိုအသံ၌ပါသော အရိပ်ကိုသာ ထိထိမိမိ အဟုတ်သိအောင် နာကြရမည်။ မှတ်သား ကြရမည်၊ အဘယ့်ကြောင့် ရူပါရုံ,သဒ္ဒါရုံ စသည့်တို့က အသုံးမကျသနည်း။အသံမှာ ပထဝီ,အာပေါ,တေဇော ဝါယော,ဝဏ္ဏ,ဂန္ဓ,ရသ,ဩဇာ,သဒ္ဒ,နဝက၊ ကလာပ်မျှ ရုပ်သဘာဝမှာ အနိမိတ္တ အနိစ္စသာဖြစ်၍ အသုံးမကျ၊ အသံ၌ပါသော အရိပ်မျှကိုသာ နာကြရမည်။

ဤတလောကလုံးမှာ ရုပ်ရိပ်,နာမ်ရိပ်မျှသာ ရှိသည်၊ ထိုရုပ်နာမ်၏ အရိပ် အရောင်မျှကို အကောင်အထယ် တကယ်ထင်မှား၍ အမျိုးအမျိုး ဒုက္ခဖြစ်၍နေကြသည် သိသာစေအံ့။ မှန်ကြောင့် ဖြစ်သော မှန်ရောင်သည်၊ မှန်ပြင်မှာ ထင်လာ သကဲ့သို့။ ထို့အတူ နာမ်ခေတ် ပရမတ္ထ အနိစ္စကြောင့် ဖြစ်သော ယောကျ်ား, မိန်းမ အစရှိသော ခြေ,လက်,အင်္ဂါ၊ မျက်နှာ, ရင်,ဝမ်း, အစ ရှိသော သဏ္ဍာန်နိမိတ်ပဋ္ဌမနာမ်ရိပ်သည် အဋ္ဌကလာပ် အနိစ္စဖြစ်သော ရုပ်ခေတ်ပေါ်မှာ ထင်လာ၏။ ဒုတိယ အရိပ်ဟူသော ဒြပ်နိမိတ် တံဆိပ်ရေးသွင် သစ်ပင်ရိပ်, လူရိပ်,စသော ရုပ်ရိပ်ကား၊ မြေပြင် ရေပြင်မှာ ထင် လာ၏။ များစွာသတိမူကြ။

ဤလောကမှာ သူငါကစ ပုထုဇ္ဇန် ဟူသမျှတွေသည် ဤ ရုပ်ရိပ် ဟူသော ဒုတိယ အရိပ်ကိုသာ အရိပ်ဟူ၍ သိမှတ်ကြသည်။ ပဌမ အရိပ်ဟူသော သစ်ပင်, လူရှင်၊ မျက်နှာ,ရင်,ဝမ်း,အစရှိသော အင်္ဂါကြီးငယ် အသွယ်သွယ်သော ပဌမ နာမ်ရိပ်ကိုကား၊အရိပ်ဟူ၍မျှမသိကြ။ မရိပ်မိကြ ကုန်သတည်း။ သတိမူလိုက်ကြ။

ထို့ကြောင့်-လုံးလုံး လျှောင်းလျှောင်း၊ ပေါင်း၍ တည်ဟန်၊ သဏ္ဌာန် အကောင် အထည် ကွဲသို့ရင်း။ အကောက် အကွေ့၊အချိုင့် အဟိုက်၊ နက်တိမ် တို့ရှည် စသည့်ရင်း။ငယ်ကြီး,ထိး,မစသော သိကြောင်းခြင်းရာ နှင့် စိတ်သညာဓာတ် သိမှတ်သမျှ တလောကလုံးသည် အနိစ္စနာမ်ဓာတ် ပရမတ်၏ အရိပ်အရောင် မျှချည်းဟု သိလေ။ မှတ်လေ။

**ထင်ရှားစေဦးအံ့**။မျက်စိနှင့် ကြည့်ရာမှာ မိန်းမကို မမြင်ရ။ ယောကျ်ားကို မမြင်ရ။ သစ်ပင်, လူရှင်၊ အင်္ဂါ ကြီးငယ်ကို မမြင်ရ။ ရူပ ရုံ ဝဏ္ဏ အဆင်း အရောင် မျှကိုသာ မြင်ရသည်။ ပါးပြင်,မျက်နှာ၊ အင်္ဂါကြီးငယ်။ အသွယ်သွယ်ဟူသမျှ၊ အိမ်, ကျောင်း, တုံး,ဖျာ, စသည် တို့မှာ မနောဝိညာဏ်ကသာ ထင်ရုံကာမျှ ထင်ကြ ရသည်။ ထိုမနောဝိညာဏ်စိတ်၏ အရိပ်မျှဟု သိကြ ရမည်။ မှတ်ကြရမည်။

ထိုမနောဝိညာဏ်စိတ်၏အရိပ်မျှ မိန်းမ,ယောက်ျား ခြေ,လက်,အင်္ဂါစသည်တို့မှာလှသည်၊အလွန်လှသည်၊ အရုပ်ဆိုးသည်၊မကောင်းသည် စသည်တို့မှာ 'ကုသလာ ဓမ္မာ၊ အကုသလာဓမ္မာ' စသည်ကို မြော်လေ။

ကုသလာ အနဝဇ္ဇ သုခဝိပါက လက္ခဏာ၊ဓမ္မာ နိသတ္တနိဇ္ဇီဝသဘာဝေါ။ ။(အဋ္ဌကထာအရ။)

ဤသူလှသည်၊အစိုးရမင်းဖြစ်သည်၊ ပစ္စည်းဘဏ္ဍာ ပေါများသည်၊ချစ်ဘွယ်,မင်ဘွယ်ကောင်းသည် စသည် တို့မှာ အနိစ္စမဟုတ်၊ ဒုက္ခမဟုတ်၊ အနတ္တမျှသာ ဖြစ် သည်။ ( ရုပ် နာမ် ဓမ္မမှာသာ အနိစ္စ, ဒုက္ခ, အနတ္တဟု ရှုရမည်။)

**ဤအရာမှာ ဥပမာပြဦးအံ့။** ။မြစ် အရှေ့ဘက် ကမ်းက လူတယောက်သည်၊ မတ်တတ်ရပ်သောအခါ အရှေ့လောကဓာတ်က နေကြဲကြဲထွက်စမှာ ထိုလူရိပ်က မြစ်လယ် ရေပေါ်မှာ ထင်ရှားစွာ မြင်ကြလေ၏။ ထို လူရိပ်မှာ မပြောင်းမရွေ့ ပြကတေ့တည်၍ နေလေ၏။ ရေမှာမူကား မရပ်မနား မတန့်စားဘဲ တသွားတည်း စီးဆင်း၍နေ၏။ ဤအရာမှာ "နဒီသောတောဝိယ" စသည်ကို မြော်ကြ။

**ဥပမာ ဥပမေယျ ဟပ်၍ ပြသော်ကား။** ။ ယောက်ျား,မိန်းမ လူရှင် စသည်တို့က မြစ်ကြီးပမာဏ ဘူလှ၏။နေ့ညဉ့်မပြတ်၊ နိစ္စပါတ်တတွေတွေ စီးဆင်း၍

နေသော မြစ်ရေအလျဉ်နှင့်ကား၊ ရုပ်နာမ်ဓမ္မ အနိစ္စ တူကြ၏။ ထိုအနိစ္စ ရုပ်ခေတ်ပေါ်မှာ တည်နေသော အရုပ်ဆိုး အလှမှာ ဧရွးရွေးသော ဘဝသံသရာ၊ ကမ္ဘာဘာက ပြုခဲ့ကြသော ကုသိုလ်, အကုသိုလ်၏ အကျိုးမျှဖြစ်သော အရုပ်ဆိုး အလှက ရေပေါ်မှာတည် နေသော အရိပ်ပမာဏ တူလှသည်။

ဤအရာမှာ ကုသိုလ် အကုသိုလ်ကြောင့် ဖြစ်သော အရုပ်ဆိုး အလှမှာ အနိစ္စ,ဒုက္ခ မရအပ်။ အနတ္တသာ ရအပ်သည်။ အရုပ်ဆိုးသည်၊လှသည်ဟု သိသော နာမ် တရားမှာမူကား၊ အနိစ္စ, ဒုက္ခ, အနတ္တ,ရှိသည်။ သတိ မူကြ။ ကုသိုလ် အကုသိုလ်ရိပ်မျှ အလှ အရုပ်ဆိုးမှာသာ အနိစ္စ,ဒုက္ခ မရသည်။ ရေပေါ်မှာ ထင်သော လူရိပ်မှာ အနိစ္စ,ဒုက္ခ,အနတ္တ,ဖြစ်၏။အဘယ့်ကြောင့်နည်း၊ လူမှာ ရှိသော အဋ္ဌကလာပ် ရုပ်ခေတ် မမြဲသမျှ အရိပ်မမြဲဟု သိရသည်။

**ဤအရာမှာ ဥပမာနှင့်တကွ ထင်စွာပြဦးအံ့။** ။ ဦးခေါင်း, ခြေလက်၊ မျက်နှာ, ရင်ဝမ်း၊ ယောက်ျား, မိန်းမစသော ပဌမနာမ်ရိပ်ကိုဂုဏ်း၊ ခေါင်းရိပ် လက်ရိပ် လူရိပ် စသော ဒုတိယ ဟူသော ရုပ်ရိပ်ကိုဂုဏ်း။ အလှ အလိမ္မာ၊မင်းစိုးရာဇာစသော ကုသိုလ်ရိပ်၊ရုပ်ဆင်းမလှ မိုက်မဲ ယုတ်ညံ့စွာဟူသော အကုသိုလ် ရိပ်ကိုဂုဏ်း၊ ထို နာမ်ရိပ်, ရုပ်ရိပ်,ကုသိုလ် အကုသိုလ်ရိပ်အားဖြင့် အရိပ်

သုံးပါးကို သိမြင်သောသူမှာ မကဲဘွယ်၊ မုန်းဘွယ်၊ တောင့်တ, ကြောင့်ကြဘွယ်မရှိ။ မရှိပုံမှာ။

**ဥပမကား။** ။တောင်မြောက် တန်းတန်း၊ လမ်းခရီးမှာ၊အရှေ့လောကဓါတ်ကနေထွက်တက်လာသောအခါ၊ထိုတောင်မြောက်လမ်းကို သွားရာ၏။ထိုလမ်း၏အနောက်ဘက်က ဆူးချုံ၊ မီးပုံ၊ မစင်တောလည်းပေါများရာ၏။ထိုလမ်းကို သွားသောသူ၏ အရိပ်သည်ထို ဆူးချုံ၊မီးပုံစသည်ကို ဖြတ်သွားရာ၊ထိုသူ၏ စိတ်မှာအရိပ်၏အတွက် သက်သက်မျှ မစိုးရိမ်။ မကြောင့်ကြ။

ဤတူပမာကား။ဘုရားရဟန္တာဟူသမျှ ကယောက်ျားမိန်းမ၊ အလှ,အရုပ်ဆိုး၊ အမျိုးမျိုး စသည် အတွက်နှင့်မကဲဘွယ်၊မုန်းဘွယ်မရှိ၊ပကတိသောကရုဏာအားဖြင့်သနားတော် မူကြပေသည်။ ဤကဲ့သို့သော သဘောအရာက သာသနာတော် ခဏမှာမှ ကြားနာ သိမြင်ကြရသည်။ ထို့ကြောင့်-

အဇ္ဈေဝ ကိစ္စံ အာတပ္ပံ၊ ကောဇညာ မရဏံသုဝေ။
နဟိနော သင်္ဂရန္တေန၊ မဟာသေနေန မစ္စုနာ။
(ဘဒ္ဒေကရတ္တသုတ် ပါဠိတော်)

**အနက်ကား။** ။အဇ္ဈေဝ၊ ယနေ့ သည်ပင်လျှင်။ အာတပ္ပံ၊အားထုတ်ဘွယ်ဖြစ်သော ကမ္မဋ္ဌာန်းဘာဝနာ ဒါန, သီလ, စသည်ပေါင်းစု၊ ကုသိုလ် ကောင်းမှုကို။

ကိစ္စ၊ မြန်မြန်ကြီး ပြုအပ်၏။ ဝါ၊ ကိုယ်လုံးပိန်ခြောက်၊ မီးတောက်ခမန်း၊ကြိုးပန်းရာ၏။သုဝေ၊နက်ဖြန်သဘက် တရက်ရက်၌။ မရဏံ၊ သေအံ့သော အဖြစ်ကို။ ဝါ၊ သေလိမ့်မည့် သေရမည့်အဖြစ်ကို။ ကော၊ရဟန်း,ရှင်လူ အဘယ်သူသည်။ ဇညာ၊ သိနိုင်ပါအံ့နည်း။ ဝါ၊သိနိုင် လိမ့်မတုံး။မဟာသေနေန၊အတွင်းအပများလှစွာသော စစ်သည်ရှိသော။ တေနမစ္စုနာ၊ ထိုသေမင်းနှင့်။ နော၊ ငါတို့အား။ သင်္ဂရံ၊ နေ့ ရက် ချိန်းချက်ခြင်းသည်။ နဟိ အတ္ထိ၊ မရှိသလျှင်ကတည်း။

**လိုရင်းက**။ယနေ့ နက်ဖြန်၊သေရှင် မသိ၊ ဝိပရိနာမ၊ သင်္ခါရဂိုဏ်း၊တရားရိုင်းတွေနှင့်၊ သိုင်းဗိုင်း ကျယ်ကွန့်၊ မလွန့်စသာ၊ နေ့လား ညလား၊ သွားမည်ဆက်ဆက်၊ ခက်ချီ ခက်ချီ၊ နှလုံးမည်လျက်၊ တလည် ရေးရေး၊ တနွေးနွေး နေရသော၊ ခန္ဓာငါးပါး၊ တရားအယုတ်၊ မြူအနုတ်ကို၊ကိုယ်လုပ်၍ ငါလုပ်၍၊ နေရသောကြောင့်၊ နှစ်,လ၊ ရက်နေ့၊ အရွေ့အပြောင်း၊ ရွေ့ပြောင်း ကြာ လင့်၍ မနေသင့်၊ မနေနှင့်။ အဘယ်ကြောင့်နည်း။ ရွေ့ ပြောင်း ကြာလင့်၍ နေကြလျှင်၊ ဒါန,သီလ,ဘာဝနာမှု ပြုခွင့် မရမည်များကို—

ပမာတန္တု၊ ပုံပြု၍ဆိုသော်၊ မုဆိုး၏ မြှား ဦးမှာ၊ မြူးပျော်သည့် ယုန်နောက်၊ တံငါ၏ ပိုက် အောက်တွင်၊ လောက်လက်သည့် ငါးကြင်း၊

ကြောင်ပါး၏ရှေ့ခင်းတွင်၊ မြူးဆင်းသည့်ကြွက်မွဲ မြွေဟောက်၏ တွင်းထဲမှာ၊ ပျော်ရဲသည့် ဘားသူငယ်၊ ခြင်္သေ့၏ ရှေ့နယ်တွင်၊ စမွယ်သည့် သားသမင်ကဲ့သို့၊ သေမင်း၏ ခံတွင်းဝမှာ၊ သူငါ ကစ၊ တလလ တမားမားနှင့်၊ လားလားမှ မပေါ့သာ၊ မလျော့သာဟု သတိပြုကြ။

**အဘယ့်ကြောင့်နည်း။** ဘဝများစွာ၊ ကမ္ဘာဘာက ''သံသာရ ဝဋ္ဋဒုက္ခတော မောစနတ္ထာယ''အာသီသနှင့် ဒါန,သီလ,စသော စရဏစု၊ ကုသိုလ်မှုတို့ကို ပြုစု ကြိုး စား၍ အားထားခဲ့ကြသည့်အတိုင်း၊ ယခုဘဝ၌၊ အရိယ သစ္စာ၊ သာသနာဓမ္မ၊ မြတ်သမယနှင့်၊ တွေ့ကြုံဆိုက်တိုက် ရှိကြပြီ။ ခုဘဝ,ခုနေ့၊ အလိုပြည့်၍၊ ကိုယ်တွေ့ကြုံရသော ဗုဒ္ဓဘအခါ၊ အရိယသစ္စာမှာ၊ သုံးဖြာသော ဘုံအထွဋ်၊ ညွတ်တတ်သော လောဘဟိတ် စိတ်တဏှာကို ပယ်ခွာရမည်ဟု အနိစ္စ,ဒုက္ခ၊ အနတ္တ,လက္ခဏာ၊ ဝိဇ္ဇာသုံးဝ၊ အဆုံးအမ ဩဝါဒကို သာသနာဆိုသည်။

ထိုသာသနာတွင်းသို့ ရောက်ကြသော ရဟန်း, ရှင်လူ၊ သူခပ်သိမ်းတို့မှာ၊ မေ့မေ့ လျော့လျော့၊ ပေါ့ပေါ့ တန်တန် မနေသင့်။ မနေနှင့်။ အဘယ်ကြောင့်နည်း။ သာသနာတော်က ကုန်လှုကြပြီ။ ကွယ်လှုကြပြီ။ သတိမူကြ။

**ကွယ်ပုံက**။သာသနာတော်ငါးထောင်၊ထားတော်မူခဲ့သည်တွင်၊ အလွန် သာသနာ နှစ်ထောင့်လေးရာ ကျော်လွန်ပြီ။ ကြွင်းကျန်သော သာသနာတော် နှစ်ထောင့် ငါးရာကျော် ကျန်ရှိသေး၏။ ထို နှစ်ထောင့် ငါးရာကျော် သာသနာတော်တွင် မိမိနှင့်ဆိုင်ရာ သာသနာမှာ၊မိမိမသေမီကာလကလေးသာ သာသနာ နှင့်ဆိုင်သည်။ ယခုနှစ် သေလျှင် သာသနာ တနှစ်သာ ရှိတော့သည်၊ကွယ်တော့မည်၊ရှေ့လသေလျှင်သာသနာ မိမိမှာ တလသာ ရှိတော့သည်။ ကွယ်တော့မည်။ သတိထား။ နက်ဖြန်သေလျှင် သာသနာ နက်ဖြန်ခါ ကွယ်မည်။ များများကြီး သတိထား။

ထိုသာသနာတွင်းမှာမှ၊ဒါနတရားကများစွာသာ၍ အရေးကြီးကြသည်။အရေးကြီးပုံမှာ။သာသနာပ ဒါန၊ သာသနာတော်တွင်း ဒါန နှစ်ပါးတို့တွင် သာသနာပ ဒါနက များစွာပြုခဲ့ကြလှလေပြီ။သာသနာတွင်း ဒါနက အနုတ္တရ သံဃာတော်၊ အလှူခံတတ်၊ ပုဂ္ဂိုလ်မြတ်နှင့် ဆည်းကပ် လှူဒါန်းခြင်းငှာ၊ လွန်မင်းစွာ ခဲယဉ်းလှလေ သည်။ တွေ့ကြုံရခြင်း ခဲယဉ်း လှလေသည်။ အဘယ် ကြောင့်နည်း။အင်္ဂုရ နတ်သား,ဣန္ဒက နတ်သားများ၏ ဝတ္ထုကို ထောက်ရှု၍ သိကြလေ။

**အနုတ္တရ အလှူခံ ဆိုသည်မှာ။**
**သံဃာတော်မြတ်ကို ဆိုသည်။**

ယခုအခါ၊သာသနာတော်ထမ်း၊ရဟန်းတော်ခုရှိတဲ့၊ သမုတိ ထေရ်သဃ်ာတို့ကို ကြည်လင်စွာအမြတ် ဆ၍၊ အရဟတ်ဓဇ အနွယ် လာသမို့၊ ပရမတ္တ အကယ်သာဟု၊ဘွယ်ရာစွာ သဘောကျပြီးလျှင်၊ အလောဘဟိတ် ခြေခံ၍၊စိတ်နေပရမံ၊ သောမနဿ ပွားကြ၍၊ ဇောတရသ် ပတ္တမြားပမာဆောင်သော်၊ သဒ္ဓါရောင် ဖြူကာဆွနှင့်၊ လှူဒါန်-ဒါတဗ္ဗတို့ကို၊ သာဟတ္ထေ ကံကာယဖြင့်၊ ပရံပရာဘဝ, အခြေပြုစေဘို့၊ မြေအထု, ဘူပထဗျာကို၊ သူအပါ သက်သေ ညွှန်းပြီးလျှင်၊ ရေသွန်း၍ လှူဒါန်းရမည် ဟူလိုသည်။ ။

သံဃာတော် ဆိုသည်မှာ၊ (ဥပမာကား-) ချစ်လှစွာသောအဘ သေ၍သွားသည်ကို၊ လွန်မင်းစွာ လွမ်းတ၍နေတုံးအခါကို၊တရာလောက်၊ ငါးဆယ်လောက်၊ ဩ့သည်တွေ ရောက်လာသော အခါ၊ တွေ့မြင်ရာမှာဘယ်မြို့ ဘယ်ရွာကဟု၊မသိသော ဩ့သည်တွေထဲမှာ၊ တယောက်သော ဩ့သည်သည်၊ သေသော အဘ၏ရုပ်သွင်နှင့် အင်မတန်တူသည်ကို မြင်ရလျှင်၊ထိုအဘနှင့်တူသော ဩ့ သ ည် ကို ပ င် ကြည်ရွှင်သော မျက်နှာမျက်စိနှင့်၊ကြည့်၍မဝ,ရှု၍မဝ၊သဒ္ဓါလှ၍၊ရော့စားပါအုံးရှင်ပြုံးခါ ပေးသောအခါ၊ထိုဩ့သည်ကြီးက လက်ကိုတန်း၍ လှမ်းလိုက်သည်တွင်၊ဩ့သည်ကိုလည်းမြင်၏။

ညှော်သည်ကြီး လက်ကိုလည်း မြင်၏။ သို့သော် လည်း ပေးလိုက်သော ဝတ္ထုမှာ - သေသော အဘကိုသာ ပေးရက်နေသည်။ ပေးရာကျသည်။ ပေးလိုက်သည်။ သတိထားကြ။

**ဥပမာဥပမေယျ ဟပ်၍ပြသော်ကား။** ။ရှင်သာရိပုတ္တရာ၊ ရှင်မောဂ္ဂလာန် စသော အရိယာသံဃာတော်မြတ်များက၊ သေသော အဘနှင့်မခြား တသားတည်း တူ၏။ ယခုကာလ သူငါကစ၊ ပုထုဇ္ဇန် သံဃာတော်မြတ်တို့က၊ညှော်သည်နှင့်မခြားအလားတူကြ၏။ဤကဲ့သို့ တူလှသည်ကို သိရာ၏။ သိသာ၏ ဟူလို။ သိပါ၏ဆိုသော်လည်း သဘောချိတတ်သည်။ သတိမူလိုက်။ ဤအရာမှာ ညှော်သည်ကြီးက ဖုံပျာထဲမှာ အနဲ့အမျိုးမျိုး ၄၂ မ်းထိုး၍ နေသော်လည်း၊ညှော်သည်ကြီးကိုသာ ဖုံလူးသည်။ ပျာလူးသည်။ သေသော အဘမှာ ဖုံပျာ မလူး၊ အထူး၊သတိထား။

ယခုအခါ အလွန်တရာ မြင့်မြတ်လှစွာသော
အနုတ္တရအလှူခံနှင့်တွေ့ကြုံကြ၍၊ဒါနတရားက
များစွာ အရေးကြီးကြသည်။

ထိုမိမိတို့ ပြုကြသော ဒါန၏ အကျိုးကို၊ မိမိတို့ ခံစံကြရအောင် သိလက သာလွန်၍ အရေးကြီးပြန်သည်။ အဘယ် ကြောင့်နည်း၊ ပါဏာတိပါတ စသည်ကို မရှောင်ကြဉ်လျှင်၊ ထို ပါဏာတိပါတ,အတွက်၊ ငရဲက

တက်သောအခါ၊ အသက်တိုခြင်း စသော အကျိုးကို ပေးတတ်သောကြောင့်၊ ဒါန၏အတွက်နှင့် သူဌေးသို့း သူဌေးသား၊ရှင်ဘုရင်သို့း,ရှင်ဘုရင်သားဖြစ်ငြားသော် လည်း၊ပါဏာတိပါတအတွက်နှင့်၊ဝိပါက်အကျိုးပေး၍ မွေ့သေ မွေးသေ အကျိုးပေး လေသောကြောင့်၊ လူ့ စည်းစိမ်ကို မခံစံရ။လူ့ချမ်းသာကို မခံစားရ၊ မစံစားရ စသည်ဖြင့် သိကြလေ။

**ထို့ကြောင့်**-သီလက သာလွန်၍ အရေးကြီးသည်။ ထိုသီလသည်။ နိယတသီလ၊ အနိယတသီလအားဖြင့် နှစ်ပါးတို့တွင် အနိယတ ဆိုသည်ကား။ ငါးပါး သီလ, ရှစ်ပါးသီလစသော၊ယခုကာလဆောက်တည်ကြသော သီလကိုဆိုသည်။နိယတ သီလဆိုသည်မှာ၊သတ္တာယဒိဋ္ဌိ ကျွတ်လွတ်ကြသော အရိယာများ၏ သီလကို ဆိုသည်။ ထို့ကြောင့်၊ မိမိတို့ပြုသမျှ ဒါန၏အကျိုးကို ဖွင့်ဖွင့်ကြီး ဖြိုးဖြိုးကြီး ခံစား, စံစား ရအောင်၊ နိယတ သီလကို အားထုတ်ရမည်။နိယတသီလဆိုသည်မှာ၊သတ္တာယဒိဋ္ဌိ ပြုတ်ကျွတ် လွတ်ငြိမ်းမှသာ နိယတသီလ ဖြစ်ကြမည်။ ထို့ကြောင့်၊ ဒါန၏အကျိုးကို ခံစား, စံစား ရအောင် သီလကို အားထုတ်ရမည်။ သည် သီလ မြဲကြ အောင် သတ္တာယဒိဋ္ဌိပြုတ်ကို အလိုရှိရသည်။ သည်သတ္တာယဒိဋ္ဌိ ပြုတ်အောင်သာ၊ဝိပဿနာဘာဝနာကိုအားထုတ်ရသည်၊ များများကြီး အရေးကြီးလှသည်။

ဝိပဿနာ အားထုတ်ရာမှာ၊ သည်ခန္ဓာ ငါးပါး၏ အပြစ်ဒေါသ, အာဒီနဝကို ရှုကြည့်ရာ၏။ ရှုပုံမှာ.... ခန္ဓာငါးပါး ရှိသည်တွင် ရူပက္ခန္ဓာကြီးသည်၊ အယုတ် တမာ ဆိုးညစ်စွာသော ရန်သူကြီးမည်၏။ မည်ပုံက ''နတ္ထိကာယ သမောဝေရီ'' ဟူသည်နှင့် အညီ၊ ဤခန္ဓာ ကိုယ်ကြီးကို အကြောင်းပြု၍ ယောဘုယျအား အပါယ် သွား များကြသည်။ ဤခန္ဓာ ကိုယ်ကြီးကို ကျွေးရေး မွေးရေး ထိန်းကြောင်းရေးနှင့်၊ ငွေ,ကြေး,ဥစ္စာ၊ ရရာ ရကြောင်း ဆိုးကောင်း ယုတ်မြတ်၊ အရပ်ရပ်မှာ၊ ခေါ်, ပူခါ၊ မနေသာဘဲ၊ ဖွေရှာလုပ်ကြံ၊ တရံမကင်း၊ ပင်ပန်း ရခြင်းမှာ။ ဤခန္ဓာ ကိုယ်ကြီးကြောင့်သာဟု မှတ်ရာ၏။ မှတ်ပါ။

ဤခန္ဓာ ကိုယ်ကြီးကို အကြောင်းပြု၍၊ အဘယ်သူ သည်၊ ငါ့ကို မျက်စောင်းထိုးသည်။ ရန်ညှိုးထားသည်။ ငါ့ကို ပစ္စည်းဘဏ္ဍာမရအောင်၊ပျက်အောင် စီးအောင် ကုန်ခန်းအောင်၊ပြုကျင့်ပြောဆိုသည်။အရာနိမ့်အောင်၊ ဂုဏ်နိမ့်အောင်၊ ပြောဆို ပြုကျင့်သည်ဟု စသည်ဖြင့် အပါယ်လားကြောင်း မကောင်းမှုဖြစ်သည်မှာ၊ဤခန္ဓာ ကိုယ်ကြီးကြောင့်သာဟု သိပါ။ မှတ်ပါ။

( ရူပက္ခန္ဓာပြီး၏။ )

ဝေဒနာက္ခန္ဓာမှာ--ဝေဒနာကြောင့် ချည့်သာ သူငါ ကာစ၊မကောင်းမှု များကြသည်။ များပုံက၊ ရူပက္ခန္ဓာမှာ

အနာဂါရမ္မဏာဖြစ်သည်။ စက္ခုသမ္ဖဿဇာဝေဒနာ အစဖြာ၍၊ကောင်းကောင်းလှလှ ကြည့်ချင်သည်။လှသောအဆင်းကို မြင်ကြည့်သော အခါ၊ မျက်စိ ကောင်းမှု၊ မျက်စိ ချိမှု၊ မျက်စိကြည့်၍ မိန်မှု၊ ဆိမ့်မှု၊အိမ့်မှု၊ စသောဝေဒနာကြောင့်သာ သူငါကစ၊ဆင်းရဲပင်ပန်းကြသည်။ သောတ, စသည်မှာလည်း နည်းတူသာ မှတ်လေ။ ထိုဝေဒနာက္ခန္ဓာဟု ဆိုအပ်သော ဝေဒနာကြောင့်သာ ခုကောင်းချင်၊ နောင် ကောင်းချင်မှုနှင့် ပြုကြသော ကုသိုလ် ဟူသမျှမှာ၊ ဝေဒနာတရားက အကောင်း ခံစားချင်၍သာ နိဗ္ဗာန်တရားကို တားရက် နေသည်။ ဤသို့ စသည်ဖြင့်၊ ဝေဒနာက္ခန္ဓာ၊ ဝေဒနာ၏ အပြစ်အာဒိနဝကို သိကြလေ။ (ဝေဒနက္ခန္ဓာ ပြီး၏။)

သညာက္ခန္ဓာမှာ၊ ထိုဝေဒနာ တရားသည် ခံစားရုံမျှသာ ခံစားနိုင်သည်။ မမှတ်မိ၊ မသိတတ်၊ သညာကသာ မြင်ဘူးသည်။ကြားဘူးသည်။မွှေးကြိုင်ဘူးသည် စားသောက်၍ မြိန်ရှက် ဘူးသည်။ တို့လို့ ကောင်းဘူးသည်။ ထိလို့ကောင်းဘူးသည်၊ စသည်ဂင်း။ ဤသူသည် ငါ့ကို ဘယ်လိုပြုကျင့် ပြောဆို ကဲ့ရဲ့ဘူးသည်ဟု ဤသူကို မိမိ မြင်သော်ငင်း။ ဤသူ၏ စကားကို သူတပါးတို့က ပြောသံ ကြားသော်ငင်း။တစိမ့်စိမ့်အောင့်မေ့၊ တငွေ့ငွေ့ အမှတ်ရ၍ လောဘ,ရာဂ၊ ဒေါသ,မာန၊ ပွ, ကြွ, ရွ, ထလာသောအပြစ် ဒေါသ ဟူသမျှမှာ သညာကြောင့်

ချည့်သော မှတ်ရမည်။ မှတ်ကြ၊ ဤသို့ စသည်ဖြင့် သညာ၏ အပြစ် ဒေါသ၊ အာဒိနဝတို့ကို သိကြလေ။

(သညာကၡန္ဓာ ပြီး၏။)

သင်္ခါရက္ခန္ဓာဆိုသည်မှာ၊ ဝေဒနာ သညာမှ ကြွင်းသောစေတသိက် ငါးဆယ်ကိုပင်ဆို၏။ ထိုသင်္ခါရက္ခန္ဓာသည်၊ သညာမှာ မှတ်သားရုံ မှတ်မိရုံသာတတ်နိုင်သည်။ စေတနာမှသာ "စေတနာဟံ ဘိက္ခဝေ ကမ္မံဝဒါမိ" ဟူသည်နှင့်အညီ၊ သင်္ခါရက္ခန္ဓာ စေတနာမှသာ၊ လူ့ဘဝ နတ်ဘဝ၊ အပါယ်ကျအောင် ဆောင်ပို့ နိုင်သည်။ ။ ထို့ကြောင့်....ဇာတိ, ဇရာ, မရဏ၊ တွေ့ကြုံ သမျှမှာ၊ စေတနာ ပြစ်ချ၍ချည့်သာ မှတ်ကြ၊ မှတ်ရမည်။ ဤသို့ စသည့်ဖြင့် သင်္ခါရက္ခန္ဓာ၏ အပြစ်ဒေါသအာဒိနဝတို့ကို သိကြလေ။ ။(သင်္ခါရက္ခန္ဓာ ပြီး၏။)

ဝိညာဏက္ခန္ဓာမှာ၊ "မနောပုဗ္ဗင်္ဂမာဓမ္မာ၊ မနောသေဋ္ဌာ၊ မနောမယာ" စသည်ဖြင့် ရှင်း။ "စိတ္တေန နီယတိ လောကော စိတ္တေန နီယတိ ပဇာ" အစဖြာ၍ ဟောတော်မူ အပ်သော၊ ဒေသနာနှင့် ညီစွာ စိတ်ဆောင်ရာ လိုက်ပါကြရသည်။ ထို့ကြောင့် "မာယူပမဉ္စ ဝိညာဏံ" ဟူ၍ရှင်း။ ပါပသို့ ရမတော၊ မနော။ မနော၊ စိတ်သည်။ ပါပသို့၊ မကောင်းရာ၌။ ရမတော၊ မွေ့လျော်၏။ ဟူသောအရ ဝိညာဏက္ခန္ဓာ၏ အပြစ်ဒေါသ အာဒိနဝကို သိကြလေ။ (ဝိညာဏက္ခန္ဓာ ပြီး၏။)

ထိုခန္ဓာငါးပါး၊ ရုပ်နာမ် တရားတို့ကို၊ ငါဟူ၍၊ ကိုယ်ဟူ၍၊ မှတ်မှား၍ လာကြသော၊ တသံသရာလုံးက၊ သူငါကစ၊ ဒုက္ခဖြစ်၍ နစ်ကြသည်။ ထို့ကြောင့်၊ ခန္ဓာငါးပါး၊ ရုပ်နာမ် တရားကို မေးစစ်ရာ၏။ စစ်တန်းထုတ်ပုံက၊ ဟဲ့....ခန္ဓာငါးပါး၊ ရုပ်နာမ်တရား၊ နင့်ကို ငါဘဲ၊ အထင်လွဲ၍၊ သံသရာမှာ၊ ဒုက္ခဖြစ်၍၊ နစ်ခဲ့လှပြီ၊ ယခုအခါ သာသနာမှာ၊ နင့်အလို, နင့်စရိုက်၊ နင့်အကြိုက်ကို မလိုက်ပြီ၊ နင့်ကိုစီရင်မည်။

ထိုအခါ၊ ခန္ဓာငါးပါးက အစစ်ခံ ထွက်သည်မှာ၊ ကျွန်တော် - ကျွန်တော်တို့မှာ၊ ၀ိပါကဝဋ်မျိုး အကျိုးမျှသာ ဖြစ်ပါသည်။ အကြောင်း ကမ္မဝဋ်ကြောင့်သာ ဖြစ်ရပါသည်ဟု၊ အစစ်ခံ ထွက်လေ၏။ ထိုအခါ၊ ကမ္မဝဋ်ကို စစ်ရာ၏။ စစ်ပုံက၊ ဟဲ့....ကမ္မဝဋ် နင်.... အဘယ်နည်း။ နင် အဘယ့်ကြောင့် ပြုပြင်၍ နေသနည်းဟု မေးစစ်သော အခါ၊ အကုသိုလ် ကမ္မပထတရား ဆယ်ပါး၊ ကုသိုလ် ကမ္မပထတရား ဆယ်ပါး။ မဟဂ္ဂုတ် ကုသိုလ်ကံ ကိုးပါးအားဖြင့် ကံ နှစ်ဆယ့် ကိုးပါးသည်၊ ကမ္မဝဋ် ဖြစ်လေ၏။ ထိုကမ္မဝဋ်ကို စစ်သောအခါ၊ ကမ္မဝဋ်က၊ ကျွန်တော် ကျွန်တော်တို့မှာ၊ ကိလေသာဝဋ် ကြောင့်သာ ဖြစ်ရပါသည်ဟု အစစ်ခံ ထွက်လေ၏။

ထိုအခါ၊ ကိလေသာဝင်္ဂကို စစ်ရာ၏။ စစ်တန်း ထုတ်ပုံကား။ဟဲ့....ကိလေသာဝင်္ဂ၊နင် အဘယ်နည်းဟု မေးသောအခါ ကိလေသာဝင်္ဂက ကျွန်တော်မှာ၊ သာ ယာသော လောဘ,တဏှာသာ ဖြစ်ပါသည်ဟု ဆို၏။ အဘယ့်ကြောင့် သာယာသနည်းဟု မေးသောအခါ၊ လောဘ, တဏှာက၊ ကျွန်တော်ချည်း ဖြစ်နိုင်သည် မဟုတ်ပါ။ အဝိဇ္ဇာရှိသော်သာ ထိုအဝိဇ္ဇာက, ရုပ်နာမ် သင်္ခါရ ဘုံသုံးရွာ ဒုက္ခသစ္စာကို ဖုံးလွှမ်း ကွယ်ကာ၍ အကောင်းသုခ,ဟု သူပြပါသည်။ထိုပြသော သုခကိုပင် ရချင်သည်။ကောင်းချင်သည်ဟု၊ကျွန်တော် လောဘက သာယာ တောင့်တ ခင်မက်ရပါသည်။

(ဥပမာန) မြွေ၏ဦးခေါင်းကို ကိုင်သောသူ၏ လက် မောင်းကို မြွေ၏ကိုယ် ရစ်ပတ် သကဲ့သို့။ ထို့အတူ အဝိဇ္ဇာရှိသော သူမှသာ ဝင်္ဂသုံးရပ် ဆက်စပ်၍ ဘဝ ဆက်မပြတ်သည်။

ထို့ကြောင့်....

"အဝိဇ္ဇာတဏှာဝသေန ဒွေမူလာနိ" ဟု၊ အမြစ် နှစ်ပါး ဆင်းသည်။ ထို့ ကြော င့် ၊ အဝိဇ္ဇာကို ဝိဇ္ဇာ ဖြစ်အောင် အရေးက ပေါ့ပေါ့ နှေးနှေး၊ သေးသေး အကြံ၊ ဉာဏ်သာမန်နှင့် မတန်မရာ၊ ဤသဲသနာမှာမှ၊ ဒိဋ္ဌိတရား ဝိစိကိစ္ဆာ တရားကို၊ ပယ်သတ် နိုင်ကြမည်။ ထိုသက္ကာယဒိဋ္ဌိ၊ ငါထင်မှု၊ ကိုယ်ထင်မှု၊ ပုဂ္ဂလ်ဇ္ဇနအခြေ၊

ခုအနေများနှင့် စုတေ၍ သွားခဲ့လျှင်၊ ယခုဘဝ ငယ်စဉ် တောင်ကျေး၊ အကလေးက သူငယ်တို့သုံး၊ အမြင်တုံး၍ ခြပုန်းပိုးရွ၊ သတ်ခြင်းစသည်မှ ပြကျင့်မိကြလိမ့်မည်။

ဘဝဘဝသံသရာ၊ ကမ္ဘာဘာက ပြကျင့်ခဲ့ကြသော အကုသိုလ်ပေါင်း ကျွေးဟောင်းအနန္တတွေက၊ ''ကြွက် ငယ်လောင်း တကောင်ကို၊ ကြောင့်တထောင် လု သကဲ့သို့'' အမှုအားလျော်စွာ၊ ပါယ်လေးရွာ ငရဲသို့၊ ခုဆွဲ၍ ချမည်ဟု၊ ချောင်း၍ နေသည်။ အဘယ်က ချောင်း၍နေသနည်း။ ငါ့ထင်မှုကလေးထဲက ချောင်း၍ နေသည်။ အောင်း၍နေသည်။ ထို ငါထင်မှုနှင့် သေ၍ သွားလျှင်၊ ထိုအကုသိုလ်ပေါင်း၊ ကျွေးဟောင်းအနန္တ၊ ပေးကြမည်ကိုလည်း၊ ကြောက်ရသည် တဌာန၊ ထို အဟောင်း အကုသိုလ် ထက်ပင်၊ ငါထင်မှုနှင့် သေ၍ သွားလျှင်၊ ဘဝ ဘဝ၊ ရောက်ရာ ရောက်ရာမှာ၊ ငါထင်မှု အတွက်နှင့် အမိ,ကိုလည်း သတ်ရာ၏။ အဘ,ကိုလည်း သတ်ရာ၏။ စသည်ဖြင့်၊ အကုသိုလ်မှုတို့ကို ပြကျင့်မိလိမ့် မည်ကိုလည်း၊ သာလွန်၍ ကြောက်ကြရမည်။ ကြောက် ရသည်။

**အဘယ့် ကြောင့်နည်း**။ အကုသိုလ်မှု မည်သည်မှာ ငါ,ထင်မှု၊ ကိုယ်,ထင်မှု၊ သက္ကာယဒိဋ္ဌိရှိမှသာ အပါယ် ကျအောင် ပြကျင့်နိုင်သည်။ ငါ,ထင်မှု မရှိလျှင် အပါယ် ဘဝသို့ မကျနိုင်၊ မရောက်နိုင်သည်။ သောတာပတ္တိမဂ်

ခဏမှာ ဒိဋ္ဌိဝိစိကိစ္ဆာ ပယ်သည်၊ ဒိဋ္ဌိပြုတ်လျှင် ဝိစိကိစ္ဆာမှာ "ရေပေါ်မှုံလုံးကို စားသုံးဘို့ရာ ဝယ်သောအခါ၊ အထဲက ထန်းလျက်ဘိုး ငွေတိုး၍ မပေးရသလို" အတူမှတ်ရမည်။ ထို့ကြောင့်....ငါ့ထင်မှု၊ကိုယ်ထင်မှု၊ သက္ကာယဒိဋ္ဌိ ကျွတ်လွတ်အောင် အားထုတ်ရမည်။ ထိုသက္ကာယကို ပယ်ခွာမည်ဆိုသော်လည်း သာသနာ ခဏမှာသာ ထိုသက္ကာယကိုပယ်ခွာနိုင်သည်။ သာသနပမှာ၊ ပစ္စေကဗုဒ္ဓါ ဘုရားတပါးကို ချန်ထား၍၊ဘယ်လူ ဘယ်နတ်, ဘယ်ဗြဟ္မာ, ဘုံသုံးရွာမှာ၊ သက္ကာယကို ပယ်ခွာနိုင်သောသူ မရှိဟူ၍ မှတ်ရမည်။

ထို့ကြောင့်—ငါထင်မှု၊ ကိုယ်ထင်မှုနှင့် မသေဝံ့၊ သေဝံ့စရာမရှိ၊ အကယ်၍ကား-သည်နှစ်,ရွှေလ,မသေသေးကြပြီးအံ့။ ထိုငါ့အထင်၊ ကိုယ့်အထင်နှင့်၊ မသေခင်ရှင်၍နေလျှင်၊မျက်စိဖွင့်မှု၊ နားစွင့်မှုမှာ၊ငါနှင့် မျက်စိဖွင့်လျှင် အတွဲကိုမြင်လျှင်၊ လောဘ, အကုသိုလ်။ မတွဲကိုမြင်လျှင်၊ဒေါသ,အကုသိုလ်၊နားစွင့်ရာမှာလည်း ငါထင်မှုနှင့်နားကြားလျှင်၊အတွဲကိုကြားလျှင်၊လောဘ အကုသိုလ်။ မတွဲကိုကြားလျှင်၊ ဒေါသ အကုသိုလ်၊ စသည်ဖြင့် သိကြလေ။ထို့ကြောင်-ငါထင်မှုနှင့်မသေဝံ့ မရှင်ဝံ့ဖြစ်၍နေကြသည်။ များစွာသဘိထား။

ထို့ကြောင့် .... မြတ်စွာဘုရား၊ သမ္ဗုဒ္ဓခန်တရား လေးပါးကို ဟောတော်မူသည်။

**လေးပါးဟူသည်ကား**။ ဖြစ်ပြီးသော အကုသိုလ်ကို ပယ်ခွာရအောင် ဝီရိယ,လုံ့လ,ဥဿာဟဖြင့် အားထုတ်ကြရမည်။ မဖြစ်သေးသော အကုသိုလ်ကို မဖြစ်ကြရအောင် အားထုတ် ကြရမည်။ မဖြစ် ဘူးသေးသော ကုသိုလ်တရားကို ဖြစ်ကြရအောင် အားထုတ်ကြရမည်။ ဖြစ်ပြီးသော ကုသိုလ်တရားတို့ကို ပွားများ မြင့်မြတ်အောင် အားထုတ်ကြရမည်ဟု ဟောတော်မူသည်။

ထိုလေးပါးတို့တွင် မဖြစ်သေးသော ကုသိုလ်တရားဆိုသည်ကား၊ မဂ်ကုသိုလ်ကိုဆိုသည်။ လိုရင်းက ပဥ္စမဖလဠ္ဌာန် သောတာပန် ပုဂ္ဂိုလ်မှာ အကုသိုလ်ဟောင်းအတွက်နှင့် မစိုးရိမ်ရ၊မကြောင့်ကြရပြီ။မဖြစ်သေးသော အကုသိုလ် အတွက်နှင့်လည်း ဖြစ်မိ ပြုကျင့် မိလိမ့်မည်ကိုလည်း မစိုးရိမ်ရ၊ မကြောင့်ကြရပြီ။ ဖြစ်ပြီးသော ဝဋ္ဋနိဿိတကုသိုလ် ဟူသမျှတို့ သည်လည်း၊ ဝိဝဋ္ဋချည်း နိဗ္ဗာန် သွားချည်း ဖြစ်ကြလေကုန်၏။ ထို့ကြောင့် သာသနာ့ခဏ ဝိပဿနာ့ဓမ္မ အနိစ္စ, ဒုက္ခ, အနတ္တ တရားကို များစွာ အားထုတ်ကြရမည်။

အားထုတ်ဟန်ကား။

ပရမတ္ထတော သတ္တာနံ၊ ပရိတ္တော ဇီဝိတက္ခဏော
ဧကစိတ္တသမာယုတ္တော၊ လဟုသော ပဝတ္တတိ။

သတ္တာနံ၊ သတ္တဝါတို့၏။ ဇီဝိတက္ခဏော၊ အသက်ဝိညာဉ်ရှင်သော ကာလသည်။ ပရမတ္ထတော၊ အစဉ်ပမန်၊ တည်ဟန်မချပ်၊ ဆတ်ဆတ်သောပရတ္ထအားဖြင့်။ ပရိတ္တော၊စိတ္တက္ခဏာ တချက်သာဖြစ်၍ စင်စစ်နည်းငယ်လှစွာ၏။ ရထစက္ကံ၊ ရထားလှည်းဘီး စက်သည်။ ဧကေနေမိပ္ပဒေသေန၊ လေးသစ်တဝါး၊ အနားအကွပ်တစိပ်ဖြင့်။ ဝတ္တတိဧဝ၊မြေ၌နင်းခါ၊သွားလာရပ်တည်၊ ဖြစ်သည်ပမာကဲ့သို့တည်း။

ယေနိရုဒ္ဓါ မရန္တဿ၊ တိဋ္ဌမာနဿ ဝါ ဣဓ။
သဗ္ဗေပိ သဒိသာ ခန္ဓာ၊ ဂတာ အပ္ပဋိသန္ဓိယာ။

မရန္တဿ၊ သေသောသူ၏။ နိရုဒ္ဓါ၊ စုတိရောက်၍ ချုပ်ပျောက်လေကုန်သော။ယေခန္ဓာဝါ၊ အကြင် ခန္ဓါငါးပါးတို့သည်ငင်း။ဣဓ၊ဤပဝတ္တိအခါ၌။တိဋ္ဌမာနဿ ထင်ရှား တည်ရှိသောသူ၏။ နိရုဒ္ဓါ၊ ဘင်သို့ရောက်၍ ချုပ်ပျောက် လေကုန်သော၊ယေခန္ဓာဝါ၊ အကြင်ခန္ဓာတို့သည်ငင်း။ သန္တိ၊ ရှိကုန်၏။ သဗ္ဗေပိ၊ အလုံးစုံလည်းဖြစ်ကုန်သော။တေခန္ဓာ၊ထိုချုပ်ပျောက် လေကုန်သော သေသူ ရှင်သူ နှစ်ပါးတို့၏ ခန္ဓာတို့သည်။ သဒိသာ၊ စင်စစ် တူမျှကုန်၏။ အပ္ပဋိသန္ဓိယာ၊ တဘန် ပြန်နှင်ပေါ်ဖြစ် စေ့စပ်ခြင်း မရှိကုန်ဘဲ။ ဂတာ၊ ကင်းပျောက် ကွယ်ရှား ချုပ်သွားကုန်၏။

ထို့ကြောင့်—

စုလ္လာသီတိ သဟဿာနိ၊ ကပ္ပံတိဋ္ဌန္တိ ယေမရူ။
နတွေဝ တေပိ တိဋ္ဌန္တိ၊ ဒွိစိတ္တေဟိ သမောဟိတာ။

ယေမရူ၊အကြင်နတ်တို့သည်။စုလ္လာသီတိ သဟဿာနိ ကပ္ပံ၊ မဟာကပ် ရှစ်သောင်း လေးထောင် တိုင်တိုင်။ တိဋ္ဌန္တိ၊တည်ကုန်၏။ တေပိ၊ထို နေဝသညာ, နာသညာ ယတန နတ်တို့သည်လည်း။ ဒွိစိတ္တေဟိ၊ စိတ္တက္ခဏာ နှစ်ချက်တို့နှင့်။သမောဟိတာ၊တကွ ဖြစ်ကုန်၍။ နတွေဝ တိဋ္ဌန္တိ၊မတည်ကုန်သည် သာလျှင်တည်း။

အဓိပ္ပါယ်ကျဉ်း လိုရင်းက။ဤအနိစ္စသဘော အစစ်ကို ပြောလျှင်၊ အနွယ်ဖြစ်သော သစ်သွန့် သဘောသည်၊ ရှေ့တည်သော သစ်ကိုင်းကို ညွှတ်ရှိုင်းမျှော်တန်း ခုတ် လှမ်းသော သဘော ပ မ ာ ဏ ၊ ပရမတ္ထ အမှုအရာ၊ ကြိယာမျှ၊ ဓမ္မပုဥ္ဇ သဘာဝစုကိုသာ လေထု, ရေထု, မြေထု, စသည်ဟု ဆိုရသည်။

**ထင်ရှားစေဦးအံ့။** ။ဤတလောကလုံးမှာ၊ ဘုံသုံး ရွာတွင်၊ စိတ်, စေတသိက်, ရုပ်,နိဗ္ဗာန်အားဖြင့် ပရမတ် တရား လေးပါးရှိ၏။ လေးပါးပြင်မရှိ။ သက်သက်မရှိ၊ ဘိတ်မရှိ၊ အလျှဉ်းမရှိ။ထို ပရမတ်လေးပါး ရှိသည်တွင် (နိဗ္ဗာန်ပညတ်၊နှစ်ရပ်ဓမ္မ၊ဖြစ်ကင်းပ၊ကာလဝိမုတ်ကြို) ဟူသောအရ၊ နိဗ္ဗာန်နှင့် ပညတ်မှာ ဝိပဿနာ အရာ

အားဖြင့် အသုံးမကျဟု သိရမည်။ ဝိပဿနာ အသုံးကျသည်မှာ၊ စိတ်,စေတသိက်,ရုပ်အားဖြင့် သုံးပါးရှိ၏။ ထိုစိတ်, စေတသိက်, ရုပ်ပြင်မှတပါး ရှာဘွယ်မရှိ။ ထို့ကြောင့် ဝိပဿနာအရာမှာ မြင်မြင်သမျှ ကြားကြားသမျှ၊ နံနံသမျှ၊ လျက်လျက်သမျှ၊ တွေ့ထိသမျှစသည်တို့မှာ စိတ်, စေတသိက်, ရုပ်ချည့်သာဟု သိမှတ်ရမည်။

**သိမှတ်ပုံက။** ။မိမိလက် စသည်ကိုမြင်လျှင် စိတ်, စေတသိက်, ရုပ်ဟူ၍သာမှတ်။ သစ်ပင်, သစ်ရွက်, တုံး, ဖျာ, စသည်ကိုမြင်လျှင် စိတ်,စေတသိက်,ရုပ်ဟူ၍မှတ်။ ဤသို့စသည်ဖြင့် စက္ခုဆိုင်ရာ သောတဆိုင်ရာ စသည်တို့ကို အကုန်အစင် ဉာဏ်ကုန်နှင်၍ မြင်ကြလေ။ သိကြလေ။ အဘယ့်ကြောင့်နည်း။ စိတ်,စေတသိက်, ရုပ်ပြင်မှတပါး၊ အခြား မရှိသောကြောင့်တည်း။ (ဤအရာမှာ ပညာရှိသူ၊ သဘောဖျူတွေ၊ သိကြပါလေ၊ ဉာဏ်ကဝေတို့။ သတိမူကြပါ။)

ဤအရာမှာ၊ သစ်ပင်, တုံး, ဖျာ, စသည်တို့မှာ၊ အဝိညာဏ အသက်မရှိ၍ မသိကြ။ လူ,နတ်,စသည်တို့မှာသာ၊ အသက်ရှိ၍၊ ထိုလူ,နတ်,စသော သဝိညာဏ တို့က ခေါ်ဆိုရသော တုံး,ဖျာ,စသော စကား မဟုတ်လား ဟူငြားအံ့။

ဤစကားမှာ-ဝန္တာဝရှ အလိုအားဖြင့် ဟုတ်မှန် ပြောဆိုသင့်၏။ ဝိပဿနာနှင့်ဖြင့် မသင့်။ မသင့်ပုံက စိတ်,စေတသိက်,ဟူသော နာမ်တရားသည်၊ တုံး,ဖျာ, စသည်တို့မှာမရှိ။ သူ,ငါစသော သတ္တဝါမှာသာ စိတ်, စေတသိက်,ဟူသော နာမ်တရား ရှိသည်ဟု ထင်လွဲ စွဲမှားခြင်းသည် ဒိဋ္ဌိစေတသိက် ဟူ၍သာမှတ်ပါ။အထူး သတိထား။ ပညာမြင်မှာမူကား။ ပရမတ်တရားမှန်က ဘယ်နေရာ ဘယ်ဌာန သဏ္ဌာန်ပမာဏ၊ မရှိမရအပ် သော ပရမတ်တရား ထင်ရှားရှိကြောင်းကို....

ဝိညာဏံ အနိဒဿနံ အနန္တံ သဗ္ဗတောပဘံ။

(ဗြဟ္မနိမန္တနသုတ် ပါဠိတော်)

ဝိညာဏံ၊အနိစ္စစိတ် ပရမတ်ဖြင့်သာ သိအပ်စွာ၏။ အနိဒဿနံ၊အနိစ္စစိတ်၊ ပရမတ်၏၊ ရှေ့နောက်ကာလ၊ ရပ်ဌာနနှင့် သဏ္ဌာန်ပမာဏ၊ ညွှန်ပြခြင်းငှာ မထိုက်။ အနန္တံ၊ အနိစ္စစိတ်၊ ပရမတ်အလုံး၊ ဘယ်တုန်းကစ၊ ဆုံးဘယ်မှဟု၊အစ,အဆုံးနှစ်ပါးလုံးမရှိအပ်။သဗ္ဗတော ပဘံ၊ ဘယ်ခါမပြတ်၊ခပ်သိမ်းရပ်၌၊အနိစ္စစိတ်၊ပရမတ် တရား၊ ထင်ရှားရှိန်ရှိန်၊ ထိန်ထိန်လင်းလင်း၊ ဝင်းဝင်း တောက်ရှိ၏။

ထို့ကြောင့် မဟုတ်လော....

အနိဗ္ဗတ္တေန နဇာတော၊ ပစ္စုပ္ပန္နေန ဇီဝတိ။

စိတ္တဘင်္ဂါ မတောလောကော၊ပညတ္တိ ပရမတ္ထိယာ။

အနိမ္မတ္တေနပြ ဖြစ်ဆဲမဟုတ်သော၊အတိတ်အနာဂါတ် စိတ်ဖြင့်၊နစ္စာတော၊သတ္တဝါဖြစ်သည်မဟုတ်။ပစ္စုပ္ပန္နေန၊ ဖြစ်ဆဲစိတ်ဖြင့်သာလျှင်။ဇီဝတိ၊အသက်ရှင်သည်မည်၏။ စိတ္တဘင်္ဂါ၊ ဘင်သို့ရောက်၍ စိတ်တိုင်း ချုပ်ပျောက်ခြင်း ကြောင့်။ လောကော၊ ခေါ်ဝေါ်ကာမျှ သတ္တလောက သည်။ မတော၊ ခါခါထပ်ထပ် ဆတ်ဆတ်သေသည် မည်၏။ ဧဝံသန္တေပိ၊ သို့စဉ်ပုံသေ၊ သေ၍ပင် နေသော် လည်း။ ပညတ္တိ၊ တည်ဆဲတည်ဆဲ၊ စိတ်ကို စွဲလျက်၊ အသက် ရှင်၏ဟူသော စကားဖြစ်ခြင်း၏အရာ၊ အစဉ် သဘာဝ၊ သန္တာန ပညတ်သည်။ ပရမတ္ထိယာ ပရမတ္ထ ဘူတာ၊နာမဂေါတ္တံ နဇီရတိ၊ ဆိုဘိသည်နဲ၊အမြဲနိယတ်၊ ပရမတ်ကဲ့သို့ ဖြစ်၍နေ၏။

**အမိပွါယ်ကျဉ်းလိုရင်းမှာ။** ။“ ဒကေရာဇီ ပုမ္ဗူ လောဝ ”စသည် နှင့် ညီစွာ။ ရေပြင်မှာ ဒုတ်သေးနှင့် ရေးလုပ်သော အရုပ်မှာ၊ ထို ရေးသော သူသာလျှင် သူ့သညာမြင် အရုပ်အသွင်၊ သူ့စိတ်တမ်း မှန်း၍ထင် သူ့စိတ်တွင် မြင်သော အရုပ်ကဲ့သို့။ ထို့တူပမာဏာ ယောက်ျား, မိန်းမစသော သတ္တဝါက စိတ်ထင်မျှဟု သိကြရမည် ဟူလိုသည်။ သတိထားပါ။ အခါခါ စဉ်းစားပါ။

လိုရင်းသဘောက၊ ဩကာသ လောကကြီးထဲမှာ။ အထယ်ဖြင့် ပုံဟန်သဏ္ဍာန်နှင့်ဆို၍၊ တစုံတခုမျှ နိမိတ်မရှိ။ သတိထား။ ဦးခေါင်း,ခြေလက်၊ မျက်နှာ,ရင်ဝမ်းနှုတ်ခမ်း, မေးပါး စသောအားဖြင့် နာမ်၏သဘော၊ ရုပ်၏ သဘောမှာ၊ မာဖွဲ့ ပူနွေး၊ လှုပ်ရှားရေး၊ လေးသဘောနှင့်၊အဆင်းအနံ့ရသဩဇာ၊ရှစ်ဖြာသောအဋ္ဌကလာပ်စသော ရုပ်၏သဘော၊ ထိုရုပ်နာမ်သည်၊ အနိမိတ္တ မမြဲသော အနိစ္စသဘာဝတွေသာဟုရှုရမည်။

ဤကဲ့သို့သိမြင်ပါလျှင်၊ငါထင်မှု,ကိုယ်ထင်မှုသဘောတတ်စွမ်း ငြိတွင်ခြင်းသဘော၊ ကြမဲးထမ်း ပြစ်မှားခြင်းသဘောနှင့်တကွ၊ မီးဆဲ့တဆူ အပူခပ်သိမ်း ငြိမ်း၏။ ထိုမီးဆဲ့တဆူ အပူခပ်သိမ်း ငြိမ်းအောင် ရှုဆင်ခြင်သည်ကို အနိမိတ္တာနုပဿနာဉာဏ်ဟု ခေါ်သည်။ ထိုအနိမိတ္တာနုပဿနာဉာဏ် ရင့်သန်လျှင် အပဏိဟိတာနုပဿနာဉာဏ်သို့ ဆိုက်လေ၏။

အပဏိဟိတာနုပဿနာဉာဏ် ဆိုသည်ကား။ ဩကာသလောကထဲမှာ၊ လှပတင့်တယ်၊ ဖွယ်ရာလျောက်ပတ်၊ကောင်းမြတ်ချမ်းသာ၊မင်္ဂလာကြက်သရေမက်ဘွယ်တွေ ရှိသည်ဟု သာယာ သိမ်းပိုက်မှုတွေဖြစ်ပေါ်နေသော သဘောကို ငြိမ်းအောင် ရှုဆင်ခြင်သည်ကို အပဏိဟိတာနုပဿနာဉာဏ်ဟု ဆို၏။

ထို အနိမိတ္တာ နု ပ ဿ နာ ဉာ ဏ်၊ အပဏိဟိတာ နုပဿနာဉာဏ်သို့ဆိုက်ရောက်လျှင်သုညတာနုပဿနာ ဉာဏ်သို့ ဆိုက်၏။ ဆိုက်ပုံကား။ ဤ လောကကြီးမှာ လူရော,နတ်ပါ၊ ဗြဟ္မာမကျန်၊ ပုထုဇ္ဇန် ဟူသမျှတို့က၊ ခိုင်မြဲမှုအနှစ်၊တင့်တယ်မှုအနှစ်၊ချမ်းသာမှုအနှစ်၊ အရှည် ခန့်ခိုင်၊တည်တန့်နိုင်သည်ဟု ထင်မှတ်စွဲလမ်း သာယာ သိမ်းပိုက်ကြသော အမှုတွေဟာ ဘာမှမဟုတ်၊ အိပ်မက် ရပ်လို၊ ထင်ရုံကာမျှသာ၊ ထင်မြင် ပြောဆို ရသည်ဟု ရှုကြည့်သော ဉာဏ်ကို သုညတာ နုပဿနာ ဉာဏ်ဟု ဆိုသည်။ အဘယ့်ကြောင့်နည်း။ နဂိုရ်ရင်း ပကတိကိုက အနှစ်သာရ ဆိတ်သုဉ်းလှသောကြောင့်တည်း။

ဤ လောကကြီးမှာ အမှန်နှင့် အမှား ဤနှစ်ပါးကို ကွဲပြားမှုက လိုကြသည်။ချိုကြသည်။လိုရင်းသဘောက။

အမှန် အမှား၊ ဤ နှစ်ပါးတွင် ဒိဋ္ဌိ ယှဉ်က၊
အမြင်မိစ္ဆာ၊ ဘုံသုံးရွာမှာ၊ သူ, ငါ တို့အား၊
အထင်မှား၍၊ငါးပါးခန္ဓာ၊သဘာဝါကို၊တဏှာ
သုံးသွယ်၊ဆဲ့ရှစ်တွယ်၍၊ သုံးဆယ့် ခြောက်က၊
ရာရှစ်ကျအောင်၊ တဏှာနှောင်တဲ့၊ သုံးဆယ့်
တဆောင်၊ဘုံပြောင်ပြောင်မှာ၊လောင်စာငြိုးငြိုး
ကမ္ဘာမီးသို့၊ တနည်း မျှားမြောင်၊ တထောင့်

ငါးရာ၊ တဏှာပါ၍၊ သုံးဖြာဒွါရ၊ ပြုသမျှက၊
သမုဒယ၊ ဒုက္ခသစ္စာ၊ ဤအရာမှာ၊ နှစ်ဖြာရုပ်နာမ်
ဟုတ်မှန်လိမ္မာ၊ ပရိညာတွင်၊ မငြင်ပြောရ၊
နိရောဓသည်။ သစ္စာအပြား မှန်းလေးပါး။

အမှန်လေးပါး၊ တရားကိုရှာ၊ များဗိုလ်ပါတို့၊ ငါငါ
ငါ့ကိုယ်၊ မဆိုစသာ၊ ဤခန္ဓာကို၊ တဏှာဒိဋ္ဌိ၊ မာနငြိ၍၊
ဟုတ်လိနိုးနိုး၊ အားမကိုးနှင့်၊ ကြောင်းကျိုး အစဉ်၊
ဝိညာဏ် နာမ်ရုပ်၊ ဖြစ်ချုပ်မပြတ်၊ ဥပါဒ် ဋ္ဌီ,ဘင်၊ အစဉ်
အလာ၊ သင်္ခါရမှာ၊ ခန္ဓာမီးခိုး၊ တိမ်ရုပ်မျိုးထင်၊ မိုဃ်း
ကောင်းကင်မှာ၊ ခုဆင်, ခုမြင်း, ရွေ့ရွေ့ ယွင်းကို၊
ကြည့်တွင်းမမှန်၊ ဘောက်ပြန်တုံဘိ၊ ဤတိမ်တိုက်မှာ၊
လေလိုက်အိသို့၊ ခဏိကမျှ၊ အနိစ္စနှင့်၊ ဒုက္ခအစု၊ ပုပုရွရွ၊
အနတ္တသာ၊ သဘာဝါကို၊ ခန္ဓာသမုတ်၊ နာမ်ရုပ်နှစ်ဖြာ၊
မှတ်စရာမှာ၊ သစ္စာဒုက္ခ၊ သဘာဝဓာတ်၊ ပရမတ်မှာ၊
သတ္တဝါနှင့်၊ ကိုယ်ငါမစပ်၊ အိပ်မက်အပ်သည့်၊ တံလျှပ်
သဖွယ်၊ အနည်းငယ်မျှ၊ ဓုဝ,သုဘ၊ သုခတ္တစင်၊ ပညာ
မြင်မှာ၊ ရှာလျှင်မရ၊ အနိစ္စ၏၊ လက္ခဏာရသ၊ ပစ္စုပဋ္ဌာန်၊
ပဒဋ္ဌာန်မျှ၊ ဓာတ်မှန်ကျ၍၊ ပရိတ္တ၊ ဓမ္မထုံးစံ၊ ပစ္စုပ္ပန်နှင့်၊
တိတ်နာဂတံ၊ မကြိအလုံး၊ အနတ္တ၏ဓမ္မနှုန်း၊ ဆိုးသဘော
ကျ၊ သုံးလောကကုန်၊ လုံးစုံသမ္ဗ၊ သင်္ခတာ သင်္ခတ၊
သဘာဝသည် တုစ္ဆမျှချည်း သုညတည်း။

(၁) ယခင်ဆိုအပ်ခဲ့ပြီးသော သစ္စာလေးပါး ဟူသည်ကား၊ ဥပါဒါန်ကင်မျှ၊ ရုပ်နာမ် သင်္ခါရ အနိစ္စကိုသာ ဒုက္ခသစ္စာ ဆိုသည်။

(၂) ထိုဒုက္ခပေါင်း၏ ဖြစ်ကြောင်းဖြစ်နည်း၊ ပစ္စည်း ပြုမျှ၊ လောဘစိတ်၌ ပါသော လောဘဟိတ် ကြောင့်သာ ထိုလောဘစိတ်ကို သမုဒယသစ္စာ ဆိုသည်။

(၃) ထိုလောဘဟိတ်မြို့ ကုန်ငြိမ်းရာကိုသာ နိရောဓ သစ္စာဆိုသည်။

(၄) ထိုဒုက္ခ သမုဒယ နိရောဓကို ပရိညာ ပဟာန သစ္ဆိကရဏမှာ ဘာဝနာကိုသာ မဂ္ဂသစ္စာ ဆိုသည်၊

ထိုသစ္စာလေးပါးကို တခြားစီထင်၍ မနေနှင့်။ ဤ တလောကလုံးမှာ ဒုက္ခသစ္စာ တပါးတည်းသာရှိသည်။ သူငါတို့အား ပုထုဇ္ဇန် များကသာ ဒေသနာစကား သရုပ်အားဖြင့် လေးပါးဟု ပြောသင့်၏။ အနုသာသနီ စကား အရိယာများမှာ ဒုက္ခသစ္စာ တပါးတည်းသာ ရှိရာ၏။ အဘယ့်ကြောင့်နည်း။ ဧကောဓမ္မော ဟူသော အရာမှာ "မဂ္ဂဘိညာသကိံမတာ" သစ္စာလေးချက်၊ တပြိုင်နက်၊ မဂ်၏ကိစ္စသာ။ သတိမူပါ။

ထို့ကြောင့်—

ဒုက္ခမေဝဟိ သမ္မောဟတိ၊ ဒုက္ခံတိဋ္ဌတိ ဝေတိစ။
နာညတြဒုက္ခာသမ္ဘောတိ၊ နာညံဒုက္ခာ နိရုဇ္ဈတိ။

**အနက်ကား။** ။ဟိသစ္စံ၊မှန်၏။ဒုက္ခမေဝ၊ဒုက္ခသစ္စာ တရား သက်သက် သည်သာလျှင်။ သမ္ဘောတိ၊ အကြောင်းအားလျော်စွာဖြစ်၏။ ဒုက္ခံဧဝ၊ ဒုက္ခသစ္စာ သက်သက် သည်သာလျှင်။ တိဋ္ဌတိ၊ ခဏဋ္ဌီ, ပဗန္ဓဋ္ဌီ အားဖြင့်တည်၏။ ဝေတိစ၊ ခဏနိရောဓ, စုတိနိရောဓ အားဖြင့် ချုပ်လည်း ချုပ်၏။ ဒုက္ခာ၊ ဒုက္ခသစ္စာကို။ အညတြ၊ ကြဉ်ထား၍။ ကိဉ္စိဓမ္မဇာတံ၊ ပုဂ္ဂိုလ်သတ္တဝါ ခေါ်ဆိုဘွယ်ရာ တစုံတခုသော တရားသဘောသည်။ နသမ္ဘောတိ၊ ဖြစ်သည်မရှိ။ ဒုက္ခာ၊ ဒုက္ခသစ္စာမှ။ အညံ၊ တပါးသော။ ကိဉ္စိဓမ္မဇာတံ၊ ပုဂ္ဂိုလ်သတ္တဝါ ခေါ်ဆို ဘွယ်ရာ တစုံတခုသော တရားသဘောသည်။နနိရုဇ္ဈတိ၊ ချုပ်သည်မရှိ။

သတိမူလိုက်ကြ။ ဝိပဿနာ ရှုသော ခဏမှာ ဤ တလောကလုံးကို မလို။မိမိကိုယ်၌ ရှုခိုက်ခဏ ရုပ်နာမ် သင်္ခါရ အနိစ္စက အတိတ် အနာဂါတ် မရ။ပစ္စုပ္ပန်ခဏ ဥပါဒ်ဘင်မျှ အနိစ္စကိုသာ ဒုက္ခသစ္စာဟု ရှုရမည်။လိုရင်း သဘာဝ ပညာမြင် အနိစ္စက ဘုရား ရဟန္တာများမှာ

မမြဲသဘောမျှသာ။ ထာဝစဉ် ထာဝရ တိုးဆုတ်, နဲများ မရှိ၊ပကတိကိုပင် ပြောင်ပြောင်စင်စင် မြင်တော်မူကြ၏။ ပုထုဇ္ဇန် သူငါတို့က မနေ့က ငါပင်၊ ကနေ့ဟု ထင်၏။ အခုတင်က ငါပင်၊ အခု ရှိသည်ဟု ထင်လွဲ စွဲမှား၍ နေကြ၏။စင်စစ်မှာမူကား မမြဲဟုမြင်လျှင်လည်းမမြဲသာ ရှိသည်။ မြဲသည်ဟု ထင်လျှင်လည်း မမြဲသာရှိသည်။ လိုရင်းက ထင်မထင်မှာ ပဓာနမဟုတ်။ မမြဲသဘာဝ ထာဝရကြီးကိုပင် ပြောင်ပြောင် စင်စင် ကြောင်ကြောင် မြင် ရှင်းလင်းသောအခါ အနိမိတ္တ အနိစ္စအရာ ဒုက္ခ သစ္စာကိုပင် မြင်သောသူမည်၏။ သတိမူကြ။

ထို့ကြောင့်—

ဒဋ္ဌဗ္ဗာ သန္တာတာ ပုဗ္ဗာ၊ ပရန္တေသု ဝိဝဋ္ဋတော။

သုဘ,ဓုဝ,သုခတဋ္ဌ၊သုညတော ဟေတုဝဋ္ဋတော။

သန္တာတ၊သန္တာတခေတ်တို့ကို။ ပုဗ္ဗာပရန္တေသု၊ဥပါဒ်မှ ရှေ၊ ဘင်မှနောက် အစွန်းနှစ်ဘက်တို့၌။ ဝိဝဋ္ဋတော၊ ကင်းဆိပ်ကွယ်ဘိ၊မရှိလုံးလုံး သုဉ်းသော အားဖြင့်ရင်း။ သုဘ, ဓုဝ, သုခတဋ္ဌသုညတော၊ တင့်တယ်မြဲစွာ ချမ်းသာ စိုးရသောအဖြစ်မှ ကင်းဆိပ်သော အားဖြင့် ၄င်း။ ဟေတုဝဋ္ဋတော၊ အကြောင်းရှိမှ ဖြစ်ရသော အားဖြင့်၄င်း။ ဒဋ္ဌဗ္ဗာ၊ ရှုအပ်ကုန်၏။

**လိုရင်းက**။အကြောင်းနှင့်တကွ ဖြစ်သည်၏ အဖြစ်၊ အကြောင်း တရားတို့သည် ပေါင်း၍ပြုပြင် စီရင်အပ်

သည့်၏အဖြစ်၊ အကြောင်းကို စွဲမှီရမှသာ ဖြစ်သည့်၏ အဖြစ်၊ စင်စစ် ရုပ်နာမ်ဓမ္မ အနိစ္စမှာ—

အနုပ္ပန္နာ ဝုပ္ပဇ္ဇန္တိ၊ ဥပ္ပန္နာစ နိရုဇ္ဈရေ။
နိစ္စံနဝါဝ သင်္ခါရာ၊ ဒိပဇ္ဇာလသမူပမာ။
ဟု ရှုအပ်၏။

သင်္ခါရာ၊ ဥပါဒ်,ဘင်မျှ ရုပ်နာမ် သင်္ခါရတို့သည်။ အနုပ္ပန္နာဧဝ၊ ရှေးက မဖြစ်ဘူးကုန်ဘဲသာလျှင်။ ဥပ္ပဇ္ဇန္တိ၊ ယခုအသစ် ပေါ်ဖြစ် လာကုန်၏။ ဥပ္ပန္နာစ၊ ဖြစ်ကုန်ပြီး၍လည်း။ နိရုဇ္ဈရေ၊ ခဏချက်ခြင်း ချုပ်ကင်း ကွယ်ပျောက်ကုန်၏။ သင်္ခါရာ၊ ဥပါဒ်,ဘင်မျှ ရုပ်နာမ်သင်္ခါရတို့သည်။ နိစ္စံနဝါဝ၊ အမြဲအသစ်အသစ်တို့သည်သာလျှင် ဟောန္တိ၊ ဖြစ်ဟူန်၏။ သင်္ခါရာ၊ ဥပါဒ်,ဘင်မျှ ရုပ်နာမ် သင်္ခါရတို့သည်။ ဒိ ပ ဇ္ဇ ာ လ သ မူ ပ မ ာ ၊ ဆီမီးလျှံတမူ တူသောဥပမာ ရှိကုန်၏။

**လိုရင်းသဘောကား။** ။မြင်ကြွားစရှိ၊ကြံသိသမျှ၊ သင်္ခါရက၊ အနိမိတ္တ၊ အနိစ္စဧကန်၊ ဒုက္ခမှန်သည့်၊ပစ္စုပ္ပန်ကို၊ရုပ်နာမ်ပြောရ၊မွေ့ဆတ်ဆတ်၊ပရမတ္ထ၊သစ္စာသဘော ပညာဇောပင်၊ ဝိညာဏ်မြင်ကြို၊ လောက မှန်မှာ၊ တောသံ တောင်သံ၊ ပဲ့တင်သံသို့၊ သူဟာန် ငါထန်၊ ထင်မြင်ပြန်၍၊ ဖန်ဖန်ခါခါ၊ ဉာဏ်ပညာမှာ၊ ရှာသော် နှယ်မူ၊ဘယ်လူ ဘယ်ဝါ၊ဘယ်ဘယ်ဟာမှ၊ ရှာတာမရ၊

မုချသဘော၊ စင်စစ်ပြောက၊ ခဏာမခြ၊ ဆင်းရဲစွာလျှ၊ စိုးမရသည့်၊ ဓမ္မအမှန်၊ သဃံဇာတ၊ ထာဝရခေတ်၊ ပရမတ္တ၊ ရှိသမျှက၊ အနိမိတ္တ၊ အရိယသစ္စာ၊ မြတ်ဓမ္မာ သည်၊ ပမာနေ,လ ထင်ရှားတည်း။

တောင်ဆီ မင်ဆေးဖြင့် ရေးပြအပ်သော လ,ဝန်း ငွေရိပ်၊သကြားနှိပ်သည့်၊ ယုန်ရေးတံဆိပ်နှင့် တူသော၊ ဝဋ်နခမ်းသတ်၊ ဤကျမ်းမြတ်ကို၊ ကျက်မှတ်သိမြောက်၊ နိဗ္ဗာန်မှောက်သို့၊ ခုဘဝ,နောက်ဘဝ၊ ရောက်ကြပါစေ ကုန်သတည်း။

ဤစာပြီးဖြစ် သက္ကရာဇ်ကား ၁၂၀၇-ခုနှစ် နယုန်လဆန်း (၄) ရက်၊ ဗုဒ္ဓဟူးနေ့ သကြံန် အကြတ်ရက်တွင်၊ ပြီးအောင်မြင်သည်၊ နတ်,လူ၊ သာဓု ခေါ်စေသောဝ်။ ။

## ဤတွင် ခြောက်စောင်တွဲကျမ်း ပြီး၏။

ဝိပဿနာ ခြောက်စောင်တွဲကျမ်း ဖြန့်ဖြူးရာဌာန
ဦးစံညွန့် စက်မှု-လက်မှု အလုပ်ရုံ
ညောင်ပင်ဈေး-မန္တလေး။

# သတိပြုတော်မူရန်၊

၁။ ပဋ္ဌမ ကြောင်ပန်း ဆရာတော်ဘုရားကြီး၏
**ဝိပဿနာ ခြောက်စောင်တွဲကျမ်း။**

၂။ ဒုတိယ ကြောင်ပန်း ဆရာတော်ဘုရားကြီး ၏
**တရားသင်နည်း ဆွေးနွေးနည်း သုံးစောင်တွဲကျမ်း။**

၃။ ကြောင်ပန်း ဦးတိက္ခ အရှင့်မြတ် ၏
**ဒိဋ္ဌိပြုတ်လမ်း-ဟောပုံကျမ်း။** (ပ-ဒု-တ တွဲ)

၄။ ဆရာတော်—ဦးပဏ္ဍဝ ၏
**တုံးနာမ်-တိုင်နာမ် ဋီကာကျမ်း။**

၅။ ကြောင်ပန်း ဦးတိက္ခ အရှင်မြတ် ၏
**ဝိဝဋ္ဋဒါန ဒီပနီကျမ်း။**

၆။ ဦးနန္ဒ အရှင်မြတ် ၏
**ရုပ်ရိုပ်-နာမ်ရိုပ် ဝါဒ အဖြေများကို**
ပူဇော်တော်မူနိုင်ပါကြောင်း။

**ကြောင်ပန်း ဝိပဿနာကျမ်းများ ဖြန့်ချီရာဌာန**
**ဦးဘသွန်-ဒေါ်အုန်းမေ**
မြင်းမူလမ်း-မုံရွာ-မြို့။

**ဒိဋ္ဌိပြုတ်လမ်း ဟောပုံကျမ်း ဒုတိယတွဲ ဖြန့်ချီရာဌာန**
**ကိုကျော်သန်း-မကြည်**
အမှတ်(၃၇၉)အနောက်ပြင်၊ ဥယျာဉ်တန်း-မန္တလေးမြို့။

ဦးအောင်သိန်းပုံနှိပ်တိုက် ၇၅-လမ်း၊ မလွန်-မန္တလေး။ ( မြ ၀၁၂၁၆ )